# သမ္မာကျမ်းစာနှင့်
# လူ့ကျင့်ဝတ်တရား

DAVID GOODING
JOHN LENNOX
ငိုင်းတမ်မောင်းဘာသာပြန်ဆိုသည်

Myrtlefield Encounters

© The Myrtlefield Trust, 2015

www.kbc316.org

ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၁၆
တန်ဖိုး   ၂၅၀၀ ကျပ်

## မာတိကာ


နိဒါန်း

အပိုင်း ၁ ဓမ္မပေါင်းကျမ်း၏ ကိုယ်ကျင့်တရားနှင့်လူ့ကျင့်ဝတ်ဆိုင်ရာသွန်သင်ချက်များ

၁။ လူ့ကျင့်ဝတ်တရားနှင့်လူ့ဇာတိဇစ်မြစ်များ ၁၀
၂။ လူ့ဂုဏ်သိက္ခာ ၁၃
၃။ လူသားတစ်ဦးဖြစ်ခြင်း၏အဓိပ္ပါယ်(၁) ၁၇
၄။ လူသားတစ်ဦးဖြစ်ခြင်း၏အဓိပ္ပါယ်(၂) ၂၃
၅။ စုံစမ်းနှောင့်ယှက်ခြင်း၊ ကျရှုံးခြင်းနှင့် ကင်းကွာခြင်း ၂၈
၆။ မျှော်လင့်ခြင်းနှင့်ပုံမှန်ပြန်ဖြစ်ခြင်းလမ်းစဉ် ၃၃
၇။ ဘုရားသခင်အပေါ် နှင့်အနာဂါတ်အပေါ် ယုံကြည်ခြင်းလမ်းစဉ် ၃၈
၈။ လွတ်လပ်မှုနှင့်ပညတ်တရား ၄၄
၉။ ယဇ်ပူဇော်ခြင်းတရားနှင့် အသက်၏တန်ဖိုး ၅၁
၁၀။ ကိုယ်ပိုင်အတွေ့အကြုံနှင့်ဆိုင်သောလမ်းစဉ် ၅၆
၁၁။ မင်းကြီး၏လမ်းစဉ် ၆၁
၁၂။ ဒါဝိဒ်မင်းကြီး၏ကဗျာအလင်္ကာနှင့်ပရောဖက်ပြုချက် ၆၆
၁၃။ ဉာဏ်ပညာလမ်းစဉ် ၇၀
၁၄။ ပရောဖက်တို့၏လမ်းစဉ် ၇၅
၁၅။ လူမျိုးရေးဘာသာတရားမှ ကမ္ဘာလုံးဆိုင်ရာယုံကြည်မှုလမ်းစဉ်သို့ ၈၂

အပိုင်း ၂။ ယေရှုခရစ်တော်၏ ကိုယ်ကျင့်တရားနှင့်လူ့ကျင့်ဝတ်ဆိုင်ရာသွန်သင်ချက်များ
၁၆။ သင်ကြားပေးသူယေရှု၊ နိဒါန်း ၉၁
၁၇။ ပထမနှင့်အကြီးမြတ်ဆုံးဖြစ်သောပညတ်ချက် ၉၇
၁၈။ ဒုတိယအကြီးမြတ်ဆုံးသောပညတ်ချက် ၁၀၄
၁၉။ အလုပ်နှင့်ဆိုင်သည့် ခရစ်ယာန်စိတ်သဘောထား ၁၁၂
၂၀။ နောက်ဘဝအမှန်တကယ်ရှိခြင်းနှင့် ခရစ်ယာန်လူ့ကျင့်ဝတ်အပေါ် ၎င်း၏ဆက်စပ်ပတ်သက်မှု ၁၁၉
၂၁။ လူ့ကိုယ်ရည်ကိုယ်သွေးနှင့်လူ့ပေါင်းသင်းဆက်ဆံရေး ၁၂၇
၂၂။ ဆိုးယုတ်သောကမ္ဘာထဲ ခရစ်ယာန်လူ့ကျင့်ဝတ်များ ၁၃၄
၂၃။ လူ့အခြေခံအပြစ်အနာအဆာအတွက်အဖြေ ၁၄၁
၂၄။ ခရစ်ယာန်လူ့ကျင့်ဝတ်၏တကယ့်အချက်အချာ ၁၄၈
၂၅။ သွန်သင်ပေးသောသူက မိမိမည်သူဖြစ်ကြောင်း အခိုင်အမာပြောဆိုခြင်း ၁၅၄
၂၆။ ယေရှုလက်ဝါးကပ်တိုင်ပေါ် အသေခံရခြင်း၏အကြောင်းတရား ၁၆၁
၂၇။ ယေရှုအသေခံတော်မူခြင်းနှင့် လောကအတွက်ကယ်တင်ခြင်း ၁၆၉
၂၈။ လောက၏ကယ်တင်ရှင်ဖြစ်တော်မူကြောင်း ယေရှုအခိုင်အမာပြောဆိုခြင်း ၁၇၆

အပိုင်း ၃။ ခရစ်ယာန်လူ့ကျင့်ဝတ်များ
၂၉။ ခရစ်ယာန်လူ့ကျင့်ဝတ်များ ကမ္ဘာလောကထဲဝင်ရောက်ပြန့်နှံ့ခြင်း ၁၈၃

ခရစ်တော်အသေခံတော်မူခြင်း၏အကျိုးသက်ရောက်မှု
၃၀။ အပိုင်း ၁၊ အသက်တာသစ် ၁၈၉
၃၁။ အပိုင်း ၂၊ အသစ်သော လူ့ကျင့်ဝတ်ဆိုင်ရာစိတ်ဓါတ်လှုပ်ဆော်မှု ၁၉၅
၃၂။ အပိုင်း ၃၊ တန်ဖိုးထားမှုများ၏စနစ်သစ် ၂၀၁
၃၃။ ခရစ်တော်ရှင်ပြန်ထမြောက်တော်မူခြင်း၏အကျိုးသက်ရောက်မှု ၂၀၇

သန့်ရှင်းသောဝိညာဉ်တော်ကြွလာတော်မူခြင်း၏အကျိုးသက်ရောက်မှု
၃၄။ အပိုင်း ၁၊ အသစ်သောဆက်နွယ်ဆက်ဆံမှု ၂၁၄
၃၅။ အပိုင်း ၂၊ အဖြစ်မှန်အပေါ် အသစ်သောရှုမြင်မှု ၂၂၁

ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူခြင်း၏အကျိုးသက်ရောက်မှု
၃၆။ အပိုင်း ၁၊ မျှော်လင့်ခြင်းဖြင့် စဉ်းစားတွေးခေါ်ခြင်း၊ အသက်ရှင်ခြင်းနှင့် လုပ်ဆောင်ခြင်း ၂၂၇
၃၇။ အပိုင်း ၂၊ ဖြူစင်သောမျှော်လင့်ခြင်းနှင့် တရားမျှတမှုနှင့်ငြိမ်သက်ခြင်းဆိုင်ရာ ကတိတော် ၂၃၃

နောက်ဆက်တွဲ
က။ ပြည့်စုံမှုရှိသော ယေရှုခရစ်နှင့်ဆိုင်သည့်ပရောဖက်ပြုချက်များ ၂၃၉
ခ။ ယေရှုခရစ်တော်ရှင်ပြန်ထမြောက်တော်မူခြင်း၏အထောက်အထားများ ၂၄၁

## ပုံများ

အာပြဟံ၏ခရီး ၄၁
အချိန်ကာလသမိုင်းကြောင်း ၁၊ အစ္စရေးသမိုင်းထဲမှသော့ချက်ပုဂ္ဂိုလ်များ ဘီစီ ၁၅၀၀ - ၉၃၀ ၅၇
အချိန်ကာလသမိုင်းကြောင်း ၂၊ အစ္စရေးသမိုင်းထဲမှသော့ချက်ပုဂ္ဂိုလ်များ ဘီစီ ၁၀၅၀ - ၉၃၀ ၆၁
အချိန်ကာလသမိုင်းကြောင်း ၃၊ အစ္စရေးသမိုင်းထဲမှ သော့ချက်ပုဂ္ဂိုလ်များနှင့် အဖြစ်အပျက်များ ဘီစီ ၁၀၁၀ - ၁၀၀၄ ၈၂

## နိဒါန်း
## ပြောင်းလဲနေသောအချိန်ကာလများနှင့် ကိုယ်ကျင့်တရားပရမ်းပတာဖြစ်ခြင်း၏ဘေးအန္တရာယ်

ယနေ့ ကမ္ဘာ့နေရာတော်တော်များများတွင် စိုးရိမ်ဖွယ်ရာ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ ပြဿနာများကြောင့် တုန်လှုပ်မှုများကြုံတွေ့နေရသည်။ လူတို့၏တွေးခေါ်မှုများကို မခြုံငုံနိုင်တော့သော်လည်း သို့မဟုတ် လုံးလုံးပျက်ယွင်းနေပြီဖြစ်သော်လည်း တိုင်းနိုင်ငံများနှင့် အင်ပါယာများကို ချုပ်ကိုင်ထားနေသည့် တွေးမြင်မှုပုံစံပဟောင်းများနှင့် ထိုပြဿနာများ ပေါင်းစပ်နေသည်။ ထို့ကြောင့် ကိုယ်ကျင့်တရားပရမ်းပတာဖြစ်ခြင်းနှင့်ဆိုင်သည့် တကယ့်အန္တရာယ်တစ်ခုရှိနေသည်။ အသစ်သောတွေးခေါ်မှု၊ အသစ်သောစီမံချက်၊ အသစ်သောသွန်သင်ချက်တို့ အလွန်လိုအပ်နေသည်။ သို့သော် ခက်ခဲမှုတစ်ခုရှိနေသည်။ ပျက်စီးနေပြီဖြစ်သည့်တွေးခေါ်မှုပုံစံဟောင်းများနှင့်အတူ၊ ၎င်းတို့၏နေရာကို အစားထိုးနေရာယူမည့်အရာကင်းမဲ့နေသည့်အခြေအနေတွင် ထိုတိုင်းနိုင်ငံတို့သည် မိမိတို့၏အခြေခံလူ့ကျင့်ဝတ်စံနှုန်းကိုဖော်ထုတ်ရန် ဝေဝစရာကိုယ်ကျင့်တရားတန်ဖိုးဟူ၍ သူတို့၌မရှိပေ။ ထို့ကြောင့် မိမိတို့ဂန်းကျင်၌ရှိသောသူတို့နှင့် အသိုင်းအဝိုင်းတစ်ခုလုံး၏အကျိုးစီးပွားအတွက် မိမိစိတ်ဆန္ဒကိုထိန်းချုပ်ရမည်ဆိုသည့် အသိစိတ်နှင့်နှိုးဆော်မှု သူတို့တွင်မရှိပေ။ သို့သော် ထိုအသိစိတ်နှင့်နှိုးဆော်မှုမရှိလျှင် အကောင်အထည်ဖော်လုပ်ဆောင်မည့် စီမံကိန်းသစ်သည် ကောင်းမွန်သည့်စီမံကိန်းဖြစ်ခဲ့လျှင်ပင် တုံ့ဆိုင်းတုံ့ဆိုင်းသာဖြစ်နေမည်ဖြစ်သည်။ သို့မဟုတ် လုံးလုံးပင် မအောင်မြင်ဘဲဖြစ်သွားနိုင်သည်။

### ဘာသာတရားသည် တန်ဖိုးထားမှုတို့၏အရင်းအမြစ်တစ်ခုလော?

ယခုအခါ ဘုရားမဲ့ဝါဒတွေးခေါ်မှုအပေါ် အခြေခံလျက် ပြုမူကျင့်ကြံသည့်အလေ့အထရှိသော တိုင်းပြည်များတွင် လူများစွာတို့သည် ထိုအလေ့အထအလုပ်မဖြစ်တော့၍ စိတ်ပျက်ခြင်းနှင့်စိတ်ရှုပ်ထွေးခြင်းခံစားရသည့်အခါ သာသာတရားဘက်သို့ လှည့်လာလေ့ရှိတတ်ကြသည်။ တစ်ဘက်တွင် ဘာသာတရား၌ လိုအပ်သောအဖြေရှိသည်ဟူသော အချက်သည် လူတိုင်းအတွက် သေချာမှုမရှိပေ။ အချို့သောဒေသများတွင် လူအချို့တို့သည် ဘာသာရေးအမည်နာမအောက်တွင် မိမိတို့နှင့်ဆန့်ကျင်ဘက်ဖြစ်သူများကို တိုက်ခိုက်နှိပ်စက်ညှင်းပန်း၍ သတ်ဖြတ်နေကြသည်မှာလည်း အထင်အရှားပင်ဖြစ်သည်။ အမှန်တကယ်သက်ဝင်ယုံကြည်မှုအတွက် ထိုသို့လုပ်ဆောင်ခြင်းဖြစ်သော်လည်း ဤအချက်က လူ၏တန်ဖိုးထားမှုများသည် တုန်လှုပ်ချောက်ချားဖွယ်သွေဖည်နေကြောင်း အထင်အရှားဖော်ပြနေသည်။

### ကျွန်ုပ်တို့၏တာဝန်ဝတ္တရား

ထို့ကြောင့် တန်ဖိုးထားမှုများဘာမျှမရှိသည့် လူ့အသိုင်းအဝိုင်းထဲနေထိုင်ရသည့်ဘဝမျိုးကို နောင်လာမည့်မျိုးဆက်အား မကြုံတွေ့စေလိုသောသူတိုင်းအပေါ် အလွန်ကြီးလေးသောတာဝန်ကျရောက်လျက်ရှိသည်။ အထူးသဖြင့် ဆရာဖြစ်ကြသောကျွန်ုပ်တို့သည် မည်သည့်အဆင့်တွင် သင်ကြားပေးသည်ဖြစ်ပါစေ ကျောင်းသူကျောင်းသားတို့အား သူတို့အနာဂါတ်တွင် ကိုယ်ပိုင်အတွက်ဖြစ်စေ၊ လူမှုကဏ္ဍတွင်ဖြစ်စေ၊ လုပ်ငန်းခွင်တွင်ဖြစ်စေ မှန်ကန်၍အန္တရာယ်ကင်းသော

အခြေခံကိုချပေးနိုင်သည့် ကိုယ်ကျင့်တရားနိယာမများနှင့် လူ့ကျင့်ဝတ်သတ်မှတ်ချက်များကို သွန်သင်လက်ဆင့်ကမ်းပေးရမည်ဖြစ်သည်။ သိပ္ပံပညာရှင်များက ကိုယ်ကျင့်တရားနှင့်လူ့ကျင့်ဝတ်သင်ကြားပေးရန်မှာ သူတို့တာဝန်မဟုတ်ဟု ပြောချင်ကောင်းပြောချင်ပါလိမ့်မည်။ ထိုသို့သင်ကြားပေးရန် သူတို့၌ တာဝန်တိုက်ရိုက်မရှိဟုဆိုလျှင် မှန်နိုင်ပါသည်။ သေချာသည်မှာ သိပ္ပံပညာသည် ၎င်းကြောင့်ဖြစ်ပေါ်လာသည့် ကိုယ်ကျင့်တရားဆိုင်ရာမေးခွန်းများကိုပင် အဖြေမပေးနိုင်ပါ။ သိပ္ပံပညာက ကျွန်ုပ်တို့ကို ဟိုက်ဒရိုဂျင်ဗုံးများရရှိစေသည်။ သို့သော် ထိုသိပ္ပံ ပညာက ထိုဗုံးကိုအသုံးပြုခြင်းသည် ကိုယ်ကျင့်တရားအရမှန်မမှန် မပြောပြနိုင်ပေ။ သို့သော် ထိုကိစ္စမျိုးတွင် မိမိတို့တပည့်များက တာဝန်ယူတတ်သည့်ဆုံးဖြတ်ချက်မျိုးမှန်ကန်စွာချမှတ်နိုင်ရန် လုံလောက်မှုရှိသည့်ကိုယ်ကျင့်တရားဆိုင်ရာညွှန်ကြားချက်များရရှိထားကြောင်း သေချာစေရန် သိပ္ပံပညာသင်ကြားပေးသူများက အလေးအနက်ထားရမည်ဖြစ်သည်။ သိပ္ပံပညာကို ကိုယ်ကျင့်တရားပိုင်းနှင့်လုံးလုံးကင်းကွာစေလျှင်လည်း ကျွန်ုပ်တို့၏ကျောင်းသူကျောင်းသားများကို လူတော်များဖြစ်စေနိုင်ကောင်း ဖြစ်စေနိုင်ပါသည်။ သို့သော် ထိုသို့ပြုခြင်းသည် သူတို့ကို လူတော်လူဆိုးများဖြစ်သွားစေနိုင်ပါသည်။ စီးပွားရေးပညာရပ်နှင့်လူ့မှုသိပ္ပံပညာရပ်လည်း ထိုနည်းတူပင်ဖြစ်သည်။ လူတစ်ဦးချင်း၏မွေးရာပါတန်ဖိုးကိုကောင်းစွာမသိရှိဘဲ လူ့ဘောင်လောကကိုတည်ဆောက်ရန်ကြိုးစားမှုများကြောင့် ရိုးသားစွာနေထိုင်အသက်ရှင်သူသန်းပေါင်းများစွာ၏အသက်ကို စီးပွားရေးအကျိုးအမြတ်အတွက်စတေးခဲ့ရကြောင်း အတိတ်ကာလတွင် ကျွန်ုပ်တို့သိခဲ့ကြပြီဖြစ်သည်။

## ချက်ချင်းလုပ်ဆောင်ရန်လိုအပ်နေခြင်း

သို့သော် အများစုသောဆရာများက ဤအရာသည် ကမ္ဘာလောက၏ (သို့မဟုတ်) မိမိတို့တိုင်းနိုင်ငံ၏ ကိုယ်ကျင့်တရားကောင်းမွန်မှုနှင့်သက်ဆိုင်သည့်ကိစ္စမဟုတ်ဘဲ မိမိတို့ဂန်တာထားသော မိမိတို့စာသင်သားများ၏ ကိုယ်ကျင့်တရားကောင်းမွန်မှုနှင့်သာသက်ဆိုင်သည်ဟု ခံစားကြသည်။ သူတို့၏ဆရာများက မိမိတို့၏ကိုယ်ကျင့်တရားဆိုင်ရာကိုယ်ပိုင်အတွေးအခေါ်များ ဖော်ထုတ်သည့်အထိ လမ်းညွှန်မှုကို သူတို့မစောင့်နိုင်ကြချေ။ ထိုသို့ဖြစ်လာရန် နှစ်များစွာကြာသွားနိုင်သည်။ ထိုအချိန်ကိုစောင့်နေရင်းပင် အိုသွားနိုင်သည်။ ကျွန်ုပ်တို့သည် မိမိတို့သားသမီးများကို အခွင့်ရသည့်အခါတိုင်း ကိုယ်ကျင့်တရားဆိုင်ရာတန်ဖိုးထားမှုနှင့်လူ့ကျင့်ဝတ်တို့နှင့်ဆိုင်သည့် ကောင်းမွန်သောလမ်းညွှန်မှုများ အစဉ်မပြတ်ပေးနေရန် အလောတကြီးလိုအပ်နေသည်။ မဟုတ်ပါက သူတို့သည် ကိုယ်ကျင့်တရားဆိုင်ရာအရေးကြီးသည့်သွန်သင်ချက်ကင်းမဲ့နေမှုကြောင့် `ပျောက်ဆုံးနေသောမျိုးဆက်´အဖြစ် ကြီးထွားလာကြမည်ဖြစ်သည်။ ကွန်မြူနစ်နိုင်ငံတစ်ခုတွင် ကြီးပြင်းလာသောဆရာမတစ်ဦးက `လီနင်ဟာ ကြင်နာသနားတတ်ပြီး ကလေးငယ်တွေကို ချစ်တယ်။ လူ့အသိုင်းအဝိုင်းအတွက်လည်း အရာရာကိုစွန့်လွှတ်တတ်သူဖြစ်တယ်လို့ယုံကြည်ဖို့ ကျွန်မတို့သွန်သင်ခြင်းခံခဲ့ကြရတယ်။ အခုတော့ အဲဒီယုံကြည်မှုမရှိတော့ဖူး´ဟု တစ်ခါကပြောပြဖူးပါသည်-။ ထိုဆရာမသည် ဘုရားမဲ့ဝါဒီတစ်ဦးဖြစ်နေဆဲဖြစ်သော်လည်း သူက - `ဒါက ကျွန်မတို့ ယေရှုဆီကို လှည့်ရမှာဖြစ်လို့ဘဲ။ ကလေးတွေက ယေရှုရဲ့နမူနာကို မသင်ယူမိဘူးဆိုရင် ရာဇဝတ်မှုတွေ၊ မူးယစ်ဆေးဝါးတွေနှင့် အရက်ဘက်ကို သူတို့လှည့်သွားကြလိမ့်မယ်´ဟု ဆိုသည်။ သူ၏လေ့လာတွေ့ရှိချက်သည် အမှန်တကယ်ပင်ကောင်းမြတ်သောအရာဖြစ်သည်။ သူတစ်ပါးမိမိအပေါ်ပြုစေလိုသည့်အတိုင်း မိမိလည်း သူတစ်ပါးအပေါ်ပြုရန်နှင့် မိမိရန်သူကိုပင်

ချစ်ရန် မိန့်တော်မူသော ခရစ်တော်၏မိန့်တော်မူချက်ကို လူတိုင်းအလေးအနက်ထားလျက် ခံယူကြမည်ဆိုလျှင် ဤကမ္ဘာသည် နေ့ချင်းညချင်းပင် ပျော်ရွှင်စရာကောင်းသောနေရာတစ်ခု အမှန်ပင်ဖြစ်လာမည်ဖြစ်သည်။

## ယေရှု၏လူ့ကျင့်ဝတ်နှင့်သမ္မာတရား

အခြားတစ်ဘက်တွင် လူငယ်များ၌ မိမိတို့ကိုယ်ပိုင်စိတ်ရှိကြသည်ဖြစ်၍ ထိုစိတ်တို့ကို အသုံးပြုရန် သူတို့အားပေးတိုက်တွန်းမှုခံရကြောင်းတွေ့မြင်ရရန်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ယေရှု၏လူ့ကျင့်ဝတ်ကို သူတို့အား ရိုးရိုးလေးသင်ကြားပေးရန်ကြိုးစားကြပါက သူတို့သည် ကျွန်ုပ်တို့အား အခြေခံကျသောမေးခွန်းတစ်ချို့ကို စတင်မေးမြန်းလာနိုင်ပါသည်။ `ကျွန်တော်တို့ ဝန်းကျင်မှာရှိတဲ့သူတွေကို ကျွန်တော်တို့ကိုကျွန်တော်တို့ချစ်သလို ချစ်ရမယ် ဟုတ်လား။ ဘာလို့ ကျွန်တော်တို့ကချစ်ရမှာလဲ။ ဒီလိုတရားကိုဟောပြောပြီး လက်တွေ့လုပ်ဆောင်ခဲ့တဲ့ယေရှုကိုယ်တော်တိုင်က မိမိကိုယ်ကိုယ်ရှေ့တန်းမတင်၊ ကိုယ့်အခွင့်အရေးကိုမရမက မတောင်းဆိုဘဲ လက်ဝါးကပ်တိုင်ပေါ်အတင်ခံခဲ့တယ်ဟုတ်လား။ ကျွန်တော်တို့ သူ့နမူနာကိုလိုက်တယ်ဆိုရင် ကျွန်တော်တို့ပိုပြီးမဆိုးဝါးသွားနိုင်ဘူးလား။ တခြားလူတွေက လိမ်ညာလှည့်ဖြားပြီး ချမ်းသာကြွယ်ဝနေကြတယ်ဆိုရင် ကျွန်တော်တို့က ဘာဖြစ်လို့ ခရစ်တော်လို အမြဲတမ်း အမှန်တရားကိုဘဲ ပြောနေရမှာလဲ။ အမှန်တရားကိုပြောရခြင်းရဲ့အကျိုးကျေးဇူးနှင့်ဆိုင်တဲ့ တန်ဖိုးထားမှုတစ်ခုခု ရှိသလား၊ တစ်နည်းဆိုရလျှင် ခရစ်တော်၏လူ့ကျင့်ဝတ်တို့ အခြေခံရာ အခြေခံအချက်များ၊ အကြွင်းမဲ့တန်ဖိုးထားမှုများနှင့် ယုံကြည်မှုများကိုလည်း သင်ကြားပေးမှသာ ခရစ်တော်၏လူ့ကျင့်ဝတ်တို့ကို ပြည့်ပြည့်စုံစုံသင်ကြားပေးနိုင်မည်ဖြစ်သည်။

ထိုသို့ဆိုလျှင် လူသားတစ်ဦးချင်းစီ၏တန်ဖိုးမှာ အဘယ်နည်း။ ကျွန်ုပ်ကွန်ပျူတာတစ်လုံးပိုင်ဆိုင်၍ ထိုကွန်ပြူတာအလုပ်မလုပ်တော့လျှင် ၎င်းကို ကျွန်ုပ်ရိုက်ခွဲချင်ရိုက်ခွဲ၍ရသည်။ ကျွန်ုပ်၏အိမ်နီးနားချင်း သို့မဟုတ် စီးပွားပြိုင်ဖက်တစ်ဦး ကျွန်ုပ်အတွက် အဆင်မပြေလျှင် သူတို့ကို ကျွန်ုပ် ဘာကြောင့်ဖျက်ဆီးပစ်၍ မရသနည်း။

ယေရှု၏လူ့ကျင့်ဝတ်ဆိုင်ရာသွန်သင်မှုကို ယခု ကျွန်ုပ်စတင်လိုက်နာလျှင်လည်း လူအများစုသည် နဂိုတိုင်းသာဖြစ်နေမည်ဖြစ်၍ နောင်နှစ်ငါးဆယ်အတွင်းလည်း ယနေ့ကဲ့သို့ပင် မထူးမခြား ဆိုးမြဲဆိုးနေမည်မဟုတ်လား။ ဒါဆို ယေရှု၏သွန်သင်ချက်ကိုလိုက်နာရန် ကျွန်ုပ်ကြိုးစားနေပါက အကျိုးရှိပါမည်လား။ ကျွန်ုပ်နှင့်လောကကြီးအတွက် ဘာအဆုံးစွန်မျှော်လင့်ချက်ရှိပါသနည်း။

## ကျွန်ုပ်တို့၏အစီအစဉ်

ဤကဲ့သို့သောမေးခွန်းများကို ဖြေနိုင်ရန်နှင့် ယေရှုသွန်သင်သောလူ့ကျင့်ဝတ်တို့ကို အဓိပ္ပါယ်ရှိရှိနားလည်နိုင်ရန်အတွက် ၎င်း၏စစ်မြစ်တို့ကို ဓမ္မဟောင်းထဲတွင်ခြေရာခံပြီး ဓမ္မသစ်ထဲ ၎င်း၏ ပါဝင်ပတ်သက်မှုတို့ကိုလည်း သေချာလေ့လာနိုင်ရန်လိုအပ်မည်ဖြစ်သည်။ ဆိုလိုသည်မှာ သွန်သင်ချက်သည် သမ္မာကျမ်းစာတစ်ခုလုံး၏အဓိကသင်ခန်းစာများထဲအပါအဝင်ဖြစ်သည်။ ယခင်က တစ်ခါမျှမလုပ်ဆောင်ခဲ့ဖူးသလို သမ္မာကျမ်းစာလည်းမဖတ်ခဲ့ဖူးသူအတွက်ဆိုလျှင် ဤတာဝန်သည် လန့်စရာတာဝန်တစ်ခုဖြစ်နိုင်သည်ဟု ဝန်ခံရပေလိမ့်မည်။

ဤတာဝန်သည် လုပ်ဆောင်ရအကျိုးနပ်သောတာဝန်တစ်ရပ်ဖြစ်သည်။ ကမ္ဘာ့သမိုင်းနှင့် စာပေရှုထောင့်မှကြည့်လျှင်ပင် သမ္မာကျမ်းစာကဲ့သို့ ကမ္ဘာလောကအပေါ်ကြီးမားစွာလွှမ်းမိုးနိုင်သော

စာအုပ်မရှိခဲ့ပေ။ သမ္မာကျမ်းစာကိုဖတ်ရှုပြီး ၎င်း၏လွှမ်းသက်ရောက်မှုနှင့်ဆိုင်သည့်လျှို့ဝှက်ချက်ကို နားလည်မှုမရှိသေးလျှင် ထိုသူကို အပြည့်အဝပညာတတ်သူဟု သတ်မှတ်၍မရသေးပါ။

သို့သော် ထိုအချက်အားလုံးတို့ကြောင့် ဤတာဝန်သည် ရောမတာဝန်တစ်ရပ်ဖြစ်နေဆဲဖြစ်သည်။ ထို့ကြောင့် လာမည့်အခန်းများတွင် အရေးပါသောသမိုင်းဖြစ်ရပ်များနှင့် ဓမ္မဟောင်း ဓမ္မသစ်မှ အကျော်အမော်ပုဂ္ဂိုလ်များ၊ အတွေးအခေါ်များ၊ ကဗျာအလင်္ကာ၊ ကိုယ်ကျင့်တရားတန်ဖိုးထားမှုများနှင့် လူ့ကျင့်ဝတ်များကို လေ့လာတင်ပြထားပါသည်။ ရှင်းပြချက်များ၊ ဆွေးနွေးစရာမေးခွန်းများနှင့် ကိုယ်ကျင့်တရားနှင့်ဂီညာဉ်ရေးဆက်နွယ်မှုတို့ကို ယခုခေတ်ကျောင်းသူကျောင်းသားများ၏ စာသင်ခန်းနှင့်အပ်စပ်မှုရှိအောင် သို့မဟုတ် အုပ်စုလိုက်လေ့လာသူတို့ ထိရောက်စွာဆွေးနွေးနိုင်ရန် လုပ်ဆောင်ရမည့်အကြံပြုချက်များကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ အခန်းအများစု၏အစတွင် သမ္မာကျမ်းစာမှကိုးကားချက်များကိုဖော်ပြထားသည်ဖြစ်၍ ဤစာအုပ်ကို အုပ်စုလိုက်အသုံးပြုသည်ဖြစ်စေ၊ တစ်ဦးချင်းအသုံးပြုသည်ဖြစ်စေ ထိုကျမ်းပိုဒ်များကို ဖတ်ရှုရန် တိုက်တွန်းလိုပါသည်။

ဆရာတစ်ဦးအတွက်ဖြစ်စေ၊ မိဘတစ်ဦးအတွက်ဖြစ်စေ၊ ကျောင်းသားတစ်ဦးအတွက်ဖြစ်စေ၊ သမ္မာကျမ်းစာတစ်အုပ်လုံးကို စနစ်တကျလမ်းညွှန်မှုဖြင့်လေ့လာသွားရန်စိတ်ဝင်စားသူမည်သူအတွက်မဆို ပြောင်းလဲနေသောဤအချိန်ကာလများတွင် ဤစာအုပ်သည် အကျိုးထူးမည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

David Gooding
John Lennox

# အပိုင်း ၁

## မွေးမြူရေးဆိုင်ရာ ကိုယ်ကျင့်တရားနှင့်လူ့ကျင့်ဝတ်ဆိုင်ရာသွန်သင်ချက်များ

# အခန်း ၁
## လူ့ကျင့်ဝတ်တရားနှင့်လူ့ဇာတိဇစ်မြစ်များ

ကျေးဇူးပြု၍ ကမ္ဘာဦးကျမ်း ၁း၁-၂း၃ ကိုဖတ်ပါ။

အချင်းချင်းနှင့်မိမိတို့ပတ်ဝန်းကျင်အပေါ် မည်သို့ပြုမူဆက်ဆံရမည်ဆိုသည့် လူ့ကျင့်ဝတ်နှင့်ဆိုင်သည့်မေးခွန်းများကို ကျွန်ုပ်တို့စတင်လေ့လာတော့မည်ဖြစ်သည်။ သို့သော် လူ့ကျင့်ဝတ်ဆိုင်ရာမေးခွန်းများကြောင့် ၎င်းတို့ထက်အရင်ဖြေရမည့်မေးခွန်းများပေါ်လာသည်။

### အဘယ့်ကြောင့် ကျွန်ုပ်တို့ထိုသို့ပြုမူကျင့်ကြံသင့်သနည်း။
### လူ့ကျင့်ဝတ်နောက်ကွယ်က မေးခွန်းများ

တိတိကျကျပြောရလျှင် လူသည်မည်သူနည်း။ အခြားသောသူတို့က လူသားတို့သည် ပါးနပ်လိမ္မာသောတိရစ္ဆာန်များထက် ဘာမျှမထူးခြားဟုဆိုကြသည်။ တောရိုင်းလောကတွင် တိရစ္ဆာန်တို့သည် အားနည်းသော သို့မဟုတ် ဖျားနာသော အခြားတိရစ္ဆာန်တို့ကို သတ်ဖြတ်ကြသည်။ အားနည်းချက်တစ်ခုခုဖြင့် သို့မဟုတ် အင်္ဂါမစုံမလင်မွေးလာသောကလေးငယ်ကို ကျွန်ုပ်တို့သတ်ဖြတ်လျှင် ကျွန်ုပ်တို့မှန်ပါမည်လား။ သို့မဟုတ် အိုမင်းမစွမ်းဖြစ်လာသည့်အဖွားကိုကော မည်သို့နည်း။ ထိုသို့ပြုခြင်းသည်မမှန်လျှင် အဘယ်ကြောင့်မမှန်သနည်း။

လူရှိနေရခြင်း၏ရည်ရွယ်ချက်ကားအဘယ်နည်း။ ကျွန်ုပ်တို့အသင်ရှင်သင့်သည့်အတိုင်းအသက်ရှင်မရှင်သိနိုင်ရန် ဤမေးခွန်းအဖြေကို ဦးစွာသိရန်လိုသည်။ ဥပမာ။ ။အခြားလူသားများနှင့်အဆက်အသွယ်လုံးဝမရှိသောတောရွာတစ်ရွာမှလူတစ်ဦးက ပုလွေတစ်ချောင်းကောက်ရသည်ဆိုကြပါစို့။ ၎င်းကိုဘာအတွက်လုပ်ထားမှန်းမသိသည့်အခါ မော်တုတ် တစ်ချောင်းလို သို့မဟုတ် ခွေးရိုက်တုတ်လို အသုံးပြုမိနိုင်သည်။ သို့သော် အခြားသောသူ့ရွာသားများကလည်း ထိုပုလွေကိုဘာအတွက်လုပ်ထားမှန်းမသိကြလျှင် သူသည် ၎င်းကို အသုံးပြုသင့်သည့်အတိုင်းအသုံးပြုမပြုသူတို့ဆုံးဖြတ်နိုင်မည်မဟုတ်။ ထိုသို့ဆိုလျှင် ဤကမ္ဘာမြေကြီးပေါ် လူရှိနေရခြင်း၏ရည်ရွယ်ချက်တစ်စုံတစ်ခုရှိပါသလား။

သဘာဝဝန်းကျင်အပေါ် ကျွန်ုပ်တို့မည်သို့ပြုမူသင့်သနည်း။ မြစ်နှင့်ပင်လယ်သမုဒ္ဒရာတို့ကို ညစ်ညမ်းစေလျက် အနာဂါတ်မျိုးဆက်အတွက် သဘာဝဝန်းကျင်ကို ပျက်စီးစေခြင်းအားဖြင့် ကျွန်ုပ်တို့နှင့်လက်ရှိသားသမီးတို့အတွက် ငွေကြေးအမြောက်အများရနိုင်သည်ဆိုလျှင် အဘယ့်ကြောင့် ထိုသို့မပြုသင့်သနည်း။ ကျွန်ုပ်တို့၏လတ်တလောပျော်ရွှင်မှုအတွက် အဘယ့်ကြောင့် သဘာဝတရားကို အမြတ်မထုတ်သင့်သနည်း။ အနာဂါတ်မျိုးဆက်အတွက် စဉ်းစားပေးရမည်ဟု မည်သူပြောသနည်း။ မည်သို့ဆိုစေ ဤကမ္ဘာလောကသည် မည်သူ၏ကမ္ဘာလောကဖြစ်သနည်း။ ဒါကို ကျွန်ုပ်တို့မပိုင်ကြသလော။ ကျွန်ုပ်တို့ပိုင်ဆိုင်သောအရာများအပေါ် ကျွန်ုပ်တို့စိတ်ကြိုက်ပြုမူခွင့် ကျွန်ုပ်တို့၌မရှိသလော။

ဤမေးခွန်းအပေါ် ဘုရားမဲ့ဝါဒီတို့ပေးသောအဖြေများကို ကျွန်ုပ်တို့သိပြီးသားဖြစ်နိုင်ပါသည်။ သို့သော် ယခု သမ္မာကျမ်းစာကပေးသောအဖြေများကို ကြည့်ကြပါစို့။ အပေါ်တွင်ကိုးကားဖော်ပြထားသောကမ္ဘာဦးကျမ်းမှကျမ်းပိုဒ်ကို ပြန်ဖတ်ကြည့်ပါ။

## အရာအားလုံးသည် ဘုရားသခင်အားဖြင့်အစပြုသည်

သမ္မာကျမ်းစာက `အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏´ဟု ပြောထားသည် (ကမ္ဘာဦးကျမ်း ၁း၁)။ ဤအချက်က စကြဝဠာသည် အစဉ်အမြဲတည်ရှိခဲ့သည် မဟုတ်ကြောင်းဖော်ပြသည်။ ၎င်းတွင် အစရှိသည်။ စိတ်ဝင်စားစရာကောင်းပါသည်။ အဘယ့် ကြောင့်ဆိုသော် ကုန်လွန်ခဲ့သည့်အချိန်များတွင် သိပ္ပံပညာရှင်များစွာတို့က စကြဝဠာသည် အစဉ် အမြဲတည်ရှိခဲ့သည်ဟု ယုံကြည်လေ့ရှိခဲ့ကြသည်။ ယခုလည်း အချို့တို့ ထိုအတိုင်းထင်မြင်ကြ သော်လည်း အများစုက စကြဝဠာတွင် အစရှိရမည်ဟုယူဆထားကြသည်။

ဘုရားသခင်သည် စကြဝဠာကိုဖန်ဆင်းသာဖန်ဆင်းသည်မဟုတ်၊ တန်ခိုးနှင့်ပြည့်စုံ သော မိမိအမိန့်တော်အားဖြင့် ၎င်းကိုအစဉ်မပြတ်မထားတော်မူသည်ဟု သမ္မာကျမ်းစာက ဖော်ပြ ထားသည် (ဟေဗြဲ ၁း၃)။ သဘာဝတရား၏နိယာမများဟု ကျွန်ုပ်တို့ခေါ်ဆိုသောအရာသည် ကိုယ်တော်၏ဆက်လက်ထိန်းသိမ်းထားသောတန်ခိုးတော်၏လုပ်ဆောင်ချက်ဖြစ်သည်။

ထို့ကြောင့် စကြဝဠာတစ်ခုလုံးသာမက ကျွန်ုပ်တို့နေထိုင်နေသောကမ္ဘာကိုလည်း ကျွန်ုပ် တို့မပိုင်ဆိုင်၊ ဘုရားသခင်သာပိုင်ဆိုင်တော်မူကြောင်း ကျွန်ုပ်တို့အဆုံးသတ်မှတ်ချက်ချရသည်။ `ထာဝရဘုရားသည် မြေကြီးနှင့် မြေကြီးတန်ဆာကိုင၎်း၊ လောကဓါတ်နှင့်လောကသားတို့ကိုင၎်း၊ ပိုင်တော်မူ၏´ (ဆာလံ ၂၄း၁)။ ကျွန်ုပ်တို့သည် ဘုရားသခင်ပိုင်သောကမ္ဘာမြေကြီး၏မြေငှားများ သာဖြစ်ကြသည်။ ထို့ကြောင့် မြေငှားနှင့်ဆိုင်သည့် ဘုရားသခင်၏သတ်မှတ်ချက်များကို သမ္မာ ကျမ်းစာတွင်ရှာဖွေပြီး လေ့စားလိုက်နာရမည်ဖြစ်သည်။

လူသားများအပါအဝင် ဖန်ဆင်းတော်မူထားသောအရာအားလုံးတို့သည် ဘုရားသခင် ၏အလိုတော်ကိုဆောင်ရန်အတွက်ဖန်ဆင်းခံရကြသည် (ဗျာဒိတ် ၄း၁၁)။ ထို့ကြောင့် လူတို့သည် မိမိတို့အသက်ရှင်သင့်သည့်အတိုင်းအသက်ရှင်နိုင်ရန် `လူတိုင်း ဘုရားသခင်၏အလိုတော်ကို မည်မျှဆောင်နိုင်သနည်း´ဆိုသည့်မေးခွန်းကို မေးသင့်ပါသည်။

## လောကကို ဘုရားသခင်ဖန်ဆင်းတော်မူခဲ့ပုံ

သမ္မာကျမ်းစာထဲတွင် လောကကို ဘုရားသခင်ဘယ်လိုဖန်ဆင်းတော်မူခဲ့သနည်းဆိုသည်ထက် လောကကို ဘုရားသခင်အဘယ့်ကြောင့်ဖန်ဆင်းခဲ့သနည်းဆိုသည်ကို ပိုမိုဆွေးနွေးတင်ပြထား ကြောင်း တွေ့ရသည်။ ဤမေးခွန်းနှစ်ခု၏ခြားနားမှုကို နားလည်ရန်အရေးကြီးသည်။ ထို့ကြောင့် သာဓကပြသမှုတစ်ခုကို စဉ်းစားကြည့်ကြပါစို့။

အဖွားတစ်ဦးက မြေးအတွက် ကိတ်မုန့်တစ်လုံးဖုတ်ပေးသည်ဆိုကြပါစို့။ အဟာရဗေဒ နှင့်ဇီဝဗေဒမှသည် ဓါတုဗေဒ၊ ရူပဗေဒနှင့်သင်္ချာတို့အထိ သိပ္ပံပညာက ထိုကိတ်မုန့်ကို ဘယ်လို ဘယ်ပုံပြုလုပ်ကြောင်း ခွဲခြမ်းစိတ်ဖြာလျက်ဓါတ်ခွဲစမ်းသပ်နိုင်သော်လည်း အဖွားက ထိုကိတ်မုန့်ကို ဘာကြောင့်လုပ်သည်ကိုတော့ ထိုသိပ္ပံပညာဆိုင်ရာခွဲခြမ်းစိတ်ဖြာမှုက မပြောပြနိုင်ပေ။ အကယ် စင်စစ် အဖွားက သူကိတ်မုန့်ကို မိမိမြေး၏မွေးနေ့အတွက်လုပ်ပေးကြောင်း မပြောပြလျှင် ကျွန်ုပ် ဘယ်တော့မှသိရမည်မဟုတ်ပေ။ ထိုနည်းတူ သိပ္ပံနည်းကျခွဲခြမ်းလေ့လာမှုများက ဤစကြဝဠာကို မည်ကဲ့သို့ဖွဲ့စည်းထားကြောင်း အများအပြားပြောပြနိုင်သော်လည်း ၎င်း၏အဓိကရည်ရွယ်ချက်ကို ဘာမျှမပြောပြနိုင်ပေ။ ဖန်ဆင်းရှင်မပြောပြလျှင် ဤကမ္ဘာလောကဖန်ဆင်းရခြင်း၏အကြောင်းရင်း ကို ကျွန်ုပ်တို့ဘယ်သောအခါမျှ သိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ဖန်ဆင်းသောအရှင်၏အဖြေဖြစ် သည့် သမ္မာကျမ်းစာက ဤအရေးကြီးသောမေးခွန်းကို အလေးထားကြောင်းတွေ့ရသည်။

သို့သော် ကမ္ဘာလောကကို ဘုရားသခင်မည်သို့ဖန်ဆင်းတော်မူခဲ့သည်ဆိုသည့် အလွန်စိတ်ဝင်စားစရာအချို့ကို သမ္မာကျမ်းစာကပြောပြထားသည်။ အခြေခံအကျဆုံးအချက်မှာ ဘုရားသခင်သည် မိမိ၏နှုတ်တော်ထွက်စကားဖြင့် ၎င်းကိုဖန်ဆင်းခဲ့သည်။ ကမ္ဘာဦးကျမ်း ၁း၁ မှ ၂း၃ အထိ `ဘုရားသခင် ... အမိန့်တော်ရှိသည်´ဆိုသည့်စကားစု အကြိမ်မည်မျှရှိသည်ကို မှတ်သားကြည့်ပါ (ယော ၁း၁-၅၊ ဟေဗြဲ ၁၁း၃ တို့ကိုလည်းကြည့်ပါ)။

ကျွန်ုပ်တို့စကားပြောသည့်အခါ ကျွန်ုပ်တို့၏စကားလုံးများက ကျွန်ုပ်တို့၏စိတ်ထား၊ အတွေးများနှင့် ရည်ရွယ်ချက်များကို ဖော်ပြကြသည်။ ထိုနည်းတူ ဘုရားသခင်သည် မိမိနှုတ်တော်ထွက်စကားဖြင့် စကြဝဠာကိုဖန်ဆင်းသည့်အခါ မိမိ၏စိတ်ထား၊ မိမိစဉ်းစားသည့်အရာများနှင့် ရည်ရွယ်ချက်တို့ကို ဖော်ပြတော်မူခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သဘာဝတရားအလုပ်လုပ်နေပုံကိုပိုမိုသိရှိလာလေလေ ၎င်း၏အကြောင်းသင့်အကျိုးသင့်ဖြစ်ခြင်းကို ပို၍အံ့ဩလေဖြစ်ကြရသည်။ စကြဝဠာသည် ဘုရားမဲ့ဂါဒီတို့ပြောသည့် စိတ်ခံစားမှုမရှိ၊ ရည်ရွယ်ချက်မဲ့သောစွမ်းအားတို့ကြောင့် ဖြစ်လာသောအရာမဟုတ်။ စကြဝဠာ၏နေရာတိုင်းတွင် အစီအစဉ်တကျဖြစ်ခြင်း၊ ရည်ရွယ်ချက်ရှိခြင်းနှင့် အကြောင်းသင့်အကျိုးသင့်ဖြစ်ခြင်းတို့၏အထောက်အထားများကို တွေ့နေရသည်။ ဘုရားသခင်၏ဆင်ခြင်တုံတရားရှိခြင်းကို သူ၏ဖန်ဆင်းနိုင်စွမ်းရှိသောနှုတ်တော် ထွက်စကားတို့က ဖော်ပြခဲ့ကြသည်။

၎င်းကို အခြားနည်းဖြင့်ပြောရလျှင် ကျွန်ုပ်တို့သည် သတင်းအချက်အလက်များသယ်ဆောင်ရန် စကားလုံးများကိုအသုံးပြုကြသည်။ ဖန်ဆင်းခြင်းအဆင့်တိုင်းတွင် `ဘုရားသခင်အမိန့်တော်ရှိ၏´ဟုထပ်တလဲလဲဖော်ပြနေခြင်းက ကမ္ဘာလောကဖန်ဆင်းရန်အတွက် လိုအပ်သောသတင်းအချက်အလက်သည် အသိဉာဏ်၏အရှင် ဘုရားသခင်ထံမှလာကြောင်းနှင့် ခက်ခဲနက်နဲမှု၏အဆင့်အသစ်တစ်ခုစီကိုရရှိရန် သတင်းအချက်အလက်အသစ်ဖြည့်သွင်းရခြင်းတို့ကို ရည်ညွှန်းသည်။ ဤအချက်သည် သိပ္ပံပညာက ကျွန်ုပ်တို့ကိုသင်ပေးသောအရာနှင့် ကိုက်ညီသည်။ ဇီဝကမ္ဘာသည် ရုပ်ပစ္စည်းသက်သက်ဖြင့်ဖွဲ့စည်းထားသည်မဟုတ်ဘဲ DNA ခေါ် မျိုးရိုးဗီဇသင်္ကေတပုံက်ဟု ကျွန်ုပ်တို့ပြောသည့် သတင်းအချက်အလက်သယ်ဆောင်သည့်ရုပ်ပစ္စည်းနှင့်ဖွဲ့စည်းထားခြင်းဖြစ်သည်ဆိုသည့် သိပ္ပံပညာဆိုင်ရာတွေ့ရှိမှုသည် အထက်ပါအချက်ကို ပံ့ပိုးထပ်ဆောင်းပေးသည်။

စကြဝဠာတည်မြဲလည်ပတ်နေခြင်းကို သင်္ချာဟူသောဝေါဟာရဖြင့် ကျွန်ုပ်တို့ပုံသေနည်းထုတ်လေ့ရှိသော နိယာမများဖြင့်ဖော်ပြနိုင်ကြောင်း သိပ္ပံပညာကဖော်ပြသည့်အချက်တွင်လည်း သဘာဝ၏အကြောင်းသင့်အကျိုးသင့်ဖြစ်ခြင်းကို တွေ့မြင်နိုင်သည်။

ကမ္ဘာဦးကျမ်း ၁ သည် အဘယ့်ကြောင့်နှင့်ဘယ်လိုဆိုသည့် မေးခွန်းများကို ဖြေရှင်းပေးသည့်အပြင် လူ့ဂုဏ်သိက္ခာနှင့်တန်ဖိုး၏ပါဝင်ပါတ်သက်မှုကိုလည်း ဖော်ပြပေးသည်။ နောက်အခန်းတွင် ၎င်းအကြောင်းကို ကျွန်ုပ်တို့လေ့လာဆွေးနွေးကြမည်ဖြစ်သည်။

> **သိပ္ပံပညာနှင့်သမ္မာကျမ်းစာ**
>
> အကြီးမြတ်ဆုံးသပ္ပံပညာဆိုင်ရာသမိုင်းပညာရှင်များအနက်မှတစ်ဦးဖြစ်သော Sir Alfred North Whitehead က ခေတ်သစ်သိပ္ပံပညာပေါ်ထွန်းလာရန် သမ္မာကျမ်းစာနှင့်အညီ လောကအပေါ်ရှုမြင်မှု၏ အရေးပါသောလုပ်ဆောင်ချက်ကို ထောက်ပြခဲ့သည်။ C. S. Lewis က `လူတို့သည် သဘာဝတရားထဲမှ နိယာမကို မျှော်လင့်ကြသောကြောင့် သိပ္ပံပညာနှင့်ဆိုင်သောသူများဖြစ်လာကြသည်။ သူတို့သည် သဘာဝတရားထဲမှနိယာမကို မျှော်လင့်ကြခြင်းမှာလည်း ဥပဒေပြုသောသူတစ်ပါးကို ယုံကြည်ကြ၍ဖြစ်သည်´ ဟု Whitehead ၏အမြင်ကို အကျဉ်းချုပ်ထားသည်။
>
> 1 Miracles, 110.

# အခန်း ၂

## လူ့ဂုဏ်သိက္ခာ

ကျေးဇူးပြု၍ ကမ္ဘာဦးကျမ်း ၁ ကိုပြန်ဖတ်ပါ။

ဘုရားသခင်သည် တန်ခိုးတော်နှင့်ပြည့်စုံတော်မူကြောင်း သမ္မာကျမ်းက သင်ကြားပေးသည်။ ထို့ကြောင့် ဘုရားသခင်သည် ကမ္ဘာကြီးကို တစ်ချိန်တည်းဖြင့်ဖန်ဆင်းတော်မူကြောင်း သမ္မာကျမ်းစာက ဖော်ပြလိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်နိုင်ပါသည်။ သို့သော် ထိုသို့ မဟုတ်ပါ။ ကမ္ဘာဦးကျမ်း ၁ ကို ပြန်ကြည့်ပါ။ ၎င်းတွင် ဘုရားသခင်သည် ကမ္ဘာကို တစ်ချိန်တည်းဖြင့် မဖန်ဆင်းခဲ့ကြောင်း ဖော်ပြထားသည်။ ဘုရားသခင်သည် ကမ္ဘာကို အဆင့်လိုက် ဖန်ဆင်းတော်မူခဲ့သည်။ ထို့ပြင် အဆင့်တိုင်းတွင် ပိုပို၍ အဆင့်မြင့်လာပြီး ရုပ်ဝတ္ထုတို့၏ပုံစံသည်လည်း ဖွဲ့စည်းမှု ပိုရှိလာကာ အသက်ရှင်မှုပုံစံလည်း နားလည်ရန်ပိုမိုရှုပ်ထွေးလာသည်ကို တွေ့ရသည်။

> **သိပ္ပံပညာနှင့်သမ္မာကျမ်းစာ**
>
> သိပ္ပံပညာဆိုင်ရာ ပညာတတ်များအတွက် အခက်အခဲတစ်ခုဖြစ်နိုင်သည့်အချက်မှာ ဖန်ဆင်းခြင်းအကြောင်းကို အပေါ်ယံဖတ်လျှင် စကြဝဠာတစ်ခုလုံးကို တစ်ပတ်အတွင်းဖန်ဆင်းသည်ဟု ထင်ရသည့်အချက်ပင်ဖြစ်သည်။ သို့သော် ကမ္ဘာဦးကျမ်း ၁ သည် ဆန်းပြားရှုပ်ထွေးသည့် ဖြစ်ရပ်မှတ်တမ်းဖြစ်၍ လွယ်သယောင်ပြုလျက် မဖတ်ရှုသင့်ပေ။ ကျွန်ုပ်တို့ကိုယ်တိုင်သည်လည်း ဖန်ဆင်းခြင်းတွင် လူ့ကျင့်ဝတ်ပါဝင်ပါတ်သက်နေခြင်းကို စိတ်ဝင်စားသည်ဖြစ်၍ အချိန်ကာလအတိုင်းအတာအကြောင်း စကားစစ်ထိုးခြင်းကြောင့် လူသည် ဖန်ဆင်းခြင်း၏အထွတ်အထိပ်ဖြစ်သည်ဆိုသည့် ဖန်ဆင်းခြင်းအဆင့်ဆင့်မှအဓိက သင်ခန်းစာကို မေးမှိန်းမသွားစေသင့်ပါ။ ဤအကြောင်းအရာအချို့ကို ပိုမိုသိရှိရန် `ကမ္ဘာကြီးကို ခွဲဝေပေးသည့် ခုနစ်ရက်´ ဆိုသည့် John Lennox ၏ စာအုပ်ကို ဖတ်ရှုနိုင်ပါသည်။

### ဖန်ဆင်းခြင်း၏အထွတ်အထိပ်

ဤတိုးတက်ဖြစ်စဉ်၏အထွတ်အထိပ်သည် မည်သည့်အရာဖြစ်သနည်းဟု ကျွန်ုပ်တို့မေးခွန်းထုတ်လေ့ရှိကြသည်။ အဖြေမှာ - လူဖြစ်သည်။ ဤကမ္ဘာကိုအလေးထားစဉ်းစားသရွေ့ လူတို့သည် ဘုရားဖန်ဆင်းသောအရာများ၏သရဖူ၊ အထွတ်အထိပ်ဖြစ်သည်။ ကမ္ဘာမြေကြီးနှင့်၎င်းအပေါ်ရှိ သက်ရှိအားလုံးကို အုပ်စိုးရန်အတွက် လူတို့ကိုဖန်ဆင်းခြင်းဖြစ်သည် (က ၁း၂၆ ကိုကြည့်ပါ)။ မြေကြီးကို လူတို့အတွက် အိမ်အဖြစ်ဖန်ဆင်းတော်မူခြင်းဖြစ်သည်။

လူတို့သည် ကမ္ဘာပေါ်ရှိအခြားအရာများထက် ပိုအရေးကြီးကြောင်း ဆက်လက်ဆွေးနွေးကြမည်။ သင်အိမ်ပြန်သောအခါ အိမ်နှင့်၎င်းအထဲမှပရိဘောဂများထက် သင်ကိုယ်တိုင်သည် ပို၍အရေးကြီးကြောင်း သင်အလိုအလျောက်သိပြီးသားဖြစ်သည်။ ၎င်းတို့သည် သင့်အတွက်ဖြစ်ပြီး သင်သည် ၎င်းအရာများအတွက်မဟုတ်ပါ။

၎င်းနှင့်ပတ်သက်၍ ယေရှုခရစ်တော်ထောက်ပြသည့်အချက်တစ်ချက်မှာ - ဘုရားသခင်သည် လူတို့လောကအိမ်၏အစိတ်အပိုင်းတစ်ချို့ဖြစ်သည် သစ်ပင်ပန်းမာန်တို့လှပစေခြင်းနှင့် ကျေးငှက်များကျွေးမွေးခြင်းတို့ကိုပင် ဂရုစိုက်တော်မူသည်ဆိုလျှင် ဤလောကကမ္ဘာတွင်အဓိကနေထိုင်သူများဖြစ်ကြသည့်လူတို့ကို ပိုမိုဂရုစိုက်တော်မူမည်ဖြစ်သည် (မဿဲ ၆း၂၅-၃၀)။

ထို့အပြင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အသက်ရှင်ရေးအတွက် မှီခိုနေရသည် ရုပ်ဝတ္ထုပစ္စည်းများထက် ပို၍အရေးကြီးကြပါသည်။ ဥပမာအားဖြင့် နေနှင့်နေရောင်ခြည်တို့မပါလျှင် ကျွန်ုပ်တို့အသက်မရှင်နိုင်ပါ။ သို့သော် ကျွန်ုပ်တို့သည် နေထက်ပို၍အရေးကြီးကာ ပို၍ထူးခြားကြသည်ကို ကျွန်ုပ်တို့ပင်ကိုယ်အားဖြင့်ပင်သိရှိကြသည်။ ထိုပင်ကိုယ်အသိစိတ်ကို ကမ္ဘာဦးကျမ်းက အတည်ပြုထားသည်။ နေကို ကျွန်ုပ်တို့အတွက် ဖန်ဆင်းထားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် နေအတွက် မဟုတ်ပေ။ နေသည် ကျွန်ုပ်တို့ကိုအလုပ်အကျွေးပြုရမည်ဖြစ်သည်။ ရှေးခေတ်က လူတချို့မှတ် ထင်ခဲ့သလိုမျိုး ကျွန်ုပ်တို့အလုပ်အကျွေးပြုရမည့်ဘုရားတစ်ပါးမဟုတ်ပေ။ နေရှိ၍ မည်သို့အလုပ် လုပ်ဆောင်နေသည်ကို ကျွန်ုပ်တို့သိကြသည်။ ကျွန်ုပ်တို့ရှိ၍ မည်သို့အလုပ်လုပ်ကြသည်ကို နေကမသိပေ။

## လူ၏တန်ဖိုးနှင့်ထာဝရတည်မြဲမှု

လူအပါအဝင် မိမိဖန်ဆင်းထားသည့်အရာအားလုံးကောင်းသည်ဟု ဘုရားသခင်မြင်တော်မူခဲ့ကြောင်း ကမ္ဘာဦးကျမ်း ၁ က အထပ်ထပ်ဖော်ပြထားသည်။

ဤအချက်သည် အရှေ့တိုင်းဘာသာတရားများစွာတို့သွန်သင်သည့်အချက်နှင့် အာရုံပြုမိလောက်အောင်ဆန့်ကျင်ဖက်ဖြစ်နေသည်။ ၎င်းတို့က ရုပ်ဝတ္ထုပစ္စည်းများသည် သေးသိမ်သောအရာများဖြစ်၍ အချုပ်အခြာဖြစ်သောအရှင်က ဤအရာများကို ဖန်ဆင်းမည်မဟုတ် - လူ့ကိုယ်ခန္ဓာနှင့်လောကအရာများကို ပိုမိုအဆင့်နိမ့်ပြီး ပညာကဏ္ဍတွင်လည်း ပိုမိုအားနည်းသောတန်ခိုးစွမ်းအားများက ဖန်ဆင်းခဲ့ခြင်းဖြစ်သည်ဟု သူတို့ခံယူထားကြသည်။ အချို့သောထင်ရှားသည့် ဂရိအတွေးအခေါ်ပညာရှင်များ (နှင့်အချို့ခေ့မပညာရှင်များ) က ရုပ်ဝတ္ထုနှင့်ပြုလုပ်ထားသော ကိုယ်ခန္ဓာသည် စိတ်ဝိညာဉ် (soul) ၏ သချိုင်းဂူ သို့မဟုတ် အကျဉ်းထောင်ဖြစ်သောကြောင့် ၎င်းသည် ၎င်းအထဲ၌ရှိနေသော ထိုစိတ်ဝိညာဉ်ကိုညစ်ညူးစေသည်ဟု ထင်မြင်ကြသည်။ ဤအတွေးအခေါ်သည် ဘဝအပေါ်ထားရှိသည့် မသင့်မအပ်မမှန်မကန်စိတ်သဘောထားများ၏မြစ်ဖျားခံရာဖြစ်သည်။ သမ္မာကျမ်းစာကမူ ၎င်းနှင့်မတူဘဲ လူ့ကိုယ်ခန္ဓာသည် ကောင်းသောအရာဖြစ်လျက် ၎င်း၏သဘာဝအတိုင်းဖြစ်လာသည့်အာသီသတို့သည် ကောင်းသောအရာများဖြစ်လျက် အကျိုးခံစားရန်အတွက်ဖြစ်သည် (သဘာဝနှင့်မသွေဖည်၊ မိမိကိုယ့်ကိုယ်ထိန်းချုပ်တတ်ရန်တော့လိုသည်)။

လူသည် တိရစ္ဆာန်နှင့်မတူ၊ ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီဖန်ဆင်းတော်မူထားကြောင်း သမ္မာကျမ်းစာကသင်ကြားပေးသည် (ကမ္ဘာဦး ၁း၂၆-၂၇ ကိုကြည့်ပါ)။ ဆိုလိုသည်မှာ ပထမအနေဖြင့် လူသည် ဘုရားသခင်ကိုကိုယ်စားပြုလျက် မြေကြီးပေါ်ဘုရားသခင်ဖန်ဆင်းထားသောအရာများအလယ်တွင် ဘုရင်ခံကဲ့သို့တာဝန်ထမ်းဆောင်ကာ ကမ္ဘာလောကကိုအုပ်စိုး၍ ၎င်းတို့ကို ထိန်းချုပ်စောင့်ရှောက်ပေးရန်ဖြစ်သည်။ မြင့်မားသည့်ဂုဏ်သိက္ခာနှင့်ကြီးမားသောတာဝန်တစ်ရပ်ဖြစ်သည်။ လူသည် အခြားသောဖန်ဆင်းခံအရာများရှေ့တွင် ဘုရားသခင်ကို ကိုယ်စားပြုရသည်။ ထို့ကြောင့် လူတို့သည် အခြားသောဖန်ဆင်းခံအရာများကို မားယွင်းစွာအသုံးပြုခြင်း၊ မလိုအပ်ဘဲဝေဒနာခံစားစေခြင်းမျိုးမပြုရပေ။

ထိုနည်းတူ လူသားအားလုံးတို့၏အသက်သည် အလေးအမြတ်ထားအပ်သောအရာဖြစ်လျက် ထာဝရတည်မြဲမှုရှိသည်ဆိုသောအဓိပ္ပါယ်လည်းဆောင်သည်။ သင်၏ကွန်ပျူတာသည် စက်ပစ္စည်းတစ်ခုဖြစ်၍ သင့်စိတ်တိုင်းကျမဖြစ်သောအခါ သင်ဖျက်ဆီးပစ်နိုင်သည်။ သို့သော် လူ့အသက်ကိုမသတ်ရပေ။ အဘယ့်ကြောင့်ဆိုသော် သမ္မာကျမ်းစာက လူသည် ဘုရားသခင်၏ပုံသဏ္ဍာန်နှင့် အညီဖန်ဆင်းခံရ(ကမ္ဘာဦး ၉း၆)၍ လူ၌ အနန္တတန်ဖိုးရှိသည်ဟု ဖော်ပြထားသည်။ လူတစ်ဦး၏တန်ဖိုးသည် သူ၏တော်တတ်ခြင်း၊ ချမ်းသာခြင်း၊ တန်ခိုးအာဏာရှိခြင်း၊ လှပခြင်း၊ ကျန်းမာခြင်း စသည့်အရာများပေါ် မမူတည်ဘဲ လူတိုင်းသည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီဖန်ဆင်းခံရသည်ဆိုသည့် အချက်ပေါ်၌သာ အခြေခံသည်။ ထို့ကြောင့် ကလေးငယ်များ မွေးဖွားမလာမီ ကိုယ်ဝန်ဖျက်ချခြင်းဖြင့်ဖြစ်စေ၊ မွေးဖွားလာပြီးသည့်အခါလည်း အကြောင်းတစ်ခုခုကြောင့်ဖြစ်စေ လုံးဝမသတ်ဖြတ်ရပေ။ ထိုနည်းတူ မည်မျှပင်ဆင်းရဲပါစေ လူကိုအထင်အမြင်မသေးသင့်ပေ။ သမ္မာကျမ်းစာက `ဆင်းရဲသားတို့ကို ညှဉ်းဆဲသောသူသည် ဖန်ဆင်းတော်မူသောဘုရားကိုကဲ့ရဲ့၏။ ဘုရားကို ရိုသေသောသူမူကား၊ ဆင်းရဲသောသူတို့ကို သနားတတ်၏´ဟု ဆိုထားသည် (သုတ္တံ ၁၄း၃၁)။

ထို့ပြင် ဘုရားသခင်သည် ကမ္ဘာပေါ်ရှိလူမျိုးစုအားလုံးတို့ကို ပထမဦးဆုံးသောဖနီးမောင်နှံတို့မှ ဖန်ဆင်းတော်မူထားသည် (တ ၁၇း၂၆)။ ပိုမိုအဆင့်နိမ့်သောလူဟူ၍မရှိပေ။ မည်သည့်လူမျိုးစုထဲ မည်သူ့ကိုမဆို ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီဖန်ထားတော်မူသည်။ လူမျိုးရေးဝါဒ၊ ဂျူးမုန်းတီးရေးဝါဒနှင့် လူမျိုးစုငယ်များကိုဖိနှိပ်ခြင်းတို့သည် မှားယွင်းလျက် ဖန်ဆင်းရှင်ဘုရားသခင်ကို စော်ကားခြင်းတစ်ရပ်ဖြစ်သည်။ အမျိုးသမီးတို့ကိုလည်း အမျိုးသားများနည်းတူ ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားခြင်းဖြစ်သည်။ ဘုရားသခင်ရှေ့တော်တွင် သူတို့သည် တန်းတူတန်ဖိုးရှိကြသည်။ သူတို့ကိုလည်း အမျိုးသားများနည်းတူလေးလေးစားစားတန်းတူဆက်ဆံခံရမည်ဖြစ်ပြီး သူတို့ကို ဖိနှိပ်ခြင်း၊ စော်ကားမော်ကားပြုခြင်းမပြုရပေ။

## ဖန်ဆင်းခြင်းထဲမှ သင်ခန်းစာတစ်ခု

ဘုရားသခင်ကို ကိုယ်စားပြုလျက် ကမ္ဘာကြီးကိုအုပ်စိုးရန် လူတို့ကိုဖန်ဆင်းထားခြင်းဖြစ်သော်လည်း လူသည် ဘုရားသခင်အပေါ်မှီခိုနေရမည်ဖြစ်ကြောင်း အမြဲသတိပေးနေသည့် ကမ္ဘာမြေကြီးမျိုးကို ဘုရားသခင် ဖန်ဆင်းတော်မူခဲ့သည်ဟု ကမ္ဘာဦးကျမ်း အခန်းကြီး ၁ က ထောက်ပြထားသည်။

ဥပမာတစ်ခုစဉ်းစားကြည့်ပါ။ အလင်းသည် အသက်အတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်၍ ဘုရားသခင်သည် နေကို အလင်း၏အရင်းအမြစ်အဖြစ် ကျွန်ုပ်တို့ကို ပေးထားသည်။ ကမ္ဘာဦးကျမ်း ၁ က ထိုထက်မက ဖော်ပြထားသည်။ အလင်းနှင့်အမှောင်တို့၏အခြေခံခြားနားမှုကိုသာမဖော်ပြဘဲ `အလင်းကို နေ့ဟူသောအမည်ဖြင့်၎င်း၊ မှောင်မိုက်ကို ညဥ့်ဟူသောအမည်ဖြင့်၎င်း၊ ခေါ်ဝေါ်သမုတ်တော်မူ၍ ညဦးနှင့် နံနက်သည် ပဌမနေ့ရက်ဖြစ်လေ၏´ဟု ဆက်လက်ဖော်ပြထားသည် (က ၁း၅)။ ဤဖော်ပြချက်သည် အကြောင်းရင်းနှစ်ချက်ကြောင့် အလွန်သိသာထင်ရှားလှသည်။

ပထမအချက်။ အတန်းအစား၊ အမျိုးအစားသတ်မှတ်ခြင်းတည်းဟူသော အမည်ပေးခြင်းကို သက်ရှိများအား သိပ္ပံနည်းကျအမျိုးအစားခွဲခြင်း သို့မဟုတ် မျိုးခွဲပညာ (taxonomy)ဟု ကျွန်ုပ်တို့ခေါ်သည့် သိပ္ပံနည်းဆိုင်ရာအခြေခံလုပ်ဆောင်ချက်တစ်ခုအဖြစ် ယေဘုယျအားဖြင့်သတ်မှတ်သည်။ အမှန်စင်စစ်ပင် ဘုရားသခင်သည် အာဒံအား တိရစ္ဆာန်များကို နာမည်ပေးရန် တာဝန်ပေးအပ်ခဲ့သည် (က ၂း၁၉)။ ဤအချက်က `ကမ္ဘာဦးကျမ်းသည် သိပ္ပံနည်းပညာဆိုင်ရာကြိုးပမ်းအားထုတ်မှုကို ဆန့်ကျင်ရန်ဝေးစွ၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား သိပ္ပံပညာရပ်နှင့်သက်ဆိုင်သည့်အရာများလုပ်ဆောင်ရန်

လုပ်ပိုင်ခွင့်ပေးထားကြောင်းကို ကျွန်ုပ်တို့အားရှင်းရှင်းလင်းလင်းပြောပြနေသည်´ဆိုသည့်အချက်ကို အမှတ်မထင်ပြသနေပါသည်။ ထို့ကြောင့် ဤနေရာတွင်ကျွန်ုပ်တို့တွေ့ရသည့်အတိုင်းပင် ကမ္ဘာလောက၏အစိတ်အပိုင်းများကို အမည်နာမပေးခြင်းသည် ဘုရားသခင်အတွက် တမူထူးခြားသောအရာဖြစ်သည်။

ဒုတိယအချက်။ အလင်းနှင့်နေ့တို့သည် သိပ်မတူကြသလို အမှောင်နှင့်ညလည်းသိပ်မတူပေ။ ဤနေရာတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အား ကမ္ဘာလောကိုအလင်းပေးသည့်စနစ်၏ဖွဲ့စည်းပုံကို အာရုံစိုက်မိစေသည်။ ကျွန်ုပ်တို့သည် မိမိရရှိသည့်အလင်း၏အရင်းအမြစ်ဖြစ်သောနေနှင့် ကီလိုမီတာပေါင်း ၁၅၀ သန်းကွာဝေးရာအရပ်တွင်လည်ပတ်နေသည့် ဂြိုလ်တစ်ခုပေါ်အသက်ရှင်နေကြသည်ဖြစ်၍ ကျွန်ုပ်တို့ရရှိသည့်အလင်းသည် အလှည့်ကျရရှိသည့်အလင်းဖြစ်သည်။ ကျွန်ုပ်တို့လိုချင်သည်ဖြစ်စေ မလိုချင်သည်ဖြစ်စေ လင်းသည့်နေရာမှ မှောင်သည့်နေရာသို့ တစ်နေ့တစ်ကြိမ် နေ့စဉ်နေ့တိုင်းရောက်ရှိသွားရမည်ဖြစ်သည်။ ကျွန်ုပ်တို့ကို အလင်းပြန်ပေးသည့်အထိ စောင့်နေရန်မှတစ်ပါး ကျွန်ုပ်တို့ဘာမျှမတတ်နိုင်ပေ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကမ္ဘာ၏ပြင်ပမှအလင်းကို အကူအညီမဲ့စွာမှီခိုနေရသည်ဆိုသည့်အချက်ကို ဖော်ပြနေသည်။ ဘုရားသခင်သည် (ပိုးစုန်းကြူးနှင့်အချို့သောပင်လယ်နက်ထဲမှ သတ္တဝါများကဲ့သို့) ကျွန်ုပ်တို့ကို ကိုယ်တွင်းမှအလင်းမထွက်စေပေ။

ရုပ်ပိုင်းဆိုင်ရာအလင်းအတွက် မှန်သောအရာသည် ဘဝအဓိပ္ပါယ်ကိုဖော်ဆောင်ရန်နှင့် အသက်ရှင်သင့်သည့်အတိုင်းအသက်ရှင်ရန် ကျွန်ုပ်တို့အတွက်လိုအပ်နေသည့် ကိုယ်ကျင့်တရားပိုင်းနှင့်ဂိညာဉ်ရေးအတွက် ပို၍ပင်လိုအပ်နေပါသည်။ လူတို့တွင် အသိတရားဆိုင်ရာစွမ်းအားများ ရှိလင့်ကစား ဂိညာဉ်ရေးအလင်းသည် လူ့အထဲမှရသောအရာမဟုတ်သကဲ့သို့ လူ့ဉာဏ်ပညာအစုအစည်းထဲမှရသောအရာလည်း မဟုတ်ပေ။ သမ္မာကျမ်းစာက `အိုထာဝရဘုရား၊ လူသည် မိမိသွားရာလမ်းကို အစိုးမရ။ သွားစဉ်အခါမိမိခြေရာတို့ကို မစီရင်တတ်သည်ကို အကျွန်ုပ်သိပါ၏´ (ယေရမိ ၁၀း၂၃) ဟု ဖေါ် ပြထာသည့်အတိုင်းပင်ဖြစ်သည်။ ရရှိသည့်သင်ခန်းစာမှာ ကျွန်ုပ်တို့ကိုယ်တိုင်လည်းမဟုတ်၊ ဤလောကလဲမဟုတ်သည့် အလင်းနှင့်ဉာဏ်ပညာ၏အရင်းအမြစ်ဖြစ်တော်မူသည့်ဖန်ဆင်းရှင်ဘုရားသခင်ထံသို့ ကျွန်ုပ်တို့လှည့်ရန်လိုအပ်သည်ဆိုသည့်အချက်ပင်ဖြစ်သည်။ ဤအချက်ကို တမန်တော်ရှင်ယောဟန်က ဓမ္မသစ်ကျမ်းတွင် `ထိုနှုတ်ကပတ်တော်ထံ၌ငါတို့သည်ကြားရ၍၊ သင်တို့အား ပြသသောတရားစကားဟူမူကား၊ ဘုရားသခင်သည်အလင်း ဖြစ်တော်မူ၏။ ဘုရားသခင်၌ မှောင်မိုက်အလျှင်းမရှိ။ ငါတို့သည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ပြီဟုဆိုလျက်ပင်၊ မှောင်မိုက်၌ကျင်လည်လျှင်၊ သစ္စာတရားကိုမကျင့်။ မုသာကိုသုံးသောသူ ဖြစ်ကြ၏´ (၁ယော ၁း၅-၆)ဟု ဖော်ပြထားသည်။

သို့သော် လူသားတစ်ဦးဖြစ်ခြင်းကို ဘာကိုဆိုလိုကြောင်း သမ္မာကျမ်းက အခြားမည်ကဲ့သို့ ဖော်ပြထားသည်ကို ယခု ကျွန်ုပ်တို့စဉ်းစားရကြမည်ဖြစ်သည်။

**လောက၏အလင်း**

`လောက၏အလင်း´(ယော ၈း၁၂၊ ၉း၅) ဖြစ်ကြောင်း မိန့်တော်မူရာတွင် ယေရှုဆိုလိုသည့်အချက်ဟု သင်ထင်မြင်သောအရာကို ဆွေးနွေးပါ။

ယေရှုက ရုပ်ပိုင်းဆိုင်ရာအသက်သည် လူ့အတွင်းမှမဟုတ်ကြောင်း ရည်ညွှန်းလျက် ထိုအချက်မှ သင်ခန်းစာတစ်ခုကို ဖော်ပြပေးခဲ့သည်။ ရှင်ယောဟန်ခရစ်ဝင် အခန်းကြီး ၁၁ ထဲမှ ဖြစ်စဉ်ကို (အထူး သဖြင့် အပိုဒ်ငယ် ၉-၁၀) ဖတ်၍ ၎င်း၏အဓိပ္ပါယ်ကို ဆွေးနွေးပါ။

# အခန်း ၃

## လူသားတစ်ဦးဖြစ်ခြင်း၏အဓိပ္ပါယ်

*အပိုင်း ၁။ အသက်နှင့် ၎င်း၏များစွာသောအဆင့်များ*

*ကျေးဇူးပြု၍ ကမ္ဘာဦးကျမ်း ၂း၂-၂၄ ကိုဖတ်ပါ။*

ကမ္ဘာဦးကျမ်း ၁ - ၂ တွင် လူသားမျိုးနွယ်ကိုဖန်ဆင်းခြင်းနှင့်ဆိုင်သည့်ဖြစ်စဉ်နှစ်ကြိမ်ဖော်ပြထားသည်။ ပထမဖြစ်စဉ်သည် ပြီးခဲ့သည့်အခန်းနှစ်ခန်းတွင် ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း လူတို့ကို ဘုရားသခင်ဖန်ဆင်းတော်မူသောအရာတို့၏အထွတ်အထိပ်အဖြစ် ဖော်ပြထားသည်။ ဘုရားသခင်သည် လူကိုဖန်ဆင်းသည့်အခါ လူသည် ဘုရားသခင်ကိုကိုယ်စားပြုလျက် ဘုရားသခင်အပေါ်မှီခိုပြီး ကမ္ဘာမြေကြီးကို ကြည့်ရှုစောင့်ရှောက်ရန်နှင့်တိုးပွားစေရန် မိမိပုံသဏ္ဌာန်နှင့်အညီ ဖန်ဆင်းတော်မူကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် လူတို့တွင် ထူးခြားသောတန်ဖိုးနှင့်ဂုဏ်သိက္ခာရှိသည်။ ဤဘုရားပေးအဆင့်အတန်းသည် လူ့ကျင့်ဝတ်နှင့်ပတ်သက်၍ အလွန်အရေးကြီးကြောင်းကိုလည်း ကျွန်ုပ်တို့တွေ့မြင်ရသည်။

### ဒုတိယအကြိမ်ဖော်ပြသည့်ဖန်ဆင်းခြင်းဖြစ်စဉ်

ကမ္ဘာဦးကျမ်း ၂ တွင်တွေ့ရသည့် ဒုတိယအကြိမ်ဖော်ပြသည့်ဖန်ဆင်းခြင်းဖြစ်စဉ်သည် ပထမဖြစ်စဉ်ကို ဖြည့်စွက်ပေးသည်။ ၎င်းတို့နှစ်ခု ဆန့်ကျင်ခြင်းမရှိပါ။ ကျွန်ုပ်တို့နှင့်ရင်းနှီးမှုမရှိသည့် ဓလေ့သုံးစကားများသုံး၍ရေးသားထားသောကြောင့် ပထမအကြိမ်ဖတ်ရသည့်အခါ လူတို့၏အတွေးအခေါ်များနှင့်နှိုင်းလျှင် လူ့ဘဝ၏အဓိပ္ပါယ်သည် အလွန်ရိုးစင်းနေသည်ဟု ထင်စရာရှိပါသည်။ ထိုရိုးစင်းမှုထဲတွင် ၎င်း၏ထူးခြားသာလွန်မှုရှိနေသည်။ ၎င်းက လူတိုင်းနားလည်နိုင်သည့် ဘာသာရပ်ဖြင့် ဘုရားသခင်ရည်ရွယ်ထားသည့်အတိုင်း လူ့ဘဝ၏ထင်ရှားသောပုံရိပ်ကို ချီးမွမ်းဖွယ်နှင့်အဓိပ္ပါယ်အပြည့်အဂဖြင့် အဆင့်လိုက်အဆင့်လိုက် တည်ဆောက်သွားပေးသည်။

ရှင်းလင်းလှသည့်အချက်မှာ ကျွန်ုပ်တို့သည် အသက်၏အကျိုးကျေးဇူးကို ဘုရားသခင်ရည်ရွယ်ထားသည့်အတိုင်း ခံစားလိုသည်ဆိုလျှင် `အသက်´၏အဓိပ္ပါယ်ကို ရုပ်ပိုင်း၊ ကိုယ်ကျင့်တရားပိုင်း၊ ဂိညာဉ်ရေးနှင့် ထာဂရ ဆိုသည့် ကဏ္ဍစုံမှ ဦးစွာသိနားလည်ထားရန် လိုအပ်ပါသည်။ ဒုတိယအကြိမ်ဖော်ပြသည့်ဖန်ဆင်းခြင်းဖြစ်စဉ်၏ရည်ရွယ်ချက်မှာ ဘဂ၏အဆင့်တိုင်းအဆင့်တိုင်းအဆင့်တိုင်းအတွက် လက်တွေ့ကျသောအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် မလွဲမသွေစဉ်းစားရမည့်ကိုယ်ကျင့်တရားနှင့်လူ့ကျင့်ဝတ်တို့တွေ့ရသည့်အခြေအနေတစ်ရပ်ကို ပေးရန်ဖြစ်သည်။

သို့သော် ၎င်းကို အစဉ်လိုက်သွားကြစို့။ ကမ္ဘာဦးကျမ်း အခန်းကြီး ၂ သည် လူတို့ကို ဒြပ်ရှိအရာများအဖြစ်ဖော်ပြလျက် အစပြုသည်မှာ မျှော်လင့်မထားသည့်အချက်တော့မဟုတ်ပါ။

ကျွန်ုပ်တို့ကိုဘာနဲ့ဖန်ဆင်းထားသနည်းဆိုလျှင်

`ထာဝရအရှင်ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကို ဖန်ဆင်း´တော်မူသည် (၂း၇)။ ကျွန်ုပ်တို့သိထားသလောက်ဆိုလျှင် စကြဝဠာတစ်လျှောက်လုံးတွင် ဒြပ်တို့၏ဓါတ်သဘောသည် များစွာတူညီနေ

သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကိုလည်း စကြဝဠာမှအခြားအရာများနည်းတူ တူညီသော အခြေခံဒြပ်ရှိအရာဖြင့်ဖန်ဆင်းထားသည်။ အချို့သောသိပ္ပံပညာရှင်များပြောသကဲ့သို့ ကျွန်ုပ်တို့ကို မြေမှုန့်ဖြင့် ဖန်ဆင်းထားသည်။ သို့သော် ကျွန်ုပ်တို့သည် ဒြပ်ရှိရုပ်ဝတ္ထုသက်သက်တော့မဟုတ်ပါ။

> ထာဝရအရှင်ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကိုဖန်ဆင်း၍ သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကို မှုတ်တော်မူလျှင်၊ လူသည် အသက်ရှင်သော သတ္တဝါဖြစ်လေ၏။

တိရစ္ဆာန်များသည်လည်း `အသက်ရှင်´သောသတ္တဝါများဖြစ်ကြောင်း ကျွန်ုပ်တို့သိထားပြီးဖြစ်သည် (၁း၂၀၊ ၁း၂၄၊ ၁း၃၀)။ ဤအချက်အရ လူတို့သည် တိရစ္ဆာန်များနှင့် မခြားနားသေးပေ။

*ရုပ်ပိုင်းဆိုင်ရာအသက်သည် ဆန်းကြယ်သောအရာဖြစ်နေဆဲဖြစ်သည်။* ကျွန်ုပ်တို့သည် အသက်တွင် မည်သည့်အရာများပါဝင်နေသည်ကို အမှန်တကယ်မသိကြသော်လည်း အသက်ဆိုသည့်အရာ ဖြစ်ပေါ်နေနိုင်ရန် မည်သည့်ရုပ်ပိုင်းဆိုင်ရာအင်္ဂါရပ်များရှိနေရမည်ကို သိကြသည်။ အနိမ့်ဆုံးသောသက်ရှိဇီဝရုပ်ပင်လျှင် သက်မဲ့အရာမှ မတော်တဆ အလိုအလျောက်ဖြစ်ပေါ်လာခဲ့သည်ဆိုသည့် အထောက်အထားမရှိခဲ့ပေ။ နက္ခတ္တဗေဒပညာရှင်နှင့်သင်္ချာပညာရှင်ဖြစ်သော ဆာဘွဲ့ရ ဖရက်ဟိုးလ် (Sir Fred Hoyle) က ကမ္ဘာမြေကြီးပေါ်၌ အသက်ဖြစ်ပေါ်လာနိုင်သည့်အခွင့်အလမ်းများအကြောင်း စဉ်းစားသည့်အခါ တွေးကြည့်ရမည့်မေးခွန်းကို မေးထားပါသည်-

> တိုလီမိုလီပစ္စည်းများသိမ်းဆည်းထားသည့်နေရာတစ်ခုတွင် တစ်စစီဖြုတ်၍ ဟိုတစ်ခုဒီတစ်ခုချထားသည့် Boeing 747 လေယာဉ်ကြီး၏အစိတ်အပိုင်း အားလုံးရှိနေသည်။ ထိုနေရာကို ပြင်းထန်သည့်လေပွေတစ်ခု တိုက်ခိုက်လိုက်သည်။ ထိုလေပွေတိုက်ပြီးသွားသည့်နောက် ထိုလေယာဉ်ကြီး တပ်ဆင်ထားသည့်အခြေအနေဖြင့် ပျံသန်းရန် အဆင်သင့်ရပ်နေရန် မည်သည့်အခွင့်အလမ်းရှိပါသနည်း။ လေဆင်နှာမောင်းတစ်ခုသည် စကြဝဠာတစ်ခုလုံးပြည့်စေနိုင်သည့် တိုလီမိုလီပစ္စည်းသိမ်းဆည်းသည့်နေရာများကို တိုက်ခိုက်ခဲ့လျှင်ပင် အခွင့်အလမ်းသည် အလွန်နည်းပါးလှသည်။[1]

*အသက်၏အံ့ဖွယ်ဖြစ်ခြင်း။* သစ်ပင်ပန်းမန်များ၊ တိရစ္ဆာန်များ သို့မဟုတ် လူသားများသည် စကြဝဠာ၏အံ့ဖွယ်ရာများထဲမှ တစ်ခုဖြစ်သည်။ ငှက်တစ်ကောင်၏မျက်လုံး၊ တောင်ပံနှင့် ဝေးလံသောအရပ်မှဂတ်မှန်ရှိသည့်နေရာကို အခြားသောပျားတို့အား အသိပေးနိုင်သည့် ပျားတစ်ကောင်၏ ကကွက်တို့သည် နားလည်ရခက်သည့်အံ့ဖွယ်များဖြစ်လျက် တီထွင်ဉာဏ်ကောင်းသောစက်မှုပညာပင်ဖြစ်သည်။ ကလေးငယ်တစ်ယောက်၏ကိုယ်အင်္ဂါအစိတ်အပိုင်းအားလုံးတို့ မိခင်၏ဝမ်းထဲတွင် နေရာမှန်ကန်စွာ အချိန်ကိုက်ကြီးထွားလာခြင်းသည် အနုစိတ်တိကျသည့်ပုံစံဒီဇိုင်း၏အံ့သြဖွယ်နမူနာတစ်ခုဖြစ်သည် (မျက်စိသည် မိမိရှိရမည့်ဦးခေါင်းမဖြစ်ပေါ်မီ ဖြစ်ပေါ်လာပါက အသုံးဝင်မည်မဟုတ်)။ အထူးသဖြင့် ကလေးငယ်တစ်ဦးကြီးထွားလာရန်အတွက်လိုအပ်သည့် သတင်းအချက်အလက်အားလုံးသည် မိဘနှစ်ပါးထံမှလာသည့် အလွန်သေးငယ်လှသည့်ဆဲလ် (cell) ကလာပ်စည်းနှစ်ခုတွင်အပြည့်အစုံပါဝင်ပြီးဖြစ်သည်ဆိုသည့်အချက်ကို ကျွန်ုပ်တို့ပြန်စဉ်းစားသည့်အခါ ထိုသို့ကြီးထွားလာခြင်းသည် အချိန်ကိုက်ကောင်းစွာညှိထားသည့်စီစဉ်မှုဖြစ်ကြောင်းလည်း သိနိုင်သည်။

ထိုကဲ့သို့သောအချက်တို့က သာမန်စိတ်မျိုးကို `ကိုယ်တော်သည် အကျွန်ုပ်၏ ကျောက်ကပ်ကိုပင် ဖန်ဆင်း၍၊ အမိဝမ်းထဲမှာ အကျွန်ုပ်ကို ဖုံးအုပ်တော်မူပြီ။ အကျွန်ုပ်သည် ကြောက်မက်

[1] Hoyle, *The Intelligent Universe*, 19.

ဘွယ်သောလက္ခဏာ၊ ထူးဆန်းသောလက္ခဏာတို့နှင့် ပြည့်စုံသည်ဖြစ်၍၊ ကိုယ်တော်ကို ချီးမွမ်းပါမည်။ ပြုပြင်တော်မူသောအမှုတို့သည် အံ့ဩဘွယ်ဖြစ်ကြောင်းကို အကျွန်ုပ်၏စိတ်ဝိညာဉ်သည် အမှန်သိပါ၏(ဆာလံ ၁၃၉း၁၃-၁၄)´ဟု စပ်ဆိုသည့် ဟီဘရူးကဗျာဆရာကဲ့သို့ ဖန်ဆင်းရှင်၏ဉာဏ်ပညာတော်ကို အံ့သြကြည်ညိုလျက် ကိုးကွယ်လိုစိတ်ပေါ်ပေါက်စေသင့်ပါသည်။ ကျွန်ုပ်တို့သည် ထိုသို့ အံ့သြကြည်ညိုလေလေ အသက်ကိုပို၍တန်ဖိုးထားလေးစားလေလေဖြစ်လာပေလိမ့်မည်။ ဖန်ဆင်းရှင်အပေါ် မည်သည့်ကျေးဇူးတင်စိတ်မျှမခံစားခြင်းသည် ဆိုးရွားအကျည်းတန်သောနောက်ဆက်တွဲရလဒ်များကိုဖြစ်ပေါ်စေသည့် အသက်ကိုတန်ဖိုးမထားမှု၏ပထမခြေလှမ်းဖြစ်သည်ဟု သမ္မာကျမ်းစာက ပြောထားပါသည် (ရော ၁း၂၁)။

> အသက်၏မတူညီသောအမျိုးအစားများ
>
> အပင်၏အသက်၊ တိရစ္ဆာန်အသက်နှင့် လူ့အသက်တို့၏ တကယ့်ခြားနားမှုကား အဘယ်နည်း။ လူ့အသက်ဖြင့်လူဖြစ်စေသောအရာကား အဘယ်နည်း။
>
> ဥပမာ။ ။ တစ်ခါတစ်ရံတွင် အလွန်ဆိုးဝါးစွာဒဏ်ရာရနေသူတစ်ဦးသည် ဦးနှောက်သေဆုံးသွားခဲ့လျှင်ပင် အသက်ကူစက်ပစ္စည်းများနှင့် သဘာဝအတိုင်းမဟုတ်ဘဲဖန်တီးကျွေးမွေးခြင်းတို့ဖြင့် အသက်ရှင်အောင်ထိန်းထားနိုင်ပါသည်။ ထိုသို့သောသူကို `အသက်ရှင်နေသည်´ဟု သင်ဆိုမည်လော။ သူသည် ဟင်းသီးဟင်းရွက်အသက်ရှင်သည့်သဘောတရားမျိုးဖြင့် အသက်ရှင်နေသည်။ သို့သော် ဤအသက်မျိုးသည် လူ့အသက်ဟုကျွန်ုပ်တို့ဆိုသည့်အသက်မျိုးဖြစ်ပါသလား။ လူသားတစ်ဦးတည်းတွင် မတူညီသည့် အသက်၏အဆင့်အတန်းများ ရှိနေသည့်ပုံမျိုးပေါက်နေပါသည်။ ဟုတ်ပါသလား။ ထိုသို့ဆိုလျှင် သေခြင်းတွင်ရော ခြားနားသည့်အဆင့်များ ရှိပါသလား။

## လူ့ကျင့်ဝတ်နှင့်ဆက်နွယ်ပတ်သက်မှုများ

ကျွန်ုပ်တို့အားလုံး(အထူးသဖြင့် လူငယ်များ)ကို ပြန်၍သတိပေးရမည့်အချက်မှာ လူ့ကိုယ်ခန္ဓာနှင့်ဦးနှောက်တို့က သိမ်မွေ့စွာဟန်ချက်ညှိရသည့်စနစ်ကိုဖြစ်ပေါ်စေကြောင်းနှင့် ထိုဟန်ချက်ကို မှန်ကန်သင့်မြတ်စွာ ထိန်းထားရန်လိုသည်ဆိုသည့်အချက်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့စားသောက်ခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာအသက်ကိုထိန်းသိမ်းရန်တွန်းအားပေးသည့် အစားအစာနှင့်ပတ်သက်သောမွေးရာပါတောင့်တမှု ရှိနေခြင်းဖြစ်သည်။ သို့သော် လူတို့သည် မိမိကိုယ်ခန္ဓာကို ကျန်းမာရေးနှင့် မညီညွတ်သည့်အပြင် လှည့်ဖြားမှုပါပါသည့် နည်းလမ်းဖြင့် လွဲမှားစွာအသုံးပြုရန် မကြာခဏသွေးဆောင်ခြင်းခံရကြသည်။ လူတို့ထိုသို့လွဲမှားစွာအသုံးပြုတတ်ကြခြင်းမှာ ထိုသို့ပြုပါက ပျော်စရာကောင်းမည်၊ ရင်ဖိုပီတိဖြစ်ရမည်၊ ပျင်းစရာ သို့မဟုတ် ကြောက်စရာ ကောင်းတော့မည်မဟုတ်ဟု ထင်မြင်ကြ၍ ဖြစ်သည်။ အကယ်စင်စစ် ထိုသို့ပြုခြင်းသည် ကိုယ်ခန္ဓာနှင့်ဦးနှောက်တို့၏ သိမ်မွေ့၍အနုစိတ်သည့်ချိတ်ဆက်လည်ပတ်လုပ်ဆောင်မှုကို ပျက်စီးစေလျက် ဝေဒနာခံစားခြင်းနှင့် သေဆုံးခြင်းအထိပင်ဖြစ်စေသည်။

ထိုသို့သော သတိပေးချက်များသည် အလွန်အရေးကြီးပါသည်။ သို့သော် *လူ့ခန္ဓာကိုဇီဝဗေဒဆိုင်ရာလည်ပတ်နေသည့်စက်တစ်ခုကဲ့သို့တန်ဖိုးထားမှုအပေါ် အခြေခံထားသည့် လူ့ကျင့်ဝတ်စနစ်သည် ကောင်းသော်လည်း လုံလောက်မှုမရှိပါ။* ကျွန်ုပ်တို့၏ကိုယ်ခန္ဓာသည် ရည်ရွယ်ချက်မဲ့သည့်စွမ်းအားများ၏အကြောင်းမဲ့လုပ်ဆောင်မှုကြောင့် မတော်တဆအခွင့်ကြုံ၍ဖြစ်ပေါ်လာသည့်

စက်ပစ္စည်းမဟုတ်ပါ။ ထိုကဲ့သို့သောအရာသာဆိုလျှင် ၎င်းကို ကျွန်ုပ်တို့ဖျက်ဆီးလိုက်ပြီဆိုသည်နှင့် ၎င်းသည် အဆုံးသတ်သွားပေမည်။ သို့သော် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာသည် ထိုထက်မကပါ။ ဖန်ဆင်းရှင်က ကြံစည်ပုံစံချလျက် ကျွန်ုပ်တို့ကိုပေးအပ်သည့် လက်ဆောင်မွန်ဖြစ်သည်။

အကယ်၍ လူချမ်းသာတစ်ဦးက ကျွန်ုပ်ကို ကားသစ်တစ်စီးလက်ဆောင်ပေး၍ ကားစက်ထဲတွင် သဲများထည့်လျက် ထိုကားကို ကျွန်ုပ်ဖျက်ဆီးမည်ဆိုလျှင် ကျွန်ုပ်သည် လူမိုက်တစ်ဦးဖြစ်မည်အသေအချာပင်။ ထို့ပြင် ထိုကားပေးသူမိတ်ဆွေကို စော်ကားလျက် အမျက်ထွက်စေရာလည်းကျပေလိမ့်မည်။ ထိုနည်းတူပင် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ခန္ဓာကို ဖျက်ဆီးပါက တစ်နေ့သောအခါ ၎င်းအတွက် ဘုရားသခင်ရှေ့တွင် အဖြေပေးရမည်ဖြစ်သည်။ အကြောင်းမှာ သမ္မာကျမ်းစာအရ ခန္ဓာသေခြင်းသည် အဆုံးမဟုတ်သေးပေ။ ရှင်ပြန်ထမြောက်ခြင်းရှိ၍ ကိုယ်ခန္ဓာ၌ ကျွန်ုပ်တို့ပြုသည့်အရာများအတွက် ဘုရားသခင်ထံဖြေရှင်းရမည်ဖြစ်သည် (၂ကော ၅း၁၀)။ ထို့ပြင် ကျွန်ုပ်တို့ကိုယ်ခန္ဓာကိုထိခိုက်စေခြင်းဖြင့် အခြားသူ၏ကိုယ်ခန္ဓာကို ပျက်စီးစေပါကလည်း ဘုရားသခင်သည် ဥပေက္ခာပြုနေလိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်၍မရပေ။ နှစ်စဉ်နှစ်တိုင်း သန်းနှင့်ချီသော ကိုယ်ဝန်ဖျက်ချမှုများကို ကျွန်ုပ်တို့မည်သို့ပြောကြမည်နည်း။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်ခန္ဓာအပေါ် အများတစ်ခုမဟုတ်တစ်ခု ပြုမိကြသည်မှာ အမှန်ပင်ဖြစ်သည်။ သတင်းကောင်းမှာ မျှော်လင့်ချက်ရှိပါသည်။ ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကို ဖန်ဆင်းပေးတော်မူသောဘုရားသခင်၌ ကျွန်ုပ်တို့ခံစားရမည့်ခွင့်လွှတ်ခြင်းအတွက်နှင့် လူ့ကိုယ်ခန္ဓာကို ပြန်လည်ရွေးနုတ်ကယ်တင်ရန်အတွက် အကြံအစည်တော်ရှိပါသည်။ ထိုအကြောင်းကို နောက်အခန်းတွင် ကျွန်ုပ်တို့ဆွေးနွေးကြမည်။ ဖန်ဆင်းခြင်းအကြောင်း ဒုတိယမှတ်တမ်းတွင် `အသက်´က ဘာကိုဆိုလိုကြောင်း ယခုစဉ်းစားကြမည်။

**စာသင်ခန်းအတွက်**

အဆုတ်အလုပ်လုပ်အောင် အံ့သြဖွယ်ပုံစံဖြင့် ဖန်ဆင်းတော်မူပုံကို ကျောင်းသားများအား ပြောပြပါ (လိုအပ်ပါက online မှ video များကိုကြည့်ပါ)။ ဆေးလိပ်သောက်ခြင်းကြောင့် ဆိုးဝါးစွာပျက်စီးသွားသည့်အဆုတ်ပုံများကို သူတို့အားပြပေးပါ။ မိမိတို့အဆုတ်ကို မည်ကဲ့သို့ ရူးရူးမိုက်မိုက်ဖျက်ဆီးကြသည်ကို ထင်ထင်ရှားရှားသရုပ်ပေါ်စေပါလိမ့်မည်။

အသဲ၏အံ့သြဖွယ်လုပ်ဆောင်ချက်များကို သူတို့အားပြသလျက် အရက်အလွန်အကျွံသောက်သုံးခြင်း၏ဆိုးကျိုးကိုလည်း ပြသပေးပါ။ သူတို့ဘဝအသက်တာ၏ဝမ်းမြောက်မှုကို သူတို့မဖျက်ဆီးမိအောင် သူတို့ကိုသင်ကူညီနိုင်ပါလိမ့်မည်။

ဦးနှောက်၏အံ့သြဖွယ်အာရုံကြောကွန်ယက်အပေါ် မူးယစ်ဆေးဝါးတို့၏ ဖျက်ဆီးမှုသည်လည်း အလားတူပင်ဖြစ်သည်။

ထိုနည်းတူ လူတကာနှင့်လိင်ဆက်ဆံခြင်းသည်လည်း AIDS ကိုရစေနိုင်သည်။ အချို့သောနိုင်ငံများတွင် မိခင်ဝမ်းထဲရှိနေစဉ်ကတည်းက မူးယစ်ဆေး၏ဆိုးကျိုးခံစားရသူနှင့် AIDS ကူးစက်ခံရသည့် ကလေးငယ်များ အရေအတွက် ပိုပို၍တိုးလာလျက်ရှိသည်။

## တီထွင်ဖန်တီးနိုင်စွမ်းနှင့် အနုသုခုမအာရုံ

ဘုရားသခင်သည် လူအား ကမ္ဘာမြေဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရန် စေခိုင်းတော်မူသောအခါ ဦးစွာ ဒေဝဥယျာဉ်ကိုပြင်ဆင်ကာ လူကိုထိုဥယျာဉ်ထဲထားလျက် ၎င်းကို ပြုစုပျိုးထောင်၍ ကာကွယ်စောင့်ရှောက်စေတော်မူခဲ့သည် (က ၂း၅-၁၅)။ ထွန်ယက်စိုက်ပျိုးခြင်းမပြုရသေးတဲ့မြေကြီးတွင် မည်သည့်အမှားအယွင်းမှမရှိပါ။ သို့သော် သဘာဝအတိုင်းပြုစုပျိုးထောင်ခြင်းမပြုရသေးသည့် သဘာဝမြေရိုင်း၏အစိတ်အပိုင်းတစ်ခုကို တစ်စုံတစ်ဦးက အနုပညာနှင့် အလှအပများ အစီအစဉ်တကျဖြစ်စေတတ်သည့်ကျွမ်းကျင်မှုတို့ဖြင့်စီမံပါက ဥယျာဉ်တစ်ခုဖြစ်လာပါသည်။ ထို့အပြင် ဘုရားသခင်သည် ဥယျာဉ်ထဲတွင် လူ့ရုပ်ခန္ဓာ၏ဆာလောင်မှုကို ဖြည့်ဆည်းပေးသည့် အစားအစာအတွက် ကောင်းမွန်သောအပင်များကိုသာ မထားပေးဘဲ လူ၏အလှအပကိုခံစားတတ်သည့် အနုသုခုမအာရုံအတွက် လှပသည့်အပင်များကိုလည်း ထည့်သွင်းပေးတော်မူခဲ့သည်။

ဤအချက်က *လူတို့သည် အလှအပသက်သက်ကို ချီးမွမ်းခံစားနိုင်စွမ်းရှိကြသည်* ဆိုသည့် အချက်ကို ပြန်သတိပေးပါသည်။ တစ်ကမ္ဘာလုံးရှိလူတို့သည် ဥယျာဉ်ကိုနှစ်သက်ကြလျက် ဥယျာဉ်တစ်ခုဖြစ်လာရန် ကြိုးစားဖန်တီးတတ်ကြခြင်းသည် အစားအစာထုတ်လုပ်ရန်မဟုတ်ဘဲ အလှအပသက်သက်အတွက်ဖြစ်သည်။

*ငှက်များ၊ တိရစ္ဆာန်များတွင် တီထွင်နိုင်စွမ်းနှင့်အနုသုခုမအာရုံရှိကြောင်း မည်သည့်အထောက်အထားမျှမရှိပေ။* တိရစ္ဆာန်များက ဥယျာဉ်တစ်ခုစိုက်ပျိုးဖန်တီးနေသည်ကိုလည်း မတွေ့ရဖူးပေ။ တိရစ္ဆာန်များ၊ ငှက်များသည် ကလေးမွေးသားပေါက်ရာသီတွင် အရောင်နှင့်သီချင်းကို စိတ်ဝင်စားကြဟန်ရှိသည်။ သို့သော် တိရစ္ဆာန်များနှင့်ငှက်များသည် လူများကဲ့သို့ အလှအပကိုဖန်တီးရန် စိတ်ဝင်စားခြင်းမရှိ၊ ဆန္ဒလည်းမရှိတတ်ကြပေ။ ၎င်းတို့မတိုင်မီက ကျေးငှက်တိရစ္ဆာန်များမသိသေးသည့်အရာများကို သူတို့ဖန်တီးတီထွင်နိုင်သည့်စွမ်းရည်လည်း ၎င်းတို့တွင်မရှိပေ။

*မှန်ပါသည်။ လူတိုင်းက ဥယျာဉ်များကို မစိုက်ပျိုးကြပါ။* ရေကြည်ရာ မြက်နုရာနေထိုင်သူများနှင့် မြို့ပြနေလူများစွာတို့သည် ရွေးချယ်မှုအရရော လိုအပ်ချက်အရပါ ဥယျာဉ်များမရှိဘဲ နေထိုင်အသက်ရှင်နေကြသည်။ သို့သော် ရေကြည်ရာမြက်နုရာနေထိုင်သူများ လည်း သူတို့အသုံးအဆောင်ကို လှပအောင်အလှဆင်တတ်ကြသည်။ မြို့ပြနေလူတို့လည်း ပန်း၊ အနုပညာနှင့် လှပသည့်အဂတ်အစားများကို နှစ်သက်ကြသည်။ ထို့ပြင် မြို့ပြများသည် အံ့ဖွယ်ဗိသုကာလက်ရာများနှင့် ပြည့်နေတတ်သည်။

*တီထွင်နိုင်စွမ်းနှင့်အလှအပကိုခံစားသည့်အာရုံတို့သည် ဖန်ဆင်းရှင်ထံမှ အကန့်အသတ်ဖြင့် လူတို့မျှဝေခံစားရသော ဂုဏ်အင်္ဂလက္ခဏာနှစ်ရပ်ဖြစ်သည်။* ၎င်းတို့သည် ကျွန်ုပ်တို့၌ရှိသော ဘုရားပုံသဏ္ဌာန်၏ အစိတ်အပိုင်းဖြစ်၍ လူ့အသက်တာ၏ထူးခြားသည့် လိုအပ်ချက်လည်းဖြစ်ကြသည်။

*လူ့သမိုင်းသည် လူ၏သက်ဝင်လှုပ်ရှားမှုကဏ္ဍအားလုံးနီးပါးတွင် အစဉ်တိုးပွားလာလျက်ရှိသည့်ဖန်တီးတီထွင်မှုသမိုင်းပင်ဖြစ်သည်။* သိပ္ပံပညာ၊ နည်းပညာနှင့် သင်္ချာပညာတို့တွင်သာမက စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ကျွန်ုပ်တို့မည်သို့တိုးတက်နေသည်ကို သမိုင်းက မှတ်သားပေးသည်။ ၎င်းသည် ဖန်ဆင်းရှင်ကိုပုံတူကူးသည့် လူတို့၏သမိုင်းပင်ဖြစ်သည်။

*ဒေဝဥယျာဉ်အတွင်း လူ့လုပ်ဆောင်မှုကို အခြားသောရှုထောင့်တစ်ခုမှာ အလုပ်လုပ်ခြင်းဖြစ်သည်။* ရည်ရွယ်ချက်ရှိရှိစီစဉ်ထားသည့်လုပ်ဆောင်မှုအနေဖြင့်ကြည့်လျှင် အလုပ်သည် လူသားတို့အတွက် ကောင်းသောအရာဖြစ်သည်။ အလုပ်သည် ဖွံ့ဖြိုးတိုးတက်နေသောဘဝတွင် အကျိုးပြုသ

ကဲ့သို့ အရေးကြီးသောအစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် အလုပ်လုပ်ရန်မရှိသောသူ တစ်ဦးသည် အမှန်တကယ်ပင် အလွန်အဆင်မပြေဖြစ်လာပေလိမ့်မည်။

*သို့သော် လူတို့သည် ဥယျာဉ်တွင် အလုပ်အပကိုဖန်တီးမည့်အစား ကမ္ဘာမြေကို ဒဏ်ရာဒဏ် ချက်များနှင့်ပြည့်သည့် ကန္တာရဖြစ်စေကာ မြစ်တို့ကိုညစ်ညမ်းစေ၍ အိုဇုန်းလွှာတွင်အပေါက်ဖြစ်စေ လျက် သက်ရှိတို့နေထိုင်ရန်ဘုရားသခင်ဖန်ဆင်းသည့် ကမ္ဘာကို အန္တရာယ်ထဲကျရောက်စေသည် ဆိုလျှင် ကျွန်ုပ်တို့ဘာပြောကြမည်နည်း။* ထို့ကြောင့် သမ္မာကျမ်းစာဆိုင်ရာအမြင်က ကျွန်ုပ်တို့သည် သဘာဝဂဝန်းကျင်အတွက် တာဝန်ရှိရှိလုပ်ဆောင်လျက် အပင်၊ သတ္တဝါနှင့် ပတ်ဝန်းကျင်တို့၏ဆက် နွယ်မှုဟန်ချက် မပျက်စီးအောင်ထိန်းသိမ်းရန် အားပေးသွားမည်ဖြစ်သည်။

နောက်လာမည့်အခန်းတွင် ကျွန်ုပ်တို့တွေ့ရမည့်အတိုင်း သမ္မာကျမ်းစာတွင် ၎င်းဖွင့်ဆိုသည့် အသက်၏`အဓိပ္ပါယ်ဖွင့်ဆိုချက်´နှင့်ပတ်သက်၍ ကျွန်ုပ်တို့ကိုပြောပြရန် များစွာရှိပါသေးသည်။

# အခန်း ၄

## လူသားတစ်ဦးဖြစ်ခြင်း၏အဓိပ္ပါယ်

*အပိုင်း ၂။ အသက်နှင့် လူသားချင်းပေါင်းသင်းဆက်ဆံမှုများ*

*ကျေးဇူးပြု၍ ကမ္ဘာဦးကျမ်း ၂း၁၈-၂၅ ကိုဖတ်ပါ။*

ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီဖန်ဆင်းခံရသည့် သတ္တဝါဖြစ်ခြင်းစသည့် လူကိုထူးခြားစေသောလက္ခဏာများကို အလေးဂရုပြုရင်း ၎င်းတို့၏လူ့ ကျင့်ဝတ်ဆိုင်ရာပါဝင်ပါတ်သက်မှုတို့ကိုဆင်ခြင်စဉ်းစားကာ အသက်၏မတူညီသည့်အဆင့်များကို ကမ္ဘာဦးကျမ်းက ဖော်ပြထားကြောင်းပြီးခဲ့သည့်အခန်းတွင် ကျွန်ုပ်တို့မှတ်သားမိခဲ့ကြပြီဖြစ်သည်။ ယခု ကျွန်ုပ်တို့အား ကမ္ဘာဦးကျမ်းကိုစိတ်ဝင်စားစေသည့် အသက်၏ပိုမိုအဆင့်မြင့်သည့်အဆင့်များအကြောင်းစဉ်းစားရင်း ကျွန်ုပ်တို့ဆင်ခြင်စဉ်းစားမှုများကို အစပြန်ကောက်ကြပါမည်။

### မိန်းမကိုဖန်ဆင်းခြင်း

ဘုရားသခင်သည် မိန်းမတစ်ဦးကို ယောက်ျား၏အပေါင်းအဖော်တစ်ဦးအဖြစ်ဖန်ဆင်းတော်မူသောအခါ တိရစ္ဆာန်အားလုံးကို လူထံသို့ဦးစွာခေါ်ဆောင်လာကြောင်း ကမ္ဘာဦးကျမ်းက ကျွန်ုပ်တို့ကိုပြောပြထားသည်။ လူယောက်ျားအာဒံသည် ၎င်းတို့အားလုံးကို နာမည်မှည့်ပေးခြင်းဖြင့် ၎င်းတို့အပေါ် မိမိ၏စိုးမိုးမှုကိုပြသခဲ့သည်။ တိရစ္ဆာန်များထဲတွင် သူတို့အတွက် သဟဇာတဖြစ်သောအပေါင်းအဖော်ကို သူမတွေ့ခဲ့ပေ။ သူတစ်ဦးတည်းဖြစ်ခဲ့သည်။ သူနှင့်အတူ စကားပြောမဲ့သူ၊ အလုအပကိုချီးကျူးပြောဆိုမဲ့သူ မရှိခဲ့။ ဤစိတ်ဝင်စားဖွယ်အဖြစ်အပျက်က လူနှင့်တိရစ္ဆာန်တို့ကိုကွာခြားစေသည့် အသက်၏နောက်ထပ်အဆင့်နှစ်ဆင့်ကို ဖော်ပြနေသည်။ အသက်၏ထိုအဆင့်နှစ်ဆင့်က လူ့အသက်ကို အံ့ဖွယ်ကောင်းစေလျက် လူစင်စစ်ဖြစ်စေပါသည်။

### ဘာသာစကား

ပထမအနေဖြင့် ဘာသာစကားဖြစ်၍ အာဒံသည် တိရစ္ဆာန်များကိုနာမည်ပေးခြင်းဖြင့် ကျွန်ုပ်တို့အား ၎င်းကို စိတ်ဝင်စားစေပါသည်။ ဘာသာစကားသုံးနိုင်သည့်အရည်အချင်းမျိုး တိရစ္ဆာန်တို့၌ရှိသည်ဆိုသောအထောက်အထား မတွေ့ရပေ။ အချို့တိရစ္ဆာန်များတွင် အချင်းချင်းဆက်သွယ်နိုင်သည့်အကန့်အသတ်ရှိစွမ်းရည်မျိုးတွေ့ရသည်။ သို့သော် လူ့ဘာသာစကားနှင့် နှိုင်းယှဉ်၍ရသည့်အရာမျိုး မတွေ့ရပေ။ လူ့ဘာသာစကား၏ထူးခြားသည့်စွမ်းရည်မှာ အရာတစ်ခု သို့မဟုတ် အရာဝတ္ထုအုပ်စုတစ်စု သို့မဟုတ် စိတ်ကူးစိတ်သန်းနှင့်ဆိုင်သောအရာများကို တင်ပြရန် မြည်သံစွဲအသံ (onomatopoeic sound)ကို အသုံးပြုစရာမလိုဘဲ မိမိလိုချင်သလိုထွက်ဆိုသည့်အသံ (arbitrary sound)ကို အသုံးပြုနိုင်သည့်ထူးခြားမှုဖြစ်သည်။ ထို့ကြောင့် ခွေးတစ်ကောင်ကောင်ကိုဖြစ်စေ၊ ၎င်း၏မျိုးတူသတ္တဝါများကိုဖြစ်စေ မြန်မာလို *ခွေး* (အင်္ဂလိပ်လို ဒေါက် dog) ဟူသောအသံကို ကျွန်ုပ်တို့အသုံးပြုနိုင်သည်။ ထိုနည်းတူ ဘာသာစကားအများစုတွင် တရားမျှတမှု၊ လှပမှုနှင့် မှန်ကန်မှု စသည့် စိတ္တဇနာမ်များကို ခေါ်ဆိုသည့်အသံထွက်များရှိကြသည်။

ဘာသာစကားတွင် ခွဲခြမ်းစိတ်ဖြာလျက်စဉ်းစားနိုင်သည့်၊ အမျိုးအစားလိုက်အုပ်စုဖွဲ့ပေးနိုင်သည့်၊ စိတ္တဇအခေါ်အဝေါ်များကို စဉ်းစားနိုင်သည့်၊ ကျိုးကြောင်းဆက်စပ်စဉ်းစားဆွေးနွေးနိုင်သည့် စွမ်းရည်လိုအပ်သည်။ ထိုနည်းတူ ဘာသာစကားက ထိုစွမ်းရည်ကို ပံ့ပိုးပေးပြန်သည်။ ကျွန်ုပ်တို့၏ ခံစားမှုများနှင့်စိတ်ခံစားမှုများကို အမူအရာ၊ မြည်တွန်ခြင်း သို့မဟုတ် ညည်းညူခြင်းတို့ထက်သာလွန်သည့် ပိုမိုခေတ်မီသောနည်းလမ်းဖြင့်ဖော်ပြနိုင်ရန် ဘာသာစကားက ကျွန်ုပ်တို့ကို တတ်စွမ်းစေနိုင်သည်။ မိမိချစ်ခြင်းမေတ္တာကိုဖော်ပြရန် လူတို့အသုံးပြုသည့် မေတ္တာကဗျာကို ခြင်္သေ့ထီးက မိမိကြင်ဖော်ခြင်္သေ့မကို ချစ်ကြိုက်ကြောင်းပြသမှုများနှင့် နှိုင်းယှဉ်ကြည့်ပါ။ တိရစ္ဆာန်များသည် စာအုပ်လည်းမရေးကြပါ။ ရုရှားစာရေးဆရာကြီး Tolstoy၊ အင်္ဂလိပ်ကဗျာဆရာကြီး Milton နှင့် အမေရိကန်ဂတ္တုစာရေးဆရာကြီး Chinua Achebe တို့ရဲ့လက်ရာမွန်များအကြောင်းကို စဉ်းစား ကြည့်ပါ။

လူ့ဘာသာစကားနှင့် တိရစ္ဆာန်အချင်းချင်းဆက်သွယ်မှုတို့အကြား ခြားနားမှုများက လူနှင့်တိရစ္ဆာန်တို့အကြားကွာဟမှုကို ပြသနေသည်။ အပြည်ပြည်ဆိုင်ရာဘာသာစကားသုတေသနက စကားသံထွက်ဆိုမှုပညာရပ် (phonology) နှင့် သဒ္ဒါတို့ကို ပေါင်းစပ်နိုင်သည့်စွမ်းရည်သည် လူတို့၌သာရှိကြောင်း ကျွန်ုပ်တို့ကိုပြသခဲ့ပြီးပြီဖြစ်သည်။ ၅ နှစ်သားကလေးငယ်ကပင်လျှင် မိမိစိတ်ထဲအလိုအလျောက်ဖြစ်ပေါ်လာပြီး တီထွင်မှုပါသည့်ဝါကျများကို တည်ဆောက်ပြောဆိုနိုင်သည်။ ဘာသာဗေဒအခြေခံသည့် မနုဿပညာရှင်များက တောနက်ကြီးများတွင် နေထိုင်လျက် အခြားလူများနှင့်ထိတွေ့မှုကင်းသည့်လူများပြောဆိုသည့် ဘာသာစကားများတည်ဆောက်ပုံသည်လည်း အင်္ဂလိပ်၊ ရုရှား စသည့်လက်ရှိခေတ်ဘာသာစကားများ သို့မဟုတ် ရှေးဂရိစကားနည်းတူ ရှုပ်ထွေးမှုရှိကြောင်း လေ့လေ့တွေ့ရှိကြသည်။ ထို့ကြောင့် ဘာသာဗေဒသုတေသနသည် သက်ရှိမျိုးစိတ်များအကြား ဘာသာစကားဆင့်ကဲပြောင်းလဲမှုကို အားပေးထောက်ခံရန်ပေါ်ပေါက်လာသည်မဟုတ်ပေ။

*ဘာသာစကားက လူသည် ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီဖန်ဆင်းခံရကြောင်းကိုသာ ဖော်ပြနေသည်။* ဘာသာစကားက လူသားအချင်းချင်းကြား၌သာမက လူနှင့်ဘုရားသခင်ကြားတွင်ပင် ချစ်ခင်ခြင်း၊ မိမိကိုယ်ကိုယ်သိခြင်း၊ အချင်းချင်းဆက်ဆံပြောဆိုခြင်းနှင့် ဖော်ရွေဆက်ဆံခြင်းတို့ကိုဖြစ်ပေါ်စေသည်။ ဘုရားသခင်သည် ဉယျာဉ်သို့ကြွလာတော်မူလျက် လူနှင့်စကားပြောတော်မူကြောင်းနှင့် လူကလည်း ဘုရားသခင်နှင့်စကားပြောတော်မူကြောင်း ကျွန်ုပ်တို့သိရသည်။ အာဒံနှင့် သူ၏ဖန်ဆင်းရှင်အကြား ကြောက်ရွံ့မှုကင်းလျက် ချစ်ခြင်းမေတ္တာနှင့်နားလည်မှုပါသည့် ပေါင်းသင်းဆက်ဆံမှုဖြစ်သည်။

ဤအချက်က သူတို့အကြားမိတ်သဟာရကိုဖော်ပြနေသည်။ လူနှင့်ဘုရားသခင်အကြား ဆက်ဆံပေါင်းသင်းခြင်းသည် လူ့ဘဝ၏အမြင့်ဆုံးသောအဆင့်ဖြစ်သည်။ ဤအဆင့်သည် ကျွန်ုပ်တို့အားလုံးအတွက်ဖြစ်သည်။ ဘုရားသခင်သည် သမ္မာကျမ်းစာမှန်ကပတ်တော်အားဖြင့် ကျွန်ုပ်တို့ကို စကားပြောတော်မူ၍ ကျွန်ုပ်တို့သည် မိမိတို့စိတ်နှလုံးထဲရှိသည့်အရာများကို ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်ကိုပြောပြနိုင်သည်။ မတော်တဆထိခိုက်မှု သို့မဟုတ် လေဖြတ်ခြင်းကြောင့် လူတစ်ဦးသည် အသက်ရှင်နေလျက်ပင် မိမိအနားရှိနေသည့် ချစ်ခင်ရသူများနှင့် ပြောဆိုဆက်သွယ်နိုင်ခြင်း မပြုနိုင်ပါက ဝမ်းနည်းစရာကောင်းလှသည်။ အာရုံခံစားနိုင်စွမ်းအပြည့်အဝရှိသည့်လူတစ်ဦးအတွက် ဘုရားသခင်ကို မည်သည့်အခါမျှစကားမပြောခြင်း သို့မဟုတ် ဘုရားသခင်က မိမိကိုစကားပြောရန်ခွင့်မပြုခြင်းသည် ပို၍ဝမ်းနည်းစရာကောင်းသည်။ ၎င်းက ထိုသို့သောသူသည် လူ့ဘဝ၏ အမြင့်ဆုံး သော အဆင့်များထဲမှ အဆင့်တစ်ခု၌ သေဆုံးနေသောသူဖြစ်ကြောင်း ညွှန်ပြနေသည်။

**စကား၊ ဘာသာစကား၊ အနက်အဓိပ္ပါယ်**
သင့်အဖွဲ့ထဲမှ တစ်ဦးစီက လူ့ဘာသာစကား၏ထူးခြားမှုကို မည်သို့ထင်မြင်ခံယူကြောင်း အတူတကွ ဆွေးနွေးပါ။
ဓမ္မသစ်ကျမ်းတွင် ဘုရားသခင်၏သားတော်ဖြစ်တော်မူသော ယေရှုခရစ်တော်ကို ဘုရားသခင်၏စကား(နှုတ်ကပတ်တော်)ဟု ခေါ်ဝေါ်သမုတ်ထားသည် (ယော ၁း၁-၁၄)။ ဤအမည်နာမသည် မည်သို့အဓိပ္ပါယ်ရှိသည်ဟု သင်ထင်မြင်ကြောင်း ဆွေးနွေးပါ။

## အိမ်ထောင်ပြုခြင်း

လူစင်စစ်ဖြစ်ခြင်းသည် ဘာကိုဆိုလိုကြောင်း ဤအချင်းအရာကထောက်ပြသည့် ဒုတိယအဆင့်မှာ ဇနီးသည်နှင့် ပေါင်းသင်းဆက်ဆံရေးပင်ဖြစ်သည်။ လူသည် တစ်ဦးတည်းမနေကောင်းကြောင်း ဘုရားသခင်သိတော်မူသည်။ ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံတော်မူသောဘုရားသခင်၏ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းခံရသောလူသည် မိမိချစ်ရမည့်သူ တစ်စုံတစ်ဦးလိုအပ်သည်။ သို့သော် ယောကျ်ားတစ်ဦးနှင့် သူ့ဇနီးသည်တို့အကြားရှိသည့် ချစ်ခြင်းမေတ္တာအတွက် ဘုရားသခင်၏အကြံအစည်တော်မှာ သားသမီးများမွေးဖွားရန် ရုပ်ပိုင်းဆိုင်ရာပေါင်းသင်းခြင်းထက် များစွာသာလွန်ပါသည်။ ချစ်ခြင်းမေတ္တာတွင် အသိဉာဏ်၏ဆုံဆည်းမှု၊ စိတ်ခံစားမှုများနှင့် ရုပ်ပိုင်းဆိုင်ရာဆွဲဆောင်မှုတို့အပြင် အလိုဆန္ဒနှင့်ဆိုင်သောဆုံးဖြတ်ချက်လည်းပါဝင်သည်။ အလိုဆန္ဒနှင့်ဆိုင်သောဆုံးဖြတ်ချက်ဟုဆိုရာတွင် မိမိ၏လိုအပ်ချက်နှင့်အလိုဆန္ဒထက် မိမိချစ်ရသူ၏လိုအပ်ချက်နှင့်အလိုဆန္ဒတို့ကိုဦးစားပေးခြင်းနှင့် အဆုံးစွန်ထိသစ္စာရှိခြင်းတို့ဖြင့် မိမိကြင်ဖော်ကို မိမိ၏ချစ်ခြင်းမေတ္တာထဲတွင် လုံခြုံမှုအပြည့်အဝခံစားစေခြင်းကို ဆိုလိုသည်။ ထို့ပြင် ဘုရားသခင်သည် ယောကျ်ားနှင့်မိန်းမတို့ကိုဖန်ဆင်းတော်မူရာတွင် ဖန်ဆင်းခြင်းနှင့်ဆိုင်သောဂမ်းမြောက်ခြင်းကိုလည်း မျှဝေတော်မူခဲ့သည်။ ဘုရားသခင်သည် တစ်ဦးချင်းစီဖန်ဆင်းခြင်းကို ဆက်မသွားဘဲ ကမ္ဘာလောကသို့ ကလေးငယ်များကိုယူဆောင်လာရန် လူယောကျ်ားနှင့်လူမိန်းမတို့အား ပေါင်းသင်းလျက်ကလေးမွေးနိုင်သောစွမ်းရည်ကို ပေးတော်မူသည်။ ကလေးငယ်များရရှိခြင်းနှင့်ဆိုင်သည့် ဂမ်းမြောက်ခြင်းနှင့်တာဝန်ဝတ္တရားတို့ကို သူတို့သိရန် ကိုယ်တော်အလိုရှိတော်မူသည်။

ဘုရားသခင်သည် အာဒံအား “ဤသူသည်ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲကအသားဖြစ်၏” (က ၂း၂၃) ဟု ပြောရမည့်သူကို ပေးတော်မူခဲ့သည်။ ဧဝသည် တိရစ္ဆာန်များနှင့်မတူကြောင်း ပြောပြစရာမလိုဘဲ အာဒံသိသည်။ ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်အညီပင် ဖန်ဆင်းခံရသောဧဝသည် (က ၁း၂၇) အာဒံထက် နိမ့်ကျခြင်းလည်းမရှိ၊ သာလွန်ခြင်းလည်းမရှိဘဲ ပျော်ရွှင်ကြည်နူးစွာနှင့်ခြားနားခြင်းသာဖြစ်သည်။ ကမ္ဘာဦးကျမ်းကိုကြည့်လျှင် အိမ်ထောင်ပြုခြင်းအတွက် ဘုရားသခင်ကြံစည်တော်မူသည့်ပုံစံမှာ အလွန်ထူးခြားလျက် သန့်ရှင်းသောပေါင်းသင်းဆက်ဆံမှုတစ်ခုဖြစ်သည်။ အချင်းချင်းအပေါ်ပေးအပ်မှုရှိသည့် လင်နှင့်မယားတို့၏ရာသက်ပန်ပေါင်းစည်းခြင်းသည် လူ့အသိုင်းအဝိုင်း၏အခြေခံယူနစ်တစ်ခုဖြစ်သည့် မိသားစုကို တည်ငြိမ်မှုပေးရန် ပုံစံထုတ်ထားခြင်းဖြစ်သည် (၂း၂၄)။ လူ့အသိုင်းအဝိုင်းမှ မိသားစုတစ်စုစီတိုင်း အခြေအနေကောင်းနေလျှင် လူ့အသိုင်းတစ်ခုလုံးလည်း အခြေအနေကောင်းနေမည်ဖြစ်သည်။

ယနေ့ ကိုယ်ကျင့်တရားနှင့်ဂိုဏ်ညာဉ်ရေးစံနှုန်းတို့ကို လျစ်လျူရှုမှုတိုးပွားလာပြီး ထိုလျစ်လျူရှုမှုသည် နေ့စဉ်နှင့်အမျှ ကင်ဆာရောဂါကဲ့သို့ပြန့်နှံ့နေသည်ကို ကျွန်ုပ်တို့တွေ့မြင်နေရသည်။ ထိုးတက်နေသောရာဇဝတ်ဖြစ်ပွားမှုနှုန်း၊ ဆိုးရွားလှသည့်ကလေးသူငယ်နှိပ်စက်ညှင်းပန်းမှု၊ ကောင်းမြတ်သောအရာများကို ဥပေက္ခာပြုလျက် ဆိုးဝါးသောအရာများနောက်လိုက်နေခြင်းတို့ကို နေ့စဉ်တွေ့နေရသည်။ ဤအဖြစ်အပျက်များထဲမှ များစွာတို့သည် မိသားစုများပြိုကွဲနေမှုနှင့် တိုက်ရိုက်ဆက်စပ်နေသည်။ ပကတိကိုယ်ကျင့်တရားနှင့်လူ့ကျင့်ဝတ်ဆိုင်ရာစံနှုန်းများနှင့် အိမ်ထောင်ပြုခြင်း၏မွန်မြတ်သန့်စင်မှုတို့ကို လူ့အသိုင်းအဝိုင်းက ပစ်ပယ်နေပြီဆိုလျှင် ဆိုးဝါးသည့်ရလဒ်များဖြစ်ပေါ်လာမှုအပေါ် ကျွန်ုပ်တို့မအံ့သြသင့်ပေ။ လင်နှင့်မယားပေါင်းသင်းဆက်ဆံမှုသည် လူမှုရေးအစဉ်အလာ အဆင့်ဆင့်ပြောင်းလဲမှုကြောင့်ဖြစ်လာသည့်ရလဒ်မဟုတ်ဘဲ ဘုရားသခင်ဖန်ဆင်းထားသောအရာဖြစ်သည်။ ထိုပေါင်းသင်းဆက်ဆံမှုကို ကလီကမာလုပ်လျှင် ဒုက္ခရောက်စေမည်ဖြစ်သည်။

ကလေးများတွင်ပင်လျှင် သူတို့တန်ဖိုးထားလျက်စောင့်ရှောက်ရမည့် သူတို့အတွက်အထူးဖြစ်သောပိုင်ဆိုင်မှုတစ်ခုရှိတတ်သည်။ လူကြီးများအတွက်လည်း သူတို့ရရှိသည့် အထူးလက်ဆောင်တစ်ခုခု သူတို့အိမ်တွင်ရှိနိုင်ပါသည်။ ကျွန်ုပ်တို့သည် ထိုကဲ့သို့သောအရာများကို မည်သည့်အခါမျှ သတိလက်လွတ်မကိုင်တွယ်တတ်ပါ။ ၎င်းတို့သည် တစ်စုံတစ်ခုအတွက် အလွန်တန်ဖိုးရှိကြသောကြောင့်ဖြစ်သည်။ သို့သော် လက်ရှိလူ့အသိုင်းအဝိုင်းတွင် တန်ဖိုးအလွန်ရှိသည့်အရာကို လက်လွတ်စပယ်ကိုင်တွယ်တတ်ကြသည်။ အိမ်ထောင်ရေးကို သတိလက်လွတ်ကစားစရာကဲ့သို့ ပြုမူကာ အိမ်ထောင်နှင့် စိတ်ခံစားမှုဆိုင်ရာဖျက်ဆီးမှုခံစားရသည့်ကလေးငယ်များအပေါ် တက်ရောက်လာမည့်ဆိုးကျိုးများကို မစဉ်းစားဘဲ လင်မယားကွာရှင်းခြင်းကို အလွန်တကူရွေးချယ်နိုင်သည့်အရာကဲ့သို့ လုပ်ဆောင်တတ်ကြသည်။

ကျွန်ုပ်တို့သည် ကား သို့မဟုတ် မော်တော်ဆိုင်ကယ်တစ်စီးစီအတွက် ပြုလုပ်သူ၏ညွှန်ကြားချက်ကို ဥပေက္ခာပြုလျက် ဆီတိုင်ကီထဲ ဓါတ်ဆီထည့်ရမည့်အစား ရေထည့်မောင်းလျှင် စက်ကို ဆိုးဆိုးဝါးဝါးပျက်စီးစေမည်ဖြစ်သည်။ ညွှန်ကြားချက်များပေးထားခြင်းမှာ ကားကို ကျွန်ုပ်တို့စိတ်တိုင်းကျမသုံးနိုင်ရန်အတွက်မဟုတ်၊ အကျိုးကျေးဇူးကို ဖြစ်နိုင်သမျှကြာရှည်ခံစွာ ကျွန်ုပ်တို့ခံစားရရန်အတွက်သာဖြစ်သည်။ ထိုနည်းတူ သမ္မာကျမ်းစာတွင်ဖော်ပြထားသည့် အိမ်ထောင်ရေးနှင့်ပေါင်းသင်းဆက်ဆံရေးဆိုင်ရာညွှန်ကြားချက်များသည် ဘဝအသက်တာကို အပြည့်အဝအကျိုးခံစားရရန်အတွက် ဖန်ဆင်းရှင်ကပေးသော ညွှန်ကြားချက်များပင်ဖြစ်သည်။ ၎င်းတို့ကို ဥပေက္ခာပြုခြင်းသည် ကျွန်ုပ်တို့အတွက် အန္တရာယ်ကြီးမားလှသည်။

ထို့ကြောင့် အပြာစာအုပ်ရုပ်ရှင်တို့သည် လိင်သဘာဝကို တန်ဖိုးဖျက်လျက် လူသားဖြစ်ခြင်းကို တိရစ္ဆာန်အဆင့်သို့လျော့ကျစေသည်။ လိင်သဘာဝကို အလွဲသုံးစားပြုခြင်းအပေါ် သမ္မာကျမ်းစာက ပြစ်တင်တားမြစ်ထားခြင်းမှာ ဘုရားသခင်သည် လူတို့ကျေနပ်အားရမှုနှင့်ပျော်ရွှင်မှုရှိသည်ကို မလိုလားသော ဆိုးရွားသည့်အာဏာရှင်ဆန်သောကြောင့်မဟုတ်ပါ။ ဆန့်ကျင်ဘက်အကြောင်းတရားရှိပါသည်။ လိင်သဘာဝကို အလွဲသုံးစားပြုခြင်းသည် စစ်မှန်သောပျော်ရွှင်မှု၏ဖြစ်နိုင်ချေကိုပင် ဖျက်ဆီးပါသည်။ လူ့အသက်နှင့်ဖိုမလက္ခဏာတို့ကိုဖန်ဆင်းတော်မူသောဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်တော်မူသည်။ ထိုသို့ချစ်တော်မူသောကြောင့် ကျွန်ုပ်တို့သည် ဘဝအသက်တာတို့၏ပေါင်းသင်းဆက်ဆံမှုအားဖြင့် အမြင့်မားဆုံးသောဝမ်းမြောက်မှုကို ရရှိရန် ကျွန်ုပ်တို့ကိုစွမ်းဆောင်နိုင်စေသည့် အခြေခံစည်းကမ်းများကို ချမှတ်ပေးတော်မူသည်။

သမ္မာကျမ်းစာက အိမ်ထောင်ပြုခြင်းကို ဘုရားသခင်၏ကောင်းမြတ်သောဖန်ဆင်းခြင်းဖြစ်ကြောင်းအတည်ပြုလျက် ၎င်း၏ကောင်းမွန်သောအခြေအနေနှင့်လုပမှုတို့ကို ချီးမွမ်းထားသည်။ သမ္မာကျမ်းစာတွင် ၎င်းကို ခရစ်တော်က မိမိလူတို့အပေါ် ယခုရော (ဖေက် ၅း၂၂-၂၃) ထာဝရကာလ တွင်ပါ (ဗျာ ၁၉း၇-၉) ထားရှိသော ချစ်ခြင်းမေတ္တာတော်၏ပုံရိပ်တစ်ခုအဖြစ် အသုံးပြုထားသည်။

**ညီတူညီမျှဖြစ်သော်လည်း မတူခြားနားခြင်း**

လူယောက်ျားနှင့်လူမိန်းမတို့ အချင်းချင်းဖြည့်ဆည်းပေးနိုင်ရန် သူတို့ကိုမည်သို့ပုံစံချထားသည်ကို စဉ်းစားကြည့်ပါ။

အိမ်ထောင်ရေးတည်ငြိမ်မှုသည် လူ့အသိုင်းအဝိုင်းအေးချမ်းသာယာမှုနှင့် မည်သို့ဆက်စပ်မှုရှိသနည်း။

ယောဟန် ၄း၁-၄၂ ကိုကြည့်လျှင် ယေရှုသည် သူ့ခေတ်သူ့အခါကအခြားသောသူများနှင့်မတူဘဲ အမျိုးသမီးများအပေါ် မည်သို့စိတ်သဘောထားရှိသည်ဟု ဓမ္မသစ်ကပြောထားသည်ကို ဆင်ခြင်ကြည့်ပါ။ လင်မယားကွာရှင်းခြင်းနှင့်ဆိုင်သော ကိုယ်တော်၏သဘောထားကိုလည်း ဆင်ခြင်ကြည့်ပါ (မ ၁၉း၃-၁၂)။

# အခန်း ၅

## စုံစမ်းသွေးဆောင်ခြင်း၊ ကျဆုံးခြင်းနှင့် ကင်းကွာခြင်း

*ကျေးဇူးပြု၍ ကမ္ဘာဦးကျမ်း ၃ ကိုဖတ်ပါ။*

လူ့လောကတွင် တစ်ခုခုမှားနေကြောင်း နေရာတကာတွင် ပေါ်လွင်ထင်ရှားလျက်ရှိသည်။ မေးရမည့်မေးခွန်းမှာ- ပြဿနာ၏အကြောင်းရင်းအစစ်အမှန်ကား မည်သည့်အရာနည်း။ အကြောင်းတရားကို မှန်ကန်စွာမသိနိုင်လျှင် ၎င်းကိုကိုင်တွယ်ရန်ကြိုးစားအားထုတ်သမျှအားလုံးသည် လုံလောက်မှုမရှိဟူသောမှတ်ချက်ဖြင့်သာ အဆုံးသတ်ပေလိမ့်မည်။ ပိုမိုကောင်းမွန်သောကမ္ဘာကို တည်ဆောက်လိုသောမျှော်လင့်ချက်သည်လည်း ကြေကွဲစိတ်ပျက်ခြင်းနှင့်ကြုံတွေ့ရပေလိမ့်မည်။ လူ့လောက၏ပြဿနာနှင့် ကမ္ဘာမြေပေါ်မှမကောင်းမှုအားလုံးသည် ကျွန်ုပ်တို့၏မပြည့်မစုံပြောင်းလဲဖြစ်ပေါ်မှုကြောင့်သာဖြစ်သည်ဟု အမြင်တစ်ခုကဆိုထားသည်။ ၎င်းအမြင်အရ ကျွန်ုပ်တို့၏မျိုးစိတ်များသည် လုံလောက်သောအချိန်ရရှိမှသာ ကျွန်ုပ်တို့ဖြစ်သင့်သည့်အတိုင်း ပြည့်စုံသည့်သတ္တဝါအဖြစ်သို့ ပြောင်းလဲဖြစ်ပေါ်နိုင်ကြမည်ဖြစ်သည်။ သို့သော် လွန်ခဲ့သောနှစ်ပေါင်း ခြောက်ထောင်၏သက်သေအထောက်အထားမှာ ကျွန်ုပ်တို့သည် နည်းပညာနှင့်သိပ္ပံပညာပိုင်းတွင် ကြီးမားသောခြေလှမ်းများ လှမ်းနိုင်ခဲ့သော်လည်း လူသားတို့အနေဖြင့် တစ်ကိုယ်ကောင်းဆန်ခြင်း၊ မကောင်းမှုပြုခြင်း၊ ရက်စက်ခြင်းနှင့် ကိုယ်ကျင့်တရားချိုးဖောက်မှုတို့ကို လျှော့နည်းသွားအောင် မလုပ်ဆောင်နိုင်ခဲ့ကြချေ။ ထို့ကြောင့် ဤသင်ခန်းစာတွင် ပြဿနာမြစ်ဖျားခံသည့် နေရာနှင့်ပတ်သက်သည့် သမ္မာကျမ်းစာ၏သွန်သင်ချက်ကို ကြားနာပြီး ကုသမှုအတွက် သမ္မာကျမ်းစာက ပေးသောမျှော်လင့်ချက်ကို အခြေခံအနေဖြင့် ဆက်လက်ဆင်ခြင်သွားကြမည်ဖြစ်သည်။ သို့သော် သမ္မာကျမ်းစာအရ လူဖြစ်ခြင်း၏အဓိပ္ပာယ်သည် မည်သည့်အရာဖြစ်သည်ဆိုသည့် ထူးခြားသောအခြားအချက်တစ်ချက်ကို ကျွန်ုပ်တို့ ဦးစွာဆင်ခြင်စဉ်းစားကြရမည်ဖြစ်သည်။

### ကိုယ်ကျင့်တရားရွေးချယ်မှု၏အစွမ်းတန်ခိုး

*ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းနှင့်ဆိုင်သောအချက်*။ အပင်တစ်ပင်မှလွဲ၍ ဒေဝဥယျာဉ်ထဲမှ အပင်အားလုံးတို့သည် လူ၏ဝမ်းမြောက်ပျော်ရွှင်မှုအတွက်ဖြစ်သည်ဟု သမ္မာကျမ်းစာက ပြောပြထားသည်။ ထိုအပင်တစ်ပင်၏အသီးကိုမူ မစားရန် ဘုရားသခင်က လူကိုတားမြစ်လျက် အကယ်၍ သူသည် နာခံမှုမရှိဘဲ ထိုအသီးကိုစားလျှင် သေရမည်ဖြစ်ကြောင်းကိုလည်း သတိပေးထားသည်။ သို့သော် တားမြစ်ချက်ကိုနာမခံခြင်း၏အကျိုးဆက်သည်ဘာဖြစ်ကြောင်း လူကို ဘုရားသခင်သတိပေးထားခြင်းကပြသနေသောအချက်မှာ လူသည် ဘုရားသခင်ကိုနာမခံရန်ရွေးချယ်လျှင် ရွေးချယ်နိုင်အောင် ဘုရားသခင်ဖန်ဆင်းတော်မူခဲ့သည် ဆိုသည့်အချက်ဖြစ်သည်။ တစ်နည်းဆိုရလျှင် ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းရှိသောလူကို ဘုရားသခင်ဖန်ဆင်းတော်မူခဲ့သည်။

*ကိုယ်ကျင့်တရားအတွက် ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းလိုအပ်ခြင်း*။ လူသည် ဘုရားသခင်ကို မနာခံရန်အတွက် ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းကိုသုံးလျက် သမ္မာကျမ်းစာက အပြစ်ဟုခေါ်သော မကောင်းသည့်နိယာမနှင့်အစွမ်းကို ကမ္ဘာလောကနှင့် မိတ်ဆက်ပေးခဲ့ကြောင်း ကမ္ဘာဦးကျမ်းက ကျွန်ုပ်တို့ကို ပြောပြပါသည်။ မေးစရာမေးခွန်းရှိပါသည်။ လူသည် မိမိ၏ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းကို

လွဲမှားစွာအသုံးပြုလိမ့်မည်ဟု ဘုရားသခင်ကြိုမသိထားဘူးလား။ မှန်ပါသည်။ ဘုရားသခင်သိထားပါသည်။ ထိုသို့ဆိုလျှင် အဘယ့်ကြောင့် လူကို ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းပေးတော်မူခဲ့သနည်း။ အဖြေမှာ ဘုရားသခင်သည် လူကိုဖန်ဆင်းသည့်အခါ ရွေးချယ်မှုမရှိ၊ ပင်ကိုဗီဇသဘာဝအတိုင်းသာအလုပ်လုပ်မည့် အသက်ရှင်သည့်စက်ပစ္စည်းမျိုးအဖြစ်ဖန်ဆင်းရန် မိမိ၏ချစ်ခြင်းမေတ္တာတော်အရ အလိုတော်မရှိပေ။ ပျားတစ်ကောင်သည် ဘတ်စကားမောင်းသူကိုတုပ်၍ လူတို့သေဆုံးရသည့်ယဉ်မတော်တဆမှုဖြစ်ခဲ့လျှင် ကျွန်ုပ်တို့ ထိုပျားကို တရားရုံးသို့ဖမ်းသွားလျက် ရာဇဝတ်မှုကျူးလွန်သည်ဟု အပြစ်ပေး၍မရပေ။ ထိုပျားတွင် ရွေးချယ်နိုင်မှုမရှိခဲ့ပေ။ ၎င်း၏ဗီဇသဘာဝအရ တုပ်ခြင်းဖြစ်သည်။ ခရီးသည်တစ်ဦးဦးက ထိုဘတ်စကားမောင်းသမားကို ဓား သို့မဟုတ် ဆူးတစ်ခုခုဖြင့် ထိုးသောကြောင့် ထိုသို့ဖြစ်သည်ဆိုလျှင် တူတော့မည်မဟုတ်ပေ။ ထိုသူသည် ထိုဘတ်စကားမောင်းသူကို အလိုလိုမုန်းနေသောကြောင့်လည်း ဖြစ်နိုင်သော်လည်း သူ့ကိုထိုးရန်မထိုးရန် သူ၌ရွေးချယ်ပိုင်ခွင့်ရှိသေးသည်။

ထို့ပြင် ဘုရားသခင်သည် လူကို တိရစ္ဆာန်ထက်ပိုမိုမြင့်မြတ်သောသတ္တဝါဖြစ်စေရန် အလိုရှိတော်မူသည်။ ဥပမာအားဖြင့် ပိုင်ရှင်က အသားစကိုပေးပြီး ခွင့်ပြုမှသာ အသားစကိုစားရန် ခွေးတစ်ကောင်ကို သင်လေ့ကျင့်ပေးနိုင်သည်။ သို့သော် ထိုသို့လေ့ကျင့်ပေးခြင်း၏အကျိုးဆက်အဖြစ် ထိုခွေးသည် အိမ်နီးနားချင်းအိမ်မှ အသားတုံးကို မခိုးရန် မိမိကိုယ်ကိုယ်ထိန်းပါက ထိုသို့ပြုခြင်းသည် အတိတ်ကအတွေ့အကြုံအရ အသားကို ပိုင်ရှင်ကမပေးဘဲ၊ ခွင့်မပြုဘဲစားလျှင် ပြစ်ဒဏ်ခံရမည်ဆိုသည့်အချက်သည် ၎င်း၏မှတ်ဉာဏ်နှင့်အာရုံကြောစနစ်တွင်စွဲနေသောကြောင့်သာဖြစ်သည်။ ထိုခွေးက ခိုးယူခြင်းသည် ဘာကိုအဓိပ္ပာယ်ဆောင်၍ ဘယ်လိုမှားယွင်းသောကြောင့် အိမ်နီးနားချင်းအိမ်မှ အသားကိုခိုးမစားရန် ၎င်း၏ပိုင်ရှင်ကတားမြစ်ကြောင်းကို ထိုခွေးမသိပါ။ လူကိုဖန်ဆင်းတော်မူရာတွင် မိဘများသတ်မှတ်ထားသည့် ဆောင်ရန်ရှောင်ရန်အချက်များ၏အကြောင်းတရားကို ကလေးငယ်အား သင်ပေးနိုင်သကဲ့ ဘုရားသခင်၏ပညတ်ချက်များနှင့် တားမြစ်ချက်များ၏အကြောင်းတရားကို သိရှိအောင်သင်ကြားပေး၍ရသော သတ္တဝါကို ဘုရားသခင်အလိုရှိတော်မူခဲ့သည်။ ထိုသို့အားဖြင့် လူသည် ဘုရားသခင်ကို အသိတရားနှင့် လွတ်လပ်မှုပါသောကိုယ်ပိုင်ဖန်တီးနိုင်စွမ်း နှစ်ခုလုံးဖြင့်နာခံနိုင်ရန်အတွက်ဖြစ်သည်။

*ချစ်ခြင်းမေတ္တာအတွက် ကိုယ်ပိုင်ဆုံးဖြတ်ဖန်တီးနိုင်စွမ်း၏အရေးကြီးမှု။* ဘုရားသခင်သည် လူကိုဖန်ဆင်းတော်မူရာတွင် သူ့ကိုအမှန်တကယ်ချစ်သောလူကို ဖန်ဆင်းလိုသည်။ ထို့ကြောင့် လူတို့သည် လွတ်လပ်စွာရွေးချယ်ခွင့်နှင့် ကိုယ်ပိုင်ဆုံးဖြတ်ဖန်တီးနိုင်စွမ်းရှိရမည်ဖြစ်သည်။ အတင်းအကျပ်ဖိအားပေးခံရသော သို့မဟုတ် စက်ရုပ်ကဲ့သို့ကိုယ်ပိုင်ရွေးချယ်မှုမပါသော ချစ်ခြင်းမျိုးသည် စစ်မှန်သောချစ်ခြင်းမေတ္တာမဟုတ်ပေ။ ထို့ကြောင့် လူသည် ဘုရားသခင်ကိုချစ်မည်မချစ်မည်ကိုလည်းကောင်း၊ နာခံမည်မနာခံမည်ကိုလည်းကောင်း ရွေးချယ်နိုင်ရန် စစ်မှန်သောလွတ်လပ်မှုရှိရမည်ဖြစ်သည်။ စက်ရုပ်တစ်ရုပ်သည် သင့်အခန်းထဲသို့လာ၍ သင့်ကိုပွေ့ဖက်လျက် "သင့်ကို ချစ်တယ်"ဟု စက်ရုပ်သံကြီးနဲ့ပြောလာလျှင် သင်ရယ်မိလိမ့်မည်။ သို့မဟုတ် ကြောက်စိတ်ဖြင့် သူ့ကိုတွန်းထုတ်မိပေလိမ့်မည်။ အဘယ်ကြောင့်နည်း။ စက်ရုပ်ထိုသို့လုပ်ဆောင်ပြောဆိုခြင်းသည် ၎င်းအထဲထည့်သည့်ပရိုဂရမ်အရ အလိုအလျောက်လုပ်ဆောင်ပြောဆိုသည်ကို သင်သိသောကြောင့်ဖြစ်သည်။ ၎င်းတွင် မိမိကိုယ်ရေးကိုယ်တာဆုံးဖြတ်လျက် သင့်ကိုချစ်ရန် လွတ်လပ်ခွင့်မရှိပေ။ ၎င်းကိုဖန်တီးသူက ၎င်းအထဲတွင်ထည့်ထားသောပရိုဂရမ်၏ညွှန်ကြားချက်ကို တော်လှန်ဆန့်ကျင်ရန် အသိတရားပိုင်းလွတ်လပ်ခွင့်လည်း ၎င်းတွင်မရှိပေ။ ဘုရားသခင်က

လူကို စက်ရုပ်ထက်သာလွန်စေချင်သည်မှာအမှန်ပင်ဖြစ်သည်။ အချို့က “ဘုရားသခင်က လူကို စက်ရုပ်လို သို့မဟုတ် တိရစ္ဆာန်အဆင့်သာဖန်ဆင်းခဲ့ရင် ပိုမကောင်းဘူးလား”ဟု ဆိုနိုင်ပါသည်။ အဖြေက ရိုးရိုးလေးဖြစ်သည်။ ကျွန်ုပ်တို့ထဲတွင် မည်သူသည် မိမိ၏လွတ်လပ်စွာကိုယ်ပိုင်ဖန်တီးနိုင်စွမ်းကိုစွန့်လွှတ်လျက် စက်ရုပ်တစ်ရုပ်အဖြစ်သို့ မိမိသဘောဖြင့်ပြောင်းသွားမည်နည်း။

*ပုံဆောင်ချက်တစ်ခုကိုကြည့်ကြစို့။* မီးသည် အလွန်အန္တရာယ်ရှိသောအရာတစ်ခုဖြစ်သည်။ ထို့ကြောင့် ပညာရှိ၍ သားသမီးကိုချစ်သောမိဘဆိုလျှင် ကလေးငယ်အား မီးကိုပေါ့ဆစွာအသုံးပြုခြင်းကြောင့်ဖြစ်နိုင်သည့်ဆိုးကျိုးကိုမသင်ကြားသေးပါက မိမိကလေးက မီးကိုင်ရန် သို့မဟုတ် မီးညှိမီးထွန်းရန် အခွင့်ပေးမည်မဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင်သည် မလည်မဝယ်ရှိသေးသောလူအား ကောင်းမကောင်းသိကျွမ်းရာအပင်၏အသီးကို မစားရန် တားမြစ်တော်မူခဲ့သည်။ နောက်ဆုံးဖြစ်နိုင်လာနိုင်ဖွယ်အခြေအနေမှာ ဘုရားသခင်သည် လူအား မနာခံမှုနှင့်မကောင်းမှုတို့၏ဆိုးကျိုးကို ပြသပေးခြင်းဖြင့် မကောင်းမှု၏ကိုရှောင်ရှားရန် သင်ကြားပေးခဲ့မည်ဖြစ်သည်။ လူသည် ဘုရားသခင်မပါဘဲ လွတ်လွတ်လပ်လပ်လုပ်ဆောင်ရန်နှင့် ဘုရားသခင်ကိုမနာခံရန် ရွေးချယ်ခဲ့သောကြောင့် မကောင်းမှု၏အကျိုးရလဒ်ကို မိမိ၏ဆိုးဝါးလှသောဝေဒနာအားဖြင့် ဝမ်းနည်းကြေကွဲစွာသင်ယူခဲ့ရသည်။ အဘယ့်ကြောင့် လူသည် ဤသို့ပြုခဲ့သနည်း။

## လူကြုံတွေ့ရသည့်စုံစမ်းသွေးဆောင်ခြင်းနှင့်ကျရှုံးခြင်း

လူများစွာတို့အတွက် မြွေအယောင်ဆောင်သည့် မာရ်နတ်က လူအား ဘုရားသခင်ကိုနာမခံရန် သွေးဆောင်သည့်အဖြစ်အပျက်မှတ်တမ်းသည် နတ်သမီးပုံပြင်တစ်ပုဒ်နှင့်တူနေသလိုဖြစ်တတ်သည်။ သို့သော် စုံစမ်းသွေးဆောင်မှုဖြစ်ပျက်ပုံကို ကျွန်ုပ်တို့လေ့လာသည့်အခါ အသက်တာအတွက် အလွန်မှန်ကန်နေကြောင်း တွေ့ရသည်။

*မာရ်နတ်၏ပထမပရိယာယ်။* မာရ်နတ်သည် ဘုရားသခင်၏တားမြစ်မှုကို ပုံကြီးချဲ့ကာ ဘုရားသခင်သည် ကြမ်းကြုတ်သောသူ၊ မချင့်မရဲဖြစ်စေသောပွဲဖျက်ဖြစ်အောင်လုပ်ချင်ခဲ့သည်။ ဘုရားသခင် ထိုသို့မိန့်တော်မမူခဲ့မှန်းသိလျက်ပင် `သင်တို့သည် ဥယျာဉ်၌ရှိသမျှသောအပင်၏ အသီးကို မစားရဟု စေ့စေ့စပ်စပ် ဘုရားသခင် မိန့်တော်မူသလော´ဟု မေးမြန်းခဲ့သည်။ မိန်းမက သူ့ကို အမှန်ပြင်ပေးခဲ့သည်။ သို့သော် လူများစွာတို့သည် မာရ်နတ်၏ချဲ့ကားမှုကို ယုံကြည်နေကြဆဲဖြစ်သည်။ သူတို့သည် ဘုရားသခင်အကြောင်း ဘာမျှမသိလိုကြ။ ဘုရားသခင်အကြောင်း စဉ်းစားရန်ပင် အလိုမရှိကြပေ။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်ကိုယုံကြည်ခြင်းသည် သူတို့၏ပျော်ရွှင်မှုအားလုံးကို လုယူသွားလိမ့်မည်ဟု သင်ထင်မြင်စဉ်းစားကြ၍ဖြစ်သည်။

*မာရ်နတ်၏ဒုတိယပရိယာယ်။* သူသည် ဘုရားသခင်၏စကားကို ဘွင်းဘွင်းရှင်းရှင်းငြင်းဆိုခဲ့သည်။ သင်တို့ဘုရားသခင်၏စကားကိုနားမထောင်လျှင်လည်း `သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်။ အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကို သိ၍၊ ဘုရားသခင်ကဲ့သို့ဖြစ်ကြလတံ့သည်ကို၊ ဘုရားသခင်သိတော်မူသည်´ ဟု သူပြောခဲ့သည်။ `သင်တို့သည် ဘုရားသခင်အပေါ်ဆက်လက်မှီခိုစရာလိုတော့ဘဲ အမှားအမှန်ကို ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိမည်။ ထို့ကြောင့် ကိုယ်ကျင့်တရားလွတ်လပ်မှုနှင့်လွတ်မြောက်မှုအတွက်လုပ်ဆောင်ပါ။ သင်တို့ကိုယ်တိုင် ဆုံးဖြတ်ချက်ချပါ။ ကိုယ်ကိုယ်တိုင် ကိုယ့်ဆရာလုပ်ပါ။ ဘုရားက သင့်အတွက် ဆုံးဖြတ်ပေးတာမျိုးခွင့်မပြုပါနဲ့´ဟူသောအဓိပ္ပါယ်ဖြစ်သည်။

မာရ်နတ်က သူတို့ကိုမပြောပြခဲ့သည့်အကြောင်းအရာမှာ သူတို့သည် ဘုရားသခင်၏ပညတ်ချက်ကိုမနာခံဘဲ ဘုရားမဲ့တရားမဲ့လွတ်လပ်စွာလုပ်ဆောင်ကြလျှင် သူတို့ကိုယ်တိုင်ရုန်းထွက်မရနိုင်သည့် အပြစ်၏စွမ်းအားထဲ မိမိတို့အသက်တာကိုအပ်နှံရမည်ဆိုသည့်အချက်ဖြစ်သည်။ ထိုသို့အပ်နှံသည်နှင့် ထိုအပြစ်သည် သူတို့ကိုကျွန်ပြုလျက် နောက်ဆုံးတွင် သူတို့ကိုဖျက်ဆီးမည်ဖြစ်သည်။ ယနေ့တိုင် လူများတို့သည် မာရ်နတ်၏ထိုနည်းတူလှည့်ဖြားခြင်းကိုခံနေရကြသည်။ လူတို့သည် မိမိကိုယ်ရေးကိုယ်တာလွတ်လပ်မှုကို အသုံးပြုသည်ဟုဆိုကာ အရက်သေစာ၊ မူးယစ်ဆေးဝါးနှင့် စည်းလွတ်ဘောင်လွတ်လိင်ဆက်ဆံမှုတို့ဖြင့် မိမိကိုယ်ကိုဖျက်ဆီးနေကြသကဲ့သို့ မနာလိုဝန်တိုမှု၊ အငြိုးထားခြင်း၊ ပြူစူခြင်း၊ မုန်းတီးခြင်း၊ လိမ်ညာခြင်း၊ လှည့်စားခြင်းနှင့် အကျည်းတန်သောအရာများဖြင့် မိမိ၏စိတ်ပိုင်းဆိုင်ရာကိုလည်း ဖျက်ဆီးနေကြသည်။

မာရ်နတ်၏တတိယပရိယာယ်။ မိန်းမသည် ထိုသစ်ပင်ကို အနီးကပ်မြင်ရရန် မိန်းမကို သူခေါ်လာသည်။ ထိုအခါ မိန်းမက ထိုအပင်၏အသီးသည် စားစရာကောင်းမည်၊ ကြည့်၍လှသည်၊ ပညာတိုးပွားစေမည်ဟု သတိပြုလျက် ရုပ်ပိုင်းဆိုင်ရာ၊ ပြင်လျာတင့်မောမှုဆိုင်ရာနှင့် အသိတရားပိုင်းဆိုင်ရာ ကျေနပ်အားရမှုကိုရရှိကာ ဘဝကို အပြည့်အဝခံစားနိုင်မည်ဟု သူယုံကြည်လာသည်။ သူသည် ဘုရားသခင်ကို မလို၊ ဘုရားသခင်၏စကားကိုနားထောင်ရန် သို့မဟုတ် ကိုယ်တော်၏တားမြစ်ချက်အတွက်စိုးရိမ်ရန်လည်းမလို။ လူများစွာတို့သည် ထိုနည်းတူ ယူဆနေကြဆဲဖြစ်သည်။

သို့သော် ၎င်းသည် လိမ်ညာမှုတစ်ခုဖြစ်ခဲ့သကဲ့သို့ ဖြစ်နေဆဲဖြစ်သည်။ သမ္မာကျမ်းစာက ပြော၍ (တရား ၈း၃) ယေရှုခရစ်တော်က ပြန်လည်မိန့်တော်မူသည်မှာ `လူသည် မုန့်အားဖြင့်သာအသက်ကိုမွေးရမည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှ အားဖြင့်အသက်ကိုမွေးရမည်´ (မ ၄း၄)။

ပုံဆောင်ချက်တစ်ခု။ သင်သည် ကျွန်ုပ်နှင့်မိတ်ဆွေဖြစ်လို၍ ကျွန်ုပ်ကို ညစာစားရန် ဖိတ်ကြားသည်ဆိုကြပါစို့။ ထိုအခါ ကျွန်ုပ်သည် သင့်အိမ်သို့လာလျက် သင်တည်ခင်းသောအစာတို့ကိုအားပါးတရစားသောက်လျက် နံရံပေါ်မှပန်းချီကားများနှင့် ဖွင့်ထားသည့်နောက်ခံတေးဂီတတို့ကိုချီးမွမ်းနေသည်။ သို့သော် သင်သည် ကျွန်ုပ်နှင့်စကားပြောလျက် မိဿဟာရပြုနေသည်ကိုကျွန်ုပ်သည် လုံးဝဥပေက္ခာပြုကာ သင်ရှိနေသည်ကိုပင် သတိမမူဘဲနေသည်။ နောက်ဆုံးတွင် ကျွန်ုပ်၏ထူးခြားသည့်အပြုအမူအကြောင်းရှင်းပြရန် ကျွန်ုပ်ကိုသင်တိုက်တွန်းလာသည့်အခါ ကျွန်ုပ်က ကျွန်ုပ်စိတ်ဝင်စားသည့်အရာမှာ တည်ခင်းပေးသည့်အစားအသောက်များ၊ ချိတ်ဆွဲထားသည့်ပန်းချီလက်ရာများ၏အနုသုခုမလက်ရာမြောက်၍အတွေးအခေါ်ကောင်းပုံနှင့် ဖွင့်ထားသည့်တေးဂီတတို့သာဖြစ်ကြောင်းပြောပြသည်။ သို့သော် ဤအရာများကို ပြင်ဆင်ပေးထားသောသင့်အတွက်မူ ကျွန်ုပ်ဤသို့ဖြစ်နေခြင်းသည် သင့်ကိုစိတ်မဝင်စားရုံသက်သက်မဟုတ်၊ သင်ရှိနေသည်ဟုပင်မအောက်မေ့သလိုဖြစ်နေပေမည်။ ကျွန်ုပ်ဘယ်လောက်တောင်မိုက်မဲလိုက်မည်နည်း။ အစားအသောက်များကိုနှစ်သက်လျက် ပန်းချီကားချပ်များနှင့်တေးဂီတတို့ကိုခံစားခြင်းသည် ကောင်းပါသည်။ သို့သော် ၎င်းတို့ကိုသာစိတ်ဝင်စားလျက် သင်နှင့်မိတ်သဟာယဖွဲ့ရန်ငြင်းလျှင် ညစာအတူစားသောက်ခြင်း၏တန်ဖိုးအရှိဆုံးအနှစ်သာရကို ငြင်းပယ်ခြင်းဖြစ်ပေလိမ့်မည်။

## ကျရှုံးခြင်း၏နောက်ဆက်တွဲရလဒ်များ

လူယောက်ျားနှင့်လူမိန်းမတို့မနာခံမှု၏ရလဒ်သည် အချိန်မဆိုင်းဘဲ ချက်ချင်းပင်ဖြစ်ပေါ်လာခဲ့သည်။ သူတို့ခံစားရသည့် ဘဝ၏အမြင့်မားဆုံးသောသာယာကြည်နူးမှုသည် ပျက်စီးသွားခဲ့သည်။ ဥယျာဉ်ထဲ ထာဝရဘုရားကြွလာတော်မူသောအသံကို သူတို့ကြားရသည့်အခါ သူတို့ကြောက်

ရွံ့ခဲ့ကြသည်။ ဘုရားသခင်ကြွလာတော်မူခြင်း၊ စကားပြောခြင်းနှင့် မိတ်သဟာရပြုခြင်းတို့ကို ဘဝ၏အမြင့်မားဆုံးသောဂမ်းမြောက်မှုအဖြစ်ကြိုဆိုရမည့်အစား ပုန်းနေရန် သူတို့ကြိုးစားခဲ့ကြသည်။ အဂတ်အချည်းစည်းရှိသည်ဟု သူတို့ခံစားကြသည်။ မှန်ပါသည်၊ ဘုရားသခင်က သူတို့ကို အဂတ်အချည်းစည်းဖန်ဆင်းခဲ့၍ ထိုအခြေအနေက ဘာပြဿနာမျှမဖြစ်စေခဲ့ပါ။ သို့သော် သူတို့၏မနာခံမှုက သူတို့အထဲတွင် မကောင်းသောအသိစိတ်ကို ဖြစ်ပေါ်စေခဲ့၍ သူတို့သည် ဘုရားရှေ့တော်မှောက်ရှိနေရန် မသင့်တော်ဟု သူတို့ခံစားခဲ့ကြသည်။ သင်္ဘောသဖန်းပင်အရွက်တို့ကို ချုပ်စပ်ကာ သူတို့ကိုသူတို့ဖုံးအုပ်ရန် သူတို့ကြိုးစားခဲ့ကြသည်။ သို့သော် ထိုသို့ပြုခြင်းသည် အသုံးမကျကြောင်းလည်း သူတို့သတိထားမိကြသည်။ ထို့ကြောင့် သစ်ပင်များကြားပုန်းနေခဲ့ကြသည်။ ထိုသို့ပြုခြင်းလည်း အသုံးမကျခဲ့ပြန်ပေ။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် သူတို့ကိုခေါ်၍ ဘုရားသခင်ရှေ့တော်တွင် သူတို့လာရပ်ရသည်။ ထိုအခါ ဘုရားသခင် မိန့်တော်မူသောအရာ၊ ပြုတော်မူသောအမှုတို့အားဖြင့် သူတို့၏ပုန်ကန်မှုအတွက် သူတို့ကိုဖျက်ဆီးလိုက်မည့်အစား ခွင့်လွှတ်ခြင်းလမ်းစဉ်ကို သူတို့အားပြသလျက် အနာဂါတ်အတွက် မျှော်လင့်ချက်ကို သူတို့အား ပေးတော်မူခဲ့သည်။ နောက်လာမည့်အခန်းများတွင် ဤအကြောင်းကို ကျွန်ုပ်တို့ဆင်ခြင်ကြပါမည်။

သို့သော် ယနေ့တိုင်အောင် လူသားတို့သည် ကျရှုံးခဲ့ရသည့်သတ္တဝါများဖြစ်ခြင်း၏သက်သေများအနက်တစ်ခုမှာ လူများစွာတို့သည် ဘုရားသခင်အကြောင်းစဉ်းစားလိုက်သည်နှင့် ကြောက်ရွံ့ခြင်းနှင့်အပြစ်စွဲစိတ်ကြောင့် စိတ်မအေးရသောခံစားမှုမျိုးခံစားကြရသည်။ အချို့တို့လည်း ခါးခါးသီးသီးမကျေမချမ်းဖြစ်သည်လည်းရှိတတ်သည်။ သမ္မာကျမ်းစာက ထိုအခြေအနေမျိုးကို ဂိညာဉ်ရေးရာသေဆုံးခြင်းဟုခေါ်သည်။ သမ္မာကျမ်းစာအရ ဤသို့ဘုရားသခင်နှင့်ဝေးကွာနေခြင်းသည် လူတို့ကြုံတွေ့ရသည် ဘေးဒုက္ခအားလုံး၏ဇစ်မြစ်ဖြစ်သည်။

# အခန်း ၆

# မျှော်လင့်ခြင်းနှင့်ပုံမှန်ပြန်ဖြစ်ခြင်းလမ်းစဉ်

*ကျေးဇူးပြု၍ ကမ္ဘာဦးကျမ်း ၃ ကိုပြန်ဖတ်ပါ။*

**ရှုံးနိမ့်ရာမှ အောင်မြင်ခြင်း**

လူသားတို့သည် ဘုရားသခင်ကို မိုက်မဲစွာဆန့်ကျင်တော်လှန်ကြသည့်အခါ ဘုရားသခင်က သူတို့ကို ဖျက်ဆီးတော်မူလျက် အားလုံးကို အခြားသောသတ္တဝါတစ်မျိုးဖြင့် ပြန်အစပြုသည်ဆိုလျှင် နားလည်လက်ခံနိုင်သည့်အရာဖြစ်ပေမည်။

သို့သော် ဘုရားသခင်ပြုတော်မူသည့်အရာမှာ ၎င်းနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ လူကို မိမိ၏တော်ဝင်ကိုယ်စားလှယ်ဖြစ်စေသည့် မိမိ၏မူလအစီအစဉ်ကို ဆက်လက်အသိအမှတ်ပြုသည်သာမက ဘုရားသခင်၏အကြံအစည်တော်ကိုဖျက်ဆီးလိုသည့် မာရ်နတ်အား လူကိုအသုံးပြုလျက်နှိမ်နင်းတော်မူမည်ဖြစ်ကြောင်း ကြေညာအသိပေးခဲ့သည်။ စာတန်၏အသုံးပြုခြင်းကိုခံခဲ့ရသောမြွေအားမိန့်တော်လျက် `သင်နှင့်မိန်းမကိုငင်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏ အမျိုးအနွယ်ကိုငင်း၊ ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကိုကြိတ်လိမ့်မည်၊ သင်သည် သူ၏ဖနောင့်ကိုကြိတ်လိမ့်မည်´ (က ၃း၁၅)ဟု တရားဝင်ကြေညာတော်မူခဲ့သည်။ လူသားတို့နှင့် စာသားအရမြွေတို့အကြား ရာစုနှစ်များစွာ ခံစားခဲ့ရမည့်ရန်ငြိုးကို ဤစကားများက ရောင်ပြန်ဟပ်စေကြောင်းသေချာလှသည်။ သို့သော် လူသားမျိုးနွယ်နှင့် စာတန်အကြား နောက်ဆက်တွဲဖြစ်ပေါ်လာမည့်ခေတ်နှင့်ချီကြာရှည်သည့်ရှုန်းကန်မှုကို သရုပ်ပေါ်စေရန် ဘုရားသခင်၏ကတိတော်က ဤရန်ငြိုးကို အသုံးပြုခဲ့သည်။ ဘုရားသခင်သည် မိမိ၏သစ္စာခံ လူသားမျိုးနွယ်ကို ပြန်လည်ရွေးနှုတ်၍ စာတန်သည် လူတို့ကို မိမိလက်ထဲဆက်လက်ဆုပ်ကိုင်ထားနိုင်အောင် ရုန်းကန်ကြိုးစားသည့်အခါ အဓိကစစ်မြေပြင်သည် လူတို့၏နှလုံးသားများဖြစ်လာခဲ့သည်။ ယေရှုခရစ်တော်၏ဖွားမြင်တော်မူခြင်း၊ သက်တော်စဉ်နှင့် ရှင်ပြန်ထမြောက်တော်မူခြင်းတို့နောက်ပိုင်းတွင် ဤပရောဖက်ပြုချက်ကိုပြန်ကြည့်လျက် ကိုယ်တော်သည် လူသားဖခင်မပါဘဲ လူသားမိခင်မှ ဖွားမြင်တော်မူခဲ့သည်နှင့်အညီ(လု ၁း၃၅) ကတိထားတော်မူသော မိန်းမ၏အမျိုးအနွယ်သည် ကိုယ်တော်ပင်ဖြစ်တော်မူကြောင်း ဓမ္မသစ်ကျမ်းကို အခိုင်အမာဖော်ပြထားသည်။ ကိုယ်တော်သည် လူ့ဇာတိခံသောဘုရားသခင်ဖြစ်တော်မူသကဲ့သို့ တစ်ချိန်တည်းမှာပင် လူသားစင်စစ်ဖြစ်တော်မူသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့နည်းတူ မာရ်နတ်၏ ကဏ္ဍမျိုးစုံမှသွေးဆောင်ဖြားယောင်းခြင်းကိုခံခဲ့ပြီး မာရ်နတ်ကို အောင်နိုင်ကာ (မ ၄း၁-၁၁၊ ယော ၁၄း၃၀၊ ဟေဗြဲ ၄း၁၅) သေခြင်းအထိပင် ဘုရားသခင်ကို အဆုံးတိုင်အောင်လုံးလုံးနာခံတော်မူခဲ့သည်။ ထို့ပြင် လူသားမျိုးနွယ်သည် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်လျက် ပရဒိသုဘုံသို့ရောက်ရှိသည့်တိုင် ပြန်လည်သစ်လွင်စေခြင်းခံရစေရန် အပြစ်မဲ့သောကိုယ်တော်သည် အပြစ်၏အခ သေခြင်းကို ကိုယ်တိုင်ပေးဆပ်တော်မူခဲ့သည်။ ဤကြီးမားသောပဋိပက္ခအကြောင်းကိစ္စတွင် မာရ်နတ်သည် မြွေအဖြစ် ခရစ်တော်၏ဖနောင့်ကိုပေါက်၏။ သို့သော် ခရစ်တော်သည် လူသားအဖြစ် မြွေ၏ခေါင်းကို လူသားမျိုးနွယ်ကိုယ်စားကြိတ်ခြေလျက် အစဉ်တည်သောအောင်မြင်ခြင်းကို ရရှိတော်မူခဲ့သည်။

လူသိများသော ဓမ္မဟောင်းကျမ်းပိုဒ်တစ်ပိုဒ် (ဆာ ၈) တွင် `လူဆိုတာ ဘာလဲ´ဆိုသည့် မေးခွန်းကို ဖြေဆိုထားသည်။ ဆာလံတေးကဗျာရေးစပ်သူက ဘုရားသခင်သည် အစတွင် လူကို ကောင်းကင်တမန်တို့ထက် အနည်းငယ်နိမ့်အောင်ဖန်ဆင်းတော်မူခဲ့သော်လည်း သူ့ကို ဘုန်းအသရေနှင့် ဂုဏ်အသရေတို့ကို သရဖူဆောင်းစေလျက် အရာခပ်သိမ်းတို့ကို သူခြေအောက်၌ထားတော်မူခဲ့ကြောင်း တွေ့ရှိသီကုံးထားသည်။ ရာစုနှစ်များနောက်ပိုင်းတွင် ဓမ္မသစ်ကျမ်း၌ ဟေဗြဲဩဝါဒစာရေးသားသူက ဤဖော်ပြချက်ကို ပြန်လည်ရေးသားလျက် ၎င်း၏ဆိုလိုရင်း ဤသို့တိတိကျကျဖော်ပြထားသည် - "အရာခပ်သိမ်းတို့ကို သူ့အောက်၌ချထားတော်မူပြီဟုဆိုရာတွင် သူ့အောက်၌မချထားဘဲ ချန်ထားတော်မူသည့်အရာတစ်စုံတစ်ခုမျှမရှိ" (ဟေဗြဲ ၂း၈)။

ယခု ဘုရားသခင်၏မူလရည်ရွယ်ချက်ကို သိရပြီဖြစ်၍ တစ်ခုခုမှားနေပြီဖြစ်ကြောင်း လူတိုင်း သိမြင်နိုင်ပါသည်။ မကောင်းမှုနှင့်ရောဂါတို့သည် လူသားထုကို ခြိမ်းခြောက်မင်းမူနေဆဲဖြစ်သည်။ ၎င်းတို့သည် လောက၏ငြင်းမရသောသခင်အဖြစ်နှင့်မူ ဝေးနေပါသည်။ ကျမ်းရေးသူကိုယ်တိုင်က `ယခုမူကား အရာခပ်သိမ်းတို့ကို သူ့အောက်၌ချထားလျက်ရှိသည်ကို ငါတို့ မမြင်ရသေး´ဟု ဝန်ခံထားသည်။ ထိုသို့ဆိုလျှင် ပရိဒိသုဘုံနှင့်ပတ်သက်သည့် ကျွန်ုပ်တို့၏မျှော်လင့်ခြင်းကို ကျွန်ုပ်တို့စွန့်လွှတ်ရမည်လား။ လုံးဝမစွန့်လွှတ်ရပါ။ အဘယ်ကြောင့်ဆိုသော် အကြံအစည်ကို စွန့်လွှတ်ဖို့ဝေးစွ၊ ၎င်း၏ပြည့်စုံခြင်းသည် အရင်ကတည်းကပင်အဆင်သင့်ဖြစ်နေပြီးသားဖြစ်သည်။ အကြောင်းမှာ အပြစ်ခွင့်လွှတ်ခြင်းနှင့်ပြန်လည်သစ်လွင်စေခြင်းကို အမှန်ဖြစ်ပေါ်စေရန် လူတိုင်းအတွက် အသေခံပေးတော်မူရန် ကောင်းကင်တမန်တို့၏အနည်းငယ်နိမ့်ချခြင်းခံလျက် လူသားတစ်ဦးဖြစ် လာတော်မူသည့်ယေရှုကို ကျွန်ုပ်တို့မြင်ရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် လူသားယေရှုသည် ဘုန်းအသရေနှင့်ဂုဏ်အသရေသရဖူကို အပ်နှင်းခြင်းခံရပြီးပြီဖြစ်သည်။ ကျန်ရှိသေးသော ဘုရားသခင်၏အကြံအစည်တော်သည် ပြီးပြည့်စုံမည်ဖြစ်ကြောင်းနှင့် လူသားမျိုးနွယ်သည် အပြစ်နှင့်လုံးဝပတ်သက်မှုမရှိသောစကြဝဠာကို ပြန်လည်စိုးမိုးခွင့်ရမည်ဖြစ်ကြောင်းကို ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်း၊ ကောင်းကင်သို့ပြန်လည်တက်ကြွခြင်းနှင့် ဘုန်းတော်ထွန်းတောက်ခြင်းတို့က အာမခံချက်ပေးသည်။

*သို့သော် မေးစရာမေးခွန်းတစ်ခုရှိသည်။* ခရစ်တော်ကို လူသားမျိုးနွယ်၏ကယ်တင်ရှင်အဖြစ် လောကသို့စေလွှတ်တော်မူရန် ဘုရားသခင်၌ အကြံအစည်တော်ရှိခဲ့လျှင် အဘယ့်ကြောင့် အာဒံနှင့်ဧဝတို့အပြစ်ပြုမိသည်နှင့်ချက်ချင်း စေလွှတ်တော်မမူခဲ့သနည်း။ အဘယ့်ကြောင့် စေလွှတ်တော်မမူမီ ရာစုနှစ်များစွာစောင့်ဆိုင်းခဲ့သနည်း။

## အပြစ်တရား၌ပါဝင်သောအရာကို ရှာဖွေသိရှိရန်လိုအပ်ခြင်း

သာဓကတစ်ခုကိုစဉ်းစားဆင်ခြင်ကြည့်ပါ။ မိမိနာမကျန်းဖြစ်ကြောင်း သေချာမှုမရှိဘဲ မည်သူမျှ ပြန်လည်ကျန်းမာရန်အတွက် ဆရာဝန်ဆီသွားမည်မဟုတ်ပေ။ အချို့ကင်ဆာများသည် သေးငယ်သောအနာလေး သို့မဟုတ် အရေပြားပေါ်မှအစက်အပြောက်လေးပုံစံဖြစ် အစပြုနိုင်သည်။ ထိုအချိန်တွင် ၎င်းတို့သည် အရေးမကြီးသည့်ပုံပေါ်နေသဖြင့် အလိုလိုပျောက်သွားလိမ့်မည်ဟု လူတို့ထင်နေတတ်ကြသည်။ လ သို့မဟုတ် နှစ် ကြာလာသည့်အခါမှ ၎င်းတို့ကြီးထွားလာပြီး ပြင်းထန်မှုကိုပြသလာသည်။ ထိုအခါမှ ရောဂါခံစားရသူသည် စိတ်ပူပင်လာလျက် ဆရာဝန်၏အကူအညီကို တောင်းခံလာပေလိမ့်မည်။

အာဒံနှင့်ဧဝတို့က ဘုရားသခင်ကိုမနာခံရန် မိမိတို့၏လွတ်လပ်စွာဖန်တီးနိုင်စွမ်းကိုသုံးစဉ်က အပြစ်၏နာကျင်သောအကျိုးဆက်ကို သူတို့မခံစားရအောင် ဘုရားသခင်က ထူးထူးခြားခြားကာကွယ်ပေးခဲ့ပါက လွတ်လပ်စွာရွေးချယ်ခွင့်ကို မှားယွင်းစွာအသုံးပြုခြင်းသည် မည်မျှအလေးအနက်ထားရမည့်အရာဖြစ်ကြောင်းကို အာဒံနှင့်ဧဝတို့ မည်သည့်အခါမျှ သိရှိနိုင်ခဲ့ကြမည်မဟုတ်ပေ။ သူတို့ဆုံးဖြတ်သည့်အရာ သို့မဟုတ် သူတို့ရွေးချယ်ပုံရွေးချယ်နည်းသည် အရေးကြီးသည့်အရာမဟုတ်ဟု သူတို့ခံယူသွားကြမည်ဖြစ်ပြီး နောက်ဆုံးတွင် မကာကွယ်ပေးမီကအတိုင်းသာပြန်ဖြစ်သွားမည်ဖြစ်သည်။ သူတို့၏မနာခံခြင်းအပြစ်သည် သူတို့ဘဝကိုသာဖျက်ဆီးသည်မဟုတ်၊ သူတို့၏နောင်လာနောင်သားအားလုံးကိုပါ သွေလှန်စေကြောင်း သူတို့သင်ယူသိရှိရမည်ဖြစ်သည်။ သို့မှသာ လူသားတို့သည် အပြစ်ကိုမုန်းတီး၍ ၎င်းအတွက်နောင်တရကာ ဘုရားသခင်က ကယ်တင်ခြင်းပေးသည့်အခါ လက်ခံကြမည်ဖြစ်သည်။ ထိုသို့အားဖြင့်သာ လူသားမျိုးနွယ်သည် မိမိတို့၏လွတ်လပ်စွာဖန်တီးနိုင်စွမ်းကို ဘုရားသခင်နှင့်ပူးပေါင်းဆောင်ရွက်ခြင်းဘောင်အတွင်း အသုံးပြုရန် သင်ယူကြမည်ဖြစ်သည်။

## ကျရှုံးခြင်း၏လက်ငင်းဖြစ်ပေါ်လာသောအကျိုးဆက်များ

လူသားမျိုးနွယ်စုက အနာဂါတ်တွင်ရင်ဆိုင်ရမည့် ကျရှုံးခြင်း၏မြေကြီး လက်ခတ်မလွဲဖြစ်ပေါ်လာသောအကျိုးဆက်အချို့ကို သမ္မာကျမ်းစာက ထောက်ပြထားသည်။

*ဘုရားသခင်နှင့်ဝေးကွာရခြင်း။* ပြီးခဲ့သည့်အခန်းတွင် ဤအကြောင်းကို ကျွန်ုပ်တို့ဆွေးနွေးခဲ့ကြပြီဖြစ်သည်။ ဘုရားသခင်နှင့်ပေါင်းသင်းဆက်ဆံခြင်းသည် ကြောက်ရွံ့ခြင်းကင်းလျက် ဝမ်းမြောက်ခြင်းနှင့်ပြည့်စုံမှုမရှိတော့ပေ။ အပြစ်စွဲစိတ်ခံစားမှုကိုဖုံးကွယ်ရန် ဘုရားသခင်က ထောက်မမှုပေးခဲ့လျက်နှင့်ပင် မကောင်းခံစားရသောအသိစိတ်နှင့် အပြစ်တရားအပေါ် ဘုရားသခင်၏မနှစ်မြို့မှုကို သတိထားမိသောစိတ်တို့က ဘုရားသခင်နှင့်ပေါင်းသင်းဆက်ဆံခြင်းကို ဖျက်ဆီးခြင်းခဲ့လေသည်။

*လူလူချင်းပေါင်းသင်းဆက်ဆံရေး၏အကြင်နာကင်းမဲ့မှု။* ကလေးမွေးဖွားခြင်းတွင် ဝမ်းနည်းခြင်းနှင့်ကြောက်ရွံ့ခြင်းတို့ ပေါင်းစပ်ပါဝင်တော့မည်ဖြစ်သည်။ ယောကျ်ားတို့သည် မိန်းမတို့အပေါ် အခွင့်ကောင်းယူလျက် သူတို့အပေါ် ဗိုလ်ကျစိုးမိုးသူများဖြစ်လာကြမည်။ မယုံကြည်စိတ်မချမှုများနှင့် လူ့အသိုင်းအဝိုင်းကို ပျက်စီးစေသည့်စွဲလမ်းမှုများ၏အစသည် ဤနေရာပင်ဖြစ်သည်။ သို့သော် အနာငြိမ်းခြင်းလည်း ဤနေရာတွင်ပင်ရှိပါသည်။ မိမိလူတို့ကိုချစ်တော်မူသော ခရစ်တော်သည် စိတ်ကူးယဉ်ဆန်သည့်ချစ်ခြင်းမေတ္တာကို လက်တွေ့စစ်မှန်သောချစ်ခြင်းမေတ္တာဖြစ်စေခဲ့သည်။ မိမိ၏အစွမ်းသတ္တိထဲတွင် လူလူချင်းပေါင်းသင်းဆက်ဆံမှုကို ပြောင်းလဲစေတော်မူခဲ့သည်။ ခရစ်ယာန်ခင်ပွန်းသည်တို့သည် မိမိတို့ဇနီးကို ချစ်ရပြီး ဇနီးမယားတို့သည် မိမိတို့ခင်ပွန်းကို လေးစားရသည်ဖြစ်၍ စစ်မှန်သောသဟဇာတဖြစ်ခြင်းကို အိမ်ထောင်အတွင်း ဖန်တီးဖြစ်ပေါ်စေတော်မူသည်။ (တမန်တော်ရှင်ပေါလုက ကျွန်ုပ်တို့ကို ဧဖက် ၅း၃၁ ၌ မည်သို့ကိုးကားထားကြောင်း ကြည့်ပါ)။

*အလုပ်သည် ခက်ခဲသောအလုပ်ကြမ်းဖြစ်လာသည်။* အာဒံသည် ဖန်းဆင်းခံအရာများအပေါ် အုပ်စိုးသူအဖြစ်ခန့်အပ်ခံခဲ့ရသည်။ သို့သော် ဘုရားသခင်ကို သူနာမခံသောအခါ လောကနှင့်သူ၏ဆက်ဆံရေးသည် ပြောင်းလဲသွားခဲ့သည်။ ယခင်က ပျော်ရွှင်စရာသက်သက်ဖြစ်သောအလုပ်တွင် ယခုအခါ ရုန်းကန်မှုနှင့် ခက်ခဲသည့်အလုပ်ကြမ်းတို့ ပါဝင်လာသည်။ တစ်ခါက ဘဝအားမာန်အပြည့်ဖြင့် ဝမ်းမြောက်စွာလုပ်ဆောင်ခဲ့သည့် ဘဝပေးတာဝန်များသည် ယခုအခါ အလွန်ခြားနားနေပြီး လူသည် ရောဂါကိုခုခံနိုင်စွမ်းမရှိဘဲ စိတ်ခံစားမှုဆိုင်ရာပဋိပက္ခများနှင့် အပြစ်၏စိတ်တွင်းဆွဲငင်မှုများ ခံစားလာရသည်။ သူ၏စိတ်တွင်းကမ္ဘာသည် ကမောက်ကမဖြစ်နေပြီး သူသည် ထိန်းချုပ်နိုင်

စွမ်းမရှိတော့ပေ။ ဓမ္မသစ်ကျမ်းက ထောက်ပြထားသည့်အတိုင်း (ရောမ ၈း၂၀-၂၂) ဖန်ဆင်းခံအရာများကိုယ်တိုင်သည် အားမလိုအားမရဖြစ်ခြင်းနှင့် ညည်းတွားမြည်တမ်းခြင်းတို့၏လက်အောက်ခံဖြစ်သွားပြီး ဆူးပင်များ၊ ဖျက်ပိုးများ၊ ဖျက်ဆီးတတ်သည့်ပိုးမွှားတိရစ္ဆာန်များနှင့် ညစ်ညမ်းမှုနှင့်အနာရောဂါများ၏ လွှမ်းမိုးမှုခံရလေသည်။ သို့သော် ဤနေရာတွင်လည်း မျှော်လင့်ချက်ရှိပါသည်။ ကျွန်ုပ်တို့သည် မိမိအထဲ၌ ညည်းတွားနေသော်လည်း ယခုလက်ရှိဘဝတွင် အပြစ်နှင့်ပြည့်စုံသောသဘောသဘာဝ၏ဆွဲငင်မှုကို (အပိုဒ် ၉၊ ၁၃) အောင်မြင်ကျော်လွှားနိုင်သည့်ခွန်အားတန်ခိုးကိုပေးသည့် သန့်ရှင်းသောဂိညာဉ်တော်သည် ယေရှုခရစ်တော်ကိုယုံကြည်သူများထဲတွင် ကိန်းဝပ်တော်မူကြောင်း ရောမ ဩဝါဒစာ အခန်းကြီး ၈ တွင် ကျွန်ုပ်တို့ကိုပြောပြထားသည်။ ထို့ပြင် ဘုရားသခင်သည် ယုံကြည်သူများထဲတွင် ကိန်းဝပ်တော်မူသည့် သန့်ရှင်းသောဂိညာဉ်တော်၏တန်ခိုးတော်အားဖြင့် (အပိုဒ် ၁၁) သူတို့၏ကိုယ်ခန္ဓာကို သေခြင်းမှ ထမြောက်စေတော်မူမည်ဖြစ်သည်။ ဤမျှော်လင့်ချက်သည် အနစ်သာရမဲ့ဒဏ္ဍာရီမဟုတ်ပါ။ အကြောင်းမှာ ဘုရားသခင်သည် လူသား ယေရှုခရစ်တော်ကို သေခြင်းမှ ကိုယ်ခန္ဓာဖြင့်ရှင်ပြန်ထမြောက်စေတော်မူပြီးပြီဖြစ်သည်။ သေခြင်းအပေါ် ကိုယ်တော်၏အောင်မြင်ခြင်းက ဖန်ဆင်းတော်မူထားသည့်အရာများသည်လည်း သေခြင်း၏အချုပ်အနှောင်ထဲတွင် ပုပ်ပျက်ရခြင်းထဲမှ တစ်နေ့သောအခါ လွတ်မြောက်လျက် ဘုရားသားသမီးများ၏ ဘုန်းထွန်းတောက်သောလွတ်မြောက်မှုထဲ ပြန်ရောက်ရမည်ဖြစ်သည် (အပိုဒ် ၂၁)။

ဧဒင်ပရဒိသုဘုံမှမောင်းထုတ်ခံရခြင်း။ အသက်ပင်နှင့်အဆက်ဖြတ်ခံရသည့် အာဒံသည် အိုမင်းလျက် သေဆုံးရမည်ဖြစ်သည်။ သူသည် ဂိညာဉ်ရေးအရ သေဆုံးခဲ့ပြီးပြီဖြစ်သည်။ ရုပ်ခန္ဓာသေခြင်းက သူသည် ကျရှုံးနေသောသတ္တဝါဖြစ်ကြောင်း အစဉ်သတိပေးနေသည်။ ၎င်းသည် သမ္မာကျမ်းစာက `ဒုတိယ သေခြင်း´ဟုဆိုထားသည့်အရာကို နိမိတ်ပြလျက် သတိပေးနေသည်။ ထိုဒုတိယသေခြင်းသည် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်းမရှိသောလူသားအားလုံး တွေ့ကြုံခံစားရမည့် ထာဝရသေခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် အပြစ်ကိုဖယ်ရှားခြင်းမပြုမီ၊ လူသားမျိုးနွယ်နှင့်သဘာဝတရားတို့ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်းမပြုမီတိုင်အောင် လူတို့သည် ကမ္ဘာပေါ်တွင်ဖြစ်စေ၊ ကောင်းကင်တွင်ဖြစ်စေ ပရဒိသုဘုံနှင့်သိကျွမ်းခွင့်ရတော့မည်မဟုတ်ကြောင်း သတိပေးနေသည့် ဓါးများစွဲကိုင်ထားသည့်ခေရုဗိမ်အားဖြင့် ဧဒင်ပရဒိသုဘုံထဲဝင်ရာလမ်းကို ပိတ်ထားကြောင်း ကျွန်ုပ်တို့သိရသည်။

### လူသားတို့၏ဒုက္ခပြဿနာအကြောင်း လုံလောက်မှုမရှိသောရှို့ယွင်းချက်ဖော်ထုတ်မှု

မှန်ပါသည်။ ကျွန်ုပ်တို့လူသားမျိုးနွယ်နှင့်ပတ်သက်သည့် အမှားအယွင်းအပေါ် ဤရှို့ယွင်းချက်ဖော်ထုတ်မှုကို အချို့တို့က ငြင်းပယ်ကြသည်။ ရှေးဂရိအတွေးအခေါ်ပညာရှင် ဆိုကရေးတီးက လူ၏တစ်ခုတည်းသောအခြေခံဒုက္ခပြဿနာမှာ မသိနားမလည်မှုသာဖြစ်သည်ဟု ထင်မြင်ခဲ့သည်။ သူက `ဘယ်သူမှ သိသိကြီးနဲ့ အမှားမလုပ်ဘူး။ လူကို သင့်တော်သည့်ပညာသင်ယူစေပါ။ သူအပြစ်ဆက်မပြုဘဲနေလိမ့်မယ်´ဟု အခိုင်အမာပြောဆိုခဲ့သည်။ ဆိုကရေးတီးမှားယွင်းခဲ့ကြောင်း သမိုင်းက သက်သေပြပြီးပြီဖြစ်သည်။ မာ့(စ်)က လူသားမျိုးနွယ်၏တစ်ခုတည်းသော အခြေခံဒုက္ခပြဿနာမှာ ထုတ်လုပ်မှုနည်းလမ်းနှင့်ဝေးကွာနေမှုသာဖြစ်၍ ထိုဝေးကွာနေမှုကိုဖယ်ရှားပါက လူသားမျိုးနွယ်၏အခက်အခဲများကို ကျော်လွှားနိုင်ပြီး ပရဒိသုဘုံကာလရောက်လာလိမ့်မည်ဟု ဆိုခဲ့သည်။ သူမှားယွင်းခဲ့ကြောင်းကိုလည်း သမိုင်းကသက်သေထူခဲ့ပြီဖြစ်သည်။ ထင်ပေါ်ကျော်

ကြားသော သမိုင်းပညာရှင် ပါမောက္ခ ဟားဘတ် ဘတ်ထားဖီးက *ခရစ်ယာန်ယုံကြည်မှုနှင့်သမိုင်း* ဆိုသည့် သူ၏ထင်ရှားသောစာအုပ်တွင် ဤသို့ဆိုထားသည် -

> အခြားနယ်ပယ်များနည်းတူ သမိုင်းပညာရှင်များထဲတွင် မျက်ကန်းရှိသမျှထဲမှ အကန်းဆုံး ပုဂ္ဂိုလ်များမှာ မိမိတို့၏ကြိုတင်ကောက်ချက်ချမှုကို စစ်ဆေးရန်မတတ်စွမ်းနိုင်သူများ ဖြစ်ကြသည်။ ...... သမိုင်းကမထောက်ခံသော၊ စစ်ဆေးမှုမခံရသည့် သာမန်ကာလျှံကာဖြစ်သော လူနှင့်ဆိုင်သည့်အယူဝါဒအားဖြင့် အဖြစ်ဆိုးများကို မိမိတို့ကိုယ်တိုင်အတွက် တစ်ခုပြီးတစ်ခု ဖန်တီးနေကြသည်ဆိုသည့်အချက်ကို အထူးအလေးထားရမည်ဖြစ်သည်။[2]

`လူ့သဘာဝအပေါ် ယုံကြည်မှုမရှိဖို့ အလွန်အရေးကြီးတဲ့အကြောင်း သမိုင်းက ကျွန်ုပ်တို့ကို သင်ပေးထားတယ်။ အဲလိုမျိုးယုံကြည်မှုက မကြာမီကပေါ်လာပြီး အလွန်ဒုက္ခရောက်စေတဲ့ အယူမှားတစ်ခုပါ´ဟု ဘတ်ထားဖီးကပြောပါသည်။ လူသားတို့သည် ကျရှုံးနေသောသတ္တဝါများဖြစ်ပြီး အခြေခံအားဖြင့် မကောင်းမှုပြု၍အပြစ်ရှိကြောင်း (လု ၁၁း၁၃) သမ္မာကျမ်းစာက သင်ကြားပေးသောအရာ၊ ယေရှုခရစ်တော်သွန်သင်ခဲ့သည့်အရာကို ရှောင်ရှားရန်ကြိုးစားလျက် အမှားပြုမိသူများ၏အမှားကို သမိုင်းက သက်သေပြခဲ့ပြီးသကဲ့သို့ ဆက်၍လည်း သက်သေပြနေဦးမည်ဖြစ်သည်။ လူတို့သည် ဤချို့ယွင်းချက်ဖော်ထုတ်မှုကို မနှစ်သက်ကြသောကြောင့် ရှောင်ရှားရန် ကြိုးစားတတ်ကြသည်။

ပုံဆောင်ခြင်းတစ်ခု။ သင်၌ ကင်ဆာရှိခဲ့လျှင် (က) သင်၌ ကင်ဆာရှိကြောင်းနှင့် သင့်ကို ကုသနိုင်သည့် ခွဲစိတ်မှုလည်းရှိကြောင်း သင့်ကိုပြောပြရန် သို့မဟုတ် (ခ) အပေါ်ယံရောဂါစစ်ဆေးမှုခံယူလျက် အကိုက်အခဲပျောက်ဆေးအနည်းငယ်သာရရှိ၍ ရလဒ်အဖြစ် သေဆုံးသွားရန် - မည်သည့်အချက် သင်ပိုမိုနှစ်သက်မည်နည်း။

ယေရှုသည် ရောဂါစစ်ဆေးမှုကိုသာ လုပ်ဆောင်သည်မဟုတ်၊ ရောဂါစစ်ဆေးမှုရလဒ်နှင့်ကိုက်ညီသည့် ကယ်တင်ခြင်းတည်းဟူသော ကုသမှုကိုလည်း ပေးသည်။ ၎င်းသည် နောက်လာမည့်အခန်းတွင် ကျွန်ုပ်တို့နှလုံးသွင်းရမည့်ခေါင်းစဉ်ဖြစ်သည်။

**အပြစ်နှင့်သေခြင်း**

ယေရှုက ကမ္ဘာဦးကျမ်း ၃း၁၅ မှ ကတိတော်ကို မည်သို့ပြည့်စုံစေတော်မူခဲ့သနည်း။

အပြစ်၏စိုးရိမ်စရာကောင်းခြင်းနှင့်တန်ခိုးတို့ကို သင်မည်ကဲ့သို့သိရှိသွားခဲ့ပုံကို ဆွေးနွေးပါ။

ဖော်ပြထားသည့်ကဏ္ဍတစ်ခုစီ၌ လက်ရှိခေတ်ကာလတွင်တွေ့ရသည့် ကျရှုံးခြင်း၏အကျိုးဆက်များကို ခြေရာခံကြည့်ပါ။ ဂိညာဉ်ရေးနှင့်ကိုယ်ကျင့်တရားနှစ်မျိုးလုံးတွင် ဘုရားသခင်အပေါ် ယုံကြည်ခြင်းက မည်ကဲ့သို့ထူးခြားမှုတစ်ခု ဖြစ်စေနိုင်ပါသနည်း။

လူသည် ဘုရားသခင်မပါဘဲ ပရဒိသုဘုံသို့ပြန်လည်ရောက်ရှိအောင် ကြိုးပမ်းခဲ့သည့်သာဓကများ လူ့သမိုင်းတွင် ပြည့်နှက်လျက်ရှိသည်။ ထိုအကြောင်း ဆွေးနွေးပါ။

ယေရှုလုပ်ဆောင်ခဲ့သည့် အပြစ်ဆိုင်ရာရောဂါစစ်ဆေးမှုနှင့် လက်ဂါးကားတိုင်ပေါ်အသေခံတော်မူခြင်းတို့ မည်သည့်ဆက်နွယ်မှုရှိသည်ဟု သင်ထင်ပါသနည်း။

---

[2] စာမျက်နှာ ၁၄၀ နှင့် နောက်ပိုင်း

# အခန်း ၇

## ဘုရားသခင်အပေါ်နှင့်အနာဂါတ်အပေါ် ယုံကြည်ခြင်းလမ်းစဉ်

*ကျေးဇူးပြု၍ ကမ္ဘာဦးကျမ်း ၁၅း၁-၇ ကိုဖတ်ပါ။*

အချို့သောသူတို့သည် ဓမ္မဟောင်းကျမ်းကို ပထမဆုံးအကြိမ်ဖတ်မိသည့်အချိန်တွင် စိတ်အနှောင့်အယှက်မဖြစ်လျှင်လည်း အံ့သြမှုမျိုးခံစားတတ်ကြသည်။ ပထမအခန်းကြီး ၁၁ ခန်းနောက်ပိုင်းတွင် အားလုံးနီးပါးသည် ဂျူးလူမျိုးတို့နှင့်ပတ်သက်နေသည်။ ဘုရားသခင်သည် အဘယ့်ကြောင့် ဂျူးလူမျိုးတစ်မျိုးတည်းကို စိတ်ဝင်စားရသနည်းဟု လူတို့မေးတတ်ကြသည်။ ရာစုနှစ်များတစ်လျှောက်တွင် အစ္စရေးသေးသေးလေးထက်ပိုမိုကြီးမားသော အင်ပါရာကြီးများ မရှိခဲ့လေသလား။ ဘာကြောင့် အခြားသောဤတိုင်းပြည်များသည် စိတ်ဝင်စားမှုမခံရသနည်း။ ဘုရားသခင်က ၎င်းတို့ကို စိတ်မဝင်စား၍လား။

ဟုတ်ပါသည်။ ဘုရားသခင်စိတ်မဝင်စားခဲ့ပါ။ သမ္မာကျမ်းစာက ဘုရားသခင်သည် နေရာတိုင်းရှိ လူမျိုးအပေါင်းတို့ကို မူလစုံတွဲတစ်တွဲမှ ဖန်ဆင်းတော်မူကြောင်း (တ ၁၇း၂၆)၊ ဂျူးလူမျိုးနှင့် အခြားသောလူမျိုးများအားလုံးတို့၏ဘုရားသခင်ဖြစ်တော်မူကြောင်း (ရော ၃း၂၉)၊ မျက်နှာလိုက်ခြင်းရှိတော်မမူကြောင်း (တ ၁၀း၃၄-၃၆)နှင့် ကိုယ်တော်၏အလိုတော်မှာ လူအားလုံး ကယ်တင်ခြင်းခံရရန်ဖြစ်ကြောင်း (၁တိ ၂း၃-၇) ဖော်ပြထားသည်။ အခြားတစ်ဘက်တွင် ဘုရားသခင်သည် အစ္စရေးလူမျိုးကို သမိုင်းတွင် အထူးကဏ္ဍတစ်ခုအတွက် ရွေးချယ်တော်မူခဲ့သည်ဟု သမ္မာကျမ်းစာကဖော်ပြသည်။ ဤအချက်ကိုနားလည်ရန်အတွက် ကမ္ဘာဦးကျမ်းမှ လူ၏ကျရှုံးခန်းကို ပြန်လေ့လာကြရပါမည်။

### အစ္စရေးကို ဘုရားသခင်ရွေးကောက်တော်မူခြင်း၏ နောက်ခံအခြေအနေ

လူ့ဇာတိအပြစ်ကို ဘုရားသခင်နှင့်ဝေးသည့် ကိုယ်ကျင့်တရားနှင့်ဂိညာဉ်ရေးလွတ်လပ်မှု ဖြင့်ချိတ်ဆက်ရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့သတိရပါလိမ့်မည်။ ဘုရားသခင်သည် ခွင့်လွှတ်ခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်းလမ်းစဉ်ကို ချက်ချင်းပြသတော်မူခဲ့သော်လည်း အာဒံနှင့်ဧဝတို့၏မနာခံမှုသည် ဘုရားသခင်ထံမှဝေးကွာသည့်လွတ်လပ်မှုနှင့်ဆိုင်သည့် ပြင်းထန်သောအဆိပ်ကို လူ့မျိုးနွယ်ထဲသို့ ဖြည့်သွင်းလိုက်ပြီဖြစ်ကြောင်း မကြာမီမှာပင် ထင်ရှားပေါ်လွင်လာခဲ့သည်။

*ကာဣနနှင့်အာဗေလ* (က ၄း၁-၁၅)။ အာဗေလသည် ဘုရားသခင်၏ညွှန်ကြားချက်ကို ယုံကြည်ခြင်းဖြင့် တုန့်ပြန်လျက် ဘုရားသခင်အတည်ပြုထားသည့်ယဇ်ကိုယူဆောင်လာ၍ လက်ခံခြင်းခံခဲ့ရသည် (ဟေဗြဲ ၁၁း၄)။ ကာဣနသည် ဘုရားသခင်ထံသို့ မိမိပူဇော်မည့်ယဇ်ကိုယူဆောင်လာရာတွင် စိတ်ကြီးဝင်လျက် ယဇ်နှင့်ပတ်သက်သည့် ဘုရားသခင်၏ညွှန်ကြားချက်များကိုငြင်းပယ်ခဲ့ပြီး ဘုရားသခင်ကိုစိတ်ဆိုးလျက် မိမိညီအာဗေလကို သတ်ခဲ့သည်။

*ကာဣန၏အမျိုးအနွယ်* (က ၄း၁၆-၂၄)။ ဤကာလတွင် မြို့ပြတည်ဆောက်ခြင်း၊ တိရစ္ဆာန်မွေးမြူခြင်း၊ သတ္တုဗေဒ၊ နည်းပညာ၊ တေးဂီတနှင့် ကဗျာအလင်္ကာတို့ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ သို့သော် ကြမ်းကြုတ်မှုလည်း ပိုမိုကြီးထွားဆိုးရွားလာခဲ့သည်။ ယနေ့ခေတ်တွင်လည်း ထိုကြမ်းကြုတ်မှုကို ကျော်ကြားသောသီချင်း၏အကြောင်းအရာအဖြစ်ရေးစပ်လျက် အမွှမ်းတင်ကြသကဲ့

သို့ ရုပ်မြင်သံကြားအစဉ်နှင့်ရုပ်ရှင်ဇာတ်လမ်းများတွင်သာမက လူ့အသိုင်းအဝိုင်းထဲတွင် နည်းပညာတိုးတက်မြင့်မားမှုနှင့် ယဉ်ကျေးမှုအရ ခေတ်မီမှုတို့ပြသရန် ထိုကြမ်းကြုတ်မှုကို စဉ်ဆက်မပြတ်တင်ဆက်နေကြသည်။ လူငယ်လူရွယ်များသည် ဤကြမ်းကြုတ်မှုဖန်သားပြင်မှ မင်းသားမင်းသမီးများကို အတုယူအားကျလျက် ကြမ်းကြုတ်မှုကိုကျင့်သုံးမိနေကြသည်။

*ရေလွှမ်းမိုးသည့်မျိုးဆက်* (က ၆း၁-၇)။ ဤအချိန်တွင် ဂန္ဓီရပညာ၊ နတ်ဂိုဏ္ဍအတတ်များ၊ မကောင်းမှုနှင့်ကြမ်းကြုတ်မှုတို့၏ရလဒ်အဖြစ် လူသားထုတစ်ရပ်လုံးသည် အလွန်ယိုယွင်းဖောက်ပြန်နေပြီး ရုပ်ပိုင်းဆိုင်ရာနှင့်ကိုယ်ကျင့်တရားပိုင်းတွင် ပြုပြင်မရအောင်ပျက်စီးလာသည့် အခြေအနေထဲကျရောက်ခဲ့သည်။ အလားတူအရာများနှင့်ဆိုင်သည့် မျက်မှောက်ခေတ်နမူနာများ ယနေ့များပြားခြင်းမရှိပါဟု ကျွန်ုပ်တို့တွေးမိလျှင် မိုက်မဲရာကျပေလိမ့်မည်။

ဥယျာဉ်မှူးတစ်ဦးသည် မျိုးခံပင်ကောင်းကောင်းမွန်မွန်ကြီးထွားရန်အတွက် ရောဂါကျသည့်အပင်ကို ခုတ်ဖြတ်မည့်အချိန်အခါများရှိသည်။ ထိုနည်းတူပင် လူ့မျိုးနွယ်သည် ကောင်းမွန်စွာအစပြန်ပြုနိုင်စေရန် ဘုရားသခင်သည် မြေကြီးပေါ်သို့အလွန်ကြီးမား သောမိုးကိုရွာစေလျက် နောဧမိသားစုတစ်စုမှလွဲ၍ လူသားအားလုံးကိုဖျက်ဆီးတော်မူခဲ့သည်။

*ဗာဗီလုံမြို့နှင့်ဗာဗီလုံရဲတိုက်* (က ၁၁း၁-၉)။ ထိုရဲတိုက်သည် ziggurat ဟုခေါ်သော ပိရမစ်ပုံနတ်ဗိမာန်၏ကနဦးပုံစံဖြစ်နိုင်ပါသည်။ ထိုအချိန်တွင် ၎င်းသည် အလွန်အံ့သြချီးမွမ်းဖွယ်ဗိသုကာနှင့်နည်းပညာဖြစ်ခဲ့ပြီး လူသည် ကျရှုံးခဲ့သော်ငြားလည်း ဖန်ဆင်းရှင်၏ပုံသဏ္ဌာန်နှင့်ဖန်ဆင်းခံရခြင်း၏ သက်သေတစ်ခုဖြစ်သည်။ အဖြစ်ဆိုးမှာ ကြီးကျယ်သောဤလုပ်ဆောင်ချက်ကို မာနထောင်လွှားလျက် စိတ်ကြီးဝင်သောစိတ်သဘောထားနှင့် ဘုရားသခင်ထံမှကင်းကွာသော လွတ်လပ်မှုတို့ဖြင့်လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်သည်။ ယနေ့လည်း ထိုနည်းတူပင် အာကာသသို့သွားခြင်းသည် လူသားအား ဘုရားသခင်ပေးသည့်အရည်အချင်းတို့၏ အံ့မခမ်းစွမ်းဆောင်မှုတစ်ခုဖြစ်သည်။ သို့သော် ၎င်းတွင်ပါဝင်သူအချို့တို့က လကမ္ဘာကိုပတ်ပြီး လူတွေပျံသန်းကြပြီ။ ဘုရားသခင်ကို ဘယ်နေရာမှာမှ မတွေ့ကြဖူးဟု ဂါကြွားကြောင်းကြားရသည်မှာ စိတ်မကောင်းစရာဖြစ်သည်။ ထိုသို့သောသူသည် ရှိတ်စပီးယားရေးသားဖန်တီးသည့်ပြဇာတ်ကိုကြည့်ပြီး ပြဇာတ်၏မည်သည့်နေရာတွင်မျှ မတွေ့ရသောကြောင့် ရှိတ်စပီးယားဆိုတာမရှိခဲ့ပါဘူးဟု ကောက်ချက်ချသောသူနှင့်တူသည်။ ရှိတ်စပီးယားသည် သူရေးသားသည့်ပြဇာတ်၏အစိတ်အပိုင်းတစ်ခုမဟုတ်ခြင်းထက်ပင် ဘုရားသခင်သည် သူဖန်ဆင်းသောစကြဝဠာ၏အစိတ်အပိုင်းမဟုတ်ပေ။ သို့သော် ရှိတ်စပီးယားရေးသားသည့်ပြဇာတ်ကို သူကိုယ်တိုင်နှင့်အတူရှုစားရပြီး ထိုသို့သောပြဇာတ်မျိုးကို ကျွန်ုပ်တို့ကိုယ်တိုင်ရေးတတ်အောင် သူသင်ပေးမည်ဆိုလျှင် ဘယ်လောက်ပို၍ပျော်စရာကောင်းမည်နည်း။ ထိုသို့ဆိုလျှင် ဖန်ဆင်းရှင်အပေါ်မှီခိုမှုကင်းမှသာ သို့မဟုတ် ဖန်ဆင်းရှင်ကိုငြင်းပယ်မှသာ စကြဝဠာကိုအမှန်နားလည်လျက် အပြည့်အဝအသုံးပြုနိုင်မည်ဟု လူအချို့တို့ အဘယ့်ကြောင့်စဉ်းစားထင်မြင်နေကြသနည်း။

*ကျရှုံးခြင်း၏အဆိုးဆုံးရလဒ်* (ရော ၁း၁၉-၂၃ ကိုကြည့်ပါ)။ ဤသို့သောသူတို့သည် စစ်မှန်သည့်တစ်ဆူတည်းသော ဘုရားသခင် ဖန်ဆင်းရှင်အကြောင်းရှိသမျှကို ဖျောက်ပစ်ရန်ပင်ကြိုးစားသူများဖြစ်ကြသည်။ ရလဒ်တစ်ခုအနေဖြင့် သူတို့သည် အယူသီးမှုထဲ ကျရောက်သွားကြသည်။ သဘာဝ၏ဆင်ခြင်ခြင်းကင်းသည့်စွမ်းအားများကို နတ်ဘုရားအဖြစ်ကိုးကွယ်ကာ နေ၊ လ၊ မုန်တိုင်း၊ မျိုးအောင်ခြင်း၊ စသည်တို့နှင့်ဆိုင်သည့် နတ်ဘုရားများကို ကိုးကွယ်ခဲ့ကြသည်။ ဤနတ်ဘုရားများသည် လူ့စိတ်ကူးယဉ်မှု၏ရလဒ်များဖြစ်ကြပြီး သူတို့အချင်းချင်းထဲတွင် လူတို့ထက်ပင်

ကိုယ်ကျင့်တရားပိုင်းအားနည်းသည့်အပြုအမူအားဖြင့် သန္ဓေတည်လာသည့်နတ်ဘုရားများဖြစ်ကြသည်။ ထို့ကြောင့် ဤနတ်ဘုရားများကိုကိုးကွယ်ခြင်းကြောင့် လူသားတို့သည် ပို၍ပင်ယိုယွင်းလာခဲ့သည်။

ခေတ်ပေါ်ဘုရားမဲ့ဝါဒီများသည် အလားတူအမြင်ကို ကိုင်စွဲထားကြသည်။ သူတို့အဆိုအရ စကြဝဠာ၏ရည်ရွယ်ချက်မဲ့သော ပုဂ္ဂိုလ်မဟုတ်သည့် ဆင်ခြင်တုံတရားမဲ့စွမ်းအားများက လူသားမျိုးနွယ်ကိုဖြစ်တည်လာစေခဲ့သည်။ သူတို့က ၎င်းတို့ကို ရှေးခေတ်ရုပ်တုကိုးကွယ်သူများကဲ့သို့ ဘုရားများဟုမမှည့်ခေါ်ကြသော်လည်း သူတို့ရည်ညွှန်းလိုသောအရာမှာ အတူတူပင်ဖြစ်သည်။ ထို့ကြောင့် ဘုရားမဲ့ဝါဒီများ၌ စကြဝဠာတစ်ခုလုံးအတွက် အဆုံးစွန်မျှော်လင့်ချက်မရှိသကဲ့သို့ လူတစ်ဦးစီအတွက်လည်း သေခြင်းနောက်ပိုင်းမျှော်လင့်ချက် မရှိပေ။ အဘယ့်ကြောင့်ဆိုသော် သူတို့အဆိုအရ ယောက်ျားမိန်းမတို့ကိုဖြစ်ပေါ်စေသော ထိုပုဂ္ဂိုလ်မဲ့စွမ်းအားများကပင် တစ်နေ့သောအခါ လူသားမျိုးနွယ်နှင့်စကြဝဠာနှစ်ခုလုံးကို အကြောင်းမဲ့ဖျက်ဆီးမည်ဖြစ်သည်။ ထို့ကြောင့် ဆင်ခြင်တုံတရားရှိသောလူတို့သည် ဆင်ခြင်တုံတရားကင်းသည့်စွမ်းအားများ၏ ထုတ်ကုန်များ၊ ကျေးကျွန်များနှင့် မျှော်လင့်ချက်မဲ့သည့် အကျဉ်းသားများဖြစ်သည်ဟု သူတို့ဆိုကြသည်။

## အစ္စရေးကို ဘုရားသခင်ရွေးကောက်တော်မူခြင်း၏ ရည်ရွယ်ချက်


*ဘုရားသခင်၏ပြဿနာ*။ ဘုရားသခင်နှင့်ကင်းကွာလွတ်လပ်မှု၏မျှော်လင့်ချက်မဲ့ခြင်းထဲမှ လူကို ကိုယ်တော်မည်ကဲ့သို့ပြန်လည်ကယ်နှုတ်နိုင်မည်နည်း။ ဘုရားသခင်သည် လူမျိုးတို့ကို မိမိထံပြန်လှည့်လာစေလျက် ကောင်းချီးခံစားစေရန်အတွက် မိမိ၏အဖြစ်မှန်နှင့်ဘုန်းအသရေကိုလည်းကောင်း၊ မိမိနှင့်မိသဟာယဖွဲ့သောအသက်တာဖြင့်အသက်ရှင်သောသူတို့နှင့်ဆိုင်သော မျှော်လင့်ခြင်းကိုလည်းကောင်း လူမျိုးတို့အား မည်ကဲ့သို့ ထင်ရှားအောင်ပြသနိုင်မည်နည်း။

*ပြဿနာအတွက် ဘုရားသခင်၏အဖြေ*။ ကိုယ်တော်သည် အာဗြဟံတည်းဟူသော လူတစ်ဦးကို ရွေးကောက်လျက် သူ၏အမျိုးအနွယ်များမှ လူမျိုးသစ်တစ်မျိုးကို ဖြစ်ပေါ်စေကာ ထိုလူမျိုးအားဖြင့် လူမျိုးအပေါင်းတို့ထဲမှလူတို့ကို ဘုရားသခင်ထံပြန်လာစေပြီး ကောင်းချီးခံစားစေမည်ဖြစ်သည် (က၁၂း၃၊ ၂၂း၁၈၊ ၂၆း၄)။

*အာဗြဟံနှင့်အစ္စရေးကို ဘုရားသခင်ရွေးကောက်တော်မူခြင်း၏ အခြေခံအချက်*။ သူတို့သည် အခြားသူများထက် ပိုကောင်းကြ၍မဟုတ်ပါ။ အာဗြဟံကို ဘုရားသခင်သခင် မခေါ်ယူမီက သူသည် ရုပ်တိုကိုးကွယ်သူတစ်ဦးဖြစ်ခဲ့သည် (ယောရှု ၂၄း၁၄-၁၅)။ အစ္စရေးတို့သည်လည်း ခေါင်းမာမြဲမာခဲ့ကြသောကြောင့် သူတို့၏လွဲမှားသည့်အပြုအမူများကြောင့် သတိပေးခြင်းခံရကာ သူတို့၏အရေးကြီးသောအခန်းကဏ္ဍအရ အခြားသောလူမျိုးများထက် ပိုမိုပြင်းထန်စွာဆုံးမခြင်းကိုခံခဲ့ကြရသည် (တရား ၉း၆-၂၄၊ အာမုတ် ၃း၂)။

*အာဗြဟံနှင့်အစ္စရေးအတွက် ဘုရားအကြံအစည်တော်၏ရည်ရွယ်ချက်*။ ပထမအချက်အနေဖြင့် စစ်မှန်သောဘုရားသခင်ရှိတော်မူကြောင်း အသက်ရှင်သောသက်သေခံအဖြစ်နှင့်စကြဝဠာနှင့် ပတ်သက်၍ ရုပ်တုကိုးကွယ်မှုအမြင်ဖြင့်အဓိပ္ပါယ်ကောက်ယူခြင်းကို တားဆီးသူအဖြစ် ဘုရားသခင်သည် သူတို့ကိုရပ်တည်စေတော်မူခဲ့သည်။ ထိုအတွက် အစ္စရေးသည် ရာစုနှစ်များအတွင်း ထူးခြားမှုရှိခဲ့သည်။ ဒုတိယအချက်အနေဖြင့် အသက်ရှင်သောဘုရားသခင်နှင့်မိတ်သဟာယဖွဲ့လျက် သက်ရှင်ရခြင်းနှင့် ဘုရားသခင်၏ မေတ္တာတော်၊ တန်ခိုးတော်၊ ကယ်တင်ခြင်း၊ လမ်းပြခြင်းနှင့် ပညတ်ချက်များ အသက်တာ၌လက်တွေ့ခံစားရခြင်းတို့သည် မည်သို့အဓိပ္ပါယ်ရှိကြောင်း

သိစေသည့်နမူနာကိုပြသသဖြင့် လူမျိုးတကာထဲမှလူတို့သည် မြင်တွေ့လျက် ဘုရားသခင်နှင့် တစ်ဦးချင်း သိကျွမ်းခြင်းကို စိတ်ဝင်စားလာစေရန်ဖြစ်သည်။ တတိယအချက်အနေဖြင့် လောက သည် ကိုယ်တော်ထံသို့လာ၍ ကိုယ်တော့်ထံတွင် စစ်မှန်သောမျှော်လင့်ချက်ကိုတွေ့ရှိသည့်အခါ ကိုယ်တော်ကို ပြန်လည်သိရှိနိုင်စေရန်အတွက် အစ္စရေးကို လောကကယ်တင်ရှင်ကြွလာသည့် လမ်းကြောင်းအဖြစ် ရွေးကောက်တော်မူသည်။




အာဗြဟံ၏ခရီး

*အစီအစဉ်အောင်မြင်မှု။* ဂျူးလူမျိုးနှင့် အဓိကအားဖြင့် အာဗြဟံ၏အမျိုးအနွယ်အဖြစ်ဖွားမြင် လာသော ယေရှုခရစ်တော်အားဖြင့် ယခင်က နတ်နှင့်ရုပ်တုများကိုးကွယ်ခဲ့သူ သန်းနှင့်ချီသော လူတို့သည် အသက်ရှင်တော်မူသည့် တစ်ပါးတည်းသောဘုရားစစ်ဘုရားမှန်ထံသို့ ပို့ဆောင်ခြင်းခံ ရကြသည်။ ဤအချက်သည် ငြင်းမရသောသမိုင်းတစ်ခုပင်ဖြစ်သည်။ ကျွန်ုပ်တို့မျက်စိရှေ့ တွင်လည်း ထိုအတိုင်း ဆက်ဖြစ်နေဆဲပင်ဖြစ်သည်။

## အာဗြဟံကိုဘုရားသခင်ပေးသည့်သင်တန်း (က ၁၁း၂၆-၂၅း၁၁)

*အာဗြဟံ၏မျှော်လင့်ခြင်းကို နိုးကြားရှင်သန်လာစေခြင်း။* ပထမအနေဖြင့် ဘုရားသခင်သည် မိမိဘုန်းတော်ကို အာဗြဟံထံထင်ရှားစေခဲ့သည်။ ထို့နောက် သူနှင့်သူ့အမျိုးအနွယ်ကိုပေးမည်ဟု ဘုရားသခင်ကတိထားတော်မူသော ခါနန်ပြည်သို့ သူ့ကိုပို့တော်မူခဲ့သည်။ ထိုစဉ်တွင် ၎င်းကို သူတို့မပိုင်သေးပေ။ ရေကြည်ရာမျက်နုရာသာလှည့်လည်နေထိုင်ခဲ့ကြသည်။[3] အာဗြဟံအား သူ၏ အမျိုးအနွယ်တို့သည် ဝေးကွာသောအရပ်တွင် နှစ်ပေါင်းလေးရာကျွန်ခံရမည်ဖြစ်ကြောင်း၊ ထိုအခါ

[3] အာဗြဟံသည် မိမိဇနီး စာရာကိုမြှုပ်နှံခဲ့သည့် ဂူတစ်ခုပါသောမြေကွက်ငယ်တစ်ကွက်ကိုသာ မိမိဘဝတစ်လျှောက်တွင် ပိုင်ဆိုင်ခဲ့သည် (က ၂၃)။

ဘုရားသခင်သည် သူတို့ကိုလွတ်မြောက်စေလျက် ခါနန်ပြည်သို့ပြန်လည်ပို့ဆောင်ကာ ထိုပြည်ကို သူတို့အမွေအဖြစ်ပေးတော်မူမည်ဖြစ်ကြောင်း ပြောပြတော်မူခဲ့သည်။ ဤသို့သိရခြင်းက အာဗြ ဟံနှင့်သူ၏အမျိုးအနွယ်တို့ကို မျှော်လင့်ချက်ပေးခဲ့သည်။ သို့သော် ကြာညောင်းသည့် မျှော်လင့် ချက်ဖြစ်သည်။ လက်တွေ့ကျသောမေးခွန်းမှာ - ၎င်းကို သူတို့ယုံကြည်ရဲပါသလား။ ဘုရားသခင် ၏ကတိတော်ကိုယုံကြည်မှုဖြင့် ရာစုနှစ်နှင့်ချီလျက် ရေကြည်ရာမြက်နုရာလှည့်လည်နေထိုင် နိုင်ရန် ဘုရားသခင်ကို သူတို့အပြည့်အဝယုံကြည်နိုင်ပါသလား။ အာဒံနှင့်ဧဝတို့သည် ဧဒင်ဥ ယျာဉ်တွင် ဘုရားသခင်၏စကားကို မယုံကြည်နိုင်ခဲ့ကြပေ။ သန်းပေါင်းများစွာသောသူတို့သည် လည်း မယုံကြည်နိုင်ခဲ့ကြပေ။ အာဗြဟံနှင့်သူ၏အမျိုးအနွယ်တို့က ယုံကြည်နိုင်ပါမည်လား။ ထို့ပြင် ဤကတိတော်သည် အမှန်ဖြစ်လာပါမည်လား။

*အာဗြဟံ၏ယုံကြည်ခြင်းကိုစစ်ဆေးခြင်း* (က ၁၅-၂၂)။ ကတိတော်အပေါ် အာဗြဟံ၏ယုံ ကြည်ခြင်းသည် မကြာမီမှာပင် အခြေခံကျသည့်အခက်အခဲတစ်ခုနှင့်ကြုံခဲ့ရပါသည်။ အနာဂါတ် အမွေခံပေးမည်ဟု ဘုရားသခင်က သူ့ကိုကတိပေးသည့်အချိန်တွင် သူအိုမင်းနေပြီဖြစ်သည်။ သို့သော် သူ၌သားမရှိသေးပါ။ ကတိထားတော်မူသည့်အမွေကိုပိုင်ဆိုင်မည့် အမျိုးအနွယ်နှင့်ပတ် သက်၍ မျှော်လင့်ချက်မရှိ။ အာဗြဟံသည် သူ့အား သားပေးမည်ဟုကတိပေးတော်မူသော ဘုရား သခင်ကို စကားပြောတော်မူလျက် ဘုရားသခင်က ကတိပေးတော်မူသည့်တဒင်္ဂအတွင်းမှာပင် ဘုရားသခင်ကို သူယုံကြည်ခဲ့သည် (က ၁၅း၆)။ သို့သော် ဘုရားသခင်သည် ကတိတော်ကို ချက်ချင်းမပြည့်စုံစေခဲ့ပါ။ စာရာသည် မြုံနေ၏။ ထို့ကြောင့် ဘုရားသခင်သည် မိမိက တိတော်ကိုပြည့်စုံစေရန်အတွက် အာဗြဟံသည် ကျွန်မတစ်ယောက်ကိုယူပြီး သူနှင့် သားတစ်ဦး ရခဲ့သည်။ သို့သော် ဘုရားသခင်က ဤသားကို မိမိကတိထားသောသားအဖြစ် လက်မခံဘဲ အာဗြဟံနှင့်စာရာအား ရုပ်ပိုင်းဆိုင်ရာအရ မိဘဖြစ်ရန်မဖြစ်နိုင်တော့သည့်အချိန်အထိ စောင့်စေ ခဲ့သည်။ ထိုသို့အားဖြင့် အာဗြဟံက မိမိ၏အစွမ်းအစများသည် အသုံးမဝင်ကြောင်း ရှင်းရှင်း လင်းလင်း သိမြင်လာခဲ့သည်။ ဘုရားသခင်ကတိထားသော အမျိုးအနွယ်နှင့်အမွေခံတို့ အမှန်ရှိ လာရန်အတွက် ဘုရားသခင်သည် အံ့ဖွယ်နမိတ်လက္ခဏာကိုပြုလျက် အသေနှင့်တူနေသည့် သူတို့ကိုယ်ခန္ဓာကို အသက်သစ်ယူဆောင်လာပေးရမည်ဖြစ်သည်။ အာဗြဟံ ထိုသို့မလုပ်နိုင်ပေ။ ၎င်းကို အာဗြဟံယုံကြည်ခဲ့၍ အံ့ဖွယ်နမိတ်လက္ခဏာအမှန်ပင်ဖြစ်ပေါ်လာခဲ့သည်။ ကတိထား သည့်အတိုင်း သားရခဲ့သည်။ အာဗြဟံသေဆုံးပြီး ရာစုနှစ်များစွာကြာသည့်အခါ အမွေခံနှင့်ပတ် သက်သည့် ရေရှည်ကတိတော်လည်း ပြည့်စုံခဲ့သည်။

*အာဗြဟံ၏ယုံကြည်ခြင်းကိုစစ်ဆေးခြင်းအတွက် ရည်ရွယ်ချက်*။ ဘုရားသခင်ထံမှ ကင်းလွတ် ခြင်းအားဖြင့်ဖြစ်ပေါ်လာလျက် လူသားမျိုးနွယ်ကို ကျရှုံးပျက်စီးစေကာ သေခြင်းကိုဖြစ်ပေါ်စေ သည့် လူတို့၏ဇာတိအပြစ်အကြောင်း ကျွန်ုပ်တို့မှတ်မိကြသည်။ ယခု စစ်မှန်သောအသက်နှင့် အ နာဂါတ်အတွက်မျှော်လင့်ခြင်းကိုပြန်ရရှိစေသည့်လမ်းစဉ်ဆိုင်ရာ ပထမအခြေခံနိယာမကို အာဗြဟံ အား ဘုရားသခင်သင်ကြားပေးတော်မူပြီဖြစ်သည်။ ထိုနိယာမမှာ ဘုရားသခင်အပေါ်လုံးလုံးမှီခို ခြင်းနှင့် သူနှင့်သူ့ကတိတော်များအပေါ်ယုံကြည်ခြင်းပင်ဖြစ်သည်။

## အာဗြဟံ၏အတွေ့အကြုံမှ တစ်လောကလုံးရယူရမည့်သင်ခန်းစာ

*အာဗြဟံအား ဘုရားသခင်ပေးသည့် ကတိတော်သည် မှန်ကန်ခဲ့ကြောင်း သမိုင်းကသက်သေ ထူပြီဖြစ်သည်။* သူ၏သားမြေးတို့သည် ခါနန်ပြည်ကို အမှန်ပင်ဆက်ခံခဲ့ကြသည်။ နောက်ပိုင်း

တွင် တစ်ချိန်ပြီးတစ်ချိန် ဘုရားသခင်သည် သူတို့ကို ပြည်တော်မှထွက်ခွာစေသည့်အခါများ ရှိခဲ့သော်လည်း ကတိတော်အတိုင်း နောက်ဆုံးတွင် သူတို့ကိုနဂိုအတိုင်းပြန်လည်ပေးအပ်တော်မူမည်ဆိုသည့်ကတိတော်ကို ပြည့်စုံစေတော်မူမည်ဖြစ်သည်။

အာဗြဟံနှင့်သူ၏အမျိုးအနွယ်အားဖြင့် တစ်လောကလုံးကောင်းချီးခံစားရမည်ဆိုသောကတိတော်သည် အာဗြဟံနှင့်သူ့သား ဣဇက်တို့မှ ဆင်းသက်လာသူ လောက၏ကယ်တင်ရှင် ယေရှုခရစ်တော်၏ဖွားမြင်ခြင်းအားဖြင့် စိတ်ဝင်စားဖွယ်ပြည့်စုံခဲ့ပြီဖြစ်သည်။ အာဗြဟံ၏အတွေ့အကြုံကသားသမီးမရှိသူများသည် ဘုရားသခင်ကို ယုံကြည်စိတ်ချမှသာ ကလေးရနိုင်မည်ဟု မဆိုလိုပါ။ သို့သော် ဓမ္မသစ်ကျမ်းတွင် ၎င်းကို လူသားထုအားလုံးအတွက် နမူနာတစ်ခုအဖြစ် ကိုးကားဖော်ပြထားသည်။ ကမ္ဘာဦးကျမ်း ၁၅း၆ တွင် အာဗြဟံသည် မိမိနှင့်မိမိ၏လုပ်ဆောင်မှုအပေါ် မယုံကြည်ဘဲ သေခြင်းထဲမှအသက်ကိုဖြစ်ပေါ်စေနိုင်သောဘုရားသခင်၏ နှုတ်ကပတ်တော်ကို လုံးလုံးယုံကြည်ရန် သင်ခန်းစာယူခဲ့သောကြောင့် ဖြောင့်မတ်သူအဖြစ်အသိအမှတ်ပြုခြင်းခံခဲ့ရသည်ဟု ဖော်ပြထားသည်။ ရောမ ၄း၁-၅၊ ၁၉-၂၅ ကလည်း ကျွန်ုပ်တို့သည် မိမိတို့၏ကိုယ်ပိုင်ကုသိုလ်ကောင်းမှုအပေါ် မမှီခိုဘဲ ယေရှုခရစ်တော်ကို သေခြင်းမှထမြောက်စေတော်မူသောဘုရားသခင်ကို ယုံကြည်စိတ်ချရန် သင်ခန်းစာယူကြပါက ယုံကြည်ခြင်းသက်သက်ဖြင့် ဖြောင့်မတ်သည်ဟု အသိအမှတ်ပြုခံရပြီး ထာဝရအသက်လက်ဆောင်ကို ရရှိနိုင်သည်ဟု ပြောထားသည်။

**ယုံကြည်ခြင်းနှင့်ဆိုင်သောနာခံခြင်း**

ကာဣနသည် အဘယ့်ကြောင့် ဘုရားသခင်မိန့်တော်မူသည့်အတိုင်း လုပ်ဆောင်ရန် ငြင်းဆန်ခဲ့သည်ဟု သင်ထင်သနည်း။

AIDSပြန့်ပွားမှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့မည်သည့်သင်ခန်းစာရယူနိုင်သနည်း။

ရုပ်မြင်သံကြားနှင့်ဗွီဒီယိုတို့သည် ကိုယ်ကျင့်တရားကိုပျက်ပြားစေနိုင်ပါသည်။ ဆွေးနွေးပါ။

ဘုရားသခင်ကိုယုံကြည်ခြင်းတွင်ပါဝင်သောအရာကို ကျွန်ုပ်တို့နားလည်နိုင်ရန် နောဧ၏အသက်တာက ကျွန်ုပ်တို့ကို မည်သို့ကူညီနိုင်သနည်း (ဟေဗြဲ ၁၁း၇ ကိုကြည့်ပါ)။ နောဧနှင့်ပတ်သက်၍ မည်သည့်သာဓကကို ယေရှုအသုံးပြုတော်မူခဲ့သနည်း (လု ၁၇း၂၆-၂၇ ကိုကြည့်ပါ)။

Jean-Paul Sartre က `ဘုရားမဲ့ဝါဒသည် အကြင်နာမဲ့သော ရေရှည်လုပ်ငန်းတစ်ခုဖြစ်သည်´[4] ဟု ဆိုထားသည်။ ဆွေးနွေးပါ။

အာဗြဟံသည် ဘုရားသခင်ကိုယုံကြည်သည်ဟု သင်အဘယ့်ကြောင့်ထင်သနည်း။ ယုံကြည်ခြင်းသည် အမှန်တကယ်ဘာကိုဆိုလိုကြောင်းနားလည်နိုင်ရန် သူ၏ယုံကြည်ခြင်းစံနမူနာက ကျွန်ုပ်တို့ကို မည်ကဲ့သို့ကူညီပေးနိုင်သနည်း။

[4] *Words*, စာ-၁၅၇။

# အခန်း ၈

# လွတ်လပ်မှုနှင့်ပညတ်တရား

*ကျေးဇူးပြု၍ ထွက်မြောက်ရာကျမ်း ၂၀း၁-၁၇ ကိုဖတ်ပါ။*

ရှေးအစ္စရေးလူမျိုးတို့အား မောရှေမှတစ်ဆင့် ဘုရားသခင်ပေးတော်မူခဲ့သော ပညတ်တရား၏ အကျဉ်းချုပ်ကို ဤအခန်းတွင် လေ့လာကြမည်ဖြစ်သည်။ ပညတ်တော် (၁၀) ပါးသည် လူသန်းပေါင်း များစွာအပေါ် ယဉ်ကျေးသိမ်မွေ့ခြင်းဆိုင်ရာလွှမ်းမိုးမှုရှိလျက် ကမ္ဘာတစ်လွှားသို့ပြန့်နှံ့ကာ လူမျိုး အားလုံးတို့က မိမိတို့ကိုယ်ကျင့်တရားဆိုင်ရာကိုဥပဒေ၏အခြေခံအဖြစ် လက်ခံထားကြသည်။

`လွတ်လပ်မှုနှင့်ပညတ်တရား´ဆိုသည့် ကျွန်ုပ်တို့၏ခေါင်းစဉ်သည် ထူးဆန်းနေသယောင်ရှိ နိုင်ပါသည်။ လွတ်လပ်မှုသည် မိမိနှစ်သက်ရာကိုလွတ်လပ်စွာလုပ်နိုင်ခြင်းဖြစ်ပြီး ပညတ်တရားက ချုပ်ချယ်ကန့်သတ်ခြင်း သို့မဟုတ် လွတ်လပ်မှုကို ဖျက်သိမ်းခြင်းပြုတတ်သည်ဟုဆိုသည့် လူများ စွာအတွက် ပညတ်တရားသည် လွတ်လပ်မှုနှင့်ဆန့်ကျင်သည့်အရာဖြစ်နေတတ်သည်။ သို့သော် ၎င်းသည် အပေါ်ယံအတွေးမျိုးဖြစ်သည်။ လွတ်လပ်မှုကို အကျိုးရှိရှိ ပျော်ပျော်ရွှင်ရွှင်အသုံးပြု နိုင်ရန် တရားဥပဒေတည်းဟူသော ပညတ်ချက်များလိုအပ်သည်။ ဥပမာအနေဖြင့် ကျွန်ုပ်တို့သည် ညအခါ လမ်းများပေါ်တွင် ကြောက်ရွံ့မှုကင်းစွာ လွတ်လွတ်လပ်လပ်သွားလာနိုင်ရန်အတွက် ရိုက်နက်လုယက်မှုနှင့်လူသတ်မှုတို့ကို တားမြစ်သည့်တရားဥပဒေများကို နိုင်ငံတော်ကထုတ်ပြန် ထားရမည်ဖြစ်သည်။

အချို့က `ဟုတ်ပါတယ်။ ဒါပေမဲ့ နိုင်ငံတော်ရဲ့တရားဥပဒေဆိုတာ နိုင်ငံသားအများစုရဲ့ သ ဘောတူညီချက်နဲ့ ချမှတ်တာဖြစ်တယ် (အာဏာရှင်အုပ်ချုပ်မှုကလွဲရင်ပေါ့)။ ဒါကြောင့် တရားဥပ ဒေဆိုတာ (လုပ်ခဲ့တဲ့အရာမဟုတ်ဘဲ) ကျွန်ုပ်တို့လုပ်ချင်တဲ့အရာတွေကို ထုတ်ပြန်ကြေညာတာ သက်သက်ဘဲ။ ဒါပေမဲ့ ပညတ်တော် (၁၀) ပါးဆိုတာ ဘုရားသခင်က ချမှတ်ပေးတဲ့ခဲ့တာလို့ဆို တယ်။ ဒီအဆိုကို ကျွန်တော်တို့လက်ခံရင် ဒါကို ကျွန်တော်တို့ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ ဘုရားသခင်ပြောထားတဲ့အရာဖြစ်တဲ့အတွက် ကျွန်တော်တို့လက်ခံနာခံရမယ်။ ဒါဆို ကျွန် တော်တို့ရဲ့ ပုဂ္ဂိုလ်ရေးလွတ်လပ်မှုအဆုံးသတ်သွားမယ်မဟုတ်လား´ဟု ပြောနိုင်ပါသည်။

သို့သော် ပြန်စဉ်းစားပါ။ သဘာဝ၏ဥပဒေသများကို ကျွန်ုပ်တို့ဘေးဖယ်လိုက်ခြင်းမဟုတ်ပါ။ မှန်ပါသည် - ၎င်းတို့အပေါ် ကျွန်ုပ်တို့လေးစားမှုရှိပါသည်။ ကျွန်ုပ်တို့မလေးစားလျှင် မိမိကိုယ်ကိုယ် ဖျက်ဆီးနေခြင်းဖြစ်ပါမည်။ သို့သော် ထိုသို့လေးစားတန်ဖိုးထားရခြင်းက ကျွန်ုပ်တို့၏လွတ်လပ်မှု ကို ပေးရောက်စေသည်ဟု ကျွန်ုပ်တို့စောဒကမတက်ပါ။ သဘာဝ၏ဥပဒေသများကို ကရုမစိုက် လျှင် ဘဝရှင်သန်ဖို့မဖြစ်နိုင်ပါ။

အနုမြူဓါတ်ပေါင်းဖိုကို ကျွန်ုပ်တို့ကောင်းစွာလုံလုံလောက်လောက်ကရုမစိုက်လျှင် ရုပဗေဒ နိယာမတရားက ၁၉၈၆ တွင်ဖြစ်ပျက်ခဲ့သည့် ယခင်ဆိုဗီယက် ချာနိဘာလ်မတော်တဆမှုနှင့် ၂၀၁၁ တွင်ကြုံရသည့် ဂျပန် ဖူကူရှီးမားမတော်တဆမှုတို့လိုမျိုး အဖြစ်အပျက်များဖြစ်ပေါ်စေသည်။ စီးက ရက်ကို အဆက်မပြတ်သောက်မည်ဆိုလျှင် ကျွန်ုပ်တို့သေရမည့်အချိန်ထက်စော၍ အဆုတ်ကင် ဆာဖြင့်သေသွားမည်ဖြစ်သည်။ သဘာဝတရား၏ ရုပဗေဒဆိုင်ရာဥပဒေသတို့မှန်ကန်နေခြင်း

သည် ဖန်ဆင်းရှင်ဘုရားသခင်ချမှတ်ထားသော ကိုယ်ကျင့်တရားပိုင်းဆိုင်ရာဥပဒေသတို့မှန်ကန်နေခြင်းပင်ဖြစ်သည်။ ဤဥပဒေသများချမှတ်ခြင်းနှင့်ပတ်သက်၍လည်း ကျွန်ုပ်တို့ပြောစရာမရှိပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ကိုကျွန်ုပ်တို့ဖန်ဆင်းထားသည်မဟုတ်။ သို့သော် ကျွန်ုပ်တို့ကို ဖန်ဆင်းသောအရှင်က ကျွန်ုပ်တို့၏လွတ်လပ်မှုကိုချုပ်ခြယ်ရန် ဤဥပဒေသများကို ချမှတ်ခဲ့သည် မဟုတ်ဘဲ ကျွန်ုပ်တို့၏လွတ်လပ်မှုကိုထိန်းသိမ်းစောင့်ရှောက်ပေးရန်နှင့် ကျွန်ုပ်တို့၏ဂုဏ်မြောက်မှုကို အမြင့်မားဆုံးဖြစ်စေရန်ဖြစ်သည်။ ယခု အစ္စရေးတို့၏နမူနာကိုလေ့လာခြင်းဖြင့် ထိုအချက်ကို ကျွန်ုပ်တို့တွေ့မြင်ရမည်ဖြစ်သည်။

## ဘုရားသခင်က မိမိချမှတ်သောပညတ်များကို အစ္စရေးတို့အားလိုက်နာစေရခြင်း၏အခြေခံအချက်

*ပညတ်တော်ဆယ်ပါးအတွက်နိဒါန်း* (ထွက် ၂၀း၂)။ ဤနေရာတွင် ဘုရားသခင်က မိမိ၏ပညတ်တော်ကို မိတ်ဆက်ပေးလိုက်သည့်အပြင် ဘာကြောင့်အစ္စရေးတို့က ဤပညတ်ချက်တို့ကိုလိုက်နာသင့်ကြောင်းကိုလည်း ပြောပြထားသည် - `ငါသည် သင့်ကို ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ ကယ်နှုတ်ဆောင်ယူခဲ့ပြီးသော သင်၏ဘုရားသခင်ထာဝရဘုရားဖြစ်၏´။

ဤသို့ဖြင့် သူတို့သည် အီဂျစ်ပြည်တွင် အတင်းအဓမ္မအလုပ်ခိုင်းစေခံရသော ကျေးကျွန်များဖြစ်ခဲ့ကြကြောင်းနှင့် သူတို့ကိုလွတ်မြောက်စေသူမှာ မိမိကိုယ်တိုင်ပင်ဖြစ်တော်မူကြောင်း သူတို့ကို ပြန်လည်သတိရစေတော်မူခဲ့သည်။ ကိုယ်တော်သည် လွတ်မြောက်ခြင်းကိုပေးသောဘုရားဖြစ်တော်မူသည်။ ကိုယ်တော်သည် သူတို့ကို ကျေးကျွန်ဖြစ်ခြင်းတစ်မျိုးမှ လွတ်မြောက်မှုပေးပြီး အခြားတစ်နည်းဖြင့် သူတို့ကိုကျေးကျွန်ဖြစ်စေရန် ကိုယ်တော်မရည်ရွယ်ပါ။ သူကိုယ်တိုင်ပေးအပ်ခဲ့သည့်လွတ်မြောက်မှုကို ထိန်းသိမ်းရန်နှင့် ကြီးထွားစေရန် မိမိ၏ပညတ်တော်ကို သူတို့အား အပ်နင်းတော်မူခြင်းဖြစ်သည်။ သူတို့သည် ကိုယ်တော်၏ပညတ်တော်ကိုစောင့်ထိန်းရန်ငြင်းဆန်မည်ဆိုလျှင် သူတို့ကိုသတိပေးထားတော်မူသည့်အတိုင်း (တရား ၂၉) ကိုယ်ကျင့်တရားနှင့် ဂိညာဉ်ရေးဆိုင်ရာပျက်စီးယိုယွင်းမှုဖြစ်ပေါ်လာကာ ထာဝရဘုရားကိုမသိသော အိမ်နီးချင်းနိုင်ငံများ၏ တန်ခိုးအာဏာအောက် ကျရောက်သွားနိုင်ပါသည်။

*သမိုင်းကြောင်းဆိုင်ရာနောက်ကြောင်းပြန်ပြကွက်။* အစ္စရေးတို့ အီဂျစ်ပြည်သို့ရောက်ရှိလာပုံ၊ အီဂျစ်ပြည်သားများက သူတို့ကိုကျွန်ပြုပုံနှင့် ဘုရားသခင်က သူတို့ကိုလွတ်မြောက်စေခဲ့ပုံတို့ကို ကမ္ဘာဦးကျမ်း ၃၇ မှ ထွက်မြောက်ရာကျမ်း ၁၅ အထိ ဖော်ပြထားသည်။ ထိုသမိုင်းတွင် မည်သည့်အရာမှ မတော်တဆဖြစ်ပျက်ခဲ့သည့်အရာမဟုတ်ပေ။ တကယ်တမ်းတွင် ရှေးနှစ်ပေါင်းများစွာကတည်းက ဘုရားသခင်သည် အာဗြဟံအား သူ၏သားမြေးတို့သည် တိုင်းတစ်ပါးတွင် ဖိနှိပ်ခြင်းခံရမည်ဖြစ်ကြောင်းနှင့် ဘုရားသခင်သည် သူတို့ကိုလွတ်မြောက်စေမည်ဖြစ်ကြောင်း မိန့်ကြားတော်မူခဲ့ပြီးဖြစ်သည် (က ၁၅း၁၃-၁၄)။

*အီဂျစ်ပြည်၌ အစ္စရေးလူမျိုးကျွန်ခံရခြင်း၏သဘောသဘာဝ။* လူမျိုးငယ်တစ်ခုဖြစ်သော အစ္စရေးသည် အီဂျစ်လူမျိုးတို့၏ နိုင်ငံရေးအရဖိနှိပ်မှုကိုခံရခဲ့ကြသည်။ ဖာရောဘုရင်များ (အီဂျစ်ပြည်ကို အုပ်ချုပ်သူများ) ထဲမှ တစ်ပါးက အစ္စရေးတို့ကို လူမျိုးတုံးသတ်ဖြတ်ရန်ကြိုးစားခဲ့သည်။ ဘုရားသခင်၏ညွှန်ကြားတော်မူချက်အရနှင့် သူတို့၏စိတ်ဆန္ဒအရ ဘုရားသခင်ကို သူတို့ကွယ်ဝတ်ပြုရန် အီဂျစ်ပြည်အစိုးရက သူတို့ကို ခွင့်မပြုခဲ့ပေ။ ထိုသို့သော ဂိညာဉ်ရေးကျေးကျွန်ပြုခြင်းသည် အဆိုးဆုံးသော လူတို့ကြုံရသည့်သူ့ကျွန်ဘဝရောက်ခြင်းဖြစ်သည်။ ၎င်းသည် ကိုယ်ခန္ဓာကိုသာ

မက စိတ်ဝိညာဉ်ကိုပါ အချုပ်ကျစေလျက် ဆုတ်ယုတ်ကုန်ခန်းစေသည်။

*ဘုရားသခင်က အစ္စရေးတို့ကို လွတ်မြောက်စေသောနည်းလမ်း။* အစ္စရေးတို့ အီဂျစ်ပြည်မှ ထွက်ခွာနိုင်ရန် လွတ်လပ်ရေးအတွက် အစ္စရေးတို့၏ပါဝင်တိုက်ခိုက်မှုကို ဘုရားသခင်မလိုအပ်ခဲ့ပါ။ သူတို့၏ချိနဲ့နေသောအခြေအနေက သူတို့ထိုသို့လုပ်ဆောင်ရန် မဖြစ်စေနိုင်ပါ။ လွတ်လပ်ရေးအတွက် ဘုရားကိုယ်တော်တိုင်က အားလုံးကိုလုပ်ဆောင်ပေးခဲ့သည်။ ပထမအနေဖြင့် အီဂျစ်ပြည်ခံရမည့်တရားစီရင်မှုအတွက် မိမိ၏ဖျက်ဆီးတတ်သောတမန်များကို စေလွှတ်တော်မူခဲ့သည်။ ထို့နောက် အီဂျစ်စစ်တပ်ကို ပင်လယ်နီထဲတွင် နစ်မြုပ်သွားစေရန် သဘာဝတရား၏စွမ်းအားများကို အသုံးပြုတော်မူခဲ့သည်။ အစ္စရေးတို့၏တာဝန်မှာ ဘုရားသခင်ပြင်ဆင်ပေးသည့်လွတ်လပ်ရေးကို လက်ခံကြရန်သာဖြစ်သည်။ မိမိတို့လွတ်လပ်ရေးရရှိရန်ဆိုလျက် ဘုရားသခင်၏ပညတ်တော်ကိုစောင့်ထိန်းရန်လည်း မလိုအပ်ခဲ့ပေ။ လွတ်မြောက်ခြင်း၊ ရွေးနုတ်ကယ်တင်ခြင်း၊ လွတ်လပ်ခြင်း - ဤအရာအားလုံးသည် အခမဲ့ရရှိသည့်လက်ဆောင်များဖြစ်သည်။ သို့သော် သူတို့ကိုလွတ်မြောက်စေပြီးသောအခါ သူတို့အတွက် ဘုရားသခင်ချမှတ်ထားသောပညတ်တော်ကို သူတို့လိုက်နာရမည်ဖြစ်သည်။ ဤသည်မှာ သူတို့ကို ကန့်သတ်ထိန်းချုပ်လို၍မဟုတ်ဘဲ သူတို့၏လွတ်လပ်မှုကို သူတို့အပြည့်အဝခံစားနိုင်ရန်အတွက်ဖြစ်သည်။

*အားလုံးအတွက်သင်ခန်းစာတစ်ခု။* ဓမ္မသစ်ကျမ်းက အပြစ်တရားသည် ကျွန်ုပ်တို့အားလုံးကို ကျွန်ဘဝရောက်စေကြောင်းဖော်ပြရန် အစ္စရေးတို့၏ဤအတွေ့အကြုံကို အသုံးပြုထားသည်။ ကျွန်ုပ်တို့အပြစ်များကြောင့် အပြစ်ရှိခြင်းသည် ကျွန်ုပ်တို့ကို အတိတ်နှင့်နှောင်ကြိုးဖွဲ့ထားသည်။ ထိုနှောင်ကြိုးကိုမဖြတ်တောက်နိုင်ပါက ဘုရားသခင်၏တရားစီရင်ခြင်းကို ကျွန်ုပ်တို့တွေ့ကြုံခံစားရမည်ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်တို့သည် အစ္စရေးလူမျိုးနည်းတူ မိမိကိုယ်ကိုယ်မကယ်တင်နိုင်သကဲ့သို့ ဘုရားသခင်၏ပညတ်တော်လိုက်နာရန်ကြိုးစားခြင်းဖြင့် မိမိကောင်းမှုကုသိုလ်နှင့်လည်း ကယ်တင်ခြင်းမရနိုင်ပေ (ဧဖက် ၂း၈-၉)။ သို့သော် ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ကယ်တင်ခြင်းရှိပါသည်။ ပဿခါသိုးသငယ်ယဇ်နှင့်အသွေးသည် အစ္စရေးလူမျိုးတို့ကို ဘုရားသခင်၏ဖျက်ဆီးတမန်ထံမှ ကယ်တင်ခဲ့သကဲ့သို့ (ထွက် ၁၂ မှအဖြစ်အပျက်ကိုကြည့်ပါ) ဘုရားသခင်၏သိုးသငယ်၊ ခရစ်တော်ပူဇော်သောယဇ်အားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို အပြစ်မှကယ်တင်တော်မူသည်။ ထို့ပြင် ဘုရားသခင်သည် မိမိ၏အုံ့ဖွယ်တန်ခိုးတော်အားဖြင့် စာတန်၏လက်မှ ကျွန်ုပ်တို့ကို ကယ်တင်တော်မူသည် (တ ၂၆း၁၈၊ ကော ၁း၁၃)။ ကျွန်ုပ်တို့သည် ဤလွတ်မြောက်မှုကို ခံစားရလျက် ကျွန်ုပ်တို့၏လွတ်လပ်မှုကိုလက်ခံရရှိကြပြီဆိုလျှင် ဘုရားသခင်က သူတို့ပညတ်တော်ကို လိုက်လျှောက်ခြင်းဖြင့် ကျွန်ုပ်တို့၏ကျေးဇူးတင်သောစိတ်ကို ပြသစေလိုသည် (ယော ၁၄း၂၁၊ ရော ၈း၃-၄)။

## ပညတ်တော်ဆယ်ပါး၏နိယာမများ

*ချစ်ခြင်းမေတ္တာ၏အခြေခံနိယာမ။* ပညတ်တော်ဆယ်ပါးအားလုံး၏ဝှပ်နေသောအကြောင်းရင်းမှာ ချစ်ခြင်းမေတ္တာ၏အခြေခံနိယာမပင်ဖြစ်သည်။ ပထမ - ဘုရားသခင်ကိုချစ်ခြင်း၊ ဒုတိယ - မိမိဂုဏ်းကျင်၌ရှိသောသူတို့ကိုချစ်ခြင်း။ ထို့ကြောင့် ဓမ္မဟောင်းကျမ်းမှ တရားဟောရာကျမ်းက ဤအချက်ကို `အို ဣသရေလအမျိုး၊ နားထောင်လော့။ ငါတို့၏ ဘုရားသခင်ထာဝရဘုရားသည် တဆူတည်းသော ထာဝရဘုရား ဖြစ်တော်မူ၏။ သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှနှင့်ချစ်လော့´ဟု အကျဉ်းချုပ်ထားသည် (တရား ၆း၄-၅)။ ပထမပညတ်တော်လေးပါးက ဘုရားသခင်ကိုချစ်ကြောင်း မည်သို့ပြသရမည်ကိုဖော်ပြသည်။ ဓမ္မဟောင်း

ကျမ်းမှ ဂတ်ပြုရာကျမ်းက ပညတ်တရား၏အခြားသောကြီးမြတ်သည့်နိယာမကိုဖော်ပြထားသည် - `ကိုယ်နှင့်စပ်ဆိုင်သောသူ(ကိုယ်ဂန်းကျင်၌ရှိသောသူ)ကို ကိုယ်နှင့်အမျှ ချစ်ရမည်´ (၁၉း၁၈)။ နောက်ပိုင်းပညတ်တော်ခြောက်ပါးက မိမိဂန်းကျင်၌ရှိသောသူကိုချစ်ကြောင်း မည်သို့ပြသရမည်ကိုဖော်ပြသည်။

ဤအချက်က အရေးကြီးသောအရာများကို ဖော်ပြပေးသည်-

(က) ဘုရားသခင်၏ပညတ်တော်သည် ခက်ခဲ၍ ဥပဒေကြောင်းအတိုင်းလိုက်လွန်းသော ကျင့်ဂတ်စည်းကမ်းမဟုတ်။ ၎င်း၏အစတည်ရာသည် ချစ်ခြင်းမေတ္တာဖြစ်သည်။

(ခ) ဘုရားသခင်၏ပညတ်တော်သည် တစ်ဘက်စောင်းနင်းမဖြစ်။ ဘုရားသခင်ကိုချစ်လျှင် ၎င်းကို လူသားအချင်းချင်းချစ်ခြင်းက လိုက်လာသည်။ ဘုရားသခင်အပေါ် ချစ်ခြင်း၌အခြေမခံထားသော လူအချင်းချင်းချစ်ခြင်းသည် စစ်မှန်သောချစ်ခြင်းမေတ္တာမဟုတ်ပေ။ ထို့ကြောင့် ဓမ္မသစ်ကျမ်းက `ငါတို့သည် ဘုရားသခင်ကိုချစ်၍၊ ပညတ်တော်တို့ကို စောင့်ကြည့်လျှင်၊ ဘုရားသခင်၏သားတို့ကို ချစ်ကြသည်ကို ငါတို့သိရကြ၏´ ဟု ဖော်ပြထားသည် (၁ ယော ၅း၂)။ တစ်နည်းအားဖြင့် လူအချင်းချင်းချစ်ခြင်းအထိမရောက်နိုင်သော ဘုရာသခင်ကိုချစ်ခြင်းသည် ဘုရားသခင်ကိုအမှန်ချစ်ခြင်းမဟုတ်သေးပေ။ ` တစ်စုံတစ်ယောက်က ငါသည် ဘုရားသခင်ကိုချစ်၏ဟု ဆိုလျက်ပင် မိမိညီအစ်ကိုကိုမုန်းလျှင် ထိုသူသည် လိမ်လည်သောသူဖြစ်၏။ မြင်ရသောမိမိညီအစ်ကိုကို မချစ်သောသူသည် မမြင်ရ သောဘုရားသခင်ကို မချစ်နိုင်´ ဟု ဓမ္မသစ်ကျမ်းက ပညတ်ထားသည် (၁ ယော ၄း၂၀)။

(ဂ) ဘုရားသခင်နှင့်လူတို့ကိုချစ်ခြင်းသည် စိတ်ကူးယဉ်ဆန်သောခံစားမှုမဟုတ်ပေ။ ၎င်းသည် နှလုံးသား၏စိတ်သဘောနှင့် အပြုအမူနှင့်လုပ်ဆောင်ချက်တို့တွင်ထင်ရှားသောစိတ်ဆန္ဒဖြစ်သည်။

*ပထမနှင့်ဒုတိယပညတ်တော် (ထွက် ၂၀း၃-၆)။* ဤပညတ်တော်နှစ်ပါးတွင် ဘုရားသခင်က မိမိလူမျိုးတော်ထံမှ လုံးလုံးသစ္စာခံခြင်းကိုတောင်းခံထားသည်။ ကိုယ်တော်က `သင်၏ဘုရားသခင် ငါထာဝရဘုရားသည် အပြစ်ရှိသည်ဟုယုံလွယ်သောဘုရား (သဂန်တိုသောဘုရား)´ဟု မိန့်တော်မူသည် (၂၀း၅)။ အချို့ဘာသာစကားတွင် `သဂန်တိုခြင်း´သည် အကျင့်ဆိုးတစ်ခုဖြစ်သည်။ သို့သော် ဤနေရာတွင် ၎င်းသည် ကောင်းသောအရာဖြစ်သည်။ မိမိဇနီးသည်ကို အမှန်တကယ်ချစ်သောယောကျ်ားသည် ပြိုင်ဘက်လိုမျိုးရှိလာပါက အမှန်ပင်သဂန်တိုမည်ဖြစ်သည်။ အိမ်ထောင်ရေးဖောက်ပြန်မှုသည် ခင်ပွန်းသည်နှင့်ဇနီးသည်တို့၏ပေါင်းသင်ဆက်ဆံရေးကို ဖျက်ဆီးသကဲ့သို့ ဖန်ဆင်းရှင်အပေါ် သစ္စာမဲ့ခြင်းသည် ဖန်ဆင်းခံနှင့်ဖန်ဆင်းရှင်တို့၏ဆက်ဆံရေးကို ဖျက်ဆီးပြီး ဖန်ဆင်းရှင်၏မေတ္တာတော်ကို စော်ကားခြင်းဖြစ်သည်။

(က) ဗဟုဒေဂါဒ - ထာဂရဘုရားကိုမယုံကြည်သောအယူဂါဒနှင့် ၎င်း၏များစွာသောရုပ်တုဆင်းတုများ၊ လူလုပ်ဘုရားများ၊ သဘာဂစွမ်းအားများကို နတ်ဘုရားအဖြစ်ကိုးကွယ်ခြင်း - သည် ဤပညတ်တော်များကို ချိုးဖောက်ကြောင်းသေချာလှသည်။

(ခ) ဘုရားမဲ့ဂါဒသည် အပြစ်နှစ်ဆကြီးစေသည်။ ၎င်းသည် စစ်မှန်သည့်တစ်ဆူတည်းသော ဘုရားကိုငြင်းပယ်ပြီး သဘာဂ၏စွမ်းအားများကို လူတို့တည်ရှိရခြင်း၏အတွက်တာဂန်ရှိသည့်မူရင်းစွမ်းအားများအဖြစ်ချီးမြှောက်ထားသည်။

( င) ဘုရားသခင်ထက် ကျွန်ုပ်တို့ပိုချစ်သောအရာ သို့မဟုတ် ပိုယုံကြည်စိတ်ချသောအရာသည် ရုပ်တုဆင်းတုဖြစ်သည်။ ဥပမာ တပ်မက်မှုသည် ရုပ်တုကိုးကွယ်မှုဖြစ်သည် (ကော ၃း၅)။

(ဃ) တစ်ခါတစ်ရံ အကြွင်းမဲ့အာဏာရှင်များသည် သူတို့ကို အကြွင်းမဲ့နာခံရန်တောင်းဆိုတတ်ကြသည်။ ထိုသို့သောနာခံမှုသည် ဘုရားသခင်တစ်ပါးတည်းနှင့်သာဆိုင်သည်။ ထို့ကြောင့် သူတို့က ဘုရားသခင်အားကိုးကွယ်ခြင်းကို မကြာခဏတားမြစ်တတ်ကြသည်။ ကျွန်ုပ်တို့စိတ်နလုံးထဲ၌ ဘုရားသခင်၏နေရာတွင် အုပ်ချုပ်သူများကိုနေရာပေးခြင်းသည် လူသားထံကျွန်ခံခြင်းသာဖြစ်သည်။ ၎င်းသည် လွတ်လပ်မှု၏ဆန့်ကျင်ဘက်ဖြစ်သည် (ဒံယေလ ၃ တွင် ရုပ်တုကြီးကိုရှိခိုးရန်ငြင်းဆိုကြသော ဒံယေလ၏မိတ်ဆွေများအကြောင်းကို ကြည့်ပါ)။

(င) လူ့သမိုင်းက ထွက်မြောက်ရာကျမ်း ၂၀း၄-၅ ၏ သမ္မာတရားကို ပြသခဲ့ပြီးဖြစ်သည်။ ဘုရားသခင်အစား ရုပ်တုကိုးကွယ်သော သို့မဟုတ် ကိုယ်တော်ကိုလုံးလုံးငြင်းပယ်သော တိုင်းနိုင်ငံများသည် မိမိတို့အပေါ်သာမက ဆက်ခံသောနောက်မျိုးဆက်များအပေါ်တွင်ပါ ပြဿနာများယူ ဆောင်လာကြသည်။

*တတိယပညတ်တော် (၂၀း၇)*။ ဘုရားသခင်၏နာမတော်က ဘုရားသခင်၏ ပုဂ္ဂိုလ်ဖြစ်ခြင်းနှင့်ဂုဏ်တော်များကို ကိုယ်စားပြုသည်။ ၎င်းသည် ကျွန်ုပ်တို့အတွက် အမြင့်မားဆုံး၊ အားလုံးထက်အသန့်ရှင်းဆုံး၊ အခြားသောမှန်ကန်သည့်တန်ဖိုးထားစရာအားလုံးတို့၏မှီတည်ရာ အမြင့်ဆုံးသောတန်ဖိုးထားရှိမှု ဖြစ်သင့်သည်။ ဘုရားသခင်၏နာမတော်ကိုပြစ်မှားသောအခါ သို့မဟုတ် ထိုနာမတော်ဖြင့် ကျိန်ဆိုမှုပြုသောအခါ ကိုယ်တော်ကို မထီလေးစားပြုခြင်းဖြစ်လျက် မိမိတို့အတွေးထဲတွင်ဖြစ်စေ၊ သူတစ်ပါးတို့၏အတွေးထဲတွင်ဖြစ်စေ ကိုယ်တော်ကို အရိုအသေတန်စေခြင်းဖြစ်သည်။

*စတုတ္ထပညတ်တော် (၂၀း၈-၁၁)*။ ကမ္ဘာလောကကို ဘုရားသခင်ဖန်ဆင်းထားသည်ဖြစ်၍ ၎င်းကို ဘုရားသခင်ပိုင်တော်မူကြောင်း ဤပညတ်တော်က အစ္စရေးတို့ကိုသတိပေးခဲ့သည်။ ကျွန်ုပ်တို့၏နေ့စဉ်အလုပ်ကို ဘုရားသခင်နှင့်ပူးပေါင်းလုပ်ဆောင်လျက် ကိုယ်တော်၏တီထွင်လုပ်ဆောင်မှုနှင့်အနားယူမှုပုံစံအတိုင်း လုပ်ဆောင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့အလုပ်တွင် ပုံမှန်အနားယူခြင်းသည် ဘုရားသခင်၏ဒီဇိုင်းဖြစ်လျက် မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ ကျွန်ဘဝမရောက်အောင်ကာကွယ်ပေးသည်။ ထိုသို့ပုံမှန်အနားယူခြင်းသည် ဝိညာဉ်ပိုင်းတွင် ဘုရားသခင်ကို သတိရလျက် ကိုယ်တော်အကြောင်းဆင်ခြင်စဉ်းစားရန် အချိန်ပေးသကဲ့သို့ ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကိုလည်း စောင့်ရှောက်ပေးသည်။

*ပဉ္စမနှင့်သတ္တမပညတ်တော်* (၂၀း၁၂၊ ၁၄) သည် ချစ်ခြင်းမေတ္တာ၊ အိမ်ထောင်ရေးနှင့် မိသားစုဘဝတို့၏ မွန်မြတ်သန့်စင်မှုကို ကာကွယ်ပေးသည်။ ယနေ့ခေတ်တွင် နိုင်ငံများစွာတို့မှ လူများစွာတို့သည် ဤပညတ်တော်များကို ကန့်သတ်ပိတ်ဆို့သောပညတ်ချက်များဟုဆိုကာ လွတ်လတ်မှုခေါင်းစဉ်ဖြင့် လိင်ပိုင်းဆိုင်ရာလိုင်စင်ကိုတောင်းဆိုကြသည်။ အချို့နေရာများတွင် အစိုးရများကိုယ်တိုင်က မိဘနှစ်ပါးမိသားစုပုံစံကို ခေတ်နောက်ကျသောအတွေးအခေါ်ဟု သတ်မှတ်ကြသည်။ သို့သော် ရာဇဝတ်မှုများနှင့် အရွယ်မရောက်သေးသူများပြစ်မှုကျူးလွန်ခြင်းတို့ များစွာများပြားလာနေခြင်းသည် ဤပညတ်တော်နှစ်ပါးချိုးဖောက်ခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေသည်။

*ဆဌမနှင့်အဌမပညတ်တော်များ* (၂၀း၁၃၊ ၁၅) တို့က အသက်တာနှင့် ကိုယ်ပိုင်ဥစ္စာပစ္စည်းတို့၏မွန်မြတ်သန့်စင်မှုကို ကာကွယ်ပေးသည်။

*နဝမပညတ်တော်* (၂၀း၁၆) က အမှန်တရား၏ မွန်မြတ်သန့်စင်မှုကို ကာကွယ်ပေးသည်။ လူအချင်းချင်းနှင့်နိုင်ငံတကာပေါင်းသင်းဆက်ဆံရေးများ၊ စီးပွားရေးလုပ်ငန်းနှင့်တရားစီရင်ရေးတရားမျှတမှု၊ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် တစ်ခါတစ်ရံ လူတစ်ဦး၏ကိုယ်ကာယကျန်းမာရေးတို့သည် အမှန်တရားကိုပြောဆိုသောလူတို့အပေါ်တွင် မူတည်သည်။ မည်သူမျှအမှန်တရားမပြော

ဆိုဘဲ လူတိုင်းသည် တစ်ချိန်လုံးလိမ်ညာနေမည်ဆိုလျှင် ရလဒ်သည် ရုတ်တရက်ဖြစ်ပွားသည့်လူမှုရေးပရမ်းပတာဖြစ်မှုပင်ဖြစ်ကာ ယုံကြည်စိတ်ချမှုအားလုံးလည်း အစိတ်စိတ်အမွှာမွှာပြိုကွဲကုန်မည်ဖြစ်သည်။ ယုံကြည်စိတ်ချမှုမရှိလျှင် လုံခြုံမှု၊ ငြိမ်းချမ်းမှု၊ တရားမျှတမှုနှင့် လွတ်လပ်မှုတို့ မရှိနိုင်ပေ။

*ဒသမပညတ်တော်* (၂၀း၁၇)။ ဤနေရာတွင် `တပ်မက်´ဟု ဘာသာပြန်ထားသော ဟေဗြဲဘာသာစကားလုံးသည် `ကျွန်တော့်သူငယ်ချင်းစက်ဘီးရှိသလို ကျွန်တော်လည်းရှိချင်တယ်´ဆိုသည့် ဖျတ်ခနဲဖြစ်ပေါ်လာသောခံစားမှုမျိုးကို မဆိုလိုပါ။ အခြားသူပိုင်ဆိုင်သောအရာကို `ရယူရန်လျှို့ပုက်ကြံစည်သည်´ဟု ဆိုလိုသည်။ ထို့ကြောင့် ယေရှုက အိမ်ထောင်ရေးဖောက်ပြန်မှုတစ်ခုသာ မှားယွင်းသည်မဟုတ်။ အခြားသူ၏ဇနီးမယားကို စိတ်ထဲမှလျှို့ပုက်ကြံစည်ခြင်းသည်လည်း အိမ်ထောင်ရေးဖောက်ပြန်မှုနှင့် မခြားနားကြောင်းမိန့်တော်မူခဲ့သည် (မ ၅း၂၇-၂၈)။ တပ်မက်လိုချင်သောစိတ်ရှိခြင်းအတွက် ထင်ရှားသောနမူနာတစ်ခုကို ဓမ္မဟောင်းကျမ်းထဲတွင် ၃ ရာ ၂၁ တွင်တွေ့ရပါသည်။

## ရှုံးနိမ့်မှုအတွက်ပံ့ပိုးမှု

ယေရှုက အကြီးမြတ်ဆုံးသောပညတ်သည် ကျွန်ုပ်တို့၏ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ စိတ်ဝိညာဉ်တစ်ခုလုံး၊ အသိဉာဏ်ရှိသမျှနှင့် အစွမ်းသတ္တိရှိသမျှတို့ဖြင့် ချစ်ရမည်ဟူ၍ဖြစ်သည်ဟု မိန့်တော်မူခဲ့သည်။ ကျွန်ုပ်တို့ထဲမှ မည်သူကမျှ ဤစံနှုန်းကိုမပြည့်စုံစေနိုင်ကြောင်း ထင်ရှားပါသည်။ ကျွန်ုပ်တို့သည် အကြီးမြတ်ဆုံးပညတ်ကိုချိုးဖောက်ခြင်းဖြင့် အကြီးဆုံးအပြစ်ကို ကျူးလွန်ခဲ့ကြပြီဖြစ်သည်။

ဘုရားသခင်သည် အစ္စရေးတို့အပြစ်ကိုဖြစ်စေ၊ ကျွန်ုပ်တို့အပြစ်ကိုဖြစ်စေ နားလည်ပေးသည်ဆိုလျက် မိမိစံနှုန်းကို မလျှော့ချပေးနိုင်ပါ။ သို့သော် မိမိ၏ကရုဏာတော်အားဖြင့် ခွင့်လွှတ်မှုကို ကျွန်ုပ်တို့ရရှိနိုင်သည့်လမ်းကြောင်းတစ်ခုကို ကိုယ်တော်ပြင်ဆင်ပေးတော်မူခဲ့သည်။ ၎င်းသည် ယဇ်ပူဇော်ခြင်းနည်းလမ်းဖြစ်သည်။ ထိုအကြောင်းကို နောက်အခန်းတွင် ကျွန်ုပ်တို့လေ့လာဆင်ခြင်ကြမည်ဖြစ်သည်။

**စာသင်ခန်းအတွက်**

သင်၏စာသင်သားများနှင့်အတူလုပ်ဆောင်လျက် ပညတ်တော်ဆယ်ပါးကို အလွတ်ကျက်မှတ်ပါ။ လွတ်လပ်မှုကိုစောင့်ရှောက်ရန်နှင့် လွတ်လပ်မှုခံစားခြင်းကို အမြင့်မားဆုံးဖြစ်စေရန် မည်သို့လို အပ်ပုံကို ပြသရန်အတွက် နေ့စဉ်အသက်တာမှနမူနာများ များများအသုံးပြုပေးပါ။

စာသင်သားတို့အား အစ္စရေးတို့ အီဂျစ်ပြည်သို့ မည်ကဲ့သို့ရောက်ရှိလာပုံ၊ သူတို့မည်ကဲ့သို့လွတ်မြောက်ခဲ့ပုံတို့ကို (က ၃၇ မှ ထွက် ၁၅) ဖတ်ပြ၍ ၎င်းနှင့်ပတ်သက်သည့်စာစီစာကုံးတစ်ပုဒ် သူတို့ကို ရေးသားစေပါ။

`ဝိညာဉ်ရေးကျေးကျွန်ဖြစ်ခြင်းသည် အဆိုးဆုံးကျေးကျွန်ဖြစ်ခြင်းဖြစ်သည်´။ ဆွေးနွေးပါ။ အချို့သောတိုင်းပြည်များသည် အီဂျစ်ပြည်သားများပြုခဲ့သကဲ့သို့ ဘုရားသခင်ကိုကိုးကွယ်ဝတ်ပြုခြင်းမပြုရန်တားမြစ်ဖိနှိပ်တတ်ကြသည်မှာ အဘယ်ကြောင့်ဖြစ်သည်ဟု သင်ထင်မြင်ပါသနည်း။

အစ္စရေးတို့ကို ဘုရားသခင်လွတ်မြောက်စေခဲ့သည့်နည်းလမ်းနှင့် ကျွန်ုပ်တို့ကိုကယ်တင်တော်မူနိုင်သည့်နည်းလမ်းတို့အကြား တူညီမှုကိုဆွေးနွေးပါ။ အောက်ပါအချက်ကို သေချာဂရုစိုက်ပါ။

(က) မည်သူမျှ ဘုရားသခင်၏ပညတ်တော်ကိုစောင့်ထိန်းခြင်းကုသိုလ်ဖြင့် ကယ်တင်ခြင်းမရနိုင်။

(ခ) ရရှိသည့်ကယ်တင်ခြင်း၏အကျိုးရလဒ်အဖြစ် ဘုရားသခင်၏ပညတ်တော်ကို စောင့်ထိန်းရန်ဖြစ်သည်။ အဘယ်ကြောင့် ဤသို့ဖြစ်ရသည်ဟု သင်ထင်ပါသနည်း။

ဓမ္မသစ်ကျမ်းရှိ ပသခါပွဲအကြောင်းအရိပ်အမြွက်ဖော်ပြချက်များကို ယော၁း၂၉၊ ၁ ကော ၅း၇၊ ၁ ပေ ၁း၁၈-၁၉နှင့် ဗျာ ၅း၆-၉ တို့တွင် လိုက်ရှာကြည့်ပါ။

# အခန်း ၉

## ယဇ်ပူဇော်ခြင်းတရားလမ်းနှင့် အသက်၏တန်ဖိုး

*ကျေးဇူးပြု၍ ဂဝတ်ပြုရာကျမ်း ၄း၂၇-၃၅ ကိုဖတ်ပါ။*

### ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်းအခြေခံနိယာမ

အာဒံနှင့်ဧဝတို့အပြစ်ပြုမိသည်နှင့်ချက်ချင်းပင် သူတို့အသိစိတ်ထဲတွင် ဂမ်းနည်းစိတ်ခံစားခဲ့ရကြောင်း ပြီးခဲ့သည့်အခန်း ၅ တွင် ကျွန်ုပ်တို့တွေ့ခဲ့ရပြီဖြစ်သည်။ သူတို့သည် အဝတ်အချည်းစည်းရှိသည်ဟု ခံစားလျက် မိမိကိုယ်ကိုယ် သင်္ဘောသဖန်းရွက်များဖြင့် ဖုံးအုပ်ရန်ကြိုးစားခဲ့ကြသည်။ ထိုသို့ပြုခြင်းသည် ထိရောက်မှုမရှိသောကြောင့် တိရစ္ဆာန်တို့ကိုသတ်လျက် ၎င်းတို့၏အရေပြားဖြင့် ဘုရားသခင်ကိုယ်တော်တိုင်က သူတို့အရှက်ဖုံးအုပ်ပေးတော်မူခဲ့သည်။ ထို့ကြောင့် အပြစ်မဲ့သောတိရစ္ဆာန်တို့သည် ဘုရားသခင်ရှေ့တော်၌ အပြစ်တရားအရ အချည်းစည်းဖြစ်နေသော လူယောက်ျားနှင့်လူမိန်း တို့ကို ဖုံးကွယ်ပေးရန် အသက်ပေးခဲ့ကြရသည်။

ဘုရားသခင်သည် ပဿခါသိုးသငယ်၏သွေးနှင့် ၎င်းဖြင့်ပူဇော်သောယဇ်အားဖြင့် အစ္စရေးလူမျိုးတို့ကို မိမိအမျက်တော်မှ မည်သို့ကယ်တင်တော်မူခဲ့ပုံကို ပြီးခဲ့သည့်အခန်းတွင် ကျွန်ုပ်တို့မြင်တွေ့ခဲ့ပြီဖြစ်သည်။

သမ္မာကျမ်းစာတွင် ထပ်တလဲလဲတွေ့ရသည့် အခြေခံနိယာမတစ်ခု၏နမူနာများရှိပါသည်။ ဘုရားသခင်၏ပညတ်တော်ကိုချိုးဖောက်သူများ ဘုရားသခင်ထံပြန်လှည့်နိုင်သောလမ်းကြောင်းတစ်ခု၊ အပြစ်လွှတ်ခြင်းနှင့် ဘုရားသခင်နှင့်ပြန်သင့်မြတ်ခြင်းအတွက် လမ်းကြောင်းတစ်ခု ရှိပါသည်။ သို့သော် ထိုလမ်းကြောင်းမှာ ဘုရားသခင်က ကျွန်ုပ်တို့ကို ခွင့်လွှတ်နိုင်ရန်အတွက် သေခြင်းဒဏ်သင့်စေသော အပြစ်အတွက် ကိုယ်စားအသေခံပူဇော်ရသောလမ်းကြောင်းပင်ဖြစ်သည်။ သမ္မာကျမ်းစာက 'အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ' (ဟေဗြဲ ၉း၂၂)ဟု ပြောထားသည်။ ထို့ကြောင့် ဓမ္မဟောင်းကျမ်းက ကျွန်ုပ်တို့အတွက် ပြင်ဆင်ထား၍ ဓမ္မသစ်ကျမ်းက အသေးစိတ်ရှင်းပြထားသည့် ကောင်းမြတ်သောသတင်း၏အချက်အချာသတင်းစကားကို "ကျမ်းစာ (ဓမ္မဟောင်း)နှင့်အညီ ခရစ်တော်သည် ငါတို့၏အပြစ်များအတွက် အသေခံတော်မူခဲ့သည်"ဟု (၁ ကော ၁၅း၃) ရှင်းလင်းတိကျစွာဖော်ပြထားသည်။ သို့သော် ဤအချက်က အခြေခံကျသည့်မေးခွန်းတစ်ခုကို ဖြစ်ပေါ်စေပါသည်။

### အဘယ်ကြောင့် အပြစ်အတွက် နောက်ဆက်တွဲအကျိုးဆက်များအပြင် ပြစ်ဒဏ်လည်းခံရသနည်း။

*အပြစ်၏နောက်ဆက်တွဲအကျိုးဆက်များနှင့်အပြစ်၏ပြစ်ဒဏ်တို့၏ ခြားနားမှု။* လူတစ်ဦးအား သေစေနိုင်သည့်ပမာဏရှိသောအဆိပ်ကို ကျွန်ုပ်ပေးခဲ့လျှင် သူသေသွားပေလိမ့်မည်။ သူ၏သေဆုံးခြင်းသည် ကျွန်ုပ်လုပ်ဆောင်ချက်၏အကျိုးဆက်ဖြစ်သည်။ ၎င်းအတွက် အပြစ်ဒဏ်မဟုတ်ပါ။ ကျွန်တော်အမှန်တကယ်လုံးဝစိတ်မကောင်းဖြစ်လျှင် ထိုသူ၏မိန်းမနှင့်မိသားစုသည် ထိုစိတ်မကောင်းဖွယ်အကျိုးဆက်အတွက် ကျွန်ုပ်ကိုခွင့်လွှတ်ကောင်းခွင့်လွှတ်နိုင်ပါသည်။ သို့သော် နိုင်ငံတော်၏ဥပဒေက ကျွန်ုပ်ကို ခွင့်လွှတ်မည်မဟုတ်ပေ။ နိုင်ငံသားတစ်ဦးကို အဆိပ်ခတ်ခြင်းသည် လူတစ်ဦးအပေါ်သာပြုမိသည့်ပြစ်မှုတစ်ခုသာမဟုတ်ဘဲ နိုင်ငံတော်၏ဥပဒေကိုဖောက်ဖျက်သည့်

ရာဇဝတ်မှုလည်းဖြစ်၍ အခြားရာဇဝတ်မှုများနည်းတူ ပြစ်ဒဏ်ရှိသည်။ တရားရုံးက ကျွန်ုပ်တွင်အပြစ်ရှိကြောင်းတွေ့ရှိပါက တရားသူကြီးသည် တရားဥပဒေကဖော်ပြသည့်အတိုင်း အပြစ်ဒဏ်ကိုချမှတ်၍ အပြစ်ဒဏ်ပေးခြင်းရှိမည်ဖြစ်သည်။

*နိုင်ငံတော်ဥပဒေက ပြစ်ဒဏ်များဖော်ပြရသည့်အကြောင်းတရား။* ၎င်းသည် လက်စားချေသည့်ကိစ္စတစ်ခုမဟုတ်ပါ။ ကျွန်ုပ်အပေါ်လက်စားချေခြင်းမပြုရန် အဆိပ်ခတ်ခံရသူ၏မိသားစုကိုနိုင်ငံတော်ကတားမြစ်ထားသည်။ အဘယ်ကြောင့်ဆိုသော် လူ့အသိုင်းအဝိုင်းတစ်ခုလုံးက တန်ဖိုးထားသည့် တန်ဖိုးထားမှုများရှိ၍ ၎င်းတို့ကို အဖြစ်နိုင်ဆုံးတည်မြဲစေရန် အရေးကြီးသောကြောင့်ဖြစ်သည်။ ထို့ကြောင့် လူ့အသိုင်းအဝိုင်းသည် ထိုတန်ဖိုးထားမှုများကိုကာကွယ်သည့် ဥပဒေများချမှတ်ကာ ၎င်းတို့ကိုချိုးဖောက်သူတို့အား ထိုက်တန်သောပြစ်ဒဏ်ကိုခံစားစေသည်။ ဥပမာအားဖြင့် လူသတ်မှုကိုတားမြစ်သောဥပဒေသည် လူ့အသိုင်းအဝိုင်းက လူ့အသက်အပေါ် ထားရှိသောတန်ဖိုးထားမှုကို ထင်ဟပ်စေသည်။ အကယ်၍ နိုင်ငံတော်သည် လူသတ်သမားတို့အား ပြစ်ဒဏ်ရှောင်ရှားရန် အမြဲမပြတ်ခွင့်ပြုနေသည်ဆိုလျှင် လူ့အသက်သည် အလွန်တန်ဖိုးရှိသောအရာဟုမသတ်မှတ်တော့ကြောင်း ဖော်ပြနေသလိုဖြစ်သွားပေလိမ့်မည်။ ၎င်းသည် ဒဏ်ခတ်မခံရခြင်းဖြင့်ဖျက်ဆီးခြင်းခံရနိုင်သည်။ `လိုအပ်သည့်ကိုယ်ဝန်ဖျက်ချမှု`၏ရလဒ်အဖြစ် သန်းနှင့်ချီသောကလေးငယ်များ အသတ်ခံနေရသည်။ တကယ်တမ်းတွင် အချို့နိုင်ငံများ၌ နိုင်ငံတော်ကိုယ်တိုင်ကရာဇဝတ်မှုကျူးလွန်ပြီး မိမိ၏တရားဥပဒေများကိုချိုးဖောက်ကာ အပြစ်မဲ့နိုင်ငံသားထောင်နှင့်ချီ၍သတ်ဖြတ်ခဲ့သည်။ ရလဒ်မှာ ဆိုးဝါးလှသည့် အသက်၏တန်ဖိုးလျှော့ချမှုပင်ဖြစ်တော့သည်။

*လူသားချင်းအပေါ်ကျူးလွန်သည့်အပြစ်၏ အရေးကြီးပြင်းထန်မှု။* လူ့အသက်သတ်ခြင်းသာ မဟုတ်လူသားအချင်းချင်းတို့အပေါ်ကျူးလွန်သည့်အပြစ်အားလုံး၏ အရေးကြီးပြင်းထန်မှုသည် လူသားတစ်ဦးချင်းစီ၏တန်ဖိုးအပေါ်တည်နေသည်။ အကယ်၍ လူသားအချင်းချင်းတို့ တစ်ဦးကိုတစ်ဦးချစ်ခင်ခြင်းမရှိကြလျှင်ပင် ဘုရားသခင်သည် လူကို မိမိပုံသဏ္ဍာန်တော်နှင့်အညီဖန်ဆင်းထားသည်ဖြစ်၍ လူတစ်ချင်းစီအပေါ် အနန္တတန်ဖိုးထားတော်မူသည်။ သူတို့အပေါ်အပြစ်ပြုသောသူတို့အတွက် ပြစ်ဒဏ်ချမှတ်တော်မူခြင်းမှာ ဘုရားသခင်သည် သူတို့ကိုချစ်တော်မူသောကြောင့်သူတို့၏တန်ဖိုးကို ကာကွယ်နေခြင်းဖြစ်ကြောင်း တိကျသေချာလှပေသည်။

*ဘုရားသခင်အပေါ်ကျူးလွန်သည့်အပြစ်၏ အရေးကြီးပြင်းထန်မှု။* ဘုရားသခင်သည် အသက်၏အရင်းအမြစ်၊ အရာအားလုံးတို့၏ဖန်ဆင်းရှင် ဖြစ်တော်မူသည်ဖြစ်၍ အပြစ်အားလုံးသည် ဘုရားသခင်အပေါ်ပြစ်မှားခြင်းသာဖြစ်သည်။ ထို့ပြင် ဘုရားသခင်ကိုယ်တော်တိုင်သည် တန်ဖိုးထားမှုအချုပ်အခြာဖြစ်တော်မူ၍ ကိုယ်တော်အပေါ်ပြစ်မှားခြင်းသည် ဆိုးဝါးထူးခြားသောအပြစ်ဖြစ်သည်။ အပြစ်အတွက် ပြစ်ဒဏ်ပေးစရာမလိုဆိုသည့်အမြင်ကို ဘုရားသခင်လက်ခံ၍မရနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုသို့ပြုခြင်းသည် လူတို့၏တန်ဖိုးကိုသာထိခိုက်သည်မဟုတ်၊ ဘုရားသခင်၏သန့်ရှင်းခြင်း၊ တရားမျှတခြင်း၊ မှန်ကန်ခြင်း၊ လှပခြင်းနှင့် ချစ်ခြင်းမေတ္တာဖြစ်တော်မူခြင်းတို့သည်တန်ဖိုးထားစရာမဟုတ်တော့ဟုဆိုလိုပြီး ဘုရားသခင်ကိုယ်တော်တိုင်သည် အရေးမကြီးဟု ဆိုလိုရာရောက်သောကြောင့်ဖြစ်သည်။ အပြစ်လွတ်ခြင်းအမှန်တကယ်ပင်လိုအပ်ခဲ့လျှင် လူတို့သည်၎င်းတို့အပေါ်အပြစ်ပြုပြီး ပြစ်ဒဏ်ခတ်ခြင်းမရှိဘဲ အလွယ်တကူအပြစ်လွတ်ခြင်းခံရနိုင်ပါသည်။

*လူ၏အကျပ်အတည်းပြဿနာအတွက် ဘုရားသခင်၏အဖြေ။* ကျွန်ုပ်တို့၏အကျပ်အတည်းပြဿနာမှာ ကျွန်ုပ်တို့အားလုံးသည် မိမိတို့လူသားအချင်းချင်းကိုလည်းကောင်း၊ ဘုရားသခင်ကိုလည်းကောင်း ပြစ်မှားခဲ့ကြခြင်းပင်ဖြစ်သည်။ သမ္မာကျမ်းစာအရ ထိုအပြစ်အတွက် ရရှိမည့်အပြစ်

ဒဏ်မှာ ကိုယ်ခန္ဓာသေခြင်းသာမဟုတ်ဘဲ ဘုရားသခင်၏သန့်ရှင်းခြင်းသည် ကျွန်ုပ်တို့၏အပြစ်ကို နှစ်သက်ခြင်းမရှိဟူသည့်အသိဖြင့် ဘုရားသခင်၏ရှေ့တော်မှ ထာဝရနှင်ထုတ်ခံရသည့် ဒုတိယ သေခြင်းဟု သမ္မာကျမ်းစာကိုဆိုထားသောပြစ်ဒဏ်လည်းပါသည်။ ပြစ်ဒဏ်ကို ကျွန်ုပ်တို့ကိုယ် တိုင်ပေးဆပ်ရမည်ဆိုလျှင် မည်သည့်အခါမျှ ပေးဆပ်၍ပြီးနိုင်မည်မဟုတ်ပေ။ ပြဿနာ၏အဓိက အချက်မှာ - ဘုရားသခင်၏တရားမျှတခြင်းက ပြစ်ဒဏ်ခတ်ရန်တောင်းဆို၍ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာက ကျွန်ုပ်တို့အား အပြစ်လွှတ်ခြင်းကိုခံစားစေလိုသည်။ ချောင်ပိတ်မိနေသည့် အခြေအနေကို မည်သို့ဖြေရှင်းမည်နည်း။ ဘုရားသခင်၏အဖြေမှာ ကိုယ်တော်ကိုယ်တိုင်သည် ဘုရားသခင်၏သားတော်အဖြစ် ကျွန်ုပ်တို့အတွက် အပြစ်ဒဏ်ကိုပေးဆပ်ကာ လက်ဝါးကားတိုင် ပေါ် အသေခံတော်မူရန်ဖြစ်သည်။ ထိုသို့အားဖြင့် ဘုရားသခင်၏တန်ဖိုးထားမှုအားလုံးသည် ထိန်းသိမ်းစောင့်ရှောက်ခြင်းခံရသည့်နည်းတူ နောင်တရလျက်ယုံကြည်သောသူအားလုံးကိုလည်း အပြစ်လွှတ်ခြင်းခံစားစေနိုင်မည်ဖြစ်သည်။ ထိုအခါ ဘုရားသခင်သည် ဆက်လက်၍ အပြည့်အဝ တရားမျှတမှုရှိသကဲ့သို့ ယေရှုကိုယုံကြည်လက်ခံသောသူတို့ကိုလည်း ဖြောင့်မတ်သည်ဟုအသိ အမှတ်ပြုလက်ခံတော်မူသည် (ရော ၃း၂၆)။

## ဓမ္မဟောင်းထဲမှ တိရစ္ဆာန်ယဇ်ကောင်တို့၏အသုံးဝင်မှု

ဓမ္မဟောင်းခေတ်တွင် လူတစ်ဦးအပြစ်ပြုမိလျှင် နောင်တရလျက် ဘုရားသခင်၏ခွင့်လွှတ် ခြင်းကိုရယူရန် ဆိတ် သို့မဟုတ် သိုးကို တဲတော် သို့မဟုတ် ဗိမာန်တော်ရှိ ယဇ်ပလ္လင်သို့ ယူ ဆောင်လာကာ ဘုရားသခင်၏ရှေ့တော်၌ ၎င်း၏ခေါင်းအပေါ်မိမိလက်ကိုတင်ပြီးနောက် ၎င်းကို သတ်လျက်ပူဇော်ရသည်။ ယဇ်ပုရောဟိတ်သည် သွေးအချို့ကို ယဇ်ပလ္လင်ဦးချိုပေါ် သုတ်လိမ်း ရသည်။ ကျန်သောအသွေးကို ယဇ်ပလ္လင်အောက်ခြေတွင် သွန်းလောင်းရသည်။ ထိုတိရစ္ဆာန်၏ အစိတ်အပိုင်းတချို့ကို ယဇ်ပလ္လင်ပေါ် မီးရှို့ပူဇော်ရသည်။ ထိုအခါ ထိုသူသည် ခွင့်လွှတ်ခြင်းခံရ မည်ဖြစ်သည်။ ယခုအခါ ထက်မြက်သောရှေးအစ္စရေးလူမျိုးတို့သည် တိရစ္ဆာန်တို့၏သွေးက လူ၏ အပြစ်ကို လုံးလုံးမဖယ်ရှားနိုင်ကြောင်း၊ ဆိတ်တစ်ကောင် သို့မဟုတ် သိုးတစ်ကောင်၏သေ ခြင်းက အပြစ်နှင့်ဆိုင်သည့်ပြစ်ဒဏ်ကို ကြွေးအောင်မပေးဆပ်နိုင်ကြောင်း ကောင်းစွာသတိ ထားမိခဲ့ကြသည်။ ဤအကြောင်းကို သူတို့ကိုယ်တိုင်က ကျွန်ုပ်တို့အား ပြောပြထားသည် (ဆာ ၄၀း၆ ကိုကြည့်ပါ)။ ထိုသို့ဆိုလျှင် တိရစ္ဆာန်ယဇ်ကောင်တို့၏အသုံးဝင်မှုကား မည်သို့နည်း။

*၎င်းတို့သည် အပြစ်အတွက်ပေးဆပ်မှုကြီးမားကြောင်းကို လူတို့အားသိစေကြသည်။* အချို့ တိုင်းပြည်များတွင် မိဘတို့သည် အရုပ်ဆိုင်ဆိုသည့်ကစားစရာကို သူတို့၏သားသမီးများအား ပေး ကြမည်ဖြစ်သည်။ ၎င်းထဲတွင် အရုပ်ချိုချဉ်များဝယ်ရန် အရုပ်ပိုက်ဆံများပါသည်။ ကလေးများက ချိုချဉ်ရော ပိုက်ဆံပါ အစစ်မဟုတ်ကြောင်း သေချာသိကြပါသည်။ သို့သော် အရုပ်ဆိုင်စားစရာသည် သူတို့ကိုပျော်စေရုံသာမက သူတို့အား ပစ္စည်းတို့၏တန်ဖိုးကိုလည်း သင်ပေးသည်။ လက်တွေ့ ဘဝတွင် ချိုချဉ်များရရန် ငွေပေးရသည်။ ထို့ကြောင့် ဤတိရစ္ဆာန်ယဇ်ကောင်များက လူတို့အား အပြစ်၏အဖိုးအခသည်ကြီးမားကြောင်းနှင့် ပေးဆပ်ရမည့်ပြစ်ဒဏ်ရှိနေကြောင်းတို့ကို သိရှိစေသည်။

ဘုရားသခင်သည် ခရစ်တော်ကို ကျွန်ုပ်တို့၏ကယ်တင်ရှင်အဖြစ်စေလွှတ်တော်မူသောအခါ *ခရစ်တော်၏အသေခံတော်မူခြင်းနှင့်ယဇ်အဖြစ်ပေးဆပ်တော်မူခြင်းတို့၏ ထူးခြားလေးနက်မှုကို နားလည်နိုင်ရန် ၎င်းတို့က လူတို့စိတ်ကိုကြိုတင်ပြင်ဆင်ထားသည်။* ကလေးများသည် အရုပ်ပိုက် ဆံဖြင့် အရုပ်ချိုချဉ်ကိုဝယ်ခြင်းဖြင့် ငွေအစစ်၏အသုံးဝင်မှုကို စတင်သင်ယူကြသည်။ ထို့ကြောင့်

တိရစ္ဆာန်ယဇ်ကောင်များသည် "အရုပ်ငွေ"နှင့်တူ၍ အပြစ်၏အဖိုးအခနှင့်ပြစ်ဒဏ်အတွက် အမှန်တကယ်ပေးဆပ်တော်မူခဲ့သောခရစ်တော်၏ ဒုက္ခဝေဒနာ၊ အသေခံတော်မူခြင်းနှင့် အသွေးတော်တို့သည် "တကယ့်ပိုက်ဆံ"နှင့်တူသည်။

*ခရစ်တော်အသေခံတော်မူခြင်းသည် လူယောက်ျားလူမိန်းမတို့နှင့် မည်သို့ပတ်သက်ကြောင်းနားလည်နိုင်ရန် ၎င်းတို့က လူတို့စိတ်ကိုကြိုတင်ပြင်ဆင်ထားသည်။* တိရစ္ဆာန်ယဇ်ကောင် အသေသတ်ခံရသောအခါ အပြစ်သားသေရမည့်နမူနာကိုပြသခြင်းမဟုတ်ဘဲ အပြစ်သားကိုယ်စားအသေခံရကြောင်း ရှေးလုပ်ထုံးလုပ်နည်းက အလွန်ရှင်းလင်းစွာဖော်ပြပါသည်။ အပြစ်လွတ်ခြင်းခံယူလိုသူက မိမိလက်ကို တိရစ္ဆာန်၏ခေါင်းပေါ်တင်လျက် မိမိကိုယ်ကိုယ် ထိုတိရစ္ဆာန်နှင့်အတူတူဖြစ်စေပြီးနောက် ၎င်းကိုသတ်ရသည်။ ထိုတိရစ္ဆာန်သည် ထိုအပြစ်သားကိုယ်စားအသေခံပေးသောကြောင့် အပြစ်သားသည် ခွင့်လွှတ်ခြင်းခံရလျက် လွတ်လပ်စွာပြန်သွားရသည်။ ခရစ်တော်၏အသေခံတော်မူခြင်းသည်လည်း ထိုနည်းတူဖြစ်သည်။ ကျွန်ုပ်တို့နှင့်ထိုက်တန်သောအရာမှာ အပြစ်၏အဖိုးအခ သေခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့က ခရစ်တော်ကို မိမိ၏ကယ်တင်ရှင်အဖြစ်လက်ခံသောအခါ ဘုရားသခင်သည် ကိုယ်တော်၏အသေခံခြင်းကို ကျွန်ုပ်တို့၏သေခြင်းအဖြစ် အသိအမှတ်ပြုသည်။ ခရစ်တော်က မိမိအကြောင်းကို "လူ့သားသည် .... များစွာသောသူတို့အတွက် ရွေးနုတ်စရာအဖိုးအခအဖြစ် မိမိအသက်ကိုစွန့်ရန် လာ၏" (မာကု ၁၀း၄၅) ဟုမိန့်တော်မူခဲ့သည်။

*သို့သော် ခရစ်တော်လောကသို့မကြွလာမီက အသက်ရှင်ခဲ့သူများအတွက် မည်သို့ဖြစ်မည်နည်း။* တိရစ္ဆာန်တို့၏သွေးက အပြစ်ကို မဖယ်ရှားပေးနိုင်ခဲ့လျှင် ဤကဲ့သို့သောပုဂ္ဂိုလ်များ မည်ကဲ့သို့အပြစ်လွှတ်ခြင်းခံရနိုင်မည်နည်း။

*နမူနာတစ်ခု။* သမိုင်း၏မကြာသေးမီအချိန်က အချို့တိုင်းပြည်များတွင် လူတစ်ဦးသည် ပစ္စည်းတစ်ခုကိုဝယ်လိုသော်လည်း ပေးစရာငွေမရှိပါက သူက စာရွက်တစ်ရွက်တွင် ထိုပစ္စည်း၏တန်ဖိုးပမာဏကိုရေးပြီး "..ပြန်ပေးရန် သင့်အပေါ် ငါအကြွေးတင်သည်"ဟုရေးချရသည်။ ထိုစာရွက်သည် တန်ဖိုးအနည်းငယ်သာ သို့မဟုတ် ဘာတန်ဖိုးမှလည်းမရှိဘဲ ဖြစ်နိုင်သည်။ သို့သော် ၎င်းသည် အကြွေးတင်ကြောင်း အသိအမှတ်ပြုဝန်ခံခြင်းနှင့် တစ်နေ့ပြန်ပေးမည်ဟုကတိပြုခြင်းဖြစ်သောကြောင့် ထိုလူသည် ထိုပစ္စည်းကို ချက်ချင်းယူသွားနိုင်သည်။ သို့သော် နောင်တစ်ချိန်ချိန်တွင် ထိုပစ္စည်းဖိုးကိုပြန်ပေးလျက် "သင့်အပေါ် ငါအကြွေးတင်သည်"ဆိုသည့်ကတိကို ပြန်လည်ရွေးနုတ်ရမည်ဖြစ်သည်။

ရှေးက တိရစ္ဆာန်ယဇ်ကောင်တို့သည် ထိုကတိများနှင့်တူသည်။ ၎င်းတို့သည် အကြွေးရှိကြောင်းနှင့် ထိုအကြွေးကို တစ်နေ့တွင် အပြည့်အဝပြန်ဆပ်မည်ဟုကတိထားကြောင်း ဝန်ခံအသိအမှတ်ပြုမှုဖြစ်သည်။ ခရစ်တော်ကြွလာ၍ အပြစ်အတွက် တကယ့်ယဇ်အဖြစ် အသေခံတော်မူလျက် ထိုကတိအားလုံးကိုဖြည့်ဆည်းကာ ခွင့်လွှတ်ခြင်းအတွက် အဖိုးအခအားလုံးကိုပေးဆပ်တော်မူသောအခါ သက်ဆိုင်သူသည် ခွင့်လွှတ်ခြင်းကိုရရှိသည်။

### ခရစ်တော်ပူဇော်သောယဇ်နှင့် ဓမ္မဟောင်းထဲမှတိရစ္ဆာန်ယဇ်ကောင်တို့၏ ခြားနားမှုများ

ဓမ္မဟောင်းခေတ်ကပူဇော်သည့် တိရစ္ဆာန်ယဇ်ကောင်များနှင့် ခရစ်တော်ပူဇော်သောယဇ်တို့ကြားတွင် ထူးခြားသည့်ခြားနားမှုများစွာရှိ၍ ၎င်းတို့ကို ကျွန်ုပ်တို့နားလည်ရန် အလွန့်အလွန်အ

ရေးကြီးလှသည်။ ၎င်းတို့ကို ဓမ္မသစ်ကျမ်းတွင် ဟေဗြဲ ၉း၁၁-၁၀း၁၈ ၌ စာရင်းပြုစုထားသည်။ ခြားနားမှုမည်မျှကို သင်ရိပ်စားမိကြောင်း ကြည့်ကြည့်ပါ။

**နောက်ဆက်တွဲအကျိုးဆက်များကို ရင်ဆိုင်ခြင်း**

အပြစ်၏နောက်ဆက်တွဲအကျိုးဆက်များဟုဆိုခြင်းက ဘာကိုဆိုလိုသနည်း။ ဥပမာအချို့ကို ဖော်ပြပါ။ အဘယ်ကြောင့် အပြစ်အတွက် ပြစ်ဒဏ်လိုအပ်သနည်း။

မိဘများသည် သူတို့၏သားသမီးများအား စစ်မှန်သောတန်ဖိုးထားမှုများကိုသင်ပေးရန် မနာခံမှုအတွက် ပြစ်ဒဏ်များချမှတ်သင့်ပါသလား။

ဗတ္တိဇံဆရာယောဟန်က ခရစ်တော်သည် "ဤလောက၏အပြစ်ကို ယူဆောင်သွားသော ဘုရားသခင်၏သိုးသငယ်တော်"ဖြစ်ကြောင်း ကြွေးကြော်ခဲ့သည် (ယော ၁း၂၉)။ ဤအချက်သည် ကျွန်ုပ်တို့၏ခေါင်းစဉ်နှင့် မည်ကဲ့သို့ပတ်သက်နေသနည်း။

ဘုရားသခင်သည် မည်သည့်အခြေခံအချက်အားဖြင့် ကျွန်ုပ်တို့အပြစ်များကို ခွင့်လွှတ်တော်မူနိုင်သနည်း။

# အခန်း ၁၀

## ကိုယ်ပိုင်အတွေ့အကြုံနှင့်ဆိုင်သောလမ်းစဉ်

*ကျေးဇူးပြု၍ ဓမ္မရာဇဝင်ပထမစောင် ၁း၉-၂၇ ကိုဖတ်ပါ။*

ဓမ္မဟောင်းကျမ်း၏စိတ်ဝင်စားစရာအကောင်းဆုံးအင်္ဂါရပ်များအနက်တစ်ခုမှာ ၎င်းသည် လူမျိုးတစ်မျိုး၏သမိုင်းကို အကျယ်တဝင့်ဖော်ပြနေစဉ်မှာပင် လူပုဂ္ဂိုလ်များ၊ အိမ်ရှင်မများ၊ စစ်ဗိုလ်ချုပ်များ၊ တောင်သူလယ်သမားများ၊ ဘုရင်များ၊ ကဗျာဆရာများ၊ အမှုထမ်းများ၊ မိဖုရားများ၊ ပရောဖက်များနှင့် စုံတွဲများ စသည့် လူပုဂ္ဂိုလ်တစ်ဦးချင်းတို့၏ဘဝဇာတ်ကြောင်းများနှင့်ပြည့်နေခြင်း ပင်ဖြစ်သည်။ သူတို့ထဲမှ များစွာသောသူတို့သည် သူတို့လူမျိုး၏သမိုင်းတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်ခဲ့ကြပြီး ကျွန်ုပ်တို့အတွက်လည်း ဂိုဏ်ဂိုဏ်ရေးသူရဲကောင်းများအဖြစ်ထင်ရှားကြလျက် သူတို့ကိုနမူနာဖြစ်ခြင်းက သူတို့ကိုအတုယူရန် ကျွန်ုပ်တို့ကိုစိန်ခေါ်နေသည်။ ဤနေရာတွင် သူတို့ထဲမှတစ်ဦး၏အကြောင်းကို လေ့လာခွင့်ရကြမည်ဖြစ်သည်။

### ဟန္န - အကျင့်ပျက်မှုနှင့်အယူသည်းမှုအပေါ် ကိုးကွယ်ဆက်ကပ်မှု၏အောင်ပွဲ (၁ရာ ၁း၁- ၂း၃၆)

*တစ်မျိုးသားလုံးယိုယွင်းပျက်စီးနေချိန် ပေါ်ထွန်းသောအမျိုးသမီးသူရဲကောင်း။* ဟန္နသည် သူ့တိုင်းပြည်၌ ကိုယ်ကျင့်တရား၊ ဂိုဏ်ဂိုဏ်ရေးနှင့် နိုင်ငံရေးတို့တွင် ကာလကြာရှည်ရှုပ်ထွေးမှုများဖြစ်ပေါ်နေချိန် (ဘီစီ ၁၁၀၀ ခန့်)က အသက်ရှင်ခဲ့သူဖြစ်သည်။ ယောရှုက အစ္စရေးတို့ကို ခါနန်ပြည်ထဲသို့ဦးဆောင်လာခဲ့သည်မှာ နှစ်ပေါင်းလေးရာရှိခဲ့ပြီဖြစ်သည် (ယောရှုမှတ်စာကို ကြည့်ပါ)။ ထိုရာစုနှစ်များတွင် အစ္စရေးသည် နိုင်ငံရေးဝေါဟာရအရ ဘုရားသခင်အုပ်ချုပ်သောစနစ်တွင်ရှိခဲ့သည်။ တစ်နည်းဆိုသော် ဂန်းကျင်ရှိတိုင်းနိုင်ငံများနှင့်မတူဘဲ အစ္စရေးတွင် လူသားဘုရင်မရှိခဲ့ပေ။ ဘုရားသခင်သည် သူတို့၏ဘုရင်ဖြစ်သည်ဟု သူတို့ယုံကြည်ကြပြီး ကိုယ်တော်သည် ပညတ်တော်ဆယ်ပါးဖြင့်လည်းကောင်း၊ ဘုရားသခင်နှင့်အတူဝင်ရောက်လာခဲ့စဉ်က ကျင့်ရိုးထုံးတမ်းပဋိညာဉ်တစ်ခု၏ အခြေခံကိုဖြစ်ပေါ်စေသည့် ပြစ်မှုဆိုင်ရာ၊ မြို့ပြဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် ထုံးတမ်းစဉ်လာဆိုင်ရာ ပညတ်ချက်အားလုံးဖြင့်လည်းကောင်း သူတို့ကို အုပ်ချုပ်တော်မူခဲ့သည်။ ဤပညတ်ချက်များကို တစ်မျိုးသားလုံး၏ တစ်ခုတည်းသောဗိမာန်တော်ထဲတွင် ထားရှိပြီး အစ္စရေးအမျိုး ၁၂ မျိုးကို ထိုဗိမာန်တော်၏ပတ်လည်တွင် နေရာချထားသည်။ လူမျိုးတော်ကို အတူတကွစုဝေးစေရန်၊ ပဋိညာဉ်၏ဝေါဟာရများကိုကြိုတင်လေ့ကျင့်ပေးရန်နှင့် လူမျိုးတော်အား ဘုရားသခင်၏ပညတ်တော်များကို သင်ကြားပေးရန်မှာ ယဇ်ပုရောဟိတ်များ၏တာဝန်ဖြစ်သည်။ ထို့နောက် ဒေသန္တရအကြီးအကဲများက သူတို့၏အသိုင်းအဝိုင်းတွင် ဘုရားသခင်၏ပညတ်တော်များကို လိုက်နာကြခြင်းရှိမရှိ စစ်ဆေးကြည့်ရှုရသည်။ ဤရိုးရှင်းသောအုပ်ချုပ်ရေးစနစ်ကြောင့် အမျိုးစုတိုင်းနှင့် နေရာဒေသတိုင်းတွင် မိမိကိုယ်ကိုယ် အကောင်းဆုံးအုပ်ချုပ်နိုင်ခဲ့ကြသည်။ လူမျိုးတော်သည် ဘုရားသခင်ကိုယုံကြည်လျက် သူ၏ပညတ်တော်များကို လေးစားလိုက်နာနေသရွေ့ လူ့အဖွဲ့အစည်းသည် အခြေအနေဆက်လက်ကောင်းမွန်နေပြီး အားမာန်ပြည့်ဝကာကောင်းစွာလည်ပတ်နေသည်။ တစ်ချိန်မဟုတ်တစ်ချိန် လူမျိုးစု နှစ်မျိုးသုံးမျိုးက မိမိတို့ပတ်ဝန်း

ကျင်ရှိ ထာဝရဘုရားကိုမသိသောသူများနှင့် အပေးအယူလုပ်သောအခါ ဘုရားသခင်သည် စစ်ပိုင်းဆိုင်ရာခေါင်းဆောင်များသာမက ကိုယ်ကျင့်တရားနှင့်ဂိညာဉ်ရေးရာတရားသူကြီးများနှင့် ပြုပြင်ပြောင်းလဲစေသူများဖြစ်ကြသည့် အထူးလွတ်မြောက်စေသူများကို ပေါ်ထွန်းစေတော်မူသည်။ သူတို့က တစ်ချိန်ပြီးတစ်ချိန် လူမျိုးတော်က ပြန်လည်သစ်လွင်စေလျက် ဘုရားသခင်အား ဖြင့်ရရှိသော သူတို့၏လွတ်မြောက်မှုကိုပြန်လည်ရရှိစေတော်မူ၏။ သူတို့၏စွန့်စားမှုများနှင့်ဆိုင်သော စိတ်လှုပ်ရှားဖွယ်ဖြစ်ရပ်များကို တရားသူကြီးမှတ်စာတွင် ဖော်ပြထားပါသည်။

ကာလပြမျဉ်း ၁။ ဘီစီ ၁၅၀၀ မှ - ဘီစီ ၉၃၀ အတွင်း အစ္စရေးသမိုင်း၏သော့ချက်ပုဂ္ဂိုလ်များ




သို့သော် ဟန္နာ၏ခေတ်တွင် လူမျိုးတော်၏အုပ်ချုပ်ရေးစနစ်သည် လုံးလုံးယိုယွင်းလျက် အန္တရာယ်ထဲကျရောက်နေခဲ့သည်။ တစ်မျိုးသားလုံးက ဘုရားသခင်ကို အစစ်အမှန်ယုံကြည်ကိုးကွယ်မှသာ ဘုရားသခင်အုပ်ချုပ်သောစနစ်သည် အလုပ်ဖြစ်မည်ဖြစ်သည်။ သို့သော် ထိုကာလတွင် ဘုရားသခင်အပေါ်သူတို့၏ယုံကြည်ခြင်းနှင့် ဗိမာန်တော်၌ဘုရားသခင်ကိုကိုးကွယ်ခြင်းအပေါ် သူတို့၏လေးစားမှုတို့သည် ပျောက်ဆုံးစပြုလာခဲ့သည်။ သူတို့အမှားချည်းတော့မဟုတ်ပါ။ ပြဿနာသည် ဗိမာန်တော်ထဲရှိ ယဇ်ပုရောဟိတ်များနှင့်လည်း သက်ဆိုင်နေသည်။ ငယ်ရွယ်တက်ကြွသောယဇ်ပုရောဟိတ်တို့သည် ကိုယ်ကျင့်တရားကို ပြောင်ပြောင်တင်းတင်းချိုးဖောက်လာပြီး ဘုရားတရားကိုမထီမဲ့မြင်ပြုလာကြသည်။ ဤကဲ့သို့သောအရာများဖြစ်ပေါ်လာသည့်အခါ ဘာသာတရားသည် အယူသီးမှု၊ အစွဲအလမ်းကြီးမှုသက်သက်ထက် အနည်းငယ်သာပိုသည်။ ဗိမာန်တော်ထဲတွင် ပဋိညာဉ်သေတ္တာတော်ရှိသည်။ ၎င်းသည် ဘုရားသခင်စိုးစံသောပလ္လင်တော်၏သင်္ကေတတစ်ခုဖြစ်ပြီး ၎င်းတွင် ပညတ်တော်ဆယ်ပါးရေးထားသည့် ကျောက်ပြားနှစ်ပြားရှိသည်။ သို့သော် အစ္စရေးတို့၏ရန်သူ ဖိလိတ္တိလူမျိုးတို့က တိုက်ခိုက်လာသောအခါ ယဇ်ပုရောဟိတ်များနှင့်လူတို့သည် ထိုသေတ္တာတော်တွင်ပါသော ဘုရားသခင်၏ပညတ်တော်ကို မထီမဲ့မြင်ကြလင့်ကစား ထိုသေတ္တာတော်တွင် အံ့ဖွယ်တန်ခိုးများရှိသည်ဟုထင်မြင်ကာ ထိုတန်ခိုးက သူတို့ရန်သူများထံမှ သူတို့ကိုကယ်တင်နိုင်လိမ့်မည်ဟု အယူသီးစိတ်ဖြင့်ထင်မြင်ခဲ့ကြသည် (၁ ရာ ၄)။ သူတို့ထင်မြင်သည့်အတိုင်း ဖြစ်မလာခဲ့ပေ။ အယူသီး၍အစွဲအလမ်းကြီးခြင်းသည် မည်သည့်အခါမျှ အလုပ်မဖြစ်ပါ။ ထို့ကြောင့် အစ္စရေးတို့မရှုမလှရှုံးနိမ့်ခဲ့ကြသည်။




*ဟန္နာသည် သူ၏လူမျိုးတော်ပြိုကွဲအားနည်းသွားမည့်အရေးမှ ကယ်တင်ခဲ့သည်။* ယဇ်ပုရောဟိတ်များအကြား ကိုယ်ကျင့်တရားယို ယွင်းမှုနှင့်အတူ ဗိမာန်တော်အပေါ်လေးစားမှုပျောက်လာ၍ အယူသည်းလျက်အစွဲအလမ်းကြီးခြင်းက အသက်ရှင်သောဘုရားသခင်အပေါ်ယုံကြည်ခြင်းကို

အစားထိုးလာကာ ဘာသာတရားသည် မော်ပညာအဆင့်သို့တန်ဖိုးလျော့လာသဖြင့် လူမျိုးတော်ကိုတစ်စုတစ်စည်းဖြစ်သည့် အဓိကအချက်များ ပျောက်ကွယ်သွားခဲ့သည်။ ဖြစ်ပေါ်လာသည့် အခွန္တရာယ်မှာ လူမျိုးတော်သည် တစ်သီးတစ်ခြားလွတ်လပ်စွာရပ်တည်ကြသည့် အနွယ်ဆယ့်နှစ်နွယ်အဖြစ် ပြိုကွဲအားနည်းသွားမည့်အရေးဖြစ်သည်။ သို့သော် မိမိကိုယ်ကျင့်တရား၏အစွမ်းသတ္တိသက်သက်နှင့် ဂိညာဉ်ရေးအခွင့်အာဏာတို့ဖြင့် ဤအန္တရာယ်ကိုဖယ်ရှားခဲ့လူတစ်ဦးရှိခဲ့သည်။ ထိုသူမှာ ပရောဖက်ရှမွေလဖြစ်သည်။ သူသည် လူတို့ကို နောင်တရရန်၊ အပြစ်ဝန်ခံရန်၊ စစ်မှန်သောယုံကြည်ခြင်းဖြင့် ဘုရားသခင်ကို ယုံကြည်အားကိုးရန်နှင့် ထိုသို့အားဖြင့် ရန်သူတို့အပေါ်အောင်ပွဲခံရန် ပြန်လှည့်လာစေခဲ့သည်။ သူသည် ဘုရားသခင်၏အုပ်စိုးမှုအောက်တွင် ဘုရင်စနစ်တည်းဟူသော နိုင်ငံရေးအဖွဲ့အသစ်ကို ဖြစ်ပေါ်စေလျက် လူတို့ကိုလမ်းပြခဲ့သည်။ ထို့နောက် ၎င်း၏ပွဲဦးထွက်အဖုအထစ်များဖြစ်ပေါ်လာသည့်အခါ အရင်ကမဖြစ်စဖူး၊ နောင်လည်းဖြစ်မည်မဟုတ်သည့် စည်းလုံးမှုမျိုးဖြင့် လူမျိုးတော်ကို စုစည်းစေခဲ့သူ ဒါဝိဒ်မင်းကြီးကို ရွေးချယ်တော်မူသည်ကို သူတွေ့မြင်ခဲ့ရသည်။ သူသည် ဘုရားသခင်အပေါ်ယုံကြည်ခြင်း၊ မိမိလူမျိုးတော်ကို ကာကွယ်ခြင်း၊ ဗိမာန်တော်သစ်တည်ဆောက်ခြင်း၊ လွန်စွာကျော်ကြားသည့်ဘာသာရေးတေးကဗျာများရေးစပ်ခြင်း စသည့် မိမိကိုယ်တိုင်၏နမူနာပြမှုများဖြင့် လူမျိုးတော်၏ ဘုရားသခင်ကိုးကိုယ်ဂတ်ပြုခြင်းအဆင့်ကို မြင့်မားစေခဲ့သည်။

ဤအရာအားလုံးအတွက် ပရောဖက်ရှမွေလကို ကျေးဇူးတင်ချီးမွမ်းရမည်ဆိုလျှင် ဟန္နကို ပို၍ပင်ကျေးဇူးတင်ချီးမွမ်းရမည်ဖြစ်သည်။ သူမရှိဘဲ ရှမွေလရှိလာခဲ့လိမ့်မည်မဟုတ်။ သူသည် ရှမွေလ၏မိခင်ဖြစ်သည်။

*ဟန္န၏ဘုရားသခင်အပေါ်ယုံကြည်မှုနှင့်ကိုးကွယ်ဆက်ကပ်မှု။* ရှုထောင့်တစ်ခုမှကြည့်မည်ဆိုလျှင် ဟန္နသည် သူ့ခေတ်က အခြားအမျိုးသမီးများနှင့်ခြားနားခြင်းမရှိပေ။ သို့သော် သူ၏အစောပိုင်းအိမ်ထောင်သည်ဘဝသည် အလွန်ခါးသီးခဲ့သည်။ ပထမအချက်မှာ ထိုစဉ်က မယားများစွာယူနိုင်သည့်ယဉ်ကျေးမှုမျိုးရှိခဲ့သည်ဖြစ်၍ သူသည် ခင်ပွန်းသည်၏မယားနှစ်ဦးထဲက တစ်ဦးသာဖြစ်သည်။ ဒုတိယအချက်မှာ ရှက်ဖွယ်ရာအခြေအနေဟု သတ်မှတ်ခံရသော အမြုံမဖြစ်ခဲ့ရသည်။ သူ့လက်တွင် သားသမီးတို့ကို ချီပွေ့ရသည့် မိခင်ဘဝကို သူတမ်းတခဲ့သည်။ သို့သော် သူ့ခင်ပွန်း၏အခြားမယားဖြစ်သူ ပေနိန္နသည် ဟန္နကသားသမီးမမွေးနိုင်သည့်အဖြစ်ကို အကြောင်းပြုလျက် ဟန္နစိတ်ဆိုးအောင်ဆွပေးလေ့ရှိသောကြောင့် သူဂမ်းနည်းကြေကွဲရသည်။ ချစ်ခြင်းမေတ္တာနှင့်အချင်းလက်ခံခြင်းဖြင့်တည်ဆောက်ရမည့်မိသားစုသည် ခါးသီးသောယှဉ်ပြိုင်မှုအတွက် စစ်တလင်းဖြစ်လာခဲ့သည်။ သူ့ခင်ပွန်းသည်က သူ့ကိုချစ်ကြောင်း သူသိသည်။ သို့သော် သူဘာတွေခံစားနေရသည်ကို သူ့ခင်ပွန်းသည်မသိခဲ့ပေ။ သူသည် ခံစားရသည့်စိတ်ဆင်းရဲမှုထဲတွင် ဘုရားသခင်ဘက်သို့လှည့်ခဲ့သည်။ နောက်ဆုံးတွင် ဟန္နကြုံတွေ့ရသည့်စိတ်ပျက်စရာ အခြေအနေနှင့် ကြေကွဲမှုသည် သူ့အား ဘဝ၏တန်ဖိုး၊ အဓိပ္ပါယ်နှင့် ရည်ရွယ်ချက်တို့ကို ပြန်လည်ဆင်ခြင်စဉ်းစားစေခဲ့သည်။

သူသည် အဘယ့်ကြောင့် မိခင်တစ်ဦးအလွန်ဖြစ်ချင်ခဲ့သနည်း။ ထိုအတွက် သူအလိုလိုငိုကြွေးခဲ့သည်။ မိခင်ဖြစ်လိုသည့် ဇီဝရုပ်သွင်၏တောင်းဆိုမှုကို ကျေနပ်စေရန်သက်သက်လား။ ဟန္နအတွက် ထိုထက်ပိုပါသည်။ မိခင်တစ်ဦးဖြစ်ခြင်း၏အမြင့်မားဆုံးရည်ရွယ်ချက်မှာ မိခင်ဖြစ်စေတော်မူသောဘုရား၏အကျိုးကျေးဇူးအတွက် အမှုတော်ဆောင်ရန်ပင် မဟုတ်ပါလား။ သူ၏ပတ်ဝန်းကျင်ကို သူကြည့်သည့်အခါ ကိုယ်ကျင့်တရားနှင့်ဂိညာဉ်ရေး ဖရိုဖရဲဖြစ်နေသည်ကို

သူတွေ့နေရသည်။ ဘုရားသခင်အတွက်အသက်ရှင်ကြရန် လူတို့ကိုသွန်သင်ပေးမည့် ဗိမာန်တော်မှယဇ်ပုရောဟိတ်တို့သည် မိမိတို့လောဘကိုကျေနပ်စေရန်သာ မိမိတို့၏အခွင့်အာဏာကို အသုံးပြုနေကြပြီး သူတို့ရုပ်ခန္ဓာ၏တောင်းဆိုကိုသာ အလိုလိုက်နေကြသည်။ သူ့ခင်ပွန်းသည်၏ အခြားမယားသည် သားသမီးရနိုင်သည့်စွမ်းရည်အတွက် ဖန်ဆင်းရှင်ဘုရားသခင်ကိုကျေးဇူးမတင်ဘဲ မိမိအရည်အချင်းကြောင့်ဟု ဂါဝရွားနေသည်ကို သူစောင့်ကြည့်နေခဲ့သည်။ ထို့ကြောင့် မိသားစု၏အခြေအနေသည် တင်းမာမှုနှင့်ခါးသီးမှုတို့ဖြင့် ညစ်ညမ်းနေသည်။

ဘုရားသခင်ကို ကိုးကွယ်ဝတ်ပြုရန် ရှိလောမြို့သို့ မိသားစုလိုက်သွားကြသည့်အခါ ဟန္နအပေါ် ပေနိန္န၏ရန်စစော်ကားခြင်းသည် အထွတ်အထိပ်သို့ရောက်သွားခဲ့သည်။ ဟန္န၏တုန့်ပြန်မှုမှာ မိခင်ဖြစ်ခြင်းကို ရှုတ်ချလျက် ကလေးမလိုချင်သလိုမျိုးဟန်ဆောင်နေခြင်း မဟုတ်ပေ။ ကလေးလိုချင်သော သူ၏အလိုဆန္ဒကို ဘုရားသခင်၏အလိုတော်နှင့်လိုက်လျောညီထွေရှိလျက် အမှုတော်အတွက်အကျိုးရှိကာ မိမိလူမျိုး၏ကောင်းကျိုးဖြစ်စေခဲ့သည်။ ထိုအချက်ကို သူဂရုတစိုက်စဉ်းစားခဲ့သည်။ ဘုရားသခင်သည် သူ့ကိုကလေးရစေလျှင် သူလည်း ဘုရားသခင်ကို တစ်ခုခုပြန်ပေးလိုသည်။ သူပြန်ပေးနိုင်သည့်အကောင်းဆုံးအရာကား ဘယ်အရာ ဖြစ်မည်နည်း။ ထာဝရဘုရား သူ့ကိုပေးသနားတော်မူသည့် ကလေးငယ်ပင်မဟုတ်ပါလား။ ထာဝရဘုရား၏ ဗိမာန်တော်တွင် အမှုတော် ဆောင်ဖို့ဆိုလျှင် သားဖြစ်ရမည်။ ထို့ကြောင့် သူသည် ဘုရားသခင်ထံ သားရရန်ဆုတောင်းပြီး ကိုယ်တော်သည် သူ့အား သားကိုပေးတော်မူလျှင် လူမျိုးတော်ကိုယ်စား ဘုရားသခင်ကိုအစေခံရန်အတွက် အဖြစ်နိုင်ဆုံးစောလျှင်စွာဆက်ကပ်ပါမည်ဟု သူကတိပြုခဲ့သည်။

ကြည့်နေ၊ နားထောင်နေသော ယဇ်ပုရောဟိတ်ဧလိက သူ့ကိုနားလည်မှားခဲ့သည်။ ဟန္နမူးနေသည်ဟု သူထင်ခဲ့သည်။ စိတ်အားထက်သန်စွာတောင်းလျှောက်သောဆုတောင်းခြင်းကို သူသိသင့်ပါသည်။ သို့သော် သူမသိခဲ့ပေ။ ဂမ်းနည်းဖွယ်ကျဆင်းလာသည့် ယဇ်ပုရောဟိတ်ဘဝ၏လက္ခဏာတစ်ခုပင်ဖြစ်သည်။ သူ့အတွက်ဆုတောင်းပေးရန် ဧလိကို သူမတောင်းဆိုခဲ့ပါ။ ဘုရားသခင်က သူ့ကိုနားညောင်းတော်မူပြီဆိုသည်ကို သူသံသယမရှိပေ။ သို့သော် သူ့ကိုနားလည်အောင် ကြိုးစားပေးရန် ဧလိကို သူတောင်းဆိုခဲ့သည်။ မိမိ၏နှလုံးသားကို ဘုရားသခင်ထံ ဖွင့်ချပြီးသည့်အခါ သူသွား၍စားသောက်လျက် နေခဲ့သည်။ သူဂမ်းမနည်းတော့ပါ။

နားထောင်တော်မူလျက် ဂရုစိုက်တော်မူသည့် ယုံကြည်စိတ်ချရသောဘုရားသခင်ကို ဟန္နယုံကြည်ခဲ့သည်။ သူကြုံတွေ့ရသည့် ဂမ်းနည်းရသောနှစ်ကာလတို့က သူ့ကို ဘုရားသခင်နှင့် သာမန်ထက်ပို၍လေးနက်စွာစကားပြောရန် တွန်းပို့ပေးခဲ့သည်။ ပေနိန္နသည် ကိုယ်ဝန်ရ၍ဂါဝရွားနေပြီး ကျန်းမာသည့်ကလေးကိုမွေးတိုင်း ဟန္နသည် ဘုရားသခင်ထံ မျက်ရည်နှင့်လှည့်လျက် 'သူဘာကြောင့် ကိုယ်ဝန်မရနိုင်ရသနည်း'ဟု မေးခွန်းထုတ်မိပေလိမ့်မည်။ သူ့ဘဝ၏လေးနက်သည့်မေးခွန်းများက သူ့ဘဝအမိပ္ပါယ်ကိုပေးရန် တစ်ပါးတည်းတတ်နိုင်တော်မူသည့်အရှင်ထံသို့ သူ့ကိုပို့ဆောင်ခဲ့သည်။

ဘုရားသခင်သည် ဟန္နအား သားကို ပေးတော်မူ၍ 'ဘုရားသခင်ထံမှတောင်းလျှောက်ထားသူ'ဟု နာမည်ရလျက် နားညောင်း၍နားလည်ပေးသောဘုရားသခင်ထံမှ လက်ဆောင်ဖြစ်ကြောင်း အမြဲသတိရစေသည်။ အချိန်ကြာမြင့်စွာစောင့်ခဲ့ရသည့် ကတိတည်သောဟန္နသည် သားငယ်လေးကို ဗိမာန်တော်သို့ခေါ်ဆောင်လာလျက် 'ဤသူငယ်ကိုရမည်အကြောင်း ဆု

တောင်းပါ၏။ တောင်းသည်အတိုင်း ထာဝရဘုရားသည် ပေးသနားတော်မူပြီ။ ထို့ကြောင့် ကျွန်မသည် သူ့ကို ထာဝရဘုရားထံအပ်နှင်းပါပြီ’ဟု ဆိုခဲ့သည်။

*ကျွန်ုပ်တို့အတွက် ဟန္န၏နမူနာ။* မိဘများနှင့် ဆရာဆရာမများဖြစ်ကြသော ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏သားသမီးများနှင့်ကျောင်းသူကျောင်းသားတို့ကို မိဘကောင်းများဖြစ်ရန် မည်ကဲ့သို့ကြိုတင်လျက်ပြုစုပျိုးထောင်ကြမည်နည်း။ သူတို့အတွက် မည်သည့်စံနမူနာများကို ကျွန်ုပ်တို့ပြသကြမည်နည်း။ တိုးတက်ယဉ်ကျေးသောနိုင်ငံများဟု ခေါ်ဆိုသောနိုင်ငံများတွင် နိုင်ငံရေးသမားများသည် ရာဇဝတ်မှုမြင့်မားလာခြင်းနှင့် လူမှုရေးမငြိမ်မသက်မှုများဖြင့် အလုပ်ရှုပ်နေကြသည်။ ၎င်းသည် အများအားဖြင့် မိသားစုဘဝပြိုကွဲခြင်း၊ အိမ်ထောင်ရေးနှင့်မိဘဖြစ်ခြင်းဆိုင်ရာ သန့်ရှင်းမွန်မြတ်မှုကိုမစောင့်ထိန်းခြင်းတို့၏ရလဒ် ဖြစ်သည်။ ပြဿနာ၏အဖြေသည် နိုင်ငံရေးသမားများမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံးရှိ မိဘများ၊ အထူးသဖြင့် မိခင်များဖြစ်နိုင်ပါသည်။ အိမ်ထောင်ရေးနှင့်မိဘပြုခြင်းတို့တွင် ဘုရားသခင်၏သန့်ရှင်းမွန်မြတ်သောရည်ရွယ်ချက်ကို ပြန်လည်အသက်သွင်းကြမည်ဆိုလျှင် ကျွန်ုပ်တို့၏လူ့အသိုင်းအဝိုင်းတွင် အလွန်နှစ်သက်ဖွယ်ပြောင်းလဲမှုများဖြစ်ပေါ်လာမည်ဖြစ်သည်။ သားသမီးများသည် မည်သည့်လုပ်ငန်းကိုလုပ်လုပ် သူတို့၏အဓိကစိတ်ရင်းသည် ရှမွေလကဲ့သို့ ကိုယ်ကျိုးမဟုတ်ဘဲ ဘုရားသခင်နှင့်လူမျိုးတော်ကို အလုပ်အကျွေးပြုရန်ဆိုသည့်စိတ်ရင်းထားတတ်အောင် သင်ကြားလေ့ကျင့်ခြင်းခံရပါက ကျွန်ုပ်တို့လူ့အသိုင်းအဝိုင်းတွင် မည်သည့်အကျိုးကျေးဇူးများ တိုးပွားလာမည်နည်း။

**သားသမီးများနှင့်သူတို့၏မိဘများ**

ဟန္န၏အစောပိုင်းအိမ်ထောင်သည်ဘဝသည် ပျော်စရာမကောင်းခဲ့ပေ။ ထိုအခြေအနေကို သူမည်ကဲ့သို့တုန့်ပြန်မည်ဟု သင်မျှော်လင့်ခဲ့ပါသနည်း။ သူက မည်ကဲ့သို့တုန့်ပြန်ခဲ့သနည်း။

ဟန္နက သူသည် ဘုရားသခင်၏အစေခံဖြစ်သည်ဟု မိမိကိုယ်ကိုယ်ရှုမြင်ခဲ့သည် (၁ ရာ ၁း၁၁)။ ဘုရားသခင်ကို သူမည်ကဲ့သို့ရှုမြင်ခဲ့သနည်း။

အဖြစ်အပျက်ကိုသေချာလေ့လာ၍ ဘုရားသခင်သည် သူ့အား ရှမွေလကိုပေးသနားတော်မူပြီဖြစ်ကြောင်း ဟန္နသေချာမှုရှိရသည့် အကြောင်းရင်းကို မှတ်သားပါ။

ဤအခန်းတွင်ဖော်ပြသည့်အချက်များထဲမှ ဟန္နနှင့် ပေနိန္နတို့၏စရိုက်လက္ခဏာများကို လေ့လာဆန်းစစ်ကြည့်ပါ။ မည်သူသည် ပိုသာသည့်မိခင်ကောင်းဖြစ်မည်ဟု သင်ထင်သနည်း။ အဘယ်ကြောင့်နည်း။

ယဇ်ပုရောဟိတ်ဧလိသည် သူ၏သားသမီးများနှင့်ပတ်သက်၍ မည်သို့မအောင်မမြင်ဖြစ်ခဲ့သနည်း (၁ ရာ ၂ ကိုဖတ်ပါ)။ ဘုရားသခင်အပေါ်လူတို့ရှုမြင်မှုကို သူတို့၏ဆိုးဝါးသောအပြုအမူက မည်သို့ဖြစ်စေခဲ့သည်ဟု သင်ထင်ပါသနည်း။


# အခန်း ၁၁

## မင်းကြီး၏လမ်းစဉ်

*ကျေးဇူးပြု၍ ဓမ္မရာဇဝင်ပထမစောင် ၁၇ ကိုဖတ်ပါ။*

ဤအခန်းနှင့်နောက်အခန်းတွင် ဓမ္မဟောင်းကျမ်းမှအထင်ရှားဆုံးများအနက်တစ်ဦးဖြစ်သည့် ဒါဝိဒ်မင်းကြီးအကြောင်းကို ကျွန်ုပ်တို့လေ့လာကြမည်ဖြစ်သည်။ သူသည် ဘီစီ ၁၀၁၀ တွင် ယုဒအမျိုး၏ဘုရင်ဖြစ်လာခဲ့သည်။ နောက် ခုနစ်နှစ်ကြာသောအခါ အစ္စရေးလူမျိုး၏လူမျိုးနွယ်အားလုံးကိုအုပ်ချုပ်သောဘုရင်ဖြစ်လာပြီး တစ်မျိုးသားလုံးကိုသရဖူတစ်ခုအောက်တွင် စုစည်းကာ နှစ်ပေါင်းလေးဆယ်အုပ်ချုပ်ခဲ့သည်။ နောက်ပိုင်းအစ္စရေးလူမျိုးတို့သည် သူ၏ခေတ်ကာလကို လွန်စွာနှစ်သက်ကြလျက် သူ့ကို အစ္စရေး၏အကြီးမြတ်ဆုံးနှင့် စံပြဘုရင်အဖြစ်မှတ်ယူကြသည်။ ထို့ကြောင့် ဓမ္မဟောင်းပရောဖက်များက အစ္စရေးနှင့်တစ်လောကလုံးအတွက် ကယ်တင်ရှင်အဖြစ်ဘုရားသခင်ခွဲခန့်သတ်မှတ်ထားသော နောင်အခါကြွလာတော်မူမည့် မေရှိယရှင်ဘုရင်အကြောင်းပြောဆိုကြသည့်အခါ ဤမေရှိယရှင်ဘုရင်တည်းဟူသော ကယ်တင်ရှင်သည် မည်သူဖြစ်ကြောင်း ဖော်ပြသည့် လက္ခဏာများအနက်မှ လက္ခဏာနှစ်ရပ်ကိုဖော်ပြခဲ့ကြသည်။

အချိန်ပြမျဉ်း ၂။ ဘီစီ ၁၀၅၀-၉၃၀ အတွင်း အစ္စရေးသမိုင်း၏သော့ချက်ပုဂ္ဂိုလ်များ





တစ်ဖက်တွင် သူသည် ဒါဝိဒ်မင်းကြီးမှဆင်းသက်သူ၊ ဒါဝိဒ်မင်းကြီး ကြီးထွားလာရာ ဗက်လင်မြို့တွင်မွေးဖွားသူ ဖြစ်ရမည်။ အခြားတစ်ဖက်တွင် သူသည် ဒါဝိဒ်မင်းကြီးထက် များစွာကြီးမြတ်တော်မူသော်လည်း ကဏ္ဍများစွာတွင် ဒါဝိဒ်မင်းကြီးနှင့်ဆင်တူမည်ဖြစ်သည်။ တစ်နည်းဆိုရလျှင် ဒါဝိဒ်မင်းကြီးသည် ကြွလာမည့်ဘုရင်မေရှိယ၏ရှေ့ပြေးပုံစံဖြစ်သည်။ ထို့ကြောင့် သူ့ခေတ်ကာလတွင် သူစွမ်းဆောင်ခဲ့သည့် သူ၏မဟာလွှမ်းမိုးမှု၏အကြောင်းတရားအချို့ကို ယခုစစ်ဆေးကြည့်ကြစို့။

### သူ၏ပြောင်မြောက်သောစစ်ဖက်ဆိုင်ရာကျွမ်းကျင်မှု

*ဂေါလျတ်ကို သူအနိုင်ယူခြင်း* (၁ရာ ၁၇)။ ဒါဝိဒ်နှင့်လူသန်ကြီးဂေါလျတ်တို့၏တိုက်ခိုက်မှုဇာတ်လမ်းသည် ဟုမ်းမားရေးသားသည့် အီလိယတ်အမည်ရှိ ရှေးဂရိတ်သဏ္ဍာရီကဗျာထဲမှ ဟက်တာနှင့်အာချိလေ့စ်တို့၏ယှဉ်ပြိုင်မှုနှင့် နှိုင်းယှဉ်၍ရလောက်အောင် ထူးခြားလှပေသည်။ သို့သော် ဒါဝိဒ်နှင့်ဂေါလျတ်တို့၏ဇာတ်လမ်းသည် သမိုင်းအမှန်ဖြစ်သည်။ ၎င်းသည် ပင်လယ်လူသားများဖြစ်ကြသည့် ဖိလိတ္တိလူမျိုးတို့ ပါလက်စတိုင်းကိုကျူးကျော်ဝင်ရောက်ကာ အနောက်တောင်ကမ်းရိုးတန်းတွင် နေရာစွဲယူကြစဉ်က ဖြစ်ပျက်သည့်အဖြစ်အပျက်ဖြစ်သည် (သူတို့၏အခြေချနေထိုင်မှုကို မကြာသေးသည့်ဆယ်စုနှစ်များက ကျယ်ကျယ်ပြန့်ပြန့်တူးဖော်ရှာဖွေခဲ့ကြပြီဖြစ်သည်)။ ထို

သို့အခြေချနေထိုင်ပြီး ကုန်းတွင်းပိုင်းကို ကျူးကျော်လာကာ နိုင်ငံငယ်လေးဖြစ်သောအစ္စရေးကို ကျူးကျော်သိမ်းပိုက်ရန် ကြိုးစားလာသည်။ စစ်ပွဲတစ်ပွဲတွင် ထိုခေတ်ကထုံးစံအတိုင်း အစ္စရေးတပ်ထဲမှ လူတစ်ဦးရွေးချယ်လျက် မိမိတို့ရွေးချယ်သောစစ်သည်တော်နှင့်ယှဉ်ပြိုင်ရန်စိန်ခေါ်လာသည်။ နန်းထိုင်ဘုရင် ရှောလုမှစ၍ မည်သည့်အစ္စရေးစစ်သည်တော်ကမျှ သန်မာထွားကြိုင်းပြီး စစ်ဝတ်တန်ဆာအပြည့်ဝတ်ဆင်ထားသော ပါလက်စတိုင်းသူရဲကောင်းကို မယှဉ်ရဲခဲ့ကြချေ။




ထို့ကြောင့် ဒါဝိဒ်က မိမိဆန္ဒအလျောက် ထိုသူနှင့်ယှဉ်ပြိုင်ရန်ဆုံးဖြတ်ခဲ့သည်။ သူသည် လူငယ်တစ်ဦးသာဖြစ်ပြီး စစ်အတွေ့အကြုံလည်းမရှိခဲ့ချေ။ သို့သော် သိုးထိန်းတစ်ဦးဖြစ်သည်နှင့်အညီ လှည့်လည်သောင်းကျန်းနေသောခြင်္သေ့များနှင့်ဝက်ဝံများရန်မှ မိမိသိုးများကို ကာကွယ်ရန် ဘုရားသခင်အပေါ်ထားရှိသော သူ၏ယုံကြည်ခြင်းက သူ့ကိုသတ္တိမွေးပေးခဲ့သည်။ ယခု တိုင်းပြည်၏အရေးပေါ်အမှုကိစ္စတွင် မိမိ၏ကိုယ်ပိုင်ခွန်အား သို့မဟုတ် ကျွမ်းကျင်မှုအပေါ် မအားကိုးဘဲ ဘုရားသခင်အပေါ်မှီခိုကြောင်း အားလုံးတွေ့မြင်ရစေရန် အလွန်အားနည်းသည်ဟုထင်ရသည့်လက်နက်များဖြစ်သော သိုးထိန်းတစ်ဦး၏အသုံးအဆောင်နှင့်လောက်လွှဲတို့ဖြင့် မိမိကိုယ်ကိုယ်လက်နက်တပ်ဆင်ခဲ့သည်။ ပြီးနောက် သူသည် အံ့မခန်းဖွယ်အောင်ပွဲခံခဲ့သည်။ ဤအောင်ပွဲသည် သူ့အား ပြည်သူတို့နှလုံးသားတွင် နေရာတစ်ခုရရှိစေခဲ့သည် (တစ်ဘက်တွင် ထိုစဉ်က ဘုရင်ဖြစ်သူရှောလု၏ မနာလိုဝန်တိုမှုနှင့် လက်လံညှင်းဆဲမှုကိုလည်းခံခဲ့ရသည်)။ ထို့ပြင် လူ့ဘီလူးကို အောင်နိုင်သည့်ယုံကြည်ခြင်းသည် လူတို့၏စိတ်ကူးနိုင်စွမ်းရည်ကို မီးညှိပေးလိုက်ပြီး အလားအလာကောင်းပါ့မလား၊ အနိုင်ရပါ့မလားဟု မသေမချာမရေမရာဖြစ်နေသူများစွာ၏စိတ်ကို ပြန်လည်နိုင်မာစေခဲ့သည်။

သူ၏အပြည်ပြည်ဆိုင်ရာတိုက်ပွဲစဉ်များ။ အရှေ့ဘက်တွင် ယူဖရေးတီးနှင့် တောင်ဘက်တွင် အီဂျစ်တို့က မဟာအင်အားကြီးဖြစ်ကြ၍ အရှေ့အလယ်ပိုင်းတွင် အာဏာလေဟာနယ်ဖြစ်နေချိန်တွင် ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်လာခဲ့သည်။ ဒါဝိဒ်က ဤအခွင့်အရေးကိုအသုံးပြုကာ အစ္စရေးအပေါ်စိုးမိုးရန် ရာစုနှစ်အတော်အတန်ကြိုးစားလာခဲ့ကြသော (တရားသူကြီးမှတ်စာကို ကြည့်ပါ) ဝန်းကျင်ရှိနိုင်ငံငယ်များ၏ဖိနှိပ်မှုကို ဖယ်ရှားခဲ့သည်။ ထို့ပြင် ဒါဝိဒ်သည် အစ္စရေးနိုင်ငံကို တိုးတက်သင့်သည့်အတိုင်းအတာထိတိုးတက်အောင် မြှင့်တင်ကာ အီဂျစ်၊ ဘေဘီလုန်နှင့် အဆီးရီးယားတို့ကဲ့သို့ ကမ္ဘာ့တန်ခိုးအာဏာဘောင်ထဲသို့ ဝင်ရောက်စေခဲ့သည်။ ထို့ကြောင့်လည်း အစ္စရေးသည် ဒါဝိဒ်မင်းကြီးစိုးစံအုပ်စိုးခြင်း(နှင့် ဆက်ခံသူဖြစ်ကာ အီဂျစ်ဖာရောဘုရင်၏သမီးတော်ကို လက်ထပ်လျက် မဟာမိတ်ပြုခဲ့သည့် ရှောလမုန်မင်းကြီးတို့)ကို တိုင်းပြည်သမိုင်း၏အထွတ်အထိပ်အဖြစ် ပြန်ပြောင်းကြည့်ရခြင်းဖြစ်သည်။

### ဂျေရုဆလင်ကို သူတည်ထောင်ခြင်း (၂ရာ ၅)

ဒါဝိဒ်သည် အစ္စရေးလူမျိုးနွယ် ဆယ့်နှစ်ပါးလုံး၏ဘုရင်ဖြစ်လာသောအခါ သူဦးစွာလုပ်ဆောင်သောအရာမှာ ဂျေရုဆလင်မြို့ကိုတည်ထောင်ပြီး တိုင်းပြည်၏မြို့တော်ဖြစ်စေလျက် မိမိကိုယ်

တော်တိုင်၏ရုံးချုပ်ဖြစ်စေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ၎င်းကို ဒါဝိဒ်၏မြို့တော်ဟု သမုတ်ကြခြင်းဖြစ်သည်။ ဤကား ပါရမီရှင်၏လုပ်ဆောင်ချက်တစ်ချက်ပင်ဖြစ်သည်။ အခြားဘာမျှထပ်မလုပ်လျှင်လည်း ဤအရာကပင် လူ့သမိုင်းတွင် သူ့နေရာတစ်ခုကိုလုံခြုံစေပြီဖြစ်သည်။ ထိုမြို့က အစ္စရေးဆယ့်နှစ်မျိုးလုံးကို ရှေ့နောက်ညီညွတ်သောလူမျိုးအဖြစ် စုစည်းပေးသည်။ အစ္စရေးလူမျိုးထဲမှ မည်သည့်အမျိုးအနွယ်ကမဆို ထိုမြို့သည် မိမိတို့လည်းပိုင်ဆိုင်သောမြို့ဖြစ်သည်ဟူသည့် ခံစားမှုကို ခံစားစေသည်။ ၎င်းက လူမျိုးတော်ကို နှလုံးသားတစ်ခုပေးသည်။ ရာစုနှစ်များတစ်လျှောက် ကမ္ဘာအနှံ့သို့ရောက်ရှိသွားကြသည့်ဂျူးလူမျိုးတို့အတွက် စည်းလုံးပေါင်းစည်းရာဗဟိုဌာနတစ်ကိုပေးသည်။

လူသားဖြစ်တော်မူသည့်လူသားဖြစ်သော ယေရှုခရစ်တော်သည် ထိုမြို့၏မြို့ရိုးအပြင်နားလေးမှာပင် လက်ဝါးကပ်တိုင်ပေါ်တင်ခြင်းခံရလျက် သေခြင်းမှရှင်ပြန်ထမြောက်ကာ ကောင်းကင်သို့ပြန်လည်တက်ကြွတော်မူခဲ့သည်။ မေ့ပျောက်၍မရသောအချက်မှာ ခရစ်ယာန်သတင်းကောင်းသည် ဂျေရုဆလင်မြို့၌အစပြုပြီး ကမ္ဘာအနှံ့သို့ပြန့်နှံ့ခဲ့သည်။

ယနေ့၊ အမျိုးမျိုးအဖုံဖုံသောသမိုင်းကြောင်းများဖြတ်သန်းပြီးနောက် ဂျေရုဆလင်မြို့တော်သည် ကမ္ဘာ့ဘာသာကြီးသုံးရပ် - ယုဒဘာသာ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလမ်ဘာသာ-တို့၏ သန့်ရှင်းသောမြို့တော်အဖြစ်တည်လျက်ရှိသည်။

သမ္မာကျမ်းထဲမှပရောဖက်ပြုချက်အရ ဂျေရုဆလင်မြို့သည် ကမ္ဘာပေါ်ရှိလူမျိုးအပေါင်းတို့၏အရေးကိစ္စအတွက်ဗဟိုဌာနဖြစ်မည် (ဇာ ၁၂၊ ၁၄)။ ယေရှုခရစ်တော်ပြန်လည်ကြွလာမည့်မြို့တော်လည်းဖြစ်သည်။

သမ္မာကျမ်းစာ၏နောက်ဆုံးကျမ်းထဲတွင် ကျွန်ုပ်တို့ကိုပေးထားသည့် ထာဝရနှင့်ဆိုင်သောရူပါရုံတွင် ထာဝရတည်သော ကောင်းကင်မြို့တော်ကို ဂျေရုဆလင်မြို့သစ်ဟုခေါ်သည် (ဗျာ ၂၁)။

## သူ၏နိုင်ငံရေးဆိုင်ရာတန်ဖိုးထားမှုများ

*တန်ခိုးအာဏာ၏မှန်မြတ်မှုသန့်စင်မှု။* ရှေးအစ္စရေးတို့က တော်ဝင်တန်ခိုးအာဏာသည် သန့်ရှင်းမွန်မြတ်သောအရာဖြစ်သည်ဟု ယုံကြည်ခဲ့ကြသည်။ ၎င်းသည် ဘုရားသခင်က မိမိပရောဖက်များအားဖြင့်ပေးလျက် ဘုရင်ကို ဘုရားသခင်၏နာမတော်၌ဘိသိက်ပေးခြင်းဖြင့် သင်္ကေတပြုထားသောယုံကြည်မှုဖြစ်သည်။ သို့သော် လူတို့အလိုဆန္ဒကိုဆန့်ကျင်ပြီး ဘုရင်ကိုခန့်အပ်ခဲ့သည်မဟုတ်၊ သူတို့၏သဘောတူညီမှုဖြင့် ခန့်အပ်ခဲ့ခြင်းဖြစ်သည် (၁ရာ ၁၀၊ ၁၁း၁၄-၁၅၊ ၁၅း၁၊ ၂ရာ ၅၊ ၃ရာ ၁၂ တို့ကိုကြည့်ပါ)။ ဒါဝိဒ်မတိုင်မီအလျှင်ဘုရင်ဖြစ်သူ ရှောလုသည် ဒါဝိဒ်ကို လူအများနှစ်ခြိုက်သဘောကျလာသည်ကို ခါးသီးစွာမရှုစိတ်ဖြစ်လျက် သတ်ရန်ပင်ကြိုးစားခဲ့သည်။ ဒါဝိဒ်သည် ရှောလုကို လုပ်ကြံရန်အခွင့်ကောင်းများရခဲ့သော်လည်း ပြည်ပသို့ထွက်ပြေးရသည့်အခြေအနေမျိုးမှာပင် မိမိစစ်အင်အားကို အသုံးပြုရန်ငြင်းဆန်ခဲ့သည်။ ရှောလုစတင်စိုးစံစဉ်က ဘုရားသခင်၏ဘိသိက်ပေးခြင်းခံရလျက် လူတို့၏နှစ်သက်လက်ခံမှုကိုလည်းရရှိခဲ့သည်။ ဒါဝိဒ်သည် လုပ်ကြံသတ်ဖြတ်ခြင်းဖြင့် အာဏာရယူခဲ့လျှင် ဇော်ကားမော်ကားပြုခြင်းဖြစ်ခဲ့ပေလိမ့်မည် (၁ရာ ၂၄း၁-၇၊ ၂၆း၁-၂ တို့ကိုကြည့်ပါ)။ ရှောလုမင်းကြီးနှင့် အိမ်ရှေ့စံ ယောနသန်တို့သည် ဖိလိတ္တိလူတို့နှင့်တိုက်သည့်စစ်ပွဲတွင် လုပ်ကြံခြင်းခံရပြီးသည့်အခါမှသာ (ဘုရင်ဖြစ်ရန် ဘိသိက်ပေးခြင်းခံရပြီးပြီဖြစ်သော်လည်း) သူ့ကို ဘုရင်အဖြစ်တင်မြှောက်ကြရန် လူတို့ရှေ့သို့ရောက်ရှိလာခဲ့သည်။

နိုင်ငံရေးအာဏာသည် သန့်စင်မွန်မြတ်စွာအပ်နှင်းရမည့်အရာ၊ ဘုရားသခင်က လူတို့၏သဘောတူညီမှုဖြင့် အပ်နှင်းသောအရာ ဖြစ်သည်ဟူသောယုံကြည်မှု မကျင့်သုံးတော့သည့်အခါ မည်သို့ဖြစ်ပျက်သည်ကို သိမြင်ရရန် ဝေးဝေးပြေးကြည့်စရာ မလိုပါ။ ထိုတန်ခိုးအာဏာသည် မပြီးဆုံးနိုင်သော ပစ်ခတ်မှုများ၊ လူသတ်မှုများနှင့် လုပ်ကြံသတ်ဖြတ်မှုများဖြင့် မရမကရယူရမည့်အရာဖြစ်လာပြီး လူတို့၏လိုအင်ဆန္ဒများသည်လည်း အလေးထားခြင်းမခံရတော့ချေ။

*လူ့အသက်၏မွန်မြတ်သန့်စင်မှု* (၂ရာ ၃း၁၇-၃၉)။ ရှေးခေတ်ကမ္ဘာအနှံ့ဖြစ်ပျက်နေခဲ့သည့်တကယ့်အဖြစ်မှန်များအတိုင်း ဓမ္မဟောင်းက စစ်ပွဲများစွာအကြောင်း မှတ်တမ်းတင်ထားသည် (ယနေ့ခေတ်သတင်းများတွင်လည်း ထိုနည်းတူပင်ဖြစ်နေသည်မှာ အမှန်ပင်ဖြစ်သည်)။ သို့သော် စစ်ပွဲတွင် ရန်သူကိုနှိမ်နင်းသတ်ဖြတ်ခြင်းသည် တစ်မျိုး၊ သံတမန်များနှင့် သံတမန်ရေးရာပုဂ္ဂိုလ်များကို သတ်ဖြတ်ခြင်းသည် တစ်မျိုး၊ မတူပါ။ ထို့ကြောင့် ဒါဝိဒ်မင်းကြီးက လူ့အသက်တာ၏မွန်မြတ်သန့်စင်မှုကို အလေးထားစွဲကိုင်ထားခြင်း၊ သံတမန်ရေးရာပုဂ္ဂိုလ်တစ်ဦးကို လုပ်ကြံခြင်းဖြင့် သစ္စာဖောက်လျက် သွေးမြေကျစေကာ မိမိ၏စစ်အာဏာကို လွဲမှားစွာအသုံးပြုသည့်အတွက် စစ်ဗိုလ်ချုပ်တစ်ဦးကို အများရှေ့တွင် ရှုတ်ချခဲ့ခြင်းသည် ဖတ်ရှုရန်စိတ်ဝင်စားစရာကောင်းသောအရာဖြစ်သည် (၃ရာ ၂း၅)။ ယခုခေတ်တွင်လည်း အစိုးရကထောက်ပံ့သော အကြမ်းဖက်မှုဖြင့် သံတမန်များကို တိုက်ခိုက်သည့်လုပ်ရပ်များ ဥပမာအဖြစ်ရှာဖွေစုံစမ်းရန် မခက်ခဲပါ။

*နိုင်ငံအချင်းချင်းသဘောတူစာချုပ်၏မွန်မြတ်သန့်စင်မှုနှင့် လူနည်းစုတိုင်းရင်းသားများ၏အခွင့်အရေး မွန်မြတ်သန့်စင်မှု* (၂ရာ ၂၁)။ ဂိဗောင်လူတို့သည် အနည်းစုဖြစ်သောလူမျိုးခြားတို့ဖြစ်ကြပြီး သူတို့၏လုံခြုံရေးကို အစ္စရေးခေါင်းဆောင်များက ဘုရားသခင်၏နာမတော်ဖြင့်ကျိန်ဆိုလျက်အာမခံထားသော သဘောတူညီချက်ဖြင့် အာမခံထားသည် (ယောရှု ၉)။ သူတို့သည် ရာစုနှစ်နှင့်ချီလျက် အစ္စရေးတွင် ငြိမ်းချမ်းစွာနေထိုင်လာခဲ့ကြသည်မှာ ရှောလုမင်းနှင့် သူ၏နန်းတွင်းသားများက နိုင်ငံရေးကိစ္စများကြောင့် ရှင်းလင်းသုတ်သင်လျက် မျိုးဖြုတ်သတ်ဖြတ်ရန်ကြိုးစားခဲ့ကြသည့်အချိန်အထိဖြစ်သည်။ ဂိဗောင်လူတို့ကိုသုတ်သင်ခြင်းနှင့် ဘုရားသခင်၏နာမတော်ဖြင့် ချုပ်ဆိုထားသည့်သဘောတူညီမှုကိုဖောက်ဖျက်ခြင်း နှစ်မျိုးလုံးကို ဒါဝိဒ်မင်းကြီးက ရက်စက်ရမ်းကားမှုအဖြစ် သတ်မှတ်ခဲ့သည်။ ထို့ကြောင့် သူသည် ထိုသို့ပြုခြင်းအပေါ် ပြစ်ဒဏ်ချမှတ်ရန် ဂိဗောင်လူမျိုးတို့ကို အခွင့်ပေးလျက် သူတို့၏လုံခြုံမှုနှင့် အစ္စရေး၏ဂုဏ်ပြုစကားအပေါ် သူတို့၏ယုံကြည်မှုကို ပြန်လည်တည်ဆောက်ခဲ့သည်။

*လိင်နှင့်ပုဂ္ဂလိကပိုင်ဆိုင်မှုတို့၏မွန်မြတ်သန့်စင်မှု* (၂ရာ ၁၁း၁-၁၂း၂၅)။ ဓမ္မဟောင်းကို ဝေဖန်သူများက ဒါဝိဒ်မင်းကြီးသည် မိမိစစ်အရာရှိတစ်ဦး၏မယားအပေါ် အိမ်ထောင်ရေးဖောက်ပြန်မှုကျူးလွန်ကာ သူ့ခင်ပွန်းအသတ်ခံရန်စီစဉ်ခဲ့သည်ဟု မကြာခဏထောက်ပြလေ့ရှိကြသည်။ "ဒီလိုလူက ဘုရားသခင်၏စိတ်တော်နှင့်တွေ့သောသူလို့ သမ္မာကျမ်းစာကပြောတဲ့လူလား"ဟု သူတို့မေးတတ်ကြသည် (၁ရာ ၁၃း၁၄)။ သို့သော် ဝေဖန်ရေးသမားများက အထူးခြားဆုံးသောအချက်ကို သူတို့မမြင်ကြပေ။ ဒါဝိဒ်မင်းကြီးခေတ်က အရှေ့တိုင်းဧကရာဇ်များသည် သူတို့လက်အောက်ကလူတစ်ဦးဦး၏မယားကိုယူရန်ဆုံးဖြတ်လျှင် မည်သည့်လိပ်ပြာမသန့်ခြင်း၊ မလုံမလဲဖြစ်ခြင်းမရှိဘဲ သူတို့သိမ်းယူကြမည်ဖြစ်သည်။ သူ၏ယောကျာ်းဖြစ်သူက ကန့်ကွက်လျှင် ထိုယောကျာ်းသည် ဒုက္ခလှလှတွေ့ရမည်ဖြစ်သည်။ သို့သော် အစ္စရေးနိုင်ငံတွင် ဒါဝိဒ်မင်းကြီး၏အပြစ်သည် မော်ကွန်းတိုက်များတွင် အသေးစိတ်မှတ်တမ်းတင်ထားပြီး ရှမွေလရေးသားသည့် ဓမ္မဟောင်းကျမ်းတွင်ပင် ရေးသားဖော်ပြထားလေသည်။ ထို့ပြင် ဒါဝိဒ်မင်းကြီး၏အပြစ်သည် အသက်၊

လိင်မှုကိစ္စနှင့် အိမ်ထောင်ပြုခြင်းတို့၏မွန်မြတ်သန့်စင်မှုတို့အပေါ် လည်းကောင်း၊ နိုင်ငံသားတစ်ဦးစီ၏ ကိုယ်ရေးကိုယ်တာ၊ ကိုယ်ခန္ဓာမှလုံလုံခြုံခြုံထားရသည့်အပိုင်း၊ စိတ်နှင့် အစိုးရကထိပါးခြင်းမပြုရမည့်ပိုင်ဆိုင်မှုတို့နှင့်ပတ်သက်သည့် နိုင်ငံသားအခွင့်အရေး၏မွန်မြတ်သန့်ရှင်းမှုအပေါ် လည်းကောင်း ရက်စက်ရမ်းကားမှုဖြစ်သည်ဟု ပရောဖက်နေသန်၏ရှုတ်ချမှုက မှတ်တမ်းတင်ထားသည်။ ပိုမိုမှတ်သားဘွယ်ကောင်းသောအချက်မှာ ဒါဝိဒ်မင်းကြီးက ဤအပြစ်သည် သူ၏လက်အောက်ငယ်သားတို့အပေါ်ပြစ်မှားသည့်အပြစ်သက်သက်သာမဟုတ်ဘဲ ဘုရားသခင်ကိုပြစ်မှားသည့်အပြစ်လည်းဖြစ်သည်ဟု ဒါဝိဒ်မင်းကြီးဝန်ခံလျက် ဝန်ချတောင်းပန်သည့်အချက်ကို လူအများသိအောင်မှတ်တမ်းတင်ခြင်းပင်ဖြစ်သည်။ ထိုထက်မကသေးပါ။ သမ္မာကျမ်းစာရေးသားသည့်သမိုင်းမှတ်တမ်းတင်သူတို့ကသာ ဒါဝိဒ်မင်းကြီး၏အပြစ်ကို ဖော်ပြခဲ့ကြသည်မဟုတ်။ ဒါဝိဒ်မင်းကြီးကိုယ်တိုင်ကလည်း အစ္စရေးတို့၏ဓမ္မသီချင်းစာအုပ်မှအစိတ်အပိုင်းတစ်ခုဖြစ်လာမည့် သူရေးစပ်သည့်တေးကဗျာတွင် ၎င်းအကြောင်းကို ရေးစပ်ထားသည်။ ထိုအကြောင်းကို လာမည့်အခန်းတွင် ကျွန်ုပ်တို့လေ့လာကြမည်ဖြစ်သည်။

**တန်ခိုးအာဏာကိုအသုံးပြုခြင်း**

ဂေါလျတ်ကိုနိုင်မည်ဟု ဒါဝိဒ်သေချာရခြင်း၏ အရင်းအမြစ်ကား အဘယ်နည်း။ ဘုရားသခင်အပေါ် ထားရှိသည့် ဒါဝိဒ်နှင့်ဂေါလျတ်တို့၏ စိတ်သဘောထားခြားနားမှုကား အဘယ်နည်း။

ဒါဝိဒ်သည် ရှောလုမင်း၏အာဏာကိုဖယ်ရှားရန် အခြားခေါင်းဆောင်များပြုတတ်ကြသကဲ့သို့ မိမိအာဏာကိုအသုံးမပြုခဲ့ခြင်းမှာ အဘယ်ကြောင့်ဟု သင်ထင်သနည်း။ တန်ခိုးအာဏာအပေါ် ထားရှိရမည့် စိတ်သဘောထားနှင့်ပတ်သက်၍ ဒါဝိဒ်၏အပြုအမူက ကျွန်ုပ်တို့ကို ဘာသင်ကြားပေးသနည်း။

ဤအပိုင်းတွင်ဖော်ပြထားသည့် မွန်မြတ်သန့်စင်မှုများကို လေးစားမြတ်နိုးရန် တစ်ဦးချင်းအတွက်သော်လည်းကောင်း၊ လူ့အသိုင်းအဝိုင်းအနေနှင့်လည်းကောင်း အဘယ်ကြောင့် အရေးကြီးသနည်း။

# အခန်း ၁၂

## ဒါဝိဒ်မင်းကြီး၏ကဗျာအလင်္ကာနှင့်ပရောဖက်ပြုချက်

ဒါဝိဒ်မင်းကြီးသည် စစ်သူရဲတစ်ဦး၊ ရှင်ဘုရင်တစ်ဦးသာဖြစ်ခဲ့သည်မဟုတ်ပါ။ သူသည် တေးဂီတပညာရှင်၊ အရေးသွက်သောကဗျာဆရာနှင့် ပရောဖက်တစ်ဦးလည်း ဖြစ်သည်။ သူရေးသားခဲ့သည့်ဆာလံသီချင်းတို့သည် ဂျေရုဆလင်ရှိဗိမာန်တော်အတွင်း လူထုကိုးကွယ်ဝတ်ပြုခြင်းတွင် သူ့လူမျိုးတို့အသုံးပြုသည့်ဝတ်ပြုဓမ္မသီချင်းများဖြစ်လာသည်။ ထို့ပြင် ၎င်းတို့သည် သမ္မာကျမ်းစာ၏အစိတ်အပိုင်းဖြစ်လာပြီး အခြားဘာသာစကား ထောင်နှင့်ချီလျက် ဘာသာပြန်ဆိုသောကြောင့် သန်းပေါင်းများစွာသောလူတို့က ထိုဆာလံတို့ကို ဖတ်ရှုသီဆိုကြပြီဖြစ်သည်။ လူများစွာတို့က ဒါဝိဒ်၏နှလုံးသားမှ ပွင့်အံလာသောတေးကဗျာသည် သူတို့နှလုံးသားနှင့် တစ်သဘောတည်းဖြစ်လျက် သူတို့ဘေးဒုက္ခပြဿနာကြုံရချိန်တွင် သူတို့ကို နှစ်သိမ့်မှုပေးကြောင်း တွေ့ရှိခံစားကြသည်။

နောင်တနှင့်အပြစ်လွှတ်ခြင်းဆာလံ။ ဆာ ၃၂း၃-၄ က ဒါဝိဒ်သည် အိမ်ထောင်ရေးဖောက်ပြန်မှုနှင့်လူသတ်မှုအပြစ်တို့ကျူးလွန်ပြီး (၂ရာ ၁၁း၁-၁၂း၂၅နှင့် ဤစာအုပ်မှပြီးခဲ့သည့်အခန်းတို့ကို ကြည့်ပါ) မျက်နှာပြောင်တိုက်ကာ မိမိအပြစ်ကိုဂန်မခံဘဲနေရန် ခေတ္တကြိုးစားခဲ့သည်ဟု ဖော်ပြထားသည်။ ရလဒ်မှာ အပြစ်စွဲစိတ်သည် သူ့အသိစိတ်တွင် စိတ်ဒုက္ခခံစားလျက်သောကပွားရလေသည်။ ဆာ ၅၁ က သူသည် နောက်ဆုံးတွင် မိမိအပြစ်ကို ဘုရားသခင်ထံယူဆောင်လာလျက် အပြစ်လွှတ်ခြင်းကိုတောင်းခံခဲ့သည်။ အပြစ်လွှတ်ခြင်းခံရကြောင်းသိသောအခါ သူခံစားရသည့် ကြီးမားသောစိတ်သက်သာရာရခြင်းနှင့် ပွင့်ထွက်လာသောဝမ်းမြောက်ခြင်းအကြောင်းကို ဆာ ၃၂း၁-၂ က အမိအရဖော်ပြထားသည်။ လူတိုင်းသည် အပြစ်လွှတ်ခြင်းနှင့်ဆိုင်သောဝမ်းမြောက်ခြင်းကို ခံစားရသည့်အခါ ဘုရားထံမှလာသောဤကောင်းချီးမင်္ဂလာကို အခြားသူတို့အားဝေငှလျက် ပြောင်းလဲခြင်းကိုရှာဖွေရမည့်ဂတ္တရားရှိကြောင်း ဆာ ၅၁း၁၂-၁၃ တွင် ဒါဝိဒ်က အသိအမှတ်ပြုဖော်ပြထားသည်။ ကျွန်ုပ်တို့အပြစ်သည် ကြီးမားသည်ဖြစ်စေ-သေးငယ်သည်ဖြစ်စေ၊ ဆိုးသွမ်းလှသည်ဖြစ်စေ- သာမာန်ဖြစ်စေ၊ ကျွန်ုပ်တို့သည်လည်း ဒါဝိဒ်မင်းကြီးကဲ့သို့ တွေ့ကြုံခံစားရနိုင်ကြောင်း ဓမ္မသစ်ကျမ်းက (ရော ၄း၅-၈) ကျွန်ုပ်တို့ကို သေချာစိတ်ချစေသည်။

သိုးထိန်းတော်ဆာလံ (ဆာ ၂၃)။ ရှေးခေတ်အရှေ့အလယ်ပိုင်းဒေသတွင် ရှင်ဘုရင်တို့ကို သူတို့၏တိုင်းသူပြည်သားများက သူတို့၏သိုးထိန်းတော်များအဖြစ်ထင်မှတ်ခြင်းခံရကြသည်။ ဒါဝိဒ်သည်မူ ဘုရင်တစ်ဦးမဖြစ်လာမီက တကယ့်သိုးထိန်းတစ်ဦးဖြစ်ခဲ့သည်။ သူ့သိုးတို့အတွက်၊ ထိုမှတစ်ဆင့် သူ့လူမျိုးအတွက် သူ၏ပေးဆပ်ဆက်ကပ်သည့်ခံစားမှုသည် သူ့ဘဝတစ်လျှောက်၊ ငြိမ်းချမ်းသည့်ကာလ၌ဖြစ်စေ၊ အန္တရာယ်ရပ်ဝန်း၌ဖြစ်စေ၊ ထိုထက်မက ထာဝရအိမ်တော်ကောင်းကင်ဘုံအထိ သိုးထိန်းတော်ဘုရားသခင်က သူ့ကိုပေးဆပ်မှုဖြင့်ဂရုစိုက်တော်မူကြောင်း သူ့ကိုကောင်းစွာနားလည်စေခဲ့သည်။ ဤဆာလံသည် ဖတ်ရှုသူ သန်းပေါင်းများစွာသောလူတို့အားစစ်မှန်သောစိတ်သက်သာမှုကိုခံစားစေသည်သာမက ဘုရားသခင်ကို တွေ့ထိရရန်ခက်ခဲသည့်ဘုရား၊ ထူးဆန်းအံ့သြဖွယ်ကောင်းလွန်းသည့်ဘုရားအဖြစ်သာမက ပုဂ္ဂိုလ်တစ်ပါးဖြစ်လျက် ချစ်၍ဂရုစိုက်တော်မူသည့် ကယ်တင်ရှင်အဖြစ်သိကျွမ်းခွင့်ရစေသည်။

*ဂါဒဖြန့်သည့်တေးသီချင်းတစ်ပုဒ်* (၂ရာ ၁း၁၇-၂၇)။ ဒါဝိဒ်မင်းကြီးက သူ့ကဗျာများ၊ သီချင်းများနှင့် ဆာလံတို့ကို လူအများက ဖတ်ရှုသီဆိုကြမည်ဖြစ်ကြောင်း၊ ယခုကျွန်ုပ်တို့ပြောနေသည့်တေးသီချင်းကိုလည်း အစိုးရ၏ဂါဒဖြန့်မှုအဖြစ် တမင်ရည်ရွယ်လျက် ရေးသားထားခြင်းဖြစ်ကြောင်း သိပြီးသားဖြစ်ပေလိမ့်မည်။ သို့သော် ဖြစ်ရိုးဖြစ်စဉ်မဟုတ်သော ဂါဒဖြန့်မှုပါတကား။ ဒါဝိဒ်၏မဟာရန်သူဖြစ်လျက် သူ့ကိုသတ်ရန်ကြိုးစားနေသူ ရှောလုမင်းကြီး စစ်ပွဲတွင်ကျဆုံးသွား၍ ယုဒလူတို့က ဒါဝိဒ်ကို သူတို့၏ဘုရင်အဖြစ်ဘိသိက်ပေးသောအခါ ရှောလုမင်းကြီးအပေါ် ယုဒလူတို့ထားရှိသည့်စိတ်သဘောကို ပုံသွင်းပေးရန်အတွက် ဒါဝိဒ်က ဤသီချင်းကို ရေးစပ်ခဲ့ခြင်းဖြစ်သည်။ ရှောလုမင်းကြီး၏အမည်နာမကို သမိုင်းထဲမှထုတ်ပယ်ထားရန်ကြိုးစားမှုမရှိခဲ့ချေ။ ဒါဝိဒ်အတွက် အကြောင်းရင်းနှင့် အခွင့်အခါရှိခဲ့လျက်ပင် လုပ်ကြံသတ်ဖြတ်ရန်ကြံစည်ခြင်းမရှိခဲ့သည့်အပြင် စကားဖြင့်ဂေဖန်ခြင်းပင်မပြုခဲ့ချေ။ ဒါဝိဒ်သည် ရှောလုမင်းနှင့် သားတော်ယောနသန်တို့အသက်ရှင်စဉ်တွင်လည်း မေတ္တာကိုသာပြလျက် သူတို့၏သေဆုံးသည့်အခါလည်း သူ၏လေးစားမှုကိုပြသခဲ့သည်။ တိုင်းပြည်အတွက် ရှောလုမင်းကြီးပြုခဲ့သည့် ကောင်းကျိုးများကို ပြန်လည်သတိရကြရန် သူ့လူတို့ကို သူတိုက်တွန်းနှိုးဆော်ခဲ့သည်။ ထိုတေးကဗျာမျိုးကို အုပ်ချုပ်သူတို့ ဒီထက်ပို၍ မကြာခဏရေးစပ်သီဆိုကြမည်ဆိုလျှင် ကောင်းသောထူးခြားမှုများ လူ့သမိုင်းတွင် ရေးသားခဲ့ရပေလိမ့်မည်။ နိုင်ငံရေးလောကတွင်လည်း ထိုစိတ်ဓါတ်မျိုးက သန့်စင်ငြိမ်းချမ်းသောသဘာဂကို ဖြစ်ပေါ်စေမည်အမှန်ပင်။

*မေရှိယဘုရင် ကယ်တင်ရှင်ပေါ်ထွန်းတော်မူမည့်အကြောင်း ဒါဝိဒ်၏ပရောဖက်ပြုချက်*။ ရှင်ဘုရင်တစ်ဦးအနေဖြင့် မိမိမှားယွင်းခဲ့သည့်အရာများ၊ လူ့အပြစ်၏ပေကတ်ကတ်နိုင်သောပြဿနာများ၊ မတရားမှုများ၊ သစ္စာဖောက်မှုများနှင့် ရက်စက်မှုများကို သိထားသောဒါဝိဒ်အား သူ၏ရာဇအရိုက်အရာသည် အစဉ်အမြဲတည်ပြီး နောက်ဆုံးတွင် သူ၏အမျိုးအနွယ်ထဲမှ ဘုရားသခင်စေလွှတ်သောမေရှိယ (ဂရိဘာသာစကားဖြင့် ခရစ်တော်) တည်းဟူသော လောက၏ကယ်တင်ရှင်ပေါ်ထွန်းလိမ့်မည်ဟု ဘုရားသခင်က ပဋိညာဉ်ပြုခဲ့သည် (၂ရာ ၇း၁၃ ကိုကြည့်၍ ယေရမိ ၂၃း၅ နှင့်နှိုင်းယှဉ်ပါ)။ ဤကတိတော်ကို "လူ့ဇာတိအားဖြင့် ဒါဝိဒ်အမျိုးဖြစ်တော်မူထသော" (ရော ၁း၁) ဟု တမန်တော်ရှင်ပေါလုကဖော်ပြရေးသားသည့် သခင်ယေရှုက ပြည့်စုံစေခဲ့ပါသည်။ ဓမ္မသစ်ကျမ်းတွင် ခရစ်တော်နှင့်သူ၏တပည့်တော်များသည် အခြားဆာလံကျမ်းများထက် ဆာ ၁၁၀း၁ ကိုပို၍ကိုးကားကြသည်။ မေရှိယသည် လူသက်သက်သာမကဘဲ လူ့ဇာတိခံသော ဘုရားသားတော်ဖြစ်လျက် လက်ဝါးကပ်တိုင်ပေါ်အသေခံပြီးနောက် ( ဆာ ၂၂ တွင် ထင်ထင်ရှားရှားကြိုတင်ဖော်ပြထားသည်) ဘုရားသခင်၏ရှင်ပြန်ထမြောက်စေခြင်းကိုခံရကာ မြေကြီးပေါ်သို့ပြန်ကြွလာလျက် သူ၏ရန်သူအားလုံးကို သူ့ခြေအောက်တွင် ချထားသည့်အထိ ကောင်းကင်တွင် အချုပ်အခြာအာဏာဖြင့်စိုးစံတော်လူလိမ့်မည်ဟု ဒါဝိဒ်က ကြိုတင်ဖော်ပြခဲ့သည် (ဆာ ၁၆၊ ၁၁၈ နှင့် တ ၂၊ ၃ တို့ကိုလည်းကြည့်ပါ)။

*မေရှိယ၏ရှေ့ပြေးပုံစံဒါဝိဒ်*။ ဒါဝိဒ်သည် သူ့အသက်တာတလျှောက်တွင် လွန်စွာဒုက္ခပြဿနာများကြုံတွေ့ခဲ့ရသည်။ ငယ်ရွယ်စဉ်ကတည်းက ဘုရင်ဖြစ်လာမည့်သူအဖြစ် ဘုရားသခင်ပေးသောပရောဖက်ပြုချက်အားဖြင့် ဘိသိက်ပေးခြင်းခံခဲ့ပြီဖြစ်သော်လည်း ရှောလုမင်း၏ငြင်းပယ်ခြင်း၊ တကောက်ကောက်လိုက်လံညှင်းဆဲခြင်းခံရလျက် အစ္စရေးပြည်သို့ သူတို့၏ဘုရင်အဖြစ်ပြန်လာသည့်အချိန်အထိပင် လူမျိုးခြားတို့ထံ ထွက်ပြေးခဲ့ရသည်။ သူ၏အစပိုင်းဆာလံသီချင်းများသည် ထိုအချိန်ကာလများအတွင်း သူခံစားရသည့်ဒုက္ခဝေဒနာများကို ရောင်ပြန်ဟပ်စေလျက် ကျွန်ုပ်တို့အား မေရှိယယေရှုသခင်၏ဒုက္ခဝေဒနာများကို သိမြင်နားလည်စေသည်။ ကိုယ်တော်

သည်လည်း ဘုရားသခင်၏ဘိသိက်ပေးခြင်းခံရသည်။ ကိုယ်တော်သည် သန်းပေါင်းများစွာသော လူမျိုးခြားတို့၏လက်ခံခြင်းကိုခံရသော်လည်း မိမိအမျိုးသားချင်း ဂျူးလူမျိုးတို့၏ငြင်းပယ်ခြင်း၊ မောင်းထုတ်ခြင်းကို ခံရသည်။ ဒါဝိဒ်မင်းကဲ့သို့ပင် ကိုယ်တော်သည်လည်း အစ္စရေးနှင့်တလောက လုံး၏ ကယ်တင်ရှင် သို့မဟုတ် တရားသူကြီးအဖြစ် နောက်တစ်ဖန်ပြန်ကြွအုံးမည်ဖြစ်သည်။

ဒါဝိဒ်သည် သက်လတ်ပိုင်းတွင် နစ်အတော်အတန် စိုးစံပြီးနောက် ပုန်ကန်ခြင်းတွေ့ကြုံ ခဲ့ရသည်။ သူ့အမှားလည်း တစ်ပိုင်းတစ်စပါသည်။ အခါးသီးရဆုံးအချက်မှာ ထိုပုန်ကန်မှုကိုဦး ဆောင်သူမှာ သူ့သားတော် အဗရှလုံဖြစ်နေခြင်းပင်ဖြစ်သည်။ ထိုအမှုအရာကြောင့် မိမိရာဇပလ္လင် ကိုစွန့်၍ ထွက်ပြေးရသည်။ အဗရှလုံသည် သူ့ကိုသတ်နိုင်လျှင် သတ်ခဲ့မည်ဖြစ်သည်။ နောက်ဆုံး တွင် ဒါဝိဒ်၏စစ်တပ်သည် တော်လှန်သူများကို အနိုင်ရခဲ့သည်။ သို့သော် ဒါဝိဒ်သည် ထိုအမှုအရာ ကြောင့် စိတ်နှလုံးကြေကွဲခဲ့ရသည်။ အဗရှလုံ၏ခမည်းတော်အနေဖြင့် အဗရှလုံ၏အသက်ကို ချမ်း သာစေချင်ခဲ့သည်။ ထို့ကြောင့် သူ့ကိုမကွပ်မျက်သင့်ဟု အမိန့်ထုတ်ခဲ့သည်။ သို့သော် သူသည် အဗရှလုံ၏ခမည်းတော်သာဖြစ်သည်မဟုတ်၊ တိုင်းပြည့်ဘုရင်၊ တရားသူကြီးချုပ်လည်းဖြစ်သည်။ တရားမျှတမှုက အဗရှလုံကွပ်မျက်ခံရရန် တောင်းဆိုသည်။ တော်လှန်ပုန်ကန်သောသားတော် အ တွက် ငိုကြွေးသောဒါဝိဒ်၏မြည်တမ်းစကားသည် စိတ်နှလုံးအလှုပ်ရှားစေဆုံးသောအရာဖြစ်သည် - "အို ငါသားအဗရှလုံ၊ ငါ့သား၊ ငါ့သားအဗရှလုံ၊ သင့်ကိုယ်စား ငါမသေပါလေတကား၊ အို အဗရှလုံ၊ ငါ့သား၊ ငါ့သား" (၂ရာ ၁၈း၃၃)။

ဒါဝိဒ်ခံစားရသောဝမ်းနည်းကြေကွဲခြင်းက ဘုရားသခင်၏နှလုံးသားကိုမြင်ရရန် ကျွန်ုပ်တို့ အတွက် ပြူတင်းပေါက်ဖွင့်ပေးပါသည်။ အကြောင်းမှာ ဘုရားသခင်သည်လည်း သူဖန်ဆင်းထား သောကျွန်ုပ်တို့၏ပုန်ကန်တော်လှန်မှုအတွက် ဝေဒနာခံစားခဲ့ရသည်။ စကြဝဠာတစ်ခုလုံးတွင် ကိုယ်ကျင့်တရားပိုင်းအုပ်စိုးထိန်းချုပ်ရသူအနေဖြင့် သူ၏တရားမျှတမှုက ကျွန်ုပ်တို့၏သေခြင်းကို တောင်းဆိုပါသည်။ ကျွန်ုပ်တို့၏ဖန်ဆင်းရှင်အနေဖြင့် ကျွန်ုပ်တို့ကယ်တင်ခြင်းခံရရန် အလိုရှိတော် မူသည်။ သို့သော် ဒါဝိဒ်မင်းမတွေ့နိုင်ခဲ့သောအဖြေ ဘုရားသခင်တွင်ရှိသည်။ ကျွန်ုပ်တို့ခံရမည့် ပြစ်ဒဏ်ကိုဆောင်ယူသွားသော မိမိသားတော်သည် လက်ဝါးကပ်တိုင်တွင် အသေခံခြင်းအားဖြင့် ကိုယ်တော်၏မေတ္တာတော်သည် ကျွန်ုပ်တို့အပြစ်ကိုလွှတ်၍ နောင်တရလျက် ကိုယ်တော်နှင့်ပြန် လည်သင့်မြတ်သောသူတိုင်းကို ကယ်တင်မည်ဖြစ်သည်။

ကောင်းသောသိုးထိန်း

လူတို့ မိမိအပြစ်ဝန်ခံရန် အဘယ့်ကြောင့်ခက်ခဲသည်ဟု သင်ထင်ပါသနည်း။ ဒါဝိဒ်သည် မည် သည့်အချက်များကြောင့် အပြစ်လွှတ်ခြင်းခံရပါသနည်း။ ရော ၄း၁-၈ ကိုဖတ်လျှင် အထောက် အကူပြုကြောင်း သင်တွေ့ရမည်ဖြစ်သည်။ ဘုရားသခင်သည် ဒါဝိဒ်၏အပြစ်ကိုခွင့်လွှတ် လျက် အပြစ်စွဲစိတ်ကိုဖယ်ရှားပေးသော်လည်း အပြစ်၏အကျိုးဆက်များကို မဖယ်ရှားခဲ့ ကြောင်း သတိပြုပါ (ယော ၁၀း၁-၂၁)။

သိုးထိန်းဆာလံ (ဆာ ၂၃) ကို ဖတ်ပါ။ "ငါသည် ကောင်းသောသိုးထိန်းဖြစ်၏"ဟု ယေရှု၏ မိန့်တော်မူချက်ကို နားလည်ရန် ဤဆာလံက သင့်ကိုမည်ကဲ့သို့ကူညီပေးသနည်း ( ယော ၁၀း၁-၂၁ ကို ကြည့်ပါ)။

ဒါဝိဒ်သည် ရှောလုမင်းအပေါ် ခါးသီးမှုမခံစားရရန် မိမိစိတ်ကို မည်ကဲ့သို့ထိန်းချုပ်နိုင်သည်ဟု သင်ထင်သနည်း။ သူ၏အတုယူစရာနမူနာကို ကျွန်ုပ်တို့မည်သည့်နေရာမှ သင်ယူနိုင်သနည်း။

မေရှိယ(ကိုယ်တော်ကိုယ်တိုင်)သည် ဒါဂိဒ်မှဆင်းသက်သော လူသားသက်သက်မဟုတ်ကြောင်း သက်သေပြရန် ဆာလံ ၁၁၀း၁ ကို ယေရှုအသုံးပြုခဲ့ခြင်းကို ဆွေးနွေးပါ (မ ၂၂း၄၁-၄၅ ကိုကြည့်ပါ)။
"ပရောဖက်ပြုချက်၏ပြည့်စုံခြင်းသည် သမ္မာကျမ်းစာ၏ယုံကြည်စိတ်ချရမှုကို အတည်ပြုပေးသည်" - ဤအဆိုကို ဆွေးနွေးပါ။ ဤနောက်ခံအခြေအနေတွင် ဒါဂိဒ်၏ပရောဖက်ပြုချက်များသည် စာပေရှိသမျှတို့ထဲတွင် ထူးခြားသောသမ္မာကျမ်းစာထဲရှိ ပိုမိုကျယ်ပြောသော ပရောဖက်ပြုချက်ကဏ္ဍ၏အစိတ်အပိုင်းဖြစ်သည်ဟုရှုမြင်လျှင် ပို၍အထောက်အကူဖြစ်ပါသည်။ ဓမ္မသစ်ကျမ်းတွင်ပြည့်စုံခဲ့သည့် ဓမ္မဟောင်းကျမ်းမှ မေရှိယ (ခရစ်တော်) ကြွလာမည့်အကြောင်းကြိုတင်ဖော်ပြချက်များ၏စာရင်းတစ်ခုကို နောက်ဆက်တွဲ (က) ၌ ဖော်ပြထားပါသည်။

# အခန်း ၁၃

# ဉာဏ်ပညာလမ်းစဉ်

*သုတ္တံကျမ်း ၁း၇-၁၉ ကိုဖတ်ပါ။*

သမ္မာကျမ်းစာသည် ကျမ်းတစ်ကျမ်းတည်းမဟုတ်။ ၎င်းသည် မတူညီသည့် စာပေအမျိုးအစားများစွာကိုဖော်ပြသည့်ကျမ်းများရှိသော စိတ်ဝင်စားဘွယ်စာကြည့်တိုက်တစ်ခုဖြစ်သည်။ ဤစာစဉ်တွင် ကမ္ဘာဦးကျမ်းကဲ့သို့သော သမိုင်းနှင့်ဆိုင်သည့်ကျမ်းများ၊ ပညတ်ချက်နှင့်ဆိုင်သည့်ကျမ်းများနှင့် ထွက်မြောက်ရာကျမ်းနှင့်ဝတ်ပြုရာကျမ်းကဲ့သို့သော ဘာသာဓလေ့ဆိုင်ရာကျမ်းတို့ကို ကျွန်ုပ်တို့အကျဉ်းချုပ်လေ့လာခဲ့ပြီဖြစ်သည်။ ပြီးခဲ့သည့်အခန်းတွင် ဆာလံကျမ်း၏ထူးခြားသောတေးကဗျာအချို့ကို စိတ်ဝင်တစားလေ့လာခဲ့ကြသည်။ ယခု "ဉာဏ်ပညာဆိုင်ရာစာပေ"[5]ဟု လူတို့သိထားသောကျမ်းများ နမူနာအဖြစ် ဓမ္မဟောင်းကျမ်းမှ ကျမ်းသုံးကျမ်းကို ကျွန်ုပ်တို့ ဆင်ခြင်စဉ်းစားကြမည်ဖြစ်သည်။

ပထမလေ့လာမည့်ကျမ်းမှာ သုတ္တံကျမ်းဖြစ်သည်။ ၎င်းသည် - ကျွန်ုပ်တို့ဘဝအသက်တာကို ဖြုန်းတီးခြင်း သို့မဟုတ် ဖျက်ဆီးခြင်းမပြုဘဲ အကောင်းဆုံးတည်ဆောက်နိုင်ရန်အတွက် မည်ကဲ့သို့အကောင်းဆုံး အစီအစဉ်တကျဖြစ်စေမည်နည်း- ဆိုသည့်မေးခွန်းနှင့်ဆိုင်သည်။ ဒုတိယကျမ်းမှာ ဒေသနာကျမ်းဖြစ်သည်။ ဤကျမ်းသည် "ဘဝအသက်တာ၏ရည်ရွယ်ချက်ကား အဘယ်နည်း"ဆိုသည့် ပိုမိုနက်နဲသောမေးခွန်းနှင့်ဆိုင်သည်။ တတိယကျမ်းမှာ ယောဘဝတ္ထုဖြစ်ပြီး "လူတို့ဘာကြောင့် ဒုက္ခဝေဒနာခံစားရသနည်း။ အချို့သောသူတို့သည် ဘုရားသခင်၏ပညတ်တော်နှင့်အညီ အကောင်းဆုံးအသက်ရှင်ရန်ကြိုးစားကြပါလျက်နဲ့ သူတို့ဒုက္ခဝေဒနာခံစားရရန် အဘယ်ကြောင့် ဘုရားသခင်ကခွင့်ပြုရသနည်း။ တစ်ခါတစ်ရံ ယုတ်မာသောသူတို့ထက်ပင် ဒုက္ခရောက်ရသည်မဟုတ်လား"ဆိုသည့် လေးနက်သောမေးခွန်းများနှင့်ဆိုင်သည်။ ဤအခန်းတွင် ဒုတိယကျမ်းနှစ်ကျမ်းကို အကျဉ်းချုပ်စဉ်းစားကြပြီး သုတ္တံကျမ်းအကြောင်းနှင့် "ပညာအရှိသောနည်းလမ်းဖြင့် ကျွန်ုပ်တို့မည်ကဲ့သို့အသက်ရှင်မည်နည်း"ဆိုသည့်မေးခွန်းတို့ကို ကျွန်ုပ်တို့ အဓိကအချိန်ယူစဉ်းစားကြပါမည်။

## သုတ္တံကျမ်း

အဆင့်တိုင်းအဆင့်တိုင်းတွင် ဤမေးခွန်းနှင့်ကျွန်ုပ်တို့ရင်ဆိုင်ရသည် - တိုင်းပြည်ကို စီမံအုပ်ချုပ်ဖို့ အကောင်းဆုံးနည်းလမ်းက ဘာလဲ။ သားသမီးတွေကို ဘယ်လိုပြုစုပျိုးထောင်မလဲ။ ကျောင်းစာတွေနဲ့ပတ်သက်လို့ ဘယ်လိုစိတ်ထားမျိုးထားရမလဲ။ ဘဝရဲ့အိမ်ထောင်ဖက်အဖြစ် ဘယ်လိုလူမျိုးကိုရွေးသင့်သလဲ။ - စသည်ဖြင့်ဖြစ်သည်။ တိုင်းနိုင်ငံတို့သည် မိမိတို့အတွေ့အကြုံကို တိုတိုနှင့်လိုရင်းရောက်လျက် မှတ်မိရလွယ်ကူသော ဖော်ပြချက်များအဖြစ် မကြာခဏအကျဉ်းချုပ်ကြသည်။

မေးခွန်းတစ်ခုအကြောင်း ပြောစရာရှိသမျှကိုပြောဖို့ ရည်ရွယ်ထားသည့် သုတ္တံစကားဟူ၍ မရှိပေ။ သုတ္တံစကားရှိသမျှကို စိတ်ထဲသိမ်းထားရန်လိုအပ်ပါသည်။ သုတ္တံစကားတစ်ခုစီတို့သည်

[5] ရှောလုမုန်သီချင်းကိုလည်း ဉာဏ်ပညာစာပေနှင့်ဆိုင်သောကျမ်းအဖြစ် အမျိုးအစားသတ်မှတ်ကြပါသည်။ သို့သော် ဤနေရာတွင် ၎င်းကို ကျွန်ုပ်တို့လေ့လာဆင်ခြင်ကြမည်မဟုတ်ပါ။

မိမိနှင့်ကိုက်ညီသည့်အခြေအနေတွင် မှန်ကန်သည့်နိယာမတရားတစ်ခုဖြစ်ကြသည်။ ထို့ကြောင့် တစ်ခါတစ်ရံ သုတ္တံစကားတစ်ခုနှင့်တစ်ခု ဆန့်ကျင်နေသယောင်ဖြစ်တတ်သည်။

၁။ "မိုက်သောသူ၏ သဘောသို့လိုက်၍၊ သူ၏စကားကို မချေနှင့်။ ထိုသို့ချေလျှင် သူနှင့် တူလိမ့်မည်" (သုတ္တံ ၂၆း၄)။

၂။ "မိုက်သောသူ၏ သဘောသို့လိုက်၍ သူ၏စကားကို ချေလော့။ သို့မဟုတ်၊ သူသည် ဝါကြွားသောစိတ် ရှိလိမ့်မည်" (၂၆း၅)။

ထို့ပြင် သုတ္တံကျမ်းတွင် ဘဝအခြေအနေအမျိုးမျိုးတို့ကိုခြုံငုံမိသော တိုတိုနှင့်လိုရင်း ရောက်ပြီး သီးသန့်စီဖြစ်သည့်သုတ္တံစကားများ၏ရှည်လျားသောစုစည်းမှုများပါရှိသည်။ သို့သော် လူငယ်များအတွက် ဆက်စပ်မှုရှိသည့်အကြံပြုချက်များပါသည့် ရှည်လျားသောကျမ်းချက်အချို့လည်း ရှိသည် (ဥပမာ။ ။ ၁း၈-၉း၁၈)။ ယခု ထိုကျမ်းချက်များကို ကျွန်ုပ်တို့အာရုံစိုက်ကြမည်ဖြစ်သည်။

*ဉာဏ်ပညာ၏အခြေခံနိယာမ*။ သုတ္တံကျမ်း၏အခြေခံနိယာမမှာ "*ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည် ပညာ၏မူလအမြစ် ဖြစ်၏။ သန့်ရှင်းတော်မူသောဘုရားကို သိကျွမ်းသောသဘောသည် ဉာဏ်ဖြစ်၏*" (၉း၁၀၊ ၁း၇ နောက်ပိုင်း)။

မှန်သောဉာဏ်ပညာသည် လိမ္မာပါးနပ်မှုရှိခြင်းသက်သက်နှင့်ကွာခြားသည်။ ဥပမာ။ ။ နိုင်ငံများစွာတို့တွင် အောင်မြင်ရန်အတွက် ချက်ချာပါးနပ်သောနည်းလမ်းမှာ တံစိုးလက်ဆောင်ပေးခြင်းဖြစ်သည်။ တံစိုးလက်ဆောင်သည် ထိရောက်မှုရှိကြောင်း သုတ္တံကျမ်းက အသိအမှတ်ပြုထားပါသည်။ ဥပမာ။ ။ ဤကျမ်းပိုဒ်ကိုကြည့်ပါ - "တံစိုးလက်ဆောင်သည် မျက်လှည့်ပြသကဲ့သို့ အောင်မြင်မှုကိုပေးတတ်သည်ဟု လူအချို့တို့ကထင်မှတ်တတ်ကြ၏။ တံစိုးလက်ဆောင်သည် အဘယ်အမှုကိုမဆို စွမ်းဆောင်နိုင်သည်ဟုယုံကြည်ကြသည်"(၁၇း၈ - ခေတ်သုံးသမ္မာကျမ်းစာ။ ၁၈း၁၆ ကိုလည်းကြည့်ပါ)။ တံစိုးလက်ဆောင်သည် အပြင်ပန်းအောင်မြင်မှုဆီသို့ ဦးတည်စေသော်လည်း ထာဝရဘုရားသခင်ကို ကြောက်ရွံ့ခြင်း၌တွေ့ရသောဉာဏ်ပညာက ၎င်းကို ကိုယ်ကျင့်တရားမကောင်းမှုအဖြစ်မြင် သည်။ ဥပမာ။ ။ ဤကျမ်းပိုဒ်ကိုကြည့်ပါ -"အကျင့်ပျက်သော တရားသူကြီးတို့သည် လျှို့ဝှက်စွာပေးသည့်တံစိုးလက်ဆောင်များကိုလက်ခံတတ်ကြ၏။ သို့ဖြစ်၍ တရားသဖြင့်စီရင်ဆုံးဖြတ်မှုကိုမပြုတတ်ကြ" (၁၇း၂၃ -ခေတ်သုံးသမ္မာကျမ်းစာ)။ အပြန်အလှန်အားဖြင့် "မသမာသောနည်းဖြင့်အမြတ်အစွန်းရရန် ကြိုးစားသူသည် မိမိ၏အိမ်သူအိမ်သားတို့အား ဒုက္ခရောက်စေလိမ့်မည်။ တံစိုးလက်ဆောင်မယူသောသူသည်အသက်ရှည်လိမ့်မည်" (၁၅း၂၇-ခေတ်သုံးသမ္မာကျမ်းစာ)။

ထိုနည်းတူပင် အချို့သောသူတို့သည် ထာဝရဘုရားကိုကြောက်သည်ဟု ဟန်ဆောင်လျက် ပြုမိသည့်အမှားဖုံးကွယ်ထားရန်အတွက် ဘာသာတရားကို အသုံးပြုတတ်ကြကြောင်းကို သုတ္တံကျမ်းက သတိထားမိပါသည်။ ၎င်းက ကျွန်ုပ်တို့ကို "မတရားသောသူပူဇော်သောယဇ်ကို ထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူ၏" (၁၅း၈)၊ "တရားမနာ၊ လွှဲသွားသောသူသည် ဆုတောင်းသော်လည်း၊ သူ၏ပဌနာစကားသည် စက်ဆုပ်ရွံရှာဘွယ်ဖြစ်၏"(၂၈း၉) ဟု သတိပေးထားပါသည်။

*ကမ္ဘာလောကသည် ဘုရားသခင်၏ကမ္ဘာလောကဖြစ်သည်ဟု သိမှတ်ခြင်းမှ ပေါ်ထွက်လာသည့်ဉာဏ်ပညာ*။ ဘုရားသခင်က ကမ္ဘာလောကကို မိမိ၏ဘုရားဉာဏ်ပညာဖြင့် ဖန်ဆင်းလျက် ဖွဲ့စည်းတော်မူခဲ့သည်။ ကျွန်ုပ်တို့သည် ပညာရှိရန်အတွက် ကိုယ်တော်၏ပညတ်တော်များနှင့်ပြဋ္ဌာန်းချက်များအတိုင်း အသက်ရှင်ရမည် (၈း၂၂-၃၆ ကိုကြည့်ပါ)။ ဘုရားသခင်၏ပညတ်တော်နှင့် ဆိုင်သောဉာဏ်ပညာနှင့်ဆန့်ကျင်ဖက်အသက်ရှင်လျှောက်လှမ်းခြင်းသည် မိုက်မဲခြင်းဖြင့်ပြီး ဘေး

ဒုက္ခနှင့်အဆုံးသတ်လိမ့်မည်ဖြစ်သည်- "ငါ့ကို(ဘုရားသခင်၏ဉာဏ်ပညာကို) မုန်းသောသူအပေါင်းတို့သည် သေခြင်းကိုချစ်ကြ၏" (၈း၃၆)။

*ဤကမ္ဘာလောကသည် ဘုရားသခင်၏ကမ္ဘာလောကဖြစ်၍ ဘုရားသခင်ဖန်ဆင်းထားသောတိရစ္ဆာန်များ၊ ပိုးဖလံများထံမှပင် သင်ခန်းစာရယူနိုင်ပါသည်။* "အချင်းလူပျင်း၊ ပရွက်ဆိတ်ထံသို့သွား၍၊ သူ၏ အပြုအမူတို့ကို ဆင်ခြင်သဖြင့် ပညာရှိစေလော့" (၆း၆)။ ပရွက်ဆိတ်များကို အလုပ်လုပ်ရန် အတင်းခိုင်းစရာမလိုပေ။ ၎င်း၏ဗီဇက ၎င်းသည် နွေအခါ အစားအစာမစုဆောင်းထားပါက ဆောင်းအခါ ဒုက္ခရောက်လိမ့်မည်ကိုသိသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း အနာဂါတ်တွင်လိုအပ်လာမည့်အရာများကို ကြိုတင်ပြင်ဆင်တတ်ပြီး အခွင့်အရေးရှိတုန်း အလုပ်လုပ်တတ်ရန် သင်ယူရမည်။ ဥပမာ။ ။ ကျောင်းတွင် အချိန်အလကားဖြုန်းနေခြင်းမရှိဘဲ ကျောင်းပြီးမည့်အချိန်အတွက်ကြိုတင်စဉ်းစားလျက် ပညာတတ်ဖြစ်ရန်၊ လေ့ကျင့်ထားသူဖြစ်ရန် ကြိုးစားထားရမည်။

*ဤကမ္ဘာလောကသည် ဘုရားသခင်၏ကမ္ဘာလောကဖြစ်ပြီး ဘုရားသခင်သည် မိမိ၏ဉာဏ်ပညာတော်နှင့်အညီ ကျွန်ုပ်တို့လုပ်ဆောင်ရန်အလုပ်ပေးတော်မူသည်ဖြစ်၍ ကျွန်ုပ်တို့သည် ပျင်းရိခြင်းမရှိရပေ။* ပျင်းရိခြင်းသည် ကိုယ်ကျင့်တရားပိုင်းမိုက်မဲခြင်းဖြစ်သည်။ လူပျင်းနှင့်ပတ်သက်၍ သုတ္တံကျမ်းက ရှင်းလင်းထင်ရှားသောဖော်ပြချက်များ ပေးထားပါသည်-

- ပျင်းရိသောသူသည် အိပ်ယာထဲ အချိန်အကြာကြီးဇိမ်ခံနေရခြင်း၌သာ ပျော်နေတတ်သည်မဟုတ်။ တံခါးသည် ပတ္တာပေါ်မှာလည်နေသကဲ့သို့ သူသည် မိမိကုတင်ပေါ်လူးလိမ့်နေတတ်သည် (၂၆း၁၄)။ ထရမည့်အချိန်ရောက်လည်း မထဘဲ အခြားဘက်လှည့်လျက်ပြန်အိပ်နေတတ်သည်။
- သူသည် အဓိပ္ပါယ်မရှိသောဆင်ခြေကိုပေးလျက် ရင်ဆိုင်ရသည့်အခက်အခဲကို ပုံကြီးချဲ့ပြောဆိုတတ်သည် (၂၆း၁၃၊ ၂၂း၁၃၊ "ပျင်းရိသောသူက၊ အိမ်ပြင်မှာခြင်္သေ့ရှိ၏။ လမ်း သို့ထွက်လျှင် ငါသေလိမ့်မည်ဟု ဆိုတတ်၏" )။
- အခွင့်အရေး ဥပေက္ခာပြုမှုနှင့်လွဲချော်မှုကြောင့် နောက်ဆုံးတွင် သူ့ဘဝသည် ပျက်စီး၍ သုံးမရဖြစ်သွားသောဥယာဉ်ကဲ့သို့ ပြန်ပြုပြင်၍မရသောဒုက္ခဆင်းရဲခြင်းသို့ရောက်ရလေသည် (၂၄း၃၀-၃၄)။

*ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်တော်မူသောကြောင့် လူငယ်များကို အပေါင်းအသင်းမှားရန်၊ လူဆိုးဂိုဏ်းများထဲမပါရန် အလိုရှိတော်မူသည်* (၁း၁၀-၁၉)။ သူတို့က လူငယ်များအား ငွေအမြောက်အများကို အလွယ်တကူ (ဓားပြတိုက်လျက်) ရနိုင်ကြောင်း မျှော်လင့်ချက်ပေးကြမည်ဖြစ်သည်။ ထိုသို့သောဆွဲဆောင်မှုကြောင့် ရာဇဝတ်မှုကျူးလွန်သူတို့သည် ငှက်လောက်ပင် ဦးနှောက်မရှိသူများဟု သုတ္တံကျမ်းကဆိုထားသည်။ သို့သော် ထိုသူတို့သည် "မိမိတို့၏ထောင်ချောက်များတွင်ပင်မိ၍ သေရကြလိမ့်မည်" (၁း၁၈)။ ဆိုလိုသည်မှာ သူတို့သည် အခြားသူတို့ကို ချုံခိုတိုက်ခိုက်ရင်း နောက်ဆုံးတွင် သူတို့ကိုယ်တိုင်အဖမ်းခံရပြီး အချုပ်ထဲရောက်ကာ သေဒဏ်ပင်ခံရနိုင်သည်။ အဆုံးတွင် ဘုရားသခင်၏တရားစီရင်ခြင်းကို ခံရမည်ဖြစ်သည်။

*ဤကမ္ဘာလောကသည် ဘုရားသခင်၏ကမ္ဘာလောကဖြစ်ပြီး ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကိုလည်း ကိုယ်တော်ဖန်ဆင်းထားသည်ဖြစ်၍ လွန်ကဲသောအရက်နှင့် မူးယစ်ဆေးဝါးများသုံးစွဲခြင်းဖြင့် မိမိတို့ကိုယ်ခန္ဓာကို အလွဲသုံးစားမပြုကြရန် သုတ္တံကျမ်းက သတိပေးထားပါသည်* ။ "*စပျစ်ရည်သည် လှည့်စားတတ်၏။ သေရည်သေရက်သည် ရှန်းရင်းခတ်ပြုခြင်းအမှုကို ဖြစ်စေတတ်၏* "

(၂၇း၁)။ မူးယစ်ခြင်းသည် လူကို မထီလေးစားပြုခြင်းနှင့်၊ ရန်ဖြစ်ခြင်းထဲသို့ ရောက်စေတတ်သည်။ "*သောက်ကြူးသောသူနှင့် စားကြူးသောသူသည် ဆင်းရဲခြင်းသို့ ရောက်လိမ့်မည်။ အိပ်ကြူးသော သဘောသည် လူကိုအဝတ်စုတ်နှင့် ခြုံတတ်၏* " (၂၃း၂၁)။ အရက်မူးခြင်းသည် ဂမ်းနည်းခြင်း၊ ညည်းတွားခြင်း၊ ရန်တွေ့ခြင်း၊ ထိခိုက်နာကျင်ခြင်းနှင့် မျက်စိနီခြင်းတို့ကို ဖြစ်စေသည် (၂၃း၂၉-၃၀)။ လူတစ်ယောက် အရက်မမူးမီ အရက်မူးလာသည့်အခါ မိုက်မဲသောအမှုများကို မည်ကဲ့သို့ပြု မိနိုင်ကြောင်း သုတ္တံကျမ်းက သတိပေးထားသည်။ မူးနေသူတစ်ဦး၏ ခံစားမှုနှင့်တွေးတောမှု မည်ကဲ့သို့ရှုပ်ထွေးလာတတ်ကြောင်း သုတ္တံကျမ်းက ရှင်းရှင်းလင်းလင်းဖော်ပြပြီး မြွေကဲ့သို့ကိုက်ပြီး မြွေဆိပ်ကဲ့သို့ဖြစ်စေကြောင်း သတိပေးသည် (၂၃း၃၁)။ အမြင်မှားများမြင်ပြီး ထိန်းမရသိမ်းမရစိတ် ကူးယဉ်နေတတ်သည် (၂၃း၃၃)။ သူ့ခြေသည် သင်္ဘောရွက်တိုက်ထိပ်၌ အိပ်သောသူ၏ခြေကဲ့သို့ ဖြစ်နေတတ်၏ (၂၃း၃၄)။ မူးလျက် အကာအကွယ်မဲ့ဖြစ်ကြောင်းသတိထားမိသော်လည်း မိမိကိုယ် ကိုယ်တလွဲအားပေးကာ နိုးလာသည့်အခါ နောက်တစ်ခေါက်ပြန်သောက်မည်ဟု ဆိုတတ်သည် (၂၃း၃၅)။

*ဘုရားသခင်သည် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာကို ဖန်ဆင်းလျက် မိသားစုကို အခြေခံလူ့ ယဉ်နစ်တစ်ခု ဖြစ်စေသည်သည်ဖြစ်၍ တရားနှင့်မညီသောမေထုန်ပြုခြင်း၊ အိမ်ထောင်ရေးဖောက်ပြန် ခြင်းနှင့် လူတကာနှင့်သောင်းပြောင်းလိင်ဆက်ဆံခြင်းတို့ကို သုတ္တံကျမ်းက တားမြစ်*လျက် ဤအ ပြစ်တို့၏အကျိုးဆက်သည် အန္တရာယ်ရှိပြီး တစ်ခါတစ်ရံသေစေသည့်အထိပင်ဖြစ်ကြောင်း သတိ ပေးထားသည် (ဥပမာ။ ။၇း၆-၂၇ ကိုကြည့်ပါ)။ AIDS ရောဂါ၏အလင်းအောက်တွင် အပြစ်မဲ့ လူငယ်များသည် ဤထိတ်လန့်ဖွယ်သတိပေးချက်ကို ကြားရရန်လိုသည်။

မှန်ပါသည်။ လူငယ်များသည် မိဘဆရာသမားများထံမှ ဘာလုပ်ဘာလုပ်ဟုညွှန်ကြားခံ ရသည်ကို သဘောမကျဖြစ်တတ်ကြကြောင်း သုတ္တံကျမ်းက သိထားပါသည်။ သို့သော် ကိုယ်ကျင့် တရားဆိုင်ရာပညတ်ချက်များ၏နောက်တွင် ဘုရားသခင်ရှိပါသည်။ ထိုဘုရားသခင်သည် သား သမီးအပေါ် မိဘကချစ်နိုင်သည့်အချစ်ထက်ပင် ပို၍ချစ်တော်မူသောအရှင်ဖြစ်သည်။ အတိုချုပ်ပြော ရလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်သည်ဖြစ်၍ ကျွန်ုပ်တို့၏အသက်တာသည် နစ်သက်ဘွယ် ဖြစ်မည့်အကြောင်း လိုအပ်သည့်အခါ ကျွန်ုပ်တို့ကို ဆုံးမပဲ့ပြင်တော်မူမည်ဖြစ်သည် (၃း၁၁-၁၂)။

ဘုရားသခင်၏စံနှုန်းတို့သည် မြင့်မားပါသည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင်ခွန်အားဖြင့် ၎င်းတို့ကို မဖြည့်ဆည်းနိုင်ပါ။ ထို့ကြောင့် သုတ္တံကျမ်းက "ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ကိုးစားလော့။ ကိုယ်ဉာဏ်ကို အမှီမပြုနှင့်။ သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင်၊ သင်၏လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်" (၃း၅-၆)ဟု တိုက်တွန်းထားပါသည်။

သို့သော် ဉာဏ်ပညာဆိုင်ရာကျမ်းသုံးကျမ်းသည်လည်း ဓမ္မဟောင်းကျမ်းမှ အခြားကျမ်း များနည်းတူ ခရစ်တော်၌သာအဖြေတွေ့နိုင်သည့် မေးခွန်းများကို မေးကြပါသည်။

## ဒေသနာကျမ်းနှင့်ယောဘဝတ္ထုမှ မေးခွန်းကြီးများ

ဒါဝိဒ်မင်းကြီးကိုဆက်ခံသော ပညာရှိရှောလမုန်မင်းကြီးက သုတ္တံကျမ်း၏အခန်းကဏ္ဍ တော်တော် များများကို ရေးသားခဲ့သော်လည်း နောက်ဆုံးတွင် မိုက်မဲမှုများပြုခဲ့ပါသည် (၃ရာ ၁၁း၁-၁၁)။ သူ သည် အတွေးအခေါ် ပိုင်းကောင်းသော်လည်း လက်တွေ့ပိုင်းအားနည်းခဲ့သည်။ တစ်ပါးတည်းသော ပြည့်စုံသည့်ပညာရှိမှာ ယေရှုခရစ်တော်ပင်ဖြစ်သည်။ ကိုယ်တော်က မိမိအကြောင်းကို "*ရှောလမုန် ထက်သာ၍ကြီးမြတ်သောသူ*"(မ ၁၂း၄၂)ဟု ဖော်ပြခဲ့သည်။ ကိုယ်တော်၌ "*ပညာဘဏ္ဍာ၊ ဉာဏ် ဘဏ္ဍာရှိသမျှတို့သည် ဝှက်ထားလျက်ရှိကြ၏*" (ကော ၂း၃)။ ကိုယ်တော်ကို ယုံကြည်အားကိုးသော

သူတို့က ခရစ်တော်သည် "*ဘုရားသခင်စီရင်တော်မူသည်အတိုင်း၊ ငါတို့၌ ပညာမှစ၍ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ရွေးနှုတ်ခြင်းဖြစ်တော်မူ*"ကြောင်း ရှာဖွေတွေ့ရှိကြသည် (၁ ကော ၁း၃၀)။

ဉာဏ်ပညာဆိုင်ရာဒုတိယကျမ်းဖြစ်သည့် ဒေသနာကျမ်းကိုရေးသားသူသည် နေအောက်တွင်ရှင်သန်ရသည့်ဘဝကို ဤကမ္ဘာလောကနှင့်ထိစပ်နေသည့်ဘဝအဖြစ်ရှုမြင်သည်။ ထို့ကြောင့် ဘဝအသက်တာထဲမှလုပ်ဆောင်ချက်တို့သည် ဝိုင်းဝိုင်းလည်နေပြီး အနတ္တ၊ အချည်းနှီးနှင့် စိတ်ပျက်ခြင်းတို့၌ အဆုံးသတ်တတ်သည်ဟု မကြာမကြာကောက်ချက်ချတတ်သည်။ သို့သော် ဓမ္မသစ်ကျမ်းက သူ၏အဆိုးမြင်မှုအတွက် အဖြေပေးပါသည်။ ခရစ်တော်သည် သေခြင်းမှထမြောက်တော်မူသည်။ သေခြင်းသည် အဆုံးမဟုတ်။ ခရစ်တော်သည် ထမြောက်တော်မူပြီးပြီဖြစ်၍ ကျွန်ုပ်တို့၏"*ကြိုးပမ်းအားထုတ်မှုသည် အချည်းနှီးမဖြစ်*"ပေ (၁ကော ၁၅း၅၁-၅၈ - ခေတ်သုံး)။

ဉာဏ်ပညာဆိုင်ရာတတိယကျမ်းဖြစ်သည့် ယောဘဝတ္ထုက - ဘုရားသခင် သူ့ကိုယုံကြည်အားကိုးသောသူတို့အား အဘယ်ကြောင့် ဘေးဒုက္ခနဲ့ကြုံတွေ့ခွင့်ပေးသနည်း။ ဘုရားသခင်သည် တရားမျှတပါသလား။ ကိုယ်တော်သည် မျှမျှတတလုပ်ဆောင်တော်မူသလား။ နာကျင်မှု၊ ဘေးဒုက္ခနှင့် ဖျားနာခြင်းတို့ကြုံရချိန်တွင်လည်း ဘုရားသခင်ကို ယုံကြည်စိတ်ချနိုင်ပါသလား - စသည့်မေးခွန်းတစ်ချို့ကို ဖြေပေးပါသည်။ သို့သော် လောကဓံမုန်တိုင်းထံနေချိန်တွင်ပင် ဘုရားသခင်ကို ယုံကြည်စိတ်ချရခြင်း၏အခိုင်မာဆုံးသောအကြောင်းရင်းကို ဓမ္မသစ်ကျမ်းတွင် ဖော်ပြထားပါသည် - "*ဘုရားသခင်ကို ချစ်သောသူ . . တို့၏ အကျိုးကို ခပ်သိမ်းသောအရာတို့သည် တစ်ညီတစ်ညွတ်တည်း ပြုစုကြသည် ... မိမိသားတော်ရင်းကို မနမြောဘဲ၊ ငါတို့ရှိသမျှ အဘို့အလိုငှာ စွန့်တော်မူသောသူသည်၊ သားတော်နှင့်တကွခပ်သိမ်းသောအရာတို့ကို ငါတို့အားမပေးဘဲ အဘယ်သို့နေတော်မူမည်နည်း* " (ရော ၈း၂၈၊ ၃၂)။ ရွှေကိုမီးထဲထည့်လျက် မသန့်စင်မှုများနှင့်စင်ကြယ်စေကာ ၎င်း၏တန်ဖိုးကို မြှင့်တင်ပေးရသကဲ့သို့ ဘုရားသခင်သည် မိမိလူတို့ကို လေ့ကျင့်ပျိုးထောင်ပေးလျက် ယောဘနည်းတူ သူတို့သည် ပြည့်ဝအသက်တာကိုခံစားရစေရန် ဘေးဒုက္ခများကြုံတွေ့ခွင့်ပေးကာ သူတို့၏ယုံကြည်ခြင်းကိုသန့်စင်ပေး၍ သူတို့၏ကိုယ်ကျင့်တရားကို ဖွံ့ဖြိုးတိုးတက်စေတော်မူသည် (၁ပေ ၁း၆-၉)။

**စာသင်ခန်းအတွက်**

- "ထာဝရဘုရားကို ကြောက်ရွံ့သောသဘောသည် ပညာ၏မူလအမြစ် ဖြစ်၏"ဆိုသည်ကို ဆွေးနွေး၍ ဤနိယာမကို လက်တွေ့အခြေအနေများနှင့် ဆက်စပ်ပါ (ဥပမာအနေဖြင့် သုတ္တံ ၁း၂၉၊ ၂း၅၊ ၃း၇၊ ၈း၁၃၊ ၁၀း၂၇၊ ၁၄း၂၆-၂၇၊ ၁၅း၃၃၊ ၁၆း၆၊ ၁၉း၂၃၊ ၂၂း၄၊ ၂၃း၁၇၊ ၂၄း၂၁ တို့ကိုကြည့်ပါ)။
- စာသင်သားတစ်ဦးစီအား သုတ္တံကျမ်းမှ ကျမ်းပိုဒ်တစ်ပိုဒ်ကိုရွေးစေလျက် ၎င်းသည် မိမိအတွက် မည်သို့အဓိပ္ပါယ်ရှိကြောင်း အခန်းထဲတွင် ဆွေးနွေးစေပါ။
- တိရစ္ဆာန်များထံ သင်ယူနိုင်ကြောင်းဖော်ပြသည့် သုတ္တံကျမ်းထဲမှ အခြားဥပမာများကိုရှာပါ။ ဥပမာ။ ။ သုတ္တံ ၂၆း၁၁။ ပြီးနောက် ဓမ္မသစ်မှ ၂ပေ ၂း၂၀-၂၂ နှင့်နှိုင်းယှဉ်ပါ။
- ဆိုးသောသူများနှင့်မပေါင်းသင်းရန်၊ မူးယစ်ဆေးဝါးနှင့်ကင်းကင်းရှင်းရှင်းနေရန်နှင့် တရားနှင့်မညီသောမေထုန်ပြုခြင်းမပြုရန် ဘုရားသခင်တားဆီးသတိပေးတော်မူခြင်းသည် ကျွန်ုပ်တို့ကို ချစ်တော်မူသောကြောင့်ဖြစ်ကြောင်း သင်မည်ကဲ့သို့ထင်မြင်ယူဆသနည်း။
- အချို့သောသုတ္တံကျမ်းချက်များကို အလွတ်ကျက်မှတ်ပါ။ အထူးသဖြင့် သုတ္တံ ၃း၅-၆။

# အခန်း ၁၄

## ပရောဖက်တို့၏လမ်းစဉ်

ဓမ္မဟောင်းကျမ်းတစ်ခုလုံး၏လေးပုံတစ်ပုံနှင့်သုံးပုံတစ်ပုံကြားကို ပရောဖက်ဟုခေါ်သော အထူးလူတန်းစားတစ်ရပ်က ရေးသားထားသောကျမ်းများက နေရာယူထားသည်။ ဓမ္မဟောင်းကျမ်းတွင် သူတို့သည် အဘယ်ကြောင့် အလွန်အရေးကြီးကြကြောင်း၊ ယနေ့ ကျွန်ုပ်တို့အတွက် မည်သို့အပ်စပ်မှုရှိလျက် မည်သို့အရေးကြီးကြောင်း နားလည်နိုင်ရန် အစ္စရေးအမျိုးသားတို့ထမ်းဆောင်ရသည့်အထူးအခန်းကဏ္ဍ (အခန်း ၈ ကိုကြည့်ပါ) ကို ကျွန်ုပ်တို့ပြန်စဉ်းစားရပေမည်။ ကိုယ်တော်က သူတို့ကိုရွေးကောက်တင်မြှောက်ခြင်းမှာ -

၁။ အသက်ရှင်သည့်စစ်မှန်သောဘုရားသခင်ရှိတော်မူခြင်းအတွက် အသက်ရှင်သောသက်သေဖြစ်လျက် စကြဝဠာနှင့်ပတ်သက်၍ ရုပ်တုကိုးကွယ်မှုနှင့်သက်ဆိုင်အောင် အဓိပ္ပါယ်ကောက်ခြင်းကို ဆန့်ကျင်ကန့်ကွက်ရန်၊

၂။ အသက်ရှင်တော်မူသောဘုရားသခင်နှင့်တစ်ဦးချင်း သိကျွမ်းမိတ်သဟာရပြုခြင်း၏စိတ်ဝင်စားဖွယ်ကောင်းခြင်းကို လူမျိုးတကာတို့ တွေ့မြင်လာစေရန်အတွက် ဘုရားသခင်၏မေတ္တာတော်၊ တန်ခိုးတော်၊ ကယ်တင်ခြင်း၊ ပညတ်တော်နှင့် လမ်းပြခြင်းတို့ကိုခံစားရရန်အတွက် ဘုရားသခင်နှင့်မိတ်သဟာရဖွဲ့ခြင်း၏နမူနာတစ်ခုဖြစ်ရန်နှင့်

၃။ လူသားမျိုးနွယ်တွင် အပြစ်များနေသော်လည်း မျှော်လင့်ချက်အစစ်အမှန်ရှိကြောင်း လူတိုင်းသိရှိစေရန်အတွက်နှင့် လောက၏ကယ်တင်ရှင်ကြွလာတော်မူသောအခါ သိမှတ်လျက် ကိုယ်တော်ကို မိမိတို့လိုအပ်ကြောင်း လူတို့သိရှိစေရန်အတွက် ဤလောကသို့ကြွလာတော့မည့်ကယ်တင်ရှင်အားဖြင့် ခွဲခန့်တော်မူခြင်းနှင့်အထောက်အထားပြုတော်မူခြင်းခံရသောလမ်းကြောင်းဖြစ်ရန်-တို့ဖြစ်သည်။

ယခု အစ္စရေးက သူတို့အပေါ်ဘုရားသခင်၏ကောင်းမြတ်ခြင်းကို သတိရလျက် ကျေးဇူးတင်သောစိတ်ဖြင့် ပညတ်ချက်တို့နှင့်အညီအသက်ရှင်နေသ၍ အားလုံးအဆင်ပြေခဲ့သည်။ သို့သော် အစ္စရေးတို့သည် သူများထက်ပိုကောင်းသည်တော့မဟုတ်၊ ကျန်သောကျွန်ုပ်တို့အားလုံးနည်းတူ အပြစ်ရှိသူများဖြစ်ကြသည်။ သူတို့သည် မိမိတို့၏အထူးအခန်းကဏ္ဍကို ပိုပို၍အလွဲသုံးစားပြုလာကြကာ ဘုရားသခင်၏ပညတ်ချက်များကို ချိုးဖောက်ကာ ပတ်လည်ရှိတိုင်းနိုင်ငံများထက်ပိုမဆိုးလျှင်ပင် သူတို့ကဲ့သို့ ဆိုးဝါးစွာအပြစ်ပြုကြသည်။ ရလဒ်အဖြစ် ဘုရားသခင်၏သန့်ရှင်းတော်မူခြင်း၊ အပြစ်ကိုမုန်းတော်မူခြင်း၊ ဖြောင့်မတ်ခြင်းအတွက်ကိုယ်တော်၏စံနှုန်းနှင့်၄င်းတို့ကို ချိုးဖောက်ခြင်း၏ကြေန်ဖြစ်လာမည့်နောက်ဆက်တွဲများကို ကျွန်ုပ်တို့သင်ယူနိုင်ရန် သူတို့ကို နမူနာဖြစ်စေတော်မူခဲ့သည်။

ထိုအခါ ပရောဖက်တို့ပေါ်လာရသည်။ သူတို့သည် မှတ်သားလောက်သောပရောဖက်ပြုချက်များကို ဟောပြောကြသော်လည်း အနာဂါတ်ကိုကြိုဟောသူများသက်သက်မဟုတ်ပေ။ သူတို့ထဲမှအချို့သည် ယဇ်ပုရောဟိတ်မိသားစုမှလာသော်လည်း သူတို့သည် ယဇ်ပုရောဟိတ်များမဟုတ်ကြပေ။ သူတို့သည် ဗိမာန်တော်၌ ဝတ်ပြုခြင်းအမှုကိုမဆောင်ရွက်ကြပေ။ သူတို့သည်ဟောပြောသူများဖြစ်ကြလျက် နိုင်ငံရေးအပြစ်များ၊ စီးပွားရေးအလွဲလုပ်ဆောင်ချက်များ၊ လူမှု

ရေးမှားယွင်းမှုများနှင့် အသိုင်းအဝိုင်းတွင်း လူ့အလွှားအသီးသီးရှိ ဘာသာရေးကြောင်သူတော်များကို ဖော်ထုတ်ကြသည့် ပြုပြင်ပြောင်းလဲရေးသမားများဖြစ်ကြသည်။ သူတို့သည် တစ်မျိုးသားလုံးကိုဖြစ်စေ၊ တစ်ဦးတစ်ယောက်ကိုဖြစ်စေ နောက်တရလျက် မိမိအသက်ရှင်မှုပုံစံကိုပြောင်းလဲကာ ဘုရားသခင်ထံပြန်လှည့်ရန် ဖိတ်ခေါ်ပြီး နောင်တရခြင်းမရှိလျှင် ကျရောက်လာမည့်ဘေးဒုက္ခကို ပရောဖက်ပြုကြသည်။

သို့သော် လူမျိုးတော်သည် သူတို့ကိုပြောင်လှောင်လျက် သို့မဟုတ် သူတို့ကိုညှင်းပန်းခြင်းကိုပင်ပြုလျက် အပြစ်ပြုသောအသက်ရှင်မှုပုံစံအတိုင်း ဆက်လက်အသက်ရှင်ကြသည်မှာ မကြာခဏပင်ဖြစ်သည်။ ရလဒ်အနေဖြင့် သူတို့သည် ဘုရားသခင်သတိပေးထားသည့်အတိုင်း ဒုက္ခဆင်းရဲခြင်းကြုံတွေ့ရလျက် ရှုံးနိမ့်၍ မိမိတိုင်းပြည်ကိုပင်ဆုံးရှုံးရကာ ပထမတွင် အဆီးရီးယားသို့လည်းကောင်း၊ ထို့နောက် ဘေဗုလုန်သို့လည်းကောင်းဖမ်းဆီးခေါ်ဆောင်သွားခြင်းခံကြရသည်။ ဤနည်းအားဖြင့် သူတို့သည် ယနေ့တွင်ပင် ကျွန်ုပ်တို့အတွက် သတိပေးချက်တစ်ခု ဖြစ်နေကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ကျွန်ုပ်တို့ထက် သာ၍မကောင်းခဲ့ကြလျှင် ကျွန်ုပ်တို့လည်း သူတို့ထက်ပိုကောင်းစရာအကြောင်းမရှိပေ။ သူတို့တွေ့ကြုံခဲ့သည့်အရာက ကျွန်ုပ်တို့နောင်တမရလျှင် တစ်ဦးချင်းဖြစ်စေ၊ လူမျိုးတစ်မျိုးလုံးအလိုက်ဖြစ်စေ ဘုရားသခင်၏ တရားစီရင်ခြင်းနှင့်ကြုံတွေ့ရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ကို သတိပေးနေသည်။ ဓမ္မသစ်ကျမ်းက ကျွန်ုပ်တို့သင်ယူရမည့်သင်ခန်းစာကို ဤသို့အကျဉ်းချုပ်ထားသည် - "(ဓမ္မဟောင်းကျမ်းပါ) ပညတ်တရား၌ ပါသမျှသောစကားတို့သည် ပညတ်တရားကို ခံသောသူတို့(မူလတွင် အစ္စရေးတို့ကိုဆိုလိုသည်)နှင့် စပ်ဆိုင်သည်ကို ငါတို့သိကြ၏။ ထိုသို့ဖြစ်၍၊ လောကီသားအပေါင်းတို့သည် စကားတစ်ခွန်းကိုမျှ မပြောနိုင်ဘဲ ဘုရားသခင့်ရှေ့တော်၌ အပြစ်သင့်သောသူဖြစ်ကြ၏ (ဆိုလိုသည်မှာ အစ္စရေးများနည်းတူ အပြစ်ပြုကြသောကြောင့်) " (ရော ၃း၁၉)။

ဓမ္မဟောင်းမှပရောဖက်များကို ယေဘုယျအားဖြင့် သာမန်ပရောဖက်များ (သူတို့သည် ကျမ်းငယ်များကို ရေးသားကြသောကြောင့်)နှင့် အဓိကပရောဖက်များ (သူတို့သည် ကျမ်းကြီးများကို ရေးသားကြသောကြောင့်) ဟု ရည်ညွှန်းသတ်မှတ်ကြသည်။ ဤနေရာတွင် သာမန်ပရောဖက်တစ်ဦးနှင့် အဓိကပရောဖက်နှစ်ဦးအကြောင်းလေ့လာကြမည်။

## အာမုတ်၏ပရောဖက်ပြုချက်

အာမုတ်၏ခေတ်ကာလတွင် တိုင်းပြည်သည် နိုင်ငံရေးအရ ကွဲပြားနေသည့်အချိန်ဖြစ်သည်။ တောင်ပိုင်းတွင် လူမျိုးစုနှစ်စုနှင့် မြောက်ပိုင်းတွင် လူမျိုးစုဆယ်စုဖြစ်သည်။ အာမုတ်သည် ယုဒပြည်တွင်မွေးဖွားသည့် တောင်ပိုင်းသားဖြစ်သည်။ သို့သော် သူသည် ရှမာရိပြည်ရှိ အစ္စရေး၏လူမျိုးနွယ်ဆယ်နွယ်ထဲတွင် များစွာဟောပြောခဲ့သည်။ သူသည် ယုဒဘုရင်သြဇိမင်း (ဘီစီ ၇၇၉-၇၄၀)နှင့် ရှမာရိဘုရင် ဒုတိယယေရောဗောင်မင်း (ဘီစီ ၇၈၃-၇၄၃) တို့နန်းစံစဉ် အသက်ရှင်နေထိုင်ခဲ့သူဖြစ်သည်။ စစ်ရာဇဝတ်မှုများနှင့် ဂန်းကျင်ရှိလူမျိုးခြားတို့၏လူမဆန်မှုများကို ရှုတ်ချခြင်းဖြင့် သူ၏ပရောဖက်ပြုခြင်း စတင်ခဲ့သည်။

*ရက်စက်ကြမ်းကြုတ်စွာလုပ်ဆောင်သည့် စစ်ဘက်တိုးချဲ့ရေးဝါဒ* (အာမုတ် ၁း၃-၅)။ ဤနေရာတွင် ပြစ်မှုကျူးလွန်သူမှာ အစ္စရေးပြည်၏မြောက်ဘက်၊ အမ္မုန်လူမျိုးတို့၏မြို့တော် ဒမာသက်မြို့ဖြစ်သည်။ သူတို့သည် အုပ်ချုပ်သူဟာဒဒ်၏ တိုးချဲ့ရေးဝါဒအောက်တွင် ဂိလဒ်ပြည်ကို ကျူးကျော်ပြီး လူတို့ကို မိမိတို့လက်အောက်ခံအဖြစ်လူမဆန်စွာသွတ်သွင်းခဲ့ကြသည်။ သူတို့

သည် "ဂိလဒ်ပြည်ကို စပါးနယ်ရာသံယန္တရားစက်တို့ နှင့် ကြိတ်နယ်"ကြသည်။ ရှေးခေတ်က ဂျုံနှံများ သို့မဟုတ် မုယောစပါးနှံတို့ကို အောက်ဘက်တွင် ကျောက် သို့မဟုတ် သံတတ်ထားသော စွတ်ဖားဖြင့်ကြိတ်ကြသည်။ "ဂိလဒ်ပြည်ကို စပါးနယ်ရာသံယန္တရားစက်တို့နှင့် ကြိတ်နယ်"သည် ဆိုသောစကားစုက အလွန်လူမဆန်ခြင်းအတွက် တင်စားပြောဆိုခြင်းဖြစ်ပေလိမ့်မည်။ သို့သော် တကယ်လည်း စာသားအတိုင်းအဓိပ္ပါယ်ရှိနိုင်သည်။ တိုက်ပွဲအောင်သောစစ်တပ်များစွာတို့က လူတို့ကို အကြမ်းဖက်ခြောက်လှန့်ရန် ထိုကဲ့သို့ ဆိုးရွားသောနှိပ်စက်မှုများကို သုံးခဲ့သကဲ့သို့ သုံးနေကြဆဲဖြစ်သည်။

*ကျွန်ရောင်းဝယ်ရေး* (အာမုတ် ၁း၆-၈)။ ဖိလိတ္တိလူတို့(ဂါဇမြို့သည် ဖိလိတ္တိလူမျိုးတို့၏မြို့တစ်မြို့ဖြစ်ခဲ့သည်)သည် သိမ်းပိုက်ခံလူ့အသိုင်းအဝိုင်းအားလုံးကို ကျွန်အဖြစ်ရောင်း၍ ဧဒုံတည်းဟူသော တိုင်းတပါးသို့ ပြည်နှင်ဒဏ်ပေးခဲ့သည်။ ရည်ရွယ်ချက်မှာ လူမျိုးစုလိုက်အပြတ်ရှင်းရန်၊ ပြန်လည်တော်လှန်ခြင်းကို ရပ်တန့်စေရန်နှင့် ငွေရရန်အတွက်ဖြစ်သည်။

*စစ်ကိုအခြေခံလျက်ခေါင်းပုံဖြတ်အမြတ်ကြီးစားခြင်း* (အာမုတ် ၁း၉-၁၀)။ ဤတစ်ကြိမ်တရားခံများမှာ တိုင်ယာ (တုရု) မြို့သားများဖြစ်သည်။ သူတို့သည် ဖိလိတ္တိလူတို့က ဂျူးတို့ကို တိုက်ခိုက်သည့်စစ်ပွဲတွင် သူတို့မပါဝင်ကြပါ။ သို့သော် သူတို့သည် ဂျူးလူမျိုးတို့နှင့်သဘောတူခဲ့သောအချက် (ညီအစ်ကိုချင်းဖွဲ့သောမိဿဟာယ-၁း၉) ကို မစောင့်ထိန်းဘဲ ဖိလိတ္တိလူတို့ကိုယ်စား သိမ်းပိုက်ခံလူ့အသိုင်းအဝိုင်းတစ်ခုလုံးကို ကျွန်အဖြစ်ရောင်းချခြင်းဖြင့် ငွေကြေးများစွာရရှိခဲ့ကြသည်။ သေချာသည်မှာ သူတို့သည် ယနေ့ခေတ် စစ်ဖြစ်သည့်နေရာများကို လက်နက်ရောင်းချသူများက မိမိတို့အပြစ်မရှိဟုဆိုရန် အသုံးပြုသည့် ဆင်ခြေမျိုး - ကျွန်တော်တို့က စစ်နိုင်သူများကိုယ်စား ကျွန်တွေမရောင်းဘူး (သို့မဟုတ် လက်နက်တွေမတပ်ဆင်ပေးဘူး) ဆိုရင်လည်း တခြားလူတွေက လုပ်မှာဘဲ - ဆိုသည့် သူတို့သုံးခဲ့ကြပေလိမ့်မည်။ ထို့ကြောင့် သူတို့သည် လူတို့၏ဒုက္ခဝေဒနာနှင့်သေကြေမှုကိုအရင်းခံလျက် ငွေကြေးရှာဖွေကြသည်။

*အဆုံးမသတ်နိုင်သောလူမျိုးရေးမုန်းတီးမှု* (အာမုတ် ၁း၁၁-၁၂)။ လွန်ခဲ့သောရာစုနှစ်များတွင် အစ္စရေးလူတို့သည် သူတို့ကိုနှိပ်စက်ခဲ့ကြသည်ဟု ဧဒုံလူမျိုးတို့ခံစားခဲ့ကြသည်မှာ သေချာသည်။ သို့သော် သူတို့သည် အတိတ်ကိုမမေ့နိုင်ခဲ့ကြချေ။ အခွင့်အခါတိုင်းတွင် အစ္စရေးတို့အပေါ်လက်စားချေနိုင်ရန်ကြိုးစားကြသည်။ အလားတူအဖြစ်အပျက်များ ယနေ့လည်းတွေ့ရနိုင်ပါသည်။

*စစ်ရာဇဝတ်မှု* (အာမုတ် ၁း၁၃-၁၅)။ အမ္မုန်ပြည်နှင့်အတူ ပိုင်နက်ချဲ့ထွင်မှုတွင် လူမဆန်သောရက်စက်ကြမ်းကြုတ်မှုများပါလာသည်။ သူတို့သည် ကိုယ်ဝန်ဆောင်အမျိုးသမီးများကိုပင် သတ်ဖြတ်ခဲ့ကြသည်။ မှန်ပါသည် - ထိုအချိန်က ဂျနီဗာသဘောတူညီချက်မရှိခဲ့။ စစ်ခုံရုံးလည်း မရှိခဲ့ပါ။ သို့သော် ဘုရားသခင်သည် ယုတ်မာကြမ်းကြုတ်သောလုပ်ရပ်များကို မှတ်ထားတော်မူပြီးဖြစ်၍ အာမုတ်ပြောထားသည့်အတိုင်း တစ်နေ့သောအခါ အပြစ်ကျူးလွန်သူတို့ကို အပြစ်ပေးတော်မူမည်ဖြစ်သည်။

အာမုတ်သည် ပတ်လည်ရှိလူမျိုးခြားတိုင်းနိုင်ငံတို့၏အပြစ်ကိုသာ ရှုတ်ချခဲ့သည်မဟုတ်။ သူ့လူမျိုးဖြစ်သည့် အစ္စရေးနှင့်ယုဒလူမျိုးတို့ကို သူတို့၏ လူမှုရေးနှင့်ဘာသာရေးအပြစ်များအတွက် ပိုမိုပြင်းထန်စွာပြစ်တင်ဆုံးမခဲ့သည်။ ထိုအချိန်က သူ့လူမျိုး၏အခြေအနေကို အောက်ပါအတိုင်း အကျဉ်းချုပ်ဖော်ပြရပေမည် -

*(က) နိုင်ငံရေးနှင့်လူမှုရေးအခြေအနေများ။* အာမုတ်၏အမှုတော်လုပ်ငန်းမတိုင်မီ နှစ်လေးဆယ်ကျော်က အဆီးရီးယားသည် ရှာမာရိ၏အိမ်နီးနားချင်း ဆီးရီးယားကို ချေမှုန်းပစ်ခဲ့

သည်။ ဤအခြေအနေက ဒုတိယယေရောဗောင်မင်းအား သူ၏နယ်စပ်ဒေသကို တိုးချဲ့ရန်(၄ရာ ၁၄း၂၅)နှင့် ရှမာရိပြည်တွင် တန်ခိုးသြဇာကြီးသောကုန်သည်လူတန်းစားတစ်ခုကိုပေါ်ထွန်းစေသည့် အကျိုးအမြတ်များသောကုန်သွယ်မှုကို တည်ဆောက်ရန် အခွင့်ပေးခဲ့သည်။ အကြောင်းမလှစွာဖြင့် ရှမာရိပြည်သို့ရောက်လာသောစည်းစိမ်များသည် နေရာစုံအနှံ့ လူတို့ဆီသို့မရောက်ခဲ့ချေ။ ၎င်းတို့သည် ရရှိသည့်ဥစ္စာပစ္စည်းကို မိမိတို့၏လူနေမှုအဆင့်မြှင့်တင်ရန်အတွက် အသုံးပြုနေကြသော ကုန်သည်မင်းသားတို့လက်ထဲတွင်သာရှိနေခဲ့ပြီး (အာမုတ် ၃း၁၀၊ ၁၂၊ ၁၅၊ ၆း၄) ရှမာရိပြည်စီးပွားရေး၏ကျောရိုးဖြစ်သောတောင်သူလယ်သမားများသည် ဥပေက္ခာပြုခြင်းခံခဲ့ကြရသည်။ ကိုယ်ကျင့်တရားပိုင်းမကျန်းမာမှုခံစားနေရသည့်လူ့အသိုင်းအဝိုင်း၏ ထင်ရှားပေါ်လွင်သောလက္ခဏာများသည် ရှမာရိပြည်တွင် စတင်ထင်ရှားလာခဲ့သည်။ အာမုတ်၏ခေတ်တွင် ချမ်းသာသူက ဆင်းရဲသူကိုဖိနှိပ်သည့်အဖြစ် များစွာရှိခဲ့သည် (၂း၆-၇)။ ဥစ္စာကြွယ်ဝသူများက ဆာလောင်သူတို့၏ဘေးဒုက္ခကို ဥပေက္ခာပြုနေကြသည် (၆း၃-၆)။ တရားမျှတမှုသည် လေလံပွဲတွင် ဈေးအမြင့်ဆုံးပေးသူများထံရောက်သွားသည် (၂း၆၊ ၈း၆)။ မိုးခေါင်သောအခါ ဆင်းရဲသားတို့သည် ငွေတိုးချေးသူတို့ကို အားကိုးအားထားပြုနေရပြီး (၅း၁၁-၁၂၊ ၈း၄-၆) သူတို့ထံ မိမိတို့မြေနှင့်မိမိတို့ကိုယ်တိုင်နှစ်မျိုးလုံးကို ပေါင်နှံထားရသည်။

(ခ) ဘာသာရေးအခြေအနေ။ သဘာဝအားဖြင့် ရှမာရိပြည်၏လူမှုရေးအခြေအနေသည် ဘာသာရေးအလေ့အထများပေါ် အကျိုးသက်ရောက်မှုရှိသည်။ ဘာသာရေးသည် ဥပေက္ခာပြုခြင်းမခံရသော်လည်း သွေဖည်စေခြင်းကိုခံရသည်။ မိမိတို့လူမျိုး၏ဘာသာရေးအထွတ်အမြတ်နေရာများ (၅း၅) တွင် ရိုးရာဓလေ့များကို ထိန်းသိမ်းကြသော်လည်း (၄း၄) တစ်ဘက်တွင် ဘုရားတရားမဲ့ခြင်းနှင့် ကိုယ်ကျင့်တရားပျက်ပြားမှုတို့ရှိနေသည်။ ဘုရားသခင်၏စိတ်တော်နှင့်တွေ့ဖို့ဝေးစွ၊ ကိုယ်တော်၏တရားစီရင်ခြင်းကိုသာ ဖိတ်ခေါ်နေသည် (၃း၁၄၊ ၇း၉၊ ၉း၁-၄)။ ကျူးလွန်သည့်အပြစ်များသည် လျော့ပါးသွားခြင်းမရှိ၊ တိုး၍သာများပြားလာသည် (၄း၄)။ ပြည်တွင်းရှိဘာသာရေးအဆောက်အဦများတွင် ဘုရားသခင်ကိုရှာမတွေ့ရ (၅း၄-၅)။ အကြောင်းမှာ ကိုယ်တော်သည် ဤနေရာမျိုး၌ကိုးကွယ်ခြင်းကို လက်ခံတော်မမူနိုင်ပေ (၅း၂၁-၂၃)။ လူတို့စိတ်ကို အခြားသောဘုရားများက လွှမ်းမိုးထားသည် (၈း၁၄)။ ထို့ပြင် ဤထူးကဲသောအခန်းအနားများနှင့်အကုန်အကျများလှသောယဇ်ပူဇော်မှုများအတွက် အမှန်တကယ်ကုန်ကျရသူများမှာ ဆင်းရဲသားများသာဖြစ်သည် (၂း၈၊ ၅း၁၁)[6]။ ထိုအခါ ပရောဖက်များသည် လူမျိုးခြားများနှင့်ဂျူးလူမျိုးတို့၏အပြစ်များကို ဖော်ပြလျက် ရှုတ်ချကြသည်။ သို့သော် လူသားတို့၏အပြစ်များ ကိုင်တွယ်ဖြေရှင်းရန်နှင့် ကမ္ဘာလောကသို့ ကယ်တင်ခြင်းယူဆောင်လာရန် ဘုရားသခင်၏နောက်ဆုံးအစီအစဉ်အကြောင်း ကြေညာရန် ဘုရားသခင်က သူတို့ကို တာဝန်ပေးအပ်ခဲ့သည်။ ထို့ကြောင့် ပရောဖက်များက အပြစ်ကိုပြင်းပြင်းထန်ထန်ရှုတ်ချနေခြင်းသည် သူတို့အလေးအနက်အမှန်အကန်လုပ်ဆောင်သည့်အရာဖြစ်သကဲ့သို့ တစ်ဘက်တွင် မျှော်လင့်ခြင်းနှင့်ကယ်တင်ခြင်းအကြောင်းသတင်းစကားများဟောပြောနေကြခြင်းမှာလည်း အပြစ်အရိုးစွဲနေခြင်းကို လက်မခံဘဲ စိတ်ကူးယဉ်လျက် ဟောပြောနေကြခြင်းမဟုတ်ပေ။ တစ်ချိန်တည်းမှာပင် လောကကိုကယ်တင်ခြင်းသည် လူတစ်ဦးချင်း၏ကယ်တင်ခြင်းဖြင့်အစပြုမည်ကို သူတို့ကိုယ်တိုင်သတိထားမိကြောင်း ပရောဖက်များက ထင်ရှားစေကြသည်။ ပြောင်းလဲမှုကိုဖြစ်စေရန်ရည်ရွယ်သော အစီအစဉ်တိုင်း

[6] *The Illustrated Bible Dictionary*, 44–5.

သည် လူမျိုးတို့ကိုဖြစ်ပေါ်လာစေသည့် လူတစ်ဦးစီ၏နလုံးသားကို မပြောင်းလဲစေနိုင်ပါက အရှုံးနှင့် သာရင်ဆိုင်ရမည်။

တစ်နေ့သောအခါ ဘုရားသခင်အကောင်အထည်ဖော်မည့် လူသားမျိုးနွယ်ကိုကယ်တင်ခြင်းအကြောင်း အဓိကပရောဖက်နှစ်ပါးကကြေညာသည့် အစီအစဉ်အကျဉ်းချုပ်ကို ဤနေရာတွင်ဖော်ပြပါမည်။

## ကယ်တင်ခြင်းအကြောင်း ဟေရှာယ၏ပရောဖက်ပြုချက်

အစ္စရေးတို့က မိမိတို့၏အခန်းကဏ္ဍထမ်းဆောင်ရန်ပျက်ကွက်သည့် နောက်ခံအခြေအနေကို ဆန့်ကျင်လျက် ဟေရှာယက ပရောဖက်ပြုခဲ့သည်။ ဘုရားသခင်သည် အားနည်းချက်ကင်းသော မိမိ၏အစေခံကို လောကသို့စေလွှတ်တော်မူမည်ဟူသော ပရောဖက်ပြုချက်ဖြစ်သည်။ ဤအစေခံသည် သူတစ်ပါးကိုအစေခံရန်အတွက် မိမိကိုယ်ကိုယ်ငြင်းပယ်သောအသက်တာဖြင့်သာ အသက်ရှင်မည်မဟုတ်။ လူတို့သည် အပြစ်ခွင့်လွှတ်ခြင်းကိုခံရလျက် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ကာ ဂမ်းမြောက်ငြိမ်သက်ခြင်းထဲ၌ မိမိကိုယ်ကိုယ်ခွင့်လွှတ်လျက် အခြားသူများကိုလည်း ခွင့်လွှတ်၍ အချင်းချင်း ချစ်ခြင်းမေတ္တာဖြင့်အစေခံရင်း ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် လောက၏အပြစ်အတွက် ယဇ်အဖြစ် ဝေဒနာခံစားလျက် အသေခံပေးမည်ဖြစ်သည်။ ဟေရှာယ၏ပရောဖက်ပြုချက်နမူနာတစ်ခုမှာ ဤသို့ဖြစ်သည် -

> မထီမဲ့မြင်ပြုခြင်းကိုခံ၍၊ လူတို့တွင် အယုတ်ဆုံး သောသူဖြစ်၏ ငြိုငြင်သောသူ၊ နာကြဉ်းခြင်းဝေဒနာနှင့် ကျွမ်းဝင်သောသူဖြစ်၏။ သူတပါးမျက်နှာလွှဲခြင်းကို ခံရသောသူကဲ့သို့ဖြစ်၏။ မထီမဲ့မြင်ပြုခြင်းကိုခံ လျက်ရှိ၍၊ ငါတို့သည် မရိုသေကြ။
> သို့သော်လည်း၊ ထိုသူသည် ငါတို့အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။ ဒဏ်ခတ်တော်မူခြင်းကိုငင်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကိုငင်း ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။
> ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ ငါတို့၏ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့ ရောက်၍၊ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက် ရှိကြ၏။
> ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွဲလျက်၊ ကိုယ်လမ်းသို့အသီးအသီးလိုက်သွားကြသည်ဖြစ်၍၊ ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ်၌ တင်တော်မူ၏။
> (ဟေရှာယ ၅၃း၃-၆)

ဤပရောဖက်ပြုချက်သည် ယေရှုခရစ်တော်က မိမိကိုယ်တော်တိုင်၏အသက်နှင့်အသေခံခြင်းတို့အားဖြင့် ပြည့်စုံလိမ့်မည်ဟုမိန့်တော်မူခဲ့သော ပရောဖက်ပြုချက်ဖြစ်သည်။

> သင်တို့သိသည်အတိုင်း လောကီမင်းတို့သည် အစိုးတရပြုတတ်ကြ၏။ အကဲအမှူးတို့သည် အာဏာထားတတ်ကြ၏။ သင်တို့မူကား၊ ထိုသို့မပြုကြနှင့်။ သင်တို့တွင် အကဲအမှူးပြုလိုသောသူသည် သင်တို့အစေခံဖြစ်ရမည်။ သင်တို့တွင် အထွဋ်အမြတ်လုပ်ချင်သောသူသည်လည်း အလုံးစုံတို့၏စေခိုင်းရာ ကျွန်ဖြစ်ရမည်။ အကြောင်းမူကား၊ လူသားသည် သူတစ်ပါးကို စေစားခြင်းငှာမလာ၊ သူတစ်ပါးအစေကို ခံခြင်းငှာငင်း၊ မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှာငင်း၊ ကြွလာသတည်းဟု မိန့်တော်မူ၏။ (မာကု ၁၀း၄၁-၄၅)

မှန်ပါသည်။ လူတိုင်း ခရစ်တော်၏နမူနာကို လိုက်၍အသက်ရှင်ကာ အခြားသူတို့ကို အစေခံမည်ဆိုလျှင် ကမ္ဘာကြီးသည် မကြာမီမှာပင် ပရဒိသုဘုံဖြစ်သွားပေလိမ့်မည်။ အရေးတကြီးဖြစ်သောမေးခွန်းမှာ လူတို့ ဤအတိုင်းပြုမူကြရန်အတွက် သူတို့အပေါ် သင်မည်သို့ပြုမည်နည်း။ အဖြေကို ယေရမိ၏ပရောဖက်ပြုချက်တွင် တွေ့ရပါသည်။

## ကယ်တင်ခြင်းအကြောင်းယေရမိ၏ပရောဖက်ပြုချက်

ထာဝရဘုရား မိန့်တော်မူသည်ကား၊ ငါသည် ဤလူမျိုး၏ ဘိုးဘေးတို့ကို လက်ဆွဲ၍ အဲဂုတ္တုပြည်မှ ဆောင်သွားသောအခါ၊ သူတို့၌ ငါပေးသော ပဋိညာဉ်တရားနှင့် ခြားနားသော ပဋိညာဉ်တရားသစ်ကို ဣသရေလအမျိုးသား၊ ယုဒအမျိုးသားတို့၌ ငါပေးသော အချိန်ကာလရောက်လိမ့်မည်။ အရင်ငါပေးဘူးသော ပဋိညာဉ်တရားကို သူတို့သည် ဖျက်၍၊ ငါသည်လည်း သူတို့ကို ရွံရှာ၏။

နောက်ကာလအခါ ဣသရေလအမျိုးသားတို့၌ ငါပေးအံ့သော ပဋိညာဉ်တရားဟူမူကား၊ ငါထာဝရဘုရားသည် ငါ၏ပညတ်တရားကို သူတို့အတွင်းထဲသို့ သွင်းမည်။ သူတို့နှလုံးပေါ်မှာ ရေးထားမည်။ ငါသည် သူတို့၏ဘုရားဖြစ်သည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်။ ထိုသူတို့က၊ ထာဝရဘုရားကို သိလော့ဟု၊ အမျိုးသားချင်း၊ ညီအစ်ကိုအချင်းချင်းတယောက်ကိုတယောက်ဆုံးမသြဝါဒမပေးရကြ။ အကြောင်းမူကား၊ အငယ်ဆုံးသောသူမှစ၍ အကြီးဆုံးသောသူတိုင်အောင်၊ ထိုသူအပေါင်းတို့သည် ငါ့ကိုသိကြလိမ့်မည်။ ထိုအခါ ငါသည် သူတို့အပြစ်များကို သည်းခံမည်။ သူတို့ပြုသောဒုစရိုက်များကို မအောက်မေ့ဘဲနေမည်ဟု ထာဝရဘုရား မိန့်တော်မူ၏။ (ယေရမိ ၃၁း၃၁-၃၄)

ဤနေရာတွင် အစွရေးသည် ဘုရားသခင်၏ပညတ်တော်နှင့်အညီအသက်ရှင်ရန် ဆက်တိုက်ပျက်ကွက်ခဲ့ကြောင်း သမိုင်းပေးသင်ခန်းစာကို ယေရမိက ယထာဘူတကျကျသုံးသပ်ခဲ့သည်။ ထို့ကြောင့် ဘုရားသခင်၏ပညတ်တော်ကိုစောင့်ထိန်းရန် နောက်တစ်ဖန်ပြန်ကြိုးစားပါဟု ရိုးရိုးလေးပြောလျှင် အသုံးဝင်မည်မဟုတ်။ လူတို့ကိုယ်တိုင်၌ ၎င်းကိုစောင့်ထိန်းနိုင်ရန် ကိုယ်ကျင့်တရားနှင့်ဂိညာဉ်ရေးခွန်အားမရှိကြောင်း အတွေ့အကြုံက ဖော်ပြနေသည်။ ထို့ကြောင့် တစ်နေ့သောအခါ ဘုရားသခင်သည် ပဋိညာဉ်သစ်ကို စတင်လိမ့်မည်ဟု ယေရမိကကြေညာခဲ့သည်။ ကိုယ်တော်သည် နိမိတ်လက္ခဏာနှင့်ဆိုင်သောမျိုးဆက်ကို ဖြစ်ပေါ်စေလျက် မိမိ၏ပညတ်တော်ကို ကျောက်ပြားပေါ်တွင်မဟုတ်ဘဲ စိတ်နှလုံးပေါ်တွင် ရေးသားလိမ့်မည်။ တစ်နည်းဆိုရလျှင် ကိုယ်တော်သည် အသက်အမျိုးအစားအသစ်၊ အသစ်သောတန်ခိုးပိုင်သည့်အသစ်သောသဘာဝကို ဖန်ဆင်းတော်မူလိမ့်မည်။ ၎င်းသည် ဓမ္မသစ်ကျမ်းက ထောက်ပြသည့်အတိုင်း ခရစ်တော်ကို မိမိသခင်နှင့်ကယ်တင်ရှင်အဖြစ် စစ်မှန်သောနောင်တဖြင့်လက်ခံရရှိသောသူတိုင်းအတွက် ဘုရားသခင်ပြုတော်မူသော အံ့ဖွယ်နိမိတ်လက္ခဏာဖြစ်သည် (၂ကော ၃၊ ဟေဗြဲ ၈)။

သို့သော် အချို့တို့က ခရစ်တော်ကို ကယ်တင်ရှင်နှင့်သခင်အဖြစ် လက်မခံလိုကြလျှင် မည်သို့ဖြစ်မည်နည်း။ အဆုံးပင်မရောက်သေးဘဲ ဘုရားသခင်၏အစီအစဉ်ကို ပျက်စေမည်လား။ မပျက်စေပါ။ ကျွန်ုပ်တို့ထံ အပြစ်လွှတ်ခြင်းနှင့်ကယ်တင်ခြင်းကိုယူဆောင်လာရန် အသေခံလျက်ရှင်ပြန်ထမြောက်တော်မူသော လောက၏ကယ်တင်ရှင် မေရှိယသည် တစ်နေ့သောအခါ ပြန်ကြွလာလျက် ဘုရားတန်ခိုးတော်နှင့်ဘုန်းတော်တို့ဖြင့် ကမ္ဘာတစ်ပှမ်းတွင် မိမိ၏နိုင်ငံတော်ကို တည်စေတော်မူမည်ဖြစ်ကြောင်း ပရောဖက်က ကျွန်ုပ်တို့ကို သေချာစိတ်ချစေသည်။ ထို့နောက် နောင်တ

မရသောသူတို့သည် ထာဝရဘုရား၏ရှေ့တော်မှ ဖယ်ရှားခြင်းခံရလျက် ထာဝရဂေဒနာခံစားရန် မိမိတို့ရွေးချယ်ထားသောနေရာသို့ရောက်သွားကြမည်ဖြစ်သည်။ သူတို့သည် ကမ္ဘာလောကကို ထပ်၍ဒုက္ခပေးနိုင်ကြတော့မည်မဟုတ်ပေ (၂သက် ၁း၅-၁၀ ကိုကြည့်ပါ)။ ရှေးယခင်ကတည်းက ကတိရှိတော်မူထားသောမေရှိယ စိုးစံတော်မူသောအခါ ဘဂအသက်တာသည် မည်ကဲ့သို့ဖြစ်မည်ကို သာမန်ပရောဖက်များထဲမှအခြားပရောဖက်တစ်ဦးထံမှ ထုတ်နှုတ်လျက် ဤနေရာတွင် ဖော်ပြထားပါသည် -

> နောက်ဆုံးသောကာလ၌ ထာဝရဘုရား၏အိမ်တော်တည်သောတောင်သည် တောင်ကြီးတောင်ငယ်တို့၏ထိပ်ပေါ်မှာ ချီးမြှောက်၍ တည်လိမ့်မည်။ ခပ်သိမ်းသောလူစုတို့သည် ထိုတောင်သို့ စည်းဝေးကြလိမ့်မည်။
> များပြားသော လူမျိုးတို့ကလည်း၊ လာကြလော့။ ထာဝရဘုရား၏တောင်တော်၊ ယာကုပ်အမျိုး၏ ဘုရားသခင့်အိမ်တော်သို့ တက်သွားကြကုန်အံ့။ လမ်းခရီးတော်တို့ကို ပြသသွန်သင်တော်မူ၍၊ ငါတို့သည် ခြေတော်ရာသို့ လိုက်သွားကြမည်ဟု၊ ခရီးသွားလျက် ပြောဆိုကြလိမ့်မည်။ တရားတော်သည် ဇိအုန်တောင်မှငင်း၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် ယေရုရှလင်မြို့မှငင်း ပေါ်ထွက်လိမ့်မည်။
> ထာဝရဘုရားသည် များပြားသော လူတို့တွင် တရားစီရင်၍၊ ဝေးစွာနေလျက် အားကြီးသော လူမျိုးတို့ကို ဆုံးမတော်မူသဖြင့်၊ သူတို့ ထားလက်နက်များကို ထွန်သွားဖြစ်စေခြင်းငှါငင်း၊ လှံများကို တံစဉ်းဖြစ်စေခြင်းငှါငင်း ထုလုပ်ကြလိမ့်မည်။ တပြည်ကိုတပြည် စစ်မတိုက်၊ စစ်အတတ်ကိုလည်း နောက်တဖန် မသင်ရကြ။
> လူအပေါင်းတို့သည် ကိုယ်ပိုင်သော စပျစ်ပင်၊ ကိုယ်ပိုင်သော သင်္ဘောသဖန်းပင်အောက်မှာ ထိုင်ကြလိမ့်မည်။ ကြောက်စေသော သူတယောက်မျှမရှိရ။ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား၏ နှုတ်တော် ထွက်အမိန့်တော်ရှိ၏။ (မိက္ခာ ၄း၁-၄)

ဤအချက်သည် ကမ္ဘာ့ကုလသမဂ္ဂနိုင်ငံများက မိမိတို့အတွက်ချမှတ်ထားသော ဆောင်ပုဒ်ဖြစ်သည်[7]။ အချည်းနှီးသောဆောင်ပုဒ်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ကုလသမဂ္ဂသည် ၎င်းကို ဆောင်ကျဉ်းနိုင်မည်မဟုတ်သော်လည်း ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ ဆောင်ကျဉ်းတော်မူမည်ဖြစ်သည်။ အကြောင်းမှာ ခရစ်တော်၏ မွေးဖွားသန့်စင်ခြင်း၊ သက်တော်စဉ်၊ အသေခံတော်မူခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်သို့ပြန်လည်တက်ကြွတော်မူခြင်းတို့သည် ဓမ္မဟောင်းပရောဖက်တို့၏ ကြိုတင်ဟောပြောချက်များစွာတို့ကို ပြည့်စုံစေခဲ့သည့်နည်းတူ ဒုတိယအကြိမ်ကြွလာတော်မူခြင်းသည်လည်း ကျန်ရှိသေးသောပရောဖက်ပြုချက်အားလုံးကို ပြည့်စုံစေမည်ဖြစ်သည်။

**ပရောဖက်တို့စကားကို ကြားနာခြင်း**

လူတို့က ပရောဖက်များကို အလေးအနက်မထားတတ်ကြသည်မှာ အဘယ့်ကြောင့်ဟု သင်ယူဆသနည်း။ သူတို့၏သတင်းစကားကို လူတို့အလေးအနက်ထားလာအောင် ကျွန်ုပ်တို့မည်သို့ကူညီပေးနိုင်သနည်း။

ဟေရှာယ ၅၃ ကိုဖတ်၍ ၎င်းကို ယေရှုက မည်ကဲ့သို့ပြည့်စုံစေခဲ့ကြောင်း ဓမ္မသစ်ကျမ်းကို အသုံးပြုလျက်ဆွေးနွေးပါ။ ၎င်းသည် သင့်အတွက် မည်သည့်အဓိပ္ပါယ်ရှိသနည်း။

[7] ဟေရှာယ ၂ မှ တူညီသောကျမ်းပိုဒ်၏အစိတ်အပိုင်းတစ်ခုကို နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၏ အပြင်ဘက်ဂင်းနံရံပေါ်တွင် ကိုးကားဖော်ပြထားသည်။

## အခန်း ၁၅


## လူမျိုးရေးဘာသာတရားမှ ကမ္ဘာလုံးဆိုင်ရာယုံကြည်မှုလမ်းစဉ်သို့

ဓမ္မဟောင်းကျမ်းကို အချိန်ပေးလေ့လာခြင်း ဤအခန်းတွင်အဆုံးသတ်မည်ဖြစ်သည်။ နောက်အခန်းတွင် ဓမ္မသစ်ကျမ်းကို ကျွန်ုပ်တို့စတင်လေ့လာကြမည်ဖြစ်သည်။ သမိုင်းအရ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကြားတွင် ရာစုနှစ်အနည်းငယ် ကွားခြားကြောင်းတွေ့ရသည်။ ထိုသို့ဆိုလျှင် ဂျူးလူမျိုးတို့သည် ဓမ္မဟောင်းအဆုံးမှ ဓမ္မသစ်အစဆီသို့ မည်ကဲ့သို့ရောက်ရှိသွားကြသနည်း။ သမိုင်း၏ ဤကာလထဲမှ မည်သည့်ကိုယ်ကျင့်တရားနှင့်ဂိုဏ်းဆိုင်ရာသင်ခန်းစာများ ရယူနိုင်မည်နည်း။

ဒါဝိဒ်မင်းကြီးခေတ်ကာလမှ ခရစ်တော်၏ခေတ်ကာလအထိသမိုင်းကို အကျဉ်းချုပ်သုံးသပ်ခြင်း

ရှောလမုန်မင်းကြီးဆက်ခံသည့် ဒါဝိဒ်မင်းကြီးသည် တိုင်းပြည်တစ်ခုအနေဖြင့် အစ္စရေးပြည်၏နယ်ကြွယ်ဝမှုအမြင့်ဆုံးရောက်ချိန်တွင် စုစည်းထားသောအစ္စရေးပြည်ကို အုပ်ချုပ်မင်းပြုခဲ့သည် (ဘီစီ ၁၀၁၀ - ၉၃၀)။

အချိန်ပြဇယား ၃။ ဘီစီ ၁၀၁၀ - ၄ အစ္စရေးသမိုင်း၏အထင်ကရပုဂ္ဂိုလ်နှင့်အဖြစ်အပျက်များ




အမျိုးနွယ်ဆယ့်နှစ်မျိုးသည် နိုင်ငံတော်နှစ်ခုအဖြစ် ကွဲသွားခဲ့သည်။ ဆယ်မျိုးသည် မြောက်ပိုင်းတွင်ရှိပြီး သူတို့၏မြို့တော်မှာ ရှမာရိဖြစ်သည်။ အမျိုးနွယ်နှစ်မျိုးသည် တောင်ပိုင်းတွင်ရှိပြီး သူတို့၏မြို့တော်သည် ယေရုဆလင်ဖြစ်သည် (ဘီစီ ၉၃၀)။

အင်အားကြီးမားသော အာရှုရိ(အဆီးရီးယား)ကေရာဇ်သည် မြောက်ပိုင်းနိုင်ငံတော်ကို ကျူးကျော်လျက် နိုင်ငံသားများကို အရှေ့ဘက်သို့နှင်ထုတ်ခဲ့သည် (ဘီစီ ၇၄၅-၇၂၁)။

တန်ခိုးသြဇာကြီးမားသော ဗာဗုလုန်(ဘေဘီလုန်)ကေရာဇ်သည် တောင်ပိုင်းနိုင်ငံတော်ကို သိမ်းပိုက်လျက် နိုင်ငံသားများထဲမှထိပ်သီးပုဂ္ဂိုလ်များ (ဒံယေလအပါအဝင်) ကို ဘေဘီလုန်သို့ခေါ်ယူသွားခဲ့သည်။ တောင်ပိုင်းသည် ဗာဗုလုန်အင်ပါယာ၏နယ်မြေတစ်ခုဖြစ်လာခဲ့သည် (ဘီစီ ၆၀၅-၅၈၇)။

ကုရု(ဆိုင်းရပ်စ်)မင်းဦးဆောင်သည့် မေဒိ-ပေရသိ(မက်ဒို-ပါးဆီယံ)အင်ပါယာသည် ဗာဗုလုန်နှင့် ၎င်း၏အင်ပါယာကို သိမ်းပိုက်ခဲ့သည် (ဘီစီ ၅၃၀)။ ကုရုမင်းသည် မိမိတို့ဇာတိသို့ ပြန်လိုသောဂျူးများကို ပြန်စေပြီး မိမိတို့ဗိမာန်တော်ကို ပြန်လည်တည်ဆောက်ရန်အမိန့်ပေးခဲ့သည် (ဘီစီ ၅၁၆ တွင်ပြီးစီးသွားသည်)။ နောက်ပိုင်းတွင် ပေရသိဘုရင် ပထမအာတဇေရဇ်မင်း၏ခွက်ဖလားကိုင်ဖြစ်ပြီး ယေရုဆလင်ကိုအုပ်ချုပ်သူအဖြစ်ခန့်အပ်ခံရသည့် နေဟမိ၏အကူအညီဖြင့် ယေရုဆလင်မြို့ပြန်လည်တည်ဆောက်ခွင့်ရခဲ့ကြသည် (ဘီစီ ၄၄၅)။ နေဟမိမှတ်စာက

ဂျေရုဆလင်တံတိုင်းပြန်လည်တည်ဆောက်ခြင်းအကြောင်း ထင်ထင်ရှားရှားမှတ်တမ်းတင်ထားသည်။ ဂျူးမြောက်မြားစွာတို့ ပြန်လာကြသကဲ့သို့ ဂျူးမြောက်မြားစွာတို့ နိုင်ငံရပ်ခြား၌ဆက်လက်နေထိုင်ခဲ့ကြသည်။ ယုဒပြည်သည် ယခု ပေရသီ(ပါးရှန်း)အင်ပါယာ၏နယ်မြေတစ်ခုဖြစ်သွားပြီဖြစ်သည်။ ဓမ္မဟောင်းကျမ်းကလွှမ်းခြုံထားသောအချိန်ကာလသည် ဤအချိန်တွင် အဆုံးသတ်လုပြီဖြစ်သည်။ နေဟမိမှတ်စာနှင့် မာလခိအနာဂတ္တိကျမ်းတို့သည် နောက်ဆုံးရေးသားသော ဓမ္မဟောင်းကျမ်းများဖြစ်ကြသည်။


မက်စီဒိုးနီယား(မာဂေဒေါနိ)၏အလက်ဇန္ဒားသည် ပေရသီ(ပါးရှန်း)နှင့် အဲဂုတ္တု(အီဂျစ်)နှစ်ပြည်လုံးကို အနိုင်ယူသိမ်းပိုက်ခဲ့သည်။ ယုဒပြည်လည်း သူ့လက်အောက်ရောက်သွားသည်။ များစွာသောဂျူးတို့သည် အီဂျစ်ပြည်သို့ပြောင်းရွှေ့သွားကြသည်။ အလက်ဇန္ဒားသည် နောက်ပိုင်းတွင်လည်း နယ်မြေများစွာဆက်လက်သိမ်းပိုက်ခဲ့သည် (ဘီစီ ၃၃၄-၃၃၁)။




အလက်ဇန္ဒားသည် ဘီစီ ၃၂၃ တွင်သေဆုံးခဲ့သည်။ သူ၏အင်ပါယာသည် သူ့ဗိုလ်ချုပ်များ၏လက်ထဲ၌ အပိုင်းပိုင်းဖြစ်သွားခဲ့သည်။ သူတို့ထဲမှ *တိုလမီ*သည် အီဂျစ်ကိုသိမ်းပိုက်ပြီး ဘီစီ ၃၀ တွင် ၎င်းကိုရောမတို့ပြန်သိမ်းပိုက်သည့်အထိတည်တံ့ခဲ့သော နန်းဆက်ကိုတည်ထောင်ခဲ့သည်။ အခြားတစ်ဦးဖြစ်သည့် ဆီလီးကတ်ဆ်သည် အာရှကိုသိမ်းပိုက်ကာ ဘီစီ ၆၅ တွင် ရောမတို့သိမ်းပိုက်သည့်အထိတည်တံ့ခဲ့သော နန်းဆက်ကိုတည်ထောင်ခဲ့သည်။ ပထမပိုင်းတွင် ဂျေရုဆလင်နှင့်ယုဒပြည်သည် အီဂျစ်ပြည်ရှိ ထိုလမီနန်းဆက်၏ထိန်းချုပ်မှုအောက်တွင် ရှိခဲ့ပြီး ဘီစီ ၁၉၈ တွင် ဆီလီးကတ်နန်းဆက်လက်အောက်ရောက်သွားခဲ့သည်။ ဆီးလီးကတ်နန်းဆက်ကိုဆန့်ကျင်သည့် ဂျူးလူမျိုး မက်ကဘီးမိသားစု၏ နှစ်လေးဆယ်ကြာ ချုံခိုတိုက်ခိုက်မှုနှင့်ဆူပူလှုပ်ရှားမှုများနောက်ပိုင်းတွင် ယုဒပြည်ကို ဟက်စမိုးနီယား ဂျူးမင်းဆက်တို့အုပ်ချုပ်မှုအောက်တွင် အချုပ်အခြာအာဏာပိုင်လွတ်လပ်သည့်ပြည်အဖြစ် လုံခြုံစွာတည်ထောင်ထားခဲ့ကြသည် (ဘီစီ ၁၂၈)။

*ရောမဗိုလ်ချုပ်ပွမ်ပေ*သည် ဂျေရုဆလင်မြို့ကိုသိမ်းပိုက်၍ ဗိမာန်တော်ကိုကျူးကျော်ခဲ့သည် (ဘီစီ ၆၃)။

ဟေရုဒ်- ဒုံးအမျိုးသားအဖြစ်မွေးလာပြီး ဘာသာရေးအားဖြင့် ဂျူးတစ်ဦးဖြစ်သောဟေရုဒ်ကို ဂျူးဘုရင်အဖြစ် ရောမဆီးနိတ်လွှတ်တော်က ကြေညာခဲ့သည် (ဘီစီ ၄၀)။ သူသည် ဘီစီ ၃၈ တွင် ဂါလိလဲကိုသိမ်းပိုက်ပြီး ဘီစီ ၃၇ တွင် ဂျေရုဆလင်ကို သိမ်းပိုက်ခဲ့သည်။ နောက်ပိုင်းတွင် ရောမ၏ ပထမဆုံးဧကရာဇ် ဆီဇာဩဂုစတတ်ဖြစ်လာသည့် အောက်ထေးဗီယံကို သူ့ကို လက်အောက်ခံဘုရင်တစ်ဦးအဖြစ် အတည်ပြုခဲ့သည်။ ယုဒပြည် ဗက်လင်မြို့တွင် ယေရှုခရစ်တော်မွေးဖွားသည့်အချိန်သည် ဆီဇာဩဂုစတတ်စိုးစံ၍ ဟေရုဒ်မင်းသည် ယုဒဘုရင်ဖြစ်စဉ်ကဖြစ်သည်။




## လူ့သမိုင်းတွင် မည်သည့်အရာသည် တည်တံ့သနည်း

အီဂျစ်၊ ဘေဘီလုန်၊ အဆီးရီယား၊ ပါရှန်း၊ (အလက်ဇန္ဒားလက်အောက်တွင်)ဂရိနှင့် ရောမ စသည့် ရှေးခေတ်ကမ္ဘာက ကြီးမားသောအင်ပါယာကြီးများသည် ကမ္ဘာ့အနုပညာ၊ ဗိသုကာ ပညာ၊ စာပေ၊ အတွေးအခေါ်၊ သိပ္ပံပညာနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် တန်ဖိုးရှိလျက် တည်တံ့ သောအထောက်အကူများပေးခဲ့ကြသည်မှာ သေချာပါသည်။ လူတို့က ၎င်းတို့ကို သတိရ နေဆဲဖြစ်သည်။ သို့သော် ထိုအင်ပါယာကြီးများမှာ ပျောက်ကွယ်သွားကြပါသည်။ ဤအင်ပါ ယာကြီးများကြောင့်ဖြစ်ပျက်ခဲ့သော စစ်ပွဲများနှင့် အဆုံးမဲ့သွေးမြေကျမှုများလည်း သူတို့ဖြစ် နေကြအတိုင်း လူတို့၏ မာန၊ ရမက်နှင့် အာဏာတပ်မက်မှုကြောင့် ပေးဆပ်ရသည့် လူ့အသက် ဖြုန်းတီးမှုများအဖြစ်ရှိနေကြဆဲဖြစ်သည်။

ဤအင်ပါယာကြီးများနှင့်နှိုင်းလျှင် အစ္စရေးသည် အလွန်သေးငယ်သောနိုင်ငံလေး ထက်မပိုနိုင်ပေ။ အကြောင်းမှာ သမိုင်းတွင် ကာလအများစု၌ ၎င်း၏ပြည်သားတို့သည် သိမ်းပိုက် ခံရသူများ သို့မဟုတ် ပြည်ပြေးများအဖြစ် တိုင်းတစ်ပါးတွင် နေထိုင်ကြရသည်။ သို့သော် ထို အင်ပါယာကြီးများက ကိုးကွယ်လျက် ကမ္ဘာကိုစိုးမိုးရန် သူတို့ကိုအောင်မြင်မှုများပေးသည်ဟု သူ တို့ယုံကြည်ခဲ့သော နတ်ဘုရားများကို ယခုအခါ လူတို့ကစွန့်ပယ်ကြပြီဖြစ်သည်။ အလွန်နည်းပါး သောလူတို့ကသာ ၎င်းတို့ကို ယခုကိုးကွယ်ကြပါသည်။ သို့သော် အစ္စရေး၏ဘုရားသခင်သည် ရှင်သန်ရုံရှင်သန်သည်မဟုတ် ကမ္ဘာတစ်ဝှမ်းလူတို့ကိုးကွယ်သောဘုရားဖြစ်လာပါသည်။ ဂျူးလူ မျိုးတို့ကသာမက သန်းပေါင်းများစွာသောလူမျိုးခြားတို့က ရာစုနှစ်များစွာ ထိုဘုရားကိုကိုးကွယ် ကြပြီဖြစ်သည်။

မကြာခဏညှင်းပန်းခြင်းခံရလျက်ပင် အာဗြဟံ၊ ဣဇက်နှင့် ယာကုပ်တို့၏ဘုရား၊ အစ္စရေးလူမျိုး၏ဘုရား၊ ဂျူးတို့၏ဘုရားတည်းဟူသော ယေရှုခရစ်တော်ကို လူတို့သည် ယခင်က ထက် သန်းနှင့်ချီလျက် တိုး၍တိုး၍ ယုံကြည်ကိုးကွယ်လာကြသည်။ ရှေးယခင်ကတည်းက အစဉ်အမြဲပို၍ထူးခြားအရေးပါလျက် ယခုမျက်မှောက်ခေတ်တွင်လည်း အတိတ်နှင့်ပစ္စုပ္ပန် ရှိရှိ သမျှသောကေရာဇ်တို့ထက် ပိုမိုကျယ်ပြန့်တည်ကြည်စွာ လွှမ်းမိုးနိုင်စွမ်းရှိသည်။ ဤအကြောင်း တရားအတွက်နှင့်ပင် ဓမ္မဟောင်းသမိုင်းနှင့်ဆိုင်သော ဤရှုထောင့်က ကမ္ဘာ့အရေးသင်ယူသူ များ၏အာရုံကို လွှမ်းမိုးနေသင့်ပေသည်။ သမိုင်းတွင် မှန်ကန်စွာတည်တံ့မြဲမြံခြင်းကိုသက်သေ ပြသည့်အရာကို ဤအချက်ကမီးမောင်းထိုးပြထားသည်။

## လူမျိုးခြားတို့ကြားပြည်နှင်ဒဏ်ခံရသောအစ္စရေးကမ္ဘာအတွက် အချို့သောအကျိုးတရားများ

*သူတို့ပြည်နှင်ဒဏ်ခံရခြင်းက ဘုရားသခင်၏ဘက်မလိုက်မှုနှင့်ဖြောင့်မတ်မှုကိုဖော်ပြသည်* (အသေးစိတ်အတွက် အခန်း ၁၄ ကိုကြည့်ပါ)။ လူ့သမိုင်းတွင် ထူးခြားသောအခန်းကဏ္ဍမှပါဝင်ရန် အစ္စရေးကို ဘုရားသခင်ရွေးကောက်ခြင်းက သူတို့ကို အခွင့်အရေးများစွာရရှိစေခဲ့သည်။ သို့သော် အခွင့်အရေးသည် မျက်နှာလိုက်ခြင်းမဟုတ်ပေ။ အခွင့်အရေး၏အဓိပ္ပါယ်မှာ သူတို့သည် လူမှုရေးနှင့်ဘာသာရေးအပြစ်ထဲ ဆက်ရှိနေမည်ဆိုလျှင် အခြားလူမျိုးများထက် ပိုမိုပြင်းထန်သောအပြစ်ဒဏ်ကို သူတို့ခံရမည်ဟူ၍ဖြစ်သည်။ လူမျိုးကိုဖြစ်စေ၊ ဒါဝိဒ်မင်း၏မင်းဆက်ကိုဖြစ်စေ၊ ဂျေရုဆလင်ရှိ ဘုရားသခင်ကိုယ်တော်တိုင်၏ဗိမာန်တော်ကိုဖြစ်စေ၊ ဂျေရုဆင်မြို့တော်ကိုယ်တိုင်ကိုဖြစ်စေ မပျက်စီးရစေရန် ချမ်းသာပေးမည်မဟုတ်ပေ။ တရားစီရင်ခြင်းဆိုင်သောဘုရားသခင်၏နိယာမများ - "မြေကြီးပေါ်မှာနေသောအမျိုးသားအပေါင်းတို့တွင် သင်တို့တမျိုးတည်းကိုသာ ငါလက်ခံသောကြောင့်၊ သင်တို့အပြစ်ရှိသမျှတို့ကို ငါစစ်ကြောမည်" (အာမုတ် ၃း၂)။ ယေဘုယျသင်ခန်းစာမှာ လူမျိုးတစ်မျိုး သို့မဟုတ် လူတစ်ဦးသည် အခွင့်အရေးပိုရသည်ဆိုလျှင် ဘုရားသခင်သည် ထိုလူမျိုး သို့မဟုတ် ထိုသူ၏မှားယွင်းသောအပြုအမူအတွက် ပိုမိုတင်းကြပ်စွာကိုင်တွယ်တော်မူမည်ဖြစ်သည် (လု ၁၂း၄၇-၄၈ ကိုကြည့်ပါ)။

*အစ္စရေးတို့ ဆက်တိုက်ပြည်ပအပို့ခံနေရခြင်းသည် ဘုရားသခင်က မိမိ၏ရည်ရွယ်ချက်အပေါ် သစ္စာရှိတော်မူခြင်းကို ဖော်ပြသည်။* ဂျူးတို့သည် ထောင်စုနှစ် နှစ်စုနှင့်တစ်ဝက်ကျော် လူမျိုးခြားတို့အကြား နေထိုင်ခဲ့ကြရပြီး ထိုအချိန်အများစုတွင် သူတို့၏ကိုယ်ပိုင်မိခင်တိုင်းပြည် မရှိခဲ့ပေ။ သို့ သော် သူတို့ပြည်ပသို့အပို့မခံရမီကပင် ဘုရားသခင်က သူတို့ကို ကြည့်ရှုတော်မူလျက် ကွယ်ပျောက်တိမ်ကောခြင်းမရှိအောင် ကာကွယ်တော်မူ၍ တစ်နေ့သောအခါ သူတို့ပြည်ကို ပြန်လည် ပေးအပ်တော်မူမည်ဟု ကတိပေးတော်မူခဲ့သည် (ယေဇကျေလ ၃၉း၂၂-၂၉ ကိုကြည့်ပါ)။ ယနေ့အထိ ခါးသီးသောညှင်းပန်းမှုနှင့်လူမျိုးပြုတ်သတ်ဖြတ်ရန်ကြိုးစားမှုများရှိခဲ့သော်လည်း ဂျူးတို့သည် သူတို့၏လူမျိုးနှင့်ကိုယ်ပိုင်လက္ခဏာ မည်သည့်အခါမျှ လုံးလုံးဖျက်ဆီးခြင်းမခံရချေ။ ဘုရားသခင် ယနေ့အထိ ကတိတော်ကိုစောင့်ထိန်းနေဆဲဖြစ်ပြီး ကျန်သောအပိုင်းကို တစ်နေ့သောအခါ ပြည့်စုံစေမည်ဖြစ်သည်။

*ဝတ်ပြုစည်းဝေးကျောင်း(တရားဇရပ်)စနစ်။* ဂျူးတို့သည် ဗာဗုလုန်တို့၏သိမ်းပိုက်ခြင်းခံရသည့်အချိန်မှစ၍ နောက်ပိုင်းတွင် လူမျိုးခြားတို့မြို့များ၌ ဘုရားသခင်ကိုကိုးကွယ်လျက် ဓမ္မဟောင်းကျမ်းကို သင်ကြားပေးနိုင်ရန်အတွက် ဝတ်ပြုစည်းဝေးကျောင်း(တရားဇရပ်)များ စတင်တည်ဆောက်လာကြသည်။ နောက်ပိုင်းရာစုနှစ်များတွင် နတ်ဘုရားရုပ်တုကိုးကွယ်မှုများ၏ ရယ်စရာကောင်းခြင်း၊ အရိုင်းအစိုင်းဖြစ်ခြင်းတို့ကြောင့် ငြီးငွေ့လာသူတို့သည် ဂျူးဝတ်ပြုစည်းဝေးကျောင်းများသို့ သွားလာကြပြီး စစ်မှန်သည့်တစ်ဆူတည်းသောဘုရားကို ယုံကြည်လာကြသည်။ ခရစ်ယာန်ယုံကြည်မှုရောက်လာသောအခါ ခရစ်ယာန်သို့ပထမဆုံးပြောင်းလဲလာသူ လူမျိုးခြားများစွာတို့သည် ဤအုပ်စုထဲမှဖြစ်ကြသည် (တ ၁၃း၄၄--၁၄း၁၊ ၁၇း၄၊ ၁၀-၁၂၊ လု ၇း၂-၅ တို့ကိုကြည့်ပါ)။

*ဓမ္မဟောင်းကျမ်းကို ဂရိဘာသာစကားသို့ဘာသာပြန်ဆိုခြင်း။* ဘီစီ ၃ ရာစု အစောပိုင်းတွင် အီဂျစ်ပြည်ရှိ အလက်ဇန်းဒရိယားတွင်နေထိုင်သောဂျူးတို့သည် ဓမ္မဟောင်းကျမ်းကို ဟီဗရူး (ဟေဗြဲ)ဘာသာစကားမှ ဂရိဘာသာစကားသို့ ပြန်ဆိုခဲ့ကြသည်။ ဆက်ပတူဂျင်း (Septuagint)

ဟု လူတို့သိထားသော ဤဘာသာပြန်ကျမ်းတို့သည် ရှေးခေတ်က များစွာလွှမ်းမိုးမှုရှိခဲ့သည်။ ဓမ္မသစ်ကျမ်းရေးသူတို့သည် ဓမ္မဟောင်းကျမ်းကို ကိုးကားကြသည့်အခါ ဤဆက်ပတူဂျင်းမှ မကြာခဏကိုးကားကြသည်။ နောက်ပိုင်းတွင် ကနဦးခရစ်ယာန်သာသနာပြုများသည် ဆက်ပတူဂျင်းကို လက်တင်၊ အီဂျစ်၊ အီသီယိုးပီ၊ အာမေးနီယန်းနှင့် အခြားဘာသာစကားများဖြင့် ဘာသာပြန်ခဲ့ကြသည်။ ကနဦးဂရိအသင်းတော်ဖခင်များသည် ဆက်ပတူဂျင်းသာသာပြန်ကို အသုံးပြုခဲ့ကြသကဲ့သို့ ယနေ့လည်း ဓမ္မဟောင်းကျမ်းပိုဒ်များအခိုင်အမာသက်သေထူရာတွင် ကျမ်းပညာရှင်များအတွက် အသုံးဝင်နေဆဲဖြစ်သည်။

*ကမ္ဘာ့ယဉ်ကျေးမှုထွန်းကားရေးတွင် ပြည်ပရောက်ဂျူးတို့၏ပါဝင်မှု။* ဘုရားသခင်သည် အစ္စရေးလူမျိုးတို့ကို ဘေဘိလုန်(ဗာဗုလုန်)သို့ ပို့ဆောင်ပြီး သူတို့အား သူ"တို့ကို သိမ်းသွားစေသောမြို့သည်လည်း၊ ငြိမ်သက်ခြင်းရှိမည်အကြောင်းကို ပြုစု၍၊ ထိုမြို့အဘို့အလိုငှာ၊ ထာဝရဘုရားအား မေတ္တာပို့ကြ"ရန် အမိန့်ပေးတော်မူခဲ့သည် (ယေရမိ ၂၉း၇)။ သူတို့သည် ပြဿနာမဖြစ်စေဘဲ သူတို့ရောက်ရှိသွားသည့်တိုင်းပြည်၏ကောင်းကျိုးကို ပြုစုကြရန်ဖြစ်သည်။ ဂျူးလူမျိုးတိုင်း စံပြပုဂ္ဂိုလ်အဖြစ်အသက်ရှင်နိုင်သည်တော့မဟုတ်ပါ။ အခြားတစ်ဘက်တွင် ဘေဘုလုန်သို့သိမ်းပိုက်ခံရပြီးသည့်နောက် ပြည်ပရောက်ဂျူးလူမျိုးတို့သည် မိမိတို့နေထိုင်ရာလူမျိုးခြားတို့တိုင်းပြည်များတွင် ကမ္ဘာ့ သိပ္ပံပညာ၊ ဆေးပညာ၊ တေးဂီတ၊ အနုပညာနှင့် စာပေတို့တွင် သူတို့ဦးရေနှင့်ပင်မမျှအောင် များစွာအထောက်အကူပြုပါဝင်ခဲ့ကြသည်။

ဓမ္မဟောင်းကျမ်းမှ *ဒံယေလအနာဂတ္တိကျမ်း* ရေးသားသူသည် ထင်ရှားသောနမူနာဖြစ်သည်။ ဘေဘိလုန်သို့သိမ်းသွားခြင်းခံရသောဒံယေလသည် ဘေဘိလုန်မြို့ပြစည်ပင်ရေးအတွက် နှစ်ပေါင်းများစွာ သစ္စာရှိရှိအမှုထမ်းခဲ့သည်။ ပါရှန်း(ပေရသိ)တို့က အင်ပါယာကိုပြန်လည်သိမ်းပိုက်ကြသည့်အခါလည်း သူသည် အင်ပါယာစီမံခန့်ခွဲရေးတွင် မြင့်မားသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ သို့သော် ဓမ္မဟောင်းပရောဖက်များကို ယုံကြည်သောသူတစ်ဦးဖြစ်သည့်အလျောက် လူမျိုးခြားအစိုးရများက စွမ်းဆောင်သည့်တိုးတက်မှုများသည် ကမ္ဘာကြီးထဲရှိမကောင်းမှုပြဿနာများကို မည်သည့်အခါမျှ ဖြေရှင်းပေးမည်မဟုတ်ကြောင်း သူသိခဲ့သည်။ ဘုရားသခင်ကတိပြုထားသော မေရှိယအရှင်၏ကြွလာတော်မူခြင်းကသာ ၎င်းကိုဖြေရှင်းနိုင်သည်။ ဒံယေလသည် ဘာသာရေးအယူသန်သူမဟုတ်သကဲ့သို့ ဘုရားမဲ့ဝါဒီလည်းမဟုတ်ပေ။ သူသည် ဘဝမှန်မှထွက်မပြေးဘဲ သူနေထိုင်ရာတိုင်းပြည်မှလူတို့ကို သစ္စာရှိစွာအလုပ်အကျွေးပြုခဲ့သည်။

တစ်ဘက်တွင် ဘေဘိလုန်၌ သူစတင်လျက်ပညာသင်ကြားသည့်အခါ ထိုစဉ်က ထုံးစံအရ ရုပ်တုဆင်းတုများကိုပူဇော်ထားသော တက္ကသိုလ်မှအစားအစာများကို စားသောက်ရန် သူငြင်းပယ်ခဲ့ကြောင်း သူ၏ဘဝအတွေ့အကြုံမှတ်တမ်းတွင်ဖော်ပြထားသည် (ဒံ ၁)။ သဘာဝတရား၏အခြေခံစွမ်းအားများနှင့် လူ၏ပြင်းပြသောစိတ်ဆန္ဒတို့ကို ညစ်ညူးစေသော စကြဝဠာအပေါ် ရုပ်တုကိုးကွယ်မှုအမြင်ဖြင့်အဓိပ္ပါယ်ကောက်ယူခြင်းသည် လူကို သဘာဝတရား၏အခြေခံစွမ်းအားများထံအစေခံရသူအဖြစ် တန်ဖိုးကိုကျစေသည်ဟု သူမြင်သောကြောင့် သူသည် ထိုသို့အဓိပ္ပါယ်ကောက်ယူခြင်းနှင့် အပေးအယူမလုပ်ခဲ့ချေ။ ဒံယေလအတွက်မူ ထိုသို့အဓိပ္ပါယ်ကောက်ယူခြင်းသည် ဘုရားသခင်အပေါ်လည်းကောင်း၊ လူ၏ဂုဏ်သိက္ခာနှင့်ဆင်ခြင်တုံတရားအပေါ်လည်းကောင်း ရက်စက်ရမ်းကားမှုဖြစ်သည်။

အစိုးရသည် အကြွင်းမဲ့အာဏာရှင်စနစ်ကျင့်သုံး၍ ဖိနှိပ်မှုပြုလာသည့်အခါ သူ့မိတ်ဆွေများက အခြေခံလူ့လွတ်လပ်မှုအပေါ် သတ္တိရှိရှိရပ်တည်ခဲ့ကြပုံကိုလည်း ဒံယေလကဖော်ပြ

ထားသည် (ဒံ ၃)။ အခြေအနေတစ်ရပ်တွင် နေဗုခဒ်နေဇာမင်းကြီးက တိုင်းပြည်၏လူထုဂုဏ်ထမ်းအားလုံးသည် ဘုရင်ပြင်ဆင်ထားသော ရုပ်တုကို ပျပ်ဝပ်ရှိခိုးပြီး ဘုရားနှင့်သာထိုက်တန်သော ကိုးကွယ်နာခံမှုကို နိုင်ငံတော်အတွက် ဆက်ကပ်ပေးအပ်ရမည်ဟု အမိန့်ထုတ်ပြန်ခဲ့သည်။ ပျပ်ဝပ်ရှိခိုးခြင်းမပြုသူအတွက် ပြစ်ဒဏ်မှာ မီးပြင်းဖိုထဲပစ်ချခံရခြင်းဖြစ်သည်။ ဒံယေလ၏မိတ်ဆွေသုံးဦးသည် ထူးခြားလှသည့်သတ္တိရှိသောဖော်ပြချက်ဖြင့် ဘုရင်ကိုအာခံခဲ့ကြ၍ နောက်ဆက်တွဲရလဒ်အဖြစ် မီးပြင်းဖိုထဲပစ်ချခံခဲ့ကြရသည် -

> "အရှင်မင်းကြီးနေဗုခဒ်နေဇာ၊ အကျွန်ုပ်တို့သည် ဤအမှု၌ ပြန်လျှောက်ရမည့်အကြောင်းမရှိပါ။ အကျွန်ုပ်တို့ကိုးကွယ်သော ဘုရားသခင်သည်မီးလောင်လျက်ရှိသော မီးဖိုထဲကအကျွန်ုပ်တို့ကို ကယ်လွှတ်နိုင်တော်မူ၏။ ကိုယ်တော်၏ လက်မှလည်း ကယ်လွှတ်တော်မူလိမ့်မည်။ ထိုသို့ကယ်လွှတ်တော်မမူသော်လည်းအရှင်မင်းကြီး၊ ကိုယ်တော်၏ဘုရားတို့ကို အကျွန်ုပ်တို့သည် ဝတ်မပြုပါ။ တည်ထားတော်မူသော ရွှေရုပ်တုကိုလည်း မကိုးကွယ်ပါဟု ပြန်လျှောက်ကြ၏။" (ဒံ ၃း၁၆-၁၈)

ထိုသို့ပြုခြင်းအားဖြင့် သူတို့သည် စစ်မှန်သည့် တစ်ဆူတည်းသော ဘုရားသခင်ထံ သူတို့၏သစ္စာခံခြင်းကို သူတို့၏အသက်ထက်ပင် ပိုမိုတန်ဖိုးထားကြောင်း ထင်ရှားစေကြသည်။ သူတို့၏ဖီဆန်ခြင်းနှင့် ဘုရားသခင်သူတို့ကိုကယ်တင်သည့် အံ့ဖွယ်နည်းလမ်းတို့က နေဗုခဒ်နေဇာမင်းကြီးအား စစ်မှန်သည့် တစ်ဆူတည်းသော ဘုရားသခင်၏ ရှိတော်မူခြင်းနှင့်ဘုန်းတော်တို့ကို ဂုဏ်ခံအသိအမှတ်ပြုစေခဲ့သည်။

နေဗုခဒ်နေဇာမင်းကြီးကိုဆက်ခံသူ၊ ရင်ခွင်ပိုက်အုပ်စိုးသောမင်းသား၊ ဗေလရှာဇာမင်းအတွက်မူ ထိုသို့မဟုတ်ခဲ့ချေ။ ဗေလရှာဇာမင်းကြီးသည် ဂျေရုဆလင်မိမာန်တော်မှ နေဗုခဒ်နေဇာမင်းကြီးသိမ်းပိုက်လာ(၍ မိမိနတ်ဘုရားတို့၏ဗိမာန်တွင် ထားထား)သော ရွှေခွက်များကိုယူလျက် ပွဲသဘင်တစ်ခုတွင် မိမိမူးမတ်များရှေ့၌ ထိုခွက်များဖြင့်မူးအောင်သောက်ခဲ့သည့် အဖြစ်အပျက်တစ်ခုကို ဒံယေလကဖော်ပြထားသည် (ဒံ ၅)။ ဘုရားသခင်သည် လူ့တန်ဖိုးအချုပ်အခြာဖြစ်တော်မူ၍ ကိုယ်တော်၏အမှုတော်သည် ကျွန်ုပ်တို့၏အမြင့်ဆုံးအလုပ်တာဝန်ဖြစ်ကြောင်း သင်္ကေတအနေဖြင့် ထိုခွက်များကိုရွှေနှင့်သွန်းလုပ်ထားသည်။ ဗေလရှာဇာမင်းကြီးသည် ထိုခွက်များကိုအသုံးပြုခြင်းဖြင့် ဘဝ၏အချုပ်အခြာတန်ဖိုးဖြစ်သောဘုရားသခင်ကို မိမိကိုယ်တိုင်၊ မိမိ၏ကျေနပ်အားရမှုနှင့် မိမိ၏ပျော်ရွှင်မှုတို့ဖြင့် အစားထိုးကြောင်းအဓိပ္ပါယ်ပေါ်လွင်စေခဲ့သည်။ ထိုအချိန်အတွင်းမှာပင် သဘာဝလွန်ဖြစ်ရပ်ကြားဖြတ်ဖြစ်ပေါ်လာခဲ့သည်။ လူ၏လက်ဖျားသည် ပေါ်လာ၍ နန်းတော်နံရံပေါ်တွင် စကားလုံးများကို ရေးသားခဲ့သည်။ စကားလုံးများသည် အလေးချိန်၊ အတိုင်းအတာနှင့် ငွေကြေးဆိုင်ရာဝေါဟာရများဖြစ်သော်လည်း ဗေလရှာဇာမင်းကြီးသည် ၎င်းတို့ကို နားမလည်နိုင်ပေ။ ဒံယေလသည် ဖိတ်ခေါ်ခြင်းခံရလျက် ရှင်ဘုရင်အား ထိုစကားလုံးတို့၏အဓိပ္ပါယ်ကို ပြောပြရမည့်ကြီးလေးသောတာဝန် ပေးအပ်ခြင်းခံခဲ့ရသည်။ ဗေလရှာဇာမင်းကြီးသည် ဘုရားသခင်ကို သုံးသပ်ပြီး ငြင်းဆန်ခဲ့သည်။ ယခုတွင် နံရံပေါ်မှရေးသားချက်အားဖြင့် ဘုရားသခင်သည် ဗေလရှာဇာမင်းကြီးကို သုံးသပ်ခဲ့သည်။ စိတ်မကောင်းစရာမှာ ဗေလရှာဇာမင်းကြီးသည် နောင်တရခြင်းမရှိ၊ ဘုရားသခင်၏ကရုဏာတော်ကို တောင်းခံခြင်းမရှိခဲ့ချေ။ ဗေလရှာဇာမင်းကြီး၏စားပွဲပေါ်မှ ရွှေခွက်များက သူသည် သူ့ဘဝ၏စစ်မှန်သောတန်ဖိုးကို လွှတ်ပစ်လိုက်ပြီဖြစ်ကြောင်း သက်သေခံနေကြသည်။ သူက မိမိကိုယ်ကိုယ် သုညအဖြစ်တန်ဖိုးဖြတ်လိုက်ပြီဖြစ်သည်။ ထိုညတွင်ပင် သူ့နိုင်ငံတော်ကို ကျူးကျော်သိမ်းပိုက်ကြသော မက်တိုပါးရှန်း (မေသီ-

ပေရသိပြည်သား)တို့သည် ဘေဘီလုန် (ဗာဗုလုန်) လမ်းမပေါ်တွင် သူ့ကို သတ်ဖြတ်ခဲ့ကြသည်။ ယခု သူ၌ မည်သည့်တန်ဖိုးရှိသေးသနည်း။

ဒံယေလအနာဂတ္တိကျမ်းထဲမှ ဖြစ်ရပ်များဖတ်ရသည်မှာ စိတ်လှုပ်ရှားစရာပင်။ ထိုဖြစ်ရပ်များသည် ကမ္ဘာကျော်များဖြစ်၍ ကလေးတိုင်းက ၎င်းတို့ကိုဖတ်ရှုသင့်သည်။ သို့မဟုတ် ၎င်းတို့ကို ကလေးများအားလုံးအား ပြောပြသင့်ပေသည်။ ထို့ပြင် ၎င်းတို့သည် အကြွင်းမဲ့အာဏာရှင်စနစ်ကျင့်သုံးသောအစိုးရများကို တရားနှင့်မညီသောတောင်းဆိုမှုများကို ဖီဆန်လျက် ဘုရားသခင်ကိုယုံကြည်ခြင်းအတွက် မားမားမတ်မတ်ရပ်တည်ကြသည့် မျိုးဆက်အားလုံးမှ ကိုယ်ကျင့်တရားဆိုင်ရာသူရဲကောင်းတို့ကို မီးပြတိုက်ကဲ့သို့ အားပေးလျက် သတ္တိမွေးစေခဲ့သည်။ စစ်မှန်သော လူ့လွတ်လပ်မှုသည် ထိုကဲ့သို့တည်တံ့သော ဘုရားသခင်ကိုယုံကြည်ခြင်းအပေါ် လုံးလုံးတည်မှီလျက်ရှိသည်။

# အပိုင်း ၂

## ယေရှုခရစ်တော်၏ ကိုယ်ကျင့်တရားနှင့်လူ့ကျင့်ဝတ်ဆိုင်ရာသွန်သင်ချက်များ

# အခန်း ၁၆

## သင်ကြားပေးသူယေရှု

*နိဒါန်း*

ယခု ယေရှုခရစ်တော်၏ ကိုယ်ကျင့်တရားပိုင်းနှင့်လူ့ကျင့်ဝတ်ဆိုင်ရာ သွန်သင်ချက်များဆီ ကျွန်ုပ်တို့ရောက်လာကြပြီဖြစ်သည်။ သင်ကြားပေးရန်အတွက် သင်ရိုး၏အလွယ်ကူဆုံးအပိုင်းဖြစ်သည်။ အကြောင်းရင်းများရှိပါသည် -

*ဆရာတစ်ဆူအဖြစ် ခရစ်တော်၏ကြီးမားသောပင်ကိုစွမ်းရည်။* လက်ရှိကျွန်ုပ်တို့မြင်နေရသည့်အတိုင်းပင် လူတို့မည်သို့ပြုမူအသက်ရှင်ရမည့်အကြောင်း ခရစ်တော်၏သွန်သင်မှုများစွာတို့တွင် ဆက်သွယ်ပေးသောနည်းလမ်းအဖြစ် ပုံဆောင်အဖြစ်အပျက်များကို အသုံးပြုထားသည်။ ၎င်းတို့သည် လူ့သဘာဝ၊ လူ့သဘာဝ၏အားသာချက်အားနည်းချက်များနှင့် ကကြိုကကြောင်ကျမှုများကို နောကျေရိုးရှင်းစွာသုံးသပ်ရာတွင် အံ့ဖွယ်ဖြစ်ကြသည်။ ၎င်းတို့၏ဇတ်လမ်းများသည် အခြေခံစာသင်သားများ၏စိတ်ဝင်စားမှုကို ရရှိနိုင်သကဲ့သို့ ပညာတတ်များအတွက်လည်း မေ့မရနိုင်သည့်စွမ်းအားများပါသောသတင်းစကားကို ပေးပါသည်။ ကျွန်ုပ်တို့သည် ဆရာများအနေနှင့် သူတို့အတွက် လွယ်ကူပြီး စိတ်ကျေနပ်စရာကောင်းသော ဆက်သွယ်ရေးနည်းလမ်းကို ရှာဖွေပေးရမည်ဖြစ်သည်။

*ခရစ်တော်၏သွန်သင်ချက်များ၌ရှိသော မြင်သာသည့်ဆွဲဆောင်မှု။* “တောင်ပေါ်ဒေသနာ” တွင် ယေရှုက ရှင်းရှင်းလင်းလင်းမိန့်ကြားခဲ့သော “ရွှေစည်းမျဉ်း - golden rule”ကို ကြည့်ကြပါစို့ - “သင်တို့သည် ကိုယ်၌သူတစ်ပါးပြုစေလိုသမျှအတိုင်း သူတစ်ပါး၌ပြုကြလော့။ ဤပညတ်ကား ပညတ္တိကျမ်းနှင့်အနာဂတ္တိကျမ်းတို့၏ အချုပ်အခြာပင် ဖြစ်သတည်း” (မ ၇း၁၂)။ ဤမိန့်တော်မူချက်၏ ပကတိအတိုင်းဖြောင့်မတ်နေမှုနှင့်ပူးတွဲနေသည့် လုံးလုံးရိုးရှင်းမှုသည် လတ်တလောနှင့်ရေရှည် ဆွဲဆောင်မှုရှိစေသည်။ ရှုပ်ထွေးမှု၊ နားလည်ရခက်ခဲမှု ဘာမျှမရှိပေ။ လူတိုင်းနာခံကြရန် ဤမိန့်တော်မူချက်၏တောင်းဆိုမှုသည် ရှင်းလင်းပြတ်သားပြီး ငြင်းမရနိုင်သည့်အရာပင်ဖြစ်သည်။ ၎င်း၏ပါဝင်ပတ်သက်မှုသည် အဆုံးမရှိပေ။ ထိုအတိုင်းသာ ရိုးရိုးသားသားလုပ်ဆောင်ကြမည်ဆိုလျှင် ကမ္ဘာကြီးသည် ပရဒိသုဘုံဖြစ်သွားပေလိမ့်မည်။ သို့သော် အမှန်အတိုင်းပြောရလျှင် လူတိုင်းက ထိုသို့မလုပ်ဆောင်ကြပါ။ ကျွန်ုပ်တို့အားလုံးသည် တစ်ချိန်ပြီးတစ်ချိန် ၎င်းအတိုင်းလုပ်ဆောင်ရန် ပျက်ကွက်ကြသည်။ ထို့ကြောင့် နောက်အချက်ထံသို့ ကျွန်ုပ်တို့ရောက်လာရသည်။

*အဘယ်ကြောင့် ကျွန်ုပ်တို့အားလုံးသည် တစ်ချိန်ပြီးတစ်ချိန်အမှားလုပ်နေကြသနည်း။* ရှေးခေတ် ဂရိအတွေးအခေါ်ပညာရှင် ဆိုကရေးတီးက မည်သူမျှ သိသိကြီးနဲ့အမှားမလုပ်ဟု ဆိုခဲ့သည်။ သူဆိုလိုသည်မှာ ကျွန်ုပ်တို့အမှားလုပ်မိသည့်အခါ ကျွန်ုပ်တို့လုပ်နေသောအရာသည် မှားနေသည်ဟု အပြည့်အဝမသိကြဟူ၍ ဖြစ်သည်။ တကယ်တမ်းတွင် ၎င်းကို ကောင်းသည်ဟု ကျွန်ုပ်တို့ထင်ကြသည်။ ကျွန်ုပ်တို့လုပ်နေသောအရာက အခြားသူတစ်ဦးဦးက ထိခိုက်စေမည်ကို ကျွန်ုပ်တို့ကောင်းကောင်းသိနေတာလည်း ဖြစ်နိုင်ပါသည်။ သို့သော် ထိုသို့လုပ်နေရင်း ဒီပုဂ္ဂိုလ်

ကို ထိခိုက်စေအောင်လုပ်ဆောင်သင့်သည်ဟု ကျွန်ုပ်တို့ထင်မြင်ခံစားနေတတ်သည်။ ထိုသူကို ကျွန်ုပ်တို့အနိုင်ရလိုက်သလိုမျိုး သို့မဟုတ် လက်စားချေလိုက်ရသလိုမျိုး ခံစားလျက် ကျွန်ုပ်တို့ ကျေနပ်နေတတ်သည်။ သို့သော် ကျွန်ုပ်တို့သည် လူတစ်ဦးဦးအပေါ် မတရားပြုမူသည့်အခါ ထိုသူကိုသာ ကျွန်ုပ်တို့ထိခိုက်စေသည်မဟုတ်၊ ထိုသူကိုထိခိုက်စေသည်ထက် ကျွန်ုပ်တို့ကိုကျွန်ုပ်တို့ ပို၍ထိခိုက်စေကြသည်ဟု ဆိုကရေးတီးက သင်ကြားပေးခဲ့သည်။ ဤအချက်ကို ကျွန်ုပ်တို့သိရှိမှသာလျှင် အခြားသူများအပေါ်အမှားလုပ်ခြင်းဖြင့် မိမိကိုယ်ကိုယ်ထိခိုက်စေခြင်းကို ကျွန်ုပ်တို့ချက်ချင်းရပ်တန့်နိုင်လိမ့်မည်ဟု ဆိုကရေးတီးက ဆိုခဲ့သည်။ သို့သော် ကျွန်ုပ်တို့သည် ၎င်းကို သတိမထားမိဘဲ ပညာမဲ့ကြသည်။ ဆိုကရေးတီး၏အဆိုအရ ပညာမဲ့ခြင်းသည် အမှားလုပ်ခြင်း၏အကြောင်းတရားဖြစ်သည်။ ထို့ကြောင့် လူတို့အမှားမလုပ်မိစေရန် သူတို့ကို ပညာသင်ကြားပေးရမည်။ အခြားသူများအပေါ်အမှားလုပ်ခြင်းသည် မိမိကိုယ်ကိုယ်ထိခိုက်နာကျင်စေခြင်းဖြစ်ကြောင်း သူတို့ကို သိမြင်စေမှသာလျှင် သူတို့ကို အမှားလုပ်ခြင်းမှ ရပ်တန့်စေမည်ဖြစ်သည်[8]။

သို့သော် ဤအချက် တကယ်မှန်ပါသလား။ မှန်သည်ဆိုလျှင် ထိုသို့သိခြင်းသက်သက်သည် လူတို့အမှားလုပ်ခြင်းမှရပ်တန့်ရန်အတွက် လုံလောက်ပါသလား။

**စာသင်ခန်းအတွက်**

သင်၏စာသင်သားတို့အား အောက်ပါမေးခွန်းများကို ဆွေးနွေးစေပါ။

သင်သည် အမှားတစ်ခုခုကို မှားသည်ဟုသိနေလျက်နှင့် လုပ်ဆောင်ခဲ့ဖူးပါသလား။

မိမိကိုထိခိုက်စေမည်ဖြစ်ကြောင်းသိလျက်နှင့် တစ်စုံတစ်ခုကို လူတို့လုပ်တတ်ကြပါသလား (ဥပမာ။ ။ဆေးလိပ်သောက်ခြင်း၊ မူးယစ်ဆေးသုံးစွဲခြင်း)။ ထိုသို့သောအရာကို သူတို့အဘယ်ကြောင့် လုပ်ကြသနည်း။

သင်သည် ငွေအမြောက်အမြားခိုးယူ၍ သို့မဟုတ် လူသတ်၍ ၎င်းကို မည်သူကမျှ မည်သည့်အခါမျှ သိနိုင်မည်မဟုတ်လျှင် ထိုသို့သင်မလုပ်သင့်သည့်အကြောင်းတရား ရှိပါသလား။

သင်သည် တစ်စုံတစ်ဦးအပေါ် မတရားပြုမူလျှင် တကယ်တမ်းတွင် သင့်ကိုသင်ထိခိုက်အောင်လုပ်ဆောင်ခြင်းသာဖြစ်သည်ဆိုသည့်အချက် မှန်ပါသလား။ သင်မည်ကဲ့သို့ သက်သေပြမည်နည်း။

ရှင်ပေါလုက "ကောင်းသောအမှုကိုပြုလိုသောဆန္ဒသည် ငါ၌ရှိသော်လည်း ၎င်းကို ပြုနိုင်စွမ်းမရှိ။ အကြောင်းမူကား ငါသည် ကိုယ်ပြုလိုသည့် ကောင်းသောအမှုကို မပြုဘဲ မပြုလိုသည့် မကောင်းသောအမှုကို ပြုနေ၏" ဟုဆိုခဲ့သည် (ရောမ ၇:၁၈-၁၉)။ ကျွန်ုပ်တို့ထဲတွင် ထိုနည်းတူခံစားမိသူရှိပါ သလား။

*မည်သည့်လူ့ကျင့်ဝတ်ဆိုင်ရာသွန်သင်မှုအတွက်မဆို လိုအပ်သော အခြေခံလိုအပ်ချက်များကား အဘယ်အရာများနည်း။* လူ့ကျင့်ဝတ်အကြောင်း ကျွန်ုပ်တို့၏ဆင်ခြင်တွေးခေါ်မှုနှင့် သွန်သင်မှုတို့ ထိရောက်မှုရှိစေရန် အောက်ပါမေးခွန်းများအတွက် ယုံကြည်လောက်သောအဖြေ

[8] အထူးသဖြင့် Plato's dialogue of Socrates with Crito ကိုကြည့်ပါ။

များကို ကျွန်ုပ်တို့ပေးနိုင်ရမည်ဖြစ်သည်။

(က) ကောင်းသောအပြုအမူကား အဘယ်နည်း။ မည်သည့်အပြုအမူက ဆိုးသနည်း။ ၎င်းကို မည်ကဲ့သို့ အဓိပ္ပါယ်သတ်မှတ်မည်နည်း။

(ခ) မည်သည့်အရာသည်ကောင်း၍ မည်သည့်အရာသည်မကောင်းကြောင်း ကျွန်ုပ်တို့ကိုပြော နိုင်သည့်အခွင့်အာဏာ မည်သူ့ထံ၌ ရှိသနည်း။ အဘယ်ကြောင့် ကျွန်ုပ်တို့က တစ်ဦးချင်း အလိုက် ၎င်းကိုမဆုံးဖြတ်နိုင်ရသနည်း။

(ဂ) ကျွန်ုပ်တို့သည် အဘယ်ကြောင့် မှန်သောအရာကို အမြဲမလုပ်ကြသနည်း။ အဘယ်ကြောင့် ကျွန်ုပ်တို့အတွက် မှန်သောအရာလုပ်ရန်ခက်ပြီး မှားသောအရာလုပ်ရန် လွယ်ကူတတ် သနည်း။

(ဃ) အထူးသဖြင့် အခြားသူများ အမှားလုပ်နေချိန်တွင် မည်သည့်လုံလောက်သောတွန်းအား က ကျွန်ုပ်တို့ကို မှန်သောအရာလုပ်စေနိုင်သနည်း။ ကောင်းသောအရာလုပ်ဆောင်ခြင်း အတွက် အကျိုးကျေးဇူးရှိပါသလား။ သို့မဟုတ် ကျွန်ုပ်တို့အတွက် နစ်နာသွားနိုင်လျှင်ပင် ကောင်းသောအရာကိုသာ ကျွန်ုပ်တို့ အစဉ်အမြဲလုပ်သင့်ပါသလား။

(င) မှန်သောအရာဟု ကျွန်ုပ်တို့သိသောအရာကို လုပ်နိုင်ရန်နှင့် မကောင်းသောအရာကို ရှောင်ရှားနိုင်ရန် လိုအပ်သောစွမ်းအားကို ကျွန်ုပ်တို့မည်သည့်နေရာမှရနိုင်သနည်း။

ကျွန်ုပ်တို့သည် ယေရှုခရစ်တော်၏ လူ့ကျင့်ဂုဏ်ဆိုင်ရာသွန်သင်မှုအပေါ် တရားမျှတမှု ရှိလိုသည်ဆိုလျှင် ဤမေးခွန်းများ၏အဖြေကို တစ်ခုပြီးတစ်ခု ကျွန်ုပ်တို့ကိုဖော်ပြပေးရန် ကိုယ် တော်ကိုအခွင့်ပေးရမည်ဖြစ်သည်။ သင်ကြားပေးသူတစ်ပါးအဖြစ် မိမိကိုယ်ကိုယ်ထင်ရှားစေ တော်မူခြင်းနှင့် သွန်သင်တော်မူချက်၏သဘောသဘာဝတို့အားဖြင့် ကျွန်ုပ်တို့အစပြုပါမည်။

## သင်ကြားပေးသူအဖြစ် ခရစ်တော်၏မိမိကိုယ်ကိုယ်ထင်ရှားစေတော်မူခြင်း

ထိုအချိန်တွင် ယေရှုက ''ကောင်းကင်နှင့်မြေကြီး၏အရှင်သခင်ဖြစ်တော်မူသောအဖ၊ ကိုယ်တော်သည် ပညာရှိများနှင့်ဉာဏ်ထက်မြက်သောသူတို့အား ဤအရာများကို ကွယ်ဝှက်ထားလျက် ကလေးသူငယ်တို့ကို ဖွင့်ပြတော်မူသောကြောင့် ကိုယ်တော်ကိုချီး မွမ်းပါ၏။ မှန်ပါ၏အဖ။ ဤသည်ကား ရှေ့တော်၌ နှစ်သက်တော်မူသောအရာဖြစ်ပါ၏။ ငါ၏ခမည်းတော်သည် အရာခပ်သိမ်းတို့ကို ငါ့အား အပ်နှင်းတော်မူပြီ။ ခမည်းတော်မှ တစ်ပါး မည်သူမျှ သားတော်ကိုမသိ။ ခမည်းတော်ကိုလည်း သားတော်နှင့် သား တော်ကဖွင့်ပြလိုသောသူတို့မှတစ်ပါး အခြားမည်သူမျှမသိ။
ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည် သင်တို့အား ငြိမ် သက်ချမ်းသာမှုကိုပေးမည်။ ငါသည် နူးညံ့သိမ်မွေ့လျက် နှိမ့်ချသောစိတ်နှလုံးရှိသော ကြောင့် ငါ့ထမ်းပိုးကို ယူ၍ထမ်းကာ ငါ့ထံ၌ နည်းခံကြလော့။ ထိုအခါ သင်တို့၏စိတ် ဝိညာဉ်သည် သက်သာရာရလိမ့်မည်။ အကြောင်းမူကား ငါ့ထမ်းပိုးသည် ထမ်းရလွယ် ၏။ ငါ့ဝန်လည်း ပေါ့၏''ဟု မိန့်တော်မူ၏။ (မ ၁၁း၂၅-၃၀ မြန်မာ့စံမီ)

ဤကျမ်းပိုဒ်တွင် ယေရှုက မိမိနှင့်ပတ်၍ အချက်နှစ်ချက်အခိုင်အမာမိန့်တော်မူသည်။

- သူသည် ဘုန်းကြီးသော ဘုရားသခင်၏သားတော်ဖြစ်သည်။
- သို့သော် သူသည် စိတ်နှလုံးသိမ်မွေ့၍ နှိမ့်ချတော်မူသည်။

သူ၏သွန်သင်တော်မူချက်အကြောင်း အချက်နှစ်ချက် ဖော်ပြတော်မူသည်။

- တပည့်တော်များသည် ထမ်းပိုးကိုလက်ခံလျက် ဂန်ကိုထမ်းရမည်။
- သို့သော် ထမ်းပိုးသည် ထမ်းရလွယ်ပြီး ဂန်သည်ပေါ့သည်။

ထို့နောက် ဤအခိုင်အမာမိန့်တော်မူချက်နှစ်ချက်နှင့်ဖော်ပြချက်နှစ်ချက်အပေါ်အခြေခံလျက် ကတိတော်နှင့်ယှဉ်သော ဖိတ်ခေါ်မှုနှစ်ရပ်ကို ပြုတော်မူသည်။

- ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည် သင်တို့အား ငြိမ်သက်ချမ်းသာမှုကိုပေးမည်။
- ငါ့ထမ်းပိုးကို ယူ၍ထမ်းကာ ငါ့ထံ၌ နည်းခံကြလော့။ ထိုအခါ သင်တို့၏စိတ်ဝိညာဉ်သည် သက်သာရာရလိမ့်မည်။

**အခိုင်အမာမိန့်တော်မူချက်နှစ်ချက်**

ဤနေရာ၌ ကျွန်ုပ်တို့တွေ့ရသည်မှာ -

*၁။ မည်သည့်အရာသည်မှန်၍ မည်သည့်အရာသည်မှားကြောင်း ကျွန်ုပ်တို့ကိုပြောနိုင်ရန် မည်သည့်အခွင့်အာဏာ သူ့ထံ၌ရှိသနည်းဆိုသည့်မေးခွန်းအတွက် ခရစ်တော်၏အဖြေ။*

သူသည် ကမ္ဘာလောကကို ဖန်းဆင်းခြင်း၊ အုပ်ချုပ်ခြင်းနှင့် ကယ်တင်ခြင်းတို့အတွက် ဘုရားသခင်က အချုပ်အခြာအာဏာပေးအပ်ထားသော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည် (ငါ၏ခမည်းတော်သည် အရာခပ်သိမ်းတို့ကို ငါ့အား အပ်နှင်းတော်မူပြီ -မ ၁၁း၂၇)။ ဤအချက်တွင် ကိုယ်တော်သည် မိမိတပည့်တော်များကို မိမိတို့အလိုဆန္ဒမှ မည်ကဲ့သို့လွတ်မြောက်နိုင်ကြောင်းသင်ကြားပေးသော်လည်း မိမိသည်ဘုရားဖြစ်ကြောင်း အခိုင်အမာပြောဆိုခြင်းမရှိ၊ ထာဝရဘုရားရှိမရှိမသိခဲ့သော ဗုဒ္ဓနှင့်ခြားနားမှုရှိသည်။ ထို့ပြင် မိမိသည် လူ့ဇာတိခံသောဘုရားသခင်မဟုတ်ဘဲ ဘုရားသခင်၏နောက်ဆုံးတမန်တော်ဖြစ်သည်ဟု အခိုင်အမာပြောဆိုခဲ့သော မိုဟာမက်နှင့်လည်း ခြားနားမှုရှိသည်။ ထို့ကြောင့် ယေရှုက သူမည်သူဖြစ်ကြောင်း အခိုင်အမာမိန့်တော်မူခဲ့ခြင်းကို ကျွန်ုပ်တို့နားလည်ရန်လိုသည်။ အဘယ်ကြောင့်ဆိုသော် လူ့ကျင့်ဝတ်နှင့်ဆိုင်သော သူ၏သွန်သင်တော်မူချက်သည် သူ၌ရှိသည်ဟုသူအခိုင်အမာမိန့်တော်မူသော အခွင့်အာဏာပေါ်မူတည်သောကြောင့်ဖြစ်သည်။

*၂။ ခရစ်တော်၏မိန့်တော်ချက်မှန်ကန်ကြောင်း ခိုင်မာသောအထောက်အထား*

မိမိသည် ဘုရားသခင် သို့မဟုတ် နပိုလီယန် သို့မဟုတ် အလက်ဇန္ဒားတဂရိတ် သို့မဟုတ် ကြက်ဥကြော် သို့မဟုတ် အခြား သာမန်ထက်လွန်ကဲသောအရာတစ်ခု ဖြစ်သည်ဟုဆိုသောသူသည် စိတ်ဖောက်ပြန်သောသူ၊ စိတ်ကြီးဝင်ရောဂါရှိသူသာဖြစ်မည်။ သို့သော် ယေရှုသည် စိတ်ဖောက်ပြန်လျက် စိတ်ကြီးဝင်ရောဂါရှိသောသူမဟုတ်။ မောက်မာထောင်လွှားသောသူမဟုတ်။ မိမိဆန္ဒအမြင်ကို ဟုတ်ဟုတ်မဟုတ်ဟုတ်ထုတ်ပြောရန် ဂန်မလေးသောသူလည်း မဟုတ်ပေ။ သူသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း မိန့်တော်မူပြီးသည့်အခါ "ငါသည် နူးညံ့သိမ်မွေ့လျက် နှိမ့်ချသောစိတ်နှလုံးရှိ"သည်ဟူသောစကားဖြင့် ၎င်းကို ပြန်၍ချိန်ညှိပေးခဲ့သည် (မ ၁၁း၂၉)။ ထို့ပြင် ခရစ်ဝင်ကျမ်းများက ဤအခိုင်အမာမိန့်တော်မူချက်သည် မှန်ကန်ကြောင်း များစွာသောဥပမာနမူနာများကို ပေးကြသည်။ အလက်ဇန္ဒားတဂရိတ်က သူသည် အီဂျစ်နတ်ဘုရား အေမွန်၏သားတော်ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ သူ့ရည်ရွယ်ချက်မှာ နိုင်ငံရေးအတွက်ဖြစ်ပြီး ဂရိနှင့်အရှေ့တိုင်းသူ့လက်အောက်ခံတို့က သူ့ကို နတ်ဘုရားတစ်ပါးအဖြစ် ကိုးကွယ်ရန်ဖြစ်သည်။ သို့သော် အလက်ဇန္ဒားက "ငါသည် နူးညံ့သိမ်မွေ့လျက် နှိမ့်ချသောစိတ်နှလုံးရှိ"သည်ဟု မည်

သည့်အခါကမျှမပြောဆိုခဲ့ပေ။ ခရစ်တော်က မိမိ၏အခိုင်အမာမိန့်တော်မူချက်ကို စိတ်ချယုံကြည်ရသောမိန့်တော်မူချက်ဖြစ်သောအချက်မှာ မိမိ၏ဘုရားဖြစ်ခြင်းနှင့် နူးညံ့သိမ်မွေ့လျက်နှိမ့်ချသောစိတ်နှလုံးရှိခြင်းတို့ကို ပေါင်းစပ်ခြင်းပင်ဖြစ်သည်။ သူသည် အချုပ်အခြာအာဏာကိုပိုင်ဆိုင်သကဲ့သို့ အချုပ်အခြာနှိမ့်ချခြင်းလည်း ရှိတော်မူသည်။ သူသည် ဘုရားသခင်ဖြစ်တော်မူသည်။ သို့သော်နိုင်လိုမင်းထက်ပြုသောအာဏာရှင်မဟုတ်ပေ။

**ဖော်ပြတော်မူချက်နှစ်ရပ်**

*၁။ ခရစ်တော်၏ လူ့ကျင့်ဝတ်ဆိုင်ရာသွန်သင်ချက်သည် ထမ်းပိုးတစ်ခုဖြစ်သည်။*

သူ၏ လူ့ကျင့်ဝတ်ဆိုင်သွန်သင်ချက်သည် မိမိတပည့်တော်များ လက်ခံရမည့် ထမ်းပိုးတစ်ခု၊ ထမ်းရမည့်ဝန်တစ်ခု ဖြစ်သည်ဆိုသည်ကို ယေရှုခရစ်တော်က ထိန်ပုက်မထားခဲ့ပါ။

*ထမ်းပိုးဆိုသောဝေါဟာရ၏အဓိပ္ပါယ်။* ဤနေရာသုံးထားသည့်"ထမ်းပိုး"သည် ကျွဲနွားတို့နဲ့လယ်ယာထွန်သည့်အခါ ဟန်ချက်ညီရန်နှင့် ကျွဲနွားတို့ကိုထိန်းချုပ်နိုင်ရန်အတွက် ကျွဲနွားတို့၏ကုတ်ပေါ်တင်သည့် အထူးပြုလုပ်ထားသောသစ်သားထမ်းပိုးကိုဆိုလိုပါသည်။ ထို့ကြောင့် ရှေးခေတ်ကရှင်ဘုရင်များသည် သူတို့၏ဝန်ကြီးများအစုအဖွဲ့ကို "ထမ်းပိုး"ဟု ခေါ်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ထိုအဖွဲ့အားဖြင့် လူထုကို ထိန်းချုပ်ညွှန်ကြားလမ်းပြရသောကြောင့်ဖြစ်သည်။ ဆရာများကလည်း သူတို့၏ ကိုယ်ကျင့်တရားနှင့်ဘာသာတရားဆိုင်ရာသွန်သင်ချက်များကို တူညီသောအကြောင်းတရားဖြင့် "ထမ်းပိုး"ဟု မှည့်ခေါ်ကြသည်။

"ထမ်းပိုး"၏အဓိပ္ပါယ်ကို သရုပ်ဖော်သည့် ထင်ရှားသောအဖြစ်အပျက်တစ်ခုကို ဓမ္မဟောင်းတွင် တွေ့ရသည် (၃ရာ ၁၂)။ လူတို့က ရှင်ဘုရင်အား သူ့ထမ်းပိုးကို ပေါ့ပါးစေရန်တောင်းဆိုကြသည်။ သူသည် သူ့ထမ်းပိုးကို ပေါ့ပါးစေမည့်အစား လေးလံစေခဲ့သောကြောင့် သူတို့သည် တော်လှန်ပုန်ကန်ခဲ့ကြသည်။ ထိုအဖြစ်အပျက်ကိုဖတ်လျက် စာသင်သားတို့အား အပြည့်အစုံပြောပြပါ။ မှားယွင်းသော ဘာသာတရားသွန်သင်မှုကို မထမ်းနိုင်သောထမ်းပိုးတစ်ခုအဖြစ်ဖော်ပြသည့် တမန်တော်ဝတ္ထု ၁၅း၁၀ ကိုလည်း ကြည့်ပါ။

ခရစ်တော်၏သွန်သင်ချက်သည် ထမ်းပိုးတစ်ခုဖြစ်သည်။ သူသည် ကျွန်ုပ်တို့ကိုအုပ်ချုပ်ရန်နှင့် ကျွန်ုပ်တို့အား ဘုရားသခင်၏စည်းမျည်းများကို နာခံစေရန်အတွက် ကျွန်ုပ်တို့၏ ဖြောင့်မတ်သောဘုရင်အဖြစ် ဘုရားသခင်စေလွှတ်တော်မူသော ဘုရားသခင်၏သားတော်ဖြစ်သည်။ ထိုအခွင့်အာဏာသည် ကျွန်ုပ်တို့အား အမှားအမှန်ကို ပြောပြနိုင်သောအခွင့်အာဏာဖြစ်သည်။ ထို့ကြောင့် သူက "ကောင်းကင်နိုင်ငံတော်ပေါ်ထွန်းလုနီးပြီဖြစ်၍ နောင်တရကြလော့" (မ ၄း၁၇) ဟု ကြေညာလျက် လူထုကိုသွန်သင်ခြင်းအမှုတော်ကို အစပြုခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏လူ့ကျင့်ဝတ်ကို နာခံကြသည့်အခါ ကိုယ်ကျင့်တရားဆိုင်ရာစည်းမျဉ်းနိယာမအချို့ကိုသာ နာခံကြသည်မဟုတ်။ ကျွန်ုပ်တို့၏သစ္စာခံမှုကိုခံယူရမည့်ပုဂ္ဂိုလ်ကို နာခံခြင်းပင်ဖြစ်သည်။

*၂။ ခရစ်တော်၏လူ့ကျင့်ဝတ်ဆိုင်ရာသွန်သင်ချက်သည် ထမ်းရလွယ်သောထမ်းပိုးဖြစ်၏။*

လယ်သမားကောင်းတစ်ဦးသည် အံဝင်ခွင်ကျဖြစ်လျက် အနာတရမဖြစ်စေသောထမ်းပိုးကိုသာ မိမိနွားတို့အပေါ်တင်မည်ဖြစ်သည်။ ထိုထမ်းပိုးမျိုးက နွားတို့အတွက် အလုပ်လုပ်ရလွယ်ကူစေမည်ဖြစ်သည်။ လူတစ်ဦးသည် တင်းနစ်ချန်ပီယံတစ်ဦးဖြစ်လိုလျှင် နည်းပြကိုနာခံရမည်ဖြစ်သည်။ နည်းပြကိုနာခံရခြင်းသည် ပထမပိုင်းတွင် ခက်ခဲကောင်းခက်ခဲနိုင်ပါသည်။ သို့သော်နောက်ပိုင်းတွင် ကစားရတာပိုမိုလွယ်ကူစေပြီး ပိုမိုအောင်မြင်စေကာ ပို၍ပျော်စရာကောင်းလာစေမည်ဖြစ်သည်။ မော်တော်ကားကို တီထွင်သောသူ၏ညွှန်ကြားချက်အတိုင်း မောင်းနှင်ခြင်းသည်

အကောင်းဆုံးဖြစ်သည်။ ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာ၊ စိတ်၊ ခံစားမှုနှင့် ဆန္ဒတို့သည် မည်ကဲ့သို့အလုပ်လုပ်တတ်ကြောင်း ခရစ်တော်သိတော်မူသည်။ ၎င်းတို့ကိုဖန်ဆင်းသူမှာ သူပင်ဖြစ်သည်။ သူ၏ထမ်းပိုးသည် ကျွန်ုပ်တို့နှင့်အံဝင်ခွင်ကျဖြစ်လျက် ဘဝကိုပိုမိုလွယ်ကူချောမွေ့စေသည်။

**ဖိတ်ခေါ်ချက်နှစ်ရပ်**

*ပထမဖိတ်ခေါ်ချက်နှင့်ကတိတော်သည်* မောပန်း၍ ဝန်လေးနေသောသူတို့အတွက်ဖြစ်သည်။ ၎င်းသည် လူများစွာတို့အတွက် အစဉ်ကြုံနေရသောပြဿနာတစ်ခုဖြစ်သည်။ လူငယ်လူရွယ်များပင် ဝန်လေး၍ ပင်ပန်းနိုင်ပါသည်။ မိမိကိုယ်ကိုယ်သတ်သေသည့် မြို့ပြနေလူငယ်များ အရေအတွက် ပိုပိုတိုးလာလျက်ရှိသည်။ အဘယ့်ကြောင့်နည်း။ အကြံပြုချက်အချို့မှာ -

(က) အဓိပ္ပါယ်မဲ့နေဟန်ရှိသောဘဝ

(ခ) အလုပ်ရရန်ခက်ခဲခြင်းကြောင့် အသုံးမကျ၍ ငြင်းပယ်ခံရသည့်ခံစားမှုများခံစားရခြင်း

(ဂ) အရက်၊ မူးယစ်ဆေးဝါးနှင့် ဗျာများသောဘဝနေထိုင်မှုပုံစံတို့ကြောင့် ပျင်းရိစရာကောင်းခြင်း၊ ဖျားနာခြင်းနှင့် စိုးရိမ်ပူပန်ခြင်း

(ဃ) စိတ်ဒဏ်ရာများနှင့် ကိုယ်ကျင့်တရားပျက်ပြားမှုကိုဖြစ်စေသည့် အပြစ်စွဲစိတ်

(င) အိမ်တွင်းပဋိပက္ခ၊ မိဘများကွာရှင်းခြင်း၊ သားသမီးများကို တစ်ဦးတည်းကကြည့်ရှုခြင်း စသည့်အကြောင်းများကြောင့်ဖြစ်လာသည့် စိတ်မလုံခြုံမှု

(စ) မိမိ၏စံနှုန်းများအတိုင်းအသက်မရှင်နိုင်မှုကြောင့် မိမိကိုယ်ကိုယ်မနှစ်မမြို့ဖြစ်ခြင်း

ခရစ်တော်ထံလာသောသူတို့သည် ငြိမ်သက်ချမ်းသာမှုကို ရရှိကြသည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် -

(က) အပြစ်လွှတ်လျက် အပြစ်စွဲစိတ်မှလွတ်မြောက်စေသည်။ ဥပမာ။ ။ လု ၅း၂၀ ကိုကြည့်ပါ။

(ခ) ဘဝ၏ရည်ရွယ်ချက်ကို ပြန်လည်သိရှိခံစားစေသည်။ ဥပမာ။ ။ ၁ သက် ၁း၉-၁၀ ကိုကြည့်ပါ- "အသက်ရှင်တော်မူ၍စစ်မှန်သောဘုရားသခင်ကို အစေခံရန်"။

(ဂ) ဘုရားသခင်က ချစ်၍တန်ဖိုးထားသည်ဆိုသော ခံစားမှုကိုခံစားစေသည်။ ထို့ကြောင့် မိမိ၏ တိကျခိုင်မာသောထူးခြားမှုကို သိရှိခံစားရသည်။ ဥပမာ။ ။ မ၁၂း၁၂၊ ရော ၅း၅-၁၁ ကိုကြည့်ပါ။

(ဃ) လက်တွေ့ဘဝတွင် ဘုရားသခင်ကရစိုက်တော်မူကြောင်းသိလျက် စိုးရိမ်ပူပန်မှုမှ လွတ်မြောက်စေသည်။ ဥပမာ။ ။ မ ၆း၂၅-၃၂ ကိုကြည့်ပါ။

ဒုတိယဖိတ်ခေါ်ချက်နှင့်ကတိတော်မှာ ခရစ်တော်၏ကျောင်းတော်သို့ဝင်၍ မည်သို့အသက်ရှင်နေထိုင်ရမည့်အကြောင်း ကိုယ်တော်၏သင်ကြားခြင်းနှင့် လေ့ကျင့်ပေးခြင်းကို ခံယူရန်ဖြစ်သည်။ သင်၏သွန်သင်ချက်အတွက် လောက၏စံနှုန်းများနှင့်အလွန်ခြားနားသော ပြုမူနေထိုင်ခြင်းနှင့်ဆိုင်သည့်စံနှုန်း လိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် လောက၏ရန်လိုမှုနှင့်ဆန့်ကျင်မှုတို့ ကျရောက်လာနိုင်ပါသည်။ သို့သော် ဤနေရာ၌လည်း ခရစ်တော်က "သင်တို့၏စိတ်ဝိညာဉ်သည် သက်သာရာရလိမ့်မည်"ဟု ကတိပေးတော်မူသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ကိုယ်တော်အားဖြင့် အသစ်မွေးဖွားစေခြင်းကိုခံရလျက် ဘုရားသခင်၏သားသမီးများဖြစ်လာကာ သူ၏ညွှန်ကြားချက်များကို လိုက်နာနိုင်ရန်နှင့် သူ၏ကိုယ်ကျင့်တရားစံနှုန်းအတိုင်းအသက်ရှင်နိုင်ရန် အစွမ်းတန်ခိုးသစ်ကို ရရှိစေသောကြောင့်ဖြစ်သည်။ ဥပမာ။ ။ ၁ယော ၅း၃-၄ ကိုကြည့်ပါ။

# အခန်း ၁၇

## ပထမနှင့်အကြီးမြတ်ဆုံးဖြစ်သော ပညတ်ချက်

တစ်ခါက ယေရှုအား မည်သည့်ပညတ်ချက်သည် အကြီးမြတ်ဆုံးသောပညတ်ချက် - အခြားပညတ်ချက်အားလုံးတို့ဆင်းသက်လာရာအခြေခံနိယာမ ဖြစ်သနည်းဟု မေးမြန်းခဲ့ကြသည်။ သူက "သင်၏ဘုရားသခင်ထာဝရဘုရားကို သင်၏စိတ်နှလုံးအကြွင်းမဲ့၊ သင်၏စိတ်ဝိညာဉ်တစ်ခုလုံးနှင့် သင်၏အသိဉာဏ်ရှိသမျှတို့ဖြင့် ချစ်ရမည်။ ဤသည်ကား ကြီးမြတ်သည့် ပထမပညတ်ချက်ဖြစ်၏" ဟု ပြန်ဖြေခဲ့သည် (မ ၂၂း၃၇-၃၈)။ ခရစ်တော်၏အဆိုအရ ကျွန်ုပ်တို့ချက်ချင်းသိမြင်ရသည့်အချက်မှာ စစ်မှန်သောကိုယ်ကျင့်တရားအားလုံး၏နောက်ကွယ်တွင်ရှိသော အခြေခံစိတ်ရင်းသည် ချစ်ခြင်းမေတ္တာဖြစ်ရမည်။ ပျော်ရွှင်မှု သို့မဟုတ် အောင်မြင်မှုကိုလိုချင်သောဆန္ဒ မဟုတ်သင့်ပေ။ ချစ်ခြင်းမေတ္တာဆိုရာတွင်လည်း မိမိကိုယ်ကိုယ်ချစ်သောမေတ္တာမဟုတ်၊ မိမိဂန်းကျင်၌ရှိသောသူများနှင့်လူ့အသိုင်းအဝိုင်းကို ချစ်သောမေတ္တာလည်းမဟုတ် (ဤအချက်ကို နောက်ပိုင်းတွင်လေ့လာကြမည်)၊ ဖန်ဆင်းရှင်ဘုရားသခင်ကို ချစ်သောမေတ္တာဖြစ်ရပါမည်။ ဤကမ္မာသည် ကိုယ်တော်ပိုင်သောကမ္မာဖြစ်သည်။ သူ၏စိတ်တော်ကိုကျေနပ်စေရန်လည်းကောင်း၊ သူရေးဆွဲထားသောဒီဇိုင်းအတိုင်းလည်ပတ်ရန်လည်းကောင်း ၎င်းကိုဖန်ဆင်းထားတော်မူခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏အဓိကတာဂန်မှာ ကျွန်ုပ်တို့ကိုဖန်ဆင်းသောဖန်ဆင်းရှင်၏အလိုတော်အတိုင်း အသက်ရှင်ရန်နှင့် ကျွန်ုပ်တို့တည်ရှိနေရခြင်းအတွက် ကျေးဇူးတင်စိတ်သက်သက်ဖြင့် ဘုရားသခင်ကိုချစ်ရန်ဖြစ်သည် ဆိုခြင်းမှာ ဆင်ခြင်တုံတရားကိုအခြေခံခြင်းသာဖြစ်သည်။ ဤအခြေအနေတွင် ဘုရားသခင်ကိုချစ်ခြင်းသည် စိတ်ကူးယဉ်ဆန်သောဘာသာရေးစိတ်ခံစားမှုတစ်မျိုးကိုမဆိုလိုပါ။ သမ္မာကျမ်းစာက "ဘုရားသခင်ကိုချစ်ခြင်းဆိုသည်မှာ ကိုယ်တော်၏ပညတ်တော်တို့ကိုစောင့်ထိန်းခြင်းပင်ဖြစ်၏"ဟု ပြောထားသည် (၁ယော ၅း၃)။ ထိုသို့စောင့်ထိန်းရာတွင် စိတ်နှလုံးအကြွင်းမဲ့၊ စိတ်ဝိညာဉ်တစ်ခုလုံးနှင့် အသိဉာဏ်ရှိသမျှဖြင့် ထိုသို့ပြုရမည်ဖြစ်သည်။

### လူတို့၏အကြီးမားဆုံးသောအမှား

ခရစ်တော်ဖော်ပြသည့် လူတစ်ဦးချင်းနှင့်လူ့အသိုက်အဂန်းအလိုက်အခြေခံပြဿနာကို ဤနေရာတွင်ဖော်ပြပါမည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုဖန်ဆင်းသောအရှင်ကိုမချစ်၊ သူချမှတ်ထားသည့်ပုံစံအတိုင်းလည်း အသက်မရှင်ဘူးဆိုလျှင် ကျွန်ုပ်တို့မည်ကဲ့သို့အသက်ရှင်သင့်သနည်း။ ကျွန်ုပ်တို့၏ပေါက်ဖော်လူသားတို့၏ဖန်ဆင်းရှင်ကို ငြင်းပယ်လျှင် သို့မဟုတ် အထင်အမြင်သေးလျှင် သို့မဟုတ် မေ့လျော့နေလျှင် သူတို့ကို ကျွန်ုပ်တို့ မည်ကဲ့သို့ မှန်ကန်စွာ တန်ဖိုးထားလျက်ဆက်ဆံကြမည်နည်း။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို စိတ်နှလုံးပါသောမေတ္တာမှမလာဘဲ တာဂန်အရ သုန်သုန်မှုန်မှုန်လုပ်ဆောင်သည့် ဂတ်ပြုမှုမျိုးဖြင့်သာ ဂတ်ပြုနေလျှင် ကျွန်ုပ်တို့၏ဘဂရှင်သန်မှုသည် ငြီးငွေ့ဖွယ်တကုပ်ကုပ်လုပ်ရသောအလုပ်တစ်ခုထက် ဘာထူးဦးမည်နည်း။

ပထမနှင့်အကြီးမြတ်ဆုံးဖြစ်သောပညတ်ချက်ကို ချိုးဖောက်ခြင်းဖြင့် (ကျွန်ုပ်တို့အားလုံးထိုသို့ပြုမိကြသည်) ကျွန်ုပ်တို့သည် ဘုရားသခင်ကိုချစ်ရန် ပျက်ကွက်လျက် အကြီးဆုံးအပြစ်ကို

ကျူးလွန်ကြသည်။ ဤနေရာတွင် အခြေခံပြဿနာကို ကျွန်ုပ်တို့ကြုံတွေ့ရသည်။ ကျွန်ုပ်တို့ ဘုရားသခင်ကိုချစ်ရန် ကျွန်ုပ်တို့မလုပ်နိုင်ပါ။ ထိုသို့ဆိုလျှင် ဘုရားသခင်အပေါ်ချစ်သောမေတ္တာကို ကျွန်ုပ်တို့အထဲတွင် မည်သည့်အရာက ဖန်ဆင်းပေးနိုင်သနည်း။ ကျွန်ုပ်တို့နားလည်နိုင်အောင် အောက်ပါပုံဥပမာက ကူညီပေးပါမည်။

## သုံးဖြုန်းသူပျောက်သောသားပုံဥပမာ

တစ်ဖန် ကိုယ်တော်က "လူတစ်ဦး၌ သားနှစ်ယောက်ရှိ၏။ သားငယ်သည် ဖခင်အား 'အဖေ၊ အကျွန်ုပ်ရထိုက်သောအမွေပစ္စည်းကို ခွဲဝေပေးပါ'ဟု ဆိုသဖြင့် ဖခင်သည် သူ၏ဥစ္စာပစ္စည်းများကို သူတို့အား ခွဲဝေပေးလေ၏။ ထို့နောက် ရက်များမကြာမီ သားငယ်သည် မိမိ၌ရှိသမျှတို့ကိုစုစည်းပြီးလျှင် ဝေးလံသောတိုင်းပြည်သို့ခရီးထွက်၍ ထိုအရပ်၌ အထိန်းအကွပ်မရှိအသက်ရှင်လျက် မိမိ၏အမွေပစ္စည်းများကို ဖြုန်းတီးလေ၏။ မိမိ၌ရှိသမျှတို့ကို အကုန်သုံးစွဲပြီးသောအခါ ထိုပြည်အနှံ့တွင် ကြီးစွာသောငတ်မွတ်ခေါင်းပါးခြင်းဘေးကျရောက်သဖြင့် သူသည် ဆင်းရဲနွမ်းပါးခြင်းသို့ရောက်လေ၏။ ထိုအခါ သူသည် ထိုပြည်မှပြည်သားတစ်ဦးထံ သွားရောက်မှီခိုရာ ထိုသူသည် ဝက်တို့ကိုထိန်းကျောင်းရန် သူ့ကိုမိမိလယ်သို့စေလွှတ်လေ၏။ သူသည် ဝက်များစားနေသောပဲတောင့်များကိုပင် ဝလင်စွာစားရရန် တောင့်တခဲ့သော်လည်း မည်သူကမျှ သူ့ကို စားစရာမပေးခဲ့ချေ။ ထိုအခါ သူသည် အသိတရားပြန်ရ၍ 'ငါ့အဖေထံ၌အလုပ်သမားမည်မျှပင်များစေကာမူ သူတို့တွင် စားစရာအလျှံပယ်ရှိ၏။ ငါမူကား ဤအရပ်၌ အစာငတ်လျက် သေလုမတတ်ဖြစ်နေရ၏။ ငါသည် ထ၍ ငါ့အဖေထံသို့သွားပြီး 'အဖေ၊ အကျွန်ုပ်သည် ကောင်းကင်ကိုလည်းကောင်း၊ အဖေ့ကိုလည်းကောင်း ပြစ်မှားခဲ့ပါပြီ။ အကျွန်ုပ်သည် အဖေ၏သားဟူ၍အခေါ်ခံရန် မထိုက်တန်တော့ပါ။ အကျွန်ုပ်ကို အဖေ၏အလုပ်သမားတစ်ဦးအဖြစ်ထားပါ'ဟူ၍ ငါပြောမည်ဟု ဆိုပြီးလျှင် ထ၍ မိမိဖခင်ထံသို့ပြန်လာလေ၏။ သူသည် အဝေး၌ရှိနေစဉ်ပင် သူ၏ဖခင်သည် သူ့ကိုမြင်လျှင် ကြင်နာစိတ်ရှိသဖြင့် ပြေးလာ၍ သူ့ကိုဖက်လျက် နမ်းလေ၏။ သားကလည်း 'အဖေ၊ အကျွန်ုပ်သည် ကောင်းကင်ကိုလည်းကောင်း၊ အဖေ့ကိုလည်းကောင်း ပြစ်မှားခဲ့ပါပြီ။ အကျွန်ုပ်သည် အဖေ၏သားဟူ၍အခေါ်ခံရန် မထိုက်တန်တော့ပါ'ဟု ဆို၏။ သို့သော် ဖခင်သည် မိမိအစေအပါးတို့အား 'အကောင်းဆုံးသောဝတ်လုံကို အမြန်ယူခဲ့၍ သူ့ကိုဝတ်ပေးကြလော့။ လက်၌ လက်စွပ်ကိုစွပ်ပေး၍ ခြေ၌ ဖိနပ်ကိုစီးစေကြလော့။ ဆူဖြိုးသောနွားသငယ်ကိုလည်းဆွဲလာ၍ သတ်ကြလော့။ ငါတို့သည် ပျော်ရွှင်စွာစားကြစို့။ အကြောင်းမူကား ငါ၏ဤသားသည် သေဆုံးခဲ့သော်လည်း ပြန်ရှင်လာပြီး ပျောက်ဆုံးခဲ့သော်လည်း ပြန်တွေ့ရပြီ'ဟု ဆိုလေ၏။ ထို့နောက် သူတို့သည် ပျော်ပွဲရွှင်ပွဲကိုအစပြုကြလေ၏။ လယ်၌ရှိသော သားကြီးမူကား ပြန်လာ၍ အိမ်အနီးသို့ရောက်လာသောအခါ တီးမှုတ်သံနှင့်ကခုန်သံတို့ကိုကြားရသဖြင့် အစေခံတစ်ဦးကိုခေါ်၍ 'မည်သည့်အခြင်းအရာများဖြစ်ပျက်နေသနည်း'ဟု မေးမြန်းလေ၏။ အစေခံကလည်း 'သင်၏ညီပြန်ရောက်လာပြီ။ သူ့ကိုကျန်းမာစွာဖြင့် ပြန်တွေ့ရသည့်အတွက် သင်၏ဖခင်သည် ဆူဖြိုးသောနွားသငယ်ကို သတ်ပါပြီ'ဟု ဆိုလေ၏။ ထိုအခါ သားကြီးသည် အမျက်ထွက်၍ အထဲသို့မဝင်လိုသောကြောင့် သူ၏ဖခင်သည် အပြင်သို့ထွက်လာ၍ သူ့ကိုဖျောင်းဖျလေ၏။ သို့ရာတွင် သူသည် ဖခင်အား 'အကျွန်ုပ်သည် နှစ်ပေါင်းများစွာ အဖေ့ကိုအစေခံ၍ အဖေ၏အမိန့်ကို တစ်ခါမျှမလွန်ဆန်ခဲ့ပါ။ သို့သော် အဖေသည် အကျွန်ုပ်၏မိတ်ဆွေများနှင့်အတူပျော်ရွှင်ရန် အကျွန်ုပ်အား ဆိတ်တစ်ကောင်ကိုမျှမပေးဖူးပါ။ သို့ရာတွင် အဖေ၏ဥစ္စာပစ္စည်းများကို ပြည့်တန်ဆာများနှင့်ဖြုန်းတီးခဲ့သည့် အဖေ၏ဤသားပြန်လာသောအခါ၌မူ သူ့အတွက် ဆူဖြိုးသောနွားသငယ်ကို သတ်ပေးသည်တကား'ဟု ဆို၏။ ဖခင်ကလည်း 'ငါ့သား၊

သင်သည် ငါနှင့်အတူအမြဲရှိနေ၏။ ငါ၏ဥစ္စာရှိသမျှသည် သင်၏ဥစ္စာဖြစ်၏။ သို့သော် သင်၏ညီသည် သေဆုံးခဲ့သော်လည်း အသက်ပြန်ရှင်ပြီး ပျောက်ဆုံးခဲ့သော်လည်း ပြန်တွေ့ရသည်ဖြစ်၍ ယခုဝမ်းမြောက်ပျော်ရွှင်သင့်၏'ဟု ဆိုလေ၏''ဟူ၍ မိန့်တော်မူ၏။ (လု ၁၅း၁၁-၃၂)

**တောက်ပစေရမည့်အချိန်**
သင့်အဖွဲ့အား ဤပုံဥပမာကို ပြဇာတ်တစ်ပုဒ်အဖြစ် ရေးသားစေပါ။

ဤပုံဥပမာသည် ခရစ်တော်၏အကျော်ကြားဆုံးပုံဥပမာဖြစ်ပြီး ကမ္ဘာ့စာပေလောက၏ ဂွတ္တဂင်တစ်ခုဖြစ်သည်။ ပါလက်စတိုင်းသားများနှင့် အာရပ်လူမျိုးထဲမှ ဘက်တိုအင်အနွယ်များကြားတွင် နှစ်လကြာအတော်အတန်နေထိုင်ခဲ့သော Dr Kenneth Bailey က သူတို့သည် ခရစ်တော်၏ခေတ်ကာလက မိမိတို့ဘိုးဘေးများ၏တန်ဖိုးထားမှုများစွာတို့ကို ဆက်လက်ထိန်းသိမ်ထားကြသည်ဟု ထောက်ပြသည်[9]။ Dr Bailey က သူတို့အား ဤပုံဥပမာပြောပြသောအခါ သူတို့ပြန်တုန့်ပြန်သောအချက်များက ကျွန်ုပ်တို့အား ၎င်း၏အဓိပ္ပါယ် အစစ်အမှန်ကို ဖမ်းမိနိုင်အောင်ကူညီပေးသည်။

*ပျောက်သောသား၏တရားလွန်သောအပြုအမူ*

သူ့ဖခင်အပေါ် သူ၏ပြုမူဆက်ဆံမှု။ ပျောက်သောသား၏အဓိကပြစ်မှုသည် "အထိန်း အကွပ်မရှိ အသက်ရှင်လျက် မိမိ၏အမွေပစ္စည်းများကို ဖြုန်းတီး"ခြင်းမဟုတ် (၁၅း၁၃)။ "အဖေ၏ဥစ္စာပစ္စည်းများကို ပြည့်တန်ဆာများနှင့်ဖြုန်းတီးခဲ့"ခြင်းလည်းမဟုတ် (၁၅း၃၀)။ ထိုသို့ပြုခြင်းသည် ဆိုးသည်မှန်သော်လည်း အဆိုးဆုံးမှာ သူ့ဖခင်အပေါ်သူ၏ပြုမူဆက်ဆံမှုဖြစ်သည်။ ရှေးခေတ်ပါလက်စတိုင်းတွင် ဖခင်တစ်ဦးက မိမိသေဆုံးသည့်အခါ သားတစ်ဦးစီက အမွေမည်မျှရရှိမည်ဖြစ်ကြောင်း သေတမ်းစာတွင် တိတိကျကျဖော်ပြလေ့ရှိသည်။ ဖခင်မသေဆုံးမီ သားက အမွေတောင်းမည်ဆိုလျှင် ထိုအပြုအမူသည် ရက်စက်ရမ်းကမ်းမှုဖြစ်သည်ဟု သူ့အသိုင်းအဝိုင်းက မှတ်ယူမည်ဖြစ်သည်။ ထိုသို့ပြုခြင်းက "အဖေ၊ အဖေသေတာကို ကျွန်တော်လိုချင်တယ်။ ကျွန်တော်မပျော်ရွှင်နိုင်အောင် အဖေက အဟန့်အတားဖြစ်နေတယ်။ မြန်မြန်သေပြီး ကျွန်တော့်လမ်းကနေထွက်သွားပါ။ မဟုတ်ရင်လည်း ကိုယ့်ကိုယ်ကို ဓါးပြတိုက်ပြီး ငါ့ကိုအမွေပေးပါတော့"ဟု ပြောနေခြင်းနှင့်အတူတူဖြစ်သည်။ မိသားစုဆက်ဆံရေးကို အထွတ်အမြတ်ထားသည့်အသိုင်းအဝိုင်းတွင် ထိုသို့သောစိတ်သဘောသည် စဉ်းစားလို့မရနိုင်သော၊ ခွင့်လွှတ်၍မရနိုင်သောအရာဖြစ်သည်။

ဤပုံဥပမာနှင့်ဆိုင်သောကျင့်သုံးမှုသည် ထင်ရှားပါသည်။ ဘုရားသခင်အပေါ် လူများစွာတို့၏စိတ်သဘောထားသည် ပျောက်သောသားက သူ့ဖခင်အပေါ်ထားရှိသောစိတ်သဘောထားနှင့်တူနေသည်။ သူတို့သည် ဖန်ဆင်းရှင်ရှိတော်မူကြောင်း မငြင်းလျှင်ပင် ထိုအရှင်နှင့် ဘာမျှမပတ်သက်လိုကြပေ။ ဖန်ဆင်းရှင်နှင့်သူ၏ပညတ်ချက်တို့သည် သူတို့၏ပျော်ရွှင်မှုအတွက် အဟန့်အတားဖြစ်လျက် သူတို့၏လွတ်လပ်မှုကို ကန့်သတ်သည်ဟု သူတို့ထင်မြင်ကြသည်။ သူတို့သည် ဘုရားသခင်အပေါ်လုံးလုံးမှီခိုခြင်းမပြုဘဲ အသက်ရှင်လိုကြသည်။ သူတို့သည် ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့၊ စိတ်ဝိညာဉ်တစ်ခုလုံးနှင့် အသိဉာဏ်ရှိသမျှတို့ဖြင့် မချစ်ကြပေ။ သို့သော် ဖန်ဆင်းရှင်ကဖန်ဆင်းထားသည့် ကောင်းသောအရာများကိုမူ အပြည့်အဝခံစားလိုကြသည်။

သုံးဖြုန်းသည့်ပျောက်သောသားက လူ့အသိုင်းအဝိုင်းပိုင်ဆိုင်သောအရင်းကို အကုန်သုံးပစ်သည်။ စက်မှုထွန်းကားသောလူ့အဖွဲ့အစည်းများမတိုင်မီကတည်း မြေယာကျွဲနွားတို့သည် ဆွေ

---

[9] *Poet and Peasant*.

မျိုးမိသားစု၏ အခြေခံပိုင်ဆိုင်သည့်အရင်းဖြစ်ပြီး ကြိုးပမ်းလုပ်ဆောင်မှုတိုင်းကို ဆွေမျိုးမိသားစုအတွင်း လယ်မြေရယူထိန်းသိမ်းရန်အတွက် လုပ်ဆောင်ကြသည်။ သို့သော် ထိုသားသည် သူ့ဖခင်မကွယ်လွန်မီ သူ့ဖေစုပိုင်ဆိုင်မှုကိုသာတောင်းသည်မဟုတ်။ ၎င်းကိုရသည့်အခါ ရောင်း၍ ရသည့်ငွေကို ပေးလံသောပြည်၌ သုံးဖြုန်းပစ်ခဲ့သည်။ သိရမည့်အချက်မှာ ၎င်းကိုသူရောင်းသည့်အခါ ဆွေမျိုးမိသားစုထဲမှ မည်သူကမျှဂယ်ရဲမည်မဟုတ်။ အကြောင်းမှာ သူ့ဖခင်အသက်ရှင်နေလျက်နဲ့ သူပိုင်ဆိုင်သောမြေယာကို ရယူခြင်းဖြစ်သွားမည်ဖြစ်သည်။ ထို့ကြောင့် ထိုသုံးဖြုန်းသောသားသည် မြေယာကို အခြားသူများထံရောင်းလျက် မိသားစုပိုင်ဆိုင်သောအရင်းကို အစဉ်လျော့နည်းသွားစေပြီဖြစ်သည်။ သူထွက်သွားသည့်အချိန်၌သာမက သူပြန်လာသောအခါလည်း သူ့ရပ်ရွာသည် ရက်စက်ရမ်းကမ်းစွာအပြုခံရပြီဖြစ်သည်။ သူသည် အရင်းကို တစ်ပြားမကျန် မိုက်မဲစွာဖြုန်းတီးလိုက်ပြီဖြစ်ကြောင်း သူတို့သိသွားကြသည်။ ပြန်လည်ရယူရန်မဖြစ်နိုင်သော ဆုံးရှုံးမှုပင်ဖြစ်သည်။

ဤနေရာတွင်လည်း လက်တွေ့ကျင့်သုံးစရာမှာ ထင်ရှားလှသည်။ လူတစ်ဦးသည် ဘုရားသခင်ကို ငြင်းပယ်၍ သို့မဟုတ် ဥပေက္ခာပြု၍ မိမိကိုယ်ကိုယ် ကျေနပ်စေရန်သာ အသက်ရှင်လျှင် သူသည် မိမိကိုယ်ကိုယ်သာ ပျက်စီးစေသည်မဟုတ်။ လူ့အသိုင်းအဝိုင်းတစ်ခုလုံး၏ ကိုယ်ကျင့်တရားပိုင်းနှင့် ဂိညာဉ်ရေးရာပိုင်ဆိုင်သည့်အရင်းကို လျော့နည်းစေသည်။ သူ၏ အရက်သေစာသောက်စားမှု၊ ပျက်ကွက်သည့်အကျင့်၊ ပျင်းရိခြင်း၊ လိမ်လည်မှုနှင့် အကျင့်ခြစားမှုတို့ဖြင့် အသိုင်းအဝိုင်းကို စီးပွားရေးအရလည်း အနာတရဖြစ်စေနိုင်သည်။ တစ်မျိုးသားလုံး ထိုသို့လုပ်နေလျှင် မည်မျှပို၍ အနာတရဖြစ်လေမည်နည်း။

*သား၏တောင်းဆိုမှုအပေါ် ဖခင်၏လုပ်ဆောင်မှု*

သုံးဖြုန်းသောသားသည် သူ၏ဖခင်ကို တရားလွန်သောတောင်းဆိုမှုဖြင့် ဂမ်းနည်းပက်လက်ဖြစ်စေပုံကို ခရစ်တော်ဖော်ပြသောအခါ နားထောင်နေသူများက ထိုဖခင်သည် သူ့သားကို မကွပ်မျက်ခဲ့လျှင်ပင် အလွန်ဒေါသထွက်လျက် သူ့ကိုအမွေဖြတ်ကြောင်း သူပြောလာမည်ဟု မျှော်လင့်ခဲ့ကြပေလိမ့်မည်။ ထိုသို့သောတုန့်ပြန်မှုသည် မှန်ကန်သောတုန့်ပြန်မှုဟု သတ်မှတ်ခံရမည်ဖြစ်သည်။ သို့သော် ဖခင်သည် သား၏တောင်းဆိုမှုကို ပေးလျက် ထွက်သွားခွင့်ပြုခဲ့ကြောင်း ခရစ်တော်ကဖော်ပြခဲ့သည်။ ဤနေရာတွင်လည်း လက်တွေ့ကျင့်သုံးစရာမှာ တစ်ဖန်ထင်ရှားလှသည်။ ဘုရားသခင်သည် အာဏာရှင်မဟုတ်။ လူတို့ကို ကိုယ်တိုင်ဖန်တီးနိုင်စွမ်းပေးလျက် ၎င်းကို လေးစားပေးတော်မူသည်။ လူတို့သည် ဘုရားသခင်ကို ငြင်းပယ်၊ ဥပေက္ခာပြု၊ အထင်အမြင်သေး၊ စော်ကားလျက်လက်မခံကြသည့်အခါ ဘုရားသခင်သည် သူတို့ကို အသေရိုက်နက်ဆုံးမခြင်းပြုတော်မမူပေ။ သူတို့အသက်တာမှ ကောင်းသောအရာများ ချက်ချင်းရုပ်သိမ်းလိုက်ခြင်းမျိုးကိုပင်ပြုတော်မမူပေ။ သို့သော် ဖန်ဆင်းခံသတ္တဝါသည် ဖန်ဆင်းရှင်ကို ငြင်းပယ်သောအခါ သို့မဟုတ် ဥပေက္ခာပြုသောအခါ မလွဲကေန်တွေ့ကြုံရမည့် ဂိညာဉ်ရေးဆင်းရဲမှုနှင့် ကိုယ်ကျင့်တရားဆိုင်ရာဘေးဒုက္ခကို ဖြေးဖြေးချင်း သူတို့သိရှိသွားအောင် အခွင့်ပေးတော်မူသည်။

*သုံးဖြုန်းပျောက်ဆုံးသူ၏ တဖြေးဖြေးဖြစ်ပေါ်လာသောနောင်တ*

အစပိုင်းတွင် သုံးဖြုန်းပျောက်ဆုံးသောသားအတွက် ဖခင်၏မျက်စိအောက်၌ရှိနေခြင်းနှင့်ထိန်းချုပ်မှုတို့မှ ဝေးကွာသွားခြင်းသည် ပေးဆပ်စရာအကုန်ပေးဆပ်လိုက်သကဲ့ဖြစ်ခဲ့သည်။ အထိန်းအကွပ်မဲ့သောပျော်ပါးမှုကို သူပျော်ပါးခဲ့သည်။ သို့သော် တဖြေးဖြေး သူဆင်းရဲလာသည်။ ဝေမွတ်လာသည်။ ဂုဏ်သိက္ခာမဲ့လာသည်။ အထီးကျန်လာသည်။ မည်သူကမျှ သူ့ကိုအလိုမရှိတော့ပေ။ ထို

အချက်က သူ့အထဲတွင် နောင်တတရားကို စတင်ဖြစ်ပေါ်စေခဲ့သည်။ သူ့ဖခင်ထံပြန်လျက် မိမိမိုက်မဲမှုကို ဝန်ခံတောင်းပန်ရန် သူဆုံးဖြတ်ခဲ့သည်။ သူဖခင်အား "အကျွန်ုပ်သည် အဖေ၏သားဟူ၍အခေါ်ခံရန် မထိုက်တန်တော့ပါ။ အကျွန်ုပ်ကို အဖေ၏အလုပ်သမားတစ်ဦးအဖြစ်ထားပါ" ဟုပြောရန် သူပြင်ဆင်ခဲ့သည် (၁၅း၁၉)။

ထိုသို့သောတောင်းဆိုမှုသည် စစ်မှန်သောနောင်တနှင့် စစ်မှန်သောပြန်လည်သင့်မြတ်မှုကို ဖော်ပြနေသည်ဟု ကျွန်ုပ်တို့မြင်နိုင်ပေသည်။ သို့သော် ထိုတောင်းဆိုမှုသည် ဂမ်းသာစရာတော့မဟုတ်ပေ။ ရှေးခေတ်လယ်ယာလုပ်ငန်းတွင် အလုပ်သမား သုံးမျိုးရှိခဲ့သည်။ ပထမမှာ ပိုင်ရှင်၏သားများဖြစ်သည်။ သူတို့သည် အခမယူကြပေ။ ဖခင်သေဆုံးသည့်အခါ အမွေဆက်ခံမည့် မိသားစုဝင်များဖြစ်ကြလျက် ဖခင်ကိုချစ်သောစိတ်၊ မိသားစုကိုချစ်သောစိတ်ဖြင့် မိသားစုကောင်းကျိုးအတွက် မေတ္တာသက်သက်ဖြင့်လုပ်ဆောင်ကြသည်။

နောက်တစ်မျိုးမှာ မိမိတို့စားဝတ်နေရေးစရိတ်အတွက် အနိမ့်ဆုံးလုပ်ခရလျက် လုပ်ရကြသည့် မြေကျွန်များဖြစ်သည်။ သူတို့၌ လွတ်လပ်ခြင်းမရှိပေ။ သူတို့သည် လယ်ယာထဲတွင်နေကြသည်။ သို့သော် အခြားတစ်မျိုးမှာ လွတ်လပ်မှုရှိသော အလုပ်သမားများဖြစ်သည်။ သူတို့သည် ရွာထဲတွင်နေထိုင်ကြပြီး သဘောတူညီချက်ဖြင့် အငှားလိုက်သူများဖြစ်သည်။ ပြန်လာသည့် ပျောက်သောသား ဖြစ်လိုသည့်အရာမှာ ဤတတိယအမျိုးအစားဖြစ်သည်။ သူသည် ဖခင်နှင့်မိသားစုကို ချစ်သောမေတ္တာသက်သက်ဖြင့် နေထိုင်လုပ်ကိုင်မည်မဟုတ်။ မိမိ ရထိုက်သောအရာအားလုံးကို မိမိ၏မိုက်မဲသောအသက်ရှင်မှုကြောင့် ဆုံးရှုံးပြီးသည့်အခါ ယခုလည်း သူ့ဖခင်၏အချုပ်အချယ်ကင်းသည့်အခြေအနေတွင် ဆက်ရှိနေလျက် မိမိ၏ဝန်ဆောင်မှုအတွက် ငွေရရှိသည့်အလုပ်မျိုး လုပ်ရန် သူတောင်းဆိုခဲ့သည်။

ထိုသို့သော တောင်းဆိုမှုမျိုးသည် ဖခင်ကို မည်သည့်အခါမျှမကျေနပ်စေနိုင်ပေ။ ခပ်တန်းတန်းဖြစ်နေခြင်းကို ထိုတောင်းဆိုမှုမျိုးက ကုစားနိုင်မည်မဟုတ်ပေ။ အမှန်ဆိုလျှင် သုံးဖြုန်းသည့် ပျောက်သောသားသည် မိုက်မဲသည့်လွတ်လပ်ခြင်းကို စွန့်လွှတ်ရမည်။ သူသည် ဖခင်ကို ဖခင်အဖြစ်လက်ခံလျက် ဖခင်နှင့်မိသားစုကိုချစ်သောမေတ္တာဖြင့် အသက်ရှင်လုပ်ကိုင်ရမည်ဖြစ်သည်။

လူများစွာတို့သည် ထိုအမှားမျိုးမှားနေကြဆဲဖြစ်သည်။ ဘုရားသခင်မပါသော အသက်ရှင်ခြင်း၏ရလဒ်အဖြစ် ခါးသီးသည့် ကိုယ်ကျင့်တရားနှင့်ဂိညာဉ်ရေးဆင်းရဲမှုအတွေ့အကြုံအားဖြင့် သင်ခန်းစာရခဲ့ကြပြီး ဘဝအသက်ရှင်မှုပုံစံပြောင်းလျက် ဘုရားသခင်ကို အစေခံမည်ဟု ဝန်ခံပြောဆိုကြသည်။ သို့သော် ရှေးခေတ်ဖာရိရှဲများနည်းတူ ဘုရားသခင်အပေါ်သူတို့၏စိတ်သဘောသည် မှားမြဲမှားနေဆဲဖြစ်သည်။ သူတို့ မစဉ်းမိ၍လည်းဖြစ်နိုင်သည်။ ဘုရားသခင်နှင့်ကင်းကင်းနေရင်း ကောင်းသောအပြုအမူ၊ လုပ်ဆောင်ချက်များနှင့် ဘာသာရေးဆိုင်ရာစောင့်ထိန်းမှုများဖြင့် ဘုရားသခင်ထံ မျက်နှာရမည်ဟု မှတ်ယူပြီး နောက်ဆုံးတွင် ဘုရားသခင်သည် သူတို့ကို ကယ်တင်ခြင်းပေးလိမ့်မည်ဟု မျှော်လင့်နေကြသည်။ သို့သော် ဤသို့မှတ်ယူမျှော်လင့်ခြင်းသည် မှား၏။ ဖန်ဆင်းခံဖြစ်သော ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မည်သည့်အခါမျှ ကင်းကွာ၍မရနိုင်ပါ။ အဖိုးထိုက်သည့် ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုများသည် ကိုယ်တော်ထံမှလာ၍ ကိုယ်တော်ပိုင်သောအရာများဖြစ်ကြသည်။ ကယ်တင်ခြင်းအပါအဝင် သူပိုင်သောအရာကို သူပိုင်သောအရာဖြင့် ကျွန်ုပ်တို့မဝယ်နိုင်ပါ။ ဘုရားသခင်ကို အားရကျေနပ်စေအောင် အသက်ရှင်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ စိတ်နှလုံးအကြွင်းမဲ့၊ စိတ်ဝိညာဉ်တစ်ခုလုံးနှင့် အသိဉာဏ်ရှိသမျှတို့ဖြင့် သူ့ကို ချစ်ရန်ဖြစ်သည်။

သို့သော် မည်သည့်အရာက ကျွန်ုပ်တို့စိတ်နှလုံးထဲတွင် ထိုကဲ့သို့သောချစ်ခြင်းကို ဖြစ်

ပေါ် စေမည်နည်း။

*ဖခင်ဖြစ်သူ၏ မိမိကိုယ်ကိုယ်နှိမ့်ချခြင်း*

လက်တွေ့ဘဝတွင် ဤပုံဥပမာထဲမှသားလိုမျိုး အိမ်ပြန်လာခဲ့လျှင် ရွာသားအားလုံးထွက်လာလျက် သူ့ကိုပြေးတွေ့ကာ စုတ်ပြတ်ပေတေနေသောသူ့အဖြစ်ကို ပြက်ရယ်ပြုပြောင်လှောင်လျက် သူတို့ အသိုင်းအဝိုင်းတွင် သူလုပ်ဆောင်ခဲ့သည့် ထိခိုက်မှုနှင့်ရှက်ဖွယ်အမှုတို့အတွက် သူ့ကိုကျိန်ဆဲကာ သူ့ဖခင်ကသာ အမိန့်ပေးလျက် သူ့ကို ခဲနဲ့ပေါက်သတ်ကြပေလိမ့်မည်။ သို့သော် ဤအခြေအနေတွင် ဖခင်ဖြစ်သူက မှင်တက်မိစေသည့်လုပ်ဆောင်ချက်မျိုးကို လုပ်ဆောင်ခဲ့သည်မှာ သူသည် သုံးဖြုန်းပျောက်ကွယ်ခဲ့သည့်သားထံ ပြေးသွားလျက် သူ့ကိုခွင့်လွှတ်ကာ ကြိုဆိုလက်ခံခဲ့သည်။ ရှေးခေတ်က အရေးကြီးပုဂ္ဂိုလ်များသည် မည်သည့်အကြောင်းကြောင့်မျှ မပြေးကြပေ။ ပြေးလွှားနေခြင်းသည် သူတို့၏ဂုဏ်သိက္ခာကို နိမ့်ကျစေသည်။ ဂရိအတွေးအခေါ်ပညာရှင် အရိစတိုတယ်ကပင် ထိုအတိုင်းသင်ကြားပေးခဲ့သည်။ သုံးဖြုန်းပျောက်ဆုံးသောသား၏ဖခင်အဖို့ သားထံပြေးသွားခြင်းသည် သူ့အတွက်အရှက်တကွဲအကျိုးနည်းဖွယ်ဖြစ်သည်။ သားရောက်လာသည့်အထိ အိမ်ထဲတွင် ဣန္ဒြေရှိရှိထိုင်စောင့်နေမည့်အစား သုံးဖြုန်းပျောက်ဆုံးခဲ့သောသားကို ပြေးသွား၍ကြိုသည့်အပြုအမူသည် မြင်သူတို့ကိုမှင်တက်မိစေသောအပြုအမူဖြစ်သည်။ သို့သော် ထိုအပြုအမူက သုံးဖြုန်းပျောက်ဆုံးခဲ့သည့်သားအား သူသတိမထားမိခဲ့သည် သူ့ဖခင်၏စိတ်နှလုံးသည် မည်ကဲ့သို့သောစိတ်နှလုံးမျိုးဖြစ်ကြောင်း တွေ့မြင်သွားစေခဲ့သည်။ သူ၏ခွင့်လွှတ်ခြင်း၊ ကြိုဆိုလက်ခံခြင်းနှင့် သားအဖြစ် မူလနေရာသို့ပြန်လည်ရောက်ရှိစေခြင်းတို့က သားဖြစ်သူအား နောက်ပိုင်းတွင် ဖခင်ကို စိတ်နှလုံးအကြွင်းမဲ့ချစ်လျက် အနှောင်အဖွဲ့မဲ့စွာအစေခံရန် တွန်းပို့ပေးခဲ့သည်။

မှန်ပါသည်။ ပုံဥပမာ၏ဤအပိုင်းက ဘုရားသခင်သည် အပြစ်သားဖြစ်သော ကျွန်ုပ်တို့အပေါ် ခရစ်တော်အားဖြင့် ဘာကိုပြုတော်မူခဲ့ကြောင်း ဖော်ပြရန်ဖြစ်သည်။ ရှေးခေတ်က လက်ဝါးကပ်တိုင်ပေါ် တင်သတ်ခြင်းသည် ရှက်ဖွယ်အကောင်းဆုံး၊ အရှက်အရစေဆုံးသော သေခြင်းဖြစ်သည်။ ထို့ကြောင့် လက်ဝါးကပ်တိုင်နှင့်ဆိုင်သောခရစ်ယာန်သတင်းစကားသည် တွေးခေါ်မှုကို နှစ်သက်သောဂရိများအတွက် မိုက်မဲခြင်းဖြစ်ပြီး ဘာသာရေးသမား ဂျူးလူမျိုးတို့အတွက် မကောင်းသတင်းဖြစ်နေခဲ့ခြင်းဖြစ်သည်။ သို့သော် သန်းပေါင်းများစွာအတွက် ထိုသတင်းစကားသည် ကယ်တင်ခြင်းကိုပေးသော ဘုရားသခင်၏တန်ခိုးတော်ဖြစ်ကြောင်း သက်သေထင်ရှားခဲ့သည်။ အကြောင်းမှာ ထိုသတင်းစကားသည် ခွင့်လွှတ်ခြင်း၊ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်းတို့ကိုသာ ဖြစ်စေသည်မဟုတ်၊ မိမိဖန်ဆင်းထားသူများက မိမိ၏သားတော်ကို လက်ဝါးကပ်တိုင်ပေါ်တင်သတ်ရန်အခွင့်ပေးသောကြောင့် သားတော်သည် မိမိ၏ပြင်းထန်ဝေဒနာအားဖြင့် သူတို့ကို ခွင့်လွှတ်ခြင်းရရှိစေကာ မိမိ၏ချစ်ခြင်းမေတ္တာကိုလည်း သူတို့အပေါ်သွန်းလောင်းပေးခဲ့ခြင်းက နောင်တရလျက် အပြစ်လွှတ်ခြင်းခံရသောသူတို့၏စိတ်နှလုံးထဲတွင် ဘုရားသခင်ကို လိုလိုလားလားတုန့်ပြန်သည့်ချစ်ခြင်းမေတ္တာကို ဖန်ဆင်းပေးခဲ့သည်။ ထိုမေတ္တာသည်သာ ဘုရားသခင်ကို အစေခံရန်အတွက် ကျေနပ်အားရစရာအကြောင်းရင်းခံ၊ မှန်ကန်သောခရစ်ယာန်လူ့ကျင့်ဝတ်ကို ကျင့်ဆောင်ရန်အတွက် လုံလောက်သောအကြောင်းရင်းခံဖြစ်သည်။

ခရစ်ယာန်တမန်တော် ရှင်ယောဟန်က ဤအချက်ကို ဂါကျနစ်ကြောင်းဖြင့် အကျဉ်းချုပ်ခဲ့သည်။ "ဘုရားသခင်သည် ငါတို့ကိုဦးစွာချစ်တော်မူသောကြောင့် ငါတို့သည်လည်းချစ်ကြ၏။...... ဘုရားသခင်ကိုချစ်ခြင်းဆိုသည်မှာ ကိုယ်တော်၏ပညတ်တော်တို့ကိုစောင့်ထိန်းခြင်းပင်ဖြစ်၏"။

**ချစ်ခြင်းမေတ္တာနှင့်နာခံခြင်း**

"စစ်မှန်သည့်ကိုယ်ကျင့်တရားအားလုံး၏အခြေခံသည် ဘုရားသခင်၏ပညတ်တော်တို့ကို စောင့်ထိန်းခြင်းသက်သေရှိသော ဘုရားသခင်ကိုချစ်ခြင်းဖြစ်သည်"။ ဆွေးနွေးပါ။

သုံးဖြုန်းပျောက်ဆုံးသောသားက သူ့ဖခင်အပေါ် မည်သည့်စိတ်သဘောထားမျိုးထားရှိသနည်း။ ဤစိတ်သဘောထားမျိုးကို ထင်ဟပ်စေသည့် ယနေ့ခေတ်လူတို့က ဘုရားသခင်အပေါ် ထားရှိသောစိတ်သဘောထားကို မည်သည့်နေရာတွင် တွေ့ရသနည်း။

ဘုရားသခင်အပေါ် ထားရှိသောချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့စိတ်နှလုံးနှင့်အသက်တာတွင် မည်ကဲ့သို့ ဖြစ်ပေါ်လာစေနိုင်ကြောင်းနားလည်ရန် ဤပုံဥပမာကို မည်ကဲ့သို့ကူညီပေးသနည်း။

(၁ယော ၄း၁၉၊ ၅း၃)။

# အခန်း ၁၈

## ဒုတိယအကြီးမြတ်ဆုံးဖြစ်သော ပညတ်ချက်

ယေရှုခရစ်တော်၏မိန့်တော်မူချက်အရ ပညတ်ချက်အားလုံးအနက် ဒုတိယအကြီးမြတ်ဆုံးပညတ်ချက်မှာ - "ကိုယ့်ဝန်းကျင်၌ရှိသောသူကို ကိုယ်နှင့်အမျှချစ်ရမည်" (မ ၂၂း၃၉ မြန်မာ့စံမီ) ဖြစ်သည်။ ဤပညတ်ချက်သည် သူလတ်တလောဖန်တီးလိုက်သောပညတ်ချက်မဟုတ်၊ ဓမ္မဟောင်းကျမ်းမှ (ဂတ် ၁၉း၁၈) ကိုးကားခြင်းဖြစ်သည်။ ၎င်း၏အကျိုးအကြောင်းသင့်ခြင်းသည် အထူးရှင်းပြစရာမလိုအောင် ထင်ရှားပါသည်။ ကျွန်ုပ်တို့သည် ၎င်းကို အစဉ်အမြဲလုပ်ဆောင်နေလျှင် ဤလောကတွင် တွေ့ကြုံနေရသည့် နာကျင်ခြင်းနှင့်ဒုက္ခဝေဒနာ အများစုမဟုတ်လျှင်လည်း များစွာ ကင်းဝေးသွားပေလိမ့်မည်။ သို့သော် ကျွန်ုပ်တို့ထိုသို့ အစဉ်အမြဲမပြုကြပေ။ အဘယ့်ကြောင့်မပြုကြသနည်း။

**စာသင်ခန်းအတွက်**
အဘယ့်ကြောင့် လူတို့သည် မိမိဂန်းကျင်၌ရှိသောသူတို့ကို ကိုယ်နှင့်အမျှ အမြဲမချစ်ကြသနည်းဆိုသည့် အကြောင်းရင်းများနှင့်ပတ်သက်၍ သင့်စာသင်သားများအား အကြံပြုဆွေးနွေးစေပါ။

ယေရှု၏ပရိသတ်ထဲမှ လူတစ်ဦးသည် ဓမ္မဟောင်းကျမ်းကို နှံ့စပ်အောင်သိနားလည်ထားသူဖြစ်သော်လည်း ဤပညတ်ချက်ကိုမူ အခြားသူများထက် ပိုမိုစောင့်ထိန်းသည်ဟူ၍ မရှိခဲ့သူဖြစ်သည်။ ထို့ကြောင့် ဤပညတ်ချက်ကိုဖော်ပြသည့် စကားလုံးပိုင်းဆိုင်ရာအခက်အခဲကို တင်ပြလျက် မိမိအတွက် ဆင်ခြေပေးရန် ကြိုးစားခဲ့သည်။ သူက "မည်သူသည် ကိုယ့်ဂန်းကျင်၌ရှိသောသူ (ကိုယ်နှင့်စပ်ဆိုင်သောသူ) ဖြစ်သနည်း"ဟု မေးမြန်းခဲ့သည်။ သူဆိုလိုသည်မှာ - "ကိုယ့်ဂန်းကျင်၌ရှိသောသူ (ကိုယ်နှင့်စပ်ဆိုင်သောသူ)"ဆိုသည့်ဝေါဟာရသည် ကျွန်ုပ်၏ဇနီး၊ သားသမီးများနှင့်ဆွေများဖြစ်သည့် ကျွန်ုပ်နှင့်အနီးစပ်ဆုံးလူများကိုသာ ဆိုလိုပါသလား။ သို့မဟုတ် အိမ်နီးနားချင်းများ ပါပါသလား။ သို့မဟုတ် ကျွန်ုပ်၏ရပ်ကွက်ထဲကလူများလည်း ပါပါသလား။ သို့မဟုတ် ကျွန်ုပ်၏မြို့ရွာ၊ တိုင်းပြည်နှင့် တစ်ကမ္ဘာလုံးကလူများ ပါပါသလား။ ကန့်သတ်ချက်ဘယ်လိုထားမလဲ။ သေချာတာက ကိုယ့်မိသားစုကို ကိုယ်နှင့်အမျှချစ်၍ သူတို့ဆာငတ်သည့်အခါ ကျွန်ုပ်၏အစာကို သူတို့အား ညီတူညီမျှခွဲဝေပေးနိုင်ပါသည်။ သို့သော် တစ်မြို့ရှိ ဆာငတ်နေသူများအား ကျွန်ုပ်၏အစာကို ဝေငှပေးရမည်ဆိုလျှင် ၎င်းက အားလုံးကိုဆက်လက်အသက်ရှင်စေဖို့ လုံလောက်မည်မဟုတ်။ ထို့ကြောင့် "ကိုယ့်ဂန်းကျင်၌ရှိသောသူ (ကိုယ်နှင့်စပ်ဆိုင်သောသူ)"ကဆိုလိုသူ အတိအကျကား မည်သူနည်း။ ဆိုလိုရင်း ပိုးတိုးဂါးတိုးဖြစ်လွန်းပြီး ဤပညတ်ချက်သည် လက်တွေ့မကျ - ဟူ၍ဖြစ်သည်။ ဤဆင်ခြေသည် ဓမ္မဟောင်းကျမ်းနားလည်တတ်ကျွမ်းသူတစ်ဦးက ဒုတိယအကြီးမြတ်ဆုံးပညတ်ချက်ကို မစောင့်ထိန်းခဲ့ခြင်းအတွက် ပေးသည့် ဆင်ခြေဆင်လက်ဖြစ်သည် (လု ၁၀း၂၅-၂၉)။

## ရှမာရိနယ်သားကောင်းပုံဥပမာ

တစ်ခါက ကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦးသည် ထ၍ "ဆရာ၊ ထာဝရအသက်ကို အမွေဆက်ခံရန် မည်သည့်အမှုကို အကျွန်ုပ်ပြုရပါမည်နည်း" ဟု ကိုယ်တော်ကို အကဲစမ်း၍မေးလျှောက်လေ၏။ ကိုယ်တော်ကလည်း "ပညတ်တရားကျမ်းတွင် မည်သို့ရေးထားသနည်း။ သင်မည်သို့ဖတ်ရသနည်း"ဟု မေးတော်မူလျှင် ထိုသူက "သင်၏ဘုရားသခင်ထာဝရဘုရားကို သင်၏စိတ်နှလုံးအကြွင်းမဲ့၊ သင်၏စိတ်ဝိညာဉ်တစ်ခုလုံး၊ သင်၏အစွမ်းသတ္တိရှိသမျှနှင့် သင်၏အသိဉာဏ်ရှိသမျှတို့ဖြင့် ချစ်ရမည်ဟူ၍လည်းကောင်း၊ ကိုယ့်ဝန်းကျင်၌ရှိသောသူကို ကိုယ်နှင့်အမျှချစ်ရမည်ဟူ၍လည်းကောင်း ဖြစ်ပါသည်"ဟု လျှောက်လေ၏။ ကိုယ်တော်ကလည်း "မှန်ပေ၏။ ထိုအတိုင်းပြုလော့။ သို့ပြုလျှင် အသက်ရှင်လိမ့်မည်"ဟု မိန့်တော်မူ၏။ ထို သူသည် မိမိကိုယ်ကိုဖြောင့်မတ်ကြောင်း ဖော်ပြလို၍ "သို့ဖြစ်လျှင် မည်သူသည် အကျွန်ုပ်၏ဝန်းကျင်၌ရှိသောသူဖြစ်သနည်း"ဟု ယေရှုအား မေးလျှောက်လေ၏။ ယေရှုက "လူတစ်ဦးသည် ဂျေရုဆလင်မြို့မှ ဂျေရိခေါမြို့သို့ဆင်းလာစဉ် ဓားပြများနှင့်ကြုံတွေ့ရ၏။ ဓားပြ တို့သည် သူ၏အဝတ်များကိုချွတ်ယူပြီး ရိုက်နှက်ကာ သူ့ကိုသေလုမြောပါးအခြေအနေ၌ ထားခဲ့၍ ထွက်သွားကြ၏။ ယဇ်ပုရောဟိတ်တစ်ပါးသည် အကြောင်းတိုက် ဆိုင်၍ ထိုလမ်းအတိုင်းဆင်းလာပြီး ထိုသူကိုမြင်လျှင် လမ်း၏အခြားတစ်ဖက်မှ ရှောင်ကွင်းသွားလေ၏။ ထိုနည်းတူ လေဝိအနွယ်ဝင်တစ်ဦးသည်လည်း ထိုနေရာသို့ရောက်လာ၍ သူ့ကိုမြင်လျှင် လမ်း၏အခြား တစ်ဖက်မှ ရှောင်ကွင်းသွားလေ၏။ သို့သော် ရှမာရိနယ်သားတစ်ဦးသည် ခရီးသွားရင်း သူ့အနားသို့ ရောက်လာ၍ သူ့ကိုမြင်လျှင် ကြင်နာစိတ်ရှိသဖြင့် ချဉ်းကပ်လျက် သူ၏ဒဏ်ရာများအပေါ် ဆီနှင့်စပျစ်ဝိုင်ကို လောင်းထည့်ကာ အဝတ်နှင့်ပတ်စည်းပေး၏။ ထို့နောက် သူ့ကို မိမိမြည်းပေါ်တင်လျက် တည်းခို

### ဆင်ခြေပေးခြင်း

ကျမ်းတတ်ပုဂ္ဂိုလ်၏ဆင်ခြေသည် ခိုင်လုံပါသလား။ မခိုင်လုံလျှင် သူ၏ကန့်ကွက်ချက်ကို သင်မည်သို့ ပြန်ဖြေမည်နည်း။

ကျွန်ုပ်တို့၏အနည်းငယ်သောအစာကို ကမ္ဘာပေါ်ရှိ ငတ်မွတ်နေသူအားလုံးကို ဝေမျှပေးရန်ကြိုးစားလျှင် လက်တွေ့မကျသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် လူတိုင်းအတွက် လုံလောက်သည့်အစာ ရှိပါသည်။ အစိုးရအားလုံး၊ စီးပွားရေးသမားအားလုံး၊ နေရာတိုင်းရှိ တစ်ဦးချင်းက မိမိဝန်းကျင်၌ရှိသောသူတို့ကို ကိုယ်နှင့်အမျှချစ်လျက် ကမ္ဘာ့အစားအစာများကို ဝေငှမည်ဆိုလျှင် ငတ်ပြတ်သောသူရှိမည် မဟုတ်ပေ။ သို့သော် ကမ္ဘာ့လူသားများစွာက ဒုတိယအကြီးဆုံးပညတ်ချက်ကို မစောင့်ထိန်းကြပေ။ ထို့ကြောင့် ၎င်းကို ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သလောက်မစောင့်ထိန်းခြင်းအတွက် ခိုင်လုံသည့်ဆင်ခြေဆင်လက် ပေးနိုင်ပါသလား။

### စာသင်ခန်းအတွက်

ဤပုံဥပမာသည် ယေရှုမိန့်တော်မူသည့်အကျော်ကြားဆုံး ပုံဥပမာများအနက် တစ်ခုဖြစ်သည်။ ထို့ကြောင့် သင့်စာသင်သားများအား ဤပုံဥပမာကို ဇာတ်လမ်းတစ်ပုဒ်ကဲ့သို့ ဖတ်စေပါ။ သို့မဟုတ် ဘဝတွင် မည်ကဲ့သို့ထင်ထင်ရှားရှား မှန်နေကြောင်းထောင်ပြလျက် အသေးစိတ်ပြောပြပါ။ ဂျေရုဆလင်မှ ဂျေရိခေါသို့ ဆင်းသွားသောလမ်းသည် ကျောက်ထရံများကြားဖြတ်ရသည့်နေရာများလည်းရှိ၍ လုယက်သူက တစ်ဦးတည်းခရီးသွားသူကို အလွယ်တကူ လုယက်နိုင်သည့်လမ်းဖြစ်သည်။ ယခုကာလကဲ့သို့ပင် ထိုးကြိတ်လုယူမှုများ မကြာခဏဖြစ်ပွားခဲ့သည်။ ဤပုံဥပမာကို အတန်းသားများအား ပြဇာတ်ကနိုင်းလိုလျှင်လည်းရပါသည်။

ခန်းသို့ ခေါ်ဆောင်သွား၍ ပြုစုစောင့် ရှောက်လေ၏။ နောက်တစ်နေ့တွင်ဒေနာရိနှစ်ပြား ကိုထုတ်၍ တည်းခိုခန်းပိုင်ရှင်အားပေးပြီးလျှင် 'ဤသူကို ပြုစုစောင့်ရှောက်ပေးပါ။ နောက် ထပ် ကုန်ကျသမျှကို အကျွန်ုပ်ပြန်လာ သောအခါ သင့်အား ပြန်ပေးပါမည်'ဟု ပြောလေ၏။ ထိုသူသုံးဦးတို့တွင် မည်သူသည် ဓားပြလက်တွင်းသို့ကျရောက်ခဲ့သူ၏ ဝန်းကျင်၌ရှိသော သူဖြစ်သည်ဟု သင်ထင်သနည်း'' ဟူ၍ မေးတော်မူ၏။ ထိုသူကလည်း ''သူ့အပေါ် ကရုဏာပြသောသူဖြစ်ပါ၏''ဟု လျှောက်လျှင် ယေရှုက ''သင်သည်လည်း သွား၍ ထိုနည်း တူပြုလော့''ဟု မိန့်တော်မူ၏ (လု ၁၀း၂၅-၃၇)။

*ပုံဥပမာ၏ပထမအဓိကသင်ခန်းစာ*

ပုံဥပမာတွင် သင်ကြားစရာ သင်ခန်းစာများစွာရှိပါသည်။ ၎င်း၏နောက်ဆုံးနှင့်အဓိကဖြစ်သော အချက်နှင့် အစပြုကြပါစို့ (၁၀း၃၆-၃၇)။ ကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦးက သူ့ဝန်းကျင်၌ရှိသောသူကို ကိုယ်နှင့်အမျှမချစ်ခြင်းအတွက် ပေးသောဆင်ခြေသည် သဘောတရားဆိုင်ရာအခက်အခဲတစ် ခုဖြစ်သည်။ "ကိုယ့်ဝန်းကျင်၌ရှိသောသူကို ကိုယ်နှင့်အမျှချစ်ရမည်"ဟုဆိုရာတွင် "ဝန်းကျင်၌ရှိ သောသူ"ဆိုသည့်ဝေါဟာရက မည်သူ့ကို သို့မဟုတ် မည်သူတို့ကို ရည်ညွှန်းကြောင်း သူတိတိ ကျကျမသိခဲ့သောကြောင့် "မည်သူသည် အကျွန်ုပ်၏ဝန်းကျင်၌ရှိသောသူဖြစ်သနည်း"ဟု သူမေး ခဲ့သည်။ သို့သော် လက်တွေ့ကျသောရှုထောင့်မှကြည့်လျှင် သူ၏သဘောတရားဆိုင်ရာမေးခွန်း သည် အပ်စပ်မှုမရှိသည့်အပြင် ကလေးကလားမေးခွန်းလည်းဖြစ်သည်။ ကမ္ဘာပေါ်ရှိ လူဘယ် လောက်ကို မိမိဝန်းကျင်၌ရှိသောသူအဖြစ် ဆက်ဆံရမည်ကို တိတိကျကျမသိခြင်းက ကိုယ့်ရှေ့ တွင် လောလောလတ်လတ်လဲနေလျက် အကူအညီလိုနေသောသူကို မကူညီအောင်မတားဆီး ပါ။ ထို့ကြောင့် သခင်ဘုရားသည် မိမိ၏ပုံဥပမာမှသင်ခန်းစာကို လက်တွေ့အသုံးချသည့်အခါ ကျမ်းတတ်ပုဂ္ဂိုလ်၏မေးခွန်းကို မဖြေခဲ့ပါ။ ထိုသို့ဖြေမည့်အစား ခြားနားသည့် လက်တွေ့ကျသော မေးခွန်းကိုပြန်မေးခဲ့သည်- "ထိုသူသုံးဦး(ယဇ်ပုရောဟိတ်၊ လေဝိအနွယ်ဝင်၊ ရှမာရိနယ်သား) တို့တွင် မည်သူသည် ဓားပြလက်တွင်းသို့ကျရောက်ခဲ့သူ၏ဝန်းကျင်၌ရှိသောသူဖြစ်သည်ဟု သင် ထင်သနည်း"။ ဤမေးခွန်းကိုဖြေရန် မခက်ပါ။ ကျမ်းတတ်ပုဂ္ဂိုလ်ကပင် ရှမာရိနယ်သားသည် ဝန်းကျင်၌ရှိသောသူတစ်ဦးအဖြစ်လုပ်ဆောင်ပြီး အကူအညီလိုနေသူအပေါ် ကရုဏာပြသခဲ့ကြောင်း ဝန်ခံခဲ့သည်။ ခရစ်တော်က "သင်သည်လည်း သွား၍ ထိုနည်းတူပြုလော့"ဟု မိန့်တော်မူခဲ့သည်။

သို့ဖြစ်၍ ပထမအဓိကသင်ခန်းစာက ရှင်းပါသည်- ကျွန်ုပ်တို့၏တာဝန်မှာ ကျွန်ုပ်တို့ ၏နေ့စဉ်အသက်တာတွင် တွေ့ကြုံရသည့် အကူအညီတစ်ခုခုလိုအပ်နေသူများအပေါ် ကျွန်ုပ်တို့ ကူညီနိုင်သည်ဆိုလျှင် မေတ္တာထားလျက် လက်တွေ့ကျကျ ကရုဏာပြရန်ဖြစ်သည်။ တစ်ကမ္ဘာ လုံး၏လိုအပ်ချက်သည် အလွန်ကြီးမားလှကြောင်း ကျွန်ုပ်တို့သိထားရမည်မှန်ပါသည်။ သို့သော် ထိုလိုအပ်ချက်ကြီးကို ကျွန်ုပ်တို့မဖြည့်ဆည်းနိုင်ခြင်းက ကျွန်ုပ်တို့နေ့စဉ်နှင့်အမျှကြုံတွေ့နေရ သည့်လိုအပ်ချက်အတွက် ဘာမျှမလုပ်အောင် ကျွန်ုပ်တို့ကိုမရပ်တန့်မတုံ့ဆိုင်းစေအောင် ၎င်းကို အခွင့်မပေးသင့်ပါ။ ထို့ပြင် ကျွန်ုပ်တို့သည် ကြင်နာတတ်သည့်ဝန်းကျင်၌ရှိသာသူအဖြစ် တတ်စွမ်း သ၍ မပြုမူခြင်းအတွက် ဆင်ခြေဆင်လက်အဖြစ် ထိုအခြေအနေကို အသုံးမပြုသင့်ပါ။

ဤသင်ခန်းစာကို အောက်ပါအတိုင်း အားဖြည့်ပေးနိုင်ပါသည်။ "ကိုယ့်ဝန်းကျင်၌ရှိ သောသူကို ကိုယ်နှင့်အမျှချစ်ရမည်"ဆိုသောပညတ်ချက်ကို အခြားနည်းဖြင့်ဖော်ပြရလျှင် အခြား ဖြစ်ရပ်တစ်ခု၌ ယေရှုမိန့်တော်မူသည့်သကဲ့သို့ "ကိုယ်၌သူတစ်ပါးပြုစေလိုသမျှအတိုင်း သူတစ်ပါး ၌ပြုကြလော့"ဟု ဆိုရပေမည် (မ ၇း၁၂)။ သင်သည် ပုံဥပမာထဲမှလူကဲ့သို့ ထိုးကြိတ်လုယက်ခြင်း

ခံရလျက် မသေမရှင်လဲနေရသည်ဆိုလျှင် ဖြတ်သွားသောလူတို့ သင့်ကိုကူညီရန် အလိုမရှိဘဲ နေမည်လား။ ဖြတ်သွားသောသူတို့က သင့်ကို ဥပေက္ခာပြုသွားကြသည်ဆိုလျှင် သင်သည် ခါးသီးစွာ အပြစ်မတင်ဘဲနေမည်လား။ ထိုသို့ဆိုလျှင် သင်အကူအညီလိုသည့်အခါ အခြားသူတို့ကို သင့်အပေါ်ပြုစေလိုသည့်အတိုင်း သင်သည်လည်း အကူအညီလိုအပ်နေသူတို့အပေါ်ပြုပါ။

*ပုံဥပမာ၏ဒုတိယသင်ခန်းစာ*

ပုံဥပမာ၏ဒုတိယသင်ခန်းစာမှာ ကျွန်ုပ်တို့ဂုဏ်းကျင်၌ရှိသောသူကို ကိုယ်နှင့်အမျှချစ်အောင် ကျွန်ုပ်တို့၏ဘာသာတရားက ကျွန်ုပ်တို့ကို မတိုက်တွန်းနိုင်လျှင် ထိုဘာသာတရားသည် လုံးလုံးမှားယွင်းခြင်းမရှိပါက လုံလောက်မှုမရှိသောဘာသာတရားဖြစ်ပေမည်။ ခရစ်တော်ပြောသောအဖြစ်အပျက်သည် ပုံဥပမာတစ်ခုဖြစ်၍ တကယ့်အဖြစ်အပျက်တစ်ခုမဟုတ်သောကြောင့် ဇာတ်ဆောင်များကို လွတ်လပ်စွာရွေးချယ်နိုင်သည်။ ထို့ကြောင့် ဒဏ်ရာရသောလူကို နည်းနည်းမျှပင်မကူညီသွားသောလူနှစ်ဦးနေရာတွင် ယဇ်ပုရောဟိတ်နှင့်လေဝိအနွယ်ဝင်အဖြစ် သူရွေးချယ်ခဲ့ခြင်းသည် ထူးခြားလှသည်။ ယဇ်ပုရောဟိတ်နှင့်လေဝိအနွယ်ဝင်နှစ်မျိုးလုံးသည် ဂျေရုဆလင်ရှိ ဘုရားသခင်၏ဗိမာန်တော်တွင် ဘာသာရေးဝတ်များပြုရသူများဖြစ်သည်။ သူတို့သည် မိမိဂုဏ်းကျင်၌ရှိသောသူကို ကိုယ်နှင့်အမျှချစ်ရာတွင် သူများထက်အရင်ချစ်သင့်ပေသည်။ အဘယ့်ကြောင့် သူတို့မချစ်ခဲ့ကြသနည်း။ သူတို့သည် ဗိမာန်တော်တွင် တာဝန်ထမ်းဆောင်ရန်အတွက် ဂျေရုဆလင်သို့သွားနေကြခြင်းဖြစ်လျှင် သေလုဆဲဆဲလူကို ကိုင်ရဲထိရဲကြမည်မဟုတ်။ အဘယ့်ကြောင့်ဆိုသော် သူတို့၏ဘာသာရေးဂိနည်းအရ လူသေကောင်ကိုထိသောသူသည် ညစ်ညူးသွား၍ ဗိမာန်တော်ဝတ်များကိုထမ်းဆောင်ရန် မသင့်တော်တော့ပေ (တော ၁၉ ကိုကြည့်ပါ)။ သို့သော် သူတို့သည် ဂျေရုဆလင်သို့တက်သွားနေကြသည်မဟုတ်။ သူတို့သည် လုပ်ငန်းတာဝန်ပြီး၍ ဂျေရုဆလင်မှ အိမ်သို့ပြန်ဆင်းလာနေသူများဖြစ်သည် (လု ၁၀း၃၁)။ ထို့ကြောင့် ဒဏ်ရာရသူကိုမကူညီခြင်းအတွက် ခိုင်လုံသည့်အကြောင်းရင်း သူတို့၌မရှိပေ။ သူတို့အလုပ်သည် ဘုရားကိုချစ်လျက် ဗိမာန်တော်၌သူ့ကိုအစေခံရန်ဖြစ်၍ "ကိုယ့်ဂုဏ်းကျင်၌ရှိသောသူကို ကိုယ်နှင့်အမျှချစ်"ခြင်းကို အခြားသူတို့လုပ်ဆောင်ရန် ချန်ထားပေးရမည်ဟု သူတို့ထင်နေသောကြောင့်လည်း ဖြစ်နိုင်ပါသည်။ ထိုသို့ထင်နေသည်ဆိုလျှင် သူတို့ အလွန်မှားကြပေလိမ့်မည်။

ပြီးခဲ့သည့်အခန်းတွင် ကျွန်ုပ်တို့တွေ့ရသည့်အတိုင်း ပထမပညတ်ချက်သည် ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ စိတ်ဝိညာဉ်တစ်ခုလုံးနှင့် အသိဉာဏ်ရှိသမျှတို့ဖြင့် ချစ်ရန်ဖြစ်၍ ၎င်းကို အစဉ်အမြဲဦးစားပေးရမည်ဆိုသည်မှာ မှန်ပါသည်။ သို့သော် ၎င်းသည် ၎င်းတစ်ခုတည်းနှင့် လုံလောက်ခြင်းမရှိပါ။ ဓမ္မသစ်ကျမ်းက ဤသို့မှတ်ချက်ချသည် -

> တစ်စုံတစ်ယောက်သောသူက၊ ငါသည် ဘုရားသခင်ကိုချစ်၏ဟု ဆိုလျက်ပင် မိမိညီအစ်ကိုကိုမုန်းလျှင်၊ ထိုသူသည် မုသာကိုသုံးသောသူဖြစ်၏။ မိမိမြင်ရသော မိမိညီအစ်ကိုကိုမချစ်လျှင်၊ မမြင်သေးသောဘုရားသခင်ကို အဘယ်သို့ ချစ်နိုင်မည်နည်း။ (၁ယော ၄း၂၀)

ထပ်၍-

> အကြင်သူသည် လောကီစည်းစိမ်ဥစ္စာရှိလျက်ပင်၊ မိမိညီအစ်ကိုဆင်းရဲခြင်းကိုမြင်၍၊ သနားခြင်းကရုဏာစိတ်ကို ချုပ်တည်း၏။ ထိုသူ၌ဘုရားသခင်၏ မေတ္တာတော်သည် အဘယ်သို့တည်မည်နည်း။ (၁ယော ၃း၁၇)

*ပုံဥပမာ၏ဒုတိယသင်ခန်းစာ*

"ကိုယ့်ဂုဏ်းကျင်၌ရှိသောသူကို ကိုယ်နှင့်အမျှချစ်ရမည်"ဆိုခြင်းက သင်သည် မိမိသူငယ်ချင်း၊ မိမိနိုင်ငံသားချင်းနှင့် မိမိနှစ်သက်သောသူသာမကဘဲ မိမိမနှစ်သက်သောသူနှင့် မိမိရန်သူဖြစ်လျှင်ပင် မိမိဂုဏ်းကျင်၌ရှိသူအပေါ် ကောင်းသောအမှုကိုပြုလျက် ကရုဏာပြရရန် ပြင်ဆင်ထားရမည်ဟု အဓိပ္ပါယ်ရသည်။ ဓါးပြတိုက်ခံရသူကိုကူညီသောသူကို ရှမာရိနယ်သားတစ်ဦးဟု ယေရှုက ဖော်ပြသည်ကိုကြည့်လျှင် ထိုအချက်ကို ကျွန်ုပ်တို့မြင်ရသည်[10]။

ပုံဥပမာထဲတွင် ရှမာရိနယ်သားသည် ဒဏ်ရာများနှင့်လမ်းဘေးတွင်လဲနေသူသည် ဂျူးတစ်ယောက်ဖြစ်သည်ကို ချက်ချင်းသတိထားမိခဲ့မည်ဖြစ်သည်။ ထို့ပြင် ဂျူးတစ်ယောက်ဒဏ်ရာရ၍ ရှမာရိနယ်သားတစ်ဦးက သူ့ကိုသွားကိုင်ရန်ကြိုးစားလျှင် ထိုဂျူးသည် သူ့မျက်နှာကို တံထွေးနှင့်မထွေးခဲ့လျှင်ပင် ဆဲနေလိမ့်မည်ဆိုသည်ကိုလည်း သူသိပြီးသားဖြစ်ပေမည်။ သို့သော် ထိုသို့ဖြစ်သော်လည်း ရှမာရိနယ်သားသည် သူ့ထံချဉ်းကပ်လျက် ရေးဦးသူနာပြုနည်းဖြင့်ပြုစုပြီး မြည်းပေါ်တင်ကာ ကိုယ်တိုင်မူကားလမ်းလျှောက်၍ တည်းခိုရာသို့ခေါ်သွားခဲ့သည်။ ပြီးနောက် သူပြန်သက်သာသည့်အထိတည်းခိုစားရိတ်ကို စိုက်ထုတ်ပေးခဲ့သည်။

သင်ခန်းစာက ရှင်းပါသည်။ "ကိုယ့်ဂုဏ်းကျင်၌ရှိသောသူကို ကိုယ်နှင့်အမျှချစ်ရမည်" ဆိုခြင်းက ကျွန်ုပ်တို့မိသားစုနှင့်မိတ်ဆွေများ၊ နိုင်ငံသားချင်းနှင့်ဘာသာတူ၊ လူမျိုးနွယ်တူများကိုသာချစ်ခြင်းထက် ပိုသည်။ လူမျိုးနွယ်အားလုံး၊ ဘာသာအားလုံးနှင့် ကျွန်ုပ်တို့ကိုမုန်းတီးသည့်ရန်သူများကိုပင် ကျွန်ုပ်တို့ချစ်ရမည်။ ယေရှုက "သို့သော် ယခုနားထောင်နေသော သင်တို့အား ငါဆိုမည်။ သင်တို့၏ရန်သူများကို ချစ်ကြလော့။ သင်တို့ကိုမုန်းသောသူတို့အပေါ် ကောင်းစွာပြုကြလော့။ သင်တို့ကိုကျိန်ဆဲသောသူတို့အား ကောင်းချီးပေးကြလော့။ သင်တို့ကိုကဲ့ရဲ့ရှုတ်ချသောသူတို့အတွက် ဆုတောင်းပေးကြလော့"ဟု မိန့်တော်မူသည် (လု ၆း၂၇-၂၈)။ သေချာသည်မှာ အခြားဘာသာကိုးကွယ်သူများကို ညှင်းဆဲရန် မည်သည့်ခရစ်တော်၏နောက်လိုက်ကိုမျှ ခွင့်မပြုပေ။

## လက်တွေ့ပြဿနာ

ခရစ်ယာန်လူ့ကျင့်ဝတ်တွင် ပထမနှင့်ဒုတိယအကြီးမြတ်ဆုံးပညတ်ချက်တို့ကို စောင့်ထိန်းသည့်အခါ အခြေခံစိတ်ရင်းသည် ချစ်ခြင်းမေတ္တာဖြစ်ရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ယခုသိကြပြီဖြစ်သည်။ သို့သော် ဤနေရာတွင် အခြေခံပြဿနာတစ်ခုရှိသည်။ ဘုရားသခင်အပေါ်ဖြစ်စေ၊ မိမိဂုဏ်းကျင်၌ရှိသောသူတို့အပေါ်ဖြစ်စေ ကျွန်ုပ်တို့ပြုသင့်သည့်အတိုင်းမပြုခြင်း၏အကြောင်းရင်းမှာ သူတို့ကိုမချစ်သောကြောင့်ဆိုသည်မှာ အတိအကျပင်ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်တို့အတတ်နိုင်ဆုံးကြိုးစားသော်လည်း သူတို့ကိုချစ်ရန် မဖြစ်နိုင်ဟုမဆိုလျှင်ပင် ခက်ခဲကြောင်း ကျွန်ုပ်တို့မကြာခဏတွေ့ရှိသွားတတ်သည်။ ထို့ကြောင့် သူတို့ကိုချစ်ရန် ချစ်ခြင်းမေတ္တာကို မည်သည့်နေရာမှရယူနိုင်သည်ကိုမပြောဘဲ သူတို့ကိုချစ်ရန်သာ ကျွန်ုပ်တို့ကို ယေရှုမိန့်တော်မူခဲ့သည်ဆိုလျှင် အချည်းနှီးပင်ဖြစ်ခဲ့ပေလိမ့်မည်။ အကြောင်းမှာ ချစ်ခြင်းမေတ္တာလောင်စာမရှိလျှင် ခရစ်ယာန်လူ့ကျင့်ဝတ်သည် လည်ပတ်နိုင်မည်မဟုတ်။ သို့သော် ခရစ်တော်က ပြဿနာကို သိသည်။ ၎င်းအတွက် သူ့အဖြေများထဲမှတစ်ခုကို ဤနေရာတွင် ဖော်ပြပါမည်။

---

[10] ရှမာရိနယ်သားများသည် ဂျူးလူမျိုးတို့နှင့်အတူ တစ်ခုတည်းသောသမ္မာကျမ်းစာကို ပိုင်ဆိုင်သူများဖြစ်သည်။ သို့သော် သူတို့ကိုးကွယ်ဝတ်ပြုသောနေရာသည် ဂျူးလူမျိုးတို့နှင့်နေရာမတူပေ။ ထို့ကြောင့် ဂျူးတို့က ရှမာရိနယ်သားတို့ကို မုန်းခဲ့ကြပြီး တစ်ခါတစ်ရံ ညှင်းပန်းနှိပ်စက်ခဲ့ကြ၍ ရှမာရိနယ်သားတို့ကလည်း မကြာခဏ ပြန်လည်ရန်ပြုခဲ့ကြသည်။ (လု ၉း၅၁-၅၆၊ ယော ၄ တို့ကိုကြည့်ပါ)။

## ရှိမုန်၏အိမ်၌ အမျိုးသမီးတစ်ဦး၏ဖြစ်ရပ်

ဖာရိရှဲတစ်ဦးသည် မိမိနှင့်အတူစားသောက်ရန် ကိုယ်တော်ကိုဖိတ်ခေါ်သဖြင့် ကိုယ်တော်သည် ထိုဖာရိရှဲ၏အိမ်သို့ဝင်၍ စားပွဲ၌ထိုင်* တော်မူ၏။ ထိုအခါ ထိုမြို့၌နေသည့် အပြစ်များသောအမျိုးသမီးတစ်ဦးသည် ဖာရိရှဲ၏အိမ်တွင် ကိုယ်တော်ထိုင်၍စားသောက်နေကြောင်းသိသဖြင့် ဆီမွှေးထည့်ထားသည့် ကျောက်ဖြူဘူးတစ်လုံးကို ယူဆောင်လာပြီးလျှင် ကိုယ်တော်၏နောက်တွင် ခြေတော်ရင်း၌ရပ်လျက် ငိုကြွေးရင်းမိမိ၏မျက်ရည်ဖြင့် ခြေတော်ကိုစိုစေကာ မိမိဦးခေါင်းမှဆံပင်ဖြင့် သုတ်လေ၏။ ထို့နောက် ကိုယ်တော်၏ခြေတို့ကိုနမ်း၍ ဆီမွှေးဖြင့်လိမ်းသပ်လေ၏။ ကိုယ်တော်ကိုဖိတ်ခေါ်သောဖာရိရှဲသည် ထိုအခြင်းအရာကိုမြင်သောအခါ "ဤသူသည် ပရောဖက်ဖြစ်သည်ဆိုလျှင် သူ့ကိုတို့ထိနေသောအမျိုးသမီးသည် မည်သူဖြစ်ကြောင်းနှင့် မည်သို့သောအမျိုးသမီးဖြစ်ကြောင်း သိရမည်။ အကြောင်းမူကား ဤအမျိုးသမီးသည် အပြစ်များသောသူဖြစ်၏"ဟု မိမိစိတ်ထဲ၌ဆိုလေ၏။ ထိုအခါ ယေရှုက "ရှိမုန်၊ သင့်ကို ငါပြောစရာတစ်ခုရှိ၏"ဟု မိန့်တော်မူရာ သူက "ပြောပါ ဆရာ"ဟု ပြန်လျှောက်လေ၏။ ယေရှုကလည်း "ကြွေးရှင်တစ်ဦးတွင် အကြွေးတင်သူနှစ်ဦးရှိ၏။ တစ်ဦးသည် ဒေနာရိငါးရာ၊ အခြားတစ်ဦးသည် ဒေနာရိငါးဆယ်အကြွေးတင်၏။ သူတို့၌ အကြွေးဆပ်စရာမရှိသောကြောင့် ကြွေးရှင်သည် နှစ်ဦးစလုံးတို့၏အကြွေးကို လျှော်ပစ်လိုက်လေ၏။ သို့ဖြစ်လျှင် ထိုသူနှစ်ဦးတွင် မည်သူသည်ကြွေးရှင်ကို ပို၍ချစ်မည်နည်း"ဟု မေးတော်မူ၏။ ရှိမုန်ကလည်း "ပို၍များသောအကြွေးကို လျှော်ပစ်ခြင်းခံရသူဖြစ်မည်ထင်ပါ၏"ဟု လျှောက်လျှင် ကိုယ်တော်က "သင်ယူဆသည့်အတိုင်းမှန်၏"ဟု မိန့်တော်မူ၏။ ထို့နောက် အမျိုးသမီးဘက်သို့လှည့်တော်မူ၍ ရှိမုန်အား "ဤအမျိုးသမီးကိုမြင်သလော။ ငါသည် သင်၏အိမ်သို့ဝင်စဉ် သင်သည် ငါ့အတွက်ခြေဆေးရေကိုမပေး။ သို့သော် သူမသည် မျက်ရည်ဖြင့် ငါ့ခြေကိုစိုစေ၍ မိမိဆံပင်ဖြင့် သုတ်ပေး၏။ သင်သည် ငါ့ကိုမနမ်း။ သို့သော် သူမသည် ဝင်လာသည့်အချိန်မှစ၍ ငါ့ခြေကိုအဆက်မပြတ်နမ်းလျက်နေ၏။ သင်သည် ငါ၏ခေါင်းကို ဆီဖြင့်မလိမ်း။ သို့သော် သူမသည် ငါ၏ခြေကို ဆီမွှေးဖြင့်လိမ်းပေး၏။ ထို့ကြောင့် သင့်အား ငါဆိုမည်။ များပြားလှသောသူမ၏အပြစ်တို့သည် ခွင့်လွှတ်ခြင်းခံရပြီ။ အကြောင်းမူကား သူမသည် များစွာချစ်၏။ အနည်းငယ်သာခွင့်လွှတ်ခြင်းခံရသောသူသည် အနည်းငယ်သာချစ်၏"ဟု မိန့်တော်မူ၏။ ထို့နောက် ထိုအမျိုးသမီးအား "သင်၏အပြစ်များခွင့်လွှတ်ခြင်းခံရပြီ"ဟု မိန့်တော်မူ၏။ ထိုအခါ ကိုယ်တော်နှင့်အတူ စားသောက်ပွဲ၌ထိုင်နေသောသူတို့သည် "အပြစ်ကိုပင်ခွင့်လွှတ်သော ဤသူကား မည်သူနည်း"ဟု အချင်းချင်းပြောဆိုကြ၏။ သို့သော် ကိုယ်တော်သည်ထိုအမျိုးသမီးအား "သင်၏ယုံကြည်ခြင်းသည် သင့်ကို ကယ်တင်ပြီ။ ငြိမ်းချမ်းစွာသွားလော့"ဟု မိန့်တော်မူ၏။ (လု ၇း၃၆-၅၀)

*ထင်ရှားသည့်ခြားနားချက်တစ်ခု။* တစ်ဘက်တွင် အတိတ်ကာလက ကိုယ်ကျင့်တရားလွန်စွာပျက်ပြားခဲ့သော်လည်း ယေရှုကိုချစ်လျက် လက်တွေ့လုပ်ဆောင်ချက်ဖြင့် ၎င်းကိုပြသခဲ့သည့်အမျိုးသမီးတစ်ဦးကို ကျွန်ုပ်တို့တွေ့ရသည်။ အခြားတစ်ဘက်တွင် ယေရှုကို ယဉ်ယဉ်ကျေးကျေး ညစာဖိတ်ကျွေးသော်လည်း သူ့အပေါ် မေတ္တာမရှိ၊ မေတ္တာကို လက်တွေ့လုပ်ဆောင်ချက်ဖြင့် ပြသခြင်းလည်း မပြုခဲ့သည့် ကိုယ်ကျင့်တရားလွန်စွာစောင့်ထိန်းလျက် ဘာသာတရားကိုင်းရှိုင်းသူတစ်ဦးကို ကျွန်ုပ်တို့တွေ့ရသည်။

*အကြွေးရှိသူနှစ်ဦးပုံဥပမာ။* ဤပုံဥပမာက ပြန်မဆပ်နိုင်လောက်အောင်အကြွေးများသောလူတစ်ဦးကို အကြွေးရှင်ကကင်းလွတ်ခွင့်ပေးလိုက်သည့်အခါ သူသည် သူ့အကြွေးရှင်ကိုချစ်မည်ဆိုသည့် ရိုးရှင်းသော်လည်း အဓိကအရေးကြီးသောအချက်ကို ဖော်ပြနေသည်။ တစ်

နည်းပြောရလျှင် ခွင့်လွှတ်ခြင်းသည် ချစ်ခြင်းမေတ္တာကိုဖြစ်ပေါ်စေ၍ အကြွေးပိုကြီးလေ ထိုအကြွေး ကင်းလွတ်ခွင့်ရသည့်အခါ ချစ်ခြင်းမေတ္တာလည်း ပိုကြီးမားလေဖြစ်သည်။

*ပုံဥပမာကို လက်တွေ့လိုက်နာကျင့်သုံးခြင်း။* အပြစ်သည် အကြွေးနှင့်တူ၍ ကျွန်ုပ်တို့ အားလုံးသည် အပြစ်ပြုကြသည်။ ထို့ပြင် ကျွန်ုပ်တို့အကြွေးကို ကျွန်ုပ်တို့မဆပ်နိုင်ကြချေ။ အနာ ဂါတ်တွင် ကောင်းမှုဘယ်လောက်ပြုပြု အတိတ်ကအပြစ်ကြွေးကို မကျေစေနိုင်ပေ။ ထို့ကြောင့် ကျွန်ုပ်တို့၏သမန်တာဝန်မှာ ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့၊ စိတ်ဝိညာဉ်တစ်ခုလုံး၊ အစွမ်း သတ္တိရှိသမျှနှင့် အသိဉာဏ်ရှိသမျှတို့ဖြင့်ချစ်ရန်ဖြစ်သည်။ တာဝန်ကိုပိုလွန်သွားအောင် မည် သည့်အခါမျှမလုပ်ဆောင်နိုင်သည့်အပြင် အတိတ်ကအားနည်းချက်များအတွက်လည်း ပေးဆပ် စရာရှိသေးသည်။ ထို့ပြင် ကျွန်ုပ်သည် စတာလင်ပေါင် ၁၀ သန်း အကြွေးရှိ၍ ပြန်မဆပ်နိုင်လျှင် ဒေဝါလီခံရမည်ဖြစ်သည်။ ကျွန်ုပ်၌ ပေါင်တစ်ထောင်ရှိ၍ မဆပ်နိုင်သေးလျှင်လည်း ဒေဝါလီခံသူ ဖြစ်နေဆဲဖြစ်သည်။ ကျွန်ုပ်တို့သည် အပြစ်များစွာရှိသည်ဖြစ်စေ၊ အနည်းငယ်သာရှိသည်ဖြစ်စေ ဝိညာဉ်ရေးအရ ဒေဝါလီခံသူများသာဖြစ်ကြသည်။

သို့သော် ခရစ်တော်သည် ကျွန်ုပ်တို့အပြစ်များကို ခွင့်လွှတ်နိုင်၍ ခွင့်လွှတ်တော်မူကာ ကျွန်ုပ်တို့စိတ်နှလုံးထဲတွင် ခွင့်လွှတ်ခြင်းအတွက် စိတ်ချမှုကိုထည့်သွင်းပေးတော်မူသဖြင့် ၎င်းက ဘုရားသခင်၊ ခရစ်တော်နှင့် လူသားထုကို အလိုအလျောက်ချစ်သောစိတ်ကို ကျွန်ုပ်တို့စိတ်နှလုံး ထဲတွင် ဖြစ်ပေါ်စေသည်။ ထိုချစ်စိတ်သည် ကျွန်ုပ်တို့စိတ်နှလုံးတွင် အရင်ကမရှိဖူးသောအချစ်၊ ကျွန်ုပ်တို့၏ကိုယ်ပိုင်စိတ်စွမ်းအားဖြင့် မလုပ်ဆောင်နိုင်သည့်အချစ်မျိုးဖြစ်သည်။

*ထိုအမျိုးသမီး၏ချစ်ခြင်းမေတ္တာအပေါ် ခရစ်တော်၏ရှင်းပြချက်။* ထိုအမျိုးသမီးသည် ပြည့်တန်ဆာတစ်ယောက်ဖြစ်ခဲ့သည်။ သို့သော် ယေရှုကိုယုံကြည်ခြင်းဖြင့် သူပြောင်းလဲသွားခဲ့ သည်။ ယေရှုက သူ့အပြစ်များကိုခွင့်လွှတ်လျက် ဘုရားသခင်သည် သူ့ကိုခွင့်လွှတ်လျက်လက်ခံ တော်မူကြောင်း သူ့ကိုသေချာစိတ်ချစေခဲ့သည်။ အကျိုးရလဒ်မှာ ယေရှုကိုချစ်သောစိတ်သည် သူ့စိတ်နှလုံးတွင် လျှံထွက်လာသဖြင့် သူသည် ထိုချစ်ခြင်းမေတ္တာကို မဖုံးကွယ်နိုင်ခဲ့ချေ။

*ရှိမုန်၏အထီးကျန်မှုကို သွယ်ဝိုက်လျက်ရှာဖွေဖော်ထုတ်ခြင်း။* ထိုအမျိုးသမီးနှင့်ခြားနား သည်မှာ ရှိမုန်သည် ဘာသာတရားကိုင်းရှိုင်းလျက် အပြင်ပိုင်းအရ ကိုယ်ကျင့်တရားမှန်ကန်သူ ဖြစ်သည်။ သို့သော် သူသည် ယေရှုအပေါ်ချစ်ခြင်းမေတ္တာမရှိသကဲ့သို့ ယေရှုအပေါ်ထားရှိသော မိမိ၏ချစ်ခြင်းမေတ္တာကိုဖော်ပြနေသည့် အမျိုးသမီးအပေါ်လည်း ကရုဏာမရှိခဲ့ချေ။ အဘယ့် ကြောင့်ထိုသို့ဖြစ်ရသနည်း။ အဘယ့်ကြောင့်ဆိုသော် သူသည် ပြောင်းလဲခြင်းအတွေ့အကြုံတစ် ခါမျှမရှိ၊ မိမိမည်မျှအပြစ်များကြောင်းကိုလည်း သတိမထားမိသောကြောင့်ပင်ဖြစ်ပေမည်။ တကယ် တမ်းဆိုရလျှင် ခွင့်လွှတ်ခြင်းအတွက် ယေရှုထံတော်သို့ သူတစ်ခါမျှမလာခဲ့ဖူးသကဲ့သို့ သူ့စိတ်နှလုံး ထဲတွင် အပြစ်လွှတ်ခြင်းနှင့်ဆိုင်သောယုံကြည်စိတ်ချမှုလည်း မရှိပေ။ သူ၏ဘာသာရေးကိုင်းရှိုင်း မှုသည် သာမန်အားဖြင့် မှန်ကန်လျက် အပြင်ပန်းကိုယ်ကျင့်တရားလည်း လေးစားဖွယ်ဖြစ်နိုင်ပါ သည်။ သို့သော် သူသည် ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့၊ စိတ်ဝိညာဉ်တစ်ခုလုံး၊ အစွမ်း သတ္တိရှိသမျှနှင့် အသိဉာဏ်ရှိသမျှတို့ဖြင့်မချစ်နိုင်သကဲ့သို့ သူ့ဝန်းကျင်၌ရှိသောသူကိုလည်း ကိုယ် နှင့်အမျှမချစ်နိုင်ခဲ့ပေ။

**နောက်ဆုံးသင်ခန်းစာ**

ထိုအခါ ပေတရုသည် အထံတော်သို့ချဉ်းကပ်၍ "သခင်ဘုရား၊ အကျွန်ုပ်၏ညီအစ်ကို သည် အကျွန်ုပ်ကိုပြစ်မှားသည့်အခါ သူ့ကို အကြိမ်မည်မျှ ခွင့်လွှတ်ရပါမည်နည်း။ ခုနစ်

ကြိမ်တိုင်အောင်လော''ဟု မေးလျှောက်လေ၏။ ယေရှုကလည်း ''ခုနစ်ကြိမ်တိုင်အောင် ဟု ငါမဆိုဘဲ ခုနစ်ကြိမ်ကို ခုနစ်ဆယ်လီတိုင်အောင်ဟု ငါဆို၏။ ထို့ကြောင့် ကောင်းကင်နိုင်ငံတော်သည် မိမိအစေအပါးတို့နှင့်စာရင်းရှင်းလိုသော ဘုရင်တစ်ပါးနှင့်တူ၏။ သူသည် စာရင်းစတင်ရှင်းသောအခါ တာလန်တစ်သောင်းအကြွေးတင်သူတစ်ယောက်ကို ရှေ့တော်သို့ခေါ်ဆောင်ခဲ့ကြ၏။ သို့သော် ထိုသူ၌ အကြွေးဆပ်စရာမရှိသောကြောင့် သူကိုယ်တိုင်မှစ၍ သားမယားနှင့် သူပိုင်ဆိုင်သောအရာအားလုံးတို့ကိုရောင်း၍ အကြွေးဆပ်ရန် သူ့သခင်သည် အမိန့်ချလေ၏။ ထိုအခါ ထိုအစေအပါးသည် ပျပ်ဝပ်လျက် သခင်ကိုရှိခိုးကာ 'အကျွန်ုပ်ကိုသည်းခံတော်မူပါ။ အကြွေးရှိသမျှကို ပြန်ဆပ်ပါမည်' ဟု တောင်းလျှောက်လေ၏။ ထိုအစေအပါး၏သခင်သည် ကြင်နာစိတ်ရှိ၍ သူ့ကိုလွှတ်ပေးကာ သူ၏အကြွေးကို လျှော်ပစ်လေ၏။ သို့သော် ထိုအစေအပါးသည်ထွက်သွား၍ သူ့ထံ၌ ဒေနာရိတစ်ရာအကြွေးတင်သော အစေအပါးချင်းတစ်ဦးကိုတွေ့လျှင် သူ့ကိုဖမ်း၍ လည်ပင်းညှစ်လျက် 'သင်ယူထားသောအကြွေးကို ပြန်ဆပ်လော့' ဟု ဆို၏။ ထိုအခါ ထိုအစေအပါးချင်းသည် ပျပ်ဝပ်လျက် 'အကျွန်ုပ်ကိုသည်းခံပါ။ သင့်အား အကြွေးပြန်ဆပ်ပါမည်'ဟု တောင်းပန်လေ၏။ သို့သော် သူသည် လက်မခံဘဲ သွား၍ထိုအစေအပါးချင်းအား သူယူထားသောအကြွေးကိုပြန်ဆပ်သည့်တိုင်အောင် ထောင်ထဲ၌ထည့်ထားလေ၏။ အခြားသောအစေအပါးချင်းတို့သည် ထိုအဖြစ်အပျက်ကိုမြင်လျှင် အလွန်စိတ်မကောင်းဖြစ်ကာ သူတို့၏သခင်ထံသို့သွား၍ ဖြစ်လေသမျှတို့ကို လျှောက်ထားကြ၏။ ထိုအခါ သခင်သည် ထိုအစေအပါးကိုခေါ်၍ 'ဆိုးသွမ်းသောအစေအပါး၊ သင်သည် ငါ့ကိုတောင်းပန်သောကြောင့် အကြွေးရှိသမျှကို သင့်အတွက် ငါလျှော်ပစ်ခဲ့၏။ ငါသည် သင့်ကိုသနားသကဲ့သို့ သင်သည်လည်း အစေအပါးချင်းကို သနားသင့်သည်မဟုတ်လော' ဟု ဆို၏။ ဤသို့ဖြင့် သူ၏သခင်သည်အမျက်ထွက်ကာ အကြွေးရှိသမျှကို ပြန်ဆပ်သည့်တိုင်အောင် သူ့ကို အကျဉ်းချနှိပ်စက်သောသူတို့လက်သို့ အပ်လေ၏။ သင်တို့တစ်ဦးစီသည် မိမိညီအစ်ကိုကို စိတ်နှလုံးထဲမှခွင့်မလွှတ်လျှင်ကောင်းကင်ဘုံရှင်ငါ့ခမည်းတော်သည်လည်း သင်တို့ကို ထိုနည်းတူပြုတော်မူလိမ့်မည်''ဟု မိန့်တော်မူ၏။ (မ ၁၈း၂၁-၃၅)

ဤပုံဥပမာသည် ယေရှုက အပြစ်ကို အကြွေးနှင့်ခိုင်းနှိုင်းသည့် အခြားသောပုံဥပမာတစ်ခုဖြစ်သည်။ အနည်းဆုံးသောစကားလုံးများကိုသုံးလျက် ထင်ရှားသောမြင်ကွင်းကို ပုံဖော်လုပ်ဆော်နိုင်သည့် ယေရှု၏စွမ်းရည်အတွက် နမူနာတစ်ခုလည်းဖြစ်သည်။ ဤပုံဥပမာသည် ယခုကျွန်ုပ်တို့၏လေ့လာမှုနှင့် အပ်စပ်ကြောင်း ထင်ရှားလာမည်ဖြစသည်။ ခရစ်တော်၏အပြစ်လွှတ်ခြင်းကိုခံရပြီဖြစ်ကြောင်း အခိုင်အမာပြောဆိုပါလျက်နှင့် သူ့အပေါ် အပြစ်ပြုမိပြီး နောင်တရသောသူကို ခွင့်လွှတ်ရန်ပြင်ဆင်မှုမရှိသောသူသည် စစ်မှန်သောခရစ်ယာန်တစ်ဦးမဟုတ်ချေ။ သူသည် အယောင်ဆောင်တစ်ဦးသာဖြစ်သည်။

# အခန်း ၁၉

## အလုပ်နှင့်ဆိုင်သည့် ခရစ်ယာန်စိတ်သဘောထား

ဤအခန်းတွင် ကျွန်ုပ်တို့၏နေ့စဉ်အလုပ်ကို လေ့လာကြမည်ဖြစ်သည်။ လူအချို့တို့သည် အခြားဘာမျှသိပ်စိတ်ဝင်စားခြင်းမရှိဘဲ မိမိတို့အလုပ်တွင် ပျော်မွေ့ကြသည်။ အခြားသူများမှာ သူတို့အလုပ်သည် ခက်၍ပျင်းစရာကောင်းသည်ဟုမြင်လျက် အလုပ်မရှိလျှင်ကောင်းမည်ဟု ခံစားကြသည်။ အခြားသူတို့မှာ အလုပ်လက်မဲ့ပြဿနာကြောင့် ဒုက္ခရောက်နေကြပြီး ဘယ်လောက်ခက်ခက် ဘယ်လိုအလုပ်လုပ်ဖြစ်ဖြစ် အလုပ်ရလျှင်ဝမ်းသာကြမည်ဖြစ်သည်။ ကျွန်ုပ်တို့အဘယ့်ကြောင့် အလုပ်လုပ်ရန်လိုအပ်သနည်း။ အစားအစာ၊ အဝတ်အထည်နှင့် ငွေကြေးတို့အပြင် အလုပ်မှ ကျွန်ုပ်တို့ရသောအခြားဆုလာဘ်နှင့်အကျိုးအမြတ်ရှိပါသလား။ အခြေခံအားဖြင့် ထိုမေးခွန်းသည် မေးသင့်သည့်အရာဖြစ်သည်။ လူတို့ထိုမေးခွန်းကိုစဉ်းစားမည့်သည့်အခါ သူတို့ဖြေသည့်အဖြေသည် ကျွန်ုပ်တို့ကို အံ့အားသင့်စေနိုင်ပါသည်။

ကျွန်ုပ်တို့၏နေ့စဉ်အလုပ်နှင့်ပတ်သက်၍ ယေရှု၌ပြောစရာများစွာရှိပါသည်။ သို့သော် အခြားအားလုံးတို့ထက် အရေးအကြီးဆုံးမှာ ပထမအနေဖြင့် ကျွန်ုပ်တို့အလုပ်ကို ဘုရားသခင်၏ နိုင်ငံတော်နှင့်ဆိုင်သည့် ကိုယ်ကျင့်တရားနှင့်ဂိုဏာဉ်ရေးနိယာမများဖြင့် ထိန်းချုပ်ရန်၊ ဒုတိယအနေဖြင့် ကျွန်ုပ်တို့၏နေ့စဉ်အလုပ်သည် ထာဝရထူးခြားမှုကိုဖြစ်စေပြီး အကောင်းနှင့်အဆိုးအတွက် အလားအလာရှိကြောင်း အစဉ်သတိရနေရန်ဖြစ်သည်။ ထို့ကြောင့် ယေရှုက-

1. ကျွန်ုပ်တို့အား အလုပ်အတွက် အားကောင်း၍မှန်ကန်သည့်လှုပ်ဆော်မှုကို ပေးသည်။
2. ကျွန်ုပ်တို့၏အလုပ်မှအမြင့်မားဆုံးအကျိုးအမြတ် မည်သို့ရရှိမည်ကို သင်ကြားပေးသည်။
3. ဘာဝ၏အမှန်ဆုံး၊ အမြင့်မားဆုံးနှင့် အတည်တံ့ဆုံး ကြွယ်ဝမှုတို့ကို ကျွန်ုပ်တို့၏နေ့စဉ်အလုပ်အား ကြားညှပ်ပိတ်ဆို့ခွင့်မပေးရန် ကျွန်ုပ်တို့ကို သတိပေးသည်။

**စာသင်ခန်းအတွက်**

အလုပ်နှင့်ပတ်သက်၍ လိုအပ်သည့်ထူးခြားချက်များကို စဉ်းစားမိစေရန် စာသင်သားတို့ကို မေးခွန်းမေးခြင်းဖြင့်အစပြုပါ။

ကျွန်ုပ်တို့အလုပ်လုပ်ရန် အဘယ်ကြောင့် လိုအပ်သနည်း။

ဖြစ်နိုင်သောအဖြေ။ အစားအစာထုတ်လုပ်ဖို့၊ သို့မဟုတ် ကျွန်ုပ်တို့အတွက် လိုအပ်သောအစားအစာ၊ အဝတ်အထည်နှင့် အခြားအရာများ ဝယ်ယူရန်အတွက် ငွေရရှိရန်။

ဤအဖြေသည် မှန်သင့်သလောက်မှန်ပါသည်။ သမ္မာကျမ်းစာကလည်း အားပေးထောက်ခံပါသည် (၂ သက် ၃း၇-၁၂)။ ကျွန်ုပ်တို့ကို ဆာတတ်လျက် အစာလိုအပ်သည့် အစာအိမ်ပါသောသူများအဖြစ် ဖန်ဆင်းရှင်က ကျွန်ုပ်တို့ကိုဖန်ဆင်းထားသည်။ ဖန်ဆင်းရှင်က အစားအစာကို မစတော်မူသည် (သို့သော် ကမ္ဘာ၏နေရာများစွာတို့တွင် ဖြန့်ဖြူးမှုပိုင်းဆိုင်ရာ ဂါးလျက်ရှိသည်)။ တစ်ချိန်တည်းမှာပင် ထိုအစားအစာကို ရရှိရန်အတွက် ကျွန်ုပ်တို့အလုပ်အောင်လည်း ဘုရားသခင်စီစဉ်ခန့်ခွဲတော်မူသည်။

အစားအစာ၊ အဝတ်အထည်နှင့် ငွေကြေးတို့အပြင် အလုပ်မှ ကျွန်ုပ်တို့ရသောအခြား ဆုလာဘ်နှင့်အကျိုးအမြတ်များရှိပါသလား။
ဖြစ်နိုင်ချေရှိသောအဖြေများ-
(က) ကာယအလုပ်သည် ကိုယ်ခန္ဓာအတွက်ကောင်းသည်။ လေ့ကျင့်ခန်းမရှိခြင်းက နှလုံးနှင့်ကြွက်သားကို အားနည်းစေသည်။
(ခ) လုပ်စရာမရှိခြင်းသည် ပျင်းစရာကောင်း၍ စိတ်ပိုင်းဆိုင်ရာထိခိုက်စေသည်။
(ဂ) အလုပ်ကိုယ်တိုင်က ပျော်စရာကောင်းသည်။ ပညာရှင်ဘော်လုံးသမားဖြစ်ရန်နှင့် ဘဲလေးအကကသူဖြစ်ရန်မှာ လွယ်သည့်အလုပ်မဟုတ်။ သို့သော် ထိုအလုပ်က ငွေရစေသည့်အပြင် ပျော်စရာလည်းကောင်းပါသည်။
(ဃ) မိမိကိုယ်လူတို့လိုအပ်သည်ဆိုသည့်ခံစားမှုသည် စိတ်ပိုင်းဆိုင်ရာကျေနပ်မှုကိုရစေသည်။ သားသမီးများကိုကြည့်ရှုစောင့်ရှောက်ရသည့် မိခင်အလုပ်သည် မလွယ်ပါ။ သို့သော် သားသမီးများ သူ့ကိုလိုအပ်ကြသည်ဟုခံစားရသည့်ကို သူနှစ်သက်၍ မည်သူမျှ သူ့ကို ဘာမျှမပေးလျှင်ပင် သူတို့အတွက် လိုလိုလားလားအလုပ်ကြိုးစားလုပ်ဆောင်ပေးသည်။

## အလုပ်အတွက် အဓိကတွန်းအားနှင့်အဓိကဆုလာဘ်

*ဖြောင့်မတ်သောအကျင့်စရိုက်ဖွံ့ဖြိုးစေခြင်း*

ခရစ်တော်၏မိန့်တော်မူချက်အရ အလုပ်အတွက် ငွေရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နေ့စဉ်အလုပ်မှ ကျွန်ုပ်တို့မျှော်လင့်ရမည့် အဓိကဆုလာဘ်မှာ အလုပ်သည် အကျင့်စရိုက်ကိုတည်ဆောက်ပေးသည်ဆိုသည့်အချက်ဖြစ်သည်။ ကိုယ်တော်မိန့်တော်မူသည်မှာ -

"ထို့ကြောင့် မည်သည့်အရာကို စားရမည်နည်း၊ မည်သည့်အရာကို သောက်ရမည်နည်း၊ မည်သည့်အရာကို ဝတ်ရမည်နည်းဟုဆိုလျက် မစိုးရိမ်ကြနှင့်။ အကြောင်းမူကား လူမျိုးခြားတို့သည် ဤအရာအားလုံးတို့ကို ကြိုးစားရှာဖွေတတ်ကြ၏။ သို့သော် ကောင်းကင်ဘုံရှင် သင်တို့အဖသည် ဤအရာအားလုံးကို သင်တို့လိုအပ်ကြောင်း သိတော်မူ၏။ ဘုရားသခင်၏နိုင်ငံတော်နှင့် ကိုယ်တော်၏ဖြောင့်မတ်ခြင်းကို ဦးစွာရှာကြလော့။ ထိုအခါ ဤအရာအားလုံးတို့ကို သင်တို့အား ထပ်လောင်း၍ပေးတော်မူလိမ့်မည်။" (မ ၆း၃၁-၃၃)

အသက်ရှင်ရပ်တည်ရေးအတွက်အလုပ်လုပ်ခြင်းသည် မှားသည်ဟု ခရစ်တော်ပြောနေခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့အတွက် အစားအစာနှင့်အဝတ်အထည်လိုအပ်ကြောင်းနှင့် အလုပ်သည် ထိုလိုအပ်ချက်ကိုရရှိနိုင်သည့်နေရာဖြစ်ကြောင်း ဘုရားသခင်ကိုယ်တော်တိုင်က သိတော်မူပါသည်။ သို့သော် ဤအရာများသည် အလုပ်လုပ်ရန်အတွက် အဓိကတွန်းအားမဖြစ်သင့်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတို့ကို ဦးစွာရှာဖွေရမည်ဟု ခရစ်တော်မိန့်တော်မူသည်မှာ ကျွန်ုပ်တို့လုပ်ဆောင်လေရာတို့၌ ဘုရားသခင်၏အုပ်စိုးတော်မူခြင်းကို ဖော်ဆောင်ရန်သည် ပထမရည်ရွယ်ချက်ဖြစ်ရမည်ဟု ဆိုလိုသည်။ ထိုသို့အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ပညတ်ချက်တို့ကို အစဉ်လိုက်လျှောက်လျက် ဖြောင့်မတ်သောအကျင့်စရိုက်ကို ကြီးထွားစေရန်ဖြစ်သည်။

ယောက်ျားလေးများ သို့မဟုတ် မိန်းကလေးများက ကမ္ဘာ့အဆင့်မီဘော်လုံးသမားများဖြစ်လိုကြသည်ဟုဆိုကြပါစို့။ သူတို့သည် မည်သည့်နည်းဖြင့် ထိုကဲ့သို့ဖြစ်လာကြမည်နည်း။

သေချာသည်မှာ သူတို့သည် စာအုပ်ထဲတွင် ဘော်လုံးအကြောင်းနှင့် စည်းမျဉ်းအကြောင်း စတင်ဖတ်ရှုလေ့လာနိုင်သည်။ သို့သော် စာအုပ်ဖတ်ခြင်းသည် မလုံလောက်ပါ။ ဘော်လုံးသမား ကောင်းတစ်ဦးဖြစ်လာရန် သူတို့သည် ဘော်လုံးကွင်းထဲသွား၍ ပုံမှန်လေ့ကျင့်ရမည်ဖြစ်သည်။ ထိုနည်းအားဖြင့် မြန်မြန်ဆန်ဆန်ကစားရန်၊ ဘော်လုံးကောင်းကောင်းထိန်းနိုင်ရန်၊ စိတ်ထိန်း တတ်ရန်၊ စည်းမျဉ်းများလိုက်နာရန်နှင့် ဒိုင်လူကြီးမမြင်သည့်အချိန်လည်း လိမ်လည်လှည့်စားခြင်း မပြုရန် မိမိကိုယ်ကိုယ်လေ့ကျင့်ပေးရမည်ဖြစ်သည်။ ထိုကဲ့သို့သောလေ့ကျင့်မှုသည် ပြိုင်ပွဲများ တွင်အနိုင်ရအောင်သာ သူတို့ကိုကူညီသည်မဟုတ်။ သူတို့တစ်ဦးစီကို ပုဂ္ဂိုလ်တစ်ဦးအဖြစ် လုပ် ဆောင်ပေးသောအရာများရှိသည်။ ထိုလေ့ကျင့်မှုက သူတို့၏အရည်အချင်းများကို တိုးတက်စေ ပြီး သူတို့ကို သန့်ရှင်းစွာကစားသူများနှင့် ရိုးသားဖြောင့်မတ်သူများအဖြစ် သူတို့၏ကိုယ်ကျင့်တ ရားကို တည်ဆောက်ပေးသည်။ အခြားတစ်ဘက်တွင် အလွန်အရေးကြီးသည့်တဒင်္ဂလေးအ တွင်း ဘော်လုံးကိုလက်နဲ့ကိုင်တွယ်ခြင်းဖြင့် လိမ်လည်လှည့်ဖြားနိုင်လျှင် ပြိုင်ပွဲတွင် နိုင်ကောင်း နိုင်သွားနိုင်ပါသည်။ သို့သော် မိမိကိုယ်ကိုယ်ဖျက်ဆီးမိကြပေလိမ့်မည်။ ရလဒ်အဖြစ် သူတို့သည် ရိုးသားမှုနည်းသွားသူ၊ ကောင်းမြတ်မှုနည်းသွားသူများ ဖြစ်သွားကြပေလိမ့်မည်။ သူတို့၏ကိုယ် ကျင့်တရားနှင့် လူတစ်ဦးအနေဖြင့် သူတို့၏အရည်အသွေးတို့သည် ဆုတ်ယုတ်သွားပေလိမ့်မည်။

ထို့ကြောင့် နေ့စဉ်အသက်တာတွင် ထိုနည်းတူပင်ဖြစ်သည်။ သမ္မာကျမ်းစာက ကျွန်ုပ် တို့ကို ရဲရင့်ရန်၊ မှန်ကန်ရန်၊ ရိုးသားရန်၊ လိမ်လည်လှည့်ဖြားခြင်းမပြုရန်၊ မညာရန်၊ မခိုးရန်၊ ကိုယ် ကျင့်တရားမပျက်ရန်၊ လောဘမကြီးရန်၊ မနာလိုမဖြစ်ရန်၊ သဂန်မတိုရန်၊ အာဃာတမထားရန်၊ မကောင်းစိတ်မထားရန် သွန်သင်ပေးသည်။ သို့သော် ကျမ်းထဲတွင် ဖတ်ရှုရုံသက်သက်ဖြင့် ထို ကိုယ်ကျင့်တရားကောင်းများ ကျွန်ုပ်တို့တွင် ရောက်လာမည်မဟုတ်။ ၎င်းတို့သည် ကျွန်ုပ်တို့၏ ကိုယ်ကျင့်တရားကောင်းများဖြစ်လာစေရန် ကျွန်ုပ်တို့ပြုမူသင့်သည့်အတိုင်း ကျွန်ုပ်တို့စဉ်ဆက် မပြတ်လေ့ကျင့်နေပြီး သွေးဆောင်မှုများကို ခုခံတွန်းလှန်နေရန် လိုအပ်ပါသည်။ ခရစ်တော်၏ မိန့်တော်မူချက်အရ ကျွန်ုပ်တို့ နေ့စဉ်လုပ်ဆောင်သည့်အလုပ်၏အဓိကအကျိုးရလဒ်မှာ ပြုမူနေ ထိုင်ခြင်းနှင့်ဆိုင်သော ဘုရားသခင်၏စည်းမျဉ်းတို့ကို လက်တွေ့လိုက်နာလေ့ကျင့်လျက် ခိုင်မာ ၍ ကျန်းမာတင့်တယ်လျက် ဖြောင့်မတ်သောကိုယ်ကျင့်တရားကို ကြီးထွားစေခြင်းပင်ဖြစ်သည်။ အခြားတစ်ဘက်တွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏နေ့စဉ်အလုပ်ထဲ၌ စုံစမ်းသွေးဆောင်မှုများစွာ ကို ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။ ၎င်းတို့ထံမိမိကိုယ်ကိုယ်အပ်နှံလျက် ပျင်းရိကာ အားကိုမရ သောသူများဖြစ်လျှင် သို့မဟုတ် လိမ်ညာလှည့်ဖြားလျှင် သို့မဟုတ် လောဘကြီးလျက် တစ်ကိုယ် ကောင်းဆန်လျှင် ကျွန်ုပ်တို့သည် အောင်မြင်နေသယောင်ဖြစ်လျက် ငွေကြေးနှင့်ရာထူးဂုဏ်ရှိန် ပိုမိုရရှိနိုင်သော်လည်း မိမိကိုယ်ကိုယ်နှင့် မိမိတို့ကိုယ်ကျင့်တရားကို ပြင်းပြင်းထန်ထန် သို့မဟုတ် အသေဖျက်ဆီးကာ နောက်ဆုံးတွင် ကြီးမားသောဆုံးရှုံးမှုပင် ကြုံရနိုင်ပေသည်။

*ဥ)ပျက်စီးမှုသည် မည်မျှအထိပြင်းထန်၍ပုံသေဖြစ်သွားနိုင်သနည်း။*

ကျွန်ုပ်တို့၏လုပ်ဆောင်မှုသည် အရာမထင်တော့ဘဲ မေ့လျော့ခြင်းခံရနိုင်သောလည်း ကျွန်ုပ်တို့ နှင့်ကျွန်ုပ်တို့၏ကိုယ်ကျင့်တရားအပေါ် ၎င်း၏အကျိုးသက်ရောက်မှုသည် တည်တံ့သည်ဟု ခရစ် တော်က သွန်သင်ထားပါသည်။ ထို့ကြောင့် ဘာသာရေးကိုင်းရှိုင်းဟန်ဆောင်သော်လည်း ဘုရား သခင်ကိုသော်လည်းကောင်း၊ သူတို့ဝန်းကျင်၌ရှိသောသူတို့ကိုလည်းကောင်း ကရုမစိုက်ဘဲ ငွေ အတွက်လောဘ၏တွန်းအားပေးခြင်းခံရကြသူတို့နှင့်ကြုံတွေ့သောအခါ ခရစ်တော်က သူဌေးကြီး နှင့်လာဇရုတို့အကြောင်းကို ပြောပြခဲ့သည် (လု ၁၆း၁၉-၃၁)။ အဖြစ်အပျက်ကို သင်ကိုယ်တိုင်

ဖတ်ရှုလျက် ထိုအဖြစ်အပျက်အရ သူဌေးကြီးသည် သေခြင်း၏နောက်ပိုင်းတွင် အဘယ့်ကြောင့် အကြီးအကျယ်ဒုက္ခရောက်သွားရသည်ကို ဆုံးဖြတ်ပါ။

"တစ်ခါက ခရမ်းရောင်ဝတ်ရုံနှင့် ပိတ်ချောထည်များကိုဝတ်ဆင်ကာ နေ့စဉ် စည်းစိမ်ခံစားလျက် ပျော်မွေ့နေသည့် သူဌေးတစ်ဦးရှိ၏။ သူ၏အိမ်တံခါးဝ၌ကား တစ်ကိုယ်လုံးအနာစိမ်းပေါက်နေသော လာဇရုအမည်ရှိဆင်းရဲသားတစ်ယောက် လဲလျောင်းနေ၏။ သူသည် သူဌေး၏စားပွဲပေါ်မှကျသော အစာများကိုပင် ဝလင်စွာစားရရန် တောင့်တနေ၏။ ခွေးများသည်လည်း သူ၏အနာစိမ်းများကို လာ၍လျက်ကြ၏။ ထို့နောက် ထိုဆင်းရဲသားသည် သေလွန်သွားရာ ကောင်းကင်တမန်တို့သည် သူ့ကို အာဗြဟံ၏ရင်ခွင်ထဲသို့ ခေါ်ဆောင်သွားကြ၏။ သူဌေးသည်လည်း သေလွန်သဖြင့် သင်္ဂြိုဟ်ခြင်းကိုခံရ၏။ သူသည် မရဏာနိုင်ငံတွင် ဝေဒနာခံစားရလျက် မျှော်ကြည့်သောအခါ အာဗြဟံနှင့် သူ၏ရင်ခွင်ထဲ၌ရှိသော လာဇရုတို့ကို အဝေးမှမြင်ရလေ၏။ ထိုအခါ သူက 'အဖအာဗြဟံ၊ အကျွန်ုပ်ကိုသနားပါ။ အကျွန်ုပ်သည် ဤမီးလျှံထဲတွင် ဝေဒနာပြင်းစွာခံစားနေရသောကြောင့် လာဇရုသည် မိမိလက်ဖျားကိုရေ၌နှစ်၍ အကျွန်ုပ်၏လျှာကို အေးစေရန် သူ့ကိုစေလွှတ်ပေးပါ'ဟု အော်ဟစ်ပြောဆိုလေ၏။ သို့သော် အာဗြဟံက 'ငါ့သား၊ သင်သည်အသက်ရှင်စဉ်အခါ မိမိအတွက် ကောင်းသောအရာများကိုရရှိခဲ့၍ လာဇရုသည် ဒုက္ခခံခဲ့ရကြောင်း သတိရလော့။ ယခုမူကား သူသည်ဤနေရာတွင် နှစ်သိမ့်ခြင်းကိုခံစားရ၍ သင်သည် ဝေဒနာပြင်းစွာခံစားနေရ၏။ ထိုမျှမက သင်တို့နှင့်ငါတို့ကြားတွင် အလွန်နက်သောချောက်ကြီးရှိသဖြင့် ဤနေရာမှ သင်တို့ထံသို့လည်းကောင်း၊ သင်တို့နေရာမှ ငါတို့ထံသို့လည်းကောင်း ကူးလိုသော်လည်း မကူးနိုင်ကြ'ဟု ပြန်ပြောလေ၏။ သူဌေးကလည်း 'အဖ၊ သို့ဖြစ်လျှင် လာဇရုကို အကျွန်ုပ်အဖေ၏အိမ်သို့ စေလွှတ်ပေးပါရန် အကျွန်ုပ်တောင်းပန်ပါ၏။ အကြောင်းမူကား အကျွန်ုပ်၌ ညီအစ်ကို ငါးဦးရှိပါ၏။ သူတို့သည် ဝေဒနာခံရာ ဤအရပ်သို့ မရောက်မည့်အကြောင်း သူတို့အား သွား၍သတိပေးစေလိုပါ၏'ဟု လျှောက်လေ၏။ သို့သော် အာဗြဟံက 'သူတို့၌ မောရှေနှင့်ပရောဖက်များရှိကြ၏။ ထိုသူတို့၏စကားကို သူတို့နားထောင်ကြ ပါစေ'ဟု ဆို၏။ သူဌေးကလည်း 'အဖအာဗြဟံ၊ ထိုသို့မဟုတ်ပါ။ သေသောသူတို့ထဲမှ တစ်စုံတစ်ယောက်သည် သူတို့ထံသို့သွားလျှင် သူတို့နောင်တရကြပါလိမ့်မည်'ဟု ဆို၏။ သို့သော် အာဗြဟံက 'သူတို့သည် မောရှေနှင့်ပရောဖက်တို့၏စကားကို နားမထောင်လျှင် တစ်စုံတစ်ယောက်သည် သေသောသူတို့ထဲမှ ထမြောက်လျှင်လည်း သူတို့ယုံကြည်ကြလိမ့်မည်မဟုတ်'ဟု ဆိုလေ၏"ဟူ၍ မိန့်တော်မူ၏။" (Luke 16:19–31)

ဤသို့ဖြစ်ရသည်မှာ ဤဘဝတွင် သူချမ်းသာခဲ့သောကြောင့်မဟုတ်ပါ။ သူသည် တစ်ကိုယ်ကောင်းဆန်လျက် မိမိခံစားဖို့သာ ငွေရှာခဲ့သောကြောင့်ဖြစ်သည်။ ပြီးခဲ့သည့်အခန်းတွင် ကျွန်ုပ်တို့တွေ့ခဲ့သည့်အတိုင်း ဘုရားသခင်၏ဒုတိယအကြီးမြတ်ဆုံး ပညတ်ချက်က "ကိုယ့်ဝန်းကျင်၌ရှိသောသူကို ကိုယ်နှင့်အမျှချစ်ရမည်"ဟု ဆိုထားသည်။ ဤသူဌေးကြီး၏ခြံဝတွင် အကူအညီမဲ့နေသော သူတောင်းစားတစ်ဦးရှိနေခဲ့သည်။ သို့သော် ထိုသူဌေးကြီးသည် သူ့ကိုကူညီရန် ကြိုးစားမှုမရှိခဲ့ချေ။ ပညတ်ချက်ကို သူဌေးကြီးမသိခဲ့သောကြောင့်မဟုတ်။ သူနှင့်သူ့ညီအစ်ကိုများအတွက် ဓမ္မဟောင်းဖြစ်သည့် မောရှေနှင့်ပရောဖက်များရှိကြောင်း အာဗြဟံက သူ့ကိုသတိပေးခဲ့သည်။ သို့သော် သမ္မာကျမ်းစာကို သူနာခံခြင်း၊ မနာခံခြင်းက ဘာမျှထူးထူးခြားခြားဖြစ်စေမည်မဟုတ်ဟု သူရိုးရိုးစဉ်းစားခဲ့သည်။ ဤလောကတွင် ကျွန်ုပ်တို့တည်ဆောက်သောကိုယ်ကျင့်တရားသည် ထာဝရကာလအထိ တည်တံ့ပြီးထူးခြားမှုရှိကြောင်းကို သူ့ဘဝအသက်ရှင်မှုပုံစံ ပြောင်းလဲရန်

အချိန်နှောင်းသွားပြီးမှ သူသိခဲ့သည်။

**အလုပ်မှ အမြင့်မားဆုံးအကျိုးကျေးဇူးရရှိခြင်း**

ထိုအခါ လူထုပရိသတ်ထဲမှ တစ်စုံတစ်ဦးက ကိုယ်တော်အား "ဆရာ၊ အကျွန်ုပ်ကို အမွေခွဲဝေပေးရန် အကျွန်ုပ်၏အစ်ကိုအား အမိန့်ရှိတော်မူပါ"ဟု လျှောက်လေ၏။ သို့သော် ကိုယ်တော်က "အချင်းလူ၊ သင်တို့ကိုတရားစီရင်သူ သို့မဟုတ် သင်တို့၏ခုံလူကြီးအဖြစ် မည်သူသည် ငါ့ကိုခန့်ထားသနည်း"ဟု သူ့အားမိန့်တော်မူ၏။ ထို့နောက် လူတို့အား "လောဘလွန်ကျူးခြင်းအမျိုးမျိုးကို သတိပြု၍ရှောင်ကြဉ်ကြလော့။ အကြောင်းမူကား လူ၏အသက်သည် သူ၏ဥစ္စာပစ္စည်းကြွယ်ဝမှုအပေါ်၌တည်သည်မဟုတ်"ဟု မိန့်တော်မူ၏။ တစ်ဖန် သူတို့အား ပုံဥပမာတစ်ခုမြွက်ဆိုတော်မူသည်မှာ "သူဌေးတစ်ဦးသည် မိမိလယ်ကွင်းမှအသီးအနှံကောင်းစွာထွက်သဖြင့် 'ငါ၏အသီးအနှံများကိုသိုထားရန် နေရာမရှိ။ ငါသည် မည်သို့ပြုရမည်နည်း'ဟု မိမိစိတ်ထဲ၌စဉ်းစားလေ၏။ ထို့နောက် သူက 'ငါဤသို့ပြုမည်။ ငါ့ကျီများကိုဖျက်၍ ပိုမိုကြီးမားသောကျီများကိုဆောက်ပြီးလျှင် ငါ၏ဂျုံဆန်နှင့်အသီးအနှံရှိသမျှတို့ကို ထိုနေရာတွင် စုသိမ်းထားမည်။ ငါ၏ဝိညာဉ်ကိုလည်း အချင်းဝိညာဉ်၊ နှစ်ပေါင်းများစွာအတွက် သိုမှီးထားသောအသီးအနှံအမြောက်အမြား ရှိထားပြီ။ အနားယူလော့။ စားသောက်ပျော်မွေ့လော့ဟူ၍ ငါပြောမည်'ဟု ဆိုလေ၏။ သို့သော် ဘုရားသခင်သည် ထိုသူအား 'အချင်းလူမိုက်၊ ယခုညပင် သင့်ဝိညာဉ်ကို သင့်ထံမှရုပ်သိမ်းကြလိမ့်မည်။ သို့ဖြစ်လျှင် သင်ပြင်ဆင်ထားသည့်အရာများသည် မည်သူ့ဥစ္စာဖြစ်လိမ့်မည်နည်း'ဟု မိန့်တော်မူ၏။ မိမိအတွက် ဥစ္စာများကိုသိုမှီးထားသော်လည်း ဘုရားသခင်၏ရှေ့တော်၌ ကြွယ်ဝခြင်းမရှိသောသူသည် ဤသူဌေးနှင့်တူ၏"ဟု မိန့်တော်မူ၏။ ( လု ၁၂း၁၃- ၂၁)

ဤပုံဥပမာသည်လည်း ကျွန်ုပ်တို့၏နေ့စဉ်အလုပ်မှ ကျွန်ုပ်တို့၏ရိတ်သိမ်းခြင်းနှင့်ဆိုင်သည်။ လယ်ယာသမားသည် အလုပ်ကြိုးစားလျက် အကျိုးအမြတ်များစွာရရှိခြင်းကို မှားသည်ဟုပြောနေခြင်းမဟုတ်ကြောင်း သတိပြုမိရန်လိုပါသည်။ ပုံဥပမာကထောက်ပြလိုသောအချက်မှာ သူရရှိသည့်အကျိုးအမြတ်ကို သူမည်ကဲ့သို့သုံးသနည်းဆိုသည့်အချက်ဖြစ်သည်။ အကျိုးအမြတ်ကို ပျော်ရွှင်စွာခံစားလိုသောကြောင့် အပြစ်တင်နေခြင်းလည်းမဟုတ်။ သူရရှိသည့်အကျိုးအမြတ်အပေါ် သူထားရှိသည့်သူ့စိတ်သဘောထားကို ထောက်ပြလိုခြင်းဖြစ်သည်။ သူသည် သူ့အားအမြင့်မားဆုံးခံစားစေသည့်စိတ်ထားမျိုးထားရှိရမည့်အစား အနိမ့်ဆုံးခံစားစေသည့်စိတ်သဘောထားမျိုး သူထားခဲ့သောကြောင့်ဖြစ်သည်။

သူ၏ပထမအမှား။ သူသည် သူ၏အသီးအနှံများကို မှားယွင်းသောနေရာတွင် သိုမှီးထားခဲ့သည်။ သူ့လယ်ယာများက သူ့လတ်တလောလိုအပ်ချက်ထက် များစွာပိုလျှံသော အသီးအနှံများကို ထွက်စေခဲ့သည်။ ထို့ကြောင့် သူ့အသီးအနှံများကို ဤကမ္ဘာပေါ်တွင် သိုမှီးထားရန်အတွက် ပိုမိုကြီးမားသောကျီများကိုဆောက်လုပ်ရန် သူဆုံးဖြတ်ခဲ့သည်။ ထိုသို့အားဖြင့် မိမိကိုယ်ကိုယ် - "နှစ်ပေါင်းများစွာအတွက် သိုမှီးထားသောအသီးအနှံအမြောက်အမြား ရှိထားပြီ။ အနားယူလော့။ စားသောက်ပျော်မွေ့လော့"ဟု ပြောနိုင်မည်ဖြစ်သည် (၁၂း၁၉)။

သို့သော် ဤလောကဘဝ၏သက်တမ်းသည် မသေချာမရေရာဆိုသည်ကို သူမေ့နေခဲ့သည်။ သူအသက်ကြာရှာစွာနေရမည်ဟု သူထင်ခဲ့သော်လည်း ထိုညတွင်ပင် ရုတ်တရက်သူသေဆုံးသွားခဲ့သည်။ ဘုရားသခင်က သူ့ကို လူမိုက်ဟု ပြောခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် သူ

သည် သူ၏ပစ္စည်းဥစ္စာတို့ကို မှားယွင်းသောနေရာတွင် သိုမှီးထားခဲ့ကြောင်း ယခုထင်ရှားနေပြီ ဖြစ်သည်။ သူသည် ယခု ၎င်းတို့ကို သူ့အတွက် အကျိုးမပြုနိုင်တော့သောနေရာတွင် ထားခဲ့ရတော့မည်ဖြစ်သည်။ ယခုမှစ၍ ၎င်းတို့ကို အခြားသူတစ်ဦးဦးက ပိုင်ဆိုင်တော့မည်ဖြစ်သည်။

ထိုသို့ဆိုလျှင် သူ့ဥစ္စာများကို အခြားမည်သည့်နေရာတွင် သူသိုမှီးထားနိုင်သေးသနည်းဟု စာဖတ်သူလည်းရှိနိုင်ပါသည်။ သူသည် မိမိဥစ္စာပစ္စည်းတို့ကို မိမိအတွက်သာမသုံးဘဲ အခြားသူတို့၏အကျိုးအတွက်လည်း အသုံးပြုရန်ဆုံးဖြတ်ခဲ့လျှင် မိမိဘဏ္ဍာတို့ကို ကောင်းကင်၌ သိုမှီးခဲ့ပေလိမ့်မည် (မ ၆း၁၉-၂၁)။ သမ္မာကျမ်းစာက ဤသို့ပြောထားပါသည်-

> ဤဘဝ၌ ငွေရတတ်သောသူတို့သည် မာန်မာနစိတ်နှင့် ကင်းလွတ်၍၊ မမြဲသောစည်းစိမ်ကို မကိုးစားဘဲ၊ ငါတို့ခံစားဘို့ရာအလုံးစုံတို့ကိုကြွယ်ဝစွာ ပေးသနားတော်မူသော၊ အသက်ရှင်တော်မူသော ဘုရားသခင်ကို ကိုးစားရမည်အကြောင်းနှင့်၊ သူတစ်ပါးအား ကျေးဇူးပြုခြင်း၊ ကောင်းသောအကျင့်၌ ကြွယ်ဝပြည့်စုံခြင်း၊ စွန့်ကြဲချင်သော စေတနာစိတ်ရှိခြင်း၊ အချင်းချင်းဆက်ဆံခြင်း၊ မှန်သောအသက်ကို ဝင်စားလိုသောငှာ၊ နောင်ဘဝ၌ ကောင်းသောဘဏ္ဍာကို မိမိတို့အဘို့ ဆည်းဖူးခြင်းတို့ကို ပြုရမည်အကြောင်း ပညတ်ထားလော့။ ( ၁တိ ၆း၁၇- ၁၉)

သို့သော် မိမိအကျိုးအမြတ်များကို အခြားသူတို့၏ကောင်းကျိုးအတွက် အသုံးပြုခြင်းသည် မည်သည့်ပုံစံဖြင့် ကျွန်ုပ်တို့၏ အနာဂါတ် (တိုက်ရိုက်ဆိုရလျှင် နောင်လာမည့်ကမ္ဘာ) အတွက် ကောင်းသောအုတ်မြစ်ဖြစ်နိုင်မည်နည်း။ တူညီမှုနှိုင်းစာချက်ကို အသုံးပြုကြစို့။ မန်နေဂျာအသစ်တစ်ဦးကို စက်မှုလုပ်ငန်းငယ်တစ်ခုတွင် အလုပ်ခန့်သည်ဆိုကြပါစို့။ သူသည် အကျိုးအမြတ်ကို စက်ရုံကြီးထွားလာရန်၊ ဝန်ထမ်းများ၏လူနေမှုအဆင့်မြှင့်တင်ရန်နှင့် ဒေသခံအသိုင်းအဝိုင်း၏အကျိုးဖြစ်ထွန်းစေရန်တို့အတွက် အသုံးပြုပါက သူသည် မန်နေဂျာတစ်ဦးအနေဖြင့် သူ၏စွမ်းရည်နှင့်ကျွမ်းကျင်မှုတို့ကို ဖွံ့ဖြိုးစေမည်ဖြစ်၍ သူ့အလုပ်ရှင်က သူ့ကို ဖြေးဖြေးချင်းရာထူးတိုးပေးသဖြင့် ပိုကြီးသောစက်ရုံတွင် မန်နေဂျာတစ်ဦးဖြစ်လာနိုင်သည်။ တိုင်းပြည်၏စက်မှုဝန်ကြီးပင် ဖြစ်လာနိုင်ပါသည်။ သို့သော် သူသည် စုံစမ်းသွေးဆောင်ခြင်းနောက်လိုက်လျက် အကျိုးအမြတ်ဖြင့် မိမိအတွက် နန်းတော်အလားထည်ဝါသောအိမ်နှင့်ဈေးကြီးသောကားတို့ကို ဝယ်သည်ဆိုကြပါစို့။ သူသည် မိမိ၏ကိုယ့်ကျင့်တရားကိုဖျက်ဆီးလျက် ရာထူးတိုးခံရရန် ထိုက်တန်တော့မည်မဟုတ်။ သူသည် တရားစွဲခံရလျက် အချုပ်ထဲလည်း ရောက်သွားနိုင်သည်။

အလားတူပင် လူတစ်ဦးက ဤဘဝတွင် ဘဝ၊ အလုပ်၊ ဥစ္စာပစ္စည်းများနှင့် အကျိုးအမြတ်တို့အပေါ်ထားရှိသောစိတ်သဘောထားသည် နောက်ဘဝတွင် တာဝန်ရှိသူဖြစ်ရန် သူ့ကို ထိုက်တန်စေသကဲ့သို့ မထိုက်တန်သူလည်းဖြစ်စေသည်ဟု ခရစ်တော်က သွန်သင်တော်မူသည်။

## ဘဝကိုပိတ်ညှပ်လျက် ဘုရားသခင်နှင့်ဝေးစေသည့်အလုပ်၏ဘေးအန္တရာယ်

*လယ်ယာသူဌေးကြီး၏ဒုတိယအမှား။* သင်သည် အမှန်တကယ်ချမ်းသာကြွယ်ဝသည်ဆိုလျှင် ရုပ်ဝတ္ထုပိုင်းတွင်သာချမ်းသာသည်မဟုတ်၊ ဂိညာဉ်ရေးအရလည်း ချမ်းသာကြွယ်ဝသည်ဟူသည့် အချက်ကို သူမေ့လျော့နေခဲ့သည်။ ရုပ်ပိုင်းဆိုင်ရာချမ်းသာကြွယ်ဝမှုသည် ဂိညာဉ်ရေးချမ်းသာကြွယ်ဝမှုနှင့်နှိုင်းစာလျှင် အသေးအမွှားသာဖြစ်သည်။

စေ့စပ်လက်စွပ်ကိုသာတန်ဖိုးထားလျက် ထိုလက်စွပ်ပေးသောသူကို စိတ်မဝင်စားသည့်မိန်းကလေးသည် ထိုလက်စွပ်၏အဓိကထူးခြားမှုကို အလဟဿဖြစ်သွားစေမည်ဖြစ်သည်။ မိုက်မဲသောလယ်ယာသူဌေးကြီးသည် သူ့အလုပ်အား သူ့ဘဝကိုပိတ်ညှပ်စေလျက် ဘုရားသခင်

နှင့်လည်းကောင်း၊ ကိုယ်တော်နှင့်မိတ်သဟာရဖွဲ့ခြင်းနှင့်လည်းကောင်း၊ ကိုယ်တော်ကိုနာခံခြင်းနှင့်လည်းကောင်း သူ့ကို ပေးကွာစေခွင့်ပေးခဲ့သည်။ ထိုအခြေအနေက သူကို ဂိညာဉ်ရေးဆင်းရဲမှုခံစားစေပြီး နောက်ဘဝတွင် ဘုရားသခင်နှင့်ဆုံတွေ့ရန်ပြင်ဆင်မှုမရှိဘဲ သေဆုံးသွားခဲ့ရသည်။ "မိမိအတွက် ဥစ္စာများကိုသိုမှီးထားသော်လည်း ဘုရားသခင်၏ရှေ့တော်၌ ကြွယ်ဝခြင်းမရှိသောသူသည် ဤသူဌေးနှင့်တူ၏"ဟု ခရစ်တော်မိန့်တော်မူခဲ့သည် (လု ၁၂း၂၁)။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ရှေ့တော်၌ကြွယ်ဝသူများဖြစ်လာရန်ဆိုလျှင် အလုပ်ကအရေးကြီးသကဲ့သို့ ဘုရားသခင်နှင့်ရင်းနှီးကျွမ်းဝင်မိတ်သဟာယဖွဲ့ခြင်းသည် ဘဝ၏ဦးစားပေးအဖြစ် အလွန်အရေးကြီးကြောင်း ကျွန်ုပ်တို့သတိရရပေမည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်၊ ကျွန်ုပ်တို့ကို နေ့စဉ်အလုပ်အတွက် ပုံဖော်ဖန်ဆင်းသောအရှင်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ကို ကျေးကျွန်ဖြစ်စေရန် မည်သည့်အခါမျှ ရည်ရွယ်တော်မမူပေ။ မေတ္တာအရင်းခံလျက် သူ့အတွက်အလုပ်လုပ်ကြရန် ကိုယ်တော်အလိုရှိတော်မူသည်။ ကျွန်ုပ်တို့သည် သူ့ကိုချစ်ကြမည်ဆိုလျှင် ဦးစွာ သူနှင့်ပြန်လည်သင့်မြတ်လျက် ဘုရားသခင်၏သားတော် ယေရှု၏ဂိညာဉ်တော်ကိုလက်ခံ၍ ဘုရားသခင်၏သားသမီးများဖြစ်လာရမည်ဖြစ်သည် (ရော ၈း၁၄-၁၇)။ ထိုသို့အားဖြင့်သာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏နေ့စဉ်အ လုပ်ထဲတွင် ဘုရားသခင်၏နိုင်ငံတော်နှင့်ဆိုင်သောနိယာမများကို ကျင့်သုံးနိုင်မည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်ကို မည်သည့်ပုံစံဖြင့် ဤကဲ့သို့သိကျွမ်းလာနိုင်ကြမည်နည်း။ ယေရှုက သူသည် ခမည်းတော်ဘုရားသခင်ထံရောက်သည့်လမ်းဖြစ်သည်ဟု ကျွန်ုပ်တို့ကို မိန့်တော်မူထားပါသည် (ယော ၁၄း၆)။

**မာရိနှင့်မာသ**

လု ၁ဝး၃၈-၄၂ တွင်ဖော်ပြသောအဖြစ်အပျက်သည် ယခုကျွန်ုပ်တို့လေ့လာနေသော ခေါင်းစဉ်နှင့် မည်ကဲ့သို့ဆက်စပ်မှုရှိသနည်း။

> သူတို့သည် ခရီးဆက်သွားစဉ်တွင် ကိုယ်တော်သည် ရွာတစ်ရွာသို့ဝင်တော်မူရာ မာသအမည်ရှိသောအမျိုးသမီးတစ်ဦးသည် ကိုယ်တော်ကို မိမိအိမ်၌လက်ခံကြိုဆိုလေ၏။ ထိုအမျိုးသမီးတွင် မာရိဟုခေါ်သောညီမတစ်ယောက်ရှိ၏။ သူမသည် သခင်ဘုရား၏ခြေတော်ရင်း၌ထိုင်လျက် ကိုယ်တော်၏တရားစကားကို နားထောင်နေ၏။ မာသမူကား ဧည့်ခံခြင်းအမှုများကြောင့် စိတ်ပူပန်သဖြင့် အထံတော်သို့ချဉ်းကပ်လျက် "သခင်ဘုရား၊ ကျွန်မ၏ညီမသည် ကျွန်မကိုသာဧည့်ဝတ်ပြုရန်ပစ်ထားခဲ့သည်ကို ကိုယ်တော်ဂရုမစိုက်ဘဲနေတော်မူသလော။ ကျွန်မကိုကူညီရန် သူမအားအမိန့်ရှိတော်မူပါ"ဟု လျှောက်လေ၏။ သခင်ဘုရားကလည်း "မာသ၊ မာသ၊ သင်သည် များစွာသောအမှုတို့အတွက်စိုးရိမ်လျက် နှောင့်ယှက်ခြင်းကိုခံနေရ၏။ သို့သော် လိုအပ်သောအရာသည် တစ်ခုတည်းရှိ၏။ မာရိသည် ထိုကောင်းမြတ်သည့်အပိုင်းကို ရွေးချယ်ပြီးဖြစ်၍ ၎င်းကို သူ့ထံမှမနုတ်မပယ်ရာ"ဟု မိန့်တော်မူ၏။
> ( လု ၁ဝး၃၈- ၄၂)

# အခန်း ၂၈

## နောက်ဘဝအမှန်တကယ်ရှိခြင်းနှင့် ခရစ်ယာန်လူ့ကျင့်ဝတ်အပေါ် ၎င်း၏ဆက်စပ်ပတ်သက်မှု

ခရစ်ယာန်လူ့ကျင့်ဝတ်အတွက် အဓိကနီးနွယ်မှုဘောင်တစ်ခုမှာ ဤလောကဘဝ၏ဂိညာဉ်ရေးကဏ္ဍ အမှန်တကယ်ရှိကြောင်း အကြွင်းမဲ့ယုံကြည်ခြင်းသာမကဘဲ ထိုအတိုင်းပင် နောက်ဘဝအမှန်တ ကယ်ရှိကြောင်း၊ ကောင်းကင်နှင့်ငရဲရှိကြောင်း အလေးအနက်ယုံကြည်ခြင်းဖြစ်သည်ဟု ယေရှုက သွန်သင်တော်မူကြောင်း ပြီးခဲ့သည့်အခန်းတွင် အထင်အရှားတွေ့မြင်ရသည်။ သို့သော် များစွာ သောသူတို့သည် ခရစ်ယာန်လူ့ကျင့်ဝတ်ကို သဘောကျနှစ်သက်လျက် လိုက်နာကျင့်သုံးလိုကြ သော်လည်း ဤနီးနွယ်မှုဘောင်ကို လက်ခံရန် အခက်ကြုံကြသည်။ သို့သော် ဤအချက်ကိုငြင်း ပယ်ခြင်းသည် ခရစ်ယာန်လူ့ကျင့်ဝတ်အတွက် တွန်းအား၏ကြီးမားသည့်အပိုင်းကို ဖြတ်တောက် လိုက်ခြင်းနှင့်တူသည်။ လုံလောက်သောတွန်းအားမရှိသည့်လူ့ကျင့်ဝတ်သည် လက်တွေ့တွင် အ သုံးမဝင်ပေ။ ထို့ကြောင့် ကောင်းကင်နှင့်ငရဲအကြောင်း မကြားလိုသောသူတို့၏ (အခြားများစွာအ နက်) ကန့်ကွက်ချက်နှစ်ရပ်ကို ဤနေရာတွင် ကိုယ်တွယ်ဖြေရှင်းကြစို့။

**ကန့်ကွက်ချက် ၁။** *ကောင်းကင်ရှိတယ်ဆိုတဲ့ယုံကြည်ချက်ဟာ လွတ်ဖို့စိတ်ကူးယဉ်သက်သက်ပါ။ လူတွေအား သူတို့ရဲ့ ဆိုးဝါးတဲ့လူမှုရေးနှင့်စီးပွားရေးအခြေအနေမှန်ကို တိုးတက်ကောင်းမွန်လာ အောင်ကြိုးစားလုပ်ဆောင်မဲ့အစား ဤလောကမှာ သူတို့ခံစားရတဲ့ ဒုက္ခဆင်းရဲခြင်းများအတွက် နောက်ကမ္ဘာရဲ့ ပါရဒိသုဘုံမှာ အလျော်အစားပြန်ရမယ်လို့ အချည်းနှီးမျှော်လင့်စေလျက် အားပေး ခြင်းသာဖြစ်တယ်။ ဒါကြောင့် ဒီယုံကြည်မှုက ဒီလောကဘဝရဲ့တန်ဖိုးကို လျော့ကျစေပြီး ဘဝအ ခြေအနေမှန်ကို တိုးတက်စေအောင်ကြိုးစားမှုအားလုံးကို လျော့ပါးစေတယ်။*

သို့သော် လုံးဝပြောင်းပြန်ဖြစ်နေသောအရာသည် အမှန်ဖြစ်သည်။ ကောင်းကင်နှင့်ငရဲ အကြောင်းခရစ်တော်၏သွန်သင်ခြင်းက ဤဘဝနှင့်၎င်း၏လုပ်ရှားမှုအားလုံးကို အလွန်တန်ဖိုးရှိ စွာရင်းနှီးမြှုပ်နှံစေသည်။ ခရစ်တော်၏မိန့်တော်မူချက်အရ ကျွန်ုပ်တို့၏အစွမ်းအစများကို အသုံးပြု ရာတွင်လည်းကောင်း၊ ဘုရားသခင်၏ဘုန်းတော်အတွက်နှင့် ကျွန်ုပ်တို့၏ မိသားစု၊ တိုင်းပြည်နှင့် ကမ္ဘာတို့၏ကောင်းကျိုးအတွက်လည်းကောင်း ကျွန်ုပ်တို့၏ဖန်ဆင်းရှင်နှင့်အတူ မေတ္တာအခြေခံ သောပူးပေါင်းဆောင်ရွက်ခြင်းမပါသောအရာအားလုံးသည် ဤတိုတောင်းသောယာယီဘဝတွင် သာမက နောက်ကမ္ဘာ၌ပင် ကြီးမား၍ထာဝရဖြစ်သော အကျိုးဆက်များရှိမည်ဖြစ်သည်။

အသက်ဆယ့်ခြောက်နှစ်ပြည့်၍ကျောင်းပြီးသွားသည့်အခါ ဘဝလည်းအဆုံးသတ်သွား မည်ဟု ယုံကြည်သည့် ကျောင်းတက်နေသောကလေးတစ်ယောက်သည် ကျောင်းတွင် ပြေးလွှား ကစားနေရန်သာ စိတ်ရောက်ပြီး ကျောင်းနှင့်သင်ကြားသည့်သင်ခန်းစာများကို အလေးထားမည် မဟုတ်ပေ။ အချို့သောကျောင်းသားများအတွက် ပြဿနာများ ကျောင်းပြီးသွားပြီးနောက် ရှင် သန်ရမည့်ဘဝသည် မည်မျှအရေးကြီးကြောင်း မစဉ်းစားနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် သူတို့သည် သူတို့၏ကျောင်းချိန်ကို အလဟသဖြစ်စေလျက် ပြင်ဆင်မှုမရှိဘဲ လူကြီးဘဝထဲဝင်ရောက်ကြရ သည်။ ထို့ကြောင့် ခရစ်တော်၏သွန်သင်ချက်အရ ကောင်းကင်နှင့်ငရဲကို အလေးအနက်မထား

သောသူတို့သည် ထိုနည်းတူဖြစ်ကြမည်ဖြစ်သည်။ အကြောင်းမှာ ဤဘဝသည် နောက်ဘဝအ တွက် ကျွန်ုပ်တို့ကိုပြင်ဆင်ပေးသော ကျောင်းပင်ဖြစ်သည်။

မှန်ပါသည်။ ဤနေရာတွင် လက်တွေ့ကျကျမေးရမည့်မေးခွန်းမှာ နောက်ကမ္ဘာ အမှန် တကယ်ရောက်လာမည်ဖြစ်ကြောင်း ကျွန်ုပ်တို့၌ မည်သည့်အထောက်အထားရှိသနည်း။ ဤမေး ခွန်းအတွက် သမ္မာကျမ်းစာကပေးသောအဖြေမှာ ယေရှုခရစ်တော်၏ သေခြင်းမှရှင်ပြန်ထမြောက် ခြင်းအတွက် သမိုင်းအထောက်အထားကို ထောက်ပြရန်ဖြစ်သည်[11]။ လုံလောက်သည့်ပြောဆို စရာအချက်မှာ ၁ ကော ၁၅ တွင် ရှင်ပေါလု၏ဖော်ပြချက်အရ အတိတ်က ယေရှုခရစ်တော်၏ရှင် ပြန်ထမြောက်ခြင်းသည် ဤလောက၌ ကိုယ်တော်ကိုယုံကြည်သောသူတို့ နောက်လာမည့်ကမ္ဘာ တွင် ကိုယ်တော်နှင့်အတူနေရန်အတွက် အနာဂါတ်၏နေ့တစ်နေ့တွင် ရှင်ပြန်ထမြောက်ကြမည့် အကြောင်း အာမခံချက်ဖြစ်သည်။ ဆိုလိုသောအချက်မှာ နောက်လာမည့်ကမ္ဘာသည် အစစ်အ မှန်ဖြစ်လျက် ဤကမ္ဘာတွင်ကျွန်ုပ်တို့လုပ်ဆောင်ရသည့်အလုပ်သည် လုပ်ကိုင်ထိုက်သောအလုပ်၊ ကျွန်ုပ်တို့အား ၎င်းကိုပေးအပ်သောအရှင်၏စိတ်တော်ကိုကျေနပ်စေရန် လုပ်ကိုင်ထိုက်သောအ လုပ်ဖြစ်သည်။ သမ္မာကျမ်းစာကဖော်ပြသည့်အတိုင်း သခင်ဘုရား၌ ကျွန်ုပ်တို့၏ကြိုးပမ်းအားထုတ် မှုသည် အချည်းနှီးမဟုတ်ကြောင်း ကျွန်ုပ်တို့သိနေသည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ကိုယ် တော်ပေးအပ်သည့်အလုပ်ကို အစဉ်အမြဲအကောင်းတကာ့အကောင်းဆုံးလုပ်ဆောင်ကြရမည်ဖြစ် သည် (၁ ကော ၁၅း၅၈)။ ထို့ကြောင့် နောက်ဘဝ၏အမှန်ရှိနေခြင်းကိုယုံကြည်မှုက ယခုဤဘဝ အတွက် စွမ်းအားကြီးသောတွန်းအားကို ပေးသည်။

**ကန့်ကွက်ချက် ၂။** *ဘုရားသခင်ရှိတယ်ဆိုရင် ဆုလာဘ်ပုံစံမျိုးနဲ့ ကောင်းကင်မှာရမယ့်အရာအ တွက်မဟုတ်ဘဲ ဘုရားသခင်ကိုချစ်တဲ့စိတ်သက်သက်နှင့် အစေခံသင့်တာပေါ့။*

သို့သော် ဘုရားသခင်ကို အစေခံခြင်းအတွက်ရသည့်ဆုလာဘ်သည် မည်သည့်အရာ ဖြစ်၍ မည်သည့်အရာသည်မူ ထိုဆုလာဘ်မျိုးမဟုတ်ကြောင်း ကျွန်ုပ်တို့ ဦးစွာနားလည်သွားသည့် အခါ ဤကန့်ကွက်ချက်သည် ဖြေရှင်းပြီးသားဖြစ်သွားပေလိမ့်မည်။

လူအများတွေးထင်သည့်အရာနှင့် ခြားနားသည့်အချက်မှာ ကောင်းသောလုပ်ဆောင်မှု များအတွက် ဆုလာဘ်သည် ကယ်တင်ခြင်းနှင့်ဘုရားသခင်၏လက်ခံမှုတို့မဟုတ်၊ အပြစ်လွှတ် ခြင်းနှင့်ထာဝရအသက်လည်းမဟုတ်ပေ။ သမ္မာကျမ်းစာက တိတိကျကျဖော်ပြထားသည့်အတိုင်း ဤအရာများသည် အခမဲ့ပေးသောလက်ဆောင်များဖြစ်သည်။ ကောင်းသောလုပ်ဆောင်မှုများ အားဖြင့် မရနိုင်ပေ - "အကြောင်းမူကား သင်တို့သည် ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအား ဖြင့် ကယ်တင်ခြင်းခံရကြ၏။ ၎င်းသည် သင်တို့ကိုယ်တိုင်ကြောင့်မဟုတ်ဘဲ ဘုရားသခင်ပေး တော်မူသောလက်ဆောင်ဖြစ်၏။ မိမိပြုသောအမှုများကြောင့်မဟုတ်။ သို့ဖြစ်၍ မည်သူမျှ ဝါကြွား စရာအကြောင်းမရှိ" (ဧ ၂း၈-၉)။ ဘုရားသခင်၏လက်ခံမှုကို ရရှိအောင်လုပ်ဆောင်၍မရဆိုသော ဤအချက်သည် လူများစွာအတွက် နားလည်ရန်အလွန်ခက်ခဲတတ်သည်။ သူတို့သည် တစ်ခုခု ရရန် တစ်ခုခုပေးရလေ့ရှိသောကြောင့် လူသည် ကယ်တင်ခြင်းရရန်အတွက် မိမိတို့၏ကောင်း သောလုပ်ဆောင်မှုများအားဖြင့် ဘုရားသခင်ကို ပေးစွမ်းနိုင်သည့်အရည်အချင်းရှိသည်ဟု သူတို့ ထင်နေတတ်သည်။ ဤအချက်က သူတို့သည် လူ့အပြစ်အပေါ် ဘုရားသခင်၏အလေးအနက် ထားမှုကို လျော့တွက်နေကြကြောင်း ပြသနေသည်။ သမ္မာကျမ်းစာက "သို့ဖြစ်၍ ပညတ်တရား

[11] သော့ချက်ကျသောအချက်အလက်အချို့ကအတွက် နောက်ဆက်တွဲ (ခ) ကိုကြည့်ပါ။

နှင့်ဆိုင်သောအကျင့်အားဖြင့် မည်သူမျှ ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သည်ဟုအသိအမှတ် ပြုခြင်းခံရမည်မဟုတ်။ အကြောင်းမူကား ပညတ်တရားအားဖြင့်အပြစ်အကြောင်းကို သိရှိရုံမျှသာ ဖြစ်၏" (ရော ၃း၂၀) ဟု ရှင်းပြပါသည်။ မှန်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပညတ်တော်ကို လူ့စွမ်းအားဖြင့်လိုက်လျှောက်ရန်ကြိုးစားကြသည့်အခါ မအောင်မြင်ကြောင်း၊ "လူအပေါင်းတို့သည် အပြစ်ပြု၍ ဘုရားသခင်၏ဘုန်းအသရေတော်နှင့် အလှမ်းဝေးကြ" (ရော ၃း၂၃) ကြောင်း ကျွန်ုပ်တို့တွေ့ရသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အပြစ်ကိုခွင့်လွှတ်တော်မူမည်ဆိုလျှင် မေတ္တာတော်နှင့်ကျေးဇူးတော်အပေါ် အခြေခံရမည်ဖြစ်သည်။ အပြစ်ခွင့်လွှတ်ခြင်းကို မိမိ၏လုပ်ဆောင်မှုဖြင့် ရယူခဲ့သည်ဟု မည်သည့်လူသားကမျှ ဂါကြွားနိုင်မည်မဟုတ်ပေ။ ထို့ကြောင့်လည်း သမ္မာကျမ်းစာက ကျွန်ုပ်တို့၏ကိုယ်ပိုင်လုပ်ဆောင်မှုကိုကျော်လျက် "ကျွန်ုပ်တို့အပြစ်အတွက် အသေခံတော်မူ"သောအခါ လက်ဝါးကပ်တိုင်ပေါ် ခရစ်တော်ပြုသောအမှုကို ကျွန်ုပ်တို့အား ထောက်ပြနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့ကို ကယ်တင်နိုင်သောအရာမှာ ကျွန်ုပ်တို့၏လုပ်ဆောင်မှုကိုမဟုတ်ဘဲ ကိုယ်တော်၏လုပ်ဆောင်မှုကို ယုံကြည်ခြင်းဖြစ်သည်။

ဤနေရာတွင် မကြာခဏ ကန့်ကွက်ချက်ရှိတတ်သည် - "ဘုရားသခင်ရဲ့လက်ခံမှုက ကိုယ့်ရဲ့ကောင်းတဲ့လုပ်ဆောင်ချက်ပေါ် အခြေမခံဘူးလို့ ခဗျား်ဆိုရင် ခင်ဗျားက လူ့ကျင့်ဝတ်ကို အောက်ခြေကနေတဖြေးဖြေးဖြိုချနေတာဖြစ်တော့မှာပေါ့။ ဘာကြောင့်လဲဆိုတော့ ခဗျား်ပြောနေတာက ငါနေချင်သလိုနေရင်လဲ ဘုရားသခင်က ငါ့အပြစ်ကိုလွှတ်နေဆဲဘဲလို့ မဆိုလိုဘူးလား"။ ထိုသို့မဆိုလိုပါ။ သမ္မာကျမ်းစာတွင် ကယ်တင်ခြင်းသည် ကောင်းသောလုပ်ဆောင်ချက်များအတွက်ရသော ဆုလာဘ်တစ်ခုမဟုတ်ဟု ဖော်ပြသည့်နေရာတွင်ပင် "အကြောင်းမူကား ငါတို့သည် ကောင်းသောအမှုများကိုပြုရန် ခရစ်တော်ယေရှု၌ ဖန်ဆင်းခြင်းခံရသော ဘုရားသခင်၏ လက်ရာတော်ဖြစ်ကြ၏။ ထိုကောင်းသောအမှုများ၌ ငါတို့အသက်ရှင်လျှောက်လှမ်းကြရန် ဘုရားသခင်သည် ထိုအမှုများကို ကြိုတင်ပြင်ဆင်ထားတော်မူ၏" (ဧ ၂း၁၀) ဟုလည်း တစ်ဆက်တည်း ဖော်ပြထားသည်။ ကောင်းသောလုပ်ဆောင်ချက်တို့သည် ဘုရားသခင်၏လက်ခံမှုအတွက် အခြေခံမဟုတ်ဘဲ ဘုရားသခင်၏လက်ခံမှု၏ ရလဒ်နှင့်သက်သေဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ အောက်ပါဥပမာနစ်ခုကို ကြည့်ကြမည်။

သို့သော် ကောင်းသောလုပ်ဆောင်ချက်အတွက် ဆုလာဘ်မှာ အဘယ်နည်း။ ပို၍ပို၍ အရေးကြီးသောလုပ်ဆောင်ချက်တွင် ပါဝင်နိုင်သည့်အရည်အချင်းနှင့်အခွင့်အရေးပင်ဖြစ်သည်။ လူသိများသော ငွေဆယ်ပိဿာ သို့မဟုတ် ဆယ်မိနာ့[12] ပုံဥပမာကိုဖတ်ပါ။

> ကိုယ်တော်သည် ဤအကြောင်းအရာတို့ကို နားထောင်နေသောသူတို့အား ပုံဥပမာတစ်ခုကို ထပ်မံ၍ပေးတော်မူ၏။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည်ဂျေရုဆလင်မြို့အနီးသို့ရောက်လာသဖြင့် ဘုရားသခင်၏နိုင်ငံတော်သည် ချက်ချင်းပေါ်ထွန်းလာမည်ဟု သူတို့ထင်မှတ်ကြသောကြောင့်ဖြစ်၏။ ကိုယ်တော်က "မြင့်မြတ်သောပုဂ္ဂိုလ်တစ်ဦးသည် နိုင်ငံတော်အုပ်စိုးခွင့်ကိုခံယူပြီးပြန်လာရန် ဝေးလံသောတိုင်းပြည်သို့ ခရီးသွားလေ၏။ ခရီးမပြုမီ မိမိ၏အစေအပါးဆယ်ဦးကိုခေါ်၍ ငွေဆယ်မိနာ့ပေးလျက် 'ငါပြန်လာသည်အထိ စီးပွားရှာကြလော့'ဟု မှာထားခဲ့၏။ သို့သော် သူ၏ပြည်သူပြည်သားတို့သည် သူ့ကိုမုန်းသဖြင့် သူ့နောက်မှ သံတမန်ကိုစေလွှတ်၍ 'အကျွန်ုပ်တို့အပေါ်ဤသူအုပ်

---

[12] ဆရာကြီးယုဒသန်က မြန်မာမှုပြုလျက် ပိဿာဟုဘာသာပြန်ထားသည်။ တစ်မိနာ့သည် ရက်တစ်ရာလုပ်အားခနှင့်ညီသည်။

ချုပ်မည်ကို အကျွန်ုပ်တို့အလိုမရှိပါ'ဟု လျှောက်ထားစေကြ၏။ ထို့နောက် သူသည် နိုင်ငံတော်အုပ်စိုးခွင့်ကိုခံယူပြီး ပြန်လာသောအခါ ငွေပေးထားခဲ့သောအစေအပါးတို့သည် စီးပွားရှာ၍ အမြတ်မည်မျှရကြသည်ကို သိရှိနိုင်မည့်အကြောင်း သူတို့ကို မိမိထံသို့ခေါ်လာရန် အမိန့်ရှိ၏။ ပထမတစ်ဦးသည် လာ၍ 'သခင်၊ သခင်၏ငွေတစ်မိနာ့အားဖြင့် ငွေဆယ်မိနာ့အမြတ်ရပါသည်'ဟု လျှောက်လေ၏။ သခင်ကလည်း 'ကောင်းလေစွ။ အစေအပါးကောင်း၊ သင်သည် သေးငယ်သောအမှု၌ သစ္စာရှိသောကြောင့် မြို့ဆယ်မြို့ကိုအုပ်ချုပ်လော့'ဟု ဆိုလေ၏။ ဒုတိယတစ်ဦးသည်လည်း လာ၍ 'သခင်၊ သခင်၏ငွေတစ်မိနာ့အားဖြင့် ငွေငါးမိနာ့အမြတ်ရပါသည်'ဟု လျှောက်လေ၏။ သခင်ကလည်း 'သင်သည် မြို့ငါးမြို့ကိုအုပ်ချုပ်လော့'ဟု ဆို၏။ ထို့နောက် အခြားတစ်ဦးသည် လာ၍ 'သခင်၊ ကြည့်ပါ။ ပဝါထဲ၌ အကျွန်ုပ်ထုပ်၍သိမ်းထားသော သခင်၏ငွေတစ်မိနာ့ရှိပါသည်။ သခင်သည် စည်းကမ်းကြီး၍တိကျသောသူဖြစ်ပြီး မိမိမထည့်သွင်းထားသောအရာကိုထုတ်ယူလျက် မိမိမစိုက်ပျိုးသည့်အရာကို ရိတ်သိမ်းတတ်သောကြောင့် အကျွန်ုပ်ကြောက်ပါသည်'ဟု လျှောက်လေ၏။ သခင်ကလည်း 'ဆိုးသွမ်းသောအစေအပါး၊ သင်၏နှုတ်ထွက်စကားအတိုင်း သင့်ကို ငါစီရင်မည်။ ငါသည် မထည့်သွင်းထားသောအရာကိုထုတ်ယူ၍ မစိုက်ပျိုးသည့်အရာကို ရိတ်သိမ်းတတ်သည့် စည်းကမ်းကြီး၍တိကျသောသူဖြစ်ကြောင်း သင်သိသည်မှန်လျှင် အဘယ်ကြောင့် ငါ၏ငွေကို ငွေတိုးပေးသူလက်၌ မအပ်ထားသနည်း။ သို့ပြုလျှင် ငါပြန်လာသောအခါ ၎င်းကို အတိုးနှင့်တကွ ငါရရှိခဲ့ပေလိမ့်မည်'ဟု ဆိုလေ၏။ ထို့နောက် အနီး၌ရပ်နေသောသူတို့အား 'ထိုငွေတစ်မိနာ့ကို သူ့ထံမှယူ၍ ငွေဆယ်မိနာ့ရှိသူအားပေးကြလော့'ဟု ဆို၏။ သူတို့ကလည်း 'သခင်၊ ထိုသူ၌ ငွေဆယ်မိနာ့ရှိနေပါပြီ'ဟု လျှောက်ကြလျှင် သခင်က 'သင်တို့ကို ငါဆိုသည်ကား ရှိသောသူတိုင်းအား ထပ်၍ပေးဦးမည်။ မရှိသောသူမူကား သူ၌ရှိသောအရာပင် သူ့ထံမှ သိမ်းယူခြင်းခံရလိမ့်မည်။ ထိုမှတစ်ပါး ငါအုပ်ချုပ်ရန်အလိုမရှိကြသော ငါ၏ရန်သူများကို ဤနေရာသို့ခေါ်ဆောင်ခဲ့၍ ငါ၏ရှေ့မှောက်တွင် သူတို့ကိုကွပ်မျက်ကြလော့'ဟု ဆိုလေ၏''ဟူ၍ မိန့်တော်မူ၏။ (လု ၁၉း၁၁-၂၇ မြန်မာ့စံမီကျမ်း)

မိမိရသည့် တစ်မိနာ့ကို ကောင်းစွာနှင့်ပညာရှိစွာအသုံးပြုလျက် ဆယ်မိနာ့ရသောသူသည် ဆယ်မိနာ့ရအောင်ရှာရသည်ထက် များစွာပမာဏကြီးမာသည့် မြို့ ဆယ်မြို့စီမံအုပ်ချုပ်ရသည့်အခွင့်အရေးကို ဆုလာဘ်အဖြစ်ရရှိခဲ့သည်ကို သတိပြုပါ။ သေးငယ်သည့်စက်မှုလုပ်ငန်းကို တာဝန်သိသိကြိုးကြိုးစားလုပ်ဆောင်လည်ပတ်စေသောသူအား ပိုမိုရှုပ်ထွေးကြီးမားသည့်စက်မှုလုပ်ငန်းကို တာဝန်ယူစေခြင်းသည် ကျိုးကြောင်းခိုင်လုံမှုရှိပေသည်။

## အလုပ်ဆိုင်ရာခရစ်ယာန်လူ့ကျင့်ဝတ်အပေါ် ကယ်တင်ခြင်း၏အကျိုးသက်ရောက်မှု

ရှင်လုကာမှတ်တမ်းတင်ထားသည့် မတူညီသောလူနှစ်ဦးနှင့် (တစ်ဦးသည်ဆင်းရဲ၍ တစ်ဦးသည်ချမ်းသာသူ) ခရစ်တော်တွေ့ဆုံပုံကို ဆင်ခြင်ကြည့်ပါ။

ကိုယ်တော်သည် ယေရိခေါမြို့အနီးသို့ရောက်လာစဉ်တွင် မျက်မမြင်တစ်ဦးသည် လမ်းဘေး၌ထိုင်လျက် တောင်းစားနေ၏။ သူသည် လူထုပရိသတ်ဖြတ်သွားသည်ကိုကြား၍ မည်သည့်အရာဖြစ်နေသည်ကို မေးမြန်းလေ၏။ လူတို့ကနာဇရက်မြို့သားယေရှုဖြတ်သွားတော်မူကြောင်း သူ့အား ပြောပြကြလျှင် ထိုသူက ''ဒါဝိဒ်၏သားတော်ယေရှု၊ အကျွန်ုပ်ကို သနားတော်မူပါ''ဟု အော်ဟစ်လေ၏။ ရှေ့မှသွားသောသူတို့သည် သူ့ကို တိတ်ဆိတ်စွာနေရန် ဆူငေါက်ကြ၏။ သို့သော် သူသည် ''ဒါဝိဒ်၏သားတော်၊ အကျွန်ုပ်

ကို သနားတော်မူပါ''ဟု ပို၍အော်ဟစ်လေ၏။ ထိုအခါ ယေရှုသည် ရပ်တန့်လျက် ထိုသူကို မိမိထံသို့ခေါ်ခဲ့ရန် အမိန့်ပေးတော်မူ၏။ သူသည် အနီးသို့ရောက်လာသောအခါ ကိုယ်တော်က ''သင့်အတွက် မည်သည့်အမှုကိုပြုစေလိုသနည်း''ဟု မေးတော်မူလျှင် ထိုသူက ''မျက်စိမြင်အောင်လုပ်ပေးစေလိုပါသည် သခင်ဘုရား''ဟု လျှောက်လေ၏။ ယေရှုကလည်း ''မျက်စိမြင်စေ။ သင်၏ယုံကြည်ခြင်းသည် သင့်ကိုကယ်တင်ပြီ''ဟု မိန့်တော်မူ၏။ ထိုခဏချင်းတွင် သူသည် မျက်စိမြင်၍ ဘုရားသခင်၏ဘုန်းတော်ကို ချီးမွမ်းလျက် နောက်တော်သို့လိုက်သွားလေ၏။ တွေ့မြင်သောသူအပေါင်းတို့သည်လည်း ဘုရားသခင်ကိုချီးမွမ်းကြ၏။

ထို့နောက် ကိုယ်တော်သည် ယေရိခေါမြို့သို့ဝင်၍ ထိုမြို့ကိုဖြတ်သွားတော်မူ၏။ ထိုအရပ်တွင် ဇက္ခဲအမည်ရှိသောလူတစ်ဦးရှိ၏။ သူသည် အခွန်ကောက်ခံသူတို့၏အကြီးအကဲဖြစ်ပြီး ချမ်းသာသောသူဖြစ်၏။ သူသည် ယေရှုမည်သူဖြစ်သည်ကို မြင်ရရန် ကြိုးစားသော်လည်း အရပ်ပုသောကြောင့် လူထုပရိသတ်ကိုကျော်၍ မမြင်နိုင်ပေ။ ထို့ကြောင့် သူသည် ကိုယ်တော်ကိုတွေ့မြင်နိုင်ရန် ရှေ့သို့ကြိုပြေး၍ သဖန်းပိုးစာပင်ပေါ်သို့တက်လေ၏။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် ထိုနေရာကိုဖြတ်သွားတော့မည်ဖြစ်၏။ ယေရှုသည် ထိုနေရာသို့ရောက်သောအခါ မော့ကြည့်လျက် ''ဇက္ခဲ၊ သင့်အိမ်တွင် ယနေ့ ငါတည်းခိုရမည်ဖြစ်၍ အမြန်ဆင်းခဲ့လော့''ဟု မိန့်တော်မူ၏။ ဇက္ခဲသည် အမြန် ဆင်းလာ၍ ကိုယ်တော်ကို ဝမ်းမြောက်စွာ လက်ခံကြိုဆို၏။ ဤအခြင်းအရာကိုမြင်သောသူအပေါင်းတို့က ''ကိုယ်တော်သည် အပြစ်သား၏အိမ်သို့ဝင်၍တည်းခိုပါသည်တကား''ဟု ဝေဖန်ပြစ်တင်ကြ၏။ ဇက္ခဲသည်ရပ်လျက် ''သခင်ဘုရား၊ အကျွန်ုပ်၏ဥစ္စာပစ္စည်းတစ်ဝက်ကို ဆင်းရဲသားတို့အားပေးပါမည်။ ထို့ပြင် တစ်စုံတစ်ဦးထံမှ တစ်စုံ တစ်ရာကို မတရားတောင်းယူထားသည်ဆိုလျှင် လေးဆပြန်ပေးပါမည်''ဟု သခင်ဘုရားအားလျှောက်လေ၏။၇ ယေရှုကလည်း ''ယနေ့ပင် ကယ်တင်ခြင်းသည် ဤအိမ် ပေါ်သို့သက်ရောက်လေပြီ။ အကြောင်းမူကား သူသည်လည်း အာဗြဟံ၏သားဖြစ်၏။ အမှန်စင်စစ် လူ့သားသည် ပျောက်ဆုံးသောသူတို့ကိုရှာ၍ ကယ်တင်ရန်ကြွလာ၏''ဟု မိန့်တော်မူ၏။ (လု ၁၈း၃၅-၁၉း၁၀ မြန်မာ့စံမီကျမ်း)

ဤဖြစ်ရပ်ထဲမှ လူနှစ်ဦးသည် ကဏ္ဍများစွာတွင် အလွန်ခြားနားနေကြသည်။ သူတောင်းစားသည် အလွန်ဆင်းရဲ၍ အခွန်ကောက်ခံသူမှာ အလွန်ချမ်းသာသည်။ သို့သော် တူညီနေသည့်အချက်မှာ နှစ်ဦးလုံးသည် အရှိအသေတန်စေ၍ လူတို့လုပ်ရန်မနှစ်သက်သောအလုပ်ဖြင့် အသက်မွေးကြသည်။ သူတောင်းစားသည် သူများထံ ငွေတောင်းလျက် အသက်ရှင်ရသည်။ အခွန်ကောက်ခံသူမှာ သူများထံ ငွေညှစ်လျက် အသက်ရှင်သန်သည်။ သို့သော် ခရစ်တော်သည် သူတို့နှစ်ဦးလုံးကို ကယ်တင်၍ ကယ်တင်ခြင်း၏သက်ရောက်မှုမှာ အလုပ်နှင့်အသက်မွေးမှုပုံစံအပေါ်ထားရှိသည့် သူတို့နှစ်လုံး၏စိတ်သဘောထားသည် လုံးလုံးပြောင်းလဲသွားခဲ့သဖြင့် သူတို့နှစ်လုံးကို စစ်မှန်သော လူ့ဂုဏ်သိက္ခာဆီသို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။

*မျက်မမြင်*

သေချာသည်မှာ အသက်ရှင်ရပ်တည်ရေးအတွက် တောင်းရမ်းရသည့်အနေခြေသို့တွန်းပို့ခံရခြင်းသည် သူ့အမှားမဟုတ်။ (ဤအရာသည် သူနေထိုင်သည့် လူ့အသိုင်းအဝိုင်း၏စွဲချက်တင်မှုတစ်ခုဖြစ်သည်။ လူ့အသိုင်းအဝိုင်းများစွာတွင် မသန်စွမ်းသူများသည် နှလုံးသားမဲ့စွာ ဥပေက္ခာပြုခြင်းခံနေကြရဆဲဖြစ်သည်)။ သို့သော် လူသားတို့သည် မိမိကိုယ်ကိုယ်ကာကွယ်ထိန်းသိမ်း၍ မိမိ

အသိုင်းအဝိုင်းကို ကောင်းကျိုးပြုရမည့်အစား သူတို့၏လွတ်လပ်မှုနှင့်ဂုဏ်သိက္ခာကို ဆုံးရှုံးရသည့်အခါ အခြားသူများထံတောင်းရမ်းခြင်းဖြင့် အသက်ရှင်ရခြင်းကို မဖြစ်မနေလုပ်ရသည့်အခြေအနေ ရောက်ရတတ်သည်။

ခရစ်တော်သည် အံ့သြဖွယ်အမှုပြုခြင်းနှင့် မျက်စိပြန်မြင်စေခြင်းအားဖြင့် ထိုသူကို ကယ်တင်ခဲ့သည်။ သို့သော် ဤအဖြစ်အပျက်၏သတင်းစကားသည် ထိုထက်မကပါ။

*သူတောင်းစား၏ဂိညာဉ်ရေးအသိအမြင်။* ဖြတ်သွားသူသည် နာဇရက်မြို့သားယေရှုဖြစ်ကြောင်း သူသိခဲ့ရသည်။ သို့သော် ဤယေရှုသည် ဒါဝိဒ်၏သားတော်၊ မေရှိယ၊ ရှင်ဘုရင် ဖြစ်ကြောင်း သူအသေအချာယုံကြည်သွားသည်။ ထို့ကြောင့် ထိုဘုရင်အား မိမိ၏ဘုရားဖြစ်ခြင်းနှင့် ဘုရင့်တန်ခိုးတော်ကိုအသုံးပြုလျက် သူ့အား အမြင်ပြန်ရစေတော်မူရန် သူတောင်းဆိုခဲ့သည်။ ထိုအခါ သူတောင်းသောအရာကို သူရခဲ့သည်။ အခြားသူထံမှ တစ်စုံတစ်ခုကို သူတောင်းရသည်မှာ ဤတစ်ကြိမ်သည် နောက်ဆုံးဖြစ်ကြောင်း ဤအမှုအရာက သက်သေပြခဲ့သည်။

*အမြင်ပြန်ရသည့်လက်ဆောင်အပေါ် သူတောင်းစား၏တုန့်ပြန်မှု။* သူပထမဦးဆုံးမြင်ရသူမှာ ထိုဘုရင်ကိုယ်တော်တိုင်ပင်ဖြစ်ပေလိမ့်မည်။ ဘာမြင်ရမည်ဟု သူမျှော်လင့်ခဲ့သနည်း။ မင်းဝတ်တန်ဆာဝတ်ဆင်ထား၍ တိုင်းပြည်၏စစ်မက်ဗိုလ်ပါများ၏ခစားခြင်းခံရလျက် ကိုယ်တိုင်ကမည်သူ့ကိုမျှခစားစရာမလိုသော ပုဂ္ဂိုလ်တစ်ဦးဖြစ်မည်လား။ သူတကယ်မြင်လိုက်ရသူမှာ ဖုန်တလိမ်းလိမ်းနှင့် ခရီးသွားလာနေသည့် သာမန်ဝတ်စားသူ၊ လူသားအားလုံး၏ စေစားခြင်းကိုခံရန်ကြွလာသည့်ဘုရင်၊ "လူ့သားသည်လည်း လုပ်ကျွေးပြုစုခြင်းကိုခံရန်မဟုတ်ဘဲ လုပ်ကျွေးပြုစုရန်နှင့် များစွာသောသူတို့အတွက် ရွေးနုတ်စရာအဖိုးအခအဖြစ် မိမိအသက်ကိုစွန့်ရန်လာ၏"ဟူသောဆောင်ပုဒ်ဖြင့် မိမိကိုယ်ကိုပူဇော်ပေးဆပ်သောပုဂ္ဂိုလ်ဖြစ်သည် (မာ ၁ဝး၄၂-၄၅၊ လု ၂၂း၂၄ - ၂၇ ကို ကြည့်ပါ)။ ဤဘုရင်ကိုမြင်တွေ့ရသည့်အခါ သူတောင်းစားသည် တောင်းစားခြင်းကိုစွန့်လျက် ခရစ်တော်၏အခြားသောစစ်မှန်သည့်တပည့်တော်များ လုပ်ဆောင်ကြသည့်အတိုင်း မိမိကိုယ်ကိုယ်ပေးဆပ်လျက် လုပ်ကျွေးပြုစုခြင်းလမ်းအတိုင်း နောက်တော်သို့လိုက်ခဲ့သည်။

ထို့ကြောင့် ဤနေရာတွင် ခရစ်ယာန်လူ့ကျင့်ဝတ်၏အချက်အခြာထဲမှကြီးမြတ်သောစံသည့် - ယေရှုသည် ဘုရားသခင်၏သားတော်၊ စကြဝဠာကိုပိုင်သောအရှင်၏သားတော် ဖြစ်တော်မူသော်လည်း မိမိအသက်ကိုရင်းလျက် ကျွန်ုပ်တို့ကို လုပ်ကျွေးပြုစုကာ ကယ်တင်ရန်အတွက် အစေခံသောဘုရင်အဖြစ် ကြွလာတော်မူသည်- ဆိုသည့်အချက်ကိုတွေ့ရမည်ဖြစ်သည်။ ထိုအချက်ကိုမြင်နိုင်ရန် ဂိညာဉ်အမြင်ပွင့်သောသူတို့သည် ကိုယ်တော်ကိုကူညီရန်ထက် နောက်တော်လိုက်လျက် ဘဝနှင့်အလုပ်အပေါ်ထားတော်မူသောစိတ်ထားမျိုးကို ရရှိကြသည်။

*အခွန်ကောက်ခံသောသူ*

ဤနေရာတွင် လောဘ၏လွှမ်းမိုးမှုခံရလျက် မိမိ၏လူမျိုးတို့ကို အတင်းအကြပ်အခွန်ကောက်ခံကြသည့် အမုန်းခံရောမအင်ပါယာသားတို့အတွက် အလုပ်လုပ်ပေးပြီး မိမိအမျိုးသားချင်းတို့ကို ကျွန်ခံစေ ခြင်းဖြင့် ငွေရယူသောသူတစ်ယောက်ကို တွေ့ရပါမည်။ ထိုထက်မက သူသည် သူ့လုပ်ပိုင်ခွင့်ကိုအသုံးပြုလျက် ရောမတို့တောင်းဆိုထားသည့်ထက် ပိုကောက်ခံလျက် မိမိအိတ်ထဲထည့်သောသူဖြစ်သည်။ သူ့ကို လေးစားအားကျခြင်းမရှိလျှင်လည်း သူ့စည်းစိမ်ဥစ္စာကြွယ်ဝမှုကြောင့် လူတို့သူ့ကို ကြောက်ရွံ့လျက် အလေးထားကြလိမ့်မည်ဟု သူထင်သောကြောင့်ဖြစ်နိုင်သည်။ ထိုသို့ဖြစ်မည့်အစား လူတို့သည် သူ့ကိုမုန်း၍ အသိုင်းအဝိုင်းထဲမှကြဉ်ရှောင်ကြသည်။ ထို့ကြောင့် ဂုဏ်သိက္ခာမဲ့လျက် လောဘနှင့်ငွေတပ်မက်မှု၏ဖျက်ဆီးမှုကိုခံရကာ လက်ခံမှု၊ ချစ်ခြင်းမေတ္တာနှင့်

ခင်မင်ရင်းနှီးမှုတို့ကိုရှာမတွေ့နိုင်ဘဲ စွန်းထင်းသောငွေများကြား၌ အထီးကျန်နေသောသူဖြစ်နေရသည်။ သို့သော် အပြင်ပန်းတွင် ချမ်းသာနေသော်လည်း အတွင်းနှလုံးသားတွင် တိုးတက်ပြောင်းလဲမှုတောင့်တနေသည်ကို ခရစ်တော်မြင်တော်မူသောကြောင့် သူ့အထဲ၌ အံ့ဩဖွယ်ပြောင်းလဲမှုကို ဖြစ်စေတော်မူခဲ့သည်။ ကိုယ်တော်သည် (ထိုသူနှင့်လုံးလုံးမထိုက်တန်သော) ခင်မင်ရင်းနှီးမှုကို သူ့အားခံစားစေလျက် သူ့ကိုအဖြစ်အတိုင်းလက်ခံတော်မူခဲ့သည်။ ထိုအခါ သူသည် နှင်ထုတ်ခံရသည့်သူ့နှလုံးသား၏ဆင်းရဲမှုကို ချက်ချင်းတွေ့မြင်သွားခဲ့သည်။ သူ့ကိုဖိစီးထားသည့် ငွေရှာလိုသောစိတ်မျိုး သူမခံစားရတော့ချေ။ ကြီးစားရယူစရာမလို၊ ဝယ်ရန်လည်းမလိုသော ခရစ်တော်၏ခင်မင်ရင်းနှီးမှုကို သူ့ကိုလွှမ်းမိုးသောအခါ ဂိညာဉ်ရေးကြွယ်ဝမှုကိုခံစားရလျက် မိမိပိုင်ဆိုင်သောဥစ္စာများကို တစ်ဝက်ပေးဝေပြီး မိမိလိမ်လည်ရယူခဲ့သမျှကို လေးဆပြန်ပေးမည်ဟု ချက်ချင်းဆုံးဖြတ်ခဲ့သည်။

လောဘနှင့် ငွေကိုတပ်မက်ခြင်းတို့သည် လူတစ်ဦးကို လူဖြစ်ရှုံးစေလျက် လွန်ကဲစွာချမ်းသာခြင်း၏ရှုပ်ချမှုကြောင့် မိမိခတ်သောအချုပ်ထဲ ပိတ်မိစေတတ်သည်။ ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့်ခင်မင်ရင်းနှီးမှုကြွယ်ဝခြင်းသည် ထိုအချုပ်၏သော့ကိုဖွင့်ပေးလျက် လူတစ်ဦးကို လူသားစင်စစ်အဖြစ် လွတ်လပ်စေကာ ငွေ၏ကျေးကျွန်မဟုတ်ဘဲ ငွေ၏အရှင်သခင်ဖြစ်စေပြီး လူတို့သည် အရာဝတ္ထုများနှင့် ပိုင်ဆိုင်မှုများထက် များစွာတန်ဖိုးရှိကြောင်း သိမြင်စေသည်။ ထို့ပြင် ယေရှုသင်ပေးတော်မူသည့်အတိုင်း ရယူခြင်းထက် ပေးကမ်းခြင်းသည် သာ၍မြတ်သည်ဟု သင်ယူနိုင်လာသည်။

ဘုရားသခင်၏ကယ်တင်တော်မူခြင်းက မည်သို့လုပ်ဆောင်ပေးကြောင်း ဤဥပမာနှစ်ခုက ကျွန်ုပ်တို့ကို ရှင်းရှင်းလင်းလင်းမြင်စေပါသည်။ သူသည် လူတို့ကို အဖြစ်အဖြစ်အတိုင်း လက်ခံရန် ပြင်ဆင်ထားခြင်းကိုခံရသည်။ လူတို့သည် ခရစ်တော်ကို ယုံကြည်လက်ခံ ရန်သာလိုသည်။ ထိုအခါ သူတို့သည် လက်ခံခြင်းကိုခံရပြီဖြစ်ကြောင်း သိရှိကြလျက် ယခုဘဝအတွက်သာမက နောင်ဘဝအတွက်လည်းဖြစ်သော ခရစ်တော်၏ထာဝရ ခင်မင်ရင်းနှီးမှုကို သေချာစွာ တွေ့ကြုံခံစားရသဖြင့် ကိုယ်တော်ကိုလည်းကောင်း၊ အခြားသူများကိုလည်းကောင်း လုပ်ကျွေးပြုစုပေးနိုင်ရန် လှုပ်ဆော်မှုခံစားကြသည်။ ဤအချက်က နောက်အခန်းတွင် ကျွန်ုပ်တို့တွေ့ရမည့် ခရစ်တော်သည် လူသားအားလုံးကို တန်ဖိုးထားတော်မူသည်ဆိုသည့်အချက်ကို ကျွန်ုပ်တို့အား စဉ်းစားဆင်ခြင်စေပါသည်။

**အပြင်ပိုင်းဆုလာဘ်**

ကောင်းကင်ရှိသည်ဟုယုံကြည်ခြင်းသည် စိတ်ကူးယဉ်ကမ္ဘာထဲလွတ်နေခြင်းမဟုတ်သည်မှာ အဘယ့်ကြောင့်နည်း။

အောက်ပါအိမ်ထောင်ပြုခြင်းအခြေအနေများတွင် မည်သည့်အခြေအနေသည် နှစ်သက်ရွေးချယ်သင့်သောအခြေအနေဟု သင်ထင်သနည်း။

(က) ယောက်ျားတစ်ဦးက မိမိလက်ထပ်မည့်အမျိုးသမီးအား ကောင်းသောအရာများကို သင်မလုပ်သေးသရွေ့ သင့်ကိုလက်ခံရန် ကျွန်ုပ်၌သေချာမှုမရှိသေးဟု ပြောပြသည်။

(ခ) ယောက်ျားတစ်ဦးက မိမိလက်ထပ်မည့်အမျိုးသမီးကို အခြေအနေပေါ်မမူတည်ဘဲ လက်ခံကြောင်းသေချာသိစေလျက် မိမိမေတ္တာဖြင့်လုံခြုံမှုခံစားစေခြင်းအားဖြင့် မိမိကိုပြန်ချစ်လျက် မိမိသဘောကျအောင်နေထိုင်စေသည်။

လူအများစုက (က) သည် သဘောကျစရာမကောင်းဘဲ အမျိုးသမီးအပေါ် စော်ကားရာကျသည်ဟု သတ်မှတ်ကြပေမည်။ အကယ်၍ ထိုအမျိုးသမီးသည် ဤအချက်ကိုလက်ခံခဲ့လျှင် သူ့ကိုကျွန်တစ်ယောက်ဖြစ်သွားစေလိမ့်မည်။ ထို့ကြောင့် ထူးဆန်းသည်မှာ သန်းပေါင်းများစွာသောလူတို့က ဘုရားသခင်နှင့်သူတို့၏ပေါင်းသင်းဆက်ဆံရေးသည် (က) အမျိုးအစားဖြစ်ရမည်ဟု ထင်နေကြသည်။

# အခန်း ၂၁

## လူ့ကိုယ်ရည်ကိုယ်သွေးနှင့် လူ့ပေါင်းသင်းဆက်ဆံရေး

ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ။ ပိုခက်သည့်မေးခွန်းမှာ ခင်ဗျားနာမည်ရဲ့အဓိပ္ပါယ်ကဘာလဲ။ အတိတ်ကာလက နာမည်များတွင် အဓိပ္ပါယ်များပါသည်။ ဥပမာ။ "အင်ဒရူး"သည် "ရဲရင့်ခြင်း"ဟု အဓိပ္ပါယ်ရှိ၍ "အိုင်ရင်း"သည် "ငြိမ်းချမ်းခြင်း"အဓိပ္ပါယ်ကိုဆောင်သည်။ သို့သော် ၎င်းတို့အတိုင်း မှည့်ခေါ်ခံရသူသည် ၎င်းတို့ကို အပြည့်အဝဖော်ဆောင်နိုင်မည်ဟု ဆို၍မရပါ။ ယနေ့ခေတ်တွင် နာမည်များ၏အဓိပ္ပါယ်သည် ပျောက်ဆုံးကုန်သည်။ သို့သော် ကိစ္စမရှိပါ။ သင့်နာမည်သည် ထူးခြားသောနာမည်မဟုတ်လျှင်ပင် ထိုနာမည်က - သင်၏လူ့ကိုယ်ရည်ကိုယ်သွေးတည်းဟူသော အလွန်အံ့ဖွယ်သောအရာတစ်ခုကို ဖော်ပြနေပါသည်။ လောကတွင် သန်းနှင့်ချီသောလူသားများ ရှိခဲ့ကြပြီးဖြစ်သည်။ သို့သော် သင်၏ကိုယ်ပိုင်ကိုယ်ရည်ကိုယ်သွေးသည် အလွန်ထူးခြားလှသည်။ စကြဝဠာတစ်ခုလုံးတွင် အခြားသော"သင်"မရှိပါ။ အစပျိုးရလျှင် သင်သည် သင်၏သူများနှင့်မတူသောမျိုးရိုးဗီဇဖြင့် ဖန်ဆင်းခံရသူဖြစ်သည်။

### ပျက်စီးသွားသောကိုယ်ရည်ကိုယ်သွေးများအတွက် ခရစ်တော်ထားရှိသောဂန်တာ

လူတစ်ဦးစီ၏ကိုယ်ရည်ကိုယ်သွေးသည် ထူးခြားလှသည်မှန်သော်လည်း ဂမ်းနည်းစရာကောင်းသည်မှာ ၎င်းတို့သည် ပုံစံတစ်မျိုးမျိုးဖြင့် အနာအဆာရှိခြင်း သို့မဟုတ် ပျက်စီးခြင်း ရှိနေကြသည်။ ခရစ်တော်ကြွလာခြင်းနှင့်သူ့သွန်သင်ချက်တို့၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ကို သက်သာချမ်းသာစေရန်ဖြစ်သည်။ အောက်ပါအဖြစ်အပျက်သည့် ခပ်ကြမ်းကြမ်းအဖြစ်အပျက်ဖြစ်သည်။ သို့သော် နားလည်ရလွယ်သောအချက်ကို ဖော်ပြပေးသည်။

> သင့်နာမည် ဘယ်လိုခေါ်လဲ။
>
> အတော်ရိုးရှင်းသည့် မေးခွန်းပင်။ - "သင့်နာမည်က ဘာကိုကိုယ်စားပြုသလဲ"- ဟုဆိုလျှင် ပိုခက်သည့်မေးခွန်းဖြစ်ပေလိမ့်မည်။ ဤနောက်မေးခွန်းများကို စဉ်းစားကြည့်ပါ-
>
> နံပါတ်တစ်ခုနှင့်နာမည်တစ်ခုက ဘာကွာလဲ။ စစ်သားတစ်ယောက်ကို ကိုယ်ပိုင်နံပါတ် ၁၈၅၇၆၉ လို့ သိရတယ်။ ဒါက ခင်ဗျားကို သူ့အကြောင်း ဘာတွေသိစေသလဲ။
>
> နာမည်တစ်ခုနှင့် အညွှန်းတစ်ခု ဘာကွာလဲ။ မက်မန်းယိုအိုးများကြားတွင် "မက်မန်းယို" ဆိုသောအညွှန်းက ဘာမျှမထူးခြားစေပါ။ ၎င်းသည် အခြားယိုများနှင့်သာ ထူးခြားခြင်းဖြစ်သည်။ "နာတရှာ"အမည်ရှိသော မိန်းခလေးများသည် "နာရင်း"ဟု အမည်ရှိသော မိန်းခလေးများနှင့် မတူသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် "နာတရှာ"အမည်ရှိသူတိုင်းလည်းမတူပါ။
>
> လူ့နာမည်တစ်ခုသည် ဘာကိုဖော်ပြသနည်း။ သင့်အဖွဲ့နှင့်အတူ မာ ၅း၁-၂၀ ကိုဖတ်၍ ဖြစ်ရပ်ထဲမှ အလွန်အရေးကြီးသည့်အလှည့်အပြောင်းကို ရှာပါ။ ထိုအလှည့်အပြောင်းသည် ဘာဖြစ်ကြောင်းနှင့် လူတစ်ဦး၏ကိုယ်ရည်ကိုယ်သွေးအပေါ် ၎င်း၏သက်ရောက်မှုတို့ကို ဆွေးနွေးပါ။

*နတ်ဆိုးပူးခံရသူ ပြန်ကောင်းသွားခြင်း။*

ထို့နောက် သူတို့သည် ပင်လယ်တစ်ဖက်ကမ်းရှိ ဂါရစနယ်သို့ရောက်ကြ၏။ ယေရှုသည် လှေပေါ်မှဆင်းတော်မူသည့်ခဏချင်းတွင် ညစ်ညူးသောနတ်ပူးနေသည့် လူတစ်ဦးသည် သင်္ချိုင်းမှထွက်လာ၍ ကိုယ်တော်ကိုဆီးကြိုလေ၏။ ထိုသူသည် သင်္ချိုင်း၌နေတတ်ပြီး မည်သူမျှသူ့ကို သံကြိုးနှင့်ပင်ချည်နှောင်ထား၍ မရနိုင်ချေ။ အဘယ်ကြောင့်ဆိုသော် သူ့ကို ခြေချင်းနှင့်သံကြိုးတို့ဖြင့် အကြိမ်ကြိမ်ချည်နှောင်ခဲ့ကြသော်လည်း သူသည် သံကြိုးများကိုဆွဲဖြတ်ကာ ခြေချင်းများကိုအပိုင်းပိုင်းကျိုးပဲ့စေသောကြောင့် မည်သူမျှ သူ့ကို မထိန်းချုပ်နိုင်ကြချေ။ သူသည် သင်္ချိုင်း၌လည်းကောင်း၊ တောင်ပေါ်၌လည်းကောင်း နေ့ညမပြတ်အော်ဟစ်လျက် ကျောက်တုံးများဖြင့် မိမိကိုယ်ကိုအနာတရဖြစ်စေ၏။ သူသည် ယေရှုကို အဝေးမှမြင်လျှင် ပြေးလာ၍ ကိုယ်တော်ကိုရှိခိုးကာ "အမြင့်ဆုံးသောဘုရားသခင်၏သားတော်ယေရှု၊ ကိုယ်တော်နှင့် အကျွန်ုပ်မည်သို့ဆိုင်သနည်း။ အကျွန်ုပ်ကိုမညှဉ်းဆဲပါရန် ဘုရားသခင်ကိုအမှီပြု၍ ကိုယ်တော်အား အကျွန်ုပ်အလေးအနက်တောင်းပန်ပါ၏"ဟု ကျယ်လောင်သောအသံဖြင့် အော်ဟစ်လျှောက်ထားလေ၏။ ထိုသို့လျှောက်ထားခြင်းမှာ ကိုယ်တော်သည် ထိုသူအား "ညစ်ညူးသောနတ်၊ ဤလူထံမှ ထွက်ခဲ့လော့"ဟု မိန့်တော်မူသောကြောင့်ဖြစ်၏။ တစ်ဖန် ကိုယ်တော်က "သင့်နာမည် မည်သို့ခေါ်သနည်း"ဟု မေးတော်မူရာ ထိုသူက "အကျွန်ုပ်၏နာမည်မှာ လေဂေါင်ဖြစ်ပါ၏။ အကျွန်ုပ်တို့သည် များစွာရှိကြသောကြောင့်ဖြစ်၏"ဟု လျှောက်လေ၏။ ထို့နောက် မိမိတို့ကို ထိုအရပ်ဒေသမှနှင်ထုတ်တော်မမူရန် ကိုယ်တော်အား အနူးအညွတ်တောင်းပန်လေ၏။ ထိုအရပ်အနီးအနားရှိ တောင်ကုန်းပေါ်၌ ဝက်အုပ်ကြီးတစ်အုပ်ကျက်စားလျက်ရှိ၏။ နတ်ဆိုးတို့က "ဝက်များထဲသို့ ဝင်ရပါမည့်အကြောင်း ၎င်းတို့ထဲသို့ အကျွန်ုပ်တို့ကို စေလွှတ်တော်မူပါ"ဟု တောင်းပန်ကြ၏။ ကိုယ်တော်သည်လည်း ခွင့်ပြုတော်မူသဖြင့် ညစ်ညူးသောနတ်တို့သည်ထွက်သွား၍ ဝက်များထဲသို့ဝင်ကြရာ နှစ်ထောင်ခန့်ရှိသောဝက်အုပ်သည် ကမ်းပါးအတိုင်း ပင်လယ်ထဲသို့ တစ်ဟုန်ထိုးပြေးဆင်းကာ ပင်လယ်ထဲ၌ ရေနစ်သေဆုံးကြကုန်၏။

ဝက်ထိန်းကျောင်းသောသူတို့သည် ထွက်ပြေး၍ မြို့နှင့်တောရွာများတွင် ပြောကြားကြသဖြင့်လူတို့သည် မည်သည့်အရာဖြစ်ပျက်ခဲ့သည်ကို ကြည့်ရှုရန် ထွက်လာကြ၏။ ယေရှုထံသို့ရောက်လာကြသောအခါ လေဂေါင်စွဲခဲ့သည့် နတ်ဆိုးပူးသူသည် အဝတ်ဝတ်ထားကာ ပကတိစိတ်ရှိလျက်ထိုင်နေသည်ကိုတွေ့မြင်လျှင် ကြောက်ရွံ့ကြ၏။ မျက်မြင်တွေ့ရှိသူများကလည်း နတ်ဆိုးပူးသူ၌ မည်ကဲ့သို့ဖြစ်ပျက်ခဲ့သည်ကို လည်းကောင်း၊ ဝက်တို့အကြောင်းကိုလည်းကောင်း သူတို့အားပြောပြကြ၏။ ထိုအခါ သူတို့သည် မိမိတို့၏အရပ်ဒေသမှ ထွက်သွားတော်မူရန် ကိုယ်တော်အားတောင်းပန်ကြ၏။ ကိုယ်တော်သည် လှေပေါ်သို့တက်တော်မူစဉ် နတ်ဆိုးပူးခဲ့သူက ကိုယ်တော်နှင့်အတူလိုက်ပါခွင့်ပြုပါမည့်အကြောင်း ကိုယ်တော်ကိုတောင်းပန်လေ၏။ သို့သော် ကိုယ်တော်သည် ခွင့်ပြုတော်မမူဘဲ "သင့်အိမ်၊ သင့်မိသားစုထံသို့သွား၍ သင့်အပေါ် ထာဝရဘုရားပြုတော်မူသမျှသောအရာနှင့် သင့်ကိုသနားတော်မူကြောင်းကို သူတို့အား ပြောပြလော့" ဟု မိန့်တော်မူ၏။ ထိုအခါ သူသည်ထွက်သွား၍ မိမိအပေါ် ယေရှုပြုတော်မူသမျှတို့ကို ဒေကာပေါလိနယ်၌ ပြောကြားသဖြင့်လူအပေါင်းတို့သည်အံ့သြကြ၏။ (မာ ၅း၁-၂၀ မြန်မာ့စံမီကျမ်း)

*နတ်ပူးခံရသူ၏ကိုယ်ရည်ကိုယ်သွေးတစ်စစီဖြစ်သွားခြင်း။* ထိုလူမွေးလာစဉ် နာမည်ကိုမည်ကဲ့သို့ပေးထားခဲ့ကြောင်း ကျွန်ုပ်တို့မသိရပေ။ သို့သော် ထင်ရှားလှသည်မှာ နောက်ပိုင်းတွင် အပြင်မှ

တန်ခိုးစွမ်းအားသည် သူ့အထဲကျူးကျော်ဝင်ရောက်၍ သူ၏ကိုယ်ရည်ကိုယ်သွေးကိုထိန်းချုပ်ခဲ့သည်။ အစပိုင်းတွင် ၎င်းတို့ကိုခုခံနိုင်အောင်နှင့် မိမိကိုယ်ကိုယ်ထိန်းချုပ်နိုင် သူကြိုးစားခဲ့ပုံရသည်။ သို့သော် ၎င်းတို့သည် စွမ်းအားကြီးလွန်းသည်။ နောက်ဆုံးတွင် သူသည် လက်လျှော့လျက် သင့်နာမည်ဘယ်သူနည်းဟု မေးလာသည့်အခါ "လေဂေါင်"ဟု ပြန်ဖြေခဲ့သည်။

*ဒုက္ခပြဿနာ၏အကြောင်းရင်း။* လက္ခဏာများက ပြင်းထန်သောစိတ်ကျန်းမာရေးထိခိုက်မှုနှင့် ကိုယ်ရည်ကိုယ်သွေးတစ်စစီဖြစ်သွားခြင်းတို့ကို ညွှန်ပြနေသည်။ (ပြဿနာတိုင်းတွင်ဤသို့မဟုတ်သော်လည်း) ဤပြဿနာတွင်မူ သူစိတ်ကျန်းမာရေးမကောင်းခြင်းမှာ နတ်ပူးဝင်သောကြောင့်ဖြစ်သည်ဟု သမ္မာကျမ်းစာက ထောက်ပြထားသည်။

အရက်စွဲခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့တွင်လည်း အလားတူ သိသာထင်ရှားသည့် အကျိုးသက်ရောက်မှုများရှိနိုင်သည်။ အပြစ်အားလုံးတို့သည် ကိုယ်ရည်ကိုယ်သွေးကို ပုံပျက်ပန်းပျက်ဖြစ်စေ၍ အပြစ်လွှတ်ခြင်းနှင့် ၎င်း၏တန်ခိုးတို့ကို ချိုးဖျက်ခြင်းမပြုပါက ကိုယ်ရည်ကိုယ်သွေးသည် သမ္မာကျမ်းစာက "ပျက်စီးခြင်း"ဟု ခေါ်သည့် ပျောက်ဆုံးသွားခြင်းမဟုတ်သော်လည်း ပြန်လည်ပြုပြင်၍မရနိုင်သော ပုံပျက်ပန်းပျက်ဖြစ်သွားသည့်အခြေအနေသို့ ရောက်သွားကာ ဘုရားသခင်နှင့်ထာဝရခွဲခွာခြင်းဖြင့် ဆုံးသတ်လိမ့်မည်ဖြစ်သည်။

**စာသင်ခန်းအတွက်**

ဂမ္ဘီရပညာ၊ မှော်ပညာ၊ နတ်ပညာနှင့် အလားတူပညာများ စမ်းသပ်ခြင်းမပြုကြရန် စာသင်သားများအား အခွင့်အရေးအသုံးချလျက် သတိပေးပါ။

သမ္မာကျမ်းစာနှင့် လက်ရှိခေတ် နိုင်ငံများစွာမှ အတွေ့အကြုံအရ နတ်ပူးဝင်ခြင်းသည် အလွန်အဖြစ်များသည့်အရာဖြစ်သည်။ လူ့ကိုယ်ရည်ကိုယ်သွေးကို မဖျက်ဆီးလျှင်ပင် နောက်ဆုံးတွင် အကျိုးသက်ရောက်မှုမှာ ထိန်းချုပ်ရန်ဖြစ်သည်။ ထို့ကြောင့် သမ္မာဟောင်းကျမ်းတွင် အပြင်းအထန်သတိပေးထားသည် - "သင်၏ဘုရားသခင်ထာဝရဘုရားပေးတော်မူသောပြည်သို့ သင်သည် ဝင်စားသောအခါ၊ ထိုပြည်၌နေသော လူမျိုးတို့ပြုတတ်သော စက်ဆုပ်ရွံရှာဘွယ်အမှုတို့ကို ပြုခြင်းငှာမသင်ရ။ သင်တို့တွင် မိမိသားသမီးကို မီးဖြင့်ပူဇော်သောသူ၊ ဖြစ်လတံ့သောအမှုကို ကိုယ်ဥာဏ်နှင့် ဟောပြောသောသူ၊ ကာလဗေဒင်ကို ကြည့်သောသူ၊ မကောင်းသော အတတ်ကို ပြုစုသောသူ၊ ပြုစားတတ်သောသူ၊ နတ်ဆိုးနှင့်ပေါင်းသောသူ၊ ဝိဇ္ဇာအတတ်ကို ပြုစုသောသူ၊ လူသေကို မေးမြန်းသောသူ တစုံတယောက်မျှ မရှိရ။ ထိုသို့ပြုတတ်သောသူ အပေါင်းတို့ကို ထာဝရဘုရား စက်ဆုပ်ရွံရှာတော်မူ၏" (တရား ၁၈း၉-၁၃)။

*ပြဿနာ၏အကျိုးသက်ရောက်မှုများ။*

*(က) အရှက်ကင်းမဲ့ပြီး မိမိကိုယ်ကိုယ်လေးစားတန်ဖိုးထားမှု ပျောက်ဆုံးခြင်း။* ကျမ်းပိုဒ်ဖြစ်သည့် လု ၈း၂၇ တွင် "ကာလအတန်ကြာ အဝတ်မဝတ်"ဘဲနေသည်ဟု ဆိုထားသည်။ သူသည် ရှက်တတ်သည့်စိတ်မရှိတော့ပေ။ ရှက်သောစိတ်ကို ဥပေက္ခာမပြုသင့်ပါ။ ၎င်းသည် လူ့ဂုဏ်သိက္ခာထိန်းသိမ်းရာတွင် ကောင်းသောကဏ္ဍမှ ပါဝင်သည်။ "ရှက်သွေးဖြန်းသွားခြင်း"ကို ဥပမာယူပါ။ ၎င်းသည် ဖန်ဆင်းရှင်က ကျွန်ုပ်တို့တွင် ထည့်ပေးထားသော ယန္တရားတစ်ခုဖြစ်ဖြစ်၍ မိမိတွင်အပြစ်ရှိသည်ဟုခံစားမှုကို ဖော်ပြလျက် မှားယွင်းသည့်လုပ်ရပ် သို့မဟုတ် မှားယွင်းသည့် စိတ်သဘောထား သူတစ်ပါးမိသွားသည့်အခါ စိတ်ထဲအဆင်မပြေမှုကိုခံစားစေသည်။ ၎င်းသည်

ဟန့်တားပေးသောအရာ၊ တာရှည်ခံစေသောအရာလည်းဖြစ်သည် - "ဒီလိုအရာမျိုးကို ငါမလုပ်နိုင်ဘူး"- "သူများမိသွားရင် ငါရှက်သွေးဖြာသွားမှာဘဲ"ဟု မိမိကိုယ်ကိုယ်ပြောနေခြင်းဖြစ်သည်။

လူတို့သည် ရှယ်ဖွယ်အရာများကို ဆက်တိုက်လုပ်နေပါက သူတို့၏ကိုယ်ရည်ကိုယ်သွေးထဲမှ ဤရှက်စိတ်ယန္တရားကို တဖြေးဖြေးအားနည်းလာစေပြီး နောက်ဆုံးတွင် ရှက်ပင်မရှက်ဘဲဖြစ်သွားတတ်သည်။ ရလဒ်မှာ ဒုက္ခရောက်စေသောအဖြစ်ပင်ဖြစ်သည်။ "သူတို့က စက်ဆုပ်ဘွယ်အမှုကို ပြုကျင့်တဲ့အတွက် ရှက်ကြသလား။ လုံးလုံး မရှက်ကြဘူး။ ရှက်သွေးရောင်ပင် မသန်းကြဘူး" ဟု ဘုရားသခင် မိန့်တော်မူသည် (ယေရမိ ၆း၁၅ ကိုယ်ပိုင်စကားပြေ)။ ထိုသို့သောအပြုအမူ အတွက် နောက်ဆက်တွဲရလဒ်တစ်ခုမှာ "ဒါကြောင့် သူတို့ရဲ့ကိုယ်ခန္ဓာ အရည်အသွေးနိမ့်ကျပျက်စီးသွားတဲ့အထိ ဘုရားသခင်က သူတို့ကို သူတို့စိတ်နှလုံးရဲ့အပြစ်ရှိတဲ့စိတ်ဆန္ဒတွေထဲမှာ စွန့်ပစ်ထားခဲ့တယ်" (ရော ၁း၂၄-၂၇ ကိုယ်ပိုင်စကားပြေ)။

*(ခ) ဥပါဒါန်နှင့်ဆိုင်သည့်ကြောက်ရွံ့ခြင်းနှင့် ပေါင်းသင်းဆက်ဆံမှုမရှိသော အပြုအမူ။* အချို့သော မူးယစ်ဆေးစွဲသူများနှင့်အရက်စွဲသူများကဲ့သို့ သူသည် အခြားလူတို့ကိုကြောက်သောစိတ်ခံစားရနိုင်သည်။ မည်သို့ပင်ဖြစ်စေ သူသည် လူ့အသိုင်းအဝိုင်းကို ရှောင်ကာ တောင်ကုန်းများပေါ်နှင့် သင်္ချိုင်းကုန်းများတွင် တစ်ကိုယ်တည်းနေခဲ့သည်။ သူသည် လူများစွာတို့ တစ်ခါတစ်ရံလူငယ်များပင် ခံစားတတ်သည့် - သူတို့သည် ကောင်းသူများမဟုတ်။ ဘယ်သူမှ သူတို့ကို တန်ဖိုးမထား။ သူတို့အပေါ် လူ့အသိုင်းအဝိုင်း၏တောင်းဆိုမှုသည် များလွန်း၍ လူတို့အပေါ် လူတို့မျှော်လင့်သည့်အရာကြောင့် ခြောက်လုန့်သလိုခံစားရသည်။ သူတို့သည် ဘဝ၏လုပ်ရိုးလုပ်စဉ်များမှ လွတ်မြောက်လိုကြသည်။ သူတို့အတွက် အနာဂါတ်မရှိ။ သေတာဘဲကောင်းမည်- စသောခံစားမှုများခံစားသောလူတို့အတွက် သူသည် ဆိုးဂါးသောနမူနာတစ်ခုဖြစ်ခဲ့သည်။

*(ဂ) မိမိကိုယ်ကိုယ်စက်ဆုပ်ရွံရှာခြင်းနှင့် မိမိကိုယ်ကိုယ်ဖျက်ဆီးခြင်း။* သူသည် ကျောက်တုံးများဖြင့် မိမိကိုယ်ကိုယ် အဆက်မပြတ်အနာတရဖြစ်စေလျက် သူ့အတွက်ကောင်းအောင် သူ့ကိုထိန်းသိမ်းပေးလိုသောသူတို့ကိုလည်း ကြမ်းတမ်းစွာဆန့်ကျင်ခဲ့သည်။ သူ့ကိုဖျက်ဆီးနေသည့် မကောင်းသောတန်ခိုးများ ထွက်ခွာသွားကြရန် ယေရှုကအမိန့်ပေးသည့်အခါ ယေရှုကပင် သူ့ကိုနှိပ်စက်ကလူပြုနေသည်ဟု အစပိုင်းတွင် သူထင်ခဲ့သည်။ သာမန်လူများစွာအတွက်ပင် ထိုနည်းတူဖြစ်တတ်သည်။ သူတို့အပြစ်များနှင့် သူတို့အကျင့်ဆိုးများက သူတို့ကိုဖျက်ဆီးနေသည်ကို သူတို့ ရေးရေးလေးသာသတိထားမိကြသည်။ သို့သော် သူတို့အား ထိုအရာများကို စွန့်လွှတ်ရန် အမိန့်ပေးတော်မူသည့်အခါ သူတို့ကို ညှင်းဆဲရန် ယေရှုရည်ရွယ်၍ဖြစ်သည်ဟု သူတို့ထင်ကြသည်။

*ပြဿနာကို ကုသခြင်း။* သို့သော် သေချာသည်မှာ ယေရှုသည် သူ့ကို ညှင်းဆဲရန်လာသည်မဟုတ်။ ပျက်စီးကျိုးပဲ့သော သူ့ကိုယ်ရည်ကိုယ်သွေး၊ သူ့ဂုဏ်သိက္ခာနှင့် သူ၏စစ်မှန်သောလွတ်လပ်မှုတို့ကို အသစ်ဖြစ်စေရန်လာခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ယေရှုက "သင့်နာမည်ဘယ်လိုခေါ်သနည်း"ဟု မေးခြင်းဖြစ်သည်။ ထိုသူက သူသည် သူကိုယ်တိုင်ဖြစ်နေရန်ကြိုးစားနေခြင်းကို လက်လွှတ်လုနီးပါးဖြစ်နေသည်။ သူ့နာမည်ကိုမေးသည့်အခါ "ယောဟန်" သို့မဟုတ် "အင်ဒရူး" စသည်ဖြင့် မိမိအမည်ကို မပြောဘဲ "လေဂေါင်"ဟု သူပြောခဲ့သည်။ ခရစ်တော်က မကောင်းသောတန်ခိုးများနှင့်ငြိတွယ်ရှုပ်လိမ်နေမှုမှ ထိုသူကိုဖြေပေးလျက်လွတ်မြောက်စေကာ မကောင်းသောတန်ခိုးများကို မောင်းထုတ်ပြီး ထိုသူ၏ကိုယ်ရည်ကိုယ်သွေးကို လွတ်လပ်သွားစေခဲ့သည်။ ထိုအခါ ထိုသူသည် အဝတ်ဝတ်ပြီး ပကတိစိတ်ရှိလျက် ယေရှု၏ဘေးနားတွင် ထိုင်

နေသည်ကို သူ့မြို့တွင်နေထိုင်သူများက တွေ့မြင်ခဲ့ကြသည် (လု ၈း၃၅)။ ယခု သူ့သခင်သည် လေဂေါင်မဟုတ်တော့ဘဲ ယေရှုဖြစ်သွားပြီဖြစ်၍ ယေရှု၏သခင်ဖြစ်ခြင်းသည် စစ်မှန်သောလွတ်လပ်မှုကို ပေးသည်။

ထူးကဲသောဤဖြစ်ရပ်မှ ယေရှုက ယနေ့ ကျွန်ုပ်တို့ကို မည်သို့လွတ်မြောက်စေသနည်း ဆိုသည်ကို ပြန်ကြည့်ကြစို့။

*ယေရှုက ကျွန်ုပ်တို့ကို လွတ်မြောက်စေသည်*

*ကျွန်ုပ်တို့၏အပြစ်များကိုလွှတ်ပေးခြင်းအားဖြင့်။* အဖြစ်အပျက်တစ်ခုက ယေရှု ခြေလက်မသန်စွမ်းသူတစ်ဦးနှင့်တွေ့သောအခါ ထိုသူ၏အပြစ်ကိုဦးစွာလွှတ်ပြီး ထ၍လမ်းလျှောက်နိုင်သည့်ခွန်အားတန်ခိုးကို သူ့အားပေးတော်မူခဲ့ကြောင်း ဖော်ပြထားသည် (လု ၅း၁၇-၂၆)။ ကျွန်ုပ်တို့အပြစ်ပြုသည့်အခါ အပြစ်စွဲစိတ်ခံစားရလျက် အသိစိတ်မရှင်းဖြစ်ကြသည်။ အပြစ်စွဲစိတ်သည် သံကွင်းဆက်ကြိုးနှင့်တူသည်။ ၎င်းသည် ကျွန်ုပ်တို့ကို ချည်နှောင်ထားလျက် ကမ္ဘာလောကကိုကြည့်ရန် ကျွန်ုပ်တို့ကို မပံ့မရဲဖြစ်စေတတ်သည်။ "အပြစ်လွှတ်ခြင်း"ဆိုသည့်စကားလုံးသည် ဓမ္မသစ်ကျမ်းတွင် "လွတ်ငြိမ်းစေခြင်း"ကို ဆိုလိုလျက် ယေရှုအားဖြင့် ရရှိသောအရာဖြစ်သည်။ ကျွန်ုပ်တို့သည် ခေါင်းပြန်ထောင်နိုင်ကြပြီဖြစ်သည်။

*သမ္မာတရားကို ပြောပြခြင်းအားဖြင့်။* "သင်တို့သည် ငါ၏ဒေသနာ၌ တည်လျှင် ငါ့တပည့်အမှန်ဖြစ်ကြ၏။ သမ္မာတရားကိုလည်း သိကြသဖြင့်၊ ထိုတရားသည် သင်တို့ကို လွှတ်လိမ့်မည်" (ယော ၈း၃၁-၃၂)။

ကျွန်ုပ်တို့၏ကိုယ်ရည်ကိုယ်သွေးကိုပုံပျက်ပန်းပျက်ဖြစ်စေသောအရာများဖြင့် ကျွန်ုပ်တို့ အလွန်မကြာခဏဂုဏ်ယူနေတတ်ကြသည်။ လိမ်လည်လှည့်ဖြားခြင်းကို တော်၍တတ်၍ဟု ကျွန်ုပ်တို့ထင်တတ်ကြသည်။ ကျွန်ုပ်တို့၏ရန်လိုမှုအတွက်လည်း ဂုဏ်ကြွားတတ်ကြသည်။ မလိုတမာဖြစ်ခြင်း၊ ကြမ်းကြုတ်ခြင်းနှင့် အခြားသူများသိမ်ငယ်သွားအောင်လုပ်ဆောင်ခြင်းတို့၌ ကျွန်ုပ်တို့ပျော်နေတတ်သည်။ ယေရှုသည် ဤမှားယွင်းသောစိတ်သဘောများနှင့်ပတ်သက်သည့် သမ္မာတရားကို ကျွန်ုပ်တို့အားပြသခြင်းဖြင့် ကျွန်ုပ်တို့ကိုလွတ်မြောက်စေသည်။ ၎င်းတို့သည် ကျွန်ုပ်တို့၏မိတ်ဆွေများမဟုတ်၊ ကျွန်ုပ်တို့ကို ထောင်ထဲသွင်းသူများသာဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ထောင်ထဲသွင်းသူများကို မိတ်ဆွေများဟု ထင်မှားခဲ့လျှင် ထောင်ထဲမှလွတ်မြောက်အောင်ကြိုးစားကြမည်မဟုတ်၊ ထောင်ထဲ၌သာဆက်နေကြမည်ဖြစ်သည်။ တစ်နေ့သောအခါ ဤမိတ်ဆွေတုများသည် ကျွန်ုပ်တို့ကိုစီရင်သော ပါးကွက်သားများဖြစ်လာကြလိမ့်မည်။ တစ်နည်းအားဖြင့် လွတ်မြောက်အောင်ကြိုးစားခြင်းသည် မကောင်းဟု ကျွန်ုပ်တို့ခံစားနိုင်သည်- အကျင့်ဆိုးများနှင့် မှားယွင်းသောစိတ်သဘောထားတို့သည် ဖယ်ရှားလို့မရအောင် အားကြီးလွန်းလှသည်။ ဤနေရာတွင်လည်း ယေရှုက အခြေအနေနှင့်ဆိုင်သောသမ္မာတရားကို ကျွန်ုပ်တို့အား ပြသပေးသည် - နတ်ဆိုးပြဿနာကဲ့သို့ပင် သံကွင်းဆက်ကြိုးကို ဖြတ်တောက်နိုင်ပါသည်- "လေဂေါင်"ကို မောင်းထုတ်နိုင်ပါသည်။

*ကျွန်ုပ်တို့ကို ကြောက်ရွံ့ခြင်းမှကင်းဝေးစေခြင်းအားဖြင့်။* အချို့သောကြောက်ရွံ့ခြင်းသည် သင့်တင့်သောအရာဖြစ်သည်။ ဥပမာ။ ။မီးလောင်ခံရမည်ကိုကြောက်ခြင်းက မိမိလက်ကို မီးထဲမ ထည့်အောင် ကျွန်ုပ်တို့ကိုတားပေးသည်။ သို့သော် အချို့သောကြောက်ရွံ့ခြင်းသည် သင့်တင့်သောအရာမဟုတ်ပေ။ အရယ်ခံရမည်ကိုကြောက်ခြင်း၊ အစုအဖွဲ့ဂိုဏ်းကိုကြောက်ခြင်း၊ အကြမ်းဖက်မှုကိုကြောက်ခြင်းတို့က လူငယ်များကို အရက်သေစာသောက်စားခြင်း၊ မူးယစ်ဆေး

သုံးစွဲခြင်းနှင့် ပြစ်မှုကျူးလွန်ခြင်းတို့ဆီသို့ တွန်းပို့တတ်သည်။ တကယ်တမ်းတွင် သူတို့သည် မိမိဖာသာမိမိဆိုလျှင် ဤအရာများကို လုပ်မိကြမည်မဟုတ်ပေ။ သင့်တင့်သောကြောက်ရွံ့ခြင်းဖြင့် ဘုရားသခင်ကို ကြောက်ရွံ့လျက် မှားယွင်းသောကြောက်ရွံ့မှုကို ကျော်လွှားရန် ယေရှုက ကျွန်ုပ်တို့ကို သွန်သင်တော်မူသည်။

> ကိုယ်ခန္ဓာကိုသတ်၍ အသက်ဝိညာဉ်ကိုမသတ်နိုင်သောသူတို့ကို မကြောက်ကြနှင့်။ ကိုယ်ခန္ဓာနှင့်အသက်ဝိညာဉ်နှစ်မျိုးစလုံးကို ငရဲ၌ဖျက်ဆီးနိုင်သောအရှင်ကိုသာ ကြောက်ကြလော့။ စာကလေးနှစ်ကောင်ကို အသသရိတစ်ပြားနှင့် ရောင်းသည်မဟုတ်လော။ သို့ရာတွင် သင်တို့အဖ၏အခွင့်မရှိလျှင် ထိုစာကလေးတစ်ကောင်မျှ မြေပေါ်သို့ကျလိမ့်မည်မဟုတ်။ သင်တို့ဦးခေါင်းမှဆံပင်ရှိသမျှကိုပင် ရေတွက်ထားတော်မူ၏။ ထို့ကြောင့် မကြောက်ကြနှင့်။ သင်တို့သည် စာကလေးများစွာတို့ထက် မြင့်မြတ်ကြ၏။
> ( မ ၁၀း၂၈- ၃၁)

## လူသားတို့၏တန်ဖိုး

ကျွန်ုပ်တို့တန်ဖိုးထားခံရတယ်လို့ခံစားရဖို့ အရေးကြီးသလား။ သင်သည် တန်ဖိုးထားခံရကြောင်း သင်မည်ကဲ့သို့သိနိုင်မည်နည်း။ ကျွန်ုပ်တို့သည် အချင်းချင်း ဆက်ဆံသင့်သည့်အတိုင်းဆက်ဆံမည်ဆိုလျှင် ကျွန်ုပ်တို့ကို ဘုရားသခင်တန်ဖိုးထားသကဲ့သို့ အခြားသူကိုရော မိမိကိုပါ တန်ဖိုးထားရန် သင်ယူရမည်ဖြစ်သည်။ လူတို့ကို ဘုရားသခင် မည်ကဲ့သို့တန်ဖိုးထားကြောင်းဖော်ပြသည့် သမ္မာကျမ်းစာထဲမှ အောက်ပါကျမ်းပိုဒ်များကို ဆင်ခြင်ကြည့်ပါ။

*မမွေးသေးသောကလေးငယ်၏တန်ဖိုး။* ဘုရားသခင်သည် ကလေးငယ်ကို မိခင်ဝမ်းထဲ စတင်ဖြစ်တည်ကတည်းက ကရုစိုက်လျက် ချစ်တော်မူကြောင်း ဆာလံ ၁၃၉း၁၃-၁၇ က ကျွန်ုပ်တို့ကိုပြောပြထားသည်။ မမွေးသေးသောကလေးငယ်ကို သတ်ခြင်းသည် ထိုကလေးငယ်အပေါ် နှင့် သူ့ကိုဖန်ဆင်းသောဘုရားသခင်အပေါ် ပြစ်မှုကျူးလွန်ခြင်းဖြစ်သည်။

ပွေ့ချီထားသောကလေးငယ်၏တန်ဖိုး။ မိမိတို့ကလေးငယ်များကို ကောင်းကြီးပေးရန် ယေရှုထံ မိခင်များကယူဆောင်လာကြသော အခါ အစပိုင်းတွင် တပည့်တော်များက မိခင်များကို အပြစ်တင်ခဲ့ကြသည်။ ယေရှုသည် အလွန်အရေးကြီးလှသည်ဖြစ်၍ ကလေးများခေါ်လာပြီး ဒုက္ခပေးရမည့်သူမဟုတ်သူတို့ထင်ခဲ့ကြသည်။ သို့သော် ယေရှုက တပည့်တော်များကို အပြစ်တင်ခဲ့သည်။ ဘုရားသခင်သည် လူကြီးများကိုတန်ဖိုးထားသလောက် ကလေးများကိုလည်း တန်ဖိုးထားတော်မူသည်။ ယေရှုက "ကလေးသူငယ်တို့ငါ့ထံသို့လာကြပါလေစေ။ သူတို့ကို မတားဆီးကြနှင့်။ အကြောင်းမူကား ဘုရားသခင်၏နိုင်ငံတော်သည် ထိုသို့သောသူတို့၏နိုင်ငံဖြစ်၏"ဟု မိန့်တော်မူခဲ့သည် (လု ၁၈း၁၅-၁၆)။

> **ဒါကို သေချာစဉ်းစားပါ။**
> အုပ်စုလိုက်ဆွေးနွေးမှုကိုနှိုးဆော်ပေးရန် (သို့မဟုတ် ဆွေးနွေးမှု၏အခြေခံဖြစ်သည့် စာစီစာကုံးတိုတစ်ခု၏အကြောင်းအရာအဖြစ်) ဤကဏ္ဍမှ အကျဉ်းချုပ်ပညတ်ချက်များကို အသုံးပြုနိုင်ပါသည်။

*လေးစားခြင်းနှင့်ထောက်မခြင်းခံထိုက်သူများမှာ -*

*(က) မိဘများ* (မ ၁၅း၁-၉)။ ကျွန်ုပ်တို့သည် မိဘတို့ကို ဂုဏ်ပြုလေးစားရပါမည်။ ဤကျမ်းပိုဒ်က ရှင်းရှင်းလင်းလင်းဖော်ပြသည်မှာ သူတို့ကိုလေးစားဂုဏ်ပြုခြင်းသည် ကျွန်ုပ်တို့ယ

ရွယ်စဉ် သူတို့ကိုလေးစားလျက် နာခံခြင်းသာမဟုတ်ဘဲ သူတို့အသက်အရွယ်ကြီးလာသည့်အခါ ငွေကြေးပေးကမ်းလျက် စောင့်ရှောက်ခြင်းလည်းပါသည်။

*(ခ) မုဆိုးမများ။* ယေရှုသည် မုဆိုးမများအတွက် အထူးဂရုတစိုက်ထားခဲ့သည်။ သူတို့၏ အကူအညီမဲ့နေခြင်းကို အခွင့်ကောင်းယူလျက် သူတို့ကိုလိမ်လည်သူများ သို့မဟုတ် သူတို့ကို ဖိနှိပ်သူများကို ကိုယ်တော်သည် ပြင်းထန်စွာစွပ်စွဲရှုပ်ချခဲ့သည် (လု ၇း၁၁-၁၇၊ ၁၈း၁-၈၊ ၂၀း၄၅-၂၁း၄)။

*(ဂ) အိမ်ထောင်* (မ ၅း၂၇-၃၂)။ အိမ်ထောင်ရေးဖောက်ပြန်မှုနှင့် လူ့ပေါင်းသင်းဆက်ဆံရေးများကို တန်ဖိုးကျစေလျက် မိသားစု၏တည်ငြိမ်ခိုင်မြဲမှုကိုလည်း ဖျက်ဆီးသည့် အလွယ်တကူကွာရှင်းခြင်းတို့ကို ခရစ်တော်က ထိထိမိမိရှင်း ရှင်းလင်းလင်းထောက်ပြခဲ့သည်။

တစ်ဦးချင်းစီ၏တန်ဖိုး။ သူစိမ်းအတွက် အားလုံးအတူတူကဲ့သို့ဖြစ်နေသည့် သိုးတစ်ရာကိုစောင့်ရှောက်သည့် ကောင်းသောသိုးထိန်းသည် သိုးတစ်ကောင်စီကို နာမည်ဖြင့်သိလျက် ၎င်း၏အကျင့်ဓလေ့၊ အားသာချက်နှင့် အားနည်းချက်တို့ကို သိမည်ဖြစ်သည်။ ခရစ်တော်သည် ထိုကဲ့သို့သောသိုးထိန်းဖြစ်တော်မူလျက် "မိမိသိုးတို့ကို နာမည်ဖြင့်ခေါ်၍ ပြင်သို့ ထုတ်ဆောင်တတ်၏" (၁ယော ၁၀း၃)။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို လူသားထုအနေဖြင့် သာမန်ချစ်ခြင်းမဟုတ်ဘဲ တစ်ဦးချင်းစီအလိုက် ချစ်တော်မူသည်။ ယေရှုကလည်း မိမိထံဆက်ကပ်အပ်နှံသောသူတိုင်းသည် မည်သည့်အခါမျှ ပျောက်ဆုံးသွားခြင်းရှိမည်မဟုတ်ကြောင်း အာမခံတော်မူသည်-

> "အကြောင်းမူကား၊ ငါသည် ကိုယ်အလိုသို့လိုက်ခြင်းငှာ ကောင်းကင်မှဆင်းသက်သည်မဟုတ်။ ငါ့ကိုစေလွှတ်တော်မူသောသူ၏အလိုတော်သို့လိုက်ခြင်းငှာ ဆင်းသက်၏။ ငါ့ကိုစေလွှတ်တော်မူသော ခမည်းတော်၏အလိုတော်ကား၊ ငါ့အားပေးသောသူတို့တွင် တစ်စုံတစ်ယောက်ကိုမျှ ငါမပျောက်စေရဘဲ၊ နောက်ဆုံးသောနေ့၌ ထိုသူအပေါင်းတို့ကို ထမြောက်စေခြင်းငှာ၎င်း၊ သားတော်ကို ကြည့်မြင်၍ ယုံကြည်သောသူရှိသမျှတို့သည် ထာဝရအသက်ကိုရစေခြင်းငှာ၎င်း အလိုတော်ရှိ၏။ ငါသည်လည်းနောက်ဆုံးသောနေ့၌ ထိုသူတို့ကို ထမြောက်စေမည်ဟု မိန့်တော်မူ၏။" (ယော ၆း၃၈-၄၀)

> "ငါ့သိုးတို့သည် ငါ့စကားသံကိုနားထောင်၍ ငါ့နောက်သို့လိုက်ကြ၏။ ထိုသိုးတို့ကို ငါသိ၏။ ထာဝရအသက်ကိုလည်း ငါပေး၏။ သိုးတို့သည် ပျက်စီးခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှထိုသိုးတို့ကို ငါ့လက်မှမနှုတ်မယူရာ။ ထိုသိုးတို့ကို ငါ့၌အပ်ပေးတော်မူသောငါ့ခမည်းတော်သည် ခပ်သိမ်းသောသူတို့ထက် ကြီးမြတ်တော်မူသည်ဖြစ်၍၊ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့ခမည်းတော်၏လက်မှမနှုတ်မယူနိုင်ရာ။ ငါသည် ငါ့ခမည်းတော်နှင့်တလုံးတဝတည်းဖြစ်သည်ဟု မိန့်တော်မူ၏။" (ယော ၁၀း၂၇-၃၀)

# အခန်း ၂၂

## ဆိုးယုတ်သောကမ္ဘာထဲ ခရစ်ယာန်လူ့ကျင့်ဝတ်များ

ယေရှု၏လူ့ကျင့်ဝတ်ကိုသွန်သင်ပေးရန်ကြိုးစားအားထုတ်သူအားလုံးတို့သည် "ခရစ်ယာန်လူ့ကျင့်ဝတ်ကို သင်ကြားပေးတာ ဘာအသုံးဝင်လဲ။ နှစ်ပေါင်း ၂၀၀၀ နီးပါးဟောပြောလာခဲ့ပြီးပေမဲ့ ကမ္ဘာကြီးက အရင်ကအတိုင်း ဆိုးမြဲဆိုနေတာဘဲ"ဆိုသည့် ကန့်ကွက်မှုဖြင့် အနေးနှင့်အမြန် ရင်ဆိုင်လာရမည်ဖြစ်သည်။

အပေါ်ယံအဆင့်တစ်ဆင့်အနေဖြင့် ကျွန်ုပ်တို့အမှန်အတိုင်းပြန်ပြောနိုင်သည်က - "လူတွေက ဆပ်ပြာနှင့်ရေကိုမသုံးလို့ အကျိုးဆက်တစ်ခုအနေနှင့် ညစ်ပတ်မြဲညစ်ပတ်နေတဲ့အတွက် ဆပ်ပြာကို အပြစ်ဖို့ပြောဆိုရင် မတရားဘူး"။

သို့သော် လူများစွာတို့ ကန့်ကွက်မည်မှာ - "မှန်တာပေါ့၊ ဒါက ဆပ်ပြာရဲ့အပြစ်မဟုတ်ဘူး။ ဒါပေမဲ့ လူတွေက ဆပ်ပြာသုံးဖို့ငြင်းမြဲငြင်းနေကြတယ်ဆိုရင် ဒီဆပ်ပြာရဲ့ကောင်းကွက်တွေဟောပြောနေရုံနှင့် ကမ္ဘာကြီးကို သန့်ရှင်းတဲ့နေရာတစ်ခုဖြစ်အောင် မလုပ်နိုင်ဘူးဆိုတဲ့အချက်ကို ဆပ်ပြာရဲ့အပြစ်မဟုတ်ဘူးဆိုတဲ့အချက်နှင့် ဖြေရှင်းလို့မရနိုင်ဘူး။ သူတို့ ဆပ်ပြာမသုံးသုံးအောင် အတင်းအကျပ်လုပ်နိုင်တဲ့သူ တစ်ယောက်ယောက်ကို ရှာတွေ့ဖို့လိုမယ်။ အဲလိုမရှာနိုင်ရင်တော့ ခင်ဗျားလည်း လက်လျှော့ရမှာဘဲ"။

လားတူဉပမာတစ်ခုတွင် ကျွန်ုပ်တို့တွေ့ရသည့်အတိုင်းပင် ဤကဲ့သို့သောကန့်ကွက်ချက်တွင် ကြီးမားသည့်စွမ်းအားတစ်ခုရှိနေသည်ကိုမူ ရိုးသားစွာဝန်ခံရမည်ဖြစ်သည်။ ဘော်လုံးပွဲတစ်ပွဲတွင် အသင်းနှစ်သင်းလုံးကို စည်းကမ်းများနှင့်အညီကစားစေလိုသည်ဆိုလျှင် ထိုစည်းကမ်းများကို သင်ကြားပေးရုံနှင့်မလုံလောက်ပါ။ ထိုစည်းကမ်းများကိုကြပ်မတ်လိုက်နာစေမည့် ဒိုင်လူကြီးလိုအပ်မည်ဖြစ်သည်။ ဒိုင်လူကြီးမထားလျှင် တစ်ဘက်ဘက်က စတင်၍စည်းကမ်း ချိုးဖောက်လာမည်ဖြစ်သည်။ ထိုအခါ အခြားတစ်ဘက်ကလည်း "စည်းကမ်းအတိုင်းကစားဖို့ ငါတို့ကြိုးစားနေတာ အလကားဘဲ။ သူတို့လိုမကစားရင် ငါတို့ရှုံးသွားလိမ့်မယ်"ဟု ပြောလာကြမည်ဖြစ်သည်။ ဤနည်းဖြင့် နှစ်ဘက်လုံး တတ်နိုင်သလောက်လှည့်စားဖို့ ကြိုးစားလာကြမည်ဖြစ်သည်။

ထိုသို့ဆိုလျှင် ယေရှုနှင့်ပတ်သက်၍ကား မည်သို့နည်း။ ကျင့်ဝတ်များကို သူသေချာစွာ သင်ကြားပေးတော်မူခဲ့သည်။ သို့သော် ကျင့်ဝတ်များသင်ကြားပေးခြင်းသက်သက်သည်ပင် လုံလောက်သည်ဟု သူထင်မြင်ခဲ့ပါသလား။ သို့မဟုတ် ထိုကျင့်ဝတ်များလိုက်လျှောက်ရန် ကြပ်မတ်ပေးခြင်းနှင့်ပတ်သက်၍ တစ်စုံတစ်ခုပြောရန် သူ၌ရှိပါသလား။

ဤကဲ့သို့သောမေးခွန်းများက ယေရှုသည် မည်သည့်အရာကိုလုပ်ဆောင်ရန်ကြွလာလျက် ၎င်းကိုလုပ်ဆောင်ရန် မည်ကဲ့သို့ကြံရွယ်တော်မူသည်ကို တိတိကျကျနားလည်ရန် အရေးကြီးကြောင်းကို ဖော်ပြနေကြသည်။ ဘုရားသခင်အုပ်ချုပ်သော ဘုရားသခင်၏နိုင်ငံတော်ကို မြေကြီးပေါ်တည်စေရန်မှာ ကိုယ်တော်ကြွလာတော်မူခဲ့ခြင်း၏အဓိကရည်ရွယ်ချက်ဖြစ်ကြောင်း ဓမ္မသစ်ကျမ်းက ရှင်းလင်းစွာဖော်ပြထားသည်။ ကိုယ်တော်၏ တကယ့်ကနဦးစကားများမှာ "အချိန်ပြည့်စုံပြီ။ ဘုရားသခင်၏နိုင်ငံတော်လည်း ပေါ်ထွန်းလုနီးပြီ။ နောင်တရ၍ ကောင်းမြတ်

သောသတင်းကို ယုံကြည်ကြလော့”ဟူ၍ဖြစ်သည် (မာ ၁း၁၅)။ သမိုင်း၏ဤအချိန်အခါတွင် ဘုရားသခင်၏နိုင်ငံတော် ပေါ်ထွန်းလုနီးပြီဟု ဆိုရခြင်း၏အကြောင်းရင်းမှာ သူကိုယ်တိုင်သည် ကြွလာတော်မူမည်ဟု ဓမ္မဟောင်းကျမ်းတွင် ရှေးယခင်ကတည်းက ကတိပြုထားသော ဘုရားသခင်နှင့်ဆိုင်သောရှင်ဘုရင်ဖြစ်တော်မူသောကြောင့်ဖြစ်သည် (ဥပမာ။ ဇာခရိ ၉း၉ ကိုဖတ်၍ ၎င်းကို ယောဟန် ၁၂း၁၂-၁၅ နှင့် နှိုင်းယှဉ်ကြည့်ပါ)။ ယခု သူကြွလာပြီဖြစ်သည်။ ဤသတင်းသည် ကောင်းမြတ်သောသတင်းဖြစ်သည်။

ဘုရားသခင်၏နိုင်ငံတော်ပေါ်ထွန်းစေခြင်းအမှုတွင် ထိုနိုင်ငံတော်ထဲဝင်ရသောသူအားလုံးတို့ ပြုမူနေထိုင်ရမည့်အပြုအမူ၏စံနှုန်းများနှင့် ထိုစံနှုန်းများအတိုင်းအသက်ရှင်သူတို့နှင့်ဆိုင်သောမင်္ဂလာတို့ကို ရှင်းလင်းစွာဖော်ပြရာ ယေရှုသည် ထိပ်ဆုံးနေရာ၌ ပါဝင်ရသည်။ ဤအချက်သည် မဿဲ ၅-၇ မှ လူသိများသော တောင်ပေါ်ဒေသနာ၏ရည်ရွယ်ချက်ဖြစ်သည်။

### ဘုရားသခင်၏နိုင်ငံတော်၏ လူ့ကျင့်ဝတ်ဆိုင်ရာပြဋ္ဌာန်းချက်များ

*၎င်းတို့သည် လူကြိုက်များ၍ လူတို့လက်ခံသော*
*လူ့စံနှုန်းများနှင့် မကြာခဏဆန့်ကျင်နေတတ်သည်။*
ဤအချက်ကို သရုပ်ဖော်ရန် ဥပမာတစ်ခုသည် လုံလောက်ပေလိမ့်မည်-

> “ကိုယ်နှင့်စပ်ဆိုင်သောသူကို ချစ်လော့။ ရန်သူကိုမုန်းလော့ဟူသောပညတ်စကားကို သင်တို့ ကြားရပြီ။ ငါပညတ်သည်ကား၊ သင်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ သားဖြစ်လိုသော်ငှာ။ သင်တို့၏ရန်သူတို့ကို ချစ်ကြလော့။ သင်တို့ကို ကျိန်ဆဲသောသူတို့အား မေတ္တာပို့ကြလော့။ သင်တို့ကို မုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကို နှောင့်ရှက်ညှဉ်းဆဲသောသူတို့အဘို့ ဘုရားသခင်ကို ဆုတောင်းကြလော့။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည်၊ ကောင်းသောသူမကောင်းသောသူတို့အပေါ်၌ ကိုယ်တော်၏နေကို ထွက်စေတော်မူ၏။ ဖြောင့်မတ်သောသူ မဖြောင့်မတ်သောသူတို့ အပေါ်၌မိုယ်းကို ရွာစေတော်မူ၏။ သင်တို့ကို ချစ်သောသူတို့အားသာချစ်တုံ့ပြုလျှင် အဘယ်ကျေးဇူးတင်သနည်း။ အခွန်ခံသူတို့ပင်မျှလောက်ပြုကြသည် မဟုတ်လော။ အဆွေအမျိုးတို့အားသာ လောကဝတ်ပြုလျှင် အဘယ်သို့ထူးမြတ်သနည်း။ သာသနာပလူတို့ပင် ထိုအတူပြုကြသည်မဟုတ်လော။ ထို့ကြောင့် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် စုံလင်တော်မူသည်နည်းတူ သင်တို့သည်လည်း စုံလင်ခြင်းရှိကြလော့။” (မ ၅း၄၃ဂ၄၈)

မငြင်းသာသည်မှာ ဤအချက်သည် သာမန်အလေ့အထနှင့်အလွန်ဆန့်ကျင်ဘက်ဖြစ်နေ၍ လူများစွာတို့က အလုပ်မဖြစ်ဟု ငြင်းပယ်သည့်အရာဖြစ်သည်။ သို့သော် ဤအချက်အတိုင်းလိုက်နာမည်ဆိုလျှင် လူနည်းစုများကိုခွဲခြားဆက်ဆံခြင်း၊ လူမျိုးစုလိုက်သတ်ဖြတ်ခြင်းနှင့် ရန်လိုသောအမျိုးသားရေးဝါဒတို့ရှိတော့မည်မဟုတ်ဟူသောအချက်ကိုမူ ငြင်းသောသူမရှိချေ။

*၎င်းတို့ကို သဘောတရားသက်သက်အဖြစ်သာ မထားဘဲ*
*လက်တွေ့လုပ်ဆောင်ရမည်။*

> “သခင်၊ သခင်ဟု ငါ့ကိုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည်မဟုတ်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်၏အလိုကိုဆောင်သောသူသာလျှင် ဝင်ရလိမ့်မည်။ ထိုနေ့၌ကား၊ သခင်၊ သခင်၊ အကျွန်ုပ်တို့သည် ကိုယ်တော်အခွင့်နှင့် ဆုံးမဩဝါဒပေးပါပြီမဟုတ်လော။ ကိုယ်တော်အခွင့်နှင့် နတ်ဆိုးတို့ကို နှင်

ထုတ်ပါပြီမဟုတ်လော။ ကိုယ်တော်အခွင့်နှင့် များစွာသောတန်ခိုးတို့ကို ပြပါပြီမဟုတ်လောဟု အများသောသူတို့သည် လျှောက်ကြလိမ့်မည်။ ထိုသို့လျှောက်ကြသောအခါ သင်တို့ကို ငါအလျှင်းမသိ၊ အဓမ္မအမှုကိုပြုသောသူတို့၊ ငါ့ထံမှဖယ်ကြဟု ထိုသူတို့အား အတည့်အလင်းငါပြောမည်။

အကြင်သူသည်ငါဟောပြောသော ဤစကားကို ကြား၍နားထောင်၏။ ထိုသူသည် ကျောက်ပေါ်မှာအိမ်ဆောက်သော ပညာရှိနှင့်တူကြောင်းကို ငါပုံပြမည်။ မိုးရွာ၍ ရေစီးသည်နှင့် လေလာ၍ ထိုအိမ်ကိုတိုက်သည်ရှိသော်၊ ကျောက်ပေါ်မှာတည်သောကြောင့်မပြိုမလဲနေ၏။ အကြင်သူသည်ငါဟောပြောသော ဤစကားကိုကြား၍ နားမထောင်ဘဲနေ၏။ ထိုသူသည် သဲပေါ်မှာအိမ်ဆောက်သော လူမိုက်နှင့်တူကြောင်းကို ငါပုံပြမည်။ မိုယ်းရွာ၍ ရေစီးသည်နှင့် လေလာ၍ ထိုအိမ်ကို တိုက်သောအခါ၊ ကြီးစွာသောပြိုလဲခြင်းသို့ ရောက် လေသည်ဟုဟောတော်မူ၏။" (မ ၇း၂၁-၂၇)

နာမည်ကျော်ကြားသော ရှေးရောမအတွေးအခေါ်ပညာရှင် ဆယ်နီကာ (Seneca) က ကြံ့ကြံ့ခံနိုင်မှုဂါဒ (Stoicism)ကို အသေးစိတ်ရှင်းပြရင်း ကျမ်းငယ်များရေးသားကာ လူတို့အား မည်ကဲ့သို့ပြုမူနေထိုင်ရမည်ကို ပြောပြခဲ့သည်။ သို့သော် သူ့နိုင်ငံကပေးအပ်သောရာထူးကိုအသုံးပြုလျက် ငွေကြေးအမြောက်အမြားရယူခဲ့သည်။ နီရိုး (Nero)မင်းက မိမိ၏မယ်တော်အရင်း အက်ဂရီပိုင်းနာ (Agrippina) ကို လုပ်ကြံသည့်အခါလည်း နီရိုးမင်းက ရောမဆီးနိတ်လွှတ်တော်သို့ စာရေးလျက် မိမိအပြစ်ကို ဖုံးကွယ်နိုင်ရန် ဆယ်နီကာက နီရိုးမင်းကိုကူညီပေးခဲ့သည်။ ထာဝရဘုရားကို မသိသောအတွေးအခေါ်ပညာရှင်များအကြား မိမိပြောဆိုသွန်သင်သည့်အရာနှင့် ရှေ့နောက်မညီသည့်အပြစ်ကျူးလွန်သည့်အတွေးအခေါ်ပညာရှင်မှာ ဆယ်နီကာတစ်ဦးတည်းတော့မဟုတ်ပေ။ ခရစ်တော်ကိုယ်တိုင်ကပင် မိမိခေတ်က ကျမ်းစာသင်ကြားပေးသူအချို့တို့သည် သူတစ်ပါးတို့အား လိုက်နာကျင့်ဆောင်ရမည့်အရာများသင်ကြားပေးပြီး မိမိတို့ကိုယ်တိုင် ထိုအရာများကို မလိုက်နာကြောင်း ထောက်ပြခဲ့သည် (မဿဲ ၂၃)။

*၎င်းတို့သည် လူ့အမြင်တွင်လုပ်ဆောင်မှုများနှင့်သာမဟုတ်ဘဲ*
*အတွင်းအတွေးအခေါ်များ၊ စိတ်ရင်းများနှင့်လည်း သက်ဆိုင်သည်။*

"'လူမသတ်ရ။ မည်သူမဆို လူသတ်လျှင် အပြစ်စီရင်ခြင်းကိုခံထိုက်ပေ၏'ဟု ရှေးလူတို့အား ပြောထားသည်ကို သင်တို့ကြားခဲ့ရ၏။ သို့သော် သင်တို့အား ငါဆိုသည်ကား မိမိညီအစ်ကိုအပေါ် အမျက်ထွက်သောသူတိုင်းသည် အပြစ်စီရင်ခြင်းကိုခံထိုက်၏။ မိမိညီအစ်ကိုအား 'အလကားလူ'ဟု ပြောသောသူသည် တရားလွှတ်တော်ထံသို့ အပ်နှံခြင်းခံထိုက်၍ 'လူမိုက်'ဟု ပြောသောသူသည် ငရဲမီးဒဏ်ကိုခံထိုက်၏။" (Matt 5:21–22)

တစ်နည်းအားဖြင့် "လူမသတ်ရ"ဆိုသည့် ဘုရားသခင်၏ပညတ်ချက်ကို ပြည့်စုံစေရန်အတွက် တစ်စုံတစ်ဦးကို တကယ်မသတ်မိအောင် ထိန်းချုပ်ခြင်းသည် မလုံလောက်။ မှန်ပါသည်- တစ်စုံတစ်ဦးအပေါ် ကျွန်ုပ်တို့အလွန်ဒေါသထွက်သည့်အခါ မိမိကိုယ်ကိုယ်ထိန်းချုပ်လျက် တကယ် လူမသတ်မိအောင် ရှောင်ကြဉ်ခြင်းသည် ကောင်းပါသည်။ သို့သော် တကယ်လူမသတ်မိရန် ရှောင်ကြဉ်နေစဉ်မှာပင် ကျွန်ုပ်တို့သည် ဒေါသကိုမွေးမြူလျက် စိတ်ထဲမှလက်စားချေလိုစိတ်ရှိကာ တတ်နိုင်လျှင် ထိုသူကို နာကျင်စေမည့်နည်းလမ်းများကို စဉ်းစားနေသည့် အဖြစ်မျိုးလည်း ရှိနိုင်ပါသည်။ ခရစ်တော်၏သွန်သင်မှုအရ ထိုကဲ့သို့သောအရာများသည် ဘုရားသခင်၏ပညတ်တော်ကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။ ဖြစ်လာနိုင်သည် တကယ်လူသတ်မှုကဲ့သို့ပင် မိမိဂန်းကျင်၌ရှိ

သောသူကိုလည်းကောင်း၊ ဘုရားသခင်ကို လည်းကောင်း ပြစ်မှားခြင်းလည်း ဖြစ်သည်။

စကားမစပ်၊ ဤနေရာတွင် ဘုရားသခင်၏ပညတ်တော်နှင့် နိုင်ငံတစ်ခုခုကသတ်မှတ်သောတရားဥပဒေတို့၏ အလွန်အရေးကြီးသောခြားနားမှုကို ကျွန်ုပ်တို့သတိထားမိသင့်သည်။ လူသားအစိုးရများက လူသတ်မှုနှင့်အခြားပြစ်မှုများတားဆီးသည့် ဥပဒေများ ချမှတ်နိုင်သည်။ ချမှတ်လည်းချမှတ်သင့်သည်။ အကယ်၍ လူတို့က ပြစ်မှုကျူးလွန်လျက် ၎င်းတို့ကိုချိုးဖောက်လျှင် သူတို့သည် အပြစ်ပေးခံရမည်ဖြစ်သည်။ သို့သော် လူသားအစိုးရတို့သည် ကျွန်ုပ်တို့၏စိတ်နှလုံးကို မဖတ်နိုင်၊ ကျွန်ုပ်တို့၏အတွေးကို မသိနိုင်ကြပေ (လူတို့တွေးတောသောအရာများ ထိန်းချုပ်ရန်ကြိုးစားခဲ့ကြသည့် အစိုးရများသည် ပြင်းထန်သည့်ဖိနှိပ်မှု ကျူးလွန်သူများဖြစ်ခဲ့ကြသည်)။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့စိတ်နှလုံးနှင့် အတွေးတို့ကို ဖတ်နိုင်ပြီး ၎င်းတို့အတွက် ကျွန်ုပ်တို့ကို တာဝန်ခံတာဝန်ခံယူစေသည်။

> **အမျက်ဒေါသက ကျွန်ုပ်တို့ကို မည်မျှအထိလွှမ်းမိုးမည်နည်း။**
>
> ဟစ်တလာအမျက်ဒေါသထွက်သောအခါ သူ့ဒေါသအတိုင်းလုပ်ဆောင်ရန် တန်ခိုးအာဏာ သူ၌ရှိခဲ့သည်။ ရလဒ်မှာ လူသန်းပေါင်းများစွာကို သူသတ်ဖြတ်ခဲ့သည်။ ကျွန်ုပ်တို့ အလွန်ဒေါသထွက်ချိန် ကျွန်ုပ်တို့၌လည်း ဟစ်တလာကဲ့သို့ တန်ခိုးအာဏာရှိသည်ဆိုလျှင် ကျွန်ုပ်တို့ ဘာလုပ်ကြမည်နည်း။

**ဘုရားသခင်၏ပညတ်တော်ကိုစောင့်ထိန်းရန် လူသားတို့မတတ်စွမ်းနိုင်ခြင်း**

ဤအရာများသည် ယေရှုသွန်သင်တော်မူသည်နှင့်အညီ ဘုရားသခင်၏နိုင်ငံတော်၏ လူ့ကျင့်ဝတ်ဆိုင်ရာပြဋ္ဌာန်းချက်များထဲမှ ဥပမာအနည်းငယ်ဖြစ်သည်။ ၎င်းတို့ကိုစောင့်ထိန်းရန် ကျွန်ုပ်တို့၏စွမ်းရည်နှင့်ပတ်သက်၍ ယေရှုဘာမိန့်တော်မူထားသနည်း။ ယေရှုက လူ့သဘာဝနှင့် လူ၏တကယ့်ပကတိအခြေအနေမှန်ကို နားလည်တော်မူကြောင်း ဤနေရာတွင် ထင်ရှားစေသည်။ ဘုရားသခင်၏နိုင်ငံတော်သို့ဝင်နိုင်သည့်အဆင့်အထိ ပညတ်ချက်များကို ကောင်းစွာ လိုက်နာစောင့်ထိန်းရန် ကျွန်ုပ်တို့အတွက် မဖြစ်နိုင်ကြောင်း ယေရှုမိန့်တော်မူခဲ့သည်။

*ဤဥပမာကို ဆင်ခြင်စဉ်းစားပါ။* ဖြစ်ရပ်တစ်ခုတွင် ခရစ်တော်က တပည့်တော်များအား ဤသို့မှတ်ချက်ပေးခဲ့သည် - "ငွေကြေးချမ်းသာသောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ရန် ခဲယဉ်းလှသည်တကား… ချမ်းသာသောသူသည် ဘုရားသခင်၏နိုင်ငံတော်သို့ဝင်ရန်ထက် ကုလားအုပ်သည် အပ်နဖားပေါက်မှလျှိုဝင်ရန် ပို၍လွယ်ကူ၏"။ တပည့်တော်များသည် အံ့သြလျက် "သို့ဖြစ်လျှင် မည်သူသည် ကယ်တင်ခြင်းခံရနိုင်ပါမည်နည်း" ဟု ဆိုခဲ့ကြသည်။ ထိုအခါ ယေရှုက "ဤအမှုသည် လူ့အနေဖြင့်မဖြစ်နိုင်သော်လည်း ဘုရားသခင်အနေဖြင့်ဖြစ်နိုင်၏။ အကြောင်းမူကား ဘုရားသခင်အတွက် အရာခပ်သိမ်းသည်ဖြစ်နိုင်၏"။ ကျွန်ုပ်တို့သည် ကျေးဇူးတော်ချီးမွမ်းရမည်ဖြစ်သည် (မာ ၁၀း၂၃-၂၇)။

သို့သော် ကိုယ်တော်ပြန်ဖြေသောအချက်က "လူတို့အား ခရစ်ယာန်လူ့ကျင့်ဝတ်ကို သင်ကြားပေးရုံသင်ကြားပေးခြင်းသည် မကောင်း"ဆိုသည့် ဤအခန်း၏အစပိုင်းတွင် ကျွန်ုပ်တို့ဆွေးနွေးခဲ့သောအချက်ကို မီးမောင်းထိုးပြသည်။ အကြောင်းတရားမှာ ဘုရားသခင် ကျေနပ်တော်မူသည့်အထိ ဘုရားသခင်၏ပညတ်ချက်တို့ကို လိုက်လျှောက်နိုင်သောစွမ်းအား (တစ်ခါတစ်ရံစိတ်ဆန္ဒအပါအဝင်) လူတို့တွင် မရှိပေ။ မှန်ပါသည် - ယေရှုသည် ဤအချက်ကို ကောင်းစွာသိထားလျက် ဘာကြောင့်ဤသို့ဖြစ်သည်ဆိုသည့်အကြောင်းရင်းကိုလည်း ကိုယ်တော်ဖော်ပြပေးသည်။ အကြောင်းရင်းနှစ်ရပ်ကို ဤနေရာတွင်ဖော်ပြပါမည်။

***အခြေခံအားဖြင့် လူသည်ကောင်းသည်မဟုတ်***

> "သင်တို့သည် မကောင်းသောသူများဖြစ်ကြလျက်ပင် သင်တို့၏သားသမီးများအား ကောင်းသောလက်ဆောင်များပေးရမည်ကိုသိကြလျှင် ကောင်းကင်ဘုံရှင်အဖသည် မိမိထံတောင်းလျှောက်သောသူများအား သန့်ရှင်းသောဝိညာဉ်တော်ကို သာ၍ပင် ပေးတော်မူလိမ့်မည်မဟုတ်လော''ဟု မိန့်တော်မူ၏။" (လု ၁၁း၁၃)

ဤသွန်သင်ချက်သည် အဆီအငေါ်မတဲ့၊ ပုံကြီးချဲ့လွန်းသည်ဟု လူများစွာက ထင်မြင်ကြသည်။ သူတို့က လောကတွင် ဆိုးယုတ်မှုများစွာရှိလင့်ကစား လူအများစုတို့သည် ကြင်နာမှုနှင့်ချစ်ခြင်းမေတ္တာရှိကြလျက် ကောင်းသောအရာများကို လုပ်ဆောင်ရန် အဆင်သင့်ရှိကြသည်ဟု ထောက်ပြကြသည်။ ယေရှုက ဤအချက်ကို မငြင်းပါ။ အမှန်ပင် ကိုယ်တော်က လူသားဖခင်အများစုသည် သားသမီးများအပေါ် ကြင်နာကြသည်၊ ကောင်းကြသည်ဟု သတိထားမိရန် ဖိတ်နေခြင်းဖြစ်သည်။ သို့သော် အခြေခံအားဖြင့်မကောင်းသောသူများဖြစ်ကြလျက်ပင် ထိုသို့ကြင်နာကြ၊ ကောင်းကြသည်ဟု မိန့်တော်မူခြင်းဖြစ်သည်။

သဘာဝအားဖြင့် ဤသို့အပြောခံရသည်ကို ကျွန်ုပ်တို့မကြိုက်ကြပေ။ ကျွန်ုပ်တို့ကို အခြေခံအားဖြင့် ကောင်းကြသည်ဟုထင်ရန်သာ ပိုကြိုက်ကြသည်။ ထို့ကြောင့် ကောင်းသောအရာတစ်ခုခုကျွန်ုပ်တို့လုပ်ဆောင်သည့်အခါ အမှတ်ယူလျက် "ဒါ ငါလုပ်တာ"ဟု ဆိုကြသည်။ သို့သော် ဆိုးသောအရာတစ်ခုခု ကျွန်ုပ်တို့လုပ်မိသည့်အခါ မိမိကိုယ်ကိုယ်ဆင်ခြေပေးရန် ကြိုးစားလျက် "တကယ်တော့ ငါမဟုတ်ဘူး။ ဘာက ငါ့ကို ဒါတွေလုပ်စေလည်းမသိဘူး။ ဒါပေမဲ့ ငါလုပ်တာမဟုတ်ဘူးဆိုရင် ဘယ်သူလုပ်တာလဲ။ ဘယ်သူလဲ"ဟု ကျွန်ုပ်တို့ဆိုတတ်ကြသည်။ ခရစ်တော်က "မကောင်းသောအသီးကိုသီးသော ကောင်းသည့်အပင်မရှိ။ ကောင်းသောအသီးကိုသီးသော မကောင်းသည့်အပင်လည်းမရှိ။ အပင်တိုင်းကို ၎င်း၏အသီးအားဖြင့် သိရ၏။ အကြောင်းမူကား ဆူးပင်မှ သဖန်းသီးကိုဆွတ်ခူး၍မရနိုင်။ ချုံပုတ်မှလည်း စပျစ်သီးကိုမစုသိမ်းနိုင်"ဟု မိန့်တော်သည် (လု ၆း၄၃-၄၄)။

ခရစ်တော်က အချက်နှစ်ချက်ကို ထောက်ပြသည် -

(က) သင်၌ နှစ်စဉ် လေးဆယ်ရာခိုင်နှုန်း သို့မဟုတ် ဆယ်ရာနှုန်းပင် ပန်းသီးပုပ်များသီးသော ပန်းသီးပင်တစ်ပင်ရှိလျှင် "ဒီအပင်တော့ တစ်ခုခုတော်တော်လေးမှားနေပြီ"ဟု သင်ပြောမည်ဖြစ်သည်။ ဘုရားသခင်၏စံနှုန်းအောက်ရောက်နေသော လူ့အပြုအမူသည် တစ်ဆယ်ရာခိုင်နှုန်းကမည်မဟုတ်သည်မှာ သေချာလှသည်။

(ခ) ချုံပုတ်က "ငါ့ဆီကနေ ဆူးတွေအများကြီးထွက်တာကို ငါသိတယ်။ ဒါပေမဲ့ ငါကတကယ့်ဆူးချုံပုတ်မဟုတ်ဘူး။ ငါက သဖန်းပင်ပါ"ဟု ဆိုလျှင် အသုံးမဝင်ပါ။ အပင်တစ်ပင်၏အသီးက အပင်၏သဘာဝကိုဖော်ပြသည်။ ထိုနည်းတူပင် ကျွန်ုပ်တို့၏မကောင်းသောလုပ်ရပ်များသည် ကျွန်ုပ်တို့၏အခြေခံသဘာဝနှင့်ဆက်စပ်မှုမရှိသော အပေါ်ယံအဖြစ်အပျက်များမဟုတ်ပေ။ ၎င်းတို့သည် သဘာဝ၏ထွက်ကုန်ဖြစ်ပြီး မည်သည့်သဘာဝဖြစ်သည်ကို ဖော်ပြသည်။

လူ့ကျင့်ဝတ်၏စနစ်တိုင်းတွင် အမှန်အမှန်တိုင်းသွားရမည်ဆိုလျှင် ဤအချက်ကို အသိအမှတ်ပြုရပေမည်။ သမိုင်းတစ်လျှောက်လုံးက ဤအချက်မှန်ကန်ကြောင်း အစဉ်ပြသနေသည်။ ဥပမာအားဖြင့် မာတ်စ်ဂါဒစီးပွားရေးသဘောတရားတွင်လည်း ကောင်းသောအချက်များစွာပါသည်။ ၎င်းသဘောတရားမအောင်မြင်ရခြင်းမှာ လူ့ပြဿနာသည် ထုတ်လုပ်မှုနည်းလမ်းများနှင့်ကင်းကွာနေခြင်းသက်သက်မဟုတ်ဘဲ စိတ်နှလုံး၏အခြေခံအပြစ်ရှိခြင်းကို အသိအမှတ်မ

ပြုခြင်းကြောင့်ဖြစ်သည်။ ၎င်းသည် သဘောတရားအရကောင်းသော်လည်း မည်သည့်စီးပွားရေး စနစ်ကိုမဆို ပျက်စီးစေရန် လုံလောက်မှုရှိခဲ့သည်။ အရင်းရှင်စနစ်သည် ပိုကောင်းသောစီးပွားရေး စနစ်ဖြစ်နိုင်သလို ပိုကောင်းသောစနစ်မဟုတ်သည်လည်း ဖြစ်နိုင်သည်။ သို့သော် ၎င်းသည်လည်း တူညီသောအရင်းအမြစ်ကြောင့် အဆုံးမရှိသောအကျင့်ပျက်ခြစားမှုခံစားနေရသည်။

### *လူတို့သည် ဘုရားသခင်ကိုဆန့်ကျင်တော်လှန်ကြသည်*

လူ့သမိုင်းတစ်လျှောက်လုံး၏အဓိကအချက်ဖြစ်လာခဲ့သောအရာက ဤအချက်ကို သရုပ်ပေါ်စေပြီးပြီဖြစ်သည်။ ဘုရားသခင်က မိမိသားတော်ကို လောကသို့စေလွှတ်တော်မူသောအခါ လူတို့သည် သူ၏လူ့ကျင့်ဝတ်ဆိုင်ရာသွန်သင်မှုကို ငြင်းပယ်ကြသည်သာမက သူ့ကိုလက်ဝါးကပ်တိုင်ပေါ်တင်ခဲ့ကြသည်။ မူးယစ်ဆေးစွဲသူများ၊ ဒုစရိုက်သမားများနှင့် မာဖီးယားအဖွဲ့တို့ကသာ သူ့ကို လက်ဝါးကပ်တိုင်ပေါ်တင်ခဲ့ကြသည်မဟုတ်။ ယေဘုယျသာမန်လူအများ၏တောင်းဆိုမှုကြောင့် ဘာသာရေးနှင့်နိုင်ငံရေးအခြေခံလျက် ထိုသို့ဖြစ်သွားခဲ့သည်။

သို့သော် လက်ဝါးကပ်တိုင်ပေါ်တင်ခြင်းမခံရမီ တစ်ပတ်အလိုတွင် မိုက်မဲသောမြေငှားများပုံဥပမာကို ပြောပြခြင်းဖြင့် မိမိအသေခံခြင်း၏အကြောင်းတရားနှင့်ထူးခြားမှုကို ခွဲခြမ်းစိတ်ဖြာလျက် အသေးစိတ်ရှင်းပြခဲ့သည်။

> "ထိုအခါ ပရိသတ်တို့အား မိန့်တော်မူသောဥပမာကား၊ လူတစ်ဦးသည် စပျစ်ဥယျာဉ်ကို စိုက်ပျိုးပြီးမှလုပ်ဆောင်သောသူတို့အား ဥယျာဉ်ကိုငှား၍ အခြားသောပြည်သို့ ကြာမြင့်စွာ သွားနေ၏။ ကာလအချိန်တန်လျှင်၊ လုပ်ဆောင်သောသူတို့သည် စပျစ်သီးအချို့ကို ပေးစေခြင်းငှာဥယျာဉ်ရှင်သည် သားငယ်ကို စေလွှတ်လေ၏။ ဥယျာဉ်စောင့်တို့သည် ငယ်သားကိုရိုက်၍ လက်ချည်းလွှတ်လိုက်ကြ၏။ နောက်တစ်ဖန်အခြားသော ငယ်သားကို စေလွှတ်ပြန်လျှင်၊ ဥယျာဉ်စောင့်တို့သည် သူ့ကိုရိုက်၍ အရှက်ခွဲပြီးမှလက်ချည်းလွှတ်လိုက်ကြ၏။ နောက်တစ်ဖန်အခြားသောငယ်သားကို စေလွှတ်ပြန်လျှင်၊ သူ့ကိုဒဏ်ရာပေါ်အောင် နာကျင်စွာရိုက် နှင်ထုတ်ကြ၏။ ထိုအခါ ဥယျာဉ်ရှင်က၊ ငါသည် အဘယ်သို့ပြုရမည်နည်း။ ငါ၏ချစ်သားကို ငါစေလွှတ်မည်။ ထိုသူတို့ သည် ငါ့သားကိုမြင်လျှင် အားနာကောင်းအားနာကြလိမ့်မည်ဟု ဆို၏။ ဥယျာဉ်စောင့်တို့သည် သားကိုမြင်လျှင်၊ ဤသူသည် အမွေခံဖြစ်၏။ လာကြ။ သူ့ကို သတ်ကြကုန်အံ့။ ထိုသို့သူ၏ အမွေဥစ္စာကို ငါတို့ ရကြလိမ့်မည်ဟု အချင်းချင်းတိုင်ပင်ပြီးမှ၊ ဥယျာဉ်ရှင်၏သားကို ဥယျာဉ်ပြင်သို့ ထုတ်၍ သတ်ပစ်ကြ၏။ သို့ဖြစ်လျှင်ဥယျာဉ်ရှင်သည် ဥယျာဉ်စောင့်တို့ကို အဘယ်သို့ပြုမည်နည်း။ ဥယျာဉ်ရှင်သည် လာ၍ ထိုသူတို့ကို သုတ်သင်ပယ်ရှင်းပြီးမှထိုဥယျာဉ်ကို အခြားသောသူတို့အား ပေး လိမ့်မည်ဟု မိန့်တော်မူ၏။ ပရိသတ်တို့သည် ကြားလျှင် ထိုသို့မဖြစ်ပါစေနှင့်ဟု လျှောက်ကြသော်၊ ကိုယ်တော်သည် ထိုသူတို့ကို ကြည့်ရှု၍၊
>
> "တိုက်ကိုတည်လုပ်သောသူများ ပယ်ထားသော ကျောက်သည် နောက်တစ်ဖန်
> တိုက်ထောင့်အထွဋ်ဖျားသို့ ရောက်ပြန်၏"
>
> ဟူသော ကျမ်းစာချက်သည် အဘယ်သို့ဆိုလိုသနည်း။ အကြင်သူသည် ထိုကျောက်အပေါ်သို့ကျ၏။ ထိုသူသည် ကျိုးလတံ့။ အကြင်သူ၏အပေါ်သို့ထို ကျောက်သည် ကျ၏။ ထိုသူသည် ညက်ညက်ကြေလတံ့ဟု မိန့်တော်မူ၏။ ထိုအခါယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာတို့သည် မိမိတို့ကို ရည်ဆောင်၍ ထိုဥပမာစကားကို ဟောပြောတော်မူသည်ကိုသိသောကြောင့် ကိုယ်တော်ကို ဖမ်းဆီးခြင်းငှာရှာကြံကြ၏။ သို့သော်လည်းလူများ ကိုကြောက်၍ နေရကြ၏။" (လု ၂၀း၉-၁၉)

မြေငှားများသည် သူတို့အလုပ်ကောင်းကောင်းမလုပ်ကြသောကြောင့် အပြစ်တင်ခံနေကြရသည် မဟုတ်ကြောင်း သတိပြုပါ။ သူတို့၏အခြေခံအမှားမှာ - သူတို့အတွက်သာ သူတို့အသက်ရှင်လို၍ သူတို့အတွက်သာအလုပ်လုပ်လိုကြခြင်းပင်ဖြစ်သည်။ စပျစ်ခြံသည် ပိုင်ရှင်နှင့်သူ့သားကမပိုင်ဘဲ သူတို့ကပိုင်နေသလိုမျိုးပြုမူနေကြခြင်းပင်ဖြစ်သည်။ ထိုသို့အားဖြင့် သူတို့သည် ပိုင်ရှင်ကိုတော်လှန်ပြီး သူ့သားကိုလည်း ငြင်းပယ်ကာ အသေသတ်ခဲ့ကြသည်။ ဤပုံဥပမာက လူ့နှလုံးတွင်ရှိနေသည့် အခြေခံပြဿနာ၏ သိသာထင်ရှားသောစစ်ဆေးတွေ့ရှိမှုနှင့်ရုပ်ပုံလွှာကို ဖော်ပြသည်။

**စာသင်ခန်းအတွက်**

သင့်စာသင်သားများက ဤကျမ်းပိုဒ်ကို ဖတ်ကြပါစေ (သို့မဟုတ် သင်ကဖတ်ပြပါ)။ အောက်ပါမေးခွန်းများကို သူတို့ဖြေနိုင်အောင်လုပ်ဆောင်ပါ-

- စပျစ်ခြံကိုစိုက်ပျိုးသူသည် မည်သူ့ကို ကိုယ်စားပြုရည်ညွှန်းသနည်း။
- မြေငှားများသည် မည်သူ့ကို ကိုယ်စားပြုရည်ညွှန်းသနည်း။ ဂျူးများ၊ သို့မဟုတ် ကျွန်ုပ်တို့အပါအဝင် လူတိုင်းကို ရည်ညွှန်းလိုပါသလား။
- စပျစ်ခြံသည် မည်သည့်အရာကို ရည်ညွှန်းလိုပါသနည်း။
- ချစ်သားသည် မည်သူ့ကို ရည်ညွှန်းလိုပါသနည်း (လု ၂၀း၁၃)။ အဘယ့်ကြောင့် သူ့ကို "အမွေခံ"ဟုခေါ်ကြသနည်း (၂၀း၁၄)။

## ယခုအထိသင်ခန်းစာ

လူ့ကျင့်ဝတ်ကို သင်ပေးရုံသာသင်ပေးခြင်းသည် လုံလောက်မှုမရှိကြောင်း ဤအချက်အားဖြင့် ထင်ရှားလျက်ရှိသည်။ ကျွန်ုပ်တို့ကို ဘုရားသခင်၏နိုင်ငံတော်သို့ဝင်လိုစိတ်ရှိစေပြီး ဝင်နိုင်စွမ်းလည်းရှိကာ သူ၏ဥပဒေများကိုလည်း စောင့်ထိန်းနိုင်စေရန်အတွက် လူတို့၏တော်လှန်ပုန်ကန်တတ်သောစိတ်နှလုံးနှင့်ပတ်သက်၍ ခရစ်တော်က တစ်စုံတစ်ခုလုပ်ဆောင်ရန်ရှိခဲ့သည်။ ထိုတစ်စုံတစ်ခုကား ဘယ်အရာဖြစ်ခဲ့သနည်း။ ၎င်းသည် ဘယ်အရာပင်ဖြစ်ခဲ့ပါစေ၊ ၎င်းကိုလက်ခံရန် အဘယ့်ကြောင့် လူတို့ကို အတင်းမလုပ်ဆောင်စေခဲ့သနည်း။ ၎င်းကို လက်ခံရန် ဆက်တိုက်ငြင်းဆန်နေသူတို့အပေါ် သူဘာလုပ်မည်ဟု သူပြောခဲ့သနည်း။

ဤမေးခွန်းများနှင့်အခြားမေးခွန်းများကို နောက်အခန်းတွင် ကျွန်ုပ်တို့အဖြေပေးရမည်ဖြစ်သည်။

# အခန်း ၂၃
## လူ့အခြေခံအပြစ်အနာအဆာအတွက် အဖြေ

လူတို့မှားယွင်းစွာပြုမူနေကြခြင်းသည် အမှားအမှန်ကိုမသိကြသောကြောင့်ဆိုလျှင် သူတို့အား ခရစ်ယာန်လူ့ကျင့်ဝတ်ကိုသင်ကြားပေးပါက သူတို့အားလုံးသည် မှန်ကန်စွာစတင်ပြုမူကြမည် မှာအမှန်ပင်ဖြစ်သည်။ သို့သော် အမှားအမှန်ကိုမသိခြင်းသည် လူသားပြဿနာ၏တစ်ခုတည်း သောပြဿနာမဟုတ်၊ သေချာလှသည်မှာ အခြေခံအကျဆုံးသောပြဿနာမဟုတ်ပေ။ ခရစ်တော် သွန်သင်တော်မူသည်မှာ လူ၏အရင်းခံသဘာဝသည် အခြေခံအားဖြင့်ချို့ယွင်းချက်ရှိ၍ ဆိုးသွမ်း မှုရှိကာ ဘုရားသခင်ကို တစ်ကိုယ်ကောင်းဆန်စွာ ဆန့်ကျင်ခြင်းသည် ကျွန်ုပ်တို့စိတ်နှလုံးထဲ ပုန်းခိုနေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏အလိုတော်ကို ရှင်းလင်းစွာသိလျှင်ပင် ၎င်းကို ကျွန်ုပ်တို့လုပ်ဆောင်သင့်သည့်အတိုင်း မလုပ်ဆောင်နိုင်ကြောင်း သိရှိသွားကာ ၎င်းကို လုပ်ဆောင်လိုစိတ်ပင်မရှိကြတော့ပေ။ ထိုသို့သူတို့ကို ခရစ်ယာန်လူ့ကျင့်ဝတ်သင်ကြားပေးခြင်း သက်သက်သည် မလုံလောက်ကြောင်း ထင်ရှားသည်။ ထိုသို့ပြုခြင်းသည် နှလုံးအဆို့ပျက်စီးနေ သူတစ်ဦးကို လမ်းလျှောက်သည့်အခါ အားအင်အပြည့်နှင့်လျှောက်ပါဟု ပြောနေခြင်းနှင့်အတူတူ ပင်ဖြစ်သည်။ သူ့နှလုံးကို ဦးစွာပြုပြင်ခြင်းမရှိလျှင် ထိုသို့သူလုပ်ဆောင်နိုင်မည်မဟုတ်ပေ။

ထို့ကြောင့် လူတစ်ယောက်သည် ဘုရားသခင်၏နိုင်ငံတော်ထဲဝင်ရန် ခွင့်ပြုခြင်းခံရလျက် ခရစ်တော်၏လူ့ကျင့်ဝတ်စံနှုန်းအတိုင်း အသက်ရှင်ရန် လုပ်နိုင်စွမ်းအာဏာပေးတော့မည်ဆိုလျှင် စိတ်နှလုံး၏လုံးလုံးလျားလျားပြောင်းလဲမှုသည် ဦးစွာလာရမည်ဖြစ်သည်။ မွေးရာပါကြောက်ရွံ့မှု၊ မကျေမချမ်းဖြစ်မှု၊ လွတ်လွတ်လပ်လပ်နေလိုမှု၊ ဘုရားသခင်နှင့်ဆန့်ကျင်သည့်ရန်လိုမှုတို့ကို ချိုး ဖျက်ပြီး ယုံကြည်ခြင်း၊ ချစ်ခြင်းနှင့် ဘုရားသခင်အပေါ် မှီခိုခြင်းတို့ဖြင့် အစားထိုးရမည်ဖြစ်သည်။

အလွန်ခြားနားသောလူနှစ်ဦး၏စိတ်နှလုံးအံ့ဖွယ်ပြောင်းမှုတွင် ယေရှုမည်သို့ပါဝင်သည် ကိုဖော်ပြသောအဖြစ်အပျက်ကို ဖော်ပြပါမည်။ ပထမပုဂ္ဂိုလ်မှာ တောပုန်းဂရမ်းပြေးတစ်ဦး၊ ဒုတိယ ပုဂ္ဂိုလ်မှာ လေးစားကြည်ညိုခြင်းခံရသော ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်သည်။ သို့သော် သူတို့နှစ်ဦးလုံးတွင် ဤစိတ်နှလုံးပြောင်းလဲခြင်းလိုအပ်သည်။ သူတို့ကိစ္စများကို လေ့လာသည့် အခါ ကျွန်ုပ်တို့အားလုံးအတွက်ဖြစ်သည့် ခရစ်တော်၏နိုင်ငံတော်ထဲဝင်ရောက်ခြင်းနှင့်ဆိုင်သော အခြေခံနိယာမများကို ကျွန်ုပ်တို့တွေ့ရမည်ဖြစ်သည်။

### ရာဇဝတ်သားတစ်ဦး၏ပြောင်းလဲမှု

> ဆွဲထားခြင်းခံရသောရာဇဝတ်သားတို့ထဲမှ တစ်ဦးသည်လည်း ကိုယ်တော်ကိုစော်ကား လျက် "သင်သည် ခရစ်တော်မဟုတ်လော။ သင့်ကိုယ်သင်ကယ်တင်၍ ငါတို့ကိုလည်း ကယ်တင်လော့"ဟု ဆို၏။ သို့သော် အခြားတစ်ဦးသည် သူ့ကိုဆုံးမလျက် "သင်သည် သူနှင့်တူညီသောပြစ်ဒဏ်စီရင်ခြင်းကိုခံရလျက်ပင် ဘုရားသခင်ကိုမကြောက်သလော။ ငါတို့သည် ငါတို့ပြုခဲ့သည့်အမှုများနှင့် ထိုက်သင့်သောဒဏ်ကိုခံရကြသည်ဖြစ်၍ အမှန် ပင် တရားပါသည်။ ဤအရှင်မူကား မည်သည့်အပြစ်ကိုမျှ မပြုခဲ့ပါ"ဟု ဆို၏။ ထို့ နောက် "ယေရှု၊ ကိုယ်တော်၏နိုင်ငံတော်ထဲသို့ ကိုယ်တော်ကြွတော်မူသောအခါ

အကျွန်ုပ်ကို သတိရတော်မူပါ”ဟု လျှောက်လေ၏။ ယေရှုကလည်း၊ ငါအမှန်ဆိုသည် ကား၊ ယနေ့တွင် သင်သည် ငါနှင့်အတူပရဒိသုဘုံ၌ရှိလိမ့်မည်ဟု မိန့်တော်မူ၏။

(လု ၂၃း၃၉-၄၃)

ဤပုဂ္ဂိုလ်သည် အသေးစားသူခိုး သို့မဟုတ် အိမ်ဖောက်ထွင်းသူသက်သက်မဟုတ်ပါ။ ဓားပြ သို့မဟုတ် တောပုန်းဓားပြတစ်ဦးဖြစ်သည်။ ဓမ္မသစ်ကျမ်းက သူ့အကြောင်းဖော်ပြရာတွင် အသုံး ပြုသည့်စကားလုံးသည် ခေတ်ပြိုင်နီးပါးဖြစ်သော သမိုင်းပညာရှင် ဂျိုးဇက်ဖတ် (Josephus) က နိုင်ငံရေးအကြမ်းဖက်သမားများကို ရည်ညွှန်းရန်အသုံးပြုသည့်စကားလုံးဖြစ်သည်။ ဤပုဂ္ဂိုလ် သည် ဤအချက်အားလုံးနှင့်ပတ်သက်သူ ဖြစ်နိုင်သည်။

နှစ်ပေါင်းများစွာအတွင်း သူသည် မည်သူ၏စကားကိုမျှ နားမထောင်၊ မည်သည့်ဘုရင် ကိုမျှ သူလက်မခံ၊ မည်သည့်အစိုးရကိုမျှ သူအသိအမှတ်မပြုခဲ့။ သူသည် ဘုရားသခင်ကိုရော လူ သားအချင်းချင်းကိုရော ဆန့်ကျင်တော်လှန်ခြင်းအတွက် တကယ့်ဥပမာတစ်ခုဖြစ်ခဲ့သည်။ ဤအချက်များက သူ့စိတ်နှလုံး၏နောက်ဆုံးပိတ်ပြောင်းလဲခြင်းကို ပိုမိုထူးခြားသွားစေခဲ့သည်။

**တော်လှန်ပုန်ကန်မှုမှ စိတ်ပါလက်ပါနာခံခြင်း**

ဘုရားသခင်နှင့်လူအချင်းချင်းတို့ကို တော်လှန်ပုန်ကန်ခြင်းမှ ခရစ်တော်၏နိုင်ငံတော် နှင့်ဆိုင်သော ဆန္ဒရှိရှိနာခံခြင်းအဖြစ်သို့ပြောင်းလဲစေသည့်အဆင့်များကို ခြေရာကောက် လေ့လာရန် အချိန်ယူခြင်းသည် လုပ်ဆောင်သင့်သောအရာဖြစ်သည်။ အောက်တွင် အကြံကောင်းတစ်ချို့ကိုဖော်ပြထားပါသည်။

(က) ယေရှုနှင့်နှိုင်းပြီး သူနှင့်သူ့လိုရာဇဝတ်သားတို့သည် အပြစ်သားများဖြစ်ကြလျက် လူသားအစိုးရက သူတို့ကိုပေးနေသည့်ပြစ်ဒဏ်သည် သူတို့ခံထိုက်သောအရာဖြစ်ကြောင်း သူတွေ့မြင်ဝန်ခံလာခဲ့သည် (လု ၂၃း၄၁-၄၁)။

(ခ) သို့သော် ယေရှုသည် အပြစ်ကင်းသောသူဖြစ်လျက်ပင် အပြစ်ကြောင့်ဝေဒနာခံစား နေသည်။

(ဂ) ထို့ကြောင့် အစိုးရကိုယ်တိုင်သည် ရည်ရွယ်ချက်ရှိရှိမှားယွင်းစီရင်ခြင်းအပြစ်ကို ကျူး လွန်နေသည်။

(ဃ) ယေရှုက သူသည် ဘုရားသခင်၏မေရှိယနှင့်ရှင်ဘုရင်ဖြစ်ကြောင်း အခိုင်အမာ မိန့်တော်မူခဲ့သည်။ အစိုးရက ၎င်းကိုငြင်းပယ်ခဲ့သည်။ ထို့ကြောင့် သူ့ကို လက်ဝါးကပ်တိုင် ပေါ်တင်လျက် သူ့လက်ဝါးကပ်တိုင်ပေါ်တွင် “ဤသူသည် ယုဒရှင်ဘုရင်ပေတည်း”ဟု ရေးထိုးထားကြသည်။ မည်သူမှန်သနည်း။ ယေရှုလား၊ အစိုးရလား။ မတရားသောအစိုး ရမဟုတ်သည်မှာ ထင်ရှားပါသည်။ ယေရှု မှန်ပါသည်။ ဆိုလိုသည်မှာ ယေရှုသည် ဤ လောကသို့ ဘုရားသခင်စေလွှတ်တော်မူသော မေရှိယဘုရင်ဖြစ်သည်။ သူသည် ဘုရား သခင်၏သားတော်ဖြစ်သည်။

(င) ထို့ကြောင့် သေခြင်းသည် ယေရှုအတွက် အဆုံးသတ်မဟုတ်ပေ။ ယေရှုသည် စိုးစံ တော်မူရန် ပြန်လည်ကြွလာလျက် ဘုရားသခင်၏နိုင်ငံတော်ကို မြေကြီးပေါ်တည်စေ တော်မူမည်ဖြစ်သည်။

(စ) သို့သော် ၎င်းက ရာဇဝတ်သား၏စိတ်နှလုံးနှင့်အသိစိတ်ထဲတွင် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ အပြစ်မဲ့သောယေရှုသည် တရားမျှတမှုမရှိသော အစိုးရ၏အပြစ်ပေးမှုဖြင့် အပြစ်သားနှင့်အတူ ဝေဒနာခံစားနေရသည်။ ဘုရားသခင်သည်

တရားမျှမှုကို ကရုစိုက်တော်မူသည်ဆိုလျှင် ကမ္ဘာမြေကြီး၏မှားယွင်းမှုများနှင့်မတရားမှုများကို မှန်ကန်အောင်ပြုပြင်သောအခါ တရားစီရင်သောနေ့တစ်နေ့သည် အမှန်ပင်ရောက်လာလိမ့်မည်ဖြစ်သည်။

(ဆ) သို့သော် ထိုသို့ဆိုလျှင် သူ့လိုရာဇဝတ်သားတစ်ဦးအတွက် မည်သည့်မျှော်လင့်ချက်ရှိသနည်း။ အစိုးရသာမဟုတ်ပါ၊ သူလည်း ဘုရားသခင်ရှေ့တွင် အပြစ်နှင့်ပြည့်သူဖြစ်သည်။ သူရိုးသားစွာဝန်ခံခဲ့သည်။

(ဇ) ထို့နောက် မျှော်လင့်ချက်အလင်းရောင်ကို သူမြင်ခဲ့သည်။ လက်ဝါးကပ်တိုင်ပေါ်တင်သတ်ခံရသော ဘုရားသခင်ထံမှရှင်ဘုရင် ယေရှုသည် သူ့ကိုလက်ဝါးကပ်တိုင်ပေါ်တင်သတ်နေသောသူတို့အတွက် ဆုတောင်းပေးနေသည် - "အို အဖ၊ သူတို့သည် မိမိတို့ပြုနေသောအမှုကို မသိကြသည်ဖြစ်၍ သူတို့ကိုခွင့်လွှတ်တော်မူပါ" (လု ၂၃း၃၄)။ ခရစ်တော်သည် သူတို့ခွင့်လွှတ်ခံရဖို့ဆုတောင်းသည်ဆိုလျှင် ဤပုဂ္ဂိုလ်သည် သူ့အပေါ်လည်း သနားခြင်းကရုဏာရှိတော်မူလိမ့်မည်။

(ဈ) သို့သော် သူသည် ခွင့်လွှတ်ခြင်းတစ်ခုတည်းကိုသာ မလိုချင်။ ပုန်ကန်သူတစ်ဦးဖြစ်လာခဲ့သည်မှာ ကြာလှ၏။ သူ့ခေတ်က အကျင့်ပျက်ခြစားနေသောအစိုးရကို သူမုန်းတီးခဲ့သည်။ သို့သော် သူ့ရန်သူများကိုပင်ချစ်လျက် ခွင့်လွှတ်ခြင်းအတွက် ဆုတောင်းပေးသည့် ယေရှုကဲ့သို့သော ရှင်ဘုရင်ကို သူမတွေ့မကြုံဖူးပေ။ အခု ဤရှင်ဘုရင်အတွက် လေးစားမှုနှင့်ချစ်ခြင်းမေတ္တာများ သူ့စိတ်နှလုံးထဲဖြစ်ပေါ်လာသည်ကို သူသိခဲ့သည်။ ယခုအရာခပ်သိမ်းထက်သူအလိုရှိသောအရာမှာ ဤပုဂ္ဂိုလ်ကို မိမိ၏ဘုရင်အဖြစ်လက်ခံရန်၊ ဤပုဂ္ဂိုလ်၏ထာဝရနိုင်ငံတော်ထဲဝင်ခွင့်ရရန်နှင့် ဤပုဂ္ဂိုလ်ကို အစဉ်အမြဲနာခံရန် ဖြစ်သွားခဲ့သည်။ သူက "ယေရှု၊ ကိုယ်တော်၏နိုင်ငံတော်ထဲသို့ ကိုယ်တော်ကြွတော်မူ သောအခါ အကျွန်ုပ်ကို သတိရတော်မူပါ"ဟု လျှောက်ခဲ့သည်။ သူ့ပြောင်းလဲမှု ပြည့်စုံခဲ့သည်။

(ည) ထိုအခါ ဘုရင်သည် သူ့ကိုခွင့်လွှတ်ရုံမက ဘုရားသခင်၏လက်ခံတော်မူခြင်းအတွက်နှင့် ဘုရားသခင်၏ကောင်းကင်နိုင်ငံတော်သို့ ဝင်ခွင့်ရကြောင်းတို့ကိုလည်း သူ့အားစိတ်ချမှုရစေခဲ့သည် - "ငါအမှန်ဆိုသည်ကား၊ ယနေ့တွင် သင်သည် ငါနှင့်အတူပရဒိသုဘုံ၌ရှိလိမ့်မည်" (လု ၂၃း၄၃)။

ခရစ်တော်သည် လူတစ်ဦး၏စိတ်နှလုံးကို မည်ကဲ့သို့ပြောင်းလဲစေလျက် မိမိဆန္ဒအလျောက်သူကိုနာခံအောင် မည်ကဲ့သို့လုပ်ဆောင်ပုံကို ကျွန်ုပ်တို့အား ဤအဖြစ်အပျက်က ပြသပေးသည်။ သို့သော် ခရစ်တော်ကိုနာခံလိုသောစိတ်ဆန္ဒရှိခြင်းသည် ကဏ္ဍတစ်ခုဖြစ်ပြီး သူ၏လူ့ကျင့်ဝတ်ဆိုင်ရာပညတ်ချက်များ ကို လိုက်နာနိုင်သည့်စွမ်းရည်သည့် အခြားသောကဏ္ဍတစ်ခုဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ပွင့်လင်းပါသည်။ သူ့ပညတ်ချက်များကို စောင့်ထိန်းရန် ကျွန်ုပ်တို့ကိုယ်တိုင်၌ အစွမ်းသတ္တိမရှိပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နိုင်ငံတော်ထဲရန်နှင့် ကိုယ်တော်၏လူ့ကျင့်ဝတ်နှင့်အညီ အသက်ရှင်နိုင်ရန် ကျွန်ုပ်တို့၌ဖြစ်ပျက်ရမည့်အရာကို ယေရှုရှင်းပြထားသော အဖြစ်ပျက်ကို ဤနေရာတွင် ဖော်ပြပါမည်။

**ပြင်းထန်လွန်းတဲ့အဖြစ်အပျက်လား?**

အချို့သောရှုထောင့်မှကြည့်လျှင် ဤပုဂ္ဂိုလ်၏အဖြစ်အပျက်သည် ပြင်းထန်လွန်းသည်။ သို့သော် သမ္မာကျမ်းထဲမှ ကျမ်းပိုဒ်သုံးပိုဒ်က ၎င်းထဲမှ သင်ခန်းစာများကို ကျွန်ုပ်တို့ကျင့်သုံးနိုင်ရန် ကူညီကြပါမည်။ ၎င်းတို့မှာ ဟေရှာ ၅၃း၅-၆၊ ရော ၅း၁၀-၁၁၊ ၈း၇-၉ တို့ဖြစ်သည်။ ၎င်းတို့ကို ရှာ၍ စာသင်သားများကို ဖတ်ပြပါ။

## ဓမ္မပညာပါမောက္ခတစ်ဦး၏ပြောင်းလဲခြင်း

> ဖာရိရှဲတို့ထဲတွင် နိကောဒင်အမည်ရှိသော ဂျူးလူမျိုးတို့၏အကြီးအကဲတစ်ဦးရှိ၏။ သူသည် ညအခါ ယေရှုထံသို့လာ၍ "ရဗ္ဗိ၊ ကိုယ်တော်သည် ဘုရားသခင်ထံမှကြွလာသော ဆရာဖြစ်ကြောင်းကို အကျွန်ုပ်တို့သိကြပါ၏။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်အတူပါရှိတော်မမူလျှင် ကိုယ်တော်ပြုနေသော ဤနိမိတ်လက္ခဏာများကို မည်သူမျှ ပြုနိုင်မည်မဟုတ်ပါ"ဟု လျှောက်လေ၏။ ယေရှုက "သင့်အား ငါအမှန်အကန်ဆိုမည်။ လူသည် အသစ်တစ်ဖန်မွေးဖွားခြင်းမခံလျှင် ဘုရားသခင်၏နိုင်ငံတော်ကို မမြင်နိုင်"ဟု ပြန်၍မိန့်တော်မူ၏။ နိကောဒင်ကလည်း "အသက်ကြီးသောသူသည် မည်ကဲ့သို့ မွေးဖွားခြင်းခံနိုင်မည်နည်း။ သူ့မိခင်၏ဝမ်းထဲသို့ နောက်တစ်ဖန်ဝင်၍ မွေးဖွားခြင်းကိုခံနိုင်ပါမည်လော"ဟု လျှောက်လေ၏။ ယေရှုက "သင့်အား ငါအမှန်အကန်ဆိုမည်။ လူသည် ရေနှင့် ဝိညာဉ်တော်အားဖြင့် မွေးဖွားခြင်းကိုမခံလျှင် ဘုရားသခင်၏နိုင်ငံတော်သို့မဝင်နိုင်။ အသွေးအသားအားဖြင့် မွေးဖွားသောအရာသည် အသွေးအသားဖြစ်၏။ ဝိညာဉ်တော်အားဖြင့် မွေးဖွားသောအရာသည် ဝိညာဉ်ဖြစ်၏။ 'သင်တို့သည် အသစ်တစ်ဖန် မွေးဖွားခြင်းခံရမည်'ဟု ငါဆိုသောကြောင့် မအံ့ဩနှင့်။ လေသည် အလိုရှိရာသို့တိုက်တတ်၏။ သင်သည် သူ့အသံကိုကြားရသော်လည်း မည်သည့်အရပ်မှလာ၍ မည်သည့်အရပ်သို့ သွားသည်ကိုမသိ။ ဝိညာဉ်တော်အားဖြင့် မွေးဖွားသောသူတိုင်းလည်း ထိုနည်းတူဖြစ်၏" ဟု ပြန်၍မိန့်တော်မူ၏။ နိကောဒင်ကလည်း "ဤအရာတို့သည် မည်သို့ဖြစ်နိုင်ပါမည်နည်း"ဟု လျှောက်ပြန်သော် ယေရှုက "သင်သည် အစ္စရေးလူမျိုးတို့၏ဆရာဖြစ်လျက်နှင့် ဤအရာများကို နားမလည်သလော။
>
> သင့်အား ငါအမှန်အကန်ဆိုမည်။ ငါတို့သည် ကိုယ်သိသောအရာကိုပြောဆိုလျက် ကိုယ်မြင်သောအရာကိုသက်သေခံ၏။ သို့သော် သင်တို့သည် ငါတို့၏သက်သေခံချက်ကို လက်မခံကြ။ လောကနှင့်ဆိုင်သောအရာများကို သင်တို့အား ငါပြော၍ သင်တို့မယုံကြည်ကြလျှင် ကောင်းကင်နှင့်ဆိုင်သောအရာများကို ငါပြောသောအခါ သင်တို့သည် မည်သို့ယုံကြည်ကြမည်နည်း။ ကောင်းကင်မှဆင်းသက်သောလူ့သားမှတစ်ပါး ကောင်းကင်သို့တက်သွားခဲ့သူတစ်စုံတစ်ဦးမျှမရှိ။ မောရှေသည် တောကန္တာရ၌ မြွေကိုမြှောက်ထားသကဲ့သို့ လူ့သားသည်လည်း သူ့ကိုယုံကြည်သောသူတိုင်းထာဝရအသက်ကို ရရှိရန် မြှောက်ထားခြင်းခံရမည်။
>
> ဘုရားသခင်သည် မိမိ၏တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏။ဤသည်ကား သားတော်ကိုယုံကြည်သောသူတိုင်း မပျက်စီးဘဲ ထာဝရအသက်ကိုရရှိစေရန်ဖြစ်၏။
>
> ဘုရားသခင်သည် သားတော်ကို ဤလောကသို့စေလွှတ်တော်မူသည်မှာ လောကီသားတို့ကို ပြစ်ဒဏ်စီရင်ရန်မဟုတ်။ လောကီသားတို့သည် သားတော်အားဖြင့် ကယ်တင်ခြင်းခံရရန်အတွက်ဖြစ်၏။ သားတော်ကိုယုံကြည်သောသူသည် ပြစ်ဒဏ်စီရင်ခြင်းကို မခံရ။ မယုံကြည်သောသူမူကား ဘုရားသခင်၏တစ်ပါးတည်းသော သားတော်၏နာမတော်ကို မယုံကြည်သောကြောင့် ပြစ်ဒဏ်စီရင်ခြင်းကိုခံရပြီဖြစ်၏။ (ယော ၃း၁- ၁၈)

ဘုရားသခင်၏နိုင်ငံတော်ကိုမြင်ရဖို့ သို့မဟုတ် ဝင်ရဖို့အတွက် "အသစ်တစ်ဖန်မွေးဖွားခြင်း"၏ မရှိမဖြစ်လိုအပ်မှုကို ယေရှုက မည်ကဲ့သို့မီးမောင်းထိုးပြသည်ကို သတိပြုပါ (အပိုဒ်ငယ် ၃၊ ၅)။

နိကောဒင်သည် ဘုရားသခင်ကို ယုံကြည်သည်။ ဓမ္မဟောင်းကချမှတ်ထားသော ဘာသာရေးကျင့်ဝတ်အားလုံးကို လိုက်လျှောက်သူဖြစ်သည်။ ထိုခေတ်က ဂျေရုဆလင်ရှိ ဓမ္မအတွေး

အခေါ်ပညာရှင်များ၏ထိပ်ပိုင်းပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ သို့သော် သူသည် "အသစ်တစ်ဖန်မွေးဖွားခြင်း"မခံရသေးပေ။ ၎င်းနှင့်ဆိုင်သောအမြင်သဘောထားကိုပင် သူနားမလည်ခဲ့ပေ။

ဤ"အသစ်တစ်ဖန်မွေးဖွားခြင်း"သည် အဘယ်အရာနည်း။ အဘယ့်ကြောင့်လိုအပ်သနည်း။ ယေရှုက အပိုဒ်ငယ် ၆ တွင် အဖြေပေးထားသည် - "အသွေးအသားအားဖြင့် မွေးဖွားသောအရာသည် အသွေးအသားဖြစ်၏။ ဝိညာဉ်တော်အားဖြင့် မွေးဖွားသောအရာသည် ဝိညာဉ်ဖြစ်၏။"။

နှိုင်းယှဉ်ဆင်ခြင်ခြင်းတစ်ခုကို အသုံးပြုပါ။ လောကကတွင် မတူညီသော အသက်၏အဆင့်အတန်း သို့မဟုတ် အမျိုးအစားများရှိသည်။ အပင်များ၏အသက်ရှိသည်။ ၎င်းထက်အဆင့်ပိုမြင့်သည့် တိရစ္ဆာန်များ၏အသက်ရှိပြီး ၎င်းထက်အဆင့်ပိုမြင့်သည့် လူ့အသက်ရှိသည်။ ဂေါ်ဖီထုပ်တွင် အပင်၏အသက်ရှိသည်။ ခွေးတွင် တိရစ္ဆာန်၏အသက်ရှိသည်။ ဂေါ်ဖီထုပ်ပင်ကိုကောင်းစွာမြေသြဇာကျွေးလျှင် ကော်ဖီထုပ်ကြီးကြီးရမည်။ သို့သော် မည်မျှပင်ပြုစုလျက် မြေသြဇာပေးလျှင်လည်း ၎င်းသည် ခွေးတစ်ကောင်ဖြစ်လာမည်မဟုတ်။ ခွေးတစ်ကောင်ဖြစ်ရန် ၎င်းထက်အဆင့်မြင့်သော တိရစ္ဆာန်အသက်ကို သူရရမည်ဖြစ်သည်။ ထိုနည်းတူ ခွေးကိုလည်း မည်မျှပင်ကောင်းအောင် ကျွေးမွေးပြုစုလျက် လေ့ကျင့်ပေးလျှင်လည်း မည်သည့်အခါမျှ လူဖြစ်သွားလျက် တေးဂီတတူရိယာများတီးခတ်ခြင်း၊ စာဖတ်ခြင်းတို့ လုပ်နိုင်မည်မဟုတ်ပေ။ ဤအရာများကိုလုပ်ဆောင်နိုင်အောင် မိမိ၌ရှိပြီးသားအသက်မျိုးမဟုတ်ဘဲ အခြားသောအသက်အမျိုးအစားကို ရရှိရန်လိုသည်။

လူတို့အတွက်လည်း ထိုနည်းတူဖြစ်သည်။ ကျွန်ုပ်တို့သည် လူသားမိဘများမှမွေးဖွားလာကြသည်ဖြစ်၍ ရုပ်ခန္ဓာဖြင့်မွေးဖွားလျက် "လူ့အသက်"ကို ရရှိကြသည်။ ယေရှုက "အသွေးအသားအားဖြင့် မွေးဖွားသောအရာ"ဟုဆိုသည့်အရာသည် ၎င်းကိုပြောခြင်းဖြစ်သည်။ သို့သော် ဘုရားသခင်၏နိုင်ငံတော်သည် ဝိညာဉ်ရေးနိုင်ငံတော်ဖြစ်သည်။ ထိုအသက်မျိုးသည် လူ့အသက်ထက် အဆင့်မြင့်သောအသက်မျိုးဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏ဝိညာဉ်တော်၏အသက်မျိုးဖြစ်သည်။ ကျွန်ုပ်တို့ပိုင်ဆိုင်သမျှအသက်သည် လူ့အသက်သာဖြစ်နေပါက ဘုရားသခင်၏နိုင်ငံတော်ကို မြင်ရရန် သို့မဟုတ် ဝင်ရရန် မဖြစ်နိုင်ချေ။ တိရစ္ဆာန်အသက်မျိုးသာရှိသောတိရစ္ဆာန်တစ်ကောင်က လူတို့၏အနုပညာ၊ ကဗျာတို့ကို မခံစားတတ်သကဲ့သို့ပင်ဖြစ်ပေမည်။ ဘုရားသခင်၏နိုင်ငံတော်သို့ဝင်နိုင်ရန်နှင့် ထိုနိုင်ငံတော်၏လူ့ကျင့်ဝတ်နှင့်အညီအသက်ရှင်နိုင်ရန် လိုအပ်သည့်အစွမ်းသတ္တိတို့ကိုရရှိရန် ဦးစွာ ဘုရားဝိညာဉ်တော်၏အသက်ကို ဦးစွာရရှိရမည်ဖြစ်သည်။

ထိုသို့ဆိုလျှင် ဘုရားဝိညာဉ်တော်၏အသက်ကို ကျွန်ုပ်တို့မည်ကဲ့သို့ရရှိကြမည်နည်း။ ဤအချက်အတွက် အဓိကအရေးကြီးသည့်အချက်မှာ ၎င်းသည် လက်ဆောင်ဖြစ်နေခြင်းဖြစ်သည်။ ၎င်းကို ကြိုးစားရယူ၍မရသကဲ့သို့ ကိုယ်တိုင်လုပ်ယူ၍လည်းမရနိုင်ပေ။ ဤနေရာတွင် ၎င်းသည် ကျွန်ုပ်တို့ကိုယ်တိုင်က ကြိုးစားရယူသောအ ရာမဟုတ်၊ ထိုက်တန်သောကြောင့်ရသောအရလည်းမဟုတ်၊ မိဘများအားဖြင့် ဘုရားသခင်ပေးတော်မူသောလက်ဆောင်ဖြစ်သည့် ကျွန်ုပ်တို့၏ရုပ်ပိုင်းဆိုင်ရာအသက်ကဲ့သို့ပင်ဖြစ်သည်။ ထိုနည်းတူ ဝိညာဉ်ရေးအသက်သည်လည်း ယေရှု ပေးသည့် လက်ဆောင်တစ်ခုဖြစ်သည်။

သို့သော် ၎င်းကိုရရှိရန် ကျွန်ုပ်တို့ဘာလုပ်ရမည်နည်း။ ရိုးရှင်းသောအဖြေမှာ "သခင်ယေရှုကို ယုံကြည်ရန်" (တ ၁၆း၃၁) သို့မဟုတ် သမ္မာကျမ်းစာ၏အခြားနေရာများတွင် ဖော်ပြသည့်အတိုင်း ကိုယ်တော်ကိုလက်ခံရန် ဖြစ်သည် (ယော ၁း၁၂)။

သို့သော် သခင်ယေရှုကိုယုံကြည်ခြင်းသည် ဘာကိုဆိုလိုသနည်း။ ဤအတွက် ယေရှုကိုယ်တော်တိုင်က ယောဟန် ၃း၁၄-၁၆ တွင် နိကောဒင်နားလည်အောင်ကူညီရန်အသုံးပြုခဲ့သည့် နိုင်းနှိုင်းမှုတစ်ခုကို ကျွန်ုပ်တို့လေ့လာလျှင် အကျိုးရှိမည်ဖြစ်သည်။ ထိုသို့လေ့လာသည့်အခါ တောလည်ရာကျမ်း ၂၁း၄-၉ တွင် ဖော်ပြသည့် မောရှေနှင့်မြွေရုပ်အကြောင်းကို ဖတ်ရှုကာ ၎င်း၏အဓိကအချက်များကို သတိပြုရင်း ကျွန်ုပ်တို့၏အခြေအနေနှင့်နှိုင်းယှဉ်လေ့လာကြလျှင် အထောက်အကူဖြစ်မည်ဖြစ်သည်။ ထိုအခါ အောက်ပါအချက်များကို ကျွန်ုပ်တို့တွေ့မြင်ရမည်ဖြစ်သည်-

(က) အစ္စရေးလူမျိုးတို့သည် ဘုရားသခင်အပေါ် အပြစ်ပြုခဲ့ကြသည်။

(ခ) သူတို့သည် အဆိပ်ပြင်းသောမြွေကိုက်ခြင်းကိုခံရကြသည်။

(ဂ) သူတို့သည် သေဘေးနှင့်ကြုံရလျက် မိမိကိုယ်ကိုယ်မကယ်နိုင်ကြချေ။

(ဃ) ကရုဏာတော်နှင့်ပြည့်စုံသောဘုရားသခင်သည် မောရှေအား ကြေးတိုင်ပေါ်ချိတ်ဆွဲထားသည့်မြွေတစ်ကောင်ကို ထောင်စေခဲ့သည်။

(င) သို့သော် ထိုမြွေက သူ့အလိုလို မည်သူ့ကိုမျှကယ်မည်မဟုတ်။ အစ္စရေးလူမျိုးတို့သည် သေဘေးမှလွတ်လျက် အသက်သစ်ကိုရလိုလျှင် ဘုရားသခင်မိန့်တော်သည့်အရာကိုယုံကြည်၍ သူတို့၏တစ်ခုတည်းသောမျှော်လင့်ချက်နှင့်အညီ မိမိကိုယ်ကိုယ်မမျှော်ကိုးဘဲ တိုင်ပေါ်မှမြွေကိုသာ လှမ်းကြည့်ရမည်ဖြစ်သည်။ သူတို့ ထိုသို့ကြည့်လျှင် ဘုရားသခင်သည် အံ့ဘွယ်အမှုကိုပြုသဖြင့် သူတို့သည် ကယ်တင်ခြင်းခံရလျက် အသက်ရှင်ရကြမည်ဖြစ်သည်။

ယခု ဤနိုင်းနှိုင်းမှုကို ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့၏အခြေအနေအတွက် အသုံးပြုကြစို့။

(က) ကျွန်ုပ်တို့သည် ဘုရားသခင်အပေါ် အပြစ်ပြုခဲ့ကြသည်။

(ခ) အပြစ်၏အဆိပ်သည် ကျွန်ုပ်တို့ကိုဖျက်ဆီးနေသည်။ ကျွန်ုပ်တို့သည် အထက်အရပ်မဟုတ်ဘဲ ဂိညာဉ်ရေးအသက်သစ်ကို မရကြလျက် အဆုံးစွန်ပျက်စီးခြင်းသို့ ရောက်ကြမည်ဖြစ်သည်။

(ဂ) ကျွန်ုပ်တို့သည် မိမိကိုယ်ကိုယ်မကယ်နိုင်ကြချေ။

(ဃ) သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့အပြစ်များအတွက် ပြစ်ဒဏ်ခံရန် မိမိ၏သားတော်ကို ဤလောကသို့စေလွှတ်တော်မူပြီဖြစ်သည်။ သူသည် လက်ဝါးကပ်တိုင်ပေါ်တင်သတ်ခြင်းခံရပြီးပြီဖြစ်သည်။

(င) ကျွန်ုပ်တို့သည် မိမိတို့အပြစ်အတွက် ဘုရားသခင်၏တရားစီရင်ခြင်းနှင့်ထိုက်တန်ကြောင်းနှင့် ယေရှုတစ်ပါးတည်းသာ ကျွန်ုပ်တို့၏မျှော်လင့်ရာဖြစ်ကြောင်း ကျွန်ုပ်တို့ဝန်ခံရမည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အတွက် လက်ဝါးကပ်တိုင်ပေါ်အသေခံပေးသောယေရှုကို စေ့စေ့ကြည့်လျက် သူ့အပေါ် လုံးလုံးယုံကြည်အပ်နှံလျှင် ဘုရားသခင်သည် မိမိ၏အသစ်မွေးဖွားခြင်းကို ကျွန်ုပ်တို့၏စိတ်နလုံးထဲဖြစ်ပွားစေလျက် ကျွန်ုပ်တို့ကို ထာဝရအသက်လက်ဆောင်ကို ပေးတော်မူမည်ဖြစ်သည်။

ထို့ကြောင့် လက်ဝါးကပ်တိုင်ပေါ်မှ ရာဇဝတ်သားနှင့် ဘာသာတရားကိုင်းရှိုင်းသည့်နိကောဒင်တို့ နှစ်ဦးလုံးသည် ယေရှုကိုယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ခဲ့ကြသည်။ ယနေ့ ကျွန်ုပ်တို့သည်လည်း ဤနည်းအတိုင်းပင် ဘုရားသခင်၏ဂိညာဉ်ရေးသားသမီးများဖြစ်လာခြင်းအားဖြင့် ဘုရားသခင်၏နိုင်ငံတော်ထဲသို့ဝင်ရကြသည်။ အစပိုင်းတွင် ကျွန်ုပ်တို့သည် ဂိညာဉ်ရေးကလေးငယ်များသာဖြစ်ကြသေးသော်လည်း ဘုရားသခင်၏နိုင်ငံတော်အတွက်လိုအပ်သည့် လူ့ကျင့်ဝတ်နှင့် သစ္စာတရားတို့အတိုင်းကြီးထွားလျက် လုပ်ဆောင်သွားနိုင်သည့်အခွင့်အလမ်း၊ အစွမ်းအစများ ကျွန်ုပ်တို့တွင် ရှိနေပြီဖြစ်သည်။ ပထမအကြိမ်တွင် ယေရှုထံသို့ ညအချိန်၌သာ

လာရဲသောနိကောဒင်သည် နောက်ပိုင်းတွင် ရဲစွမ်းသတ္တိများကြီးထွားလာကာ ယေရှုသည် လက်ဂါးကပ်တိုင်ပေါ်အသေခံပြီးသောအခါ အများရှေ့တွင် ရောမအစိုးရထံ အလောင်းတော်ကို တောင်းခဲ့သည် (ယော ၁၉း၃၈)။

# အခန်း ၂၄

## ခရစ်ယာန်လူ့ကျင့်ဝတ်၏တကယ့်အချက်အချာ

ပြီးခဲ့သည့်အခန်းတွင် ယေရှု၏သွန်သင်ချက်ထဲမှ သော့ချက်ကျသည့်အချက်နှစ်ချက်ကို ကျွန်ုပ်တို့လေ့လာခဲ့ကြသည်-

၁။ ကျွန်ုပ်တို့သည် ဦးစွာ ဘုရားသခင်၏ဂိုဏ်ဉာဉ်တော်ကိုရရှိလျက် အထက်အရပ်မှမွေးဖွားခြင်း- ဒုတိယအကြိမ်မွေးဖွားခြင်းမရှိပါက ယေရှုသွန်သင်တော်မူသော လူ့ကျင့်ဝတ်ကို လိုက်နာသင့်သည့်အတိုင်း လိုက်နာနိုင်ရန် ကျွန်ုပ်တို့တွင် အစွမ်းသတ္တိမရှိပေ။

၂။ ဤ"အထက်အရပ်မှမွေးဖွားခြင်း"သည် ကျွန်ုပ်တို့၌ အကျိုးသက်ရောက်မှုရှိစေရန်အတွက် ဘုရားသခင်၏ဂိုဏ်ဉာဉ်တော်ကို ကျွန်ုပ်တို့အား အခမဲ့လက်ဆောင်အဖြစ်ပေးတော်မူရန် ယေရှု သည် တတ်စွမ်းတော်မူလျက် အလိုတော်လည်းရှိသည်။

သို့သော် ဤအချက်က အခန်း ၂၃ တွင် ကျွန်ုပ်တို့ထုတ်ခဲ့သည့်မေးခွန်းဖြစ်သော - ယေရှုသည် မိမိသွန်သင်ပေးသောလူ့ကျင့်ဝတ်အတိုင်းအသက်ရှင်ရန် လိုအပ်သောအစွမ်းသတ္တိကိုပေးနိုင်သည် ဆိုလျှင် ကမ္ဘာကြီးကို ပိုနေ၍ကောင်းသောနေရာတစ်ခုဖြစ်စေရန် အဘယ့်ကြောင့် လူတိုင်းအား ထိုအစွမ်းသတ္တိကိုအတင်းအကျပ်မရယူစေရသနည်း။ တကယ်တော့ သမ္မာကျမ်းစာအရ ယေရှု သည် အနန္တဘုန်းတန်ခိုးနှင့်ပြည့်စုံသောဘုရားသခင်၏ သားတော်ဖြစ်သည်။ သူသည် သူနစ်သက်သမျှကို လုပ်ဆောင်ရန်မတတ်စွမ်းနိုင်သလော - ဆိုသည့်မေးခွန်းဆီသို့ ပြန်ရောက်စေသည်။

အဖြေမှာ - ပထမအချက်အနေဖြင့် ဘုရားသခင်သည် သူနစ်သက်သမျှကို လုပ်ဆောင်နိုင်စွမ်း ရှိသည်မှာ အသေအချာဖြစ်သည်။ သို့သော် သူမလုပ်ဆောင်လိုသောအရာအချို့ရှိသည်။ ထိုအရာများထဲမှတစ်ခုမှာ လူတို့ကို မည်သည့်ရွေးချယ်ခွင့်မှမရှိဘဲ သူညွှန်ကြားသည့်အတိုင်း အလိုအလျောက်လုပ်ဆောင်သည့် စက်ရုပ်များဖြစ်စေရန် အလိုတော်မရှိပေ။ ဘုရားသခင်သည် လူတို့အား ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းကို ပေးတော်မူသည်။ ရုပ်ခန္ဓာအဆင့်တွင် ကျွန်ုပ်တို့အား မျက်စိကိုပေးပြီး မျက်ခွံကိုပါ ပေးထားသည်။ ဖန်ဆင်းတော်မူထားသောအရာများ၏အလှအပကို မကြည့်လိုသည့် အချိန်တွင် မကြည့်ဘဲနေ၍ရစေသည်။

ကိုယ်ကျင့်တရားနှင့်ဂိုဏ်ဉာဉ်ရေးအဆင့်တွင်လည်း ထိုနည်းတူပင်ဖြစ်သည်။ ဘုရားသခင်က သူ့ကို စိတ်နှလုံးအကြွင်းမဲ့ချစ်ရန် ကျွန်ုပ်တို့ကို မိန့်တော်မူထားသည်။ သို့သော် မိမိစိတ်ဆန္ဒမပါဘဲ သူ့ကိုချစ်ရန် မည်သည့်အခါ အတင်းလုပ်ဆောင်တော်မူမည်မဟုတ်ပေ။ ထိုနည်းတူ "အထက်အရပ်နှင့်ဆိုင်သောဒုတိယမွေးဖွားခြင်း"သည်လည်း ပြီးခဲ့သည့်အခန်းတွင် ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်းပင် ယေရှုကိုယုံကြည်ခြင်း၊ ယုံကြည်ခြင်းအားဖြင့် ကိုယ်တော်နှင့် နှလုံးသားချင်းကျွမ်းဝင်သည့် ရင်းနှီးဆက်ဆံမှုတို့အပေါ် မူတည်သည်။ ထိုသို့သော ယုံကြည်ခြင်းကို အတင်းလုပ်ယူ၍မရပေ။ စိတ်ဆန္ဒအလျောက်သာဖြစ်သည်။

အချို့က - ဘုရားသခင်သည် လူတို့သူ့ကိုယုံကြည်အောင်အတင်းလုပ် ဆောင်မည်မဟုတ်သည်မှာမှန်ပါသည်။ သို့သော် လူဆိုးများက အခြားသူများအပေါ် မကောင်းမှုများမပြုအောင် အနန္တတန်ခိုးရှင်ဘုရားသခင်က သေချာလုပ်ဆောင်နိုင်သည်မဟုတ်လား- ဟုပြောနိုင်ပါသည်။ မှန်ပါသည်။ ကိုယ်တော်အလိုတော်ရှိလျှင်လုပ်နိုင်ပါသည်။ လူတစ်ဦးလိမ်ညာတော့မည်ကိုသိသည်

နှင့် သူ့ကိုဆွဲ့အသွားစေနိုင်ပါသည်။ သို့သော် လူတို့၏ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းကို လုံးလုံးဖယ်ရှားတော်မူမည်မဟုတ်။ လူသည် မိမိအလိုမရှိလျှင် ဘုရားသခင်ကိုပင် နာမခံဘဲနေနိုင်သည်။ လိမ်ညာသူကို ချက်ချင်းဆွဲ့အသွားစေသည့်အတွက် ကျွန်ုပ်တို့မလိမ်ညာဘူးဆိုလျှင် ကျွန်ုပ်တို့မလိမ်ညာခြင်းသည် ပြစ်ဒဏ်ကိုကြောက်ခြင်းဖြစ်ပြီး ကျွန်ုပ်တို့၏စိတ်နှလုံးကို မပြောင်းလဲစေပါ။ အချို့သောဘော်လုံးသမားများသည် မိမိနိုင်သွားမည်ဆိုလျှင် မရိုးမဖြောင့်သည့်နည်းလမ်းကို ဂမ်းပန်းတသာအသုံးပြုနိုင်သည်။ သို့သော် ဒိုင်လူကြီးက သူတို့ကိုမြင်၍ ပြစ်ဒဏ်ပေးမည်ကိုကြောက်၍ ထိုသို့မလုပ်မိအောင် မိမိကိုယ်ကိုယ်ထိန်းကြသည်။ သို့သော် ကစားရာတွင်ပင် မရိုးမဖြောင့်လုပ်ဆောင်ခြင်းက မှားသည်ဟုသိလျက် နောင်တရသောကြောင့် ထိုသို့မလုပ်ခြင်းမဟုတ်ပါက ထိုသို့သောသူသည် စိတ်နှလုံးထဲတွင် လိမ်ညာနေဆဲဖြစ်သည်။

မှန်ပါသည်။ လူတို့အပြစ်လုပ်မိသည်နှင့် ချက်ချင်းသေဆုံးသွားအောင် ခရစ်တော်က လုပ်နိုင်ပါသည်။ ထိုသို့လုပ်ဆောင်တော်မူခဲ့ပါက လူသားမျိုးနွယ်သည် ရှေးယခင်ကတည်းကရှိတော့မည်မဟုတ်သောကြောင့် ကျွန်ုပ်တို့လည်း ယနေ့ရှိနေမည်မဟုတ်ပေ။ သို့သော် ကိုယ်တော်က ထိုသို့မပြုခဲ့ပေ။ အကြောင်းမှာ - "ထာဝရဘုရားသည် … မည်သူမျှမပျက်စီးဘဲ လူတိုင်းနောင်တရစေရန် အလိုတော်ရှိ၍ သင်တို့အပေါ်စိတ်ရှည်သည်းခံလျက်နေတော်မူခြင်းသာဖြစ်၏" (၂ပေ ၃း၉)။ "လူသားအားလုံးကယ်တင်ခြင်းခံရလျက် သမ္မာတရားကိုသိရှိခြင်းသို့ရောက်စေရန် ဘုရားသခင်အလိုရှိတော်မူ၏" (၁တိ ၂း၃-၄)။

ယေရှုသည် ဘုရားသခင်၏နိုင်ငံတော်ကိုတည်စေရန် ပထမအကြိမ်ကြွလာသောအခါ လောကကိုအပြစ်စီရင်ရန်မဟုတ်ဘဲ လောကသည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းခံရရန်ကြွလာတော်မူခဲ့ကြောင်း သမ္မာကျမ်းစာက အတိအလင်းဖော်ပြထားသည် (ယော ၃း၁၇)။ ထို့ကြောင့် အချို့တပည့်တော်များမျှော်လင့်ခဲ့သကဲ့သို့ လူဆိုးတို့ကို သုတ်သင်ရန် သို့မဟုတ် ဖျက်ဆီးရန် ဘာမျှမလုပ်ဆောင်ခဲ့ပေ။ သူလုပ်ဆောင်ခဲ့သည့်အရာကို အောက်ပါပုံဥပမာတွင် ရှင်းပြထားသည်။

## မျိုးကြဲသူပုံဥပမာ

ထိုအခါ ကိုယ်တော်သည် များစွာသောအရာတို့ကို ပုံဥပမာများဖြင့် သူတို့အား မြွက်ဆိုတော်မူသည်မှာ "နားထောင်ကြလော့။ မျိုးကြဲသောသူသည် မျိုးကြဲရန် ထွက်သွားလေ၏။ ထိုသူမျိုးကြဲစဉ်တွင် အချို့သောမျိုးစေ့တို့သည် လမ်းဘေးတွင်ကျသဖြင့် ငှက်တို့သည် လာ၍ ၎င်းတို့ကို ကောက်စားကြ၏။ အချို့တို့မူကား မြေနည်း၍ ကျောက်ပေါ်သောနေရာတွင်ကျသဖြင့် မြေသားပါးသောကြောင့် ချက်ချင်းအပင်ပေါက်လာ၏။ သို့သော် နေထွက်လာ၍ နေလောင်ဒဏ်ခံရသောအခါ အမြစ်မစွဲသောကြောင့် ညှိုးနွမ်းခြောက်သွေ့သွားလေ၏။ အချို့တို့မူကား ဆူးပင်တို့တွင်ကျသဖြင့် ဆူးပင်တို့ကြီးထွားလာ၍ ၎င်းတို့ကို ကာဆီးပိတ်ဆို့ကြ၏။ အချို့တို့မူကား ကောင်းသောမြေ၌ကျသဖြင့် အချို့သည် အဆတစ်ရာ၊ အချို့သည် အဆခြောက်ဆယ်၊ အချို့သည် အဆသုံးဆယ် အသီးသီးလေ၏။ နားရှိသောသူသည် ကြားပါစေ"ဟု မိန့်တော်မူ၏။

ထို့ကြောင့် မျိုးကြဲသောသူ၏ပုံဥပမာကို သင်တို့နားထောင်ကြလော့။ မည်သူမဆို နိုင်ငံတော်နှင့်ဆိုင်သောတရားစကားကိုကြား၍ နားမလည်ဘဲနေလျှင် မာရ်နတ်သည် လာ၍ သူ၏စိတ်နှလုံးထဲ၌ ကြဲထားသောမျိုးစေ့ကို လုယူလေ၏။ ဤသည်ကား လမ်း ဘေးတွင် ကြဲခြင်းခံရသောမျိုးစေ့ဖြစ်၏။ ကျောက်ပေါ်များသောနေရာ၌ ကြဲခြင်းခံရသောမျိုးစေ့ဟူသည်မှာ တရားစကားကိုကြား၍ ဝမ်းမြောက်စွာဖြင့် ချက်ချင်းလက်ခံသောသူဖြစ်၏။ သို့သော် သူ၌အမြစ်မစွဲသဖြင့် ခဏသာခံ၏။ တရားစကားကြောင့် ဆင်းရဲဒုက္ခ သို့မဟုတ်

ညှဉ်းပန်းနိပ်စက်ခြင်းရောက်လာသောအခါ ချက်ချင်းစိတ်ပျက်သွားလေ၏။ ဆူးပင်တို့ကြားတွင် ကြဲခြင်းခံရသောမျိုးစေ့ဟူသည်မှာ တရားစကားကိုကြားသော်လည်း လောကီရေးရာ၌စိုးရိမ်ပူပန်ခြင်းနှင့် စည်းစိမ်၏လှည့်ဖြားခြင်းတို့က တရားစကားကို ကာဆီးပိတ်ဆို့သဖြင့် အသီးမသီးသောသူဖြစ်၏။ ကောင်းသောမြေပေါ်၌ ကြဲခြင်း ခံရသောမျိုးစေ့ဟူသည်မှာ တရားစကားကိုကြား၍ နားလည်သောသူဖြစ်၏။ ထိုသို့သောသူသည် အမှန်ပင် အသီးသီး၍ အချို့သည် အဆတစ်ရာ၊ အချို့သည် အဆခြောက်ဆယ်၊ အချို့သည် အဆသုံးဆယ် သီးလေ၏"ဟု မိန့်တော်မူ၏။ (မ ၁၃း၃-၉၊ ၁၈-၂၃)။

**စာသင်ခန်းအတွက်**

ပုံဥပမာနှင့်ရှင်းပြချက်နှစ်ခုလုံးကို ဖတ်ပြီး သင့်စာသင်သားများက အောက်ပါမေးခွန်းများဖြေဆိုနိုင်ကြောင်းသေချာလုပ်ဆောင်ပါ။

လက်တွေ့အသက်တာမှ မည်သည့်ဖြစ်စဉ်က ပုံဥပမာထဲမှ မျိုးကြဲခြင်းကို ဆိုလိုဖြေရှင်းသနည်း။ မျိုးကြဲခြင်းကို တုန့်ပြန်သည့်ခြားနားသောလုပ်ဆောင်ချက်ဘယ်နှမျိုးရှိပါသနည်း။ ၎င်းတို့သည် မည်ကဲ့သို့ခြားနားကြသနည်း။ ၎င်းတို့သည် ဘာကိုကိုယ်စားပြုကြသနည်း။

ခရစ်တော်၏မိန့်တော်မူချက်အရ ဘုရားသခင်၏နှုတ်ကပတ်တော်ကိုအမှန်တကယ်လက်မခံအောင် လူတို့ကို အဓိကတားဆီးသောအရာများကား ဘယ်အရာများနည်း။

ယခု ဤပုံဥပမာ၏ အလွန်အရေးအကြီးသောသင်ခန်းစာများကို ကျွန်ုပ်တို့လေ့လာရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

အသက်နှင့် ကြီးထွားခြင်းနှင့်အသီးအတွက်အလားအလာစွမ်းရည်တို့သည် မျိုးစေ့ထဲတွင်ရှိသည်။

(က) ဤအချက်သည် ရုပ်ခန္ဓာအဆင့်အတွက် မှန်သည်။ အသက်ပါသောမျိုးစေ့ကို မြေဆီလွှာထဲသို့မစိုက်ပျိုးလျှင် မြေဆီလွှာသည် ဘာကိုမျှမထုတ်လုပ်နိုင်ပေ။

(ခ) ဤအချက်သည် ဝိညာဉ်ရေးအဆင့်အတွက်လည်း မှန်သည်။ အသက်ကိုဖြစ်စေသောတန်ခိုးနှင့် အသီးကိုသီးစေသောတန်ခိုးသည် ဘုရားသခင်၏နှုတ်ကပတ်တော်ထဲတွင်ရှိသည်။

(ဂ) ယေရှုက "ဝိညာဉ်တော်ကသာ အသက်ရှင်စေ၏။ ကိုယ်ကာယသည် မည်သည့်အကျိုးကိုမျှမပေး။ ငါပြောသောစကားတို့သည် ဝိညာဉ်ဖြစ်ပြီး အသက်လည်းဖြစ်၏" ဟု မိန့်တော်မူသည် (ယော ၆း၆၃)။

(ဃ) ခရစ်ယာန်တမန်တော်ရှင်ပေတရုက "သင်တို့သည် ယိုယွင်းပျက်စီးတတ်သောမျိုးစေ့အားဖြင့်မဟုတ်ဘဲ ယိုယွင်းပျက်စီးခြင်းနှင့်ကင်းသည့်မျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်တည်မြဲသည့် ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် အသစ်တစ်ဖန်မွေးဖွားစေခြင်းကိုခံရကြပြီ"ဟု မိမိ၏မိတ်ဆွေခရစ်ယာန်များအား ပြောခဲ့သည် (၁ပေ ၁း၂၃)။

*ကျွန်ုပ်တို့လုပ်ဆောင်သင့်သည်မှာ* -

(က) မျိုးစေ့ကို အလွယ်တကူဆက်ခနဲလုယူသွား၍ ရနိုင်သည့် စိတ်၏အပေါ်ယံမျက်နှာပြင်ပေါ်တွင်သာမထားဘဲ ကျွန်ုပ်တို့၏နှလုံးသားအထဲတွင် စိုက်ပျိုးကြပါစို့။

(ခ) နှုတ်ကပတ်တော်ကို အသီးမသီးနိုင်အောင် မည်သည့်အရာကမျှ မဆို့နစ်မမွန်းကြပ်စေကြောင်း သေချာအောင်လုပ်ဆောင်ပါ။
ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊

သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မိမိကိုယ်ကိုချုပ်တည်းခြင်းစသည့် ဘုရားသခင်၏ဝိညာဉ်တော်အသီးကိုသီးပွင့်ကြောင်းသက်သေသည် (ဂလာတိ ၅း၂၂-၂၃) ခရစ်တော်၏နှုတ်ကပတ်တော်ကို ရရှိသည်ဟု အခိုင်အမာပြောဆိုသောသူများ၏အသက်တာတွင် ထင်ရှားရမည်ဖြစ်သည်။ ပန်းသီးပင်သည် ပန်းသီးသီးသောကြောင့် ပန်းသီးပင်ဖြစ်လာသည်မဟုတ်။ သို့သော် ပန်းသီးလုံးဝမသီးသောပန်းသီးပင်သည် အသုံးမဝင်ပေ။ ကလေးငယ်လေးသည် ငိုခြင်းဖြင့်အသက်ရရှိသွားသည်မဟုတ်။ သို့သော် ကလေးငယ်တွင်အသက်ရှိလျှင် သူငိုလာပေလိမ့်မည်။

နောက်ဆုံးအနေဖြင့် ယေရှုကိုအမှန်တကယ်ယုံကြည်လျက် သူ၏နှုတ်ကပတ်တော်ကို လက်ခံသောသူသည် တစ်ချိန်ချိန် ဆင်းရဲဒုက္ခနှင့်ညှင်းဆဲခြင်းကြုံရနိုင်သည်ဟု မျှော်စရာရှိပြီး (မာ ၄း၁၇) ၎င်းကိုခံနိုင်ရန် ပြင်ဆင်ထားရပေမည်။

ဤနောက်ဆုံးအချက်သည် အလွန်အရေးကြီးသည်ဖြစ်၍ ၎င်းကို ကျွန်ုပ်တို့သေချာစဉ်းစားထားသင့်ပေသည်။ ဦးစွာ ၎င်းသည် အမှန်တွေ့ကြုံရသည့်အရာဖြစ်သည်။ ယေရှုကိုယုံကြည်သောသူတို့သည်လည်း ဖျားနာခြင်းနှင့်ကင်းမည်မဟုတ်။ ထိုထက်မက မယုံကြည်သူများ မကြုံရသည့် ညှင်းဆဲခြင်းကိုပင် သူတို့ကြုံရနိုင်သည်။ သို့သော် ဘုရားသခင်က အဘယ့်ကြောင့် ထိုသို့ ခွင့်ပြုရသနည်း။ ဘုရားသခင်သည် ယုံကြည်သူများကို ဖျားနာခြင်းရှိသမျှတို့မှ ကုသခြင်း၊ ညှင်းပန်းခြင်းအပေါင်းမှကာကွယ်ခြင်းနှင့် ကြွယ်ဝချမ်းသာမှုအားလုံးပေးအပ်ခြင်းတို့ ပြုတော်မမူသည် အဘယ့်ကြောင့်နည်း။

အဘယ့်ကြောင့်ဆိုသော် ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာတို့သည် စစ်မှန်ခြင်းရှိမရှိ စစ်ဆေးခံရမည်ဖြစ်ပြီး သက်သေပြရမည်ဖြစ်သည်။ အချို့သောခိုင်းနှိုင်းမှုများကို အသုံးပြုကြစို့။

သင်သည် ကြွယ်ဝချမ်းသာ၍ လူတစ်ဦး သင့်ထံလာသည့်အခါတိုင်း သင်က သူ့အပေါ် ရက်ရောပေးကမ်းသည်ဆိုကြပါစို့။ ထို့ကြောင့် ထိုလူက သင့်ထံမကြာခဏလာရောက်လည်ပတ်လျက် သူသည် သင့်ကို ချစ်ခင်ကြောင်းပြောဆိုကာ သင့်ကိုသူငယ်ချင်းဟု ခေါ်သည်။ သင်သည် ဉစ္စာရှိသမျှဆုံးရှုံးသွား၍ သူ့ကိုဘာမျှထပ်မပေးနိုင်တော့သည်ဆိုကြပါစို့။ ထိုအခါ သူသင့်ထံမရောက်လာတော့ဘူးဆိုလျှင် ယခု သူသည် သင့်ကိုမချစ်တော့ကြောင်းထင်ရှားပေမည်။ သို့သော် မေးစရာရှိသည်မှာ သူသည် သင့်ကို သင့်အတွက်စဉ်းစားပေလျက် အမှန်ပင် ချစ်ခင်ခဲ့ဖူးပါသလား။ အဖြေမှာ မချစ်ခင်ခဲ့ဟုဖြေရပေမည်။ သူသည် သင့်ကို ချစ်ခင်ခဲ့သည်မဟုတ်။ သင်ပေးသောလက်ဆောင်ကိုသာ သူချစ်ခင်နှစ်သက်ခဲ့ခြင်းဖြစ်သည်။

သို့မဟုတ် စီးပွားရေးသမားအမျိုးသမီးတစ်ဦးက သူသည် မျှတမှန်ကန်စွာလုပ်ဆောင်ခြင်းအပေါ် သူယုံကြည်မှုရှိသည်ဟု အခိုင်အမာပြောဆိုနေသည်ဆိုကြပါစို့။ ထိုသို့မျှတမှန်ကန်စွာလုပ်ဆောင်ခြင်းအတွက် ဘာမျှဘေးဒုက္ခမဖြစ်သရွေ့ ထိုအတိုင်းသူလုပ်ဆောင်သည်ဆိုကြပါစို့။ သို့သော် သူမျှတမှန်ကန်စွာလုပ်ဆောင်ပါက ငွေကျပ်သိန်းတစ်ထောင်ကျော်ဆုံးရှုံးရမည့် အခြေအနေတစ်ခု သူကြုံရသည်။ ထိုအခါ မျှတမှန်ကန်အောင်မလုပ်ဆောင်ဘဲ သူ့ငွေမဆုံးရှုံးအောင်ကာကွယ်လိုက်သည်။ ထိုသို့ဆိုလျှင် ထိုအမျိုးသမီးသည် တရားမျှတမှုကို အမှန်တကယ်နှစ်သက်တန်ဖိုးထားသည်ဟု ဆိုနိုင်ပါသလား။ မဆိုနိုင်ပါ။

ဂရိအတွေးအခေါ်ပညာရှင်ကြီး ပလေတိုက လူတစ်ဦးသည် မမှန်မကန်လုပ်ဆောင်ခြင်းဖြင့် ညှင်းပန်းမှုကိုရှောင်ရှားနိုင်ပြီး ဆုလာဘ်ပင်ရမည့်အခြေအနေတွင် မှန်ကန်မျှတစွာလုပ်ဆောင်ခြင်းဖြင့် ညှင်းဆဲခံရရန်ပြင်ဆင်ထားခြင်းမရှိပါက မျှမျှတတလုပ်ဆောင်ခြင်းအတွက် ဘာဆုလာဘ်မျှမယူလျှင်လည်း အမှန်တကယ်တရားမျှတမှုရှိသူဟု မိမိကိုယ်ကိုယ် မဆိုနိုင်ပေ။

ထိုနည်းတူပင် ခရစ်ယာန်တမန်တော် ရှင်ပေတရုက အခြားသောခရစ်ယာန်တို့အား ဘုရားသခင်က သူတို့ကို ဒုက္ခဝေဒနာခံစားရန် အခွင့်ပေးရသည့်အကြောင်းကို ဤသို့ရှင်းပြခဲ့သည်- "သင်တို့သည် ယခုအချိန်တွင် စုံစမ်းနှောင့်ယှက်ခြင်းအမျိုးမျိုးကြောင့် ခေတ္တခဏဝမ်းနည်းရလျှင်လည်း အထက်၌ဆိုခဲ့ပြီးသောအကြောင်းကြောင့် ရွှင်မြူးခြင်းရှိကြ၏။ ဤသည်ကား မီးဖြင့် သန့်စင်ခြင်းခံရပြီဖြစ်သော်လည်း ပျက်စီးတတ်သည့်ရွှေထက် တန်ဖိုးကြီးသော သင်တို့၏ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းသည် ယေရှုခရစ်တော်ပေါ်ထွန်းတော်မူသောအချိန်၌ ချီးမွမ်းခြင်း၊ ဘုန်းအသရေနှင့် ဂုဏ်သရေအဖြစ်သို့ရောက်မည့်အကြောင်းတည်း" (၁ပေ ၁း၆-၇)။

အချို့က "လူတွေ ဘုရားသခင်နှင့်ယေရှုကို ယုံကြည်ရုံအတွက် ဆိုးတဲ့သူတွေရဲ့ညှင်းပန်းမှုခံရတာ မတရားဘူး"ဟု ဆိုနိုင်ပါသည်။ မှန်ပါသည်။ ဆိုးဂါးသောမတရားမှုဖြစ်သည်။ သူတို့နောင်တမရလျှင် ထိုသို့ပြုသည့်အတွက် တစ်နေ့သောအခါ သူတို့ကို ဘုရားသခင်အပြစ်ပေးတော်မူမည်ဖြစ်သည် (၂ သက် ၁း၃-၁၀)။ "သို့သော် ဘုရားသခင်က သူတို့၏ညှင်းပန်းမှုကို အဘယ့်ကြောင့် ယခုချက်ချင်း မရပ်စေရသနည်း။ ခရစ်ယာန်များကို ထိုသို့ခံစားစေရန် ဘုရားသခင်၌ မည်သည့်အခွင့်အရေးရှိသနည်း"။

တမန်တော်ရှင်ပေတရုအား ရှင်းပြခွင့်ပေးပါ-

> သင်တို့သည် အပြစ်ပြု၍ ရိုက်နှက်ခြင်းခံရသည်ကိုသည်းခံလျှင် အဘယ်ချီးမွမ်းစရာရှိမည်နည်း။ သို့သော် ကောင်းသောအမှုကိုပြု၍ ဒုက္ခဝေဒနာခံစားရသည်ကိုသည်းခံလျှင် ဘုရားသခင်ရှေ့တော်၌ ဂုဏ်ယူဖွယ်ဖြစ်၏။ အမှန်စင်စစ် သင်တို့သည် ဤအတွက်ခေါ်ယူတော်မူခြင်းခံရ၏။ အကြောင်းမူကား ခရစ်တော်သည်လည်း သင်တို့ကို မိမိခြေရာတော်အတိုင်းလိုက်လျှောက်စေရန် သင်တို့ကိုယ်စား ဒုက္ခဝေဒနာခံစားလျက် သင်တို့အတွက် စံနမူနာကိုထားပေးတော်မူ၏။
>
> ကိုယ်တော်သည် အပြစ်ကိုမပြု။ကိုယ်တော်၏နှုတ်တော်၌ မုသားကိုမတွေ့ရ။
>
> ပုတ်ခတ်ပြောဆိုခြင်းခံရသောအခါ ပြန်၍မတုံ့ပြန်၊ ဒုက္ခဝေဒနာခံစားရသောအခါ၌လည်း ခြိမ်းခြောက်ခြင်းကိုမပြုဘဲ ဖြောင့်မတ်စွာတရားစီရင်တော်မူသောအရှင်ထံသို့ မိမိကိုယ်ကိုအပ်နှံတော်မူ၏။ ငါတို့သည် အပြစ်အရာ၌ သေဆုံး၍ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်မည့်အကြောင်း ကိုယ်တော်သည် သစ်တိုင်ပေါ်တွင် ငါတို့အပြစ်များကို မိမိ၏ကိုယ်ခန္ဓာ၌ ကိုယ်တော်တိုင်ဆောင်ယူတော်မူ၏။ သင်တို့သည် ကိုယ်တော်၏ဒဏ်ချက်တော်အားဖြင့် အနာရောဂါပျောက်ကင်းခြင်းအခွင့်ကိုရရှိကြ၏။ သင်တို့သည် လမ်းလွဲသောသိုးများကဲ့သို့ဖြစ်ကြ၏။ယခုမူကား သိုးထိန်းဖြစ်တော်မူ၍ သင်တို့၏စိတ်ဝိညာဉ်ကိုကြီးကြပ်သူဖြစ်တော်မူသောအရှင်ထံသို့ ပြန်ရောက်ကြပြီ။ (၁ ပေ ၂း၂၀-၂၅)။

ခရစ်ယာန်လူ့ကျင့်ဝတ်၏တကယ့်အချက်အချာနေရာကို ကျွန်ုပ်တို့ရောက်လာပြီဖြစ်သည်။ ခရစ်ယာန်များသည် သူတို့ရရှိသည့် ကယ်တင်ခြင်း၊ အပြစ်လွှတ်ခြင်း၊ ထာဝရအသက်နှင့် နောက်ဆုံးကောင်းကင်နိုင်ငံတို့အတွက် အကြွေးတင်ကြသည်။ သူတို့သည် နောင်တမရဘဲ ဘုရားသခင်အပေါ်ရန်လိုကြသည့်အချိန်မှာပင် ယေရှုသည် သူတို့နောင်တရလျက် အပြစ်လွှတ်ခြင်းခံရကာ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်နိုင်ရန်အတွက် ဝေဒနာခံပြီး သူတို့အတွက် အသေခံလိုသောဆန္ဒရှိတော်မူခဲ့သည်။ ထို့ကြောင့် ခရစ်ယာန်များသည် ဆိုးသောသူတို့ကြောင့်ဖြစ်လာသော ဝေဒနာများကို သည်းညည်းခံရန်ခေါ်ယူခံရသူများဖြစ်ကြသည်။ ဘုရားသခင်၏တရားစီရင်ခြင်း သူတို့အပေါ်ချက်ချင်းကျရောက်လာရန် ဖိတ်ခေါ်ပြီး သူတို့နောင်တရချိန်မရအောင် လုပ်ဆောင်ရန်မ

ဟုတ်ပေ။

မှန်ပါသည်။ ယေရှုသည် နာကျင်ဒုက္ခရောက်ခြင်း၌သာယာသူမဟုတ်ပါ။ ငပျော့တစ်ယောက်လည်းမဟုတ်။ တစ်ဆယ့်နစ်တပ်ထက်များပြားသောကောင်းကင်တမန်တပ်တို့ကိုခေါ်ယူလျက် သူ့ကိုနှိပ်စက်ညှင်းပန်းနေသူများကို ဖျက်ဆီးပစ်နိုင်သောအရှင်ဖြစ်သည် (မ ၂၆း၅၂-၅၄)။ သံယောဇဉ်တွယ်တာပြီး မည်သူ့ကိုမျှ မည်သည့်အခါမျှ အပြစ်ပေးမည်မဟုတ်အရှင်လည်းမဟုတ်။ သမ္မာကျမ်းစာကဖော်ပြသည့်ပုဂ္ဂိုလ်များအနက် နောင်တမရဘဲ အပြစ်ဆက်လုပ်နေလျှင် ရလဒ်အဖြစ် ဘုရားသခင်၏ပြစ်ဒဏ်ပေးခြင်းခံရမည်ဟု သတိအပေးဆုံးသောပုဂ္ဂိုလ်ဖြစ်သည်။ "သင်၏မျက်စိသည် သင့်ကိုမှားယွင်းစေလျှင် ၎င်းကိုထုတ်ပစ်လော့။ မျက်စိနှစ်လုံးပါလျက် ငရဲထဲသို့ ပစ်ချခြင်းခံရသည်ထက် မျက်စိတစ်လုံးနှင့် ဘုရားသခင်၏နိုင်ငံတော်သို့ဝင်စားရသည်က သင့်အတွက် သာ၍ကောင်း၏။ ထိုနေရာတွင် လောက်ကောင်သည်မသေ၊ မီးလည်းမငြိမ်းပေ" (မာ ၉း၄၇-၄၈)ဟု မိန့်တော်မူခဲ့သူမှာ ယေရှုဖြစ်သည်။ နောင်တမရသူသည် "ငိုကြွေးခြင်းနှင့်အံကြိတ်ခြင်းရှိ"ရာအရပ်သို့ နှင့်ထုတ်ခြင်းခံရမည်ဟု မိန့်တော်မူသောသူသည်လည်း ယေရှုပင်ဖြစ်သည် (မ ၂၅း၃၀)။ ထို့ပြင် ယေရှုက သူသည် နောက်ဆုံးသောတရားစီရင်ခြင်းတွင် တရားစီရင်သောအရှင်ဖြစ်မည်ဖြစ်ကြောင်း မိန့်တော်မူထားသည် (မ ၂၅း၃၁-၄၆)။ ရိတ်သိမ်းချိန်ရောက်လာမည်ဖြစ်သည် (ဂျုံနှင့်မြက်သီးပုံဥပမာကို ကြည့်ပါ။ မ ၁၃း၂၄-၄၃)။

ထို့ကြောင့် လူတို့အား လူ့ကျင့်ဝတ်သက်သက်ကိုသာ သွန်သင်ပြီး သူတို့ကောင်းကောင်းနေသင့်သည်ဟု ပြောဆိုခြင်းကို ယေရှုစိတ်မဝင်စားခဲ့ပါ။ ဖြစ်နိုင်လျှင် အဆိုးဝါးဆုံးသောအပြစ်သားကိုပင် အသေခံလျက် ကယ်တင်ရန် စိတ်ထားရှိသူဖြစ်သည်။ စစ်မှန်သောခရစ်ယာန်များသည် ကိုယ်တော်၏စံနမူနာကို အတုယူကြမည်ဖြစ်သည်။ မှန်ပါသည်။ ယေရှုလုပ်ဆောင်ခဲ့သကဲ့သို့ လူတို့၏အပြစ်များအတွက်တော့ သူတို့အသေခံပေး၍မရပါ။ ခရစ်တော်တစ်ပါးတည်းသာ အပြစ်များအတွက် အပြစ်ဖြေရာယဇ်အဖြစ် အသေခံနိုင်သည်။ သို့သော် ခရစ်တော်၏ချစ်ခြင်းမေတ္တာနှင့်စံနမူနာဖြစ်ခြင်းတို့သည် ခရစ်ယာန်တို့အား သူတို့ကို ညှင်းပန်းသူများထံ ခရစ်တော်၏ကောင်းမြတ်သည့်သတင်းကို ယူဆောင်သွားစေရန်နှင့် လိုအပ်လျှင် ဒုက္ခဆင်းရဲခံလျက်ပင် မိမိတို့အပြုအမူအားဖြင့် နမူနာကောင်းဖြစ်ရန် လှုပ်ဆော်ခြင်းခံရသည်ဟု ခံစားကြရမည်ဖြစ်သည်။ ခရစ်တော်ကဲ့သို့ပင် လူ့ကျင့်ဝတ်အကြောင်းဟောပြောခြင်းသက်သက်နှင့် သူတို့ကျေနပ်ကြမည်မဟုတ်ပေ။

**ခရစ်တော်၏မိန့်တော်မူချက်များ**

ရှင်မဿဲနှင့်ရှင်မာကုတို့မှ ဤနေရာတွင်ကိုးကားထားသောကျမ်းပိုဒ်များကို ဖတ်ရှုပြီး ယေရှုမိန့်တော်မူထားသည့် ရောက်လာမည့် တရားစီရင်ခြင်းအကြောင်းကို အုပ်စုလိုက်ဆွေးနွေးပါ။

# အခန်း ၂၅

## သွန်သင်ပေးသောသူက
## မိမိမည်သူဖြစ်ကြောင်း အခိုင်အမာပြောဆိုခြင်း

ယေရှုသွန်သင်သောလူ့ကျင့်ဝတ်ကိုလေ့လာရာတွင် လူသိများသောနည်းလမ်းမှာ ကိုယ်တော်၏ ကျော်ကြားသောဆိုရိုးများနှင့်ပုံဥပမာများကိုယူလျက် ကိုယ်တော်ကိုယ်တိုင်အပေါ်သိပ်အာရုံမထားဘဲ ထိုဆိုရိုးများနှင့်ပုံဥပမာများအပေါ် အာရုံစိုက်သည့်နည်းလမ်းဖြစ်သည်။ လူတစ်ဦးသည် ဂျီသြမေတြီ (geometry) ကို သင်ကြားပေးသည့်အခါ ၎င်း၏အခြေခံအဆိုများ(theorems)ကို မည်သူက တီထွင်ခဲ့သနည်း သို့မဟုတ် ရှာဖွေတွေ့ရှိခဲ့သနည်းဟူသောမေးခွန်းဖြင့် အစပြုရန်မလိုပါ။ ဂျီသြမေတြီပညာရှင် ၏ ဘဝနှင့်အကျင့်စာရိတ္တကိုသိခြင်းက သူဖော်ထုတ်ခဲ့သောအခြေခံအဆိုများ၏ခိုင်လုံမှုအတွက် အထောက်အကူမဖြစ်ပေ။ ထိုအဆိုများသည် ၎င်းတို့၏ရိုးရှင်းစွဲယုတ္တိရှိမှု၏အားကောင်းခြင်းအားနည်းခြင်းအပေါ်သာမူတည်သည်။ ထိုသို့ဆိုလျှင် ယေရှုသွန်သင်ပေးသောလူ့ကျင့်ဝတ်နှင့်ပတ်သက်၍လည်း ထိုနည်းတူမဖြစ်သင့်ဘူးလားဟု လူတို့မေးကြသည်။

ယေရှု၏နီတိသည် လူတစ်ဦးအတွက်ဆွဲဆောင်မှုရှိခြင်းမှာ ဘဝတွင်၎င်းတို့ကိုယ်တိုင်ကိုယ်က ထင်ထင်ရှားရှားမှန်ကန်သောကြောင့်သာမကဘဲ တိုက်ရိုက် တိုတိုနှင့်လိုရင်းရောက်ကာ တစ်ခါတစ်ရံ ဟာသပင်နှောပြီး အမြဲပင်ကွက်ကွက်ကွင်းကွင်းဖြစ်ကာ မေ့မရနိုင်သောဘာသာစကားဖြစ်နေတတ်သောကြောင့်ဖြစ်သည်။ ၎င်းနီတိတို့ထဲမှအချို့တို့သည် ထိုခေတ်ကာလက လူတို့ ယေဘုယျလက်ခံထားသည့် အကျင့်ဓလေ့ဆိုင်ရာစံနှုန်းနှင့် အသက်ရှုများလောက်အောင်ပြောင်းပြန်ဖြစ်နေတတ်သည်။ ဥပမာ (မိတ်ဆွေကိုချစ်လျက် ရန်သူကိုမုန်းပါဆိုသည့် သာမာန်ချစ်ခြင်းမေတ္တာအစား) "ရန်သူကို ချစ်လော့"၊ (တက်ကြွထက်သန်လျက် ကြမ်းကြမ်းတမ်းတမ်းပြုမူသူများသည် တန်ခိုးအာဏာပို၍ရယူနိုင်ကြသည်ဟု လူတို့ထင်မြင်နေချိန်တွင်) "စိတ်နှိမ့်ချသိမ်မွေ့သောသူတို့သည် ပြည်တော်ကိုအမွေခံရကြမည်"။ ယေရှု၏နီတိအချို့တို့က ကိုယ်ကျင့်တရားပိုင်းရှေ့နောက်မညီမှုနှင့် သူတော်ကောင်းယောင်ဆောင်မှုတို့ကို မီးမောင်းထိုးပြခဲ့သည်- "သင်တို့သည် မှက်ကောင်ကိုစစ်ထုတ်ကြသော်လည်း ကုလားအုပ်ကိုမူကား မျိုချကြ၏" (မ ၂၃း၂၄)။ စည်းကမ်းဓလေ့အသေးအဖွဲများကို မချိုးဖောက်မိအောင် အလွန်ကရုစိုက်ဟုန်ရှိသော်လည်း ကိုယ်ကျင့်တရားပိုင်းအရေးကြီးသည့်အခြေခံနိယာမများကို မထီမဲ့မြင်ပြုသူများကို ရည်ရွယ်ပြောဆိုခြင်းဖြစ်သည်။ "သင်သည် မိမိမျက်စိ၌ရှိသောသစ်တုံးကို သတိမမူဘဲ သင့်ညီအစ်ကို၏မျက်စိ၌ရှိသောသစ်အမှုန်အစကို အဘယ်ကြောင့်မြင်သနည်း။ သင်သည် မိမိမျက်စိ၌သစ်တုံးရှိလျက်ပင် သင့်ညီအစ်ကိုအား 'သင်၏မျက်စိထဲမှ သစ်အမှုန်အစကို ထုတ်ပေးပါရစေ'ဟု မည်သို့ပြောနိုင်မည်နည်း။ သူတော်ကောင်းယောင်ဆောင်သောသူ၊ သင်၏မျက်စိထဲမှ သစ်တုံးကို ဦးစွာထုတ်ပစ်လော့။ ထိုအခါ သင့်ညီအစ်ကို၏မျက်စိထဲမှ သစ်အမှုန်အစကိုထုတ်ပစ်ရန် ရှင်းလင်းစွာမြင်ရလိမ့်မည်" (မ ၇း၃-၅)- စိတ်ဝင်စားစရာကောင်းသည့် ဆန်းပြားပြီး ထိရောကသော ဤချဲ့ထွင်တင်စားမှုကို စဉ်းစား ကြည့်ပါ။ ကိုယ်ကျင့်တရားပိုင်းသန့်ရှင်းမှုမရှိသူများနှင့် မိတ်ဆွေဖွဲ့သည်ဟူသော ဘာသာရေးဂေဖန်မှုအတွက် ပြန်ဖြေရခက်သောဤတုန့်ပြန်မှုကိုလည်း တွေးဆကြည့်ပါ - "ကျန်းမာသောသူတို့သည် ဆေးဆရာကို မလိုအပ်ကြပေ။ နာမကျန်းဖြစ်သောသူတို့သာလျှင် လိုအပ်ကြ၏။ .... ဖြောင့်မတ်သောသူတို့ကိုခေါ်ရန် ငါလာသည်မဟုတ်။ အပြစ်သားတို့ကိုခေါ်ရန်

ငါလာ၏" (မ ၉း၁၂-၁၃)။

ထိုစကားတို့က ခရစ်ယာန်လူ့ကျင့်ဝတ်အတွက် စိတ်ဝင်စားစရာကောင်းပြီး နားလည်ရလွယ်သောနိဒါန်းကို ပြင်ဆင်ပေးသည်။ သို့သော် ယေရှု၏လူ့ကျင့်ဝတ်ကိုဆက်လက်လေ့လာကြသည့်အခါ ယေရှုကိုယ်တော်တိုင်ကို ချန်လှန့်ထားပြီး ယေရှုသွန်သင်သောလူ့ကျင့်ဝတ်ကို သီးသန့်လေ့လာ၍မရကြောင်း ကျွန်ုပ်တို့တွေ့ရှိလာမည်ဖြစ်သည်။ ယေရှုသွန်သင်သည့်လူ့ကျင့်ဝတ်စနစ်တစ်ခုလုံးတွင် ကိုယ်တော်ကိုယ်တိုင်သည် အခရာဖြစ်နေသောကြောင့်ဖြစ်သည်။ ကိုယ်တော်က မိမိမည်သူဖြစ်ကြောင်းအခိုင်အမာပြောသည့်အရာ မှန်ကန်မှုမရှိပါက သူ၏လူ့ကျင့်ဝတ်စနစ်သည် ကျိုးကြောင်းညီညွတ်မှုမရှိဘဲ တစ်စစီဖြစ်သွားမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် "ဤယေရှုသည် မည်သူနည်း"ဆိုသည့် ပိုမိုနက်နဲသောမေးခွန်းနှင့် မလွဲမသွေကြုံတွေ့ရမည်ဖြစ်သည်။

ထို့ကြောင့် ကိုယ်တော်သွန်သင်သောလူ့ကျင့်ဝတ်၏ဤထူးခြားချက်နှင့်ဆိုင်သောဥပမာများကို ဦးစွာစာရင်းပြုစုကြပါစို့။

**ယေရှုသည် စစ်မှန်သောကိုယ်ကျင့်တရား၏အဓိကစံချိန်စံညွှန်းဖြစ်သည့် မိမိကိုယ်တိုင်အပေါ် သစ္စာစောင့်သိစေသည်။**

နမူနာဖော်ပြချက်တစ်ချို့ကို ဤနေရာတွင်ဖော်ပြပါမည်။

(က) 'ငါ့ကြောင့် လူတို့သည် သင်တို့ကို ကဲ့ရဲ့ပြစ်တင်လျက် ညှဉ်းဆဲကာ မကောင်းသောအရာအမျိုးမျိုးတို့ဖြင့် သင်တို့ကို မဟုတ်မမှန်ဆန့်ကျင်ပြောဆိုကြသောအခါ သင်တို့သည် မင်္ဂလာရှိကြ၏။ ဝမ်းမြောက်ရွှင်မြူးကြလော့။အကြောင်းမူကား ကောင်းကင်ဘုံ၌ သင်တို့၏ဆုလာဘ်သည် ကြီးမားလှပေ၏။ သူတို့သည် သင်တို့ရှေ့ကပရောဖက်များကိုလည်း ထိုနည်းတူညှဉ်းဆဲခဲ့ကြ၏" (မ ၅း၁၁-၁၂)။ ဤနေရာတွင် ထူးခြားသည့်အချက်မှာ ယေရှုက မိမိ၏တပည့်တော်များနှင့် ဓမ္မဟောင်းခေတ်ပရောဖက်များကို နှိုင်းယှဉ်လျက်ကောက် ချက်ချခြင်းဖြစ်သည်။ ပရောဖက်များသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သစ္စာရှိစွာ ဟောပြောခဲ့ကြသောကြောင့် သူတို့ခေတ်ကလူတို့၏ညှဉ်းပန်းနှိပ်စက်ခြင်းကိုခံခဲ့ကြသည်။ ယခုခရစ်ယာန်များသည် ယေရှုအပေါ်သစ္စာရှိခြင်းကြောင့် ညှဉ်းပန်းမှုခံရနိုင်ကြောင်း သတိပေးခံရကြသည်။ ဤညီမျှခြင်းတွင် ခရစ်ယာန်များသည် ပရောဖက်များနှင့်အဆင့်တူပုဂ္ဂိုလ်များဖြစ်ပြီး ယေရှုသည် ဘုရားသခင်နှင့်အဆင့်တူပုဂ္ဂိုလ်ဖြစ်သည်။

(ခ) 'ငါ့ထက် ဖခင်ကိုဖြစ်စေ၊ မိခင်ကိုဖြစ်စေ ပို၍ချစ်သောသူသည် ငါနှင့်မထိုက်တန်။ ငါ့ထက်သားကိုဖြစ်စေ၊ သမီးကိုဖြစ်စေ ပို၍ချစ်သောသူသည်လည်း ငါနှင့်မထိုက်တန်' (မ ၁ဝး၃၇)။ တစ်နည်းဆိုရလျှင် တပည့်တော်တစ်ဦး၏အမြင့်မားဆုံးသောသစ္စာရှိမှုသည် ယေရှုအတွက်ဖြစ်ရမည်ဖြစ်သည်။

(ဂ) 'သင်တို့သည် ငါ့ကိုချစ်လျှင် ငါ၏ပညတ်ချက်များကို စောင့်ထိန်းကြလိမ့်မည်' (ယော ၁၄း၁၅) ။ ယေရှု၏ပညတ်ချက်များကို စောင့်ထိန်းရန်နှိုးဆော်သည့်စိတ်သည် ယေရှုကိုချစ်သောစိတ်ဖြစ်ရမည်ဖြစ်သည်။

(ဃ) "သင်သည် ငါ့ကိုချစ်သလော" "ငါ၏သိုးတို့ကို အုပ်ထိန်းလော့" (ယော ၂၁း၁၆)။ တပည့်တော်တစ်ဦးအား အခြားသောတပည့်တော်များကို ဂရုစိုက်စောင့်ရှောက်စေသောစိတ်သည် ယေရှုကိုချစ်သောစိတ်ပေါ် အခြေခံရမည်ဖြစ်သည်။

(င) 'သို့ဖြစ်၍ မည်သူမဆို လူတို့ရှေ့၌ငါ့ကိုဝန်ခံလျှင် ငါသည်လည်း ကောင်းကင်ဘုံ၌ ရှိတော်မူ

သောင်ငါ့ခမည်းတော်ရှေ့၌ထိုသူကိုဝန်ခံမည်။ သို့သော် လူတို့ရှေ့၌ငါ့ကိုငြင်းပယ်သောသူကို ငါသည်လည်း ကောင်းကင်ဘုံ၌ရှိတော်မူသောငါ့ခမည်းတော်ရှေ့၌ငြင်းပယ်မည်’ (မ ၁၀း၃၂-၃၃)။ တစ်နည်းဆိုရလျှင် ယခုဘဝတွင် ယေရှုအပေါ် သစ္စာစောင့်ခြင်းမစောင့်ခြင်းက နောင်ဘဝ တွင် ရရှိမည့်အရာကို အဆုံးအဖြတ်ပေးမည်ဖြစ်သည်။

**ယေရှုက သူသည် နောက်ဆုံးသောတရားစီရင်ခြင်းတွင် တရားစီရင်သောအရှင်ဖြစ်လိမ့်မည်ဟု မိန့်တော်မူသည်။**

အလေးထားရမည့်လူ့ကျင့်ဝတ်စနစ်တစ်ခုတွင် အမှားလုပ်ခြင်းအတွက် ပြစ်ဒဏ်ရှိပါက ဖော်ပြ ရန် ပြင်ဆင်ထားရမည်ဖြစ်သည်။ ဘုရားမဲ့ဝါဒနှင့်ဆိုင်သောစနစ်များတွင် လူသည် ဤဘဝတွင် ကြုံတွေ့ရသည့်ဒုက္ခဝေဒနာများအပြင် အခြားပြစ်ဒဏ်ခံစရာမရှိဟုဆိုသည်။ ထို့ကြောင့် သန်း ပေါင်းများစွာတို့သည် ယခုဘဝ၌ရော၊ နောင်ဘဝ၌ပါ မည်သည့်အခါမျှ တရားမျှတမှုကိုရရှိကြ မည်မဟုတ်ဟု သူတို့လက်ခံကြသည်။ ကျွန်ုပ်တို့ယုံကြည် မျှော်လင့်သင့်သည့်အတိုင်းပင် အ သက်ရှင်သောသူတို့အတွက်ဖြစ်စေ၊ သေဆုံးသူတို့အ တွက်ဖြစ်စေ အမြင့်ဆုံးသောတရားမျှတ မှုကို အကောင်အထည်ဖော်သည့် နောက်ဆုံးသောတရားစီရင်ခြင်းရှိသည်ဟု ယေရှုက သွန်သင် တော်မူသည်။ သို့သော် ယေရှုသည် ထိုနောက်ဆုံးသောတရားစီရင်ခြင်းတွင် အမှုတစ်ခုစီကို စစ်ဆေးစီရင်၍ ပြစ်ဒဏ်ပြဌာန်းချမှတ်မည်ဖြစ်ကြောင်းကိုမူ လူတို့သတိမမူမိတတ်ကြချေ။

(က) ‘‘လူအပေါင်းတို့သည် ခမည်းတော်ကိုရိုသေသကဲ့သို့ သားတော်ကိုရိုသေကြရန် ခမည်း တော်သည် မည်သူ့ကိုမျှတရားစီရင်တော်မမူဘဲ တရားစီရင်ခြင်းအခွင့်ရှိသမျှကို သားတော်အား ပေးအပ်တော်မူပြီ။ သားတော်ကိုမရိုသေသောသူသည် သားတော်ကိုစေလွှတ်တော်မူသော ခမည်းတော်ကိုမရိုသေ။ ... သားတော်သည် လူ့သားဖြစ်သောကြောင့် ခမည်းတော်သည် တရား စီရင်ပိုင်ခွင့်ကိုလည်း သားတော်အားပေးအပ်တော်မူပြီ” (ယော ၅း၂၂-၂၃၊ ၂၇)။

စကားမစပ်၊ ဤကြေညာချက်သည် တိတိကျကျပြောရလျှင် လူသားတို့သည် လူသားတစ် ဦးဖြစ်ခဲ့လျက် လောကတွင် လူသားတစ်ဦးဖြစ်စဉ်က လူတို့ကြုံတွေ့ရသည့်စုံစမ်းနှောင့်ယှက်ခြင်း အားလုံးကို တွေ့ကြုံဖူးပြီး(ဟေဗြဲ ၄း၁၅) ဝေးကွာလှသောကောင်းကင်တွင်သာမက အပြစ်လွှမ်း မိုးနေသော ဤလောကတွင်ပင် မိမိ၏ သနားကြင်နာမှု၊ မှန်ကန်မှု၊ တရားမျှတမှုနှင့် အပြစ်ကင်း စင်မှုတို့ကို ထင်ရှားစေခဲ့သောသူ၏တရားစီရင်ခြင်းကို ခံရကြမည်ဆိုသည့် အရေးကြီးသော သွယ်ဝိုက်ပါတ်သက်မှုတစ်ခုကို ဖော်ပြနေသည်။ ဤအချက်ကို ဤနေရာတွင် ဆက်လက်လေ့ လာဖော်ထုတ်ခြင်းမပြုတော့ပါ။ ကျွန်ုပ်တို့၏လောလောဆယ်တာဝန်မှာ ယေရှုက ဤသို့အခိုင်အ မာမိန့်တော်မူခဲ့သည်ဆိုသည်ကို သတိပြုမိရန်ဖြစ်သည်။ သို့သော် ယော ၅း၂၂-၂၃၊ ၂၇ မှ ဤကိုး ကားချက်သည် အခြားသောဓမ္မသစ်ကျမ်းအပိုင်းများမှ သီးခြားခွဲထုတ်ထားသည့်ကိုးကားမှု မ ဟုတ်ပါ။ ယေရှုသည် နောက်ဆုံးသောတရားစီရင်ခြင်းတွင် တရားစီရင်သောအရှင်ဖြစ်မည်ဆို သည့်အချက်သည် တမန်တော်များဟောကြားသောတရား၏အဓိကဇဟိုချက်ဖြစ်သည်။ ဥပမာ အားဖြင့် ရှင်ပေတရုက လူမျိုးခြားဖြစ်သော ဗိုလ်ချုပ်ကောနေလိအား “ကိုယ်တော် ( ဘုရား သခင်) က ကိုယ်တော် (ယေရှု) သာလျှင် အသက်ရှင်သောသူနှင့်သေလွန်သောသူတို့ကို တရား စီရင်သူအဖြစ် ဘုရားသခင်ခန့်အပ်ထားတော်မူသောအရှင်ဖြစ်ကြောင်း လူတို့အားဟောပြောရန် နှင့် သက်သေခံရန် ငါတို့အား မိန့်မှာတော်မူ၏”ဟုဟောပြောခဲ့သည် (တ ၁၀း၄၂)။ ရှင်ပေါလုက လည်း အေသင်မြို့မှအတွေးအခေါ်ပညာရှင်များအား “ဘုရားသခင်သည် ခန့်အပ်ထားသော အရှင်အားဖြင့် ကမ္ဘာလောကအား ဖြောင့်မတ်စွာတရားစီရင်မည့်နေ့ရက်ကို သတ်မှတ်ထားတော် မူပြီ” (တ ၁၇း၃၁) ဟုဟောပြောခဲ့သည်။ ရှင်ပေါလုက ယေရှုကိုပြောနေခြင်းဖြစ်သည်။

(ခ) "သခင်ဘုရား၊ သခင်ဘုရား'ဟု ငါ့ကိုခေါ်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရမည်မဟုတ်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်၏အလိုတော်ကို ဆောင်ရွက်သောသူသာ ဝင်ရလိမ့်မည်။ ထိုနေ့ရက်တွင် များစွာသောသူတို့သည် 'သခင်ဘုရား၊ သခင်ဘုရား၊ အကျွန်ုပ်တို့သည် ကိုယ်တော်၏နာမတော်အားဖြင့် ပရောဖက်ပြုဟောပြောလျက် ကိုယ်တော်၏နာမတော်အားဖြင့် နတ်ဆိုးများကိုနှင်ထုတ်ကာ ကိုယ်တော်၏နာမတော်အားဖြင့် တန်ခိုးလက္ခဏာများစွာတို့ကို ပြုခဲ့ကြသည်မဟုတ်လော'ဟု ငါ့အား လျှောက်ကြလိမ့်မည်။ ထိုအခါ ငါသည် သူတို့အား 'သင်တို့ကို ငါလုံးဝမသိ။ တရားမဲ့သောအမှုကိုပြုသောသူတို့၊ ငါ့ထံမှ ထွက်သွားကြလော့'ဟု အတိအလင်းပြောမည်" (မ ၇း၂၁-၂၃)။

ဤနေရာတွင် အချက်နှစ်ချက်ကို တွေ့ရသည်။ ပထမ၊ ဘာသာရေးလုပ်ဆောင်မှုများကို ယေရှု၏နာမဖြင့်လုပ်ဆောင်လျှင်ပင် တရားစီရင်ခြင်းတွင် ၎င်းတို့အတွက် ကိုယ်တော်၏ထောက်ခံမှုရမည်မဟုတ်။ ဒုတိယ၊ ယေရှု၏မိန့်တော်မူချက်အရ ကိုယ်တော်သည် "သိ"မသိ တိကျပြတ်သားစွာ သုံးသပ်ခြင်းရှိမည် ဖြစ်သည်။ ဤနေရာတွင် "သိ"ဆိုသောကြိယာက လူတစ်ဦးရှိမရှိသိခြင်းကိုမဆိုလိုပေ။ ဥပမာအားဖြင့် အောက်ပါဖော်ပြချက်တွင် ပါသည့် ရင်းနှီးဆက်ဆံရေးဆိုင်သောဝေါဟာရဖြစ်သည်။ "ငါသည် ကောင်းမြတ်သောသိုးထိန်းဖြစ်၏။ ခမည်းတော်သည် ငါ့ကို သိတော်မူ၍ ငါသည် ခမည်းတော်ကိုသိသကဲ့သို့ ငါ့သိုးတို့ကို ငါသိ၍ ငါ့သိုးတို့သည်လည်း ငါ့ကို သိကြ၏" (ယော ၁၀း၁၄)။ နောက်ဆုံးတွင် ယေရှုက လူတစ်ဦးအား "ငါသည် သင့်ကိုမသိ"ဟု ပြောသည့်အခါ ကိုယ်တော်သည် ထိုသူနှင့် ပုဂ္ဂိုလ်ရေးရင်းနှီးမှုမရှိခဲ့ခြင်းကို ပြောနေခြင်းဖြစ်သည်။ သူပိုင်သောသူအဖြစ် ထိုသူကို မသိခဲ့ဖူးသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ယေရှု၏သွန်သင်တော်မူချက်အရ တရားစီရင်ခြင်းတွင် အဆုံးအဖြတ်သည် တစ်ဦးချင်းစီအတွက် ကိုယ်တော်နှင့်ပုဂ္ဂိုလ်ရေးဆက်ဆံမှုနှင့်ဆိုင်သောမေးခွန်းအပေါ် မူတည်မည်ဖြစ်သည်။

## အံ့အားသင့်သွားစေသည့် ယေရှု၏အခိုင်အမာပြောဆိုမှုလေးရပ်

လူတို့သည် မိမိတို့လုပ်ဆောင်မှုအတွက် တာဝန်ယူရမည်ဟုသတ်မှတ်သော အလေးထားရမည့် လူ့ကျင့်ဝတ်စနစ်တိုင်းတွင် လူသည် တစ်ချိန်မဟုတ်တစ်ချိန် ကိုယ်ကျင့်တရားပညတ်ချက်တို့ကို ချိုးဖောက်ကာ အခြားလူတို့ကို ထိခိုက်စေပြီး ထိုသို့မပြုမိခဲ့လျှင်ကောင်းမည်ဟုပြန်ခံစားတတ်ကြသည်ဆိုသောအချက်ကို ထည့်တွက်စဉ်းစားရမည်ဖြစ်သည်။ ဤအချက်နှင့်ပတ်၍ မည်သို့လုပ်ဆောင်သင့်သနည်း။ "စိတ်မကောင်းဘူး"ဟု ပြောခြင်းကကောင်းပါသည်။ သို့သော် ထိုသို့ဆိုရုံနှင့် မလုံလောက်တတ်ပါ။ ပြုမှားမိခြင်းအတွက်ကျေလည်အောင်ပေးဆပ်ခြင်းက ဖြစ်နိုင်လျှင် ၎င်းကို မရမကတောင်းဆိုနိုင်ပါသည်။ ထိုသို့ကျေလည်အောင်ပေးဆပ်ခြင်းက အမြဲမဖြစ်နိုင်ပေ။ ထို့ကြောင့် လူ့ကျင့်ဝတ်ဥပဒေကိုချိုးဖောက်ခြင်းသည် အရေးမကြီး၊ အပြစ်ကိုဥပေက္ခာပြု၍ရသည်ဟူသောအဓိပ္ပါယ်မျိုးမဆောင်စေဘဲ ခွင့်လွှတ်ခြင်းကိုဖြစ်စေနိုင်သည့်နည်းလမ်းတစ်ခုခု ရှိသင့်သည်။ သဘာဝအရ ကိုယ်ကျင့်တရားဆိုင်ရာပညတ်ချက်၏နောက်ကွယ်ရှိနောက်ဆုံးအခွင့်အာဏာသည် ဘုရားသခင်ဖြစ်သည်ဆိုသည့် လူ့ကျင့်ဝတ်စနစ်တစ်ခုတွင် အပြစ်လွှတ်ခြင်း၏လိုအပ်မှုသည် ပဓာနဖြစ်လာသည်။

ထို့ကြောင့် အပြစ်လွှတ်ခြင်း၏အလားအလာသည် ယေရှုသွန်သင်သောလူ့ကျင့်ဝတ်ထင်ထင်ရှားရှားပေါ်လာခြင်းမှာ အံ့အားသင့်စရာမဟုတ်ပေ။ ပထမအံ့အားသင့်စရာအချက်မှာ ကိုယ်တော်အခိုင်အမာပြောလိုက်သောအရာဖြစ်သည်။

*ယေရှုက သူသည် ဘုရားသခင်အပေါ်ပြုမိသောအပြစ်ကိုပင် လွှတ်ပိုင်ခွင့်ရှိသည်ဟု အခိုင်အမာ*

*မိန့်တော်မူခဲ့သည်။*

ဤအခိုင်အမာပြောဆိုချက်၏ထူးခြားမှုအပြည့်အစုံတွေ့မြင်ရရန်အတွက် ဤအခိုင်အမာပြောဆိုချက်က သူ့ခေတ်ကလူများအပေါ် သူတို့ပထမဆုံးအကြိမ်ကြားရစဉ် မည်သို့သက်ရောက်မှုဖြစ်ပေါ်ခဲ့သည်ကို ကျွန်ုပ်တို့လေ့လာရမည်ဖြစ်သည်။

လေဖြတ်နေသူတစ်ဦးကို ယေရှုက ပြန်လည်ကောင်းမွန်စေသည့်အကြောင်း ရှင်လုကာဖော်ပြချက်ကို ဆင်ခြင်စဉ်းစားကြည့်ပါ။

> တစ်နေ့သ၌ ကိုယ်တော်သည် သွန်သင်လျက်နေတော်မူစဉ် ဂါလိလဲနယ်နှင့် ယုဒနယ်ရှိကျေးရွာအပေါင်းတို့မှလည်းကောင်း၊ ဂျေရုဆလင်မြို့မှလည်းကောင်း ရောက်လာကြသော ဖာရိရှဲနှင့်ကျမ်းတတ်ဆရာတို့သည် ထိုင်နေကြ၏။ အနာရောဂါငြိမ်းစေရန် ထာဝရဘုရား၏တန်ခိုးတော်သည် ကိုယ်တော်၌အမှုပြုလျက်ရှိ၏။ ထိုအခါ လူတို့သည် လေဖြတ်သောသူတစ်ဦးကို အိပ်စင်ဖြင့်သယ်ဆောင်လာပြီး သူ့ကိုအထဲသို့သွင်း၍ ကိုယ်တော်ရှေ့၌ချထားရန် ကြိုးစားကြ၏။ သို့ရာတွင် လူအစုအဝေးတို့ကြောင့် သူ့ကိုသယ်သွားရမည့်လမ်းကို မတွေ့သဖြင့် လေသာဆောင်အပေါ်သို့တက်ကာ အုတ်ကြွပ်ကိုခွာ၍ လူနာကို ပရိသတ်အလယ် ယေရှု၏ရှေ့တော်သို့ အိပ်စင်နှင့်တကွလျှောချကြ၏။ ကိုယ်တော်သည် ထိုသူတို့၏ယုံကြည်ခြင်းကိုမြင်လျှင် "အချင်းလူ၊ သင်၏အပြစ်များခွင့်လွှတ်ခြင်းခံရပြီ"ဟု မိန့်တော်မူ၏။ ထိုအခါ ကျမ်းပြုဆရာနှင့်ဖာရိရှဲတို့က "ဘုရားသခင်ကို စော်ကားပြောဆိုသော ဤသူကား မည်သူနည်း။ ဘုရားသခင်မှတစ်ပါး မည်သူသည် အပြစ်များကိုခွင့်လွှတ်နိုင်သနည်း"ဟု တွေးတောဆင်ခြင်ကြ၏။ ယေရှုသည် သူတို့၏တွေးတောဆင်ခြင်မှုများကို သိတော်မူ၍ "အဘယ်ကြောင့် သင်တို့၏စိတ်နှလုံးထဲ၌ထိုသို့တွေးတောဆင်ခြင်နေကြသနည်း။ 'သင်၏အပြစ်များခွင့်လွှတ်ခြင်းခံရပြီ'ဟုဆိုရန်နှင့် 'ထ၍ လမ်းလျှောက်လော့'ဟု ဆိုရန် မည်သည့်အရာက ပို၍လွယ်ကူသနည်း။ သို့သော် လူ့သားသည် မြေကြီးပေါ်တွင် အပြစ်များခွင့်လွှတ်ပိုင်ခွင့်ရှိကြောင်း သင်တို့သိစေရန်"ဟု သူတို့အား မိန့်တော်မူပြီးလျှင် လေဖြတ်သောသူအား "သင့်ကို ငါဆိုမည်။ ထလော့။ သင်၏အိပ်စင်ကိုဆောင်ယူ၍ အိမ်သို့ပြန်လော့"ဟု မိန့်တော်မူ၏။ ထိုအခါ လေဖြတ်သောသူသည် လူတို့ရှေ့တွင် ချက်ချင်းထ၍ မိမိလဲလျောင်းခဲ့သောအိပ်စင်ကိုဆောင်ယူပြီးလျှင် ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းလျက် မိမိအိမ်သို့ပြန်သွားလေ၏။ လူအပေါင်းတို့သည် မိန်းမောတွေဝေ၍ ဘုရားသခင်၏ဘုန်းတော်ကိုချီးမွမ်းကာ "ယနေ့ ငါတို့သည် အံ့ဖွယ်သောအမှုကို မြင်ခဲ့ကြပြီ"ဟု အလွန်ထိတ်လန့်အံ့သြသောစိတ်ဖြင့်ပြောဆိုကြ၏။ (လု ၅း၁၇-၂၆)

သတိပြုစရာအချက်များ။ (၁) အပြစ်လွှတ်ခြင်းသွန်သင်မှုနှင့်အကျွမ်းဝင်သည့် ဂျူးလူမျိုး ဓမ္မဟောင်းကျမ်းပညာရှင်များ ထိုနေရာ ရှိနေခဲ့ကြသည်။ (၂) လေဖြတ်နေသောသူအား ယေရှုက "သင်၏အပြစ်များခွင့်လွှတ်ခြင်းခံရပြီ"ဟု မိန့်တော်မူသောအခါ ဤပညာရှင်များက ယေရှုသည် လူကျူးလွန် နိုင်သည့်အပြစ်များထဲမှ အကြီးဆုံးအပြစ်ဖြစ်သည့် ဘုရားသခင်ကိုစော်ကားပြောဆိုခြင်းအပြစ်ကို ကျူးလွန်သည်ဟု စွပ်စွဲခဲ့ကြသည်။ (၃) ထိုသို့စွပ်စွဲကြခြင်းက ယေရှုမိန့်တော်မူသောအရာကို သူတို့မည်သို့နားလည်ကြသည်ကို ဖော်ပြသည်။ ကိုယ်တော်က "အမှန်တကယ်နောင်တရသူတွေကို ဘုရားသခင်ခွင့်လွှတ်တော်မူတယ်။ ဒါကြောင့် ကျွန်ုပ်တို့အချင်းချင်း တစ်ဦးကိုတစ်ဦးခွင့်လွှတ်ပေးရမယ်။ ကျွန်ုပ်လည်း ကျွန်ုပ်အပေါ် သင်ပြုမိသည့်အမှားအတွက် သင့်ကိုခွင့်လွှတ်ပါတယ်"ဟု ပြောနေသည်မဟုတ်။ ယေရှုက ဘုရားသခင်၏အခွင့်အာဏာဖြင့် မိန့်တော်မူခြင်းဖြစ်သည်။ ကျမ်းပညာရှင်များက "ဘုရားသခင်မှတစ်ပါး မည်သူသည် အပြစ်များကိုခွင့်

လွှတ်နိုင်သနည်း”ဟု ဆိုခဲ့ကြသည်။ ဘုရားသခင်မှတစ်ပါး အခြားမည်သူကမျှ အပြစ်လွှတ်ပိုင်ခွင့်မရှိဟု ဆိုလိုကြခြင်းဖြစ်သည်။ သူတို့မှန်ပါသည်။ ဘုရားသခင်ကိုဆန့်ကျင်လျက်ပြုသော အပြစ်ကို လွှတ်ပိုင်သောအခွင့်အာဏာသည် ဘုရားသခင်တစ်ပါးတည်း၌သာရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့သိချင်နေသည့်မေးခွန်းမျိုး သူတို့လည်းသိချင်ခဲ့သည် - အပြစ်လွှတ်ပိုင်သော ဘုရားသခင်နှင့်သာဆိုင်သည့်အထူးအခွင့်အာဏာ မိမိ၌ရှိကြောင်းအခိုင်အမာပြောဆိုနေသောဤပုဂ္ဂိုလ်သည် မည်သူနည်း။ (လု ၇း၄၉ ကိုလည်းကြည့်ပါ)။

ထို့ပြင် ယေရှုကလည်း ကျမ်းတတ်ပုဂ္ဂိုလ်များက သူ့ကို အဘယ့်ကြောင့် ဘုရားကိုစော်ကားပြောဆိုသည်ဟုစွပ်စွဲရကြောင်းကို ရှင်းရှင်းလင်းလင်းသိပြီးသားဖြစ်သည်။ သို့သော် သူ၏အခိုင်အမာမိန့်တော်မူချက်ကို ပြန်ရုတ်သိမ်းရန် သို့မဟုတ် ပြန်ပြင်ရန် မကြိုးစားခဲ့ဘဲ လောကတွင် လူ့သားတစ်ဦးအဖြစ်ရှိနေစဉ်မှာပင် လူတို့အပြစ်ကိုလွှတ်ပိုင်ကြောင်း ဘုရားအခွင့်အာဏာကို ပြသရန် အံ့ဖွယ်နမိတ်လက္ခဏာကိုပြခဲ့သည် (ယော ၅း၂၄)။

အပြစ်လွှတ်ခြင်းနှင့်ပတ်သက်သည့် ယေရှု၏ဒုတိယအခိုင်အမာပြောဆိုမှုသည် ပို၍ပင်တုန်လှုပ်ဖွယ်ဖြစ်နိုင်ပါသည်။

*ဘုရားသခင်ကိုဆန့်ကျင်လျက်လူတို့ပြုသည့်အပြစ်နှင့်ဆိုင်သော အပြစ်လွှတ်ခြင်းအတွက် သူ၏အသေခံတော်မူခြင်းသည် လိုအပ်သည့်အခြေခံတရားဖြစ်မည်ဖြစ်ကြောင်း ယေရှုအခိုင်အမာမိန့်တော်မူခဲ့သည်။*

(က) “ခွက်ကိုလည်းယူ၍ ကျေးဇူးတော်ချီးမွမ်းပြီးလျှင် သူတို့အားပေးလျက် ‘‘သင်တို့အားလုံး ဤခွက်ကိုသောက်ကြလော့။ ဤသည်ကား အပြစ်များခွင့်လွှတ်ခြင်းကျေးဇူးအတွက် လူများစွာအဖို့သွန်းလောင်းသည့် ပဋိညာဉ်နှင့်ဆိုင်သော ငါ၏သွေးဖြစ်၏” (မ ၂၆း၂၇-၂၈)။

(ခ) “အကြောင်းမူကား လူ့သားသည်လည်း လုပ်ကျွေးပြုစုခြင်းကိုခံရန်မဟုတ်ဘဲ လုပ်ကျွေးပြုစုရန်နှင့် များစွာသောသူတို့အတွက် ရွေးနုတ်စရာအဖိုးအခအဖြစ် မိမိအသက်ကိုစွန့်ရန်လာ၏” (မာကု ၁၀း၄၅)။

ဤအံ့မခန်းဖွယ်အခိုင်အမာမိန့်တော်မူချက်များအပေါ် အချက်နှစ်ချက်ထပ်မံဖြည့်စွပ်တော်မူခဲ့သည်။

*ယေရှုက သူသည် လက်ဂါးကပ်တိုင်ပေါ်အသေခံပြီးသည့်အခါ သေခြင်းမှပြန်လည်ထမြောက်တော်မူမည်ဟု အခိုင်အမာမိန့်တော်မူခဲ့သည်။*

ထို့နောက် ကိုယ်တော်က လူ့သားသည် ဒုက္ခဝေဒနာများစွာခံစားရလျက် သက်ကြီးဝါကြီးများ၊ ယဇ်ပုရောဟိတ်အကြီးအကဲများနှင့် ကျမ်းပြုဆရာတို့၏ငြင်းပယ်ခြင်းကိုခံရပြီး အသေသတ်ခြင်းခံရကာ သုံးရက်ကြာသောအခါ ထမြောက်ရမည့်အကြောင်းတို့ကို တပည့်တော်တို့အား သွန်သင်တော်မူ၏ (မာကု ၈း၃၁)။

*ယေရှုက ရှင်ပြန်ထမြောက်လျက် ကောင်းကင်သို့ပြန်တက်ကြွပြီးနောက် နောက်တစ်ဖန်ပြန်ကြွလာတော်မူမည်ဟု အခိုင်အမာမိန့်တော်မူခဲ့သည်။*

(က) ငါ့ခမည်းတော်၏အိမ်တော်၌ နေစရာများစွာရှိ၏။ မရှိပါက မရှိကြောင်း သင်တို့အား ငါပြောခဲ့ပေလိမ့်မည်။ သင်တို့အတွက် နေရာပြင်ဆင်ရန် ငါသွားမည်။ ထိုသို့သွား၍ သင်တို့အတွက် နေရာပြင်ဆင်ပြီးလျှင် ငါရှိရာအရပ်၌ သင်တို့လည်းရှိစေရန် တစ်ဖန်ပြန်လာ၍ သင်တို့ကို ငါ့ထံသို့ ခေါ်ယူသိမ်းဆည်းမည် (ယော ၁၄း၂-၃)။

(ခ) ထိုအခါ လူ့သားသည် တန်ခိုးနှင့် ကြီးမားသောဘုန်းအသရေတို့ဖြင့် မိုးတိမ်ကိုစီးလျက် ကြွလာသည်ကို လူတို့မြင်ရကြလိမ့်မည် (လု ၂၁း၂၇)။

အခြားသောအခိုင်အမာမိန့်တော်မူချက်များနည်းတူ၊ ဤနောက်ဆုံးနှစ်ခုသည်လည်း ယေရှု

၏လူ့ကျင့်ဝတ်စနစ်ထဲမှ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ နောက်ပိုင်းတွင် ရှင်ပေါလုဝန်ခံခဲ့သကဲ့သို့ ယေရှုသည် သေခြင်းမှထမြောက်ခြင်းမရှိခဲ့ပါက သူ၏အသေခံခြင်းသည် လူတို့၏အပြစ်ကိုလွှတ်ရန်အတွက် အခြေခံအချက်အဖြစ် မှတ်ယူ၍ရခဲ့မည်မဟုတ်သကဲ့သို့ (၁ ကော ၁၅း၁၇) အပြစ်လွှတ်ခြင်းမပါလျှင် ယေရှု၏လူ့ကျင့်ဝတ်စနစ်သည် ဆိုးရွားစွာအားနည်းချက်ရှိခဲ့ပေလိမ့်မည်။ မိမိ၏ဒုတိယအကြိမ်ကြွလာတော်မူခြင်းနှင့်ဆိုင်သည့် ပရောဖက်ပြုချက်များခဲ့လျှင် ဒုတိကြိမ်ကြွလာသည့်အခါ လူတို့ကိုတရားစီရင်သောအရှင်ဖြစ်လိမ့်မည်ဆိုသောကြေညာချက်လည်း ထိုနည်းတူပင်ဖြစ်သွားမည်ဖြစ်သည်။ ထိုတရားစီရင်မှုမရှိလျှင် ယေရှု၏လူ့ကျင့်ဝတ်ဆိုင်ရာသွန်သင်မှုသည်လည်း ၎င်း၏နောက်ဆုံးအခွင့်အာဏာနှင့်ယုံကြည်စိတ်ချရမှုတို့ ပျောက်ပျက်သွားမည်ဖြစ်သည်။

# အခန်း ၂၆

## ယေရှုလက်ဂါးကပ်တိုင်ပေါ်အသေခံရခြင်း၏အကြောင်းတရား

ရှင်မဿဲနှင့်ရှင်ယောဟန်တို့ရေးသားထားသည့် ယေရှုလက်ဂါးကပ်တိုင်ပေါ်အသေခံတော်မူပုံ မှတ်တမ်းဖြစ်သည်။

ထိုသို့ ကိုယ်တော်မိန့်တော်မူစဉ် တစ်ဆယ့်နှစ်ပါးသောတပည့်တော်တို့ထဲမှ တစ်ပါးဖြစ်သောယုဒသည် ရောက်လာ၏။ ယဇ်ပုရောဟိတ်အကြီးအကဲများနှင့် လူထုထဲမှသက်ကြီးဝါကြီးတို့ကစေလွှတ်လိုက်သည့် များစွာသောလူအစုအဝေးတို့သည်လည်း တုတ်၊ ဓားများကိုင်ဆောင်လျက် သူနှင့်အတူပါလာ၏။ ကိုယ်တော်ကိုအပ်နှံသောသူက "ငါနမ်းသောသူသည် ထိုသူပင်ဖြစ်၏။ သူ့ကိုဖမ်းဆီးကြလော့"ဟု ဆိုလျက် အချက်ပြအမှတ်အသားကို သူတို့အားပေးထား၏။ ထို့ကြောင့် သူသည် ယေရှုထံသို့ ချက်ချင်းချဉ်းကပ်၍ "မင်္ဂလာပါ၊ ရဗ္ဗိ"ဟု ဆိုလျက် ကိုယ်တော်ကိုနမ်းလေ၏။ ယေရှုကလည်း "အဆွေ၊ သင်လာသည့်အကြောင်းကိစ္စကိုဆောင်ရွက်လော့"ဟု မိန့်တော်မူ၏။ ထိုအခါ လူတို့သည် ချဉ်းကပ်၍ ယေရှုကိုဖမ်းဆီးချုပ်ကိုင်ထားကြ၏။ ထိုစဉ် ယေရှုနှင့်အတူရှိသောသူတို့ထဲမှ တစ်ဦးသည် လက်ကိုဆန့်၍ မိမိ၏ဓားကိုဆွဲထုတ်ကာ ယဇ်ပုရောဟိတ်မင်း၏အစေအပါးတစ်ဦးကိုခုတ်သဖြင့် ထိုသူ၏နားရွက်ပြတ်သွားလေ၏။ ယေရှုကလည်း ထိုသူအား "သင်၏ဓားကို သူ့နေရာ၌ပြန်ထားလော့။ အကြောင်းမူကား ဓားကိုင်သောသူအားလုံးတို့သည် ဓားဖြင့်ပျက်စီးရလိမ့်မည်။ ယခုပင် တစ်ဆယ့်နှစ်တပ်ထက်များပြားသောကောင်းကင်တမန်ကို ငါ့ထံသို့စေလွှတ်တော်မူမည့်အကြောင်း ခမည်းတော်ထံသို့ ငါမတောင်းနိုင်ဟု သင်ထင်သလော။ သို့ဖြစ်လျှင် ဤသို့ဖြစ်ရမည်ဟုဆိုထားသော ကျမ်းချက်များသည် မည်သို့ပြည့်စုံခြင်းသို့ရောက်နိုင်မည်နည်း"ဟု မိန့်တော်မူ၏။ ထိုအချိန်တွင် ယေရှုသည် လူအစုအဝေးတို့အား "သင်တို့သည် ဓားပြကိုဖမ်းသကဲ့သို့ တုတ်၊ ဓားများကိုင်ဆောင်လျက် ငါ့ကိုဖမ်းရန်လာကြသလော။ ငါသည် နေ့တိုင်း ဗိမာန်တော်၌ ထိုင်လျက် သွန်သင်နေခဲ့သော်လည်း သင်တို့သည် ငါ့ကိုမဖမ်းဆီးကြ။ သို့သော် ဤအမှုအရာအားလုံးဖြစ်ပျက်ရခြင်းမှာ ပရောဖက်ကျမ်းများပြည့်စုံခြင်းသို့ရောက်မည့်အကြောင်းတည်း"ဟု မိန့်တော်မူ၏။ထိုအခါ တပည့်တော်အားလုံးတို့သည် ကိုယ်တော်ကိုစွန့်ခွာ၍ ထွက်ပြေးကြ၏။

ယေရှုကိုဖမ်းဆီးသောသူတို့သည် ကျမ်းပြုဆရာများနှင့်သက်ကြီးဝါကြီးတို့စုဝေးရာ ယဇ်ပုရောဟိတ်မင်းကယာဖထံသို့ ကိုယ်တော်ကိုခေါ်ဆောင်သွားကြ၏။ ပေတရုသည်လည်း ယဇ်ပုရောဟိတ်မင်း၏ခြံဝင်းအထိ ကိုယ်တော်၏နောက်သို့ မလှမ်းမကမ်းမှလိုက်သွားကာ နောက်ဆုံးမည်သို့ဖြစ်မည်ကိုသိမြင်ရန် အထဲသို့ဝင်၍ အစောင့်တပ်သားများနှင့်အတူထိုင်နေ၏။ ယဇ်ပုရောဟိတ်အကြီးအကဲများနှင့်တရားလွှတ်တော်တစ်ရပ်လုံးသည် ယေရှုကိုသေဒဏ်ချမှတ်နိုင်ရန် ကိုယ်တော်၏ပြစ်မှုကိုထင်ရှားစေမည့် မမှန်သောသက်သေကိုရှာကြ၏။ မမှန်သောသက်သေကိုခံသူ များစွာလာကြသော်လည်း မည်သည့်အထောက်အထားမျှမတွေ့ရကြ။နောက်ဆုံးတွင် လူနှစ်ဦးသည်လာ၍ "ဤသူက 'ငါသည် ဘုရားသခင်၏ဗိမာန်တော်ကိုဖြိုဖျက်၍ သုံးရက်အတွင်း ပြန်လည်တည်ဆောက်နိုင်သည်' ဟုပြောပါသည်"ဟူ၍ ထွက်ဆိုကြ၏။ ထိုအခါ ယဇ်ပုရောဟိတ်မင်းသည်ထ၍ "သင်သည် တစ်ခွန်းမျှမဖြေဘဲနေသလော။ ဤသူတို့သည် သင့်တစ်ဖက်၌ သက်သေခံကြသည်မှာ မည်သို့နည်း"ဟု ကိုယ်တော်အားမေးလေ၏။ သို့သော် ယေရှုသည် တိတ်

ဆိတ်စွာနေတော်မူ၏။ ယဇ်ပုရောဟိတ်မင်းကလည်း "သင်သည် ဘုရားသခင်၏သား တော် ခရစ်တော်ဟုတ်မဟုတ် ငါတို့အားပြောရန် အသက်ရှင်တော်မူသောဘုရားသခင်၏ နာမတော်ကိုတိုင်တည်၍ သင့်အား ငါအမိန့်ပေး၏"ဟု ဆို၏။ ယေရှုက

"သင်ပြောသည့်အတိုင်းပေတည်း။ ထို့ပြင် သင်တို့အား ငါဆိုမည်။
နောင်တွင် လူ့သားသည် တန်ခိုးနှင့်ပြည့်စုံတော်မူသောအရှင်၏ လက်ယာဘက်၌ထိုင်၍
ကောင်းကင်မိုးတိမ်များစီးလျက်ကြွလာသည်ကို သင်တို့မြင်ရကြလိမ့်မည်"ဟု
ပြန်၍မိန့်တော်မူ၏။

ထိုအခါ ယဇ်ပုရောဟိတ်မင်းသည် မိမိ၏ဝတ်ရုံကိုဆုတ်လျက် "သူသည် ဘုရားသခင်ကို စော်ကားပြောဆိုလေပြီ။ နောက်ထပ် မည်သည့်သက်သေများလိုသေးသနည်း။ ဘုရား သခင်အားစော်ကားပြောဆိုသောစကားကို ယခုပင် သင်တို့ကြားရကြပြီ။ သင်တို့မည်သို့ ထင်မြင်ကြသနည်း"ဟု ဆိုသော် သူတို့က "သူသည် သေဒဏ်ခံထိုက်၏"ဟု ပြန်ပြောကြ ၏။ ထို့နောက် သူတို့သည် ကိုယ်တော်၏မျက်နှာတော်ကို တံတွေးနှင့်ထွေးလျက် ကိုယ်တော်ကိုရိုက်နက်ကြ၏။အချို့တို့သည်လည်း ကိုယ်တော်ကိုရိုက်ပုတ်လျက် "အချင်း ခရစ်တော်၊ သင့်ကိုရိုက်သောသူသည် မည်သူဖြစ်သည်ကို ဟောကြည့်ပါ"ဟု ဆိုကြ၏ ( မ ၂၆း၄၇- ၆၈) ။

ထိုအခါ ပိလတ်မင်းသည် ယေရှုကိုထုတ်ဆောင်၍ ဒဏ်ခတ်ရိုက်နက်စေ၏။ စစ်သား တို့သည်လည်း ဆူးပင်ဖြင့် သရဖူကိုရက်လျက် ကိုယ်တော်၏ဦးခေါင်းပေါ်၌ ဆောင်းစေ၍ ခရမ်းရောင်ဝတ်ရုံကို ဝတ်စေပြီးလျှင် ကိုယ်တော်ထံသို့ချဉ်းကပ်လျက် "ဂျူးလူမျိုးတို့၏ ဘုရင်၊ မင်္ဂလာရှိပါစေသော"ဟု ဆိုပြီး ကိုယ်တော်ကိုရိုက်ပုတ်ကြ၏။ ပိလတ်မင်းသည် နောက်တစ်ဖန် အပြင်သို့ထွက်လာ၍ "နားထောင်ကြလော့။ ထိုသူ၌ မည်သည့်ပြစ်မှုကိုမျှ ငါမတွေ့ကြောင်း သင်တို့သိမြင်ရန် သူ့ကို သင်တို့ရှိရာသို့ခေါ်ဆောင်လာမည်"ဟု ဆို၏။ ထိုအခါ ယေရှုသည် ဆူးသရဖူနှင့်ခရမ်းရောင်ဝတ်ရုံကို ဝတ်ဆင်လျက် အပြင်သို့ထွက် လာ၏။ ပိလတ်မင်းကလည်း "ကြည့်ပါ။ ဤသူပင်တည်း"ဟု ဆို၏။ ယဇ်ပုရောဟိတ် အကြီးအကဲများနှင့် အစောင့်တပ်သားတို့သည် ကိုယ်တော်ကိုမြင်သောအခါ "လက်ဝါး ကပ်တိုင်ပေါ်၌တင်လိုက်ပါ၊ လက်ဝါးကပ်တိုင်ပေါ်၌တင်လိုက်ပါ"ဟု အော်ဟစ်ကြ၏။ ပိလတ်မင်းက "ငါသည် ဤသူ၌ မည်သည့်ပြစ်မှုကိုမျှ မတွေ့သောကြောင့် သင်တို့ ကိုယ်တိုင် သူ့ကိုခေါ်သွား၍ လက်ဝါးကပ်တိုင်ပေါ်၌တင်ကြလော့"ဟု ဆိုလေ၏။ ဂျူးလူမျိုး တို့ကလည်း "အကျွန်ုပ်တို့၌ ပညတ်တရားရှိပါ၏။ ဤသူသည် မိမိကိုယ်ကို ဘုရားသခင် ၏သားတော်ဖြစ်သည်ဟုကြေညာသောကြောင့် ထိုပညတ်တရားအရ သေထိုက်ပါ၏"ဟု ပြန်လျှောက်ကြ၏။
ပိလတ်မင်းသည် ထိုစကားကိုကြားရသောအခါ ပို၍ကြောက် လာလျက် ရုံးတော်ထဲသို့ပြန် ဝင်ကာ ယေရှုအား "သင်သည် မည်သည့်အရပ်မှလာသနည်း"ဟု မေးလေ၏။ သို့သော် ယေရှုသည် တစ်ခွန်းမျှ ဖြေကြားတော်မမူ။ သို့ဖြစ်၍ ပိလတ်မင်းက "သင်သည် ငါ့ကို စကားမပြောဘဲနေသလော။ ငါ၌ သင့်ကို လွှတ်ပေးနိုင်သောအခွင့်အာဏာရှိ၍ လက်ဝါး ကပ်တိုင်ပေါ်၌တင်နိုင်သော အခွင့်အာဏာလည်းရှိသည်ကို သင်မသိသလော"ဟု ဆို၏။ ယေရှုက "အထက်အရပ်မှပေးအပ်တော်မမူလျှင် သင်သည် ငါ့အပေါ် မည်သည့်အခွင့် အာဏာမျှမရှိ။ ထို့ကြောင့်ငါ့ကို သင့်လက်သို့အပ်နှံသောသူ၌ ပို၍ကြီးလေးသောအပြစ်ရှိ ၏"ဟု ပြန်၍မိန့်တော်မူ၏။ ထိုအခါမှစ၍ ပိလတ်မင်းသည် ယေရှုကိုလွှတ်ပေးရန် ကြိုးစား ရှာကြံ၏။ သို့ရာတွင် ဂျူးလူမျိုးတို့က "အရှင်သည် ထိုသူကိုလွှတ်ပေးလျှင် ဆီဇာဘုရင်ဧကရာဇ် ၏ဘက်တော်သားမဟုတ်ပါ။ မိမိကိုယ်ကိုဘုရင်ဖြစ်သည်ဟု ကြေညာသောသူ အားလုံး

သည် ဆီဇာကေရာဇ်ကိုဆန့်ကျင်ပြောဆိုသောသူဖြစ်ပါသည်''ဟု အော်ဟစ်ကြ၏။ ပိလတ်မင်းသည် ထိုစကားတို့ကိုကြားသောအခါ ယေရှုကို အပြင်သို့ခေါ်ဆောင်လာ၍ ဟေဗြဲဘာသာစကားအားဖြင့် ဂဗ္ဗသအမည်ရှိသည့် ကျောက်ခင်းစကြံ ဟုခေါ်ဝေါ်သော နေရာမှတရားပလ္လင်ပေါ်တွင် ထိုင်လေ၏။ ထိုနေ့သည် ပသခါပွဲတော်အတွက် ပြင်ဆင်ရာနေ့ဖြစ်၏။ အချိန်ကား မွန်းတည့်ချိန်ခန့်ရှိ၏။ ပိလတ်မင်းသည် ဂျူးလူမျိုးတို့အား ''ကြည့်လော့။ သင်တို့၏ဘုရင်ပေတည်း''ဟု ဆိုလေ၏။ ထိုအခါသူတို့က ''သုတ်သင်လိုက်ပါ၊ သုတ်သင်လိုက်ပါ၊ သူ့ကိုလက်ဝါးကပ်တိုင်ပေါ်၌တင်လိုက်ပါ''ဟု အော်ဟစ်ကြ၏။ ပိလတ်မင်းက ''သင်တို့၏ဘုရင်ကို လက်ဝါးကပ်တိုင်ပေါ်၌ ငါတင်ရမည်လော''ဟု မေးလျှင် ယဇ်ပုရောဟိတ်အကြီးအကဲတို့က ''အကျွန်ုပ်တို့တွင် ဆီဇာကေရာဇ်မှလွဲ၍ အခြားဘုရင်မရှိပါ''ဟု ပြန်လျှောက်ကြ၏။ ထိုအခါ ပိလတ်မင်းသည် ယေရှုကို လက်ဝါးကပ်တိုင်ပေါ်၌တင်စေရန် သူတို့လက်သို့အပ်လိုက်သဖြင့် သူတို့သည် ကိုယ်တော်ကို ခေါ်ဆောင်သွားကြ၏ (ယော ၁၉း၁-၁၆)။

ယေရှုက မိမိကိုယ်ကိုယ်မည်သူဖြစ်ကြောင်း အခိုင်အမာမိန့်တော်သည့်အချက်များမပါဘဲ သူ၏လူ့ကျင့်ဝတ်ဆိုင်ရာသွန်သင်ချက်များအားလုံးကို ကြောင်းကျိုးဆီလျော်မှုရှိရှိ အလေးအနက်လေ့လာရန် မဖြစ်နိုင်ကြောင်း ပြီးခဲ့သည့်အခန်းတွင် ကျွန်ုပ်တို့တွေ့ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် အချို့သောအခိုင်အမာမိန့်တော်မူချက်များကို စာရင်းပြုစုလျက် ဤအခန်းနှင့်လာမည့်အခန်းများတွင် ၎င်းတို့ကိုလေ့လာအကဲဖြတ်ရန်ကြိုးစားကြမည်ဟု ကတိပြုခဲ့ကြပြီဖြစ်သည်။

ဤလေ့လာအကဲဖြတ်မှုအစပြုရန်အတွက် သင့်တော်သောနေရာမှာ ယေရှု၏အသေခံတော်မူခြင်းအကြောင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်သည် အင်ပါရာတိဗေရိစိုးစံစဉ် ရောမဘုရင်ခံပိလတ်မင်း၏အမိန့်ဖြင့် လက်ဂါးကပ်တိုင်ပေါ်တင်ခြင်းခံရခြင်းနှင့်ပတ်သက်၍ ဘာမေးခွန်းမျှ မရှိပေ။ ထိုအကြောင်းကို ခရစ်ယာန်ဓမ္မသစ်ကျမ်းကသာ မှန်ကန်ကြောင်းထောက်ခံသည်မဟုတ်၊ ခရစ်ယာန်ဆန့်ကျင်ရေးသမား ရောမသမိုင်းပညာရှင် Tacitus ကလည်း မှန်ကန်ကြောင်းထောက်ခံခဲ့သည် (Annals XV.44)။ မေးခွန်းမှာ "ကိုယ်တော်သည် အဘယ့်ကြောင့် လက်ဂါးကပ်တိုင်ပေါ်တင်ခြင်းခံရသနည်း"ဆိုသည့်မေးခွန်းဖြစ်သည်။ ဤမေးခွန်းအတွက် ဓမ္မသစ်ကျမ်းကပေးသည့်အဖြေကို ကျွန်ုပ်တို့လေ့လာသည့်အခါ လက်ရှိတွင် ကျွန်ုပ်တို့နှင့်သက်ဆိုင်နေပြီး တစ်ချိန်တည်းမှာပင် မှန်ကန်ကြောင်းသက်သေအထင်အရှားရှိသော ယေရှု၏အခိုင်အမာမိန့်တော်မူချက်များ အများအပြားစုပါဝင်နေကြောင်း ကျွန်ုပ်တို့သိရှိသွားကြမည်ဖြစ်သည်။

## ယေရှု အဘယ့်ကြောင့် လက်ဂါးကပ်တိုင်ပေါ်တင်ခြင်းခံရသနည်း

ဓမ္မသစ်ကျမ်းက ထူးခြားပြီး စိတ်ဝင်စားစရာကောင်းသောအဖြေနှစ်စုံပေးထားသည်-

(က) အောက်တွင် ကျွန်ုပ်တို့ထည့်သွင်းစဉ်းစားမည့်အကြောင်းရင်းများကြောင့် ဂျေရုဆလင်ရှိ ဂျူးအမျိုးသားခေါင်းဆောင်များသည် ကိုယ်တော်ကိုအသေသတ်ရန်ကြံစည်လျက် ရောမဘုရင်ခံ ပိလတ်မင်းကို အကောင်အထည်ဖော်ရန် သွေးဆောင်ခဲ့ကြသည် (မှတ်ချက်။ ။ ပါလက်စတိုင်းရှိဂျူးအားလုံး မပါခဲ့ပါ။ သေချာသည်မှာ ဂျူးလူမျိုးအများစုလည်း မပါခဲ့ပါ။ ဂျူးလူမျိုးအများစုသည် နိုင်ငံရပ်ခြားများတွင်နေထိုင်ခဲ့ကြပြီး နောက်ပိုင်းအထိ ယေရှုအသေခံခြင်းအကြောင်း မသိခဲ့ကြချေ)။

(ခ) ယေရှုသည် ဘုရားသခင်၏အလိုတော်ကို နာခံခြင်းနှင့် မိမိကိုယ်တိုင်၏ဆက်ကပ်ပေးအပ်မှုဖြင့် အသေခံတော်မူခဲ့သည်။ ထိုအကြောင်းကို သူ့တပည့်တော်များအား ကြို၍ရှင်းပြခဲ့သည်-

"မည်သူကမျှငါ့အသက်ကို ငါ့ထံမှနုတ်ယူသည်မဟုတ်။ ငါ့ဆန္ဒအလျောက် ငါ့အသက်ကို ငါစွန့်၏။ ငါ၌ ကိုယ့်အသက်ကိုစွန့်ပိုင်ခွင့်ရှိ၍ ၎င်းကို ပြန်လည်ရယူပိုင်ခွင့်ရှိ၏။ ငါသည် ဤအမိန့်ကို ငါ့ခမည်းတော်ထံမှရရှိ၏"ဟု မိန့်တော်မူ၏ ( ယော ၁၀း၁၈)။

*ယေရှုအပေါ် ဂျူးခေါင်းဆောင်များစွပ်စွဲသည့်အမှု*

အချုပ်အားဖြင့် ဤအမှုသည် ဘုရားသခင်နှင့်တန်းတူဖြစ်ကြောင်းအခိုင်အမာပြောဆိုလျက် ဘုရားသခင်စော်ကားပြောဆိုသည့်အမှုဖြစ်သောကြောင့် ဝတ် ၂၄း၁၆ နှင့်ဆိုင်သော ဓမ္မဟောင်း ကျမ်းပညတ်ချက်အရ သေဒဏ်ပင်စီရင်နိုင်သည့်အမှုဖြစ်သည်။ ထင်ရှားသောဥပမာအချို့ကို ဖော်ပြပါမည်။

ယေရှုက ဖန်ဆင်းရှင်နှင့်တန်းတူဖြစ်ကြောင်း အခိုင်အမာမိန့်တော်မူခဲ့သည် -

> ယေရှုသည် ဤအရာများကို ဥပုသ်နေ့၌ပြုတော်မူသောကြောင့် ဂျူးလူမျိုးတို့သည် ကိုယ်တော်ကို လိုက်လံညှဉ်းဆဲကြ၏။ သို့ရာတွင် ယေရှုက "ငါ့ခမည်းတော်သည် ယခုတိုင်အောင် အလုပ်လုပ်တော်မူသည်ဖြစ်၍ ငါသည်လည်းအလုပ်လုပ်၏"ဟု ပြန်၍မိန့်တော်မူ၏။ ထို့အတွက်ကြောင့် ဂျူးလူမျိုးတို့သည် ကိုယ်တော်ကိုသတ်ရန် ပို၍ကြိုးစားရှာကြံကြ၏။ အဘယ်ကြောင့်ဆိုသော် ယေရှုသည် ဥပုသ်နေ့ကိုဖောက်ဖျက်သည်သာမက ဘုရားသခင်ကိုမိမိ၏ခမည်းတော်ဟုခေါ်လျက် မိမိကိုယ်ကို ဘုရားသခင်နှင့် တန်းတူထားသောကြောင့်ဖြစ်၏ ( ယော ၅း၁၆-၁၈)။

ဥပုသ်နေ့တစ်နေ့တွင် (အနားယူသည့်နေ့အဖြစ် ဘုရားသခင်က ဂျူးလူမျိုးတို့အတွက် သတ်မှတ်ပေးသောနေ့ - ထွက် ၂၀း၈-၁၁) ယေရှုသည် လေဖြတ်နေသည်မှာ နစ်ပေါင်းသုံးဆယ့်ရှစ်နှစ်ရှိနေပြီဖြစ်သောလူတစ်ယောက်ကိုမြင်လျက် မိမိ၏ဘုရားတန်ခိုးတော်ဖြင့် လုံးလုံးကျန်းမာစေခဲ့သည်။ ဥပုသ်နေ့တွင် အနာငြိမ်းခြင်းအလုပ်လုပ်သည်ဟု ဂျူးခေါင်းဆောင်များက ယေရှုကိုစွပ်စွဲကြသည်။ သို့သော် ယေရှုက ကမ္ဘာဦးကျမ်းအရ ဘုရားသခင်သည် သတ္တမမြောက်နေ့တွင် ဖန်ဆင်းခြင်းအလုပ်ကိုအပြီးသတ်လျက် အနားယူတော်မူခဲ့ကြောင်း၊ ဘုရားသခင်သည် အလုပ်ကိုဆက်လက်လုပ်ဆောင်နေလျက် မိမိဖန်ဆင်းထားသောအရာများကို တိုးပွားတိုးတက်စေခြင်းနှင့် ပြန်လည်သစ်လွင်စေခြင်းတို့ကို ဆက်လက်လုပ်ဆောင်နေကြောင်း ထောက်ပြခဲ့သည်။ ကျွန်ုပ်တို့ကိုယ်တိုင် မြင်နိုင်ပါသည်။ ဥပမာ လူ့ကိုယ်ခန္ဓာထဲတွင် ဘုရားသခင်ထည့်သွင်းပေးထားသော အနာငြိမ်းခြင်းယန္တရားသည် ခုနစ်ရက်အတွင်းတစ်ရက်ရက်တွင် ခလုတ်ပိတ်ထားရမည့်ပုံစံမဟုတ်ပါ။ သို့သော် ယေရှု၏အခိုင်အမာမိန့်တော်မူချက်မှာ ထိုထက်ပိုပါသည်- "ငါ့ခမည်းတော်သည် ယခုတိုင်အောင် အလုပ်လုပ်တော်မူသည်ဖြစ်၍ ငါသည်လည်းအလုပ်လုပ်၏"။ ကိုယ်တော်က မိမိကိုယ်ကိုယ် ဖန်ဆင်းရှင်နှင့်တစ်တန်းတစ်စားတည်းထားရှိလျက် မိမိအလုပ်ကိုလည်း ဖန်ဆင်းရှင်၏အလုပ်နှင့် တစ်မျိုးတစ်စားတည်းဖြစ်ကြောင်း မိန့်တော်မူခဲ့ခြင်းဖြစ်သည်။

အဖြစ်အပျက်တွင် ကျွန်ုပ်တို့တွေ့ရသည့်အတိုင်း ၎င်းသည် ကိုယ်တော်မိန့်တော်မူသောအရာဖြစ်သည်ဟု ဂျူးခေါင်းဆောင်များ နားလည်ထားသည့်အရာဖြစ်သည်။ ယေရှုက ထိုထက်ပင်ပိုမိုတိကျရှင်းလင်းစွာမိန့်တော်မူခဲ့သည် - ဘုရားသခင်လုပ်ဆောင်သောအရာအားလုံးကို သူလုပ်ဆောင်သည် (ယော ၅း၉)၊ သူသည် နောက်ဆုံးတရားစီရင်သူဖြစ်မည် (အပိုဒ်ငယ် ၂၁၊ ၂၆)၊ သူသည် သေဆုံးသူတို့ကို ထမြောက်စေမည် (အပိုဒ်ငယ် ၂၈-၂၉)။

ဂျူးခေါင်းဆောင်များအတွက် ဤသို့ပြောဆိုခြင်းသည် အလွန်ဆိုးဝါးသည့် ဘုရားသခင်ကိုစော်ကားပြောဆိုမှု၍ သူတို့သည် သူ့ကို ကျောက်ခဲနှင့်ပစ်သတ်ရန် ကြိုးစားခဲ့ကြသည်။ တကယ်

တမ်းလည်း ထိုသို့ပြောဆိုမှုသည် မှားယွင်းသည်ဆိုလျှင် ဓမ္မဟောင်းကျမ်းအရ ထိုသို့လုပ်ဆောင်ရန် သူတို့တွင် တာဝန်ရှိသည် (ဝတ် ၂၄း၁၆)။

*ယေရှုက အခြားမည်သူမျှမရှိမီကတည်းကရှိတော်မူကြောင်း မိန့်တော်မူခဲ့သည်။* "ဂျူးလူမျိုးတို့ကလည်း "သင်သည် အသက်ငါးဆယ်ပင်မရှိသေးဘဲ အာဗြဟံကိုမြင်ဖူးသလော"ဟု ဆိုကြ၏။ ယေရှုကလည်း "သင်တို့အား ငါအမှန်အကန်ဆိုမည်။ အာဗြဟံမမွေးဖွားမီကပင် ငါရှိ၏"ဟု မိန့်တော်မူ၏။ ထိုအခါ ဂျူးလူမျိုးတို့သည် ကိုယ်တော်ကိုပေါက်ရန် ကျောက်ခဲတို့ကို ကောက်ယူကြ၏။ သို့သော် ယေရှုသည် တိမ်းရှောင်၍ဗိမာန်တော်မှ ထွက်ခွာသွားတော်မူ၏" (ယော ၈း၅၇-၅၉)။

ဤနေရာတွင် အရေးကြီးသည့်အချက်မှာ ယေရှုက သူသည် လူပြန်ဝင်စားသူဟုမိမိကိုယ်ကိုယ်ပြောနေခြင်းမဟုတ်ကြောင်း သတိထားရန်ဖြစ်သည်။ ကိုယ်တော်သည် ထိုသို့သောသူဖြစ်ခဲ့လျှင် "အာဗြဟံမမွေးမီ ငါမွေးခဲ့တယ်။ အာဗြဟံမရှိမီ တစ်ချိန်တုန်းက ကမ္ဘာပေါ်မှာ အသက်အသက်ရှင်ခဲ့တယ်။ ပြီးမှ သေဆုံး သွားပြီး ယခု လူပြန်ဝင်စားလာတာဖြစ်တယ်"ဟု သူပြောခဲ့ပေလိမ့်မည်။ ယေရှု ထိုသို့မပြောခဲ့ပါ။ "အာဗြဟံမမွေးဖွားမီကပင် ငါရှိ၏"ဟု သူမိန့်တော်မူခဲ့သည်။ သူသည် ဘုရားသခင်အဖြစ် အချိန်၏အတိုင်းအတာဘောင်အတွင်းမရှိသောကြောင်း မိန့်တော်မူခြင်းဖြစ်သည်။ ဤတစ်ကြိမ်လည်း ကျောက်ခဲနှင့်ပစ်သတ်ရန် ဂျူးခေါင်းဆောင်များ ကြိုးစားကြပြန်သည်။ သူတို့အတွက် ထိုသို့ပြောဆိုခြင်းသည် အမိပ္ပါယ်မဲ့ရုံမက ဘုရားသခင်ကိုစော်ကားပြောဆိုခြင်းဖြစ်သည်။

*ဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ကြောင်း ယေရှုမိန့်တော်မူခဲ့သည်။* "ငါ့သိုးတို့သည် ငါ့အသံကိုနားထောင်ကြ၏။ ငါသည်လည်း သူတို့ကိုသိ၍ သူတို့သည် ငါ့နောက်သို့လိုက်ကြ၏။ ငါသည် သူတို့အား ထာဝရအသက်ကိုပေး၍ သူတို့သည် ကာလအစဉ်အဆက် မည်သည့်အခါမျှ မပျက်စီးရ။ မည်သူမျှ သူတို့ကို ငါ့လက်ထဲမှလုယူ၍မရနိုင်။ သူတို့ကို ငါ့အားပေးအပ်တော်မူသော ငါ့ခမည်းတော်သည် အလုံးစုံတို့ထက် ကြီးမြတ်တော်မူသည်ဖြစ်၍မည်သူမျှ သူတို့ကို ခမည်းတော်၏လက်ထဲမှမလုယူနိုင်။ ငါနှင့်ခမည်းတော်သည် တစ်လုံးတစ်ဝတည်းဖြစ်၏"ဟု ပြန်၍မိန့်တော်မူ၏။ ( ယော ၁၀း၂၇-၃၀)။

ဘုရားသခင်ကဲ့သို့ တူညီသောတန်ခိုးရှိတော်မူကြောင်း ယေရှုပြောနေခြင်းဖြစ်သည်။ ဘုရားသခင်၏လက်တော်ထဲမှကဲ့သို့ သူ့လက်တော်ထဲမှ သိုးတို့ကို မည်သူမျှ မနှုတ်ယူနိုင်ပေ။ ဘုရားသခင်ကဲ့သို့ တူညီသောတန်ခိုးရှိသည့် ယေရှုသည် ပုဂ္ဂိုလ်အားဖြင့် သီးခြားဖြစ်သော်လည်း အနှစ်သာရအားဖြင့် ဘုရားသခင်ဖြစ်တော်မူသည်။ ဤတစ်ကြိမ်တွင်လည်း ဘုရားသခင်ကိုစော်ကားပြောဆိုခြင်းသက်သက်ဟု မှတ်ယူလျက် ၎င်းနှင့်သင့်တော်သည့်ပြစ်ဒဏ်အဖြစ် ခဲနှင့်ပေါက်သတ်ရန်ကြိုးစားကြပြန်သည်။

### *ယေရှု၏အခိုင်အမာပြောဆိုမှုများအပေါ် ဂျူးတို့၏စဉ်းစားသုံးသပ်ပုံများ*

အချို့တို့က သူ့ကို ရူးသွပ်သူဖြစ်သည်ဟု ဆိုကြသည်။ "ဤစကားတော်များကြောင့် ဂျူးလူမျိုးတို့ထဲတွင် ကွဲပြားခြင်းရှိကြပြန်၏။ သူတို့ထဲမှအများစုက "သူသည် နတ်ဆိုးပူး၍ ရူးသွပ်နေပြီ။ သူ့ကို အဘယ်ကြောင့် နားထောင်ကြသနည်း"ဟု ဆိုကြ၏" ( ယော ၁၀း၁၉-၂၀)။

(ယေရှုမိန့်တော်မူသောအရာများ အမှန်မဟုတ်ခဲ့ပါက) အယူအဆအရပြောရလျှင် ထိုသို့သောသုံးသပ်ခြင်းသည် သုံးသပ်နိုင်သည့်ပုံစံတစ်ခုဖြစ်သည်။ အကြောင်းမှာ အခြေခံအားဖြင့် လူတို့သည် စိတ်ခံစားမှုပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ မတည်မငြိမ်ဖြစ်သည့်အခါ ဘာသာရေးအရာရော အခြားအကြောင်းအရာများတွင်ပါ သဘာဝယုတ္တိနှင့်မညီသောတွေးခေါ်မှုများ ရှိလာတတ်ကြသည်။ သို့သော် အခြားသောဂျူးများက "ဤစကားတို့သည် နတ်ဆိုးပူးသူ၏စကားမဟုတ်။

နတ်ဆိုးသည် မျက်မမြင်တို့ကိုမျက်စိမြင်စေနိုင်ပါမည်လော”ဟု ရှင်းလင်းသောအဖြေကို ပေးကြသည်။ အကြောင်းမှာ ယေရှု၏စကားများက အပြစ်စွဲစိတ်နှင့်ကြောက်ရွံ့ခြင်းတို့မှလွတ်မြောက်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ဂမ်းမြောက်ခြင်း၊ ချစ်ခြင်းမေတ္တာနှင့် မျှော်လင့်ခြင်းတို့ကို သန်းပေါင်းများစွာသောလူတို့ထံယူဆောင်လာခဲ့ပြီး ယခုလည်း ယူဆောင်လာဆဲဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံးတွင် ၎င်းတို့ကိုရရှိသွားသည့် အကြမ်းဖက်ခဲ့သူများစွာတို့သည် ငြိမ်းချမ်းသွားကြပြီး ရာဇဝတ်သားများစွာတို့သည် တရားဥပဒေ၏ဖက်တော်သားများဖြစ်သွားကြသည်။ သူ့စကားထိုသို့ အကျိုးသက်ရောက်မှုရှိသူတစ်ဦးသည် မတည်မငြိမ်ဖြစ်ပြီး အန္တရာယ်ရှိသည့်ရူးသွပ်သူတစ်ဦးတော့မဖြစ်နိုင်ချေ။

အခြားသောဂျူးများကလည်း သူသည် အယူဂါဒမှားယွင်းသည့် ဂုဏ်းခွဲရေးသမားဖြစ်ပြီး ဂျူးဘာသာကို တော်လှန်သူတစ်ဦးဖြစ်သည်ဟုဆိုကြသည်။ “ဂျူးလူမျိုးတို့ကလည်း ‘‘သင်သည် ရှမာရိနယ်သားဖြစ်ပြီး သင့်ကိုနတ်ဆိုးပူးနေသည်ဟူ၍ ငါတို့ပြောကြသည်မှာ လျောက်ပတ်သည်မဟုတ်လော’’ဟု ပြန်ပြောကြ၏” ( ယော ၈း၄၈)။

ယေရှုပြန်၍တုန့်ပြန်သည်မှာ - “ငါ့ကို နတ်ဆိုးပူးသည်မဟုတ်။ ငါသည် ငါ့ခမည်းတော်ကိုရိုသေ၏”ဟူ၍ဖြစ်သည်။ ယခု နှစ်ပေါင်း ၂၀၀၀ ကျော်လာသောအခါ သူသည် သူ့ခမည်းတော်ကိုရိုသေခြင်းရှိမရှိ အကဲဖြတ်ခွင့်ရကြပြီဖြစ်သည်။ ဂျူးတစ်ဦးဖြစ်ခဲ့သောယေရှုက လူမျိုးခြားသန်းပေါင်းများစွာတို့ကို အခြားသောဘုရားမဟုတ်ဘဲ ဂျူးလူမျိုးတို့၏ဘုရားသခင်ဖြစ်သော အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့၏ဘုရားသခင်ထံတော်သို့ ခေါ်ဆောင်လာခဲ့သည်။ အခြားမည်သည့်ဂျူးတစ်ယောက်ကမျှထိုသို့မလုပ်ဆောင်ခဲ့ဖူးချေ။ စစ်မှန်သောခရစ်ယာန်များကလည်း ဂျူးများနည်းတူ “ဘုရားသခင်တစ်ဆူတည်းရှိသည်”ဟု သိရှိယုံကြည်ကြသည် (၁တိ ၂း၅)။ ခရစ်ယာန်များက သုံးပါးတစ်ဆူဘုရားသခင်ကိုယုံကြည်ကြသည်။ သို့သော် ဂျူးတို့ယုံကြည်သည်ထက်ပိုပြီး ဘုရားသုံးဆူရှိသည်ဟု မယုံကြည်ကြပါ။ ထို့ကြောင့် ယေရှုသည် အန္တရာယ်ရှိသည့် ယုံကြည်မှုမှားယွင်းသောဂျူးတစ်ယောက်ဟုပြောလျှင် မည်သို့အဓိပ္ပါယ်ရှိမည်နည်း။

အချို့သောဂျူးတို့က ယေရှုသည် နတ်ဆိုးများအဖွဲ့ထဲမှဖြစ်သည်ဟု ဆိုခဲ့ကြသည် - ‘ဖာရိရှဲတို့သည်ကြားလျှင် ‘‘ဤသူသည် နတ်ဆိုးတို့၏အကြီးအကဲ ဗေလဇေဗုလကိုအမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်နေခြင်းသာဖြစ်သည်’’ဟု ပြောဆိုကြ၏’ (မ ၁၂း၂၄)။

ဤအချက်ကိုကြည့်ခြင်းဖြင့် ယေရှုသည် အံ့ဖွယ်အမှုကိုပြုခဲ့ကြောင်း သေချာသည်။ ထို့ကြောင့် ဖာရိရှဲများသည် သူပြုကြောင်းဝန်ခံလျက် သဘာဂလွန် ထိုအံ့ဖွယ်အမှုကိုပြုသောတန်ခိုးဖြစ်ကြောင်းဝန်ခံခဲ့ကြသည်။ သို့သော် ထိုသဘာဂလွန်တန်ခိုးသည် ဘုရားတန်ခိုးဟု သူတို့ဝန်မခံလိုကြချေ။ အကြောင်းမှာ ထိုသို့ဝန်ခံလျှင် ယေရှုက မိမိအကြောင်းအခိုင်အမာမိန့်တော်မူသောအရာများမှန်ကန်သည်ဟု ဝန်ခံရရောက်မည်ဖြစ်သည်။ ထို့ကြောင့် သူတို့သည် အခြားသောအကြောင်းပြချက်တစ်ခုကိုရှာကာ သူ၏သဘာဂလွန်တန်ခိုးသည် စာတန်၏တန်ခိုးဖြစ်ပြီး ယေရှုသည် နတ်ဆိုးအဖွဲ့ထားမှဖြစ်မည်ဟု ဆိုကြသည်။

သို့သော် ယေရှုထောက်ပြလိုက်သောအခါ နိဂုံးချုပ်မှာ ယုတ္တိရှိသည့်ကတ်သီးကတ်နိုင်သောအရာဖြစ်ခဲ့သည် - ‘စာတန်သည် စာတန်ကိုနှင်ထုတ်လျှင် မိမိအတွင်း၌ ဆန့်ကျင်ကွဲပြား၏။ သို့ဖြစ်လျှင် သူ၏နိုင်ငံသည် မည်သို့တည်မြဲမည်နည်း’ (မ ၁၂း၂၆)။ စာတန်သည် ကြောက်ကြောက်လန့်လန့်နှင့် မိမိကိုယ်ကိုယ်ဖျက်ဆီးသောအလုပ်ထဲ ရောက်နေသည်။

ထို့နောက် အခြားအဖြစ်အပျက်တစ်ခုတွင် လူထုမေးမြန်းသည့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာအဆိုတစ်ခု ထွက်လာသည် - ‘‘ဤစကားတို့သည် နတ်ဆိုးပူးသူ၏စကားမဟုတ်။ နတ်ဆိုးသည်

မျက်မမြင်တို့ကိုမျက်စိမြင်စေနိုင်ပါမည်လော" (ယော ၁၀း၂၁)။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် စာတန်အကြား ရွေးချယ်စရာနှင့်ကြုံလာသည့်အခါ ခြားနားမှုကိုသိရမည်ဖြစ်သည်။ နှစ်ဘက်လုံးတွင် သဘာဝလွန်တန်ခိုးရှိသောကြောင့် ဘယ်တန်ခိုးက သဘာဝလွန်ဖြစ်သနည်းဟုတော့ ရိုးရိုးလေးမေး၍မရ။ ကျွန်ုပ်တို့မေးရမည့်မေးခွန်းမှာ ဘယ်တန်ခိုးသည် ကောင်းကျိုးပေး၍ ဘယ်တန်ခိုးသည်ဆိုးကျိုးဖြစ်စေသနည်းဆိုသည့်မေးခွန်းဖြစ်သည်။ ထိုအချက်က ကိုယ်ကျင့်တရားရွေးချယ်မှု၏အရေးကြီးမှုကို ထင်ဟပ်စေပါသည်။ ယေရှုအခိုင်အမာမိန့်တော်မူသောအရာများ မမှန်ခဲ့လျှင် သူပြုသောအံ့ဖွယ်အမှုတို့သည် စာတန်နှင့်ဆိုင်ပြီး မကောင်းသောအရာများဖြစ်လိမ့်မည်။ သို့သော် ယေရှု၏အံ့ဖွယ်အမှုတို့ကို စာတန်နှင့်ဆိုင်သည့်မကောင်းမှုများအမျိုးအစားထဲထည့်ရန်ကြိုးစားခြင်းရှိသမျှသည် သက်သေအထူးပြစရာမလိုသော ကိုယ်ကျင့်တရားပျက်ပြားမှုဖြစ်သည်။ မျက်စိမမြင်ခြင်း၊ လေဖြတ်ခြင်းနှင့် အနာကြီးရောဂါဖြစ်ခြင်းတို့ကို ကုသရာတွင် ခေတ်မီဆေးပညာ၏စွမ်းဆောင်မှုများသည် ငြင်းမရအောင် ကောင်းသည်။ ယေရှုက အလားတူကုသမှုများပြုပေးသည်ကို စာတန်နှင့်ဆိုင်သောမကောင်းမှုဟုဆိုလျှင် အဖြူကို အမဲဟုဆိုလျက် ကိုယ်ကျင့်တရားပိုင်းစီရင်ဆုံးဖြတ်မှုအားလုံးကို ပြောင်းပြန်ဖြစ်စေခြင်းသာဖြစ်ပေမည်။ ယေရှုက "သို့ရာတွင် ငါသည် ဘုရားသခင်၏ဝိညာဉ်တော်ကိုအမှီပြု၍ နတ်ဆိုးတို့ကိုနှင်ထုတ်သည်ဆိုလျှင် ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့ထံရောက်ရှိလေပြီ"ဟု မိန့် တော်မူခဲ့သည် (မ ၁၂း၂၇)။

ဤအရာအားလုံးသည် ယေရှု၏ဒုက္ခဝေဒနာထဲတွင် အထွတ်အထိပ်ရောက်သွားခဲ့သည်။ ယဇ်ပုရောဟိတ်မင်း စာရဖရှေ့တွင် ပဏာမစစ်ဆေးခြင်းခံရစဉ် မှားယွင်းစွာစွပ်စွဲသူများစွာရှေ့တွင် ယေရှုသည် ငြိမ်သက်စွာနေတော်မူခဲ့သည်။ နောက်ဆုံးတွင် ယဇ်ပုရောဟိတ်မင်းသည် သူ့ကို ဘုရားသခင်၏နာမတော်တိုင်တည်၍ "ယဇ်ပုရောဟိတ်မင်းကလည်း "သင်သည် ဘုရားသခင်၏သားတော် ခရစ်တော်ဟုတ်မဟုတ် ငါတို့အားပြောရန် အသက်ရှင်တော်မူသောဘုရားသခင်၏နာမတော်ကိုတိုင်တည်၍ သင့်အား ငါအမိန့်ပေး၏"ဟု ဆို၏။ ယေရှုက "သင်ပြောသည့်အတိုင်းပေတည်း။ ထို့ပြင် သင်တို့အား ငါဆိုမည်။ နောင်တွင်လူ့သားသည် တန်ခိုးနှင့်ပြည့်စုံတော်မူသောအရှင်၏လက်ယာဘက်၌ထိုင်၍ ကောင်းကင်မိုးတိမ်များစီးလျက်ကြွလာသည်ကို သင်တို့မြင်ရကြလိမ့်မည်"ဟု ပြန်၍မိန့်တော်မူ၏။ ထိုအခါ ယဇ်ပုရောဟိတ်မင်းသည် မိမိ၏ဝတ်ရုံကိုဆုတ်လျက် "သူသည် ဘုရားသခင်ကို စော်ကားပြောဆိုလေပြီ။ နောက်ထပ် မည်သည့် သက်သေများလိုသေးသနည်း။ ဘုရားသခင်အားစော်ကားပြောဆိုသောစကားကို ယခုပင် သင်တို့ကြားရကြပြီ။ သင်တို့မည်သို့ထင်မြင်ကြသနည်း"ဟု ဆိုသော် သူတို့က "သူသည် သေဒဏ်ခံထိုက်၏"ဟု ပြန်ပြောကြ၏ (မ ၂၆း၆၃-၆၆)။

ဂျူးခေါင်းဆောင်များက ယေရှုကို ရောမဘုရင်ခံ ပိလတ်မင်းထံ အစစ်အဆေးခံရန်ခေါ်ဆောင်လာကြသောအခါ ယေရှုသည် ရောမအင်ပါရာကိုပုန်ကန်သည့်နိုင်ငံရေးသစ္စာဖောက်မှုတွင်ပါဝင်သည်ဟု စွပ်စွဲခဲ့ကြသည် (ထိုအကြောင်းကို နောက်အခန်းတွင် ကျွန်ုပ်တို့ဆင်ခြင်စဉ်းစားကြမည်ဖြစ်သည်)။ သို့သော် ပိလတ်မင်းသည် စဉ်းစားလျက် ဤသို့ဆုံးဖြတ်ချက်ချခဲ့သည် - "ငါသည် ဤသူ၌ မည်သည့်ပြစ်မှုကိုမျှ မတွေ့သောကြောင့် သင်တို့ကိုယ်တိုင် သူ့ကိုခေါ်သွား၍ လက်ဝါးကပ်တိုင်ပေါ်၌တင်ကြလော့"ဟု ဆိုလေ၏။ ဂျူးလူမျိုးတို့ကလည်း "အကျွန်ုပ်တို့၌ ပညတ်တရား ရှိပါ၏။ ဤသူသည် မိမိကိုယ်ကို ဘုရားသခင်၏သားတော်ဖြစ်သည်ဟု ကြေညာသောကြောင့် ထိုပညတ်တရားအရသေထိုက်ပါ၏" ( ယော ၁၉း၆-၇)။

## ဂျူးတို့၏တုန့်ပြန်မှု- ကျွန်ုပ်တို့အတွက်သင်ခန်းစာ

မည်သို့ပင်ဖြစ်စေ ယေရှု၏အခိုင်အမာမိန့်တော်မူချက်ကို အလေးအနက်ထားကြသည့်အတွက် ဂျူးလူမျိုးတို့ကို ချီးကျူးရပေမည်။ ဤကဏ္ဍတွင် သူတို့သည် ကျွန်ုပ်တို့အတွက် သင်ခန်းစာတစ်ခုဖြစ်သည်။ ယခုခေတ်တွင်မူ လူတို့က "ယေရှုက ဘုရားသခင်ရဲ့သားတော်ဆိုတာကို မယုံကြည်နိုင်ဘူး။ ယုံလည်းမယုံကြည်ဘူး။ ဒါပေမဲ့ သူက လူကောင်းတစ်ယောက်ဖြစ်ပြီး လူ့ကျင့်ဝတ်ကို သင်ပေးတဲ့အလွန်ကောင်းသော ဆရာတစ်ပါးဆိုတာ ယုံကြည်တယ်"ဟု ပြောသည်ကို ကြားရနိုင်ပါသည်။ သို့သော် ထိုသို့ပြောခြင်းသည် မိုက်မဲသည့်အရာဖြစ်သည်။ ယေရှုက သူသည် ဘုရားသခင်၏သားတော်မဟုတ်ဘဲ မိမိကိုယ်ကိုယ် ဘုရားသခင်၏သားတော်ဟုဆိုလျှင် သူသည် လူကောင်းတစ်ဦးဖြစ်နိုင်ပါမည်လား။ ထိုသို့သာဆိုလျှင် သူသည် သူ့ခေတ်ကဂျူးများ ပြောနေသည့်အတိုင်း တမင်သက်သက်ဘုရားသခင်ကိုစော်ကားပြောဆိုသောသူဖြစ်ပြီး သေထိုက်သောသူ ဖြစ်ပေလိမ့်မည်။ ထို့ပြင် လူ့ကျင့်ဝတ်အကြောင်း သူ့သွန်သင်မှုသည်လည်း သူ့ရာဇဝတ်မှုကိုမလျော့သွားစေဘဲ ပို၍သာတိုးလာစေမည်ဖြစ်သည်။ သူသည် ဘုရားသခင်နှင့်တန်းတူဖြစ်ကြောင်းယုံကြည်ရန် လူတို့ကို ရည်ရွယ်ချက်ရှိရှိလိမ်ညာပြီး သမ္မာတရားကိုပြောဆိုခြင်းသည် အရေးအကြီးဆုံးဖြစ်ကြောင်း သူတို့ကိုတိုက်တွန်းရန် အချိန်ပြည့်ဟန်ဆောင်နေရကာ စက်ဆုပ်ဖွယ်ကောင်းသည့် အဆိုးဆုံးသောဆရာအတုအယောင်၏အမှတ်လက္ခဏာဖြစ်နေရမည်ဖြစ်သည်။ ထို့ကြောင့် ယေရှုသည် လူ့ဇာတိခံသောဘုရားသခင်မဟုတ်ခဲ့လျှင် လူ့ကျင့်ဝတ်သင်ကြားပေးသောဆရာသမားရှိသမျှတို့အထဲမှ အဆိုးဝါးဆုံးသောသူသာ ဖြစ်ခဲ့မည်ဖြစ်သည်။

### တရားရုံးတော်ထဲခရစ်တော်၏ အခိုင်အမာမိန့်တော်မူချက်

တရားရုံးတော်မြင်ကွင်းကို မြင်ယောင်ကြည့်လျက် အဘယ့်ကြောင့် ယေရှုသည် ဘုရားသခင်ကိုစော်ကားပြောဆိုမှုဖြင့် ထိုတရားရုံးထဲတွင် စစ်ဆေးခံရသနည်းဆိုသည်ကို အုပ်စုအဖွဲ့ဝင်များအား မေးပါ။

"သူသည် ဘုရားသခင်၏သားတော်ဖြစ်သည်ဆိုသည့် ယေရှု၏အခိုင်အမာမိန့်တော်မူချက်ကို ဆင်ခြင်စဉ်းစားခြင်းမပြုဘဲ ယေရှုသွန်သင်သောလူ့ကျင့်ဝတ်ကို အလေးအနက်ထားနိုင်မည်မဟုတ်" ဆိုသည့်အဆိုကို ဆွေးနွေးပါ။

"သူသည် ဘုရားသခင်၏သားတော်ဖြစ်သည်ဆိုသည့် ယေရှု၏အခိုင်အမာမိန့်တော်မူချက်ကို ထောက်ခံရန် ခိုင်မာသည့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာသက်သေရှိသည်" ဆိုသည့်အဆိုကို ဆွေးနွေးပါ။

# အခန်း ၂၇

## ယေရှုအသေခံတော်မူခြင်းနှင့် လောကအတွက်ကယ်တင်ခြင်း

*ကျေးဇူးပြု၍ ယော ၁၉း၁၂-၁၅ ကိုဖတ်ပါ။*

ပြီးခဲ့သည့်အခန်းတွင် "အဘယ့်ကြောင့် ယေရှု လက်ဝါးကပ်တိုင်ပေါ်တင်ခြင်းခံရသနည်း"ဆိုသည့်မေးခွန်းအတွက် ဓမ္မသစ်ကျမ်းကဖြေဆိုထားသောအဖြေများကို ကျွန်ုပ်တို့စတင်လေ့လာခဲ့ကြသည်။ သူ့အပေါ် ဂျူးခေါင်းဆောင်များ၏အဓိကစွဲချက်မှာ သူသည်ဘုရားသခင်၏သားတော်ဖြစ်ကြောင်းအခိုင်အမာမိန့်တော်မူသောကြောင့် သူသည် ဘုရားသခင်ကိုစော်ကားပြောဆိုသည်ဆိုသောစွဲချက်ဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့ခဲ့ကြသည်။ ဤအခန်းတွင် သူ့အပေါ်တင်သည့်အခြားသောအဓိကစွဲချက်တစ်ခုကိုစဉ်းစားပြီး ရောမဘုရင်ခံ ပိလတ်မင်းရှေ့၌ သူကြုံရသည့်ဒုက္ခဝေဒနာအချို့ကိုအသေးစိတ်လေ့လာကာ နောက်ဆုံးတွင် ကနဦးတပည့်တော်များက ယေရှု၏အသေခံတော်မူခြင်းအပေါ်တုန့်ပြန်ခဲ့ပုံကို လေ့လာကြမည်ဖြစ်သည်။

ဒုတိယအဓိကစွဲချက်သည် ယေရှု၏အခြားသောအခိုင်အမာမိန့်တော်မူချက်ကြောင့်ဖြစ်သည်။

### မေရှိယဖြစ်ကြောင်းယေရှု၏အခိုင်အမာမိန့်တော်မူချက်

ဤအခိုင်အမာမိန့်တော်မူချက်၏နောက်ခံမှာ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်သည် ဂျူးလူမျိုးတို့ကို ဘေးဒုက္ခအားလုံးနှင့်ရန်သူအားလုံးထံမှ လွတ်မြောက်စေလျက် ပြည့်စုံသောကယ်တင်ခြင်းကိုယူဆောင်လာမည့် လွတ်မြောက်စေသောသူကို ပို့ဆောင်တော်မူမည်ဟု ပရောဖက်များမှတစ်ဆင့်ကတိပြုတော်မူခဲ့သည်။ ဤလွတ်မြောက်စေသောသူကို မေရှိယဟုခေါ်သည် (ဟေဗြဲစကားမှဆင်းသက်လာပြီး "ဘိသိက်ခံသူ"ဟု အဓိပ္ပါယ်ရှိပြီး ဂရိဘာသာစကားဖြင့် "ခရစ်တော်" ဖြစ်သည်)။

ယေရှု၏ခေတ်ကာလတွင် လူစုတစ်ချို့က ကတိထားတော်မူသောဤမေရှိယသည် တိုင်းပြည်ကိုစစ်အင်အားတောင့်တင်းစေပြီး ဘုရားသခင်၏အကူအညီဖြင့် ရောမနယ်ချဲ့တို့ကိုမောင်းထုတ်မည့် နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်မည်ဟု ယူဆခဲ့ကြသည်။ မိမိသည် မေရှိယဖြစ်သည်ဟုအခိုင်အမာပြောဆိုလျက် မိမိတို့နောက်လိုက်များနှင့်အတူ ရောမတို့ကို ဆန့်ကျင်တော်လှန်ကာ ဒုက္ခရောက်ရသူများ တစ်ချိန်ပြီးတစ်ချိန်ပေါ်လာခဲ့ကြသည်။ တ ၅း၃၆-၃၇ တွင်ဖော်ပြသည့် သုဒနှင့် ဂါလိလဲနယ်သားယုဒတို့သည် ထိုသို့သောသူနှစ်ဖြစ်သည် (နောက်ပိုင်းပေါ်လာသူတို့၏ဥပမာအတွက် တ ၂၁း၃၈ ကိုလည်း ကြည့်ပါ)။

ယခု ယေရှုက မေရှိယဖြစ်တော်မူကြောင်း အခိုင်အမာမိန့်တော်မူလျက် သူစစ်ဆေးခံရသည့်နေရာတွင် ဂျူးအာဏာပိုင်များ၏စိန်ခေါ်မှုခံရသည့်အခါ မိမိ၏အခိုင်အမာမိန့်တော်မူချက်ကို ပွင့်ပွင့်လင်းလင်းဝန်ခံခဲ့သည် (မ ၂၆း၆၃-၆၄ နှင့် လု ၂၂း၆၆-၆၇ တို့ကိုကြည့်ပါ)။ သို့သော် မိမိကိုယ်ကိုယ် နိုင်ငံရေးခေါင်းဆောင်အဖြစ် တစ်ကြိမ်တစ်ခါမျှ မပြောဆိုခဲ့ပေ။ အဖြစ်အပျက်တစ်ခုတွင် လူတို့က သူ့ကို ဘုရင်မြှောက်ရန်ကြိုးစားနေကြသည်ကို သူမြင်သောအခါ တမင်ရှောင်ထွက်သွားခဲ့သည် (ယော ၆း၁၅)။ အများရှေ့တွင် ဂျူးတို့က ဆီဇာကေရာဇ်ထံအခွန်ဆောင်သင့်မဆောင်သင့် စိန်ခေါ်မှုခံရသည့်အခါ ချက်ချင်းပင် လူတို့အား သူတို့အခွန်ဆောင်ရမည်ဟု

မိန့်တော်မူခဲ့သည် ( လု ၂၂း၁၉-၂၆)။ သူလက်ဝါးကပ်တိုင်ပေါ်တင်ခြင်းခံရရန် ဘုရားသခင် အလိုတော်ရှိကြောင်း တပည့်တော်များကို အကြိမ်ကြိမ်ကြိုတင်ပြောပြခဲ့သည် (ဥပမာ။ ။ မ ၁၆း၂၁-၂၃)။ ဂေသရေမန်ဥယျာဉ်တွင် သူ့ကိုဖမ်းရန် စစ်သားများလာကြ၍ တပည့်တော်တစ်ဦးက သူ့ကိုကာကွယ်ရန် ဓါးဆွဲနှုတ်သောအခါ ထိုတပည့်တော်ကို ဆုံးမလျက် ဓါးမသုံးရန်တားမြစ်ခဲ့သည် (မ ၂၆း၄၇-၅၆)။

သို့သော် ဂျူးယဇ်ပုရောဟိတ်မင်းက စိတ်ရင်းအရဟုတ်မဟုတ်မသိရသော်လည်း ယေရှုသည် ဤမှားယွင်းသည့်နိုင်ငံရေးမေရှိယများထဲမှတစ်ဦးဖြစ်သည်ဟုဆိုကာ သူ့ကိုလွှတ်ထားပါက တိုင်းပြည်တစ်လွှား ရောမဆန့်ကျင်ရေးဖြစ်ပေါ်စေကာ တိုင်းပြည်ပျက်စီးရာ ဖြစ်စေလိမ့်မည်ဟု မိမိမိတ်ဆွေများကို စည်းရုံးခဲ့သည် (ယော ၁၁း၄၇-၅၃ ကိုကြည့်ပါ)။ ထို့ကြောင့် သူတို့က ပိလတ်မင်းရှေ့တွင် သူသည် ဂျူးတို့၏ဘုရင်ဖြစ်ကြောင်းအခိုင်အမာပြောဆိုလျက် ရောမအစိုးရကို ဆန့်ကျင်ရန် လှုံ့ဆော်နေသည်ဟု နိုင်ငံရေးအသွင်ဖြင့် သူ့ကိုစွပ်စွဲခဲ့ကြသည်။ ထိုအကြောင်းပြချက်ဖြင့် သူ့ကိုလက်ဝါးကပ်တိုင်ပေါ်တင်ရန် တောင်းဆိုကြသည်။

## *ပိလတ်မင်းရှေ့ ယေရှုစစ်ဆေးမှုခံရပုံ အချို့သောအသေးစိတ်ဖော်ပြချက်*

ပိလတ်မင်းက "ငါသည် ဂျူးလူမျိုးဖြစ်သလော။ သင်၏အမျိုးသားချင်းနှင့် ယဇ်ပုရောဟိတ်အကြီးအကဲတို့သည် သင့်ကို ငါ့ထံအပ်နှံကြပြီ။ သင်မည်သည့်အရာကိုပြုမိသနည်း"ဟု မေးလေ၏။ ယေရှုက "ငါ့နိုင်ငံသည် ဤလောကနှင့်မစပ်ဆိုင်။ ငါ့နိုင်ငံသည် ဤလောကနှင့်စပ်ဆိုင်ခဲ့လျှင် ငါသည် ဂျူးလူမျိုးတို့လက်သို့ အပ်နှံခြင်းမခံရရန် ငါ့လူတို့သည် တိုက်ခိုက်ခဲ့ကြပေလိမ့်မည်။ သို့သော် အမှန်အားဖြင့် ငါ့နိုင်ငံသည် ဤနေရာမှဖြစ်တည်သည်မဟုတ်"ဟု မိန့်တော်မူ၏။ ထို့ကြောင့် ပိလတ်မင်းက "သို့ဖြစ်လျှင် သင်သည် ဘုရင်ပေလော"ဟု ဆိုလျှင် ယေရှုက "သင်ဆိုသည့်အတိုင်း ငါသည်ဘုရင်ပေတည်း။ ငါသည် သမ္မာတရားဘက်၌သက်သေခံရန် မွေးဖွားခြင်းကိုခံ၍ ထိုအတွက်ပင် ဤလောကသို့ကြွလာ၏။ သမ္မာတရားနှင့်စပ်ဆိုင်သောသူတိုင်း ငါ့အသံကိုနားထောင်၏"ဟု ပြန်၍မိန့်တော်မူ၏။ ပိလတ်မင်းက "သမ္မာတရားဆိုသည်မှာ အဘယ်နည်း" ဟုဆိုပြီးလျှင် ဂျူးလူမျိုးတို့ရှိရာသို့ တစ်ဖန်ထွက်သွား၍ "ထိုသူ၌ မည်သည့်ပြစ်မှုကိုမျှ ငါမတွေ့။ သို့ရာတွင် ပသခါပွဲတော်၌ လူတစ်ဦးကို သင်တို့အတွက် ငါလွှတ်ပေးရမည့် ထုံးစံရှိသည်ဖြစ်၍ ဂျူးလူမျိုးတို့၏ဘုရင်ကို သင်တို့အတွက် လွှတ်ပေးစေလို သလော" ဟု သူတို့အားမေးလေ၏။ ထိုအခါ သူတို့က "သူ့ကိုမလွှတ်ဘဲ ဗာရဗ္ဗကို လွှတ် ပေးပါ"ဟု ပြန်၍အော်ဟစ်လျှောက်ထားကြ၏။ဗာရဗ္ဗကား ဓားပြဖြစ်၏ (ယော ၁၈း၃၅-၄၀)။

ထို့နောက် တရားလွှတ်တော်၌စုဝေးသောသူအပေါင်းတို့သည် ထ၍ ကိုယ်တော်ကို ပိလတ်မင်းရှေ့သို့ခေါ်ဆောင်သွားပြီးလျှင် "ဤသူသည် ဆီဇာဘုရင်အား အခွန်တော်မဆက်သရန်တားမြစ်ကာ မိမိကိုယ်ကို ခရစ်တော်တည်းဟူသောဘုရင်တစ်ပါးဖြစ်ကြောင်းပြောဆို၍ အကျွန်ုပ်တို့၏ပြည်သူလူထုကို ဖောက်ပြန်လမ်းလွဲစေကြောင်း အကျွန်ုပ်တို့ တွေ့ရှိရပါသည်"ဟု ကိုယ်တော်ကိုစွပ်စွဲပြောဆိုကြ၏။ ပိလတ်မင်းကလည်း "သင်သည် ဂျူးလူမျိုးတို့၏ဘုရင်လော"ဟု ကိုယ်တော်အား မေးလျှင် ကိုယ်တော်က "သင်ပြောသည့်အတိုင်းပေတည်း"ဟု ပြန်ဖြေတော်မူ၏။ ထိုအခါ ပိလတ်မင်းသည် ယဇ်ပုရောဟိတ်အကြီးအကဲများနှင့် လူထုပရိသတ်တို့အား "ဤသူ၌ အပြစ်တစ်စုံတစ်ခုကိုမျှ ငါမတွေ့"ဟု ဆို၏။ သို့သော် သူတို့က "သူသည် ဂါလိလဲနယ်မှစ၍ ဤအရပ်ဒေသတိုင်အောင် ယုဒနယ်တစ်နယ်လုံး၌သွန်သင်လျက် ပြည်သူလူထုကို လှုံ့ဆော်ခဲ့ပါသည်"ဟု အပြင်းအထန်ပြောဆိုကြ၏။

ပိလတ်မင်းသည် ထိုစကားကိုကြားလျှင် ဤသူသည် ဂါလိလဲနယ်သားဟုတ်သလောဟု မေးမြန်းပြီးမှ ဟေရုဒ်အုပ်စိုးသည့်နယ်မှဖြစ်ကြောင်း သိသောအခါ ကိုယ်တော်ကို ဟေရုဒ်ထံသို့ပို့လိုက်၏။ ထိုနေ့ရက်များတွင် ဟေရုဒ်သည်လည်း ဂျေရုဆလင်မြို့၌ရောက်ရှိနေ၏။ ဟေရုဒ်သည် ယေရှုကိုမြင်လျှင် အလွန်ဝမ်းမြောက်လေ၏။ အကြောင်းမူကား သူသည် ကိုယ်တော်အကြောင်းကိုကြားသိထား၍ ကိုယ်တော်ကိုတွေ့မြင်လိုသည်မှာ အချိန်ကြာမြင့်ပြီဖြစ်ပြီး ကိုယ်တော်ပြုသည့် နိမိတ်လက္ခဏာတစ်စုံတစ်ခုကိုမြင်ရရန် မျှော်လင့်နေ၏။ သို့ဖြစ်၍ သူသည် ကိုယ်တော်ကိုမေးခွန်းများစွာမေးလေ၏။ သို့သော် ကိုယ်တော်သည် မည်သည့်အရာကိုမျှ ဖြေကြားတော်မမူခဲ့ချေ။ ယဇ်ပုရောဟိတ်အကြီးအကဲများနှင့် ကျမ်းပြုဆရာတို့သည် ထ၍ ကိုယ်တော်ကိုပြင်းထန်စွာစွပ်စွဲကြ၏။ ဟေရုဒ်သည်လည်း မိမိစစ်သားများနှင့်အတူ ကိုယ်တော်ကိုမထီမဲ့မြင်ပြုလျက် ပြောင်လှောင်ကာ တင့်တယ်သောဝတ်လုံကိုဝတ်စေပြီးလျှင် ပိလတ်မင်းထံသို့ ပြန်ပို့လေ၏။ ဟေရုဒ်နှင့်ပိလတ်မင်းတို့သည် ယခင်က တစ်ဦးနှင့်တစ်ဦးရန်ဘက်ဖြစ်ခဲ့သော်လည်း ထိုနေ့တွင် မိတ်ဆွေဖြစ်လာကြ၏။

ပိလတ်မင်းသည် ယဇ်ပုရောဟိတ်အကြီးအကဲများ၊ အုပ်ချုပ်သူများနှင့် လူထုပရိသတ်တို့ကို စုဝေးစေ၍ "သင်တို့သည် ပြည်သူလူထုကိုမှားယွင်းစေရန်လှုံ့ဆော်သူအဖြစ် ဤသူကို ငါ့ထံသို့ခေါ်ဆောင်လာကြ၏။ သို့သော် ကြည့်လော့၊ ငါသည် သင်တို့ရှေ့မှာပင် သူ့ကိုစစ်ဆေးခဲ့သော်လည်း ဤသူအပေါ် သင်တို့စွပ်စွဲသည့်အပြစ်တစ်စုံတစ်ခုမျှ မတွေ့။ ဟေရုဒ်သည်လည်း အပြစ်မတွေ့သဖြင့် သူ့ကို ငါတို့ထံသို့ ပြန်ပို့လိုက်၏။ သူသည် သေထိုက်သောအပြစ်တစ်စုံတစ်ခုကိုမျှ မပြုခဲ့ချေ။ ထို့ကြောင့် သူ့ကိုဆုံးမပြီး လွှတ်လိုက်မည်"ဟု ဆို၏။ [ ထိုသို့ဆိုခြင်းမှာ ပိလတ်မင်းသည် ပွဲတော်တွင် လူတစ်ဦးကို လွှတ်ပေးရသောကြောင့်ဖြစ်၏။]

သို့သော် သူတို့က "ထိုသူကိုသုတ်သင်လိုက်ပါ။ အကျွန်ုပ်တို့အတွက် ဗာရဗ္ဗကိုလွှတ်ပေးပါ"ဟု တစ်ပြိုင်တည်းအော်ဟစ်ကြ၏။ ဗာရဗ္ဗသည် မြို့ထဲတွင်ဖြစ်ခဲ့သည့် ဆူပူအုံကြွမှုနှင့် လူသတ်မှုတို့ကြောင့် ထောင်ထဲ၌ ထည့်ထားခြင်းခံရသူဖြစ်၏။ ပိလတ်မင်းသည် ယေရှုကိုလွှတ်လို၍ လူတို့အား နောက်တစ်ဖန်မိန့်ကြားလေ၏။ သို့သော် သူတို့သည် "လက်ဝါးကပ်တိုင်ပေါ်၌တင်လိုက်ပါ။ သူ့ကိုလက်ဝါးကပ်တိုင်ပေါ်၌တင်လိုက်ပါ"ဟု အော်ဟစ်ကြ၏။ ပိလတ်မင်းကလည်း "အဘယ်ကြောင့်နည်း။ ဤသူသည် မည်သည့် မကောင်းမှုကိုပြုခဲ့သနည်း။ ငါသည် သူ၌ သေထိုက်သောအပြစ်ကိုမတွေ့။ ထို့ကြောင့် သူ့ကိုဆုံးမပြီး လွှတ်လိုက်မည်"ဟု တတိယအကြိမ် သူတို့အား ဆိုလေ၏။ သို့သော် လူတို့သည် ကိုယ်တော်ကို လက်ဝါးကပ်တိုင်ပေါ်၌တင်ရန် ကျယ်လောင်သောအသံဖြင့် မရမကတောင်းဆိုကြသဖြင့်သူတို့၏အသံများသည် အနိုင်ရသွားလေ၏။ ထိုအခါ ပိလတ်မင်းသည် သူတို့၏တောင်းဆိုချက်အတိုင်းလုပ်ပေးရန် စီရင်ဆုံးဖြတ်၍ ဆူပူအုံကြွမှုနှင့် လူသတ်မှုတို့အတွက် ထောင်ထဲ၌ ထည့်ထားခြင်းခံရသူကို သူတို့တောင်းဆိုသည့်အတိုင်း လွှတ်ပေးပြီး ယေရှုကိုမူ သူတို့ဆန္ဒအတိုင်းပြုရန် အပ်နှံလိုက်လေ၏ (လု ၂၃း၁-၂၅)။

ထိုအခါမှစ၍ ပိလတ်မင်းသည် ယေရှုကိုလွှတ်ပေးရန် ကြိုးစားရာကြ၏။ သို့ရာတွင် ဂျူးလူမျိုးတို့က "အရှင်သည် ထိုသူကိုလွှတ်ပေးလျှင် ဆီဇာကေရာဇ်၏ဘက်တော်သား မဟုတ်ပါ။ မိမိကိုယ်ကိုဘုရင်ဖြစ်သည်ဟု ကြေညာသောသူအားလုံးသည် ဆီဇာကေရာဇ်ကိုဆန့်ကျင်ပြောဆိုသောသူဖြစ်ပါသည်"ဟု အော်ဟစ်ကြ၏။

ပိလတ်မင်းသည် ထိုစကားတို့ကိုကြားသောအခါ ယေရှုကို အပြင်သို့ခေါ်ဆောင်လာ၍ ဟေဗြဲဘာသာစကားအားဖြင့် ဂဗ္ဗသအမည်ရှိသည့် ကျောက်ခင်းစကြံ ဟုခေါ်ဝေါ်သော နေရာမှတရားပလ္လင်ပေါ်တွင် ထိုင်လေ၏။ ထိုနေ့သည် ပသခါပွဲတော်အတွက် ပြင်ဆင်ရာနေ့ဖြစ်၏။ အချိန်ကား မွန်းတည့်ချိန်ခန့်ရှိ၏။ ပိလတ်မင်းသည် ဂျူးလူမျိုးတို့အား "ကြည့်လော့။ သင်တို့၏ဘုရင်ပေတည်း"ဟု ဆိုလေ၏။ ထိုအခါသူတို့က "သုတ်သင်လိုက်ပါ၊ သုတ်သင်လိုက်ပါ၊ သူ့ကိုလက်ဝါးကပ်တိုင်ပေါ်၌တင်လိုက်ပါ"ဟု အော်ဟစ်ကြ၏။ ပိလတ်မင်းက "သင်တို့၏ဘုရင်ကို လက်ဝါးကပ်တိုင်ပေါ်၌ ငါတင်ရမည်လော" ဟု မေးလျှင် ယဇ်ပုရောဟိတ်အကြီးအကဲတို့က "အကျွန်ုပ်တို့တွင် ဆီဇာကေရာဇ်မှလွဲ၍ အခြားဘုရင်မရှိပါ"ဟု ပြန်လျှောက်ကြ၏ (ယော ၁၉း၁၂-၁၅)။

### ယေရှုနှင့်ပတ်သက်သည့်အဆုံးအဖြတ်

ယော ၁၈း၂၈-၄၀၊ လု ၂၃း၁-၂၅၊ ယော ၁၉း၁၂-၁၅ တို့ကို အသေးစိတ်လေ့လာ၍ အောက်ပါမေးခွန်းများကို ဖြေပါ။

- သူသည် လောကီဘုရင်တစ်ပါးမဟုတ်ကြောင်း ယေရှုက ပိလတ်မင်းအား မည်ကဲ့သို့ သက်သေပြခဲ့သနည်း။
- ယေရှုက သူသည် မည်ကဲ့သို့သောဘုရင်ဖြစ်၍ သူ၏နိုင်ငံတော်သည် မည်ကဲ့သို့သောနိုင်ငံတော်ဖြစ်သည်ဟု ပြောခဲ့သနည်း။
- ဟေရုဒ်မင်းနှင့် ပိလတ်မင်းတို့သည် ဖိအားပေးမှုမခံရမီ ယေရှုအပေါ် မည်သည့်ဆုံးဖြတ်ချက်မျိုးချခဲ့ကြသနည်း။
- ယေရှုကို လက်ဝါးကပ်တိုင်ပေါ်တင်ရန်အတွက် မည်ကဲ့သို့အကြောင်းပြလျက် ဂျူးခေါင်းဆောင်များက ပိလတ်မင်းကို ဖိအားပေးခဲ့ကြသနည်း။

ယော ၁၈း၃၈-၄၀ နှင့် လု ၂၃း၁၈-၂၅ တို့ကိုပြန်ဖတ်ပါ။ ယဇ်ပုရောဟိတ်များသည် ယေရှုကို မငြိမ်မသက်မှုဖြစ်ရန်လှုပ်ဆော်သည်ဟုစွပ်စွဲကာ ယေရှုအစား ဗာနဗကိုလွှတ်ပေးရန် တောင်းဆိုကြသည့်အချက်တွင် မည်သည့်ထူးခြားမှုကို သင်သတိထားမိသနည်း။

ဤအကြံပြုချက်အပေါ် သင့်အမြင်ကိုဖော်ပြပါ။ "ကျွန်ုပ်တို့အားလုံး၏ဘဝတွင် တစ်ချိန်ပြီးတစ်ချိန် ယေရှုကို သို့မဟုတ် ဗာနဗကို ရွေးချယ်ရမည့်အချိန်နှင့်ရင်ဆိုင်ရတတ်သည်။ သမ္မာတရားနှင့်အသက်တို့၏အရှင် ယေရှုကို ငြင်းပယ်ခြင်းသည် လူသတ်သမား ဗာနဗကို ရွေးချယ်ခြင်းပင်ဖြစ်သည်"။

*လက်ဝါးကပ်တိုင်ပေါ်တင်ခြင်းထဲမှ အသေးစိတ်အချက်တစ်ချက်*

ဓားပြနှစ်ယောက်တို့ကိုလည်း ကိုယ်တော်နှင့်အတူ လက်ယာတော်ဘက်တွင်တစ်ယောက်၊ လက်ဝဲတော်ဘက်တွင်တစ်ယောက် လက်ဝါးကပ်တိုင်ပေါ်၌တင်ကြ၏။ ဖြတ်သန်းသွားလာသောသူတို့သည် မိမိတို့ခေါင်းကိုခါယမ်းလျက် "ဗိမာန်တော်ကိုဖြိုဖျက်၍

သုံးရက်အတွင်းတည်ဆောက်မည့်သူ၊ သင်သည် ဘုရားသခင်၏သားတော်မှန်လျှင် သင့်ကိုယ်သင်ကယ်တင်ပြီး လက်ဝါးကပ်တိုင်ပေါ်မှဆင်းလာခဲ့လော့''ဟု စော်ကားပြောဆိုကြ၏။ ထိုနည်းတူ ယဇ်ပုရောဟိတ်အကြီးအကဲများသည်လည်း ကျမ်းပြုဆရာများ၊ သက်ကြီးဝါကြီးများနှင့်အတူ ကိုယ်တော်ကိုပြောင်လှောင်ကြ၍ ''သူသည် သူတစ်ပါးတို့ကို ကယ်တင်ခဲ့သော်လည်း မိမိကိုယ်ကိုမကယ်တင်နိုင်ပါတကား။ အစ္စရေးဘုရင်ဖြစ်လျှင် ယခုပင် လက်ဝါးကပ်တိုင်ပေါ်မှဆင်းလာပါစေ။ ထိုအခါ ငါတို့သည် သူ့ကိုယုံကြည်မည်။ သူသည် ဘုရားသခင်ကိုယုံကြည်ကိုးစားခဲ့၏။ ဘုရားသခင်အလိုတော်ရှိလျှင် ယခုပင် သူ့ကိုကယ်နုတ်ပါစေ။ အကြောင်းမူကား 'ငါသည် ဘုရားသခင်၏သားတော်ဖြစ်သည်'ဟူ၍ သူပြောခဲ့၏''ဟု ဆိုကြ၏ (မ ၂၇း၃၈-၄၃)။

ထို့ကြောင့် ဂျူးခေါင်းဆောင်များသည် ပိလတ်မင်းအား ယေရှုကို လက်ဝါးကပ်တိုင်ပေါ်တင်သတ်စေရန်စီမံပြီး အပေါ်တွင်ဖော်ပြသည့်ကျမ်းပိုဒ်တွင်တွေ့ရသည့်အတိုင်း သူသေဆုံးသွားခြင်းက သူ၏အခိုင်အမာမိန့်တော်မူချက်များ၏မှားယွင်းမှုကို သက်သေထူလိမ့်မည်ဟု သူတို့ထင်ခဲ့ကြသည်။ သူသည် အဖမ်းခံရခြင်း၊ လက်ဝါးကပ်တိုင်ပေါ်တင်ခံရခြင်းနှင့် သေခြင်းတို့မှ မိမိကိုယ်ကိုယ်မကယ်တင်နိုင်လျှင် သူသည် မည်သို့ မေရှိယဖြစ်နိုင်မည်နည်း။ အစ္စရေးကို မည်သို့ကယ်တင်နိုင်မည်နည်း။ သူသည် ဘုရားသခင်၏သားတော်မှန်လျှင် ဝေဒနာပြင်းစွာခံရလျက် လူပုံအလယ် အရှက်ကွဲရသည့် ဤကဲ့သို့သောသေခြင်းမျိုးဖြင့်သူသေဆုံးရန် ဘုရားသခင်မည်သို့ခွင့်ပြုနိုင်မည်နည်း။ သို့သော် ယေရှုသေဆုံးသွားခဲ့သည်။ ဂျူးခေါင်းဆောင်များက နောက်ဆုံးတွင် သူတို့အနိုင်ရလျက် ယေရှုနှင့်သူ၏သြဇာလွှမ်းမိုးမှုတို့ကို အဆုံးသတ်နိုင်ပြီဟု ခံစားခဲ့ကြသည်။

သို့သော် သူ့ကိုမြှုပ်နှံပြီးသုံးရက်မြောက်သောနေ့တွင် ယေရှု၏သင်္ချိုင်းဂူ၌ ဘာမျှမရှိတော့သည်ကိုတွေ့ရကြောင်း ဂျေရုဆလင်မြို့တစ်မြို့လုံးတွင် သတင်းပြန့်သွားခဲ့သည် (မ ၂၇း၆၂ - ၂၈း၁၅)။ သတင်းပတ် ရစ်ပတ်အတွင်း လူပေါင်း သုံးထောင်ကျော်က ယေရှုသည် သေခြင်းမှရှင်ပြန်ထမြောက်တော်မူကြောင်း ယုံကြည်သွားခဲ့ကြပြီး (တ ၂း၄၁) သူ့တပည့်တော်များဖြစ်သွားခဲ့ကြသည်။ သူအသေမခံမီက ထိုဦးရေးအထိ မယုံကြည်ခဲ့ကြချေ။ ထိုမှစ၍ အရေအတွက်သည် သန်းပေါင်းများစွာအထိ ဆပွားတိုးလာခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

### *ယေရှု၏အသေခံခြင်းအပေါ် ကနဦးခရစ်ယာန်များ၏စိတ်သဘောထား*

ယခု ယေရှုသည် အမှန်တကယ်ရှင်ပြန်ထမြောက်ခဲ့ကြောင်း သမိုင်းကြောင်းဆိုင်ရာအထောက်အထားအချို့ကို နောက်ဆက်တွဲ ခ တွင် ဖော်ပြထားပါသည်။ ဤနေရာတွင်စိတ်ဝင်စားစရာကောင်းသောအချက်မှာ ပြောင်းလဲလာသည့် ဤထောင်နှင့်ချီသောလူတို့က ယေရှု၏အသေခံခြင်းအပေါ် မည်သို့စိတ်သဘောထားကြသနည်းဆိုသည့်အချက်ဖြစ်သည်။ သူတို့က ယေရှု၏အသေခံခြင်းကို ရှင်ပြန်ထမြောက်ခြင်းကကုစားပေးသော ဘေးဒုက္ခတစ်ခု သို့မဟုတ် အကြောင်းမသင့်၍ဖြစ်ပျက်ခဲ့သည့်အရာဟု သူတို့မမြင်ပါ။ သူတို့အတွက် ၎င်းသည် သူတို့အတွက် ယေရှုပြုခဲ့သမျှသောအရာအားလုံးအနက် အရေးအကြီးဆုံး၊ အထူးမြတ်ဆုံးဖြစ်သည်။ ထို့အပြင် သူတို့သည် ယေရှု၏အသေခံခြင်းကို သတိရလျက်အောင်ပွဲခံရန် အနည်းဆုံး တစ်ပတ်တစ်ကြိမ် (အများအားဖြင့် ခရစ်တော်ရှင်ပြန်ထမြောက်ရာနေ့ဖြစ်သည့် တစ်ပတ်တာ၏ပထမဆုံးရက်တွင်) ပုံမှန်တွေ့ဆုံလာကြသည်။ သူတို့စုဝေးသည့်အခါ "မုန့်ဖဲ့ခြင်း" (တ ၂း၄၂၊ ၂၀း၇) သို့မဟုတ် "သခင်ဘုရား၏ညစာစားပွဲ" ဟုခေါ်သည့် ရိုးရှင်းသောအခမ်းအနားကို ပြုလေ့ရှိကြသည်။ ခရစ်ယာန်တမန်တော်ရှင်ပေါလု၏ ၎င်းအကြောင်းဖော်ပြချက်ကို အောက်တွင်ဖော်ပြထားပါသည်။

အကြောင်းမူကား သခင်ဘုရားထံမှ ငါခံယူရရှိသောအရာကို သင်တို့၌ ငါအပ်ပေး၏။ ထိုအရာမှာ သခင်ယေရှုသည် အပ်နှံခြင်းခံရသောညဉ့် မုန့်ကိုယူ၍ ကျေးဇူးတော်ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ ''ဤမုန့်ကား သင်တို့အတွက်ချိုးဖဲ့သောငါ၏ကိုယ်ခန္ဓာဖြစ်၏။ ငါ့ကိုအောက်မေ့ဖို့ရန် ဤသို့ပြုကြလော့''ဟု မိန့်တော်မူ၏။ ထိုနည်းတူ ညစာစားပြီးမှ ခွက်ကိုလည်းယူ၍ ''ဤခွက်ကား ငါ၏သွေး၌တည်သော ပဋိညာဉ်သစ်ဖြစ်၏။ ဤခွက်ကိုသောက်သောအခါတိုင်း ငါ့ကိုအောက်မေ့ဖို့ရန် ဤသို့ပြုကြလော့''ဟု မိန့်တော်မူ၏။ ထို့ကြောင့် သင်တို့သည် ဤမုန့်ကိုစား၍ ဤခွက်ကိုသောက်သောအခါတိုင်း သခင်ဘုရား၏ အသေခံတော်မူခြင်းကို ကိုယ်တော်ကြွလာတော်မူသည်အထိ ကြေညာကြ၏။

(၁ ကော ၁၁း၂၃-၂၆)

ဤအခမ်းအနားသည် ယေရှုကိုယ်တော်တိုင်က အသေမခံမီညတွင် စီရင်သောပွဲတော်ဖြစ်ကြောင်း ရှင်ပေါလုက ကျွန်ုပ်တို့ကို သတိရစေပါသည်။ ထို့ကြောင့် ယေရှုကိုယ်တိုင်ရွေးချယ်သည့် သတိရသည့်နည်းလမ်း ဖြစ်သည်။

## ငါ့ကို သတိရကြလော့

ယေရှုသည် ဤအခမ်းအနားကိုစီရင်ပြင်ဆင်သည့်အချိန်က ဤလောကတွင် သူလုပ်ဆောင်ခဲ့သမျှအနက် အရေးအကြီးဆုံးဟု သူမှတ်ယူသောအရာကို အလေးဂရုပြုလျက် ရာစုနှစ်များစွာတစ်လျှောက် လူတို့အကြိမ်ကြိမ်ထပ်၍ထပ်၍စီရင်ကြလိမ့်မည်ကို ကြိုတင်မြင်တော်မူခဲ့မည်ဖြစ်သည်။ တပည့်တော်များ တစ်ပတ်တစ်ကြိမ်စုဝေးကြသည့်အခါတိုင်း သူဟောသောတောင်ပေါ်ဒေသနာကို တစ်ဦးဦးက အများရှေ့တွင် ရွတ်ဆိုပြရမည်ဟု ညွှန်ကြား၍ရသည်။ ထိုသို့ရွတ်ဆိုလျှင် လူ့ကျင့်ဝတ်သွန်သင်ပေးသောသူအဖြစ် ယေရှု၏အခန်းကဏ္ဍက အသားပေးထင်ဟပ်စေမည်ဖြစ်သည်။ သို့သော် ထိုသို့သတိရခံရမည့်နည်းလမ်းကို သူမရွေးချယ်ခဲ့ပေ။ အခြားနည်းတစ်ခုမှာ ထိုသို့စုဝေးကြသည့်အခါ တပည့်တော်ထဲမှတစ်ဦးက မတ်တတ်ရပ်လျက် ကိုယ်တော်ပြုခဲ့သည့်အံ့ဖွယ်အမှုများကို အများရှေ့တွင် ရေတွက်ပြရန်ဖြစ်သည်။ ထိုသို့ပြုလျှင် ယေရှုသည် အံ့ဖွယ်အမှုများပြုသောပုဂ္ဂိုလ်အဖြစ် သတိရကြမည်ဖြစ်သည်။ ဤနည်းလမ်းကိုလည်း ကိုယ်တော်မရွေးချယ်ခဲ့ပေ။ သူ၏အသေခံခြင်းကို သတိရစေမည့်အခမ်းအနားကို သူရွေးချယ်ခဲ့သည်။ သူ့အသေခံခြင်းသက်သက်သာမဟုတ်ဘဲ လက်ဂါးကပ်တိုင်ပေါ် ဝေဒနာခံစားလျက် အသေခံရန် မိမိကိုယ်ခန္ဓာကိုပေးအပ်ခြင်း၊ အပြစ်များခွင့်လွှတ်ခြင်းအတွက် မိမိအသွေးသွန်းခြင်း စသည့် အသေခံခြင်း၏ ရည်ရွယ်ချက်ကို သတိရစေရန်လည်းပါသည် (မ ၂၆း၂၈)။

ထို့ကြောင့် ဤအချက်သည် သူအသေခံရခြင်း၏ရည်ရွယ်ချက်ဖြစ်သည်ဆိုလျှင် သူအသေခံတော်မူခြင်းကို လူတို့၏မှတ်ဉာဏ်နှင့်လောက၏စိတ်ဝင်စားမှုအာရုံတို့၏ ဗဟိုတွင် အမြဲရှိနေစေခြင်းသည် နားလည်နိုင်သောအရာဖြစ်သည်။ သူ၏ လူ့ကျင့်ဝတ်ဆိုင်ရာသွန်သင်မှုကလည်းကောင်း၊ သူပြုခဲ့သောအံ့ဖွယ်အမှုတို့ကလည်းကောင်း လူတို့အတွက် အပြစ်လွှတ်ခြင်းကို မဖြစ်စေနိုင်ပါ။ တကယ်တမ်းတွင် လူ့ကျင့်ဝတ်ဆိုင်ရာ သူ့သွန်သင်မှုများက လူတို့အား သူတို့အပြစ်ကို ပို၍သတိထားမိလာစေသောကြောင့် မိမိ၌အပြစ်ရှိကြောင်းကို ယခင်ကထက် ပိုခံစားစေသည်။ သူ၏အသေခံတော်မူခြင်းကသာ အပြစ်အတွက် ဘုရားသတ်မှတ်ထားသောယဇ်အဖြစ် လိုအပ်သောအပြစ်လွှတ်ခြင်းနှင့် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်းတို့ကို ရရှိသည်။

ထို့ပြင် မည်သူ၏အသေခံခြင်းနှင့်ယဇ်တို့က အပြစ်လွှတ်ခြင်းကိုရရှိစေကြောင်း ရှင်းရှင်းလင်းလင်းဖြစ်စေရန်အတွက် ယေရှုသည် ဤအောက်မေ့ဖွယ်အခမ်းအနားအတွက် အသေးစိတ်အစီအစဉ်ချမှတ်ခဲ့ပြင်ဆင်ခဲ့သည်။ မိမိကိုယ်ခန္ဓာကိုပုံဆောင်သောမုန့်ကို တပည့်တော်များထံ

ပေးဝေသည့်အခါ ထိုပုံဆောင်သောမုန့်ကို အပြစ်လွှတ်ခြင်းရရှိရန်အတွက် ဘုရားသခင်ထံပူဇော်ပါဟု သူမပြောခဲ့ပါ။ ထိုမုန့်ကိုစားကြရန် သူမိန့်မှာခဲ့သည်။ ထိုနည်းတူပင် သူ၏သွေးတော်ကိုပုံဆောင်သော စပျစ်ဝိုင်ကို တပည့်တော်များထံပေးဝေသည့်အခါ အပြစ်အတွက်ယဇ်အဖြစ်သွန်းလောင်းကြပါဟု မမိန့်မှာခဲ့ပါ။ ၎င်းကို သူတို့သောက်ရမည်ဖြစ်သည် (မ ၂၆း၂၆-၂၇)။ ပုံဆောင်မှုထဲတွင် ကယ်တင်ခြင်းမပါပါ။ ၎င်းတို့သည် ယေရှု၏အသေခံခြင်းကို သမိုင်း၏ဗဟိုချက်အဖြစ် နောင်လာမည့် မျိုးဆက်အားလုံးတို့အား သတိရစေရန်နှင့်ကြေညာဟောပြောရန်နည်းလမ်းသာဖြစ်သည်။ လောကအတွက် ကယ်တင်ခြင်းသည် လူတို့၏ လုပ်ဆောင်ချက်၊ ပေးဆပ်ရသည့်ဝေဒနာ၊ ပူဇော်သောယဇ်တို့အပေါ် မမူတည်ဘဲ လက်ဂါးကပ်တိုင်ပေါ်အသေခံတော်မူစဉ် ယေရှုပူဇော်သောယဇ်တစ်ခုတည်းအပေါ်၌သာ မူတည်ကြောင်း ရှင်းရှင်းလင်းလင်း သိရှိနားလည်ရန် လိုအပ်သည်။

၎င်းသည် ယခုကျွန်ုပ်တို့လေ့လာတော့မည့် အံ့မခန်းဖွယ်ရာ အခိုင်အမာမိန့်တော်မူချက်ပင်ဖြစ်သည်။

# အခန်း ၂၈

## လောက၏ကယ်တင်ရှင်ဖြစ်တော်မူကြောင်း ယေရှုအခိုင်အမာပြောဆိုခြင်း

ဤလောကအတွက်ကယ်တင်ခြင်းသည် လက်ဂါးကပ်တိုင်ပေါ် မိမိ၏အသေခံခြင်းအားဖြင့် ပူဇော်သောယဇ်အပေါ် လုံးလုံးမူတည်နေကြောင်းကို ယေရှုသည် အသေမခံမီ ရှင်းလင်းအောင်လုပ်ဆောင်တော်မူခဲ့ပုံကို ပြီးခဲ့သည့်အခန်းတွင် ကျွန်ုပ်တို့တွေ့ခဲ့ကြသည်။ ဤအခိုင်အမာပြောဆိုမှုသည် အလွန်အံ့မခန်းဖွယ်ဖြစ်သည်ဖြစ်၍ မှန်ကန်ကြောင်း မည်ကဲ့သို့သောသက်သေအထောက်အထားရှိသနည်းဟု သဘာဝကျကျ ကျွန်ုပ်တို့မေးခွန်းထုတ်ကြသည်။ ခရစ်တော်၏ရှေ့တော်ပြေးကို ပထမဦးဆုံးခေါ်ကြပါစို့။

### ဗတ္တိဇံဆရာယောဟန်၏သက်သေခံချက်

ဗတ္တိဇံဆရာယောဟန်က သူသည် မေရှိယကို သူ့လူမျိုးတို့နှင့်လည်းကောင်း၊ ဤကမ္ဘာလောကနှင့်လည်းကောင်း မိတ်ဆက်ပေးရမည့် တရားဝင်တာဝန်ရှိသည့် ရှေ့တော်ပြေးအဖြစ်တာဝန်ပေးခံရသူဖြစ်သည်ဟု ပြောဆိုခဲ့သည် (ဟေရှာယ ၄၀း၃-၅၊ ယော ၁း၂၃)။ ရှင်ယောဟန်၏ မှတ်တမ်းအရ ယေရှုသည် သူ၏သာသနာတော်ကိုအစပြုတော်မူသည့်အချိန်တွင် ဗတ္တိဇံဆရာ ယောဟန်က ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ဟု ဟန်ဆောင်မှုကင်းစွာ ကြွေးကြော်ခဲ့သည် (ယော ၁း၃၀-၃၄)။ ထို့ပြင် ယောဟန်က "ဤလောက၏အပြစ်ကို ဆောင်ယူသွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်ကြလော့"ဟုလည်း ကြွေးကြော်ခဲ့သည် (ယော ၁း၂၉)။

ထူးခြားသောအချက်မှာ ဤကြေညာချက်ကို ယေရှုအသေခံပြီးမှ သို့မဟုတ် သူ၏ဤလောကဘဝအဆုံးပိုင်းတွင် ကြေညာခြင်းမဟုတ်ဘဲ ကိုယ်တော်၏အမှုတော်လုပ်ငန်းတကယ့်အစပိုင်းတွင် ကြေညာခဲ့ခြင်းဖြစ်သည်။ ယေရှုသည် လောကအပြစ်အတွက် အသေခံရန်ကြွလာတော်မူကြောင်း အစကတည်းကကြေညာခဲ့ပြီးသားဖြစ်သည်။ ယေရှုကိုယ်တိုင်ကလည်း ထိုအခိုင်အမာပြောဆိုချက်ကို ထပ်ထပ်ပြောဆိုခဲ့သည် - "အကြောင်းမူကား လူ့သားသည်လည်း လုပ်ကျွေးပြုစုခြင်းကိုခံရန်မဟုတ်ဘဲ လုပ်ကျွေးပြုစုရန်နှင့် များစွာသောသူတို့အတွက် ရွေးနုတ်စရာအဖိုးအခအဖြစ် မိမိအသက်ကိုစွန့်ရန်လာ၏" (မာ ၁၀း၄၅)၊ "ငါသည် ကောင်းမြတ်သောသိုးထိန်းဖြစ်၏။ ကောင်းမြတ်သောသိုးထိန်းသည် သိုးတို့အတွက် မိမိအသက်ကိုစွန့်တတ်၏။ .... ငါသည် သိုးများအတွက် ငါ၏အသက်ကိုစွန့်၏။ " (ယော၁၀း၁၁၊ ၁၅)။

သေချာသည်မှာ ဤအချက်တွင် ယေရှုသည် ထူးခြားသည်။ မည်သည့် ကမ္ဘာ့ဆရာသမားမျှ ဗုဒ္ဓဖြစ်စေ၊ မိုဟာမက်ဖြစ်စေ၊ ဆိုကရေးတီးဖြစ်စေ၊ ပလေတိုဖြစ်စေ၊ နပိုလီယန်ဖြစ်စေ၊ မားစ်ဖြစ်စေ မည်သည့်အတွေးအခေါ်ပညာရှင်၊ နိုင်ငံရေးသမား သို့မဟုတ် ဘာသာတရားတစ်ခုစတင်တည်ထောင်သူဖြစ်စေ သူ့လုပ်ငန်းစတင်လုပ်ဆောင်သည်နှင့် သူ့ဘဝ၏အဓိကရည်ရွယ်ချက်မှာ ဤလောက၏အပြစ်အတွက် အသေခံရန်ဖြစ်သည်ဟု ကြေညာခြင်းလုံးဝမရှိခဲ့ပေ။

၎င်းအတွက် ကောင်းသောအကြောင်းတရားများရှိပါသည်။ ထိုသို့ပြောဆိုခြင်းသည် အမှန်မဟုတ်ခဲ့လျှင် စိတ်ဖောက်ပြန်လျက် အလွန်အကျွံစိတ်ကြီးဝင်သည့်စိတ်ရောဂါသည်ကသာ ထိုသို့ပြောဆိုမည်ဖြစ်သည်။ ကန့်သတ်ချက်ရှိသောလူသားထက် အကန့်အသတ်မရှိပိုမိုထူးကဲသော

ပုဂ္ဂိုလ်မျိုးကသာ လောကတစ်ဂန်းလုံး၏အပြစ်အတွက် မိမိကိုယ်ကိုယ် လုံလောက်သောယဇ်အဖြစ် ပူဇော်နိုင်မည်ဖြစ်သည်။ မိမိ၌အပြစ်လုံးဝမရှိ၍ သေခြင်းနှင့်လုံးဝမထိုက်သောသူကသာ အပြစ်သားတို့၏သေခြင်းအတွက် မိမိ၏သေခြင်းကို အစားထိုးအဖြစ်ပေးအပ်ဆက်ကပ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အခြားဘာသာရေးခေါင်းဆောင်တစ်ဦးကမျှ ထိုကဲ့သို့သောအခိုင်အမာပြောဆိုမှုမျိုးမပြုခဲ့သည်မှာ နားလည်စရာအချက်ဖြစ်သည်။

သို့သော် ယေရှုက ထိုကဲ့သို့သောအခိုင်အမာပြောဆိုမှုကို ပြုတော်မူခဲ့သည်။ ထိုသို့ဆိုလျှင် သူသည် ရူးသွပ်သူဟုတ်ပါသလား။ နာဇရက်မြို့သားယေရှုလိုပုဂ္ဂိုလ်မျိုးသာ ရူးသွပ်သူဆိုခဲ့ပါက ဤလောကတွင် စိတ်မှန်သောသူတစ်ဦးမျှရှိမည်မဟုတ်ဟူသောအဖြေသည် သင့်တော်သည့်တစ်ခုတည်းသောအဖြေဖြစ်ပေလိမ့်မည်။

## ဓမ္မဟောင်းကျမ်း၏သက်သေ

ဓမ္မသစ်ကျမ်းအရ ခရစ်ယာန်သတင်းကောင်းမှာ "ခရစ်တော်သည် ကျွန်ုပ်တို့အပြစ်များအတွက် အသေခံတော်မူခဲ့သည်"ဟူ၍သက်သက်မဟုတ်ဘဲ "ခရစ်တော်သည် (ဓမ္မဟောင်းကျမ်း) ကျမ်းစာနှင့်အညီ ကျွန်ုပ်တို့အပြစ်များအတွက် အသေခံတော်မူခဲ့သည်"ဟူ၍ဖြစ်သည် (၁ ကော ၁၅း၃)။ တစ်နည်းဆိုရလျှင် ယေရှု၏အသေခံခြင်းသည် ဘုရားသခင်က ယခင်ရာစုနှစ်ပေါင်းများစွာပေးသောကတိတော်များနှင့်ပရောဖက်ပြုချက်များကို ပြည့်စုံစေသည်ဟု ဓမ္မသစ်ကျမ်းကဖော်ပြထားသည်။ ထိုပရောဖက်ပြုချက်များတွင် အပြစ်များအတွက် အပြစ်ဒဏ်ပေးဆပ်လျက် အပြစ်သားများ အပြစ်လွှတ်ခြင်းခံရကာ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်စေရန်အတွက် အသေခံရန် မေရှိယတည်းဟူသော မိမိ၏ကြီးမြတ်သောအစေခံကို ဘုရားသခင်စေလွှတ်တော်မူမည်ဟု ပရောဖက်ပြုထားသည်။ ယေရှုကိုယ်တော်တိုင်က အသေမခံမီရော ရှင်ပြန်ထမြောက်တော်မူပြီးနောက်ပိုင်းပါ ထိုအချက်ကို အခိုင်အမာမိန့်တော်မူခဲ့သည်။

> တစ်ဖန် ကိုယ်တော်( ယေရှု) က "သင်တို့နှင့်အတူရှိစဉ် သင်တို့အား ငါပြောခဲ့သောစကားမှာ မောရှေ၏ပညတ်တရားကျမ်း၊ ပရောဖက်ကျမ်းများနှင့် ဆာလံကျမ်းတို့တွင် ငါနှင့်ပတ် သက်၍ ရေးထားသမျှတို့သည် ပြည့်စုံခြင်းသို့ရောက်ရမည်ဟူ၍ဖြစ်၏"ဟု မိန့်တော်မူ၏။ ထို့နောက် ကျမ်းစာကိုနားလည်ကြစေရန် သူတို့၏အသိစိတ်ကိုဖွင့်ပေးတော်မူပြီးလျှင် သူတို့အား မြွက်ဆိုတော်မူသည်မှာ "ကျမ်းစာ၌ရေးထားသည်ကား ခရစ် တော်သည် ဒုက္ခဝေဒနာခံစားရ၍ သုံးရက်မြောက်သောနေ့၌ သေသောသူတို့ထဲမှ ထမြောက်ရမည်။ ထို့နောက် သူ၏နာမတော်အားဖြင့် အပြစ်များခွင့်လွှတ်ခြင်းကျေးဇူးနှင့်ဆိုင်သော နောင်တတရားကို ဂျေရုဆလင်မြို့မှအစပြု၍ လူမျိုးတကာတို့အား ဟောပြောရမည်ဟူ၍ဖြစ်၏ (လု ၂၄း၄၄-၄၇)။

ဘုရားသခင်၏ကြီးမြတ်သောအစေခံ မေရှိယသည် လောက၏အပြစ်များအတွက် ဝေဒနာခံစားလျက် အသေခံတော်မူမည့်အကြောင်းအရာသည် ယေရှုက မိမိခေတ်ကာလကလူတို့အားဖွင့်ပြောသည့်အခါမှ လူတို့ကြားရသည့်အကြောင်းအရာအသစ်တော့မဟုတ်ပေ။ ထိုအချိန်မတိုင်မီ ရာစုနှစ်များစွာကတည်းကပင် ဘုရားသခင်က ရှင်းရှင်းလင်းလင်းကြေညာလျက် ဓမ္မဟောင်းကျမ်းတွင် မှတ်တမ်းတင်ပြီးသားဖြစ်သည်။ ယေရှု၏ခေတ်ကာလကလူတို့အတွက် တစ်ခုတည်းသောမေးခွန်းမှာ ယေရှု၏သက်တော်စဉ်၊ အသေခံတော်မူခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည် ဤဓမ္မဟောင်းပရောဖက်ပြုချက်များနှင့် ကိုက်ညီပါသလားဆိုသည့်မေးခွန်းဖြစ်သည်။ ဂျူးခေါင်းဆောင်များသည် သူသည် မေရှိယမဟုတ်သည်မှာသေချာသည်ဟု ထင်မြင်ခဲ့ကြသည်။ သူတို့၏

ပရောဖက်များဟောပြောခဲ့သည့်အရာကို မေ့လျော့ကြဟန်ရှိသည်။ သူသည် မေရှိယမဟုတ်ခဲ့ကြောင်း သူတို့သက်သေပြရန်ကြိုးစားနိုင်သည့်နောက်ဆုံးအချက်မှာ သူ့ကိုအဆုံးစီရင်ရန်ဖြစ်သည်။ သို့သော် ယေရှု၏အခိုင်အမာပြောဆိုချက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့စိတ်ထဲဆုံးဖြတ်ချက်ချနိုင်ရန် အလားတူမေးခွန်းမျိုး ကျွန်ုပ်တို့တွင်ရှိနေဆဲဖြစ်သည်။

## ထာဝရဘုရား၏အစေခံ

ဘုရားသခင်၏အစေခံ မေရှိယကို ဤလောကသို့ ဘုရားသခင်စေလွှတ်တော်မူသော အခါ မည်သည့်အရာဖြစ်ပျက်မည်ကို ကြိုတင်ဟောကြားထားသည့် (သမ္မာကျမ်းစာပညာရှင်များ၏အဆိုအရ ခရစ်တော်မပေါ်မီ နှစ်ပေါင်း ၆၀၀ ခန့်က ရေးသားထားသော) ဟေရှာယ ၅၂း၁၃-၅၃း၁၂ သည် ဓမ္မဟောင်းကျမ်း၏လူသိအများဆုံးကျမ်းပိုဒ်များအနက် တစ်ခုဖြစ်သည်။

ကြည့်ရှုလော့။ ငါ့ကျွန်သည် အမှုဆောင်၍ အောင်လိမ့်မည်။
ချီးမြှောက်ချီးမြှင့်ခြင်းသို့ ရောက်၍၊ အထွဋ်အမြတ်ဖြစ်လိမ့်မည်။
သူသည် လူမဟုတ်သကဲ့သို့မျက်နှာပျက်ခြင်း၊
လူသားမဟုတ်သကဲ့သို့အဆင်းအသရေပျက်ခြင်းရှိသည်ကို၊
အများသောသူတို့ သည် အံ့သြမိန်းမောကြသည်ဖြစ်၍၊
ထိုအတူ သူသည် အများသောလူမျိုးတို့ကို သန့်ရှင်းစေလိမ့်မည်။
ရှေ့တော်၌ ရှင်ဘုရင်တို့သည် မိမိတို့ နှုတ်ကို ပိတ်၍ နေရကြလိမ့်မည်။
သူတပါးမပြဘူးသောအရာကို သူတို့သည် မြင်ကြလိမ့်မည်။
မကြားဘူး သော အရာကိုလည်း နားလည်ကြလိမ့်မည်။

ငါတို့ ဟောပြောသော သိတင်းစကားကို အဘယ်သူယုံသနည်း။
ထာဝရဘုရား၏ လက်တော်သည် အဘယ်သူအား ထင်ရှားတော်မူသနည်း။
ထာဝရဘုရား၏ကျွန်သည် အညွန့်ကဲ့သို့၎င်း ၊ သွေ့ခြောက်သောမြေ၌
ပေါက်သောအတက်ကဲ့သို့၎င်း၊ ရှေ့တော်၌ ကြီးပွား၏။
ပမာဏပြုစရာ အဆင်းတင့်တယ်ခြင်းမရှိ။ ချစ်လိုဘွယ်သော
မျက်နှာလက္ခဏာနှင့် မပြည့်စုံ။

မထီမဲ့မြင်ပြုခြင်းကိုခံ၍၊ လူတို့တွင် အယုတ်ဆုံးသောသူဖြစ်၏။
ငြိုငြင်သောသူ၊ နာကြည်းခြင်းဝေဒနာနှင့် ကျွမ်းဝင်သောသူဖြစ်၏။
သူတပါးမျက်နှာလွှဲခြင်းကိုခံရသောသူကဲ့သို့ဖြစ်၏။ မထီမဲ့မြင်ပြုခြင်းကိုခံလျက်ရှိ၍၊
ငါတို့သည် မရိုသေကြ။
သို့သော်လည်း၊ ထိုသူသည် ငါတို့အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေ၏။
ဒဏ်ခတ်တော်မူခြင်းကို၎င်း၊ ဘုရားသခင်ဆုံးမ၍ နှိမ့်ချတော်မူခြင်းကို၎င်း
ခံရသောသူဖြစ်သည်ဟု ငါတို့သည် ထင်မှတ်ကြပြီ။

ထိုသူသည် ငါတို့ လွန်ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို
ခံရလေ၏။ ငါတို့၏ ငြိမ်သက်ခြင်းချမ်းသာကိုဖြစ်စေသော ဆုံးမခြင်းသည် သူ့အပေါ်သို့
ရောက်၍၊ သူခံရသောဒဏ်ချက်အားဖြင့် ငါတို့သည် အနာပျောက်လျက် ရှိကြ၏။
ငါတို့ရှိသမျှသည် သိုးကဲ့သို့လမ်းလွှဲလျက်၊
ကိုယ်လမ်းသို့အသီးအသီးလိုက်သွားကြသည်ဖြစ်၍၊
ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ်၌ တင်တော်မူ၏။
ထိုသူသည် ညှဉ်းဆဲခြင်းနှင့် နှိမ့်ချခြင်းကိုခံ၍ နှုတ်ကို မဖွင့်ဘဲနေ၏။

အသေသတ်ခြင်းငှါဆောင်သွားသော သိုးသငယ်ကဲ့သို့သူ့ကို ဆောင်သွား၍၊ သိုးသည်
အမွေးညှပ်သောသူရှေ့မှာ မမြည်ဘဲနေသကဲ့သို့၊ သူသည် နှုတ်ကို မဖွင့်ဘဲနေ၏။
မတရားစွာ စီရင်ခြင်းအားဖြင့်သူ့ကို ထုတ်သွား ကြ၏။ အသက်ရှင်သောသူတို့၏ နေရာမှ
သူ့ကို သုတ်သင် ပယ်ရှင်းသည်ဖြစ်၍၊
သူ၏အမျိုးအနွယ်ကို အဘယ်သူပြဋ္ဌာန်းမည်နည်း။
ငါ၏လူမျိုးအပြစ်ကြောင့် ဒဏ်ခတ်တော်မူခြင်းကိုခံလေ၏။

ပြစ်မှားခြင်းကို မပြု။ သူ၏နှုတ်၌ မုသာမရှိသော်လည်း၊
လူဆိုးတို့နှင့်အတူမြေမြှုပ်ခြင်းငှါစီရင် ကြ၏။ သို့ရာတွင်သေပြီးမှ သူဌေး၌ ရှိ၏။
ထာဝရဘုရားသည် သူ့ကို နှိပ်စက်ခြင်းငှါအလိုတော် ရှိ၍ နာစေတော်မူ၏။
သူသည် အပြစ်ဖြေသော ယဇ်ကိုပူဇော်ပြီးမှ၊ အမျိုးအနွယ်တော်ကို မြင်ရလိမ့်မည်။
အသက်တော်လည်း ရှည်လိမ့်မည်။
ထာဝရဘုရား၏ အကြံတော်သည်လည်း သူ၏လက်၌ ပြည့်စုံခြင်းသို့ ရောက်လိမ့်မည်။
မိမိစိတ်ဝိညာဉ်ခံရသောဝေဒနာ၏အကျိုးကို မိမိမြင်၍ အားရလိမ့်မည်။
ထိုဖြောင့်မတ်သော ငါ၏ကျွန်ကို သိကျွမ်းခြင်းအားဖြင့်၊ သူသည် အများသောသူတို့ကို
ဖြောင့်မတ်ရာ၌ တည်စေလိမ့်မည်။ သူတို့၏အပြစ်ကို ကိုယ်တိုင်ဆောင်ရွက်ရ၏။
ထိုသို့ မိမိအသက်ကို သေခြင်း၌သွန်း၍၊ မတရားသောသူတို့နှင့် ရေတွက်ဝင်ခြင်းသို့
ရောက်သဖြင့်၊ လူများတို့၏အပြစ်ကို ဆောင်ရွက်၍၊ မတရားသောသူတို့အဘို့
တောင်းပန်သောကြောင့်၊ လူကြီးတို့ကို သူ၏အဘို့ဖြစ်စေခြင်းငှါ ငါခွဲမည်။
အစွမ်းသတ္တိရှိသောသူတို့ကို သူ၏လက်ရဥစ္စာကဲ့သို့၊
ကိုယ်တိုင်ဝေဖန်ရသောအခွင့် ရှိလိမ့်မည်။

(ဟေရှာယ ၅၂း၁၃ - ၅၃း၁၂)

ရှိနိုင်သောကန့်ကွက်ချက်။ တစ်ဦးဦးက "ဤပရောဖက်ပြုချက်သည် ယေရှုကို မမွေးဖွားမီက ရေးသားထားသောပရောဖက်ပြုချက်ဖြစ်၍ သူသည် ဤပရောဖက်ပြု ချက်အားလုံးကို သိပြီးသားဖြစ်နိုင်သောကြောင့် ဂျူးအာဏာပိုင်များအား သူ့ကိုအသေသတ်ရန် ရန်စပြီး မိမိကိုယ်ကိုယ် အာဇာနည်တစ်ဦးကဲ့သို့ဖြစ်စေကာ သူသည် ဤပရောဖက်ပြုချက်ကို ပြည့်စုံစေသူဖြစ်သည်ဟု မိမိနောက်လိုက်များကို အယုံသွင်းရန် လွယ်ကူမှုမရှိနိုင်ဘူးလား"ဟု ငြင်းခုံလာနိုင်ပါသည်။ ဤသို့သောငြင်းခုံမှုသည် အပေါ်ယံအားဖြင့် စိတ်ဝင်စားစရာကောင်းနိုင်သော်လည်း "ယေရှုသည် ဤပရောဖက်ပြုချက်ကို ပြည့်စုံစေရန် ကိုယ့်ကိုယ်ကိုယ်ပြင်ဆင်ခဲ့သည်ဆိုလျှင် အသေသတ်ခံပြီးသည့်အခါ သေခြင်းမှရှင်ပြန်ထမြောက်မည်ဖြစ်ကြောင်း သေချာနေရန်လိုပေလိမ့်မည်။ ထိုသို့ထမြောက်ခြင်းမရှိခဲ့လျှင် သူ၏အခိုင်အမာပြောဆိုမှုသည် အတုအယောင်သာဖြစ်မည်"ဆိုသည့် ကျော်လွှားမရသည့်ကန့်ကွက်မှုနှင့်ကြုံရမည်ဖြစ်သည်။ ထို့ကြောင့် အခြားမည်သည့်ပုဂ္ဂိုလ်ကမျှ မပြောဆိုဖူးဘဲ ယေရှုတစ်ပါးတည်းက ထိုပရောဖက်ပြုချက်ကို ပြည့်စုံစေမည်ဟု ကြေညာခဲ့ခြင်းဖြစ်သည်။ ထို့နောက် ယေရှု၏ရှင်ပြန်ထမြောက်ခြင်း၏သက်သေအထောက်အထားနှင့်ဆိုင်သော မေးခွန်းထံသို့ ကျွန်ုပ်တို့ ပြန်သွားကြမည်။ အဓိကသက်သေအထောက်အထားအချို့ကို ကျွန်ုပ်တို့စုဆောင်းခဲ့ပြီးပြီဖြစ်၍ ၎င်းကို ဤစာအုပ်၏နောက်ဆက်တွဲ (ခ) တွင် တွေ့ရမည်ဖြစ်သည်။

## ကိုယ်ပိုင်အတွေ့အကြုံသက်သေခံချက်

နှိုင်းယှဉ်ဆင်ခြင်ခြင်းတစ်ခုဖြင့် အစပြုကြစို့။ ဤကမ္ဘာတွင် ကျွန်ုပ်တို့အားလုံးသည် ဆာလောင်

တတ်သည့်အစာအိမ်ရှိကြပြီး ဆာလောင်လာသည့်အခါ အစားအစာကိုရှာလော့ရှိကြသည်။ ဤကမ္ဘာတွင် ဆာသည့်အခါစားသောက်ရမည့်အစားအစာများ မည်သည့်နေရာတွင်မျှ မရနိုင်ခဲ့လျှင် အမှန်ပင်တစ်မျိုးကြီးဖြစ်နေပေလိမ့်မည်။ သို့သော် မုန့်တစ်ချပ်သည် အမှန်တကယ်ကောင်းသည့် မုန့်တစ်ချပ်ဖြစ်ကြောင်း ကျွန်ုပ်တို့မည်ကဲ့သို့သိနိုင်မည်နည်း။ စားကြည့်ပြီး ကျွန်ုပ်တို့ကိုလုံးလုံးအဆာပြေစေကြောင်းခံစားရခြင်းအားဖြင့် သိနိုင်ပါသည်။

ထိုနည်းတူပင် ကျွန်ုပ်တို့အားလုံးတွင် အသိစိတ်ရှိကြောင်း ကျွန်ုပ်တို့အားလုံးသိကြသည်။ ထိုအသိစိတ်ကို ကျွန်ုပ်တို့မတီထွင်ခဲ့ပါ။ ဘုရားသခင်နှင့်လူသားအချင်းချင်းအပေါ် ကျွန်ုပ်တို့အပြစ်ပြုမိသည့်အခါ ထိုအသိစိတ်က အပြစ်ပြုမိပြီဖြစ်ကြောင်းသက်သေခံလျက် ကျွန်ုပ်တို့အပြစ်အတွက် ပြစ်ဒဏ်ခံရမည်ကိုလည်း သိစေသည်။ ကျွန်ုပ်တို့သည် စိတ်ထဲတွင် အပြစ်လွတ်ခြင်းကို တောင့်တကြသည်။ ကမ္ဘာလုံးဆိုင်ရာတရားမျှတမှုနှင့်ကိုက်ညီသည့် အပြစ်လွတ်ခြင်းကို ကျွန်ုပ်တို့ မည်သည့်နေရာတွင် ရှာတွေ့နိုင်မည်နည်း။ ယေရှုက ကျွန်ုပ်တို့အတွက် မိမိကိုယ်ကိုယ်ပေးအပ်တော်မူသည့်ဤနေရာတွင်သာ ကျွန်ုပ်တို့ရှာတွေ့နိုင်သည်။ သူက သူသည် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်၊ ကျွန်ုပ်တို့၏တရားသူကြီး ဖြစ်သည်ဟု မိန့်တော်မူသည်။ သူသည် ဘုရားသခင်၏ပညတ်တော်ကို ထိန်းသိမ်း၍ ကျွန်ုပ်တို့၏အပြစ်များကို အပြစ်ပေးရမည်ဖြစ်သည်။ ထိုအပြစ်များအတွက် အပြစ်ဒဏ်ခံရမည်ဖြစ်သည်။ သို့သော် သူသည် ကျွန်ုပ်တို့၏တရားသူကြီးသာဖြစ်တော်မူသည် မဟုတ်။ ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ဖြစ်တော်မူလျက် သူဖန်ဆင်းထားသော ကျွန်ုပ်တို့ကို ဖန်ဆင်းရှင်တစ်ပါးတည်းက ချစ်နိုင်သည့်မေတ္တာဖြင့် ချစ်တော်မူသည်။ ထိုသို့ချစ်တော်မူသောကြောင့် ကျွန်ုပ်တို့ခံရမည့်ပြစ်ဒဏ်အတွက် ကျွန်ုပ်တို့ကိုယ်စားအသေခံတော်မူကာ ကျွန်ုပ်တို့အား မိမိ၏ငြိမ်းချမ်းရေးနှင့်ထာဝရအသက်ကို ပေးတော်မူရန် ပြင်ဆင်တော်မူသည်။ သို့သော် မှန်မမှန် မည်သို့သိနိုင်မည်နည်း။ သိနိုင်သည့်နည်းလမ်းမှာ သူ့ကိုယုံကြည်လက်ခံလျက် အခြားသူမပြည့်စုံစေနိုင်သော ကျွန်ုပ်တို့အသိစိတ်၏လိုအင်ကို ပြည့်စုံစေတော်မူကြောင်း သိရှိသွားသည့်နည်းလမ်းပင်ဖြစ်သည်။

နောက်ဆုံးရောက်လာသည့် မေးခွန်းမှာ - ဖန်ဆင်းရှင်ရှိသည်ဆိုလျှင် သူ့ကို ကျွန်ုပ်မည်သို့သိနိုင်မည်နည်း။ သမ္မာကျမ်းစာ၏အဖြေမှာ - သင်သည် အပြစ်သားတစ်ဦးဖြစ်သော်လည်း သင့်ကို ပျက်စီးဆုံးရှုံးသွားစေခြင်းမရှိအောင် အစဉ်အမြဲဖြောင့်မတ်ခြင်းဖြင့် မည်သည့်အရာကိုမဆို လုပ်ဆောင်ပေးတော်မူမည်ဖြစ်သည် ဆိုသည့်အချက်ဖြင့် သင့်ဖန်ဆင်းရှင်ကို သင်သိနိုင်ပါသည်။ ထိုအချက်ကို သမ္မာကျမ်းစကားဖြင့်ပြောရလျှင် "ငါတို့သည် အပြစ်သားများဖြစ်ကြစဉ်ပင် ခရစ်တော်သည် ငါတို့အတွက် အသေခံတော်မူခြင်းအားဖြင့် ဘုရားသခင်သည် ငါတို့အပေါ် ထားရှိသော မိမိ၏ချစ်ခြင်းမေတ္တာတော်ကို ထင်ရှားစေတော်မူ၏" (ရော ၅း၈)။ "ဘုရားသခင်သည် မိမိ၏တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏။ ဤသည်ကား သားတော်ကိုယုံကြည်သောသူတိုင်း မပျက်စီးဘဲ ထာဝရအသက်ကို ရရှိစေရန်ဖြစ်၏" (ယော ၃း၁၆)။

**စာသင်ခန်းအတွက်**

ဟေရှာယ ၅၂း၁၃ - ၅၃း၁၂ ကိုဖတ်၍ အသေးစိတ်သေချာလေ့လာပါ။

ဓမ္မသစ်ကျမ်း၏အစပိုင်းတွင်ရှိကြသည့် ခရစ်ဝင်ကျမ်းလေးကျမ်းဖြစ်ကြသော ရှင်မဿဲ၊ ရှင်မာကု၊ ရှင်လုကာနှင့် ရှင်ယောဟန်တို့၏ အဆုံးပိုင်းတွင် ဖော်ပြထားသည့် ခရစ်တော်၏အသေခံတော်မူခြင်းအကြောင်းကို ကျမ်းလေးကျမ်းစလုံးတွင် ဖတ်ရှုလေ့လာပါ။

ယေရှုကြုံတွေ့ရသောအရာများကို ဟေရှာယ ၅၃ တွင် ကြိုတင်ဟောကြားထားသောအချက်များနှင့် နှိုင်းယှဉ်ကြည့်ပါ။

ထို့နောက် ကျွန်ုပ်တို့အတွက် ယေရှုအသေခံတော်မူသည့်အခါ ကျွန်ုပ်တို့အတွက် သမ္မာကျမ်းစာနှင့်အညီအသေခံတော်မူသည်(၁ ကော ၁၅း၃)ဆိုသည့်အချက်သည် မည်မျှအထိ သက်သေအထောက်အထားခိုင်လုံမှုရှိကြောင်း သင်ကိုယ်တိုင်ဆုံးဖြတ်ပါ။

ဟေရှာယ၏ပရောဖက်ပြုချက်ကို ပြန်ဖတ်ပြီး ၎င်း၏အရေးအကြီးဆုံးအချက်နှစ်ချက်ကို စာသင်သားများနားလည်ပြီဖြစ်ကြောင်း သေချာအောင်လုပ်ဆောင်ပါ။

(က) ထာဝရဘုရား၏ကျွန်သည် လူတို့လက်၌သာ ငြင်းပယ်ခြင်း၊ ရိုက်နှက်ခြင်းနှင့် အသေသတ်ခြင်းတို့ကို ခံရသည်မဟုတ်၊ ဘုရားသခင်၏လက်တော်၌လည်း ဒုက္ခဝေဒနာခံစားရမည်ဖြစ်သည်။ "ထာဝရဘုရားသည် ခပ်သိမ်းသော ငါတို့၏အပြစ်များကို သူ့အပေါ်၌ တင်တော်မူ"လျက် ( အပိုဒ်ငယ် ၆) ထိုအပြစ်များအတွက် အဖြေဖြစ်စေတော်မူခဲ့သည်။ ဤသို့ဖြင့် သူ့ကို "အပြစ်ဖြေသောယဇ်"ဖြစ်စေတော်မူခဲ့သည် (အပိုဒ်ငယ် ၁၀)။ ဆိုလိုသည်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုယ်စား သူ့အပေါ် ထိုသို့ပြုမူတော်မူခြင်းဖြစ်သည်။ သူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရမည်ဖြစ်သည် (အပိုဒ်ငယ် ၅)။ ထာဝရဘုရားကိုယ်တိုင်က သူ့ကို ကျွန်ုပ်တို့ကိုယ်စားနာကျင်စေလျက် (အ ပိုဒ်ငယ် ၁၀) အပြစ်ပေးတော်မူမည်ဖြစ်သည် (အပိုဒ်ငယ် ၅)။ အကြောင်းမှာ သူသည် ဘုရားသခင်၏ပညတ်တော်ကိုချိုးဖောက်သော ကျွန်ုပ်တို့အတွက် အပြစ်ဒဏ်ခံရရန်ဖြစ်သည်။ သူသည် "မတရားသောသူတို့နှင့် ရေတွက်ဝင်ခြင်းသို့ရောက်"၍ "မတရားသောသူတို့ အဘို့ တောင်းပန်"ခဲ့သည် (အပိုဒ်ငယ် ၁၂)။ ရလဒ်အဖြစ် ကျွန်ုပ်တို့သည် ဖြောင့်မတ်သူများအဖြစ်အသိအမှတ်ပြုခြင်းခံရလျက် အပြစ်လွှတ်ခြင်းခံရကာ ဘုရားသခင်၏တရားစီရင်ခြင်းမှတရားသေလွတ်ပြီး(အပိုဒ်ငယ် ၁၁) ဘုရားသခင်နှင့် ငြိမ်းချမ်းရေးရရန်(အပိုဒ်ငယ် ၅) ဖြစ်သည်။

(ခ) ဘုရားသခင်၏ကျွန်သည် အသေခံပြီး(အပိုဒ်ငယ် ၈) သင်္ဂြိုဟ်ခြင်းခံရမည်(အပိုဒ်ငယ် ၉) ဖြစ်သည်။ သို့သော် ထိုသို့ခံရပြီးနောက် အသက်တော်ရှည်လိမ့်မည်ဖြစ်သည် (အပိုဒ်ငယ် ၁၀)။ ထာဝရဘုရား၏အကြံတော်သည်လည်း သူ၏လက်၌ ပြည့်စုံ၍ (အပိုဒ်ငယ် ၁၀) သူသည် အောင်ပွဲခံကာ ကြီးစွာသောချီးမြှောက်ခြင်းကိုခံရလျက် အထွဋ်အမြတ်ဖြစ်တော်မူမည်ဖြစ်သည် (၅၃း၁၀-၁၁နှင့် ၅၂း၁၃-၁၅) ဤသို့ဖြစ်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ ဘုရားသခင်၏ကျွန်၏ရှင်ပြန်ထမြောက်ခြင်းသာဖြစ်သည်။

# အပိုင်း ၃
# ခရစ်ယာန်လူ့ကျင့်ဝတ်များ

# အခန်း ၂၉

## ခရစ်ယာန်လူ့ကျင့်ဝတ်များ ကမ္ဘာလောကထဲဝင်ရောက်ပြန့်နှံ့ခြင်း

ဤအခန်းတွင် ဤစာအုပ်၏အဓိကခေါင်းစဉ်ဖြစ်သည့် လူ့ကျင့်ဝတ်ထံသို့ ပြန်လှည့်ကြမည်ဖြစ်သည်။ ဓမ္မသစ်ကျမ်းတွင် အသေးစိတ်ဖြစ်လျက်ကျယ်ပြန့်သည့် လူ့ကျင့်ဝတ်ဆိုင်ရာညွှန်ကြားချက်များကို ဩဝါဒစာများတွင် တွေ့ရပါသည်။ ဤဩဝါဒစာများသည် တမန်တော်များနှင့်အခြားသောခရစ်ယာန်ခေါင်းဆောင်များက အသင်းတော်များထံရေးသားသောစာများဖြစ်ကြသည်။ ၎င်းတို့ထဲတွင် တစ်ဦးချင်းစီ၏ကိုယ်ကျင့်တရား၊ မိသားစုဘဝနှင့်ပေါင်းသင်းဆက်ဆံရေး၊ မိမိဂုဏ်းကျင်၌ရှိသောသူများအပေါ် - နိုင်ငံတော်အပေါ် - နေ့စဉ်အလုပ်အပေါ် - အလုပ်ရှင် သို့မဟုတ် အလုပ်သမားအပေါ် - ထားရှိရမည်စိတ်ထား၊ စသည်ဖြင့် လူ့ကျင့်ဝတ်နှင့်ပတ်သက်သည့် အသေးစိတ်ညွှန်ကြားချက်များ စာတစ်ခုလုံး၏ လေးပုံတစ်ပုံမှ သုံးပုံတစ်ပုံအထိ ပါနေတတ်သည်။ အသင်းတော်တွင်ပါဝင်သောသူများသည် လူအမျိုးမျိုးအဖုံဖုံရောနှောနေကြသည်ဖြစ်သောကြောင့် ညွှန်ကြားချက်များသည် အခြေခံကျပြီး အသေးစိတ်လည်းကျရန်လိုသည်။ ခရစ်တော်ထံမပြောင်းလဲလာမီ ဓမ္မဟောင်းကျမ်း၏လူ့ကျင့်ဝတ်များ ကောင်းစွာသင်ကြားခံယူခဲ့ကြသော ဂျူးလူမျိုးများပါသကဲ့သို့ ထာဝရဘုရားကိုမကိုးကွယ်၊ လူ့ကျင့်ဝတ်စံနှုန်းများလည်း ဂျူးတို့နှင့်ကွာခြားသည့် နောက်ခံအခြေအနေတွင် အသက်ရှင်ခဲ့ကြသည့် အခြားသောလူမျိုးလည်း ပါသည်။ ထို့ပြင် အလွန်ကြီးမားပြီး ယဉ်ကျေးမှုနှင့်လူမှုရေးရာတွင် ကွဲပြားခြားမှုများသော ရောမအင်ပါယာအရပ်ရပ်မှ လူများပါဝင်ကြသည်။ ဥပမာအားဖြင့် ဖိလိပ္ပိမြို့ရှိခရစ်ယာန်လူသစ်များသည် ရောမကိုလိုနီအတွင်းရှိသည့် ဂရိနိုင်ငံ၏မြို့တစ်မြို့တွင် နေထိုင်သူများဖြစ်ကြသည်။ ထိုအခြေအနေကို ထိုနိုင်ငံသားများက ဂုဏ်ယူကြပြီး ရောမအဝတ်အစားများဝတ်ဆင်ရခြင်းနှင့် လက်တင်ဘာသာစကားပြောဆိုရခြင်းကို သူတို့နှစ်သက်ကြသည်။ သူတို့မြို့သည် အစီအစဉ်တကျရှိလှသည်။ အခြားတစ်ဘက်တွင် ကရေတေကျွန်းရှိခရစ်ယာန်များမှာမူ သူတို့ထဲမှကဗျာဆရာတစ်ဦးက သူတို့အကြောင်းကို "ကရေတေကျွန်းသား၊ လူလိမ်များ၊ ဆိုးသွမ်းသားရဲ၊ စားမြဲစားသူ၊ ပျင်းရိလူ"ဟု ကဗျာစပ်ထားသည့်လူမျိုးစုဖြစ်ကြသည် (တိတု ၁း၁၂ မြန်မာ့စံမီကျမ်း)။ အေသင်နှင့်ကောရိန္သုမြို့တို့မှာ ၎င်းတို့၏ဆန်းပြားမှုအတွက် ချီးကျူးထိုက်သောမြို့များဖြစ်ကြပြီး အေသင်မြို့သည် ဗိသုကာပညာနှင့် အသိပညာပိုင်းဆိုင်ရာထူးချွန်မှုများပေါ်ပေါက်ရာ တက္ကသိုလ်မြို့ဖြစ်သကဲ့သို့ ကောရိန္သုမြို့သည် ကြွယ်ဝသောစီးပွားရေးဗဟိုချက်ဖြစ်သည်။ အေသင်မြို့သားများသည် တမန်တော်ရှင်ပေါလု၏စကားကို ပထမအကြိမ်ကြားရစဉ်က လူသည်မိမိအတွက်သာအလုပ်လုပ်သည်ဆိုသည့်အတွေးအခေါ်ကို အခြေခံသည့် "ဤစကားအိုးသည် မည်သည့်အရာကို ပြောဆိုလိုသနည်း" ဆိုသောမေးခွန်းကို မေးခဲ့ကြသည် (တ ၁၇း၁၈)။ အခြားထူးခြားလွန်းသူများမှာ လုကောနိပြည်၊ လုတ္တရမြို့သားများဖြစ်ကြပြီး သူတို့သည် ရှင်ပေါလုနှင့် သူ၏သာသနာပြုဖက် ဗာနဗတို့ကို မြေကြီးပေါ်သို့ လူ့အသွင်ဖြင့်ဆင်းလာကြသည့် ဟေရမေနှင့်ဇုသနတ်ဘုရားများဟု ထင်မှတ်ခဲ့ကြသည် (တ ၁၄း၈-၁၇)။

ဤကဲ့သို့ နေရာဒေသအမျိုးမျိုးမှ မတူကွဲပြားသောလူအုပ်စုများအား ခရစ်ယာန်လူ့ကျင့်ဝတ်ကျင့်သုံးစေရန်မှာ ဖြိုလောက်သောစိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပေလိမ့်မည်။ အင်ပါယာ၏မြို့တော်

ရောမမြို့တွင် သို့မဟုတ် အာရှမိုင်းနားဒေသ၏အဓိကမြို့ဖြစ်သော ဧဖက်မြို့တွင် ထိုကဲ့သို့သော စိန်ခေါ်မှုသည် နှစ်ဆခက်ခဲပေလိမ့်မည်။ အကြောင်းမှာ ခရစ်ယာန်ယုံကြည်မှုသည် တစ်ဦးချင်း က မိမိတစ်ကိုယ်တည်း သို့မဟုတ် မိမိလူမျိုးစု သို့မဟုတ် ယဉ်ကျေးမှုတူသောအုပ်စုအတွင်း သီး သန့်ဖြစ်သည့်အခြေအနေတွင် လိုက်လျှောက်ရသည့်အတွေးအခေါ်တစ်ခု မဟုတ်ပေ။ ခရစ်ယာန် ယုံကြည်မှုသည် အခြားယုံကြည်သူများနှင့် တက်ကြွစွာမိသဟာရဖွဲ့လျက် အသက်ရှင်မှုကိုတောင်း ဆိုသော ဘဝအသက်တာတစ်ခုဖြစ်သည်။ မူလက ဂျူးဖြစ်သည်ဖြစ်စေ၊ လူမျိုးခြားဖြစ်သည်ဖြစ် စေ၊ ပညာတတ်ဖြစ်စေ၊ ပညာမတတ်သူဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ အုပ်ချုပ်သူရောမ လူမျိုးထဲမှဖြစ်စေ၊ အုပ်ချုပ်ခံနိုင်ငံများမှဖြစ်စေ၊ အားလုံးသည် ခရစ်ယာန်ဖြစ်သွားပြီဆိုလျှင် အချင်းချင်း လက်ခံရမည်၊ လေးစားရမည်၊ ချစ်ခြင်းမေတ္တာထားရမည်၊ မိမိဒေသမှခရစ်ယာန်အ သင်းတော်တွင် တက်တက်ကြွကြွပါဝင်ရမည်ဖြစ်သည်။ တကယ်တမ်းတွင် ခရစ်ယာန်ယုံကြည်မှု သည် တောင်းဆိုမှုများသည့်ယုံကြည်မှုဖြစ်သည်။

မေးခွန်းများပေါ်လာမည်သေချာသည်။ ပထမမေးခွန်းမှာ သမိုင်းကြောင်းဆိုင်ရာနှင့် ပထဝီ ဝင်မေးခွန်းဖြစ်သည့် ဘယ်လို၊ ဘယ်အချိန်၊ ဘယ်နေရာတွင် ထိုကဲ့သို့သော ခရစ်ယာန်အုပ်စု ဖြစ် တည်လာခဲ့သနည်းဆိုသည့်မေးခွန်းဖြစ်သည်။ ပထမရာစုနှစ်တွင် ကောင်းမြတ်သောသတင်း ပြန့်နှံ့ခဲ့ပုံနှင့်ပတ်သက်သော မြေထဲပင်လယ်ဒေသ၏မြေပုံများကို ဆန်းစစ်ခြင်းအားဖြင့် ထိုမေးခွန်း ကိုဖြေဆိုနိုင်ပါသည် (*စာသင်ခန်းအတွက်* ဖော်ပြချက်ထဲမှ ဆက်နွယ်မှုရှိသည့်အကြံပြုချက်များ ကို ကြည့်ပါ)။

အခြားမေးခွန်းသည် ပိုမိုလေးနက်ပြီး ကျွန်ုပ်တို့လေ့လာနေသော လူ့ကျင့်ဝတ်ပြဿနာ၏ အဓိကအချက်နှင့် ဆက်စပ်သည်။ မတူကွဲပြားသောနောက်ခံအခြေအနေများမှ လူအမျိုးမျိုးတို့ကို မိမိတို့၏ယခင်ဘဝဟောင်းပုံစံကို စွန့်လွှတ်စေလျက် ခရစ်ယာန်လူ့ကျင့်ဝတ်ကို လက်ခံကျင့်သုံး စေသည့် ခရစ်ယာန်သတင်းစကားသည် မည်ကဲ့သို့သော သတင်းစကားဖြစ်သနည်း။

မေးခွန်းကို သရုပ်ပေါ်စေရန် ထူးကဲ့သောဖြစ်ရပ်နှစ်ခုကို ယူကြစို့။

*၁။ ကောရိန္သုမြို့သားများ* (ရှင်ပေါလုသွားရောက်ခဲ့ခြင်းကိုလေ့လာရန် တ ၁၈ ကို ဖတ်ပါ)

ကောရိန္သုမြို့သည် လူဦးရေအားဖြင့် (ကျွန်များအပါအဝင်) ၆၅ဝဝဝဝ ခန့်ရှိသည့် ချမ်းသာ ကြွယ်ဝသောမြို့ကြီးဖြစ်သည်။ ဆိပ်ကမ်းမြို့လည်းဖြစ်သည်။ ကိုယ်ကျင့်တရားပိုင်းနှင့်ပတ်သက် ၍ ၎င်း၏ဂုဏ်သတင်းအကြောင်း အောက်ပါအကျဉ်းချုပ်ဖော်ပြချက်ကို သုံးသပ်ကြည့်ပါ။

> အခြားသော စီးပွားရေးမြို့ကြီးများနည်းတူ ကောရိန္သုမြို့သည် မကောင်းမှုတို့ ပေါ်ပေါ် လွင်လွင်ကျက်စားရာအရပ်ဖြစ်ခဲ့သည်။ အက်ဖရိုဒိုက်တီးနတ်ဘုရားမကိုးကွယ်မှုသည် ပြည့်တန်ဆာလုပ်ငန်းကို ဘာသာရေးအသွင်ဖြင့်အားပေးအားမြှောက်ပြုခဲ့သည်။ ပြည့် တန်ဆာယဇ်ပုရောဟိတ်မ ၁ဝဝဝ က ထိုနတ်ဘုရားမ၏ဗိမာန်တွင် တာဝန်ထမ်းဆောင် ကြသည်။ ထိုသို့ဖြင့် ကောရိန္သုမြို့သည် မကောင်းမှုဖြင့် နာမည်ကျော်ကြားသော ကြောင့် "လိင်ပိုင်းဆိုင်ရာကိုယ်ကျင့်တရားပျက်ပြားသည်"ဟု အဓိပ္ပါယ်ရသော "ကောရိန္သုမြို့သားဇာတ်သွင်းသည် - to Corinthianize"ဆိုသည့် ဂရိစကားလုံး ဖြစ် ပေါ်လာခဲ့သည်။ ဤကဲ့သို့သောအခြေအနေတွင် ကောရိန္သုအသင်းတော်သည် ပြဿ နာအမျိုးမျိုး၏ဖိစီးမှုခံခဲ့ရခြင်းမှာ အံ့သြစရာမဟုတ်ပါ။[13]

[13] 'Introduction to 1 Corinthians', *NIV Study Bible*.

**စာသင်ခန်းအတွက်**

အတူလုပ်ဆောင်စရာတစ်ခု ရှိပါသည်။

ပထမရာစုခေတ် မြေထဲပင်လယ်ဒေသ၏မြေပုံတစ်ခုကို ရှာထားပါ သို့မဟုတ် ဆွဲထားပါ။ ရောမအင်ပါယာ၏နယ်နမိတ်အကျယ်အဝန်းကိုလည်း အမှတ်အသားပြုပါ။

တမန်တော်ဝတ္ထုမှ သတင်းအချက်အလက်များကိုအသုံးပြုလျက် ကနဦးခရစ်ယာန်သာသနာပြုများ၏သာသနာပြုခရီးများကို သင့်မြေပုံတွင် ခြေရာခံပြီး ခရစ်တော်က သူ့တပည့်တော်များကို ဂျေရုဆလင်မြို့မှအထက်ခန်းမထဲတွင် အမိန့်ပေးစေခိုင်းသည့်အချိန်မှစ၍ ခရစ်ယာန်သတင်းကောင်း မည်ကဲ့သို့ပြန့်နှံ့သွားခဲ့သည်ကို လေ့လာပါ (လု ၂၄း၃၃-၄၉။ တ ၂း၅-၂၈း၃၀)။

တမန်တော်ဝတ္ထုနှင့် ဩဝါဒစာများအသုံးပြုလျက် အာရှနှင့်ဥရောပနစ်တိုက်လုံးတွင် အေဒီ ၇၀ အတွင်း ခရစ်ယာန်အသင်းတော်များ တည်ထောင်ခဲ့သည့်မြို့များကို သင့်မြေပုံပေါ်တွင် အမှတ်အသားများရေးဆွဲပါ။

ကျွန်ုပ်တို့သည် ဒဏ္ဍာရီများအကြောင်းပြောဆိုနေခြင်းမဟုတ်ဘဲ သမိုင်းကြောင်းဖြစ်ရပ်မှန်အဖြစ်အပျက်များအကြောင်း ပြောဆိုနေကြောင်း သင့်စာသင်သားများ သိရှိရန်အတွက် ကူညီပေးရန် ခန့်မှန်းချေ အချိန်ကာလအချို့ကို ဖော်ပြပါမည်။ အသင်းတော်များတည်ထောင်သည့်အချိန်များမှာ - ဂျေရုဆလင်တွင် အေဒီ ၃၀။ ဆီးရီးယားမှ အန္တိအုတ်မြို့တွင် အေဒီ ၄၀ ကျော်လေး အစောပိုင်း။ ဖိလိပ္ပိ၊ သက်သာလောနိတ်၊ ဗေရိနှင့် တို့တွင် အေဒီ ၅၀ - ၅၂ ကြား။ ကောလောသဲနှင့် လုတ္တရမြို့တို့တွင် အေဒီ ၅၃ - ၅၇ ကြားနှင့် ကရေတေကျွန်းတွင် အေဒီ ၆၂ - ၆၇ ကြားတို့ ဖြစ်ကြသည်။

တမန်တော်ရှင်ပေါလုက ဤမြို့ရှိ နောက်ပိုင်းပြောင်းလဲလာသူများထံစာရေးသားရင်း ဟန့်တားကန့်ကွက်သင့်သည့်အတိုင်း ဟန့်တားကန့်ကွက်ခဲ့သည် -

> တရားနှင့်မညီမေထုန်ပြုသူများ၊ ရုပ်တုကိုးကွယ်သူများ၊ အိမ်ထောင်ရေးဖောက်ပြန်မှု ကျူးလွန်သူများ၊ အမျိုးသားပြည့်တန်ဆာများ၊ လိင်တူဆက်ဆံသူများ၊ သူခိုးများ၊ လောဘလွန်ကျူးသူများ၊ သောက်စားမူးယစ်သူများ၊ ဝေဖန်ပုတ်ခတ်သူများနှင့် လိမ်လည်လုယူသူများသည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေဆက်ခံကြရမည်မဟုတ် (၁ ကော ၆း၉-၁၀)။

သို့သော် သူက "သင်တို့တွင် အချို့တို့သည် ထိုသို့သောသူများဖြစ်ခဲ့ကြ၏" (အပိုဒ်ငယ် ၁၁) ဟု ထပ်မံဖော်ပြသည်။ ဆိုလိုသည်မှာ သူတို့သည် ခရစ်တော်ထံမပြောင်းလဲမီက ထိုသို့သောသူများဖြစ်ခဲ့ကြသည်။

ထိုသို့ဆိုလျှင် မည်သည့်အရာက သူတို့အား အသက်ရှင်မှုပုံစံဟောင်းကို စွန့်လွှတ်စေခဲ့သနည်း။ ထိုကဲ့သို့သောလူတို့သည် လူ့ကျင့်ဝတ်အကြောင်း ဟောပြောသင်ကြားပေးရုံနှင့် ထိုသို့ မပြောင်းလဲတတ်သူများမဟုတ်ကြောင်း ကျွန်ုပ်တို့အတွေ့အကြုံများအရ ကျွန်ုပ်တို့သိကြသည်။ သူတို့ကို ပြောင်းလဲစေခဲ့သော ခရစ်ယာန်သတင်းစကားသည် မည်ကဲ့သို့သောသတင်းစကားဖြစ်ပါသနည်း။

*၂။ တမန်တော်ရှင်ပေါလုကိုယ်တိုင်*

သူသည် ခရစ်ယာန်တစ်ဦးမဖြစ်မီ တာရှုမြို့သား ရှောလုဟု သူ့ကို လူတို့သိထားသည့်အချိန်က သူ၏အသက်ရှင်မှုပုံစံကို သူကိုယ်တိုင်က ဤသို့ရေးသားဖော်ပြထားသည်-

> သို့သော် အသွေးအသား၌ကိုးစားစရာလည်း ငါ၌ရှိပါ၏။ အခြားသူတစ်စုံတစ်ဦးသည် အသွေးအသား၌ကိုးစားစရာရှိသည်ဟု ထင်မှတ်လျှင် ငါ၌ ပို၍ပင်ရှိ၏။ ငါသည် ရှစ်ရက်မြောက်သောနေ့၌ အရေဖျားလှီးထားသောသူ၊ အစ္စရေးလူမျိုး၊ ဗယ်္ယာမိန်အနွယ်ဝင်၊ ဟေဗြဲလူမျိုးမှဟေဗြဲလူမျိုးအစစ်၊ ပညတ်တရားအရဆိုလျှင် ဖာရိရှဲတစ်ဦး၊ စိတ်အားထက်သန်မှုအရဆိုလျှင် အသင်းတော်ကိုညှဉ်းဆဲသောသူ၊ ပညတ်တရားအားဖြင့်ရရှိသော ဖြောင့်မတ်ခြင်းအရဆိုလျှင် အပြစ်တင်စရာမရှိသောသူဖြစ်၏။
> သို့သော် ငါ့အတွက် အကျိုးကျေးဇူးဖြစ်ခဲ့သော ဤအရာတို့ကို ခရစ်တော်ကိုထောက်လျက် အရှုံးဟူ၍ ငါမှတ်ယူ၏။ ထိုမျှမက ငါ၏သခင်ခရစ်တော်ယေရှုကို သိသော ဥာဏ်၏ထူးမြတ်သောအကျိုးကျေးဇူးကြောင့် အရာခပ်သိမ်းကို အရှုံးဟူ၍ ငါမှတ်ယူ၏။ ထိုသခင်ကိုထောက်၍ အရာခပ်သိမ်းတို့ကို ငါအဆုံးရှုံးခံပြီး ၎င်းတို့ကို မစင်ကဲ့သို့ ငါမှတ်ယူ၏ (ဖိလိပ္ပိ ၃း၄-၈)။

မိမိယုံကြည်သော ဘာသာရေးထုံးတမ်းစဉ်လာများကို တိတိကျကျလိုက်နာစောင့်ထိန်းသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ မှန်ပါသည်- ကျွန်ုပ်တို့စံနှုန်းနှင့်ဆိုလျှင် သူသည် အယူသန်သူ၊ မိမိက အယူမှားသူဟုသတ်မှတ်သောသူတို့ကို ခါးခါးသီးသီးညှင်းပန်းနှိပ်စက်သူဖြစ်သည်။ သို့သော် သူကိုယ်တိုင်က ထိုစဉ်က ထိုသို့မမြင်ခဲ့ပါ။ ဘုရားသခင်ကိုချစ်၍ ဆက်ကပ်သောကြောင့် ဘုရားသခင်ကို စော်ကားပြောဆိုသူများကို ထိုသို့ပြုခြင်းဖြစ်သည်ဟု သူအမှန်တကယ်ခံယူယုံကြည်ခဲ့သည်။ ထို့ပြင် ဘုရားသခင်၏ပညတ်တော်ကိုစောင့်ထိန်းရန် သူအမှန်တကယ်စိတ်ပိုင်းဖြတ်ထားသည်ဟု သူရိုးသားစွာပြောဆိုနိုင်သည်။ သူသည်ပြည့်စုံခြင်းမရှိသော်လည်း သူ့အမှားကိုရှာမတွေ့နိုင်ခဲ့သလို ကိုယ်ကျင့်တရားလျော့ရဲမှုအတွက်လည်း မည်သူကမျှ သူ့ကိုမစွပ်စွဲနိုင်ခဲ့ပေ။

ထိုသို့ဆိုလျှင် ခရစ်ယာန်သတင်းစကားသည် မည်ကဲ့သို့သောသတင်းစကားဖြစ်၍ ထိုကဲ့သို့သောသူအား မိမိ၏အသက်ရှင်မှုပုံစံကို ပြောင်းလဲရန်လိုသည်ဟု လုံးလုံးခံယူစေလျက် မိမိ၏ကိုယ်ပိုင်လူ့ကျင့်ဝတ်သည်လည်း လုံလောက်မှုမရှိ၊ အဂတိစုတ်ကဲ့သို့ စွန့်ပစ်ရမည့်အရာဟု ခံယူစေခဲ့သနည်း။ ဤအဆင့်အထိ သူလိုက်လျှောက်လာသောအရာထက် ခရစ်ယာန်လူ့ကျင့်ဝတ်သည် မည်သည့်ပုံစံဖြင့် ပိုမိုမြင့်မြတ်ထူးကဲမှုရှိသနည်း။

## ခရစ်ယာန်သတင်းကောင်း၏ ထိရောက်မှုနှင့်ဆိုင်သော အဓိကအချက်လေးချက်

အထက်တွင်ဖော်ပြသည့်မေးခွန်းအတွက် အဖြေများကိုရှာရန် သဘာဝကျသောနေရာမှာ တမန်တော်ဝတ္ထုပင်ဖြစ်သည်။ ရှင်လုကာသည် မိမိ၏သမိုင်းမှတ်တမ်းကျမ်းတွင် မတူညီသောပရိသတ်များရှေ့တွင် ခရစ်ယာန်ခေါင်းဆောင်တော်တော်များများဟောပြောခဲ့သော တရားဒေသနာများနှင့် မိန့်ခွန်းများကို အစဉ်လိုက်ထည့်သွင်းဖော်ပြထားသည် (အောက်မှလေးထောင့်ကွက်ကို ကြည့်ပါ)။

ရှင်လုကာက ကျွန်ုပ်တို့ကိုပေးထားသော ဤတရားဒေသနာများနှင့် ဟောကြားချက်များသည် ဖြစ်ရပ်တစ်ခုစီတွင် ပြောဆိုခဲ့သည့်အရာကို ပြန်လည်အကျဉ်းချုပ်ဖော်ပြသည့်အရာများသာဖြစ်ကြသည်မှာ မှန်ပါသည်။[14] သို့သော် ၎င်းတို့သည် ဟောပြောချက်တစ်ခုစီ၏ အဓိကတည်ဆောက်

[14]ဤအချက်ကို ပိုမိုကျယ်ပြန့်စွာဆွေးနွေးရန်အတွက် Gooding ရေးသားသည့် *True to the Faith* စာမျက်နှာ ၂၈၉ နှင့်အောက်ပိုင်း၊ ၃၉၅ နှင့်အောက်ပိုင်းတို့ကို ကိုကြည့်ပါ။

မှုပုံစံနှင့် ၎င်း၏အဓိကကျသောထောက်ခံတင်ပြမှုများကို ရှင်းရှင်းလင်းလင်းဖော်ပြကြသည်။ ထို့ပြင် ဤအလွန်အရေးကြီးသောရှာဖွေတွေ့ရှိမှုကိုလည်း ဖြစ်ပေါ်စေကြသည် - ခရစ်ယာန်ဖြစ်နေသည်မှာကြာပြီဖြစ်သောသူများထံပေးပြောခဲ့သည့် နံပါတ် ၁၈ နှင့် ရှင်ပေါလုက တရားရင်ဆိုင်ရစဉ် မိမိကိုယ်ကိုယ်ကာကွယ်ပြောဆိုခဲ့သည့် နံပါတ် ၁၃ တို့မှတစ်ပါး ဖော်ပြပါ တရားဒေသနာများနှင့်ဟောပြောချက်အားလုံးတွင်ပါဝင်သည့် လူ့ကျင့်ဝတ်ဆိုင်ရာသွန်သင်မှုကို စုစည်းလိုက်ပါက ဝါကျတစ်ကြောင်းသာအနိုင်နိုင်ရှိမည်ဖြစ်သည်။ ဤအချက်သည် သမိုင်းကြောင်းအရ အလွန်ထူးခြားပါသည်။ ကျွန်ုပ်တို့သိလိုသောအချက်မှာ - ဤသို့ဖြစ်အောင်မည်သို့စီမံခဲ့သနည်း။ တမန်တော်ဝတ္ထုတွင် ကျွန်ုပ်တို့တွေ့ရသည့်အဖြေမှာ လူတို့အား အသက်ရှင်မှုပုံစံဟောင်းကိုစွန့်လျက် ခရစ်ယာန်လူ့ကျင့်ဝတ်ကိုကျင့်သုံးစေသည့်ဟောပြောမှုသည် ပင်ကိုယ်အားဖြင့် လူ့ကျင့်ဝတ်အကြောင်းညွှန်ကြားသွန်သင်မှုမဟုတ်ပေ။ လူတို့အသက်တာပြောင်းလဲပြီးမှသာ လူ့ကျင့်ဝတ်ပါလာသည်။

## ထိုသို့ဆိုလျှင် လူတို့ကိုပြောင်းလဲစေသောထိုသတင်းစကားသည် မည်သည့်သတင်းစကားဖြစ်ပါသနည်း

အောက်တွင်စာရင်းပြုစုဖော်ပြထားသော တရားဒေသနာများ၊ ဟောပြောချက်များနှင့် ၎င်းတို့နှင့်အတူဖော်ပြသည့် ပြောင်းလဲမှုမှတ်တမ်းများကို ဖတ်ရှုခြင်းသည် အချိန်ပေးရသည်နှင့်ထိုက်တန်သည်ဟု ကျွန်ုပ်တို့အကြံပြုလိုပါသည်။ ထိုသို့အကြံပြုသည်နှင့်အညီ တရားဒေသနာနှင့်ဟောပြောချက်များ၏အဓိကဆိုလိုရင်းနှင့် ၎င်းတို့၏နောက်ခံအခြေအနေတို့ကိုလည်း သတိပြုစေလိုပါသည်။

- ယေရှု၏အသေခံခြင်းနှင့် အပြစ်လွှတ်ခြင်းကမ်းလှမ်းချက်
- ယေရှု၏ရှင်ပြန်ထမြောက်ခြင်းနှင့် ၎င်း၏ပတ်သက်သက်ရောက်မှု
- သန့်ရှင်းသောဝိညာဉ်တော်၏ဆုကျေးဇူးကမ်းလှမ်းချက်
- ယေရှုဒုတိယအကြိမ်ကြွလာခြင်းကတိတော်နှင့် သခင်ဘုရား၏တရားစီရင်ရာနေ့အတွက် သတိပေးချက်

ကျွန်ုပ်တို့အကြံပြုသော ဤအဓိကကျသောအချက်လေးချက်သည် လူတို့အလယ်တွင် စိတ်နှလုံးပြောင်းခြင်း၊ သခင်ယေရှုကိုယုံကြည်ခြင်းနှင့် အပြစ်မကင်းသောအသက်ရှင်မှုကိုစွန့်လျက် ခရစ်တော်၏လူ့ကျင့်ဝတ်ဆိုင်ရာသွန်သင်ချက်ကို ဘာဖြစ်နေဖြစ်နေလိုက်နာလိုသောစိတ်ဆန္ဒတို့ကိုဖြစ်ပေါ်စေသည့် ကနဦးခရစ်ယာန်များ၏ဟောပြောချက်များထဲမှဖြစ်ပါသည်။

ထိုထက်မကသေးပါ။ နောက်အခန်းတွင် ၎င်းခရစ်ယာန်ယုံကြည်မှုအဓိကကျသောအချက်လေးချက်သည် ၎င်းတို့အပေါ်တည်ဆောက်ထားသည့် လူ့ကျင့်ဝတ်ဆိုင်ရာသွန်သင်မှု၏အခြေခံကို မည်ကဲ့သို့ဖြစ်ပေါ်စေကြောင်းနှင့် ခရစ်ယာန်တို့ထံမျှော်လင့်ထားသည့် စံနမူနာပြမှု၊ ထိုစံနမူနာပြမှုအတွက် နှိုးဆော်မှုနှင့်အစွမ်းသတ္တိတို့ကို မည်ကဲ့သို့ပံ့ပိုးပေးကြောင်း ကျွန်ုပ်တို့လေ့လာကြမည်ဖြစ်သည်။

တမန်တော်ဝတ္ထုထဲမှ တရားဒေသနာများနှင့် ဟောပြောချက်များ

| | |
|---|---|
| ၁။ ရှင်ပေတရု၊ ဂျေရုဆလင်မြို့လူထုရှေ့ | ၂း၁၄-၃၆ |
| ၂။ ရှင်ပေတရု၊ ဂျေရုဆလင်မြို့လူထုရှေ့ | ၃း၁၂-၂၆ |
| ၃။ ရှင်ပေတရု၊ ဂျူးကောင်စီရှေ့ | ၄း၅-၁၂ |
| ၄။ ရှင်ပေတရု၊ ဂျူးကောင်စီရှေ့ | ၅း၂၉-၄၂ |

၅။ သတေဖန်၊ ဂျူးကောင်စီရှေ့ ၇း၂-၅၃
၆။ ရှင်ပေတရု၊ အချို့သောလူမျိုးခြားတို့ရှေ့ ၁၀း၃၄-၄၃
၇။ ရှင်ပေါလု၊ ပိသိဒိပြည်၊ အန္တိအုတ်မြို့ရှိဂျတ်ပြုစည်းဝေးကျောင်းတွင် ၁၃း၁၆-၄၁
၈။ ရှင်ပေါလု၊ လုတ္တရမြို့ရှိလူအုပ်ရှေ့တွင် ၁၄း၁၄-၁၈
၉။ ရှင်ပေါလု၊ အေသင်မြို့၊ အာရေတောင်ပေါ်တွင် ၁၇း၂၂-၃၁
၁၀။ ရှင်ပေါလု၊ ဧဖက်မြို့ အသင်းတော်လူကြီးများရှေ့ ၂၀း၁၈-၃၅
၁၁။ ရှင်ပေါလု၊ ဂျေရုဆလင်တွင် ဆူပူနေသောလူအုပ်ရှေ့ ၂၂း၁-၂၁
၁၂။ ရှင်ပေါလု၊ ဂျူးဘာသာရေးတရားရုံးတွင် ၂၃း၁-၁၀
၁၃။ ရှင်ပေါလု၊ ရောမတရားရုံးတစ်ခုတွင် ၂၄း၁၀-၂၁
၁၄။ ရှင်ပေါလု၊ အဂြိပ္ပမင်းကြီးရှေ့ ၂၆း၂-၂၉

# အခန်း ၃၀

## ခရစ်တော်အသေခံတော်မူခြင်း၏ အကျိုးသက်ရောက်မှု

*အပိုင်း ၁၊ အသက်တာသစ်*

ခရစ်ယာန်လူ့ကျင့်ဝတ်ကို ပြည့်ပြည့်စုံစုံနားလည်ရန်အတွက် ကျွန်ုပ်တို့သိထားရမည့်အရာမှာ-

၁။ အချို့သော ဓမ္မဟောင်းကျမ်း၏လူ့ကျင့်ဝတ်ဆိုင်ရာသွန်သင်ချက်များစွာတို့ကို ဓမ္မသစ်ကျမ်းက ထပ်ခါထပ်ခါဖော်ပြလျက် ဆက်လက်ထိန်းသိမ်းထားသည်။

၂။ ဓမ္မသစ်ကျမ်းလူ့ကျင့်ဝတ်များတွင်ရှိသည့် အင်္ဂါရပ်များသည် ထူးခြားမှုရှိသည်။

ထို့ကြောင့်၊ ဥပမာအားဖြင့် ဓမ္မဟောင်းက "သင်၏မိဘကို ရိုသေစွာပြုလော့"ဟု ဆိုထားသည် (ထွက် ၂၀း၁၂)။ ဓမ္မသစ်ကျမ်းက ထပ်မံဖော်ပြပြီး ဤပညတ်ချက်သည် ပညတ်တော်ဆယ်ပါးထဲမှ ကတိတော်နှင့်ယှဉ်တွဲသောပညတ်ချက်များအနက် ပထမပညတ်ဖြစ်ကြောင်း မှတ်ချက်ချခြင်းဖြင့် ပြန်လည်အားဖြည့်ထားသည် - "ထိုသို့ပြုလျှင် သင်သည် ကမ္ဘာမြေပေါ်၌ ကောင်းစားလျက် အသက်ရှည်ရလိမ့်မည်" (ဧ ၆း၂-၃)။

ကိုယ့်ဂုန်းကျင်၌ရှိသောသူကို ကိုယ်နှင့်အမျှချစ်ရန် ဓမ္မဟောင်းကျမ်းက ပြောထားသည် (ဝတ် ၁၉း၁၈)။ ဓမ္မသစ်ကျမ်းက ၎င်းကို ထပ်မံဖော်ပြသည့်အပြင် လူ့ကျင့်ဝတ်စနစ်၏အခြေခံနိယာမအဖြစ် ၎င်းကို အခြေပြုထားသည် - "အချင်းချင်းချစ်ခြင်းမှတစ်ပါး မည်သည့်အကြွေးမျှ မတင်စေကြနှင့်။ သူတစ်ပါးကိုချစ်သောသူသည် ပညတ်တရားကိုပြည့်စုံစေပြီ။ အကြောင်းမူကား "အိမ်ထောင်ရေးဖောက်ပြန်မှုကို မကျူးလွန်ရ၊ လူမသတ်ရ၊ မခိုးယူရ၊ တပ်မက်သောစိတ်မရှိရ" ဟူသောပညတ်ချက်များမှစ၍ အခြားမည်သည့်ပညတ်ချက်မဆို "ကိုယ့်ဝန်းကျင်၌ရှိသောသူကို ကိုယ်နှင့်အမျှချစ်ရမည်"ဟူသော ဤမိန့်တော်မူချက်၌ ပေါင်းချုပ်ထား၏။ ချစ်ခြင်းမေတ္တာသည် ကိုယ့်ဝန်းကျင်၌ရှိသောသူအပေါ် မကောင်းသောအမှုကိုမပြုတတ်။ ထို့ကြောင့် ချစ်ခြင်းမေတ္တာသည် ပညတ်တရား၏ပြည့်စုံရာဖြစ်၏" (ရော ၁၃း၈-၁၀)။

အခြားတစ်ဘက်တွင် ခရစ်တော်က မိမိ၏တပည့်တော်များကို အချင်းချင်းချစ်ကြရန် ပညတ်တော်မူသည့်အခါ မိမိဂုန်းကျင်၌ရှိသောသူကို ကိုယ်နှင့်အမျှချစ်ရန် ဓမ္မဟောင်းပညတ်ချက်ကိုသာ ပြန်ပြောနေသည်မဟုတ်။ သူမိန့်တော်မူသောအချက်မှာ "သင်တို့အချင်းချင်းချစ်ကြလော့။ သင်တို့ကို ငါချစ်သည့်နည်းတူ သင်တို့သည်လည်း အချင်းချင်းချစ်ကြလော့ဟူသော ပညတ်ချက်အသစ်ကို သင်တို့အား ငါပေး၏" ဟူ၍ဖြစ်သည် ( ယော ၁၃း၄)။ ဘာကြောင့် အသစ်ဟုဆိုရသနည်း။ သူက "သင်တို့ကို ငါချစ်သည့်နည်းတူ"ဟုဖြည့်စွပ်လျက် သူတို့အတွက် သူချမှတ်သောချစ်ခြင်းမေတ္တာ၏အဆင့်အတန်းကြောင့်ဖြစ်သည်။ သူအသက်ရှင်စဉ် သူတို့ကို ချစ်တော်မူသည်။ သို့သော် သူအသေခံတော်မူပြီးနောက် ကနဦးခရစ်ယာန်များက သူ၏အသေခံတော်မူခြင်းသည် သူတို့အပေါ် သူချစ်သောမေတ္တာကို အမြင့်မားဆုံးဖော်ပြသည့်အမှုအရာဟု တွေ့မြင်ကြသည်။ ဤအချက်သည် သူတို့အချင်းချင်းချစ်ရာတွင် ထားရှိရမည့်စံနှုန်းဆိုလျှင် ခရစ်ယာန်လူ့ကျင့်ဝတ်သည် စိတ်ရှည်အားထုတ်မှုလိုအပ်သော လူ့ကျင့်ဝတ်ဖြစ်ပေမည်။ တမန်တော်ရှင်ယောဟန်က "ခရစ်တော်သည် ငါတို့အတွက် မိမိအသက်ကိုစွန့်တော်မူသောကြောင့် ငါတို့သည် ထိုအမှုအရာအားဖြင့် ချစ်ခြင်းမေတ္တာကိုသိကြရပြီ။ ငါတို့သည်လည်း ညီအစ်ကိုချင်းတို့အတွက် အသက်ကို

စွန့်သင့်၏”ဟု ရေးသားထားသည် (၁ ယော ၃း၁၆)။

ဤအချက်က လက်တွေ့ကျကျဘာကိုဆိုလိုကြောင်း နောက်ပိုင်းတွင် ကျွန်ုပ်တို့ဆင်ခြင်စဉ်းစားကြမည်။ ယခုလတ်တလောဆင်ခြင်ရမည့်အချက်မှာ ခရစ်ယာန်လူ့ကျင့်ဝတ်၏အဓိကထူးခြားချက်တွင် ခရစ်တော်၏အသေခံတော်မူခြင်းနှင့်ဆိုင်သည့်လူ့ကျင့်ဝတ်အပေါ် သက်ရောက်မှုဆိုသည့် ရိုးရှင်းထင်ရှားသည့် နမူနာတစ်ခုရှိသည်ဆိုသောအချက်ဖြစ်သည်။ ဤအချက်သည် ယခုကျွန်ုပ်တို့ အကျယ်တဝင့်လေ့လာမည့်ခေါင်းစဉ်ဖြစ်သည်။

ပထမအချက်အနေဖြင့် ခရစ်တော်၏အသေခံတော်မူခြင်းက လူတို့အား အသက်တာတွင် လုံးလုံးလျားလျားအသစ်ပြန်စနိုင်သည့်အခွင့်ကို ပြင်ဆင်ပေးသည်။

**အသစ်ပြန်စခြင်း**

ကနဦးခရစ်ယာန်များ၏ပြောဆိုချက်ကို ဖော်ပြပါမည် -

> သို့ဖြစ်၍ မည်သူမဆို ခရစ်တော်၌ရှိလျှင် အသစ်ဖန်ဆင်းခံရသူဖြစ်၏။ ဟောင်းသောအရာတို့သည် ကွယ်ပျောက်သွား၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြလေပြီ။ ဤအရာအားလုံးတို့သည် ဘုရားသခင်ထံမှဖြစ်ကြ၏။ ဘုရားသခင်သည် ခရစ်တော်အားဖြင့် ငါတို့ကို မိမိနှင့်ပြန်လည်သင့်မြတ်စေ၍ ငါတို့အား ပြန်လည်သင့်မြတ်ခြင်းနှင့်ဆိုင်သောအမှုတော်ကို ပေးအပ်တော်မူ၏။ ဆိုလိုသည်မှာ ဘုရားသခင်သည် လောကီသားတို့ကျူးလွန်သောအပြစ်များကို သူတို့အပေါ်သင့်ရောက်စေတော်မမူဘဲ သူတို့ကို ခရစ်တော်၌ မိမိနှင့်ပြန်လည်သင့်မြတ်စေတော်မူပြီး ပြန်လည်သင့်မြတ်ခြင်းတရားကို ငါတို့၌အပ်ထားတော်မူ၏။ ထိုသို့ဘုရားသခင်သည် ငါတို့မှတစ်ဆင့် တိုက်တွန်းတော်မူသည်ဖြစ်၍ ငါတို့သည် ခရစ်တော်၏သံတမန်များဖြစ်ကြ၏။ ထို့ကြောင့် “ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ကြလော့”ဟု ခရစ်တော်၏ကိုယ်စား ငါတို့တောင်းပန်ကြ၏။ ဘုရားသခင်သည် အပြစ်ကင်းစင်သောအရှင်ကို ငါတို့အတွက် အပြစ်ဖြစ်သွားစေတော်မူ၏။ ဤသည်ကား ငါတို့သည် ထိုအရှင်အားဖြင့် ဘုရားသခင်၏ဖြောင့်မတ်ခြင်း ဖြစ်လာမည့်အကြောင်းတည်း။ (2 Cor 5:17–21)

“ဟောင်းသောအရာတို့သည် ကွယ်ပျောက်သွား၍”ဟု သူတို့ဆိုသည့်အခါ ချဲ့ကားပြောဆိုရခြင်းကို အရသာတွေ့၍ ထိုသို့ဆိုကြခြင်းမဟုတ်ပါ။ ခရစ်တော်၏အသေခံတော်မူခြင်းသည် အတိတ်က သူတို့ကိုချည်နှောင်ခဲ့သမျှသော အပြစ်စွဲစိတ်နှင့် ငြီးငွေ့ဖွယ်ကောင်းသည့် ပြုပြင်သောအသက်တာပုံစံဖြင့်အသက်ရှင်နိုင်အောင်ကြိုးစားမှုရှိသမျှတို့နှင့်ဆိုင်သည့် နှောင်ကြိုးများ ပြတ်တောက်သွားပြီဟု ရည်ညွှန်းခြင်းဖြစ်သည်။

*နှိုင်းယှဉ်ဆင်ခြင်မှုကို အသုံးပြုကြပါစို့။* လူတစ်ဦးသည် မိမိတိုင်းပြည့်အပေါ် သစ္စာဖောက်လျက် လွတ်မြောက်နိုင်ရန်ကြိုးစားရာတွင် ငွေစက္ကူများကို အတုလုပ်ကာ အကြမ်းဖက်မှုများကျူးလွန်သည်ဆိုကြပါစို့။ သူသည် ဤဘဝတွင် ပြန်၍ လုံးလုံးလျားလျားအသစ်ပြန်စလိုစိတ်ရှိနိုင်ပါသည်။ သို့သော် သူသည် အတိတ်က မိမိပြုခဲ့သည့်အမှားများအတွက် ပြစ်ဒဏ်ခံပြီး အစိုးရအပါအဝင် လူ့အသိုင်းအဝိုင်းတို့နှင့် ပြန်လည်သင့်မြတ်ခြင်းမရှိလျှင်၊ မရှိသေးသရွေ့ ပုံမှန်ဖြစ်ပြီးကောင်းမွန်သောဘဝတစ်ခု ပြန်စရန်မှာ လက်တွေ့ကျမည်မဟုတ်ပေ။ သူကျူးလွန်သည့်ရာဇဝတ်မှုအတွက် ပြစ်ဒဏ်သည် သေခြင်းဖြစ်လျှင် သူ့အတွက် အနာဂါဆို၍ လုံးလုံးရှိတော့မည်မဟုတ်ပေ။

ဤလူကဲ့သို့ ဆိုးဝါးသည့်ပြစ်မှုမျိုး ကျွန်ုပ်မကျူးလွန်ဟု ကျွန်ုပ်တို့စဉ်းစားမိနိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏ပညတ်တရားကိုချိုးဖောက်လျက် သူ့ပညတ်ချက်များကို ဆန့်ကျင်ဖောက်ဖျက်ကြသည်။ သမ္မာကျမ်းစာက ၎င်းကို “လမ်းလွဲလျက် ကိုယ့်လမ်းသို့

အသီးသီးလိုက်သွားကြသည်”ဟု ဆိုသည် (ဟေရှာ ၅၃း၆)။ ဘုရားသခင်က ကျွန်ုပ်တို့အပြစ်များကို လွှတ်လျက် ကျွန်ုပ်တို့ကို အတိတ်မှလွတ်မြောက်စေကာ သူနှင့်ပြန်လည်သင့်မြတ်စေခြင်း မရှိလျှင် အခြေအမြစ်ရှိသောအနာဂါတ်ကို ကျွန်ုပ်တို့မပိုင်ဆိုင်ကြပါ။ ထို့ကြောင့် ဘုရားသခင်အား ထိုသို့ပြုစေသောအရာမှာ ခရစ်တော်၏အသေခံခြင်းပင်ဖြစ်သည်။ “ဆိုလိုသည်မှာ ဘုရားသခင်သည် လောကီသားတို့ကျူးလွန်သောအပြစ်များကို သူတို့အပေါ်သင့်ရောက်စေတော်မမူဘဲ သူတို့ကို ခရစ်တော်၌ မိမိနှင့်ပြန်လည်သင့်မြတ်စေတော်မူပြီး ပြန်လည်သင့်မြတ်ခြင်းတရားကို ငါတို့၌ အပ်ထားတော်မူ၏” (၂ ကော ၅း၁၉)။ “သားတော်၏အသေခံတော်မူခြင်းအားဖြင့် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခြင်းအခွင့်ကိုရရှိ”ကြပြီဟု သမ္မာကျမ်းစာက ဆိုသည် (ရော ၅း၁၀)။ “လက်ဝါးကပ်တိုင်ပေါ်၌သွန်းသော သားတော်၏သွေးတော်အားဖြင့် ရန်ငြိမ်းစေလျက် ကောင်းကင်ဘုံ၌ရှိသောအရာများဖြစ်စေ၊ မြေကြီးပေါ်၌ရှိသောအရာများဖြစ်စေ ခပ်သိမ်းသောအရာတို့ကို သားတော်အားဖြင့် မိမိနှင့်ပြန်လည်သင့်မြတ်စေရန်လည်းကောင်း အလိုရှိတော်မူ၏” (ကော ၁း၂၀)။

ဓမ္မဟောင်းခေတ်တွင် လူတစ်ဦးက အလွန်ယုတ်မာသောပြစ်မှုကျူးလွန်လျှင် သူသည် ကွပ်မျက်ခံရပြီး သူ့အလောင်းကို နေဝင်သည့်အထိ သစ်ပင်တစ်ပင်ပင်တွင် ချိတ်ဆွဲကြသည်။ ရည်ရွယ်ချက်မှာ ကျူးလွန်သောအပြစ်များကို ဘုရားသခင်အလွန်မုန်းတီးတော်မူကြောင်းဖော်ပြသည့် ဘုရားသခင်၏ကျိန်ခြင်းကို လူအများရှေ့ပြသရန်ဖြစ်သည် (တရား ၂၁း၂၂-၂၃)။ ထိုပညတ်တရားစကားတို့ကို ချိုးဖောက်သူအတွက် ဘုရားသခင်၏ကျိန်ခြင်းရှိကြောင်း ဘုရားသခင်၏တရားတော်က ကြေညာထားသည် (တရား ၂၇း၂၆)။ ထို့ကြောင့် ဘုရားသခင်၏သားတော်အသေခံတော်မူခြင်းမှာ ကျွန်ုပ်တို့အပြစ်များအတွက် အပြစ်ဒဏ်ခံရန်သာမဟုတ်ဘဲ လူ့အပြစ်ကို ဘုရားသခင်သည် ညှိနှိုင်းမရနိုင်အောင်မုန်းတီးတော်မူကြောင်းပြသရန်အတွက် လူအများရှေ့တွင် သစ်တိုင်ပေါ်ချိတ်ဆွဲခြင်းခံရရန်လည်း ပါသည်။ သမ္မာကျမ်းစာက “ခရစ်တော်သည် ငါတို့အတွက် ကျိန်ခြင်းခံရသူဖြစ်ပြီး ငါတို့ကို ပညတ်တရား၏ကျိန်ခြင်းမှ ရွေးနုတ်တော်မူ၏။ အဘယ်ကြောင့်ဆိုသော် ‘သစ်တိုင်ပေါ်၌ဆွဲထားခြင်းခံရသူတိုင်း ကျိန်ခြင်းကိုခံရသူဖြစ်၏’ဟု ရေးထား၏” ဟု ဖော်ပြထားသည် (ဂလာတိ ၃း၁၃)။ ထို့ကြောင့် နောင်တရလျက် ဘုရားသခင်၏သားတော်ကို ယုံကြည့်လက်ခံသည့် အပြစ်ရှိသူအားလုံးကို ဘုရားသခင်က အဖိုးအခထပ်ပေးစရာမလိုဘဲ အပြစ်လွှတ်နိုင်သည်။ သို့သော် တစ်ချိန်တည်းမှာပင် သူသည် ထိုသို့အပြစ်လွှတ်ရာတွင် အပြစ်ကို လွယ်လွယ်လေးနဲ့လွှတ်ခြင်းမဟုတ်ကြောင်း တစ်လောကလုံးရှေ့တွင် ရှင်းလင်းစွာပြသတော်မူခဲ့သည်။

ထို့အပြင် ခရစ်တော်၏အသေခံတော်မူခြင်းက တပည့်တော်တို့အား အသက်ရှင်ခြင်းအတွက် အသစ်သော သတ်မှတ်ချက်များနှင့်အခြေအနေများကိုလည်း ပြင်ဆင်ပေးခဲ့သည်။

## ပဋိညာဉ်သစ်

သမ္မာကျမ်းစာကပြောထားသည့်အတိုင်း ပဋိညာဉ်သစ်တွင် သတ်မှတ်ချက်များရှိသည် -

(က) ခရစ်တော်သည် အသေမခံမီညတွင် တပည့်တော်များအား ဖိုင်ခွက်ကိုပေးလျက် “ဤခွက်ကား သင်တို့အတွက်သွန်းလောင်းသော ငါ၏သွေး၌တည်သည့် ပဋိညာဉ်သစ်ဖြစ်၏”ဟု ကြေညာပြီး အမှတ်သညာထားခဲ့သည် (လု ၂၂း၂၀)။

(ခ) ခရစ်တော်သည် လက်ဝါးကပ်တိုင်ပေါ်အသေခံတော်မူသောအခါ ထုတ်ပြန်ချက်ထုတ်ပြန်ကာ အာမခံချက်လည်းပေးတော်မူခဲ့သည်။

ထိုမိန့်တော်မူချက်မှာ -

"ထာဝရဘုရားက 'ထိုနေ့ရက်များနောက်တွင် သူတို့နှင့် ငါပြုမည့်ပဋိညာဉ်ကား
ဤသို့ တည်း။
ငါသည် ငါ၏ပညတ်တရားတို့ကို သူတို့၏အသိဉာဏ်ထဲသို့
ထည့်သွင်း၍ သူတို့စိတ်နှလုံးပေါ်မှာ ရေးထားမည်'ဟု မိန့်တော်မူ၏" ဟူ၍
မြွက်ဆိုပြီးနောက်
တစ်ဖန် "ငါသည် သူတို့၏အပြစ်များနှင့်တရားမဲ့ခြင်းများကို
လုံးဝသတိရတော့မည်မဟုတ်" ဟု မြွက်ဆိုတော်မူ၏။
ထိုသို့ အပြစ်ခွင့်လွှတ်ခြင်းကျေးဇူးရှိသည့်နေရာတွင်
အပြစ်အတွက်ပူဇော်သက္ကာမလိုအပ်တော့ပေ။ (ဟေဗြဲ ၁၀း၁၆-၁၈)

ခရစ်တော်၏တပည့်တော်များအား စစ်မှန်သည့်ခရစ်ယာန်အသက်တာဖြင့် အသက်ရှင်စေနိုင်သည့် သတ်မှတ်ချက်နှင့်အခြေအနေများကို ဤပဋိညာဉ်သစ်ကချမှတ်ပေးသည်။ ပထမအနေဖြင့် ခရစ်တော်သည် မိမိ၏ပညတ်တရားတို့ကို မိမိတပည့်တော်များ၏ စိတ်ထဲနှလုံးထဲ ထည့်ပေးလိုက်သောကြောင့် ထိုပညတ်တရားတို့သည် ပြင်ပစည်းကမ်းဥပဒေသများမဟုတ်တော့ဘဲ တပည့်တော်များ၏ တွေးခေါ်မှု၊ ခံစားမှုတို့၏အစိတ်အပိုင်းဖြစ်လာကာ သူတို့၏ဒုတိယသဘာဝဖြစ်ကာ ထိုအတိုင်း ပြောဆိုလာကြရန် ဖြစ်သည်။

အခြားတစ်ဘက်တွင် ဤအခြေအနေက ခရစ်တော်၏တပည့်တော်များသည် အပြစ်ကင်းသော ပြည့်စုံသည့်အသက်တာဖြင့် အသက်ရှင်ကြလိမ့်မည်ဟု မဆိုလိုပါ။

ရှင်းပြရန်အတွက် *နှိုင်းယှဉ်ဆင်ခြင်မှုကို အသုံးပြုကြပါစို့။* ကွန်ပျူတာတစ်လုံးက လေယာဉ်တစ်စင်း၏ပျံသန်းမှုကို ထိန်းချုပ်ရန် သင်အလိုရှိလျှင် ထိုရည်ရွယ်ချက်အတွက်ပြင်ဆင်ထားသည့် ပရိုဂရမ်တစ်ခုကို ထိုကွန်ပျူတာထဲ သွင်းထားရမည်ဖြစ်သည်။ ကွန်ပျူတာဘယ်လောက်ကောင်းကောင်း ထိုပရိုဂရမ်မျိုးထည့်မထားလျှင် ထိုလေယာဉ်ပျံကို ပျံသန်းစေနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ခရစ်တော်သည် ဘုရားသခင်၏တရားတော်ကို ကျွန်ုပ်တို့၏နှလုံးထဲ၊ စိတ်ထဲ မထည့်ထားလျှင် မိမိတို့အသက်တာကို စစ်မှန်သောခရစ်ယာန်တစ်ဦးလုပ်ဆောင်သင့်သည့်အတိုင်း ထိန်းချုပ်နိုင်မည်မဟုတ်ပေ။

သို့သော် ထိုပရိုဂရမ်သွင်းထားသည့် ကွန်ပျူတာသည် အချို့သောကန့်သတ်ချက်များရှိပြီး အချို့နေရာတွင် အားနည်းချက်များရှိသည်ဆိုကြပါစို့။ ထိုအခြေအနေတွင် လေယာဉ်ပျံသန်းမှုကို ၇၀%သာ ထိန်းချုပ်နိုင်သည့်အချိန်လည်းရှိနိုင်သည်။ မှားယွင်းသွားသည့်အချိန်လည်းရှိနိုင်သည်။ ထိုအခါ လူလေယာဉ်မှူးက ၎င်းကို အချိန်ပြည့်စီမံကွပ်ကဲနေပြီး အမှားတစ်ခုခုဖြစ်လာပါက ပြုပြင်ရန် အမြဲတမ်းအဆင်သင့် ဖြစ်နေရမည်ဖြစ်သည်။ ခရစ်ယာန်တပည့်တော်များလည်း ထိုနည်းတူပင်ဖြစ်သည်။ သူတို့မွေးဖွားလာသည့်အချိန်တွင် အားနည်းချက်ရှိသောမျိုးရိုးဗီဇများ၊ အပြစ်အနာအဆာရှိသော ရုပ်ခန္ဓာ၊ စိတ်နှင့် စိတ်ခံစားမှုတို့ကို အမွေခံခဲ့ကြသည်။ ယခု ခရစ်တော်က ဘုရားသခင်၏တရားတော်ကို သူတို့နှလုံးနှင့်သူတို့စိတ်ထဲ ထည့်ပေးသည့်အခါ ၎င်းတို့ကို ထမ်းဆောင်ရန် သတ်မှတ်ခံကြရသည်။ သူတို့သည် ပိုပို၍ရှေ့သို့တက်လှမ်းကြမည်ဖြစ်သည်။ သို့သော် တစ်ခါတစ်ရံ သူတို့ကျရှုံးကြ၍ သူတို့၏လေယာဉ်မှူးဖြစ်သောယေရှုက သူတို့ကို ပြန်လည်တည့်မတ်ပေးမည်ဖြစ်သည်။

ထိုသို့ဆိုလျှင် ခရစ်ယာန်တပည့်တော်များ ကျရှုံးလျက် အပြစ်ပြုမိခြင်းသည် အရေးကြီးပါသလား။ သေချာ အရေးကြီးပါသည်။ ထိုအခါ မည်သို့ဖြစ်မည်နည်း။ သူတို့သည် ကယ်တင်ခြင်းဆုံး

ရှုံးလျက် အသစ်ကပြန်စရပါမည်လား။ ထိုသို့မဟုတ်ပါ။ ဤအခြေအနေတွင် ပဋိညာဉ်သစ်၏ နောက်ဆုံးအပိုဒ်က အလုပ်လုပ်ပါလိမ့်မည်။ ဘုရားသခင်သည် ကျရှုံးမှုကို ကြိုမြင်တော်မူ၍ ခရစ်တော်၏အသေခံတော်မူခြင်းက ပြစ်ဒဏ်အတွက် ကြိုတင်ပေးဆပ်ပြီးပြီဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်က ခရစ်တော်၏တပည့်တော်များအား စိတ်ချမှုပေးတော်မူသည် - "ငါသည် သူတို့၏ အပြစ်များနှင့်တရားမဲ့ခြင်းများကို လုံးဝသတိရတော့မည်မဟုတ်"။ မှန်ပါသည် - အပြစ်ပြုမိသည့် တပည့်တော်က ဘုရားသခင်ထံ မိမိ၏ကျရှုံးမှုကို ဖော်ပြဝန်ခံရမည်။ သို့သော် ဘုရားသခင်ကိုယ်တော်တိုင်၏ကတိတော်မှာ "ကိုယ်တော်သည် သစ္စာနှင့်ပြည့်စုံတော်မူ၍ ဖြောင့်မတ်သောအရှင်ဖြစ်တော်မူသောကြောင့် ငါတို့သည် ကိုယ့်အပြစ်များကို ဖော်ပြဝန်ခံလျှင် ကိုယ်တော်သည် ငါတို့၏အပြစ်များကို ခွင့်လွှတ်ကာ ငါတို့ကို မတရားမှုရှိသမျှတို့မှ စင်ကြယ်စေတော်မူ၏" (၁ ယော ၁း၉)။ ထို့ပြင် သန့်ရှင်းသောဝိညာဉ်တော်ကလည်း ခရစ်တော်၏ယဇ်ပူဇော်မှုနောက်ထပ်မလိုအပ်တော့ကြောင်း ကျွန်ုပ်တို့ကို သေချာသိနားလည်စေသည် (ဟေဗြဲ ၁၀း၁၈)။ တပည့်တော်များ၏ သန့်ရှင်းအသက်တာသင်တန်းအတွက် အကုန်အကျလိုအပ်ချက်ရှိသမျှကို ခရစ်တော်က ကြိုတင်၍ အပြီးပေးချေပြီးပြီဖြစ်သည်။

*သရုပ်ဖော်ချက်*။ လက်တွေ့စမ်းသပ်မှုများမပါဘဲ ဓါတုဗေဒကို သင်ကြားလေ့လာ၍ မရပေ။ သို့သော် ကျောင်းသူကျောင်းသားများ လက်တွေ့စမ်းသပ်မှုများပြုလုပ်ကြသည့်အခါ တစ်ချိန်မဟုတ်တစ်ချိန် အမှားလုပ်မိတတ်ကြပြီး အမှားများသည် အန္တရာယ်ကြီးနိုင်သကဲ့သို့ ပျက်စီးမှုလည်း ကြီးမားနိုင်သည်။ ကျွန်ုပ်ငယ်စဉ်ကတက်ရောက်ခဲ့သည့်ကျောင်းတွင် ဓါတုဗေဒသင်ကြားရင်း အမှားလုပ်မိ၍ ပျက်စီးမှုဖြစ်လာနိုင်သောကြောင့် မိမိ၏သားသမီးက အမှားလုပ်မိ၍ ပျက်စီးမှုဖြစ်လာပါက ပေးချေရန်အတွက် မိဘများက ကျောင်းသို့ ကြိုတင်ငွေများ ပေးသွင်းထားရသည်။ ခရစ်ယာန်တပည့်တော်များသည် ခရစ်တော်ပေးသည့် သန့်ရှင်းသောအသက်တာအသက်ရှင်ရန်အတွက် အသစ်သောအစွမ်းသတ္တိတန်ခိုးများ အသုံးပြုရန် သင်ယူရမည်ဆိုလျှင် သူတို့သည် များစွာသောလက်တွေ့လုပ်ဆောင်မှုများ လိုအပ်မည်ဖြစ်သည်။ သူတို့ အမှားလုပ်မိသည့်အချိန်များ၊ ကျရှုံးသည့်အချိန်များလည်း ရှိလာမည်ဖြစ်သည်။ သို့သော် ထိုအမှားများက သူတို့၏ကယ်တင်ခြင်းကို မဆုံးရှုံးစေပါ။ ခရစ်တော်၏အသေခံခြင်းက အမှားပြုမိခြင်း၏ပြစ်ဒဏ်အတွက် ပေးချေပြီးပြီဖြစ်သည်။ တပည့်တော်များသည် ဘုရားသခင်၏မိတ်သဟာရထဲတွင် သင်တန်းကို လွတ်လပ်စွာ ဆက်လက်သင်ယူလေ့ကျင့်ရမည်ဖြစ်သည်။

"ထိုသို့ဆိုလျှင် ၎င်းက လူ့ကျင့်ဝတ်နှင့်ကိုယ်ကျင့်တရားကို တန်ဖိုးလျော့ပါးစေပြီး အပြုအမူပိုင်းတွင် လက်လွတ်စပယ်ပြုမူရန် တပည့်တော်များကို အားပေးသလိုဖြစ်မနေဘူးလား"ဟု ပြောဆိုသူရှိနိုင်ပါသည်။ သူတို့ တပည့်တော်များမှန်လျှင် ထိုသို့မဖြစ်ပါ။ အဘယ့်ကြောင့်ဆိုသော် နောက်အခန်းတွင် ကျွန်ုပ်တို့တွေ့ရမည်ဖြစ်သည့်အတိုင်း ခရစ်တော်၏အသေခံခြင်းသည် ချစ်ခြင်း၊ ကျေးဇူးတင်ခြင်း၊ ကိုယ်ကျင့်တရားတစ်သမတ်တည်းဖြစ်ခြင်းတို့နှင့်ဆိုင်သော လူ့ကျင့်ဝတ်အသစ်ကို ချမှတ်ဖြစ်တည်စေခဲ့သည်။ ဥပမာ။ ။ ရှင်ပေါလုက အောက်ပါအတိုင်းရေးသားထားသည်။

> အဘယ်ကြောင့်ဆိုသော် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်သည် ငါတို့ကိုလွှမ်းမိုးလျက်ရှိ၏။ ငါတို့သည် ဤသို့ယူဆကြ၏။ တစ်ယောက်သောသူသည် လူအပေါင်းတို့အတွက် အသေခံသည်ဖြစ်၍ လူအပေါင်းတို့သည် သေဆုံးခဲ့ကြပြီ။ ထိုသို့ လူအပေါင်းတို့အတွက် ကိုယ်တော်အသေခံတော်မူခြင်းမှာ အသက်ရှင်သောသူတို့သည် မိမိတို့အတွက် အသက်မရှင်တော့ဘဲ သူတို့အတွက်အသေခံတော်မူပြီး ထမြောက်တော်မူခဲ့သောအရှင်အတွက်

အသက်ရှင်ကြရန်ဖြစ်၏။ (၂ ကော ၅း၁၄-၁၅)

**၎င်းက မည်သည့်ထူးခြားမှုကို ဖြစ်စေသနည်း။**

ဓမ္မသစ်ကျမ်းတွင် ထပ်မံဖော်ပြသည့် ဓမ္မဟောင်းမှလူ့ကျင့်ဝတ်ဆိုင်ရာမိန့်ဆိုချက်များ၏ ဥပမာများကို ရှာဖွေလျက် ဆွေးနွေးပါ။ ၎င်းကို ယနေ့လူ့အသိုင်းအဝိုင်းတွင်ကျင့်သုံးပါက မည်သည့်ထူးခြားမှုဖြစ်ပေါ်လာမည်နည်း။

ခရစ်တော်၏အသေခံတော်မူခြင်းသည် ခရစ်ယာန်လူ့ကျင့်ဝတ်နှင့်အပြုအမူတို့နှင့် မည်သို့ဆက်စပ်မှုရှိသနည်း။

နောက်အခန်း ဆက်မဖတ်မီ လက်ဂါးကပ်တိုင်ပေါ် ခရစ်တော်၏အသေခံခြင်းအားဖြင့် အပြစ်များခွင့်လွှတ်ခြင်းခံရခြင်းက လူ့ကျင့်ဝတ်နှင့်ကိုယ်ကျင့်တရားကို တန်ဖိုးမလျော့ပါးစေပါဆိုသည့်အချက်၏အကြောင်းရင်းကို ၂ ကော ၅း၁၄-၁၅ အခြေခံလျက် စဉ်းစားကြည့်ပါ။

**စာသင်ခန်းအတွက်**

"ကိုယ့်ဂန်းကျင်၌ရှိသောသူကို ကိုယ်နှင့်အမျှချစ်ရမည်"ဆိုသည့် ပညတ်ချက်ကို ဓမ္မသစ်တွင် "ပညတ်သစ်"ဟု ခေါ်ရသည့်အကြောင်းရင်းကို အထူးအာရုံစိုက်ရင်း ဤပညတ်ချက်အကြောင်း သင့်စာသင်သားများအား စာစီစာကုံးရေးသားစေပါ။ ဤပညတ်ချက် လိုက်နာခြင်းအတွက် လက်တွေ့ကျသောနမူနာများကို သမ္မာကျမ်းစာထဲ၌ဖြစ်စေ၊ နေ့စဉ်အတွေ့အကြုံများထဲမှဖြစ်စေ ရှာဖွေဖော်ပြရန် စာသင်သားများကို အကြံပြုပါ။

# အခန်း ၃၁

## ခရစ်တော်အသေခံတော်မူခြင်း၏ အကျိုးသက်ရောက်မှု

*အပိုင်း ၂၊ အသစ်သော လူ့ကျင့်ဝတ်ဆိုင်ရာစိတ်ဓါတ်လှုံ့ဆော်မှု*

လူတစ်ဦးက မိမိအသက်တာကို ခရစ်တော်ရဲ့လက်ထဲအပ်လိုက်သည့်အခါ ခရစ်တော်သည် ထိုသူ၏နှလုံးသားနှင့်စိတ်ထဲ ဘုရားသခင်၏ပညတ်တရားကို သွင်းပေးတော်မူလျက် သန့်ရှင်းသောအသက်တာအသက်ရှင်ရန် လိုအပ်သောအရင်းအမြစ်များကို ပေးတော်မူသည်ဟု သမ္မာကျမ်းစာက ကျွန်ုပ်တို့ကိုပြောပြပါသည် (ဟေဗြဲ ၁၀း၁၆-၁၇)။ သို့သော် စစ်မှန်သောသန့်ရှင်းစင်ကြယ်မှု၏ ဖွံ့ဖြိုးတိုးတက်မှုသည် အလိုအလျောက်ဖြစ်ပျက်သောဖြစ်စဉ်တော့မဟုတ်ပေ။ လူ့အားနည်းချက်ကြောင့် ခရစ်တော်၏နောက်လိုက်များသည် အမှားပြုမိဆဲ၊ အပြစ်ပြုမိဆဲ ဖြစ်သည်။ သို့သော် ဘုရားသခင်သည် သူတို့၏အားနည်းချက်များကို သိလျက် သူတို့မှားမိသောအရာများကိုလည်း ကြိုတင်တွေ့မြင်လျက် အပြစ်လွှတ်ခြင်းကျေးဇူးကို ပြုတော်မူပြီဖြစ်သည်။ ဘဝ၏စိန်ခေါ်မှုများ၊ ဘေးဒုက္ခများနှင့် ဂမ်းမြောက်မှုများကြားတွင် ခရစ်တော်၏နောက်လိုက်တစ်ဦးသည် အပြစ်ကိုပေါ့ပေါ့တန်တန်ထားရမည်မဟုတ်သည်မှာမှန်သော်လည်း ၎င်းက ကယ်တင်ခြင်းကိုမူ မဆုံးရှုံးစေနိုင်ကြောင်းသိလျက် ဘုရားသခင်၏လေ့ကျင့်သင်ကြားမှုဖြစ်စဉ်တွင် ပါဝင်ခံယူသည်။

"သို့သော် ထိုသို့အပြစ်လွှတ်ခြင်းက လူ့ကျင့်ဝတ်နှင့်ကိုယ်ကျင့်တရားကို တန်ဖိုးလျော့ပါးစေပြီး အပြုအမူ ပိုင်းတွင် လက်လွှတ်စပယ်ပြုမူရန် တပည့်တော်များကို အားပေးသလိုဖြစ်မနေဘူးလား"ဟု ပြောဆိုသူရှိနိုင်ပါသည်။ အဖြေမှာ ထိုသို့မဖြစ်ပါ။ သူတို့သည် တပည့်တော်များမှန်လျှင်ထိုသို့မဖြစ်ပါ။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်၏အသေခံခြင်းသည် ချစ်ခြင်းမေတ္တာနှင့် ကျေးဇူးတင်ခြင်းတို့နှင့်ဆိုင်သော လူ့ကျင့်ဝတ်အသစ်ကို ချမှတ်ဖြစ်တည်စေသောကြောင့်ဖြစ်သည်။

### လူ့ကျင့်ဝတ်အသစ်

ကျွန်ုပ်တို့၏ သဘာဝအခြေအနေတိုင်းဆိုလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ခရစ်တော်ကို တကယ်မချစ်တတ်ကြပေ။ ကျွန်ုပ်တို့ကို တရားစီရင်သူအဖြစ် ဘုရားသခင်ကို ကျွန်ုပ်တို့ကြောက်ကောင်းကြောက်နိုင်ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပညတ်ချက်များကြောင့် စိတ်ထဲမကြာခဏ သဘောမတွေ့ဖြစ်လျှင်ပင် ၎င်းတို့ကို စောင့်ထိန်းရန် ကြိုးစားကောင်းကြိုးစားနိုင်ပါသည်။ တကယ်တမ်းတွင် ဘုရားသခင်ကို တကယ်ချစ်၍မဟုတ်။ သို့သော် လူတစ်ဦးက ဘုရားသခင်၏သားတော်သည် ကျွန်ုပ်ကိုကိုယ်တိုင်ကိုယ်ကျချစ်တော်မူလျက် ကျွန်ုပ်အတွက် အသက်ပေးကာ ကျွန်ုပ်ခံရမည့်အပြစ်ဒဏ်ကို ကိုယ်စားခံ၍ ဘုရားသခင်၏ခွင့်လွှတ်မှုနှင့်ငြိမ်းချမ်းမှုကို ရရှိစေပြီး ထာဝရအသက်လက်ဆောင်ကိုပေးတော်မူသည်ဟု သိရှိသွားသည့်အခါ ထိုအသိတရားသည် ထိုသူ၏နှလုံးသားထဲတွင် ခရစ်တော်အပေါ် စစ်မှန်သောချစ်ခြင်းမေတ္တာနှင့် ကျေးဇူးတင်သောစိတ်တို့ကို ဖြစ်ပေါ်စေသည်။ ထိုအခါ ကျွန်ုပ်တို့သည် သူ့ကိုချစ်သည်ဆိုလျှင် သူ့ပညတ်တို့ကို စောင့်ရှောက်ကြလိမ့်မည်ဟု ခရစ်တော်က မိန့်တော်မူသည် (ယော ၁၄း၂၃)။ ကနဦးခရစ်ယာန်များကို သမ္မာကျမ်းစာတွင် မည်သည့်ပြောကြသည်ကို ထပ်၍နားထောင်ကြည့်ပါ-

> ငါတို့သည် ဘုရားသခင်ကိုချစ်ခဲ့သည်မဟုတ်။ ဘုရားသခင်ကသာငါတို့ကိုချစ်တော်မူ၍ ငါတို့၏အပြစ်များအတွက် အသနားခံခြင်းပူဇော်သက္ကာအဖြစ် မိမိ၏သားတော်ကို စေလွှတ်တော်မူ၏။ဤအမှုအရာ၌ ချစ်ခြင်းမေတ္တာရှိ၏။ .... ဘုရားသခင်သည် ငါတို့ကို ဦးစွာချစ်တော်မူသောကြောင့် ငါတို့သည်လည်းချစ်ကြ၏။ (၁ ယော ၄း၁၀၊ ၁၉)

> သို့ဖြစ်၍ ငါအသက်ရှင်သည်မှာ ငါကိုယ်တိုင်မဟုတ်တော့ဘဲ ခရစ်တော်သည် ငါ၌ အသက်ရှင်တော်မူ၏။ ယခု ကိုယ်ကာယ၌ ငါအသက်ရှင်သည်မှာ ငါ့ကိုချစ်၍ ငါ့အတွက် မိမိကိုယ်ကိုစွန့်တော်မူသော ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ခြင်းဖြစ်၏။ (ဂလာတိ ၂း၂၀)

မှန်ပါသည်။ ခရစ်တော်၏စိတ်တော်နှင့်တွေ့အောင်အသက်ရှင်ရန်သာ ဆန္ဒရှိရန် ယုံကြည်သူတစ်ဦး၏စိတ်ဓါတ်ကို လှုံ့ဆော်ပေးသောအရာများမှာ ချစ်ခြင်းမေတ္တာနှင့်ကျေးဇူးတင်စိတ်တို့သာ မဟုတ်ပေ။ ယုတ္တိလည်းရှိပါသည်။ အထက်ပါကိုးကားချက်တွင် တွေ့ရသည့်အတိုင်း စစ်မှန်သော ယုံကြည်သူတစ်ဦးက "ခရစ်တော်သည် ကျွန်ုပ်အတွက် အသေခံတော်မမူခဲ့လျှင် ကျွန်ုပ်သည် ကျွန်ုပ်၏အပြစ်အတွက် ထာဝရပြစ်ဒဏ်ခံရမည်ဖြစ်သည်။ ကျွန်ုပ်အတွက် အပြစ်လွှတ်ခြင်းနှင့် ထာဝရအသက်ကို ဝယ်ယူပေးသူမှာ ခရစ်တော်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်၏အသက်ကို ခရစ်တော်ကပိုင်တော်မူသည်။ ထို့ကြောင့် ကိုယ်တော်၏စိတ်တော်နှင့်တွေ့အောင် ကျွန်ုပ်အသက် ရှင်ရမည်"ဟု မကြာမီအတွင်း ဆင်ခြင်စဉ်းစားလာမည်ဖြစ်သည်။

ထိုသို့အားဖြင့် ကိုယ်ကျင့်တရားတစ်သမတ်တည်းဖြစ်ခြင်းနှင့်ဆိုင်သောလူ့ကျင့်ဝတ်ဆီသို့ ဦးတည်သွားသည်။

## ပုံမှန်အသစ်

တမန်တော်ရှင်ပေါလုက ကယ်တင်ခြင်းသည် ကျွန်ုပ်တို့၏ကုသိုလ်ကောင်းမှုကြောင့်မဟုတ်ဘဲ ကျွန်ုပ်တို့မထိုက်တန်သော်လည်း ကျေးဇူးတော်သက်သက်အားဖြင့်ရသည့်အရာဖြစ်သည်ဟု သူ ဟောပြောသည်ကို လူတို့ကြားကြသည့်အခါ သင်ရရှိသောကယ်တင်ခြင်းသည် သင့်လုပ်ဆောင်မှုပေါ် မူမတည်ဘဲ ဘုရားသခင်၏ကျေးဇူးတော်ပေါ် မူတည်သည်ဖြစ်၍ သင်ကယ်တင်ခြင်းရပြီဆိုသည်နှင့် သင်ကြိုက်သလိုအသက်ရှင်နိုင်သည်ဟူ၍ သူဆိုလိုခြင်းဖြစ်သည်ဟု လူများစွာတို့က တင်မြင်တတ်ကြသည်ဟု ကျွန်ုပ်တို့ကို ပြောပြပါသည်။ ထိုသို့ ရှင်ပေါလုဆိုလိုသည်မဟုတ်ပါ။ အဓိပ္ပါယ်လွန်စွာကွာခြားပါသည်။ ထိုသူတို့၏နားလည်မှားမှုကို သူမည်သို့ပြန်လည်ချေပသည်ကို ယခု နားထောင်ကြည့်ကြစို့။

> သို့ဖြစ်လျှင် မည်သို့ဆိုရမည်နည်း။ ကျေးဇူးတော်များပြားစေရန် ငါတို့သည်အပြစ်ထဲ၌ ဆက်၍တည်ရမည်လော။ လုံးဝမတည်ရ။ အပြစ်အရာ၌ သေဆုံးသောငါတို့သည် ၎င်းတွင် မည်သို့အသက်ရှင်နိုင်ဦးမည်နည်း။ သို့မဟုတ် ခရစ်တော်ယေရှု၌ ဗတ္တိဇံခံခဲ့သော ငါတို့သည် ကိုယ်တော်၏အသေခံတော်မူခြင်း၌ ဗတ္တိဇံခံခဲ့ကြောင်း သင်တို့မသိကြသလော။ (ရော ၆း၁-၃)

"အပြစ်အရာ၌ သေဆုံးသောငါတို့"ဟုဆိုရာတွင် ရှင်ပေါလု ဘာကိုဆိုလိုသနည်း။ သူဆိုလိုသည်မှာ-

၁။ စစ်မှန်သောခရစ်ယာန်တပည့်တော်တစ်ဦးက သူ့အပြစ်သည် ဘုရားသခင်၏သန့်ရှင်းသောအမျက်တော်ကဖြစ်စေသောပြစ်ဒဏ်နှင့် ထိုက်သည်ဖြစ်၍ အလေးအနက်ထားရမည့်အရာဖြစ်သည်ဟု ယုံကြည်သည်။

၂။ နောက်ထပ် သူယုံကြည်သည်မှာ ယေရှုသည် ထိုပြစ်ဒဏ်အတွက် ကိုယ်စားပြစ်ဒဏ်ခံလျက် အသေခံပေးတော်မူသောကြောင့် ဘုရားသခင်သည် ယေရှု၏အသေခံခြင်းကို သူ၏သေခြင်းအဖြစ် ကျေးဇူးပြုလျက် စီရင်ပေးတော်မူပြီဟူ၍ဖြစ်သည်။ ထိုသို့အားဖြင့် ယေရှုအသေခံစဉ် သူလည်းသေဆုံးခဲ့သည်။

၃။ ထို့ကြောင့် ယုံကြည်သူက သူ့အတွက်အသေခံပေးသောယေရှုကို ချစ်သည်။

၄။ ထိုသို့ဖြစ်ပြီးသည့်နောက် ယုံကြည်သူတစ်ဦးသည် ခရစ်တော်အသေခံရသည့်အထိဖြစ်စေသောအပြစ်ကို နောင်တမရဘဲ ပေါ့ပေါ့လျော့လျော့ တမင်သက်သက်ဆက်လက်၍ မည်သို့ကျူးလွန်နိုင်ပါမည်နည်း။ သူထိုသို့လုပ်ဆောင်လျှင် ယုံကြည်သည်ဆိုသောသူ့စကားနှင့် ဆန့်ကျင်ဖက်ဖြစ်နေပြီး ရှေ့နောက်ညီညွတ်ခြင်းမရှိမှုကြီးမားကာ သူသည် ယုံကြည်သူအစစ်အမှန်ဟုတ်မဟုတ် မေးခွန်းထုတ်စရာဖြစ်ပေလိမ့်မည်။

တစ်ခါတစ်ရံ စစ်မှန်သောယုံကြည်သူများပင် မိမိတို့ကိုယ်ကိုယ်ယာယီမေ့လျော့ပြီး ဤသို့ရှေ့နောက်ညီညွတ်မှုမရှိအောင် ပြုမူမိတတ်ကြသည်။ သူတို့ ထိုသို့ပြုမိလျှင် ခရစ်တော်သည် သူတို့ကယ်တင်ခြင်းကို ပြန်လည်ရုတ်သိမ်းမည်မဟုတ်သော်လည်း သူတို့ကို ပြုပြင်ပေးမည်ဖြစ်ပြီး လိုအပ်ပါက ဤအခန်း၏အဆုံးပိုင်းတွင် တွေ့ရမည့်အတိုင်း ပြင်းထန်သောဆုံးမမှုပင်ရှိနိုင်သည်။

ခရစ်ယာန်တစ်ဦးကို လူ့ကျင့်ဝတ်စနစ်နှစ်ခုဖြင့် လမ်းညွှန်ထားသည်။ ပထမအနေဖြင့် လူသားအားလုံးနည်းတူ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဖန်ဆင်းခြင်းဆိုင်ရာလူ့ကျင့်ဝတ်ဖြင့် နှောင်ဖွဲ့ခြင်းခံရသည်။ များစွာထဲမှ ဥပမာတစ်ခုဖော်ပြရလျှင် လူသတ်ခြင်းကို သမ္မာကျမ်းစာက တားမြစ်ထားသည်။ အဘယ့်ကြောင့်နည်း။ အဘယ့်ကြောင့်ဆိုသော် ခရစ်ယာန်ဖြစ်စေ၊ ခရစ်ယာန်မဟုတ်သူဖြစ်စေ၊ ဘာသာရေးသမားဖြစ်စေ၊ ဘာသာရေးမလိုက်စားသူဖြစ်စေ၊ ယုံကြည်သူဖြစ်စေ၊ ဘုရားမဲ့ဂါဒီဖြစ်စေ၊ လူတိုင်းသည် ဘုရားသခင်က မိမိပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းထားသောသူဖြစ်သည်။ ဘုရားသခင်က မိမိပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းထားသောသူကို သတ်ခြင်းသည် အလွန်ဆိုးဝါးသောစော်ကားမှုတစ်ရပ်၊ ဖန်ဆင်းရှင်ကိုဆန့်ကျင်သည့်ပြစ်မှု၊ ပြစ်ဒဏ်ခံထိုက်သောလုပ်ဆောင်ချက်ပင် ဖြစ်သည် (က ၉း၆)။ ခရစ်ယာန်များသည် ဤပညတ်ချက်၏ဘောင်အပြင်ဘက်တွင်ရှိသူများ မဟုတ်ကြပါ။ ခရစ်ယာန်များက အခြားသူများသူများကို ကွပ်မျက်ခြင်း၊ စစ်တိုက်ခြင်းများအတွက် "သူတို့က ငါတို့ရဲ့ဘာသာတရားနှင့်မဆိုင်သူများဖြစ်လို့"ဟု ဆင်ခြေပေးရန်အတွက် မိမိတို့ဘာသာတရားကို အသုံးပြုလျှင် သူတို့ယုံကြည်သည်ဟုဂန်ခံသော ခရစ်ယာန်ယုံကြည်မှုကိုသာမက ဖန်ဆင်းခြင်းဆိုင်ရာအခြေခံလူ့ကျင့်ဝတ်ကိုပါ ဖောက်ဖျက်ရာရောက်မည်ဖြစ်သည်။

သို့သော် ခရစ်ယာန်တပည့်တော်များသည် ဖန်ဆင်းခြင်းဆိုင်ရာလူ့ကျင့်ဝတ်အပြင် ရွေးနှုတ်ကယ်တင်ခြင်းဆိုင်ရာလူ့ကျင့်ဝတ်၏နှောင်ဖွဲ့ခြင်းလည်းခံရသည်။

## ရွေးနှုတ်ကယ်တင်ခြင်းဆိုင်ရာလူ့ကျင့်ဝတ်

ကနဦးခရစ်ယာန်များသည် သခင်ယေရှုကို မိမိတို့ကယ်တင်ရှင်အဖြစ် စဉ်ဆက်မပြတ်ကိုးကားပြောဆိုကြပြီး သူပေးသောကယ်တင်ခြင်းသည် သူတို့ကို ဘေးအန္တရာယ်များနှင့်အမျိုးမျိုးသောကျေးကျွန်ဖြစ်ခြင်းတို့မှ လွတ်မြောက်စေသည်ဟု ပြောဆိုလေ့ရှိကြသည်။ သမ္မာကျမ်းစာကိုယ်တိုင်ကလည်း ခရစ်ယာန်များအား သူတို့အတွက် ခရစ်တော်လုပ်ဆောင်ပေးထားသောလွတ်လပ်မှုများကို လက်မလွှတ်ကြရန် တိုက်တွန်းထားသည် (ဂလာတိ ၅း၁)။

သို့သော် ခရစ်တော်၏ကယ်တင်ခြင်းတွင် အခြားတစ်မျက်နှာရှိသည်။ ကနဦးခရစ်ယာန်များ

က ခရစ်တော်သည် မိမိအသက်ကိုအရင်းခံလျက် သူတို့ကိုဝယ်ယူခဲ့သည် (၁ ကော ၆း၂၀) ဟု သူတို့ ပြောဆိုလေ့ရှိပြီး နောက်ဆက်တွဲအဖြစ် သူတို့ကို သူတို့မပိုင်၊ သူတို့၏ကိုယ်ခန္ဓာ၊ စိတ်နှင့် ဝိညာဉ် တို့ကို ခရစ်တော်ပိုင်တော်မူသည်ဟု သူတို့ဝန်ခံကြသည်။ အပေါ်ယံကြည့်လျှင် "ကျွန်အဖြစ်မှ လွတ်မြောက်ခြင်း"နှင့် "မိမိကို မိမိမပိုင်ဘဲ ခရစ်တော်ကပိုင်တော်မူခြင်း"သည် ဆန့်ကျင်ဘက်ဖြစ် နေသလိုဖြစ်သည်။ အမှန်တကယ်တွင် ဆန့်ကျင်ဘက်မဖြစ်ပါ။

**ခရစ်တော်သည် လွတ်မြောက်မှုကို ပေးသည်**

မှောင်မိုက်၏တန်ခိုးမှ (ကော ၁း၁၃)

သေခြင်းကိုကြောက်ခြင်းမှ (ဟေဗြဲ ၂း၁၄-၁၅)

လာမည့်ဘုရားသခင်၏အမျက်တော်မှ (၁ သက် ၁း၁၀)

အပြစ်တရားနှင့် သေခြင်းတရားမှ (ရော ၈း၂)

အပြစ်စွဲစိတ်မှ (ဖေက် ၁း၇)

စုံစမ်းနှောင့်ယှက်ခြင်းမှ (၂ ပေ ၂း၉)

ဆက်လက်အပြစ်ပြုခြင်း၏ကျေးကျွန်ဘဝမှ (ယော ၈း၃၁-၃၆)

ကိုယ်ကျင့်တရားပျက်ပြားမှုကျေးကျွန်ဘဝမှ (၂ ပေ ၂း၁၈-၁၉)

*နှိုင်းယှဉ်ဆင်ခြင်မှုကို အသုံးပြုပါ။* ကျွန်ုပ်သည် ဒေသခံတောင်တက်လမ်းပြ၏အကြံပြုချက်နှင့်သတိပေးချက်ကို ဆန့်ကျင်လျက် ဆောင်းတွင်းတွင် မတ်စောက်ပြီးအန္တရာယ်ရှိသောတောင်ကိုတက်ရန် ဆုံးဖြတ်ခဲ့သည်ဆိုကြပါစို့။ မိုက်မဲစွာဖြင့် လမ်းများလိုက်မိလျက် လမ်းခုလတ်တွင် အပေါ်တက်မရ၊ အောက်ဆင်းမရ ကြောက်ဒူးတုန်နေရသည်။ ဤအတိုင်းဆိုလျှင် အစာငတ်ပြီး သေသွားသည့်အထိ အေးခဲသွားနိုင်သည်။ ကျွမ်းကျင်သည့် တောင်တက်ကယ်ဆယ်ရေးသမားတစ်ဦးသည် အသက်အန္တရာယ်ရှိသော်ငြားလည်း အားကိုးရာမဲ့သောင်တင်နေသော ကျွန်ုပ်ထံ အရောက်လာကာ ကျွန်ုပ်ကို ကယ်တင်ခဲ့သည်။ ထို့ကြောင့် ယခု ကျွန်ုပ်သည် လွတ်လွတ်လပ်လပ် သွားလာနိုင်ပြီဖြစ်သည်။ သို့သော် ကျွန်ုပ်သည် ယခင်ကကဲ့သို့ မဆင်မခြင်ပြုမူလျက် မိမိအသက်ကိုခြိမ်းခြောက်သည့်အခြေအနေမျိုးပြန်ရောက်ခဲ့သည်ဆိုလျှင် မိမိအသက်အန္တရာယ်ကြားမှ အရဲစွန့်လျက် နေရာမှန်ပြန်ရောက်အောင်ကယ်တင်ခဲ့သူ၏ကြိုးပမ်းအားထုတ်မှုကို အချည်းနှီးဖြစ်စေ သကဲ့သို့ဖြစ်မည်ဖြစ်သောကြောင့် ထိုသို့မဆင်မခြင်ပြုမူရန် သူခွင့်ပြုတော့မည်မဟုတ်ပေ။ ကျွန်ုပ်ကို သူခွင့်ပြု၍ ကျွန်ုပ်ပြန်သွားပြီး လိမ့်ကျသေဆုံးခဲ့ပါက ထိုသို့ခွင့်ပြုခြင်းသည် မှန်ကန်သောလွတ် လပ်မှုမဟုတ်နိုင်ပေ။ ထို့ကြောင့် လုံးလုံးအန္တရာယ်ကင်းသည့် တောင်ခြေသို့ပြန်ရောက်သည့်အထိ သူ့ကို လုံးလုံးနားထောင်ရန် ကျွန်ုပ်ကို သူတောင်းဆိုမည်ဖြစ်သည်။ ကျွန်ုပ်၏ခါးကို ကြိုးနဲ့ချည်ပြီး ကြိုးကိုကိုင်စေလျက် သူခေါ်ရာသို့လိုက်စေကာ မည်သည့်နေရာတွင် ခြေလှမ်း လှမ်းရမည်ကို သူညွှန်ကြားမည်ဖြစ်သည်။

ခရစ်တော်လည်း ထိုနည်းတူဖြစ်သည်။ အန္တရာယ်ရှိသည့်အခြေအနေသာမကဘဲ မိမိအသက်ကို တကယ်ပေးဆပ်လျက် ကျွန်ုပ်တို့ကိုကယ်တင်ပြီး ကျွန်ုပ်တို့ကို မိမိအသွေးဖြင့်ရွေးနုတ်ဝယ်ယူသူအဖြစ် မိမိကိုယ်ကိုယ်မိမိသတ်မှတ်တော်မူသည်။ ကျွန်ုပ်တို့ကိုကျွန်ုပ်တို့မပိုင်တော့ကြောင်း သူတဲ့တိုးပြောထားသည်။ ကျွန်ုပ်တို့သည် ကျန်သည့်ဘဝခရီးတစ်လျှောက် သူ့ကြိုးကိုကိုင်လျက် သူ့နောက်လိုက်ကာ ခြေလှမ်းတိုင်းတွင် သူ့ကိုနာခံကြရန် သူမျှော်လင့်ထားသည်။

မှန်ပါသည်။ တစ်ခါတစ်ရံ ခရစ်ယာန်တပည့်တော်များသည် ဤအချက်ကို မေ့တတ်ကြသည်။ ကောရိန္သုမြို့၌တမန်တော်ရှင်ပေါလုအားဖြင့် ပြောင်းလဲလာသူတို့သည် ခရစ်တော်နောက်လိုက်ခြင်း

တွင် မြင့်မားသည့် လူ့ကျင့်ဝတ်ဆိုင်ရာအပြုအမူနှင့်ဆိုင်သည့်စံနှုန်း ရှိသည်ကို မေ့ခဲ့ကြဟန်ရှိသည်။ သူတို့မပြောင်းလဲမီကကဲ့သို့ လိင်ပိုင်းဆိုင်ရာကိုယ်ကျင့်တရားပျက်ပြားမှုများတွင် သူတို့ပြန်၍ပါဝင်လာကြသည်။ ထို့ကြောင့် ရှင်ပေါလုက ခရစ်ယာန်များဖြစ်ကြသောထိုသူတို့တွင် ထိုသို့ပြုမူရန် လွတ်လပ်မှုမရှိကြောင်း သတိပေးလျက် "သင်တို့ကိုယ်သင်တို့မပိုင် .... . သင်တို့ကို အဖိုးအခပေး၍ ဝယ်ယူထားတော်မူ၏။ ထို့ကြောင့် သင်တို့၏ကိုယ်ခန္ဓာအားဖြင့် ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေကြလော့"ဟု ညွှန်ကြားခဲ့သည် (၆ ကော ၆း၁၉-၂၀)။

ဤကောရိန္သုမြို့သား ခရစ်ယာန်များသည် သူတို့၏အသင်းတော်အစည်းအဝေးများတွင် အချင်းချင်းအပေါ် ဆိုးဆိုးဝါးဝါးပြုမူခဲ့ကြသည်။ ထို့ကြောင့် ခရစ်ယာန်ဝန်ခံချက်ကိုဥပေက္ခာပြုခြင်း၏ဂယက်ရိုက်ခတ်မှုကိုရှင်းပြရန် ရှင်ပေါလုက ဤသို့ရေးသားခဲ့သည် -

> အကြောင်းမူကား သခင်ဘုရားထံမှ ငါခံယူရရှိသောအရာကို သင်တို့၌ ငါအပ်ပေး၏။ ထိုအရာမှာ သခင်ယေရှုသည် အပ်နှံခြင်းခံရသောညဉ့၌ မုန့်ကိုယူ၍ ကျေးဇူးတော်ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ ''ဤမုန့်ကား သင်တို့အတွက်ချိုးဖဲ့သောငါ၏ကိုယ်ခန္ဓာဖြစ်၏။ ငါ့ကို အောက်မေ့ဖို့ရန် ဤသို့ပြုကြလော့''ဟု မိန့်တော်မူ၏။ ထိုနည်းတူ ညစာစားပြီးမှ ခွက်ကိုလည်း ယူ၍ ''ဤခွက်ကား ငါ၏သွေး၌တည်သော ပဋိညာဉ်သစ်ဖြစ်၏။ ဤခွက်ကို သောက်သောအခါတိုင်း ငါ့ကိုအောက်မေ့ဖို့ရန် ဤသို့ပြုကြလော့''ဟု မိန့်တော်မူ၏။ ထို့ကြောင့် သင်တို့သည် ဤမုန့်ကိုစား၍ ဤခွက်ကိုသောက်သောအခါတိုင်း သခင်ဘုရား၏ အသေခံတော်မူခြင်းကို ကိုယ်တော်ကြွလာတော်မူသည်အထိ ကြေညာကြ၏။ သို့ဖြစ်၍ သခင်ဘုရား၏မုန့်နှင့်ခွက်ကို မထိုက်တန်ဘဲ စားသောက်သောသူသည် သခင်ဘုရား၏ကိုယ်ခန္ဓာတော်နှင့်သွေးတော်ကို ပြစ်မှားရာရောက်၏။ ထို့ကြောင့် လူတိုင်းကိုယ့်ကိုယ်ကိုယ်စစ်ဆေးပြီးမှ မုန့်ကိုစားစေ။ ထိုနည်းတူ ခွက်ကိုလည်းသောက်စေ။ အကြောင်းမူကား သခင်ဘုရား၏ကိုယ်ခန္ဓာတော်ကို ပိုင်းခြား၍မသိဘဲစားသောက်သောသူသည် မိမိအပေါ်သို့ ပြစ်ဒဏ်စီရင်ခြင်းကိုသက်ရောက်စေရန် စားသောက်သောသူဖြစ်၏။ ဤအကြောင်းကြောင့် သင်တို့တွင် အားနည်းသောသူနှင့်မကျန်းမာသောသူများစွာရှိ၍ အိပ်ပျော်သောသူလည်း အများအပြားရှိကြ၏။ သို့သော် ငါတို့သည် မိမိတို့ကိုယ်ကိုပိုင်းခြား၍သိလျှင် စီရင်ခြင်းခံရမည်မဟုတ်။ စီရင်ခြင်းခံရလျှင်လည်း လောကီသားတို့နှင့်အတူ ပြစ်ဒဏ်စီရင်ခြင်းမခံရမည့်အကြောင်း သခင်ဘုရား၏ဆုံးမတော်မူခြင်းကိုခံရကြ၏။ (1 Cor 11:23–32)

စစ်မှန်သောခရစ်ယာန်များသည် သူတို့အပြစ်များအတွက် အသေခံပေးသောယေရှုခရစ်တော်နှင့်ပဋိညာဉ်ပြုသောဆက်ဆံရေးနှင့် ဆက်နွယ်ကြသည် (ဟေဗြဲ ၁၀း၁၂-၁၆)။ ခရစ်တော်၏နောက်လိုက်များသည် "သခင်ဘုရား၏ခွက်"ကို ပါဝင်သောက်သုံးကြသည့်အခါတိုင်း ဤပဋိညာဉ်၏စစ်မှန်မှုနှင့်ထူးခြားမှုသည် အတည်ပြုခြင်းခံရကြောင်း အထက်ပါကျမ်းပိုဒ်တွင် သမ္မာကျမ်းစာက ကျွန်ုပ်တို့ကို ပြသသည်။ ရှေ့နောက်မညီသော လွတ်လွတ်လပ်လပ်အပြစ်ပြုသည့်အသက်တာဖြင့် အသက်ရှင်သည့် ခရစ်ယာန်များသည် သခင်ဘုရား၏ ဆုံးမပြုပြင်ခြင်းကို ခံရကြမည်ဖြစ်သည်။ ခရစ်တော်၏အသေခံခြင်းသည် ခရစ်ယာန်လူ့ကျင့်ဝတ်အပေါ် နံ့နံ့စပ်စပ်သက်ရောက်မှုရှိသည်။

**ငါ့ကို အောက်မေ့ကြလော့။**

"သခင်ဘုရား၏မုန့်နှင့်ခွက်ကို မထိုက်တန်ဘဲ စားသောက်သောသူ" ဟု ရှင်ပေါလုကို ဖော်ပြရေးသားရအောင် ကောရိန္သုမြို့သားတို့ ဘာလုပ်ခဲ့ကြသနည်း။ ၁ ကော ၁၁း၁၇-၂၂ နှင့် ၃း၁၈၊ ၅း၁၊ ၆း၁၊ ၁၀း၁၄ တို့ကို ကြည့်ပါ။

သူတို့နောင်တမရလျှင် သခင်ဘုရားက သူတို့ကိုဘာလုပ်မည်နည်း။

ခရစ်တော်ကိုငြင်းပယ်သောသူတို့သည် နောက်ဆုံးသောတရားစီရင်ခြင်းတွင် အပြစ်ဒဏ်ခံရကြမည်ဖြစ်သည်။ ယုံကြည်သူတို့သည် လောကနှင့်အတူ အပြစ်ဒဏ်မခံရစေရန် ဆုံးမခြင်းခံရမည်ဟုပြောဆိုရာတွင် မည်သည့်အခြေခံပေါ်မူတည်၍ ရှင်ပေါလု ထိုသို့ပြောဆိုနိုင်သနည်း။ ယော ၅း၂၄ နှင့် ရော ၈း၁ တို့ကို ကြည့်ပါ။

သခင်ဘုရား၏ညာစာစားပွဲသည် ခရစ်တော်၏တပည့်တော်တစ်ဦး၏အသက်တာအပေါ် မည်သည့်လူ့ကျင့်ဝတ်ဆိုင်ရာသက်ရောက်မှုကို ဖြစ်စေသနည်း။

"ကယ်တင်ခြင်းစိတ်ချသေချာမှုသည် လူ့ကျင့်ဝတ်ကို လျော့ပါးအားနည်းစေခြင်းမရှိ"ဆိုသည့်အဆိုကို သင့်စာသင်သားများ သို့မဟုတ် သင့်အုပ်စုနှင့် ဆွေးနွေးပါ။

## အခန်း ၃၂

## ခရစ်တော်အသေခံတော်မူခြင်း၏
## အကျိုးသက်ရောက်မှု

*အပိုင်း ၃၊ တန်ဖိုးထားမှုများ၏စနစ်သစ်*

ကနဦးခရစ်ယာန်များအတွက် ခရစ်တော်၏အသေခံတော်မူခြင်းသည် သမိုင်း၏ရိုးရိုးကိစ္စတစ်ခု မဟုတ်ပေ။ ၎င်းသည် သူတို့၏အခြေခံတန်ဖိုးထားမှုများကို အစဉ်ပြောင်းလဲသွားစေသည့် သမိုင်းဝင်အဖြစ်အပျက်တစ်ခုဖြစ်ပြီး သူတို့၏လူ့ကျင့်ဝတ်အပေါ် လေးနက်၍လက်တွေ့ကျသောအကျိုးသက်ရောက်မှုရှိသည်။ အကြောင်းမှာ ခရစ်တော်သည် သူတို့အတွက် အသေခံခြင်းဖြစ်ပြီး မိမိအသက်ထက် သူတို့ကို ပို၍တန်ဖိုးထားသည့်အချက်ကြောင့်ဖြစ်သည်။ ဤအချက်သည် တမန်တော်ရှင်ပေတရုက မိမိတို့ယုံကြည်ခြင်းအတွက် ညှင်းပန်းနှိပ်စက်မှုကြုံတွေ့နေရသည့် ပထမရာစုက ခရစ်ယာန်အချို့တို့ထံရေးသားသည့်စာထဲတွင် ထောက်ပြခဲ့သည့်အတိုင်း ဆွဲကိုင်ထားရမည့် အံ့ဖွယ်သမ္မာတရားတစ်ခုဖြစ်သည်။

> သို့ဖြစ်၍ သင်တို့၏စိတ်နှလုံးကို အသင့်ပြင်ဆင်ထားလျက် သမ္မာသတိရှိကြလော့။ ယေရှုခရစ်တော်ပေါ်ထွန်းတော်မူသောအခါ သင်တို့ထံသို့ သက်ရောက်လာမည့်ကျေးဇူးတော်ကို အပြည့်အဝမျှော်လင့်ကြလော့။ ယခင် သင်တို့မသိနားမလည်စဉ်က လိုက်ခဲ့သောတပ်မက်မှုများနောက်သို့ ယခုမလိုက်ကြဘဲ နာခံမှုရှိသောသားသမီးများကဲ့သို့ ဖြစ်၍ သင်တို့ကိုခေါ်ယူတော်မူသောအရှင်သည် သန့်ရှင်းတော်မူသည့်နည်းတူ သင်တို့ကိုယ်တိုင်လည်း အသက်ရှင်နေထိုင်မှုရှိသမျှတို့၌ သန့်ရှင်းခြင်းရှိကြလော့။ အဘယ်ကြောင့်ဆိုသော် "ငါသည် သန့်ရှင်းသောကြောင့် သင်တို့သည် သန့်ရှင်းခြင်းရှိကြရမည်" ဟု ရေးထား၏။
>
> သင်တို့သည် လူအသီးသီးတို့အား မိမိတို့ပြုသောအမှုအတိုင်း မျက်နှာလိုက်ခြင်းမရှိဘဲ တရားစီရင်တော်မူသောအရှင်ကို အဖဟုခေါ်ကြလျှင် ဤလောကတွင်ဧည့်သည်အဖြစ်နေထိုင်စဉ်ကာလတစ်လျှောက်လုံး ကြောက်ရွံ့ရိုသေသောစိတ်ဖြင့် အသက်ရှင်နေထိုင်ကြလော့။ အကြောင်းမူကား သင်တို့သည် ဘိုးဘေးများထံမှဆက်ခံသည့် သင်တို့၏အချည်းနှီးသောအသက်ရှင်နေထိုင်မှုထဲမှ ရွေးနုတ်ကယ်တင်ခြင်းခံရသည်မှာ ရွှေ၊ ငွေစသော ယိုယွင်းပျက်စီးတတ်သည့်အရာများအားဖြင့်မဟုတ်ဘဲ အစွန်းအထင်းကင်းလျက် အပြစ်အနာအဆာမရှိသည့် သိုးသငယ်ကဲ့သို့သောခရစ်တော်၏အဖိုးထိုက်သောသွေးတော်အားဖြင့်ဖြစ်ကြောင်းကိုသိကြ၏။ (၁ ပေ ၁း၁၃-၁၉)

တန်ဖိုးထားမှုများနှင့်ဆိုင်သော ဤစနစ်သစ်အကြောင်း စဉ်းစားကြပါစို့။

### ခရစ်တော်၏ ရွေးနှုတ်အသေခံခြင်းသည်
### အသစ်သောတန်ဖိုးထားမှုများကို ပုံသွင်းပေးသည်

*အချိန်အသုံးပြုရာတွင် တန်ဖိုးထားမှုအသစ်ထားရှိခြင်း*

"ဤလောကတွင်ဧည့်သည်အဖြစ် နေထိုင်စဉ်ကာလတစ်လျှောက်လုံး"ဆိုသည့် ပေတရု၏စကားစုက သူတို့သည် ဤလောကတွင် ဧည့်သည်ဖြစ်ကြကြောင်း ခရစ်ယာန်တပည့်တော်များကို သ

တိပေးနေသည်။ ကောင်းကင်သည် သူတို့၏တိုင်းနိုင်ငံနှင့်မြို့တော်ဖြစ်လာသည်။ သူတို့၏"နိုင်ငံသားအရိုက်အရာသည် ကောင်းကင်ဘုံတွင်ရှိသည်" (ဖိ ၃း၂၀)။ အခြားနိုင်ငံတွင်ရှိနေသော သံအမတ်ကဲ့သို့ သူတို့သည် ဤကမ္ဘာတွင် ကောင်းကင်ဘုံ၏အစိုးရကို ကိုယ်စားပြုသူများဖြစ်ကြသည် (၂ ကော ၅း၂၀)။ နိုင်ငံရပ်ခြားရောက်နေသည့်စီးပွားရေးသမားကဲ့သို့ ဤလောကတွင် ကောင်းကင်ဘုရင်အတွက် လုပ်ငန်းများလုပ်ဆောင်ပေးကြသည်။ သူတို့၏အသက်တာကို ရည်ရွယ်ချက်မဲ့ အကျိုးမဲ့ တာဝန်မဲ့သည့် လုပ်ဆောင်မှုများအတွက် အချိန်မဖြုန်းကြတော့ချေ။ အကြောင်းရင်းနှစ်ရပ်ကြောင့် နေ့ရက်တိုင်းနှင့် အသက်တာ၏အစွမ်းသတ္တိရှိသမျှတို့ကို အပြည့်အဝအသုံး ပြုရမည်ဖြစ်သည်။ ပထမအကြောင်းရင်းမှာ ဤလောကတွင် သူတို့၏အချိန်သည် အကန့်အသတ်ရှိသည်။ ထိုအချိန်ကုန်ဆုံးသွားပါက နောက်ထပ်မလာတော့ပေ။ အချိန်ရှိစဉ် အခွင့်အရေးများကို ဖမ်းဆုပ်နိုင်ရမည်ဖြစ်သည်။ ဒုတိယအကြောင်းရင်းမှာ သူတို့၏အသက်နှင့်အချိန်ကို တန်ဖိုးဖြတ်မရအောင် အဖိုးထိုက်လှသော ခရစ်တော်၏သွေးတော်ဖြင့် ဝယ်ယူထားသောကြောင့်ဖြစ်သည်။ ခရစ်ယာန်များသည် ထိုသို့တန်ဖိုးကြီးမားစွာပေးရသော အချိန်နှင့်ဘဝကို သင့်မြတ်မှန်ကန်စွာအသုံးပြုကြသည်ကို ဘုရားသခင်တွေ့မြင်လိုသည်။ အချိန်တစ်မိနစ်ကိုပင် မဖြုန်းတီးသင့်ပေ။

ဤနှိုင်းယှဉ်ဆင်ခြင်မှုကို စဉ်းစားကြည့်ပါ။ မိမိသားအတွက် စက်ဘီးတစ်စီး ဝယ်ပေးရန်အတွက် ငွေကို ပေးဆပ်လျက်စုဆောင်းရသော ဖခင်တစ်ဦးသည် သူ့သားက ထိုစက်ဘီးကို မမှန်မကန်အသုံးပြုပြီး ဥပေက္ခာပြုကာ သံချေးတက်အောင်ထားထားသည်ကို မြင်လျှင် ထိုဖခင်စိတ်ပျော်မည်မဟုတ်ပေ။

*လူတို့အပေါ် တန်ဖိုးထားမှုအသစ်ထားရှိခြင်း*

> သို့သော် သင်တို့၏လွတ်လပ်ခွင့်သည် အကြောင်းတစ်စုံတစ်ခုကြောင့် အားနည်းသောသူတို့အတွက် ခလုတ်တံသင်းမဖြစ်စေရန် သတိပြုကြလော့။ အကြောင်းမူကား အသိပညာရှိသောသင်သည် ရုပ်တုဗိမာန်ထဲ၌ ထိုင်၍စားသောက်နေသည်ကို တစ်စုံတစ်ဦးက တွေ့မြင်လျှင် ထိုသူ၏အားနည်းသည့်အသိစိတ်သည် ရုပ်တုအားပူဇော်ထားသောအရာကိုစားရန် ရဲတင်းလာမည်မဟုတ်လော။ ထိုအခါ ခရစ်တော်က ကိုယ်စားအသေခံပေးသော ညီအစ်ကိုဖြစ်သည့် ထိုအားနည်းသောသူသည် သင်၏အသိပညာကြောင့် ပျက်စီးခြင်းသို့ရောက်ရ၏။ ဤသို့ဖြင့် သင်တို့သည် ညီအစ်ကိုတို့ကိုပြစ်မှား၍ သူတို့၏အားနည်းသည့်အသိစိတ်ကို ထိခိုက်စေလျှင် ခရစ်တော်ကိုပြစ်မှားရာရောက်၏။
> (၁ ကော ၈း၉-၁၂)

ကျွန်ုပ်ကဲ့သို့တပည့်တော်ဖြစ်သူသည် ခရစ်တော်က ကိုယ်စားအသေခံပေးသော ညီအစ်ကိုဖြစ်ခြင်း၏အဓိပ္ပါယ်မှာ သူသည် ကျွန်ုပ်ကလေးစားတန်ဖိုးထားစွာ ဆက်ဆံရမည့်သူဖြစ်သည်။ သူတို့ကိုယ်ခန္ဓာထိခိုက်ပျက်စီးအောင် ကျွန်ုပ်မပြုရပါ။ သို့သော် ပိုအရေးကြီးသည်မှာ သူတို့၏စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ဝိညာဉ်ရေးရာထိခိုက်မှုရှိအောင် ကျွန်ုပ်မပြုရပါ။ သူတို့အသိစိတ်ကို ဆန့်ကျင်သည့်လုပ်ဆောင်ရသည့်အဖြစ်မျိုးဖြစ်အောင်လုပ်ဖို့ မည်သူ့ကိုမျှ ကျွန်ုပ်ဖိအားမပေးရပါ။ ကျွန်ုပ်အတွက် ဆိုးကျိုးမရှိသည့်အရာဖြစ်လျှင်ပင် သူတို့အသိစိတ်နှင့်ဆန့်ကျင်လျက်သူတို့လုပ်ဆောင်ရမည်ဆိုလျှင် ကျွန်ုပ်ရှောင်ကြဉ်ရပါမည်။ သူတို့ကို သုံးသပ်ရန်နှင့် သူတို့၏အသိစိတ်သည် တရားနည်းလမ်းမကျကြောင်း သူတို့ကိုပြသရန် ကျွန်ုပ်၌လွတ်လပ်ခွင့်ရှိပါသည်။ သို့သော် တစ်စုံ

တစ်ခုလုပ်ရန် သူတို့၏ထိုအသိစိတ်နှင့်ဆန့်ကျင်ဘက်ဖြစ်နေလျှင် ကျွန်ုပ် သူတို့ကိုဖိအားမပေးရပါ။ ဘာကြောင့် မပေးရသနည်း။ အဘယ့်ကြောင့်ဆိုသော် အသိစိတ်သည် ခရစ်တော်နှင့်သူတို့၏ဆက်ဆံရေးကို ထိန်းညှိပေးသော အလွန်အရေးကြီးသည့်ယန္တရားဖြစ်သောကြောင့်ဖြစ်သည်။ ခရစ်တော်က နှစ်သက်မည်မဟုတ်ဟု သူတို့ခံစားသောအရာကို သူတို့အားအတင်းလုပ်ဆောင်စေလျှင် သူတို့အား ခရစ်တော်အပေါ်အပြစ်ပြုစေခြင်းဖြစ်ပြီး ခရစ်တော်အသေခံခြင်းအတွက် ရရှိရမည့် ချစ်ခြင်းမေတ္တာပေါ်အခြေခံသည့်နာခံမှုကို ခါးပြတိုက်သလိုဖြစ်သွားပေမည်။ ထို့ပြင် ဤသို့ပြုခြင်းက ဦးနှောက်နှင့်ကိုယ်ရည်ကိုယ်သွေးအတွင်းရှိ အရေးကြီးသောယန္တရားတစ်ခုကိုလည်း ထိခိုက်စေပါသည်။

**အသိစိတ်၏အကြောင်းကိစ္စတစ်ခု**

အသိစိတ်သည် နာရီတစ်ခုနှင့်တူသည်ဆိုသည့်အမြင်ကို ဆွေးနွေးပါ။

(က) နာရီတစ်ခုသည် ချွတ်ယွင်းချက်မရှိ၊ တစ်နာရီအတွက် မိနစ် ၆၀ လည်ပတ်နေသည်ဆိုလျှင်လည်း ဒေသစံတော်ချိန်နှင့် မတိုက်ထားလျှင် အချိန်မှန်သောနာရီမဖြစ်နိုင်ချေ။ ထို့ကြောင့် ကျွန်ုပ်တို့၏အသိစိတ်ကို ဘုရားသခင်၏နှုတ်ကပတ်တော်တည်းဟူသော သမ္မာကျမ်းစာနှင့် ညှိထားရမည်ဖြစ်သည်။

(ခ) ဈေးကြီးသောအသံလှိုင်းသုံးနာရီများကို အချိန်ညှိသည့်အခါ အချိန်ညှိရန်အတွက်ဒီဇိုင်းလုပ်ထားသောယန္တရားကို သင်အသုံးပြုရမည်ဖြစ်သည်။ ထိုသို့မလုပ်ဘဲ နာရီလက်တံများကို သင့်လက်ချောင်းများဖြင့် သင်ရှိစေချင်သောနေရာသို့ရောက်အောင်အတင်းလှည့်လျှင် သင်သည် နာရီ၏ယန္တရားကို ထိခိုက်စေမည်ဖြစ်သည်။

သင့်အုပ်စုထဲမှလူများတွင် သူတို့သူငယ်ချင်းများ၊ သူတို့မိသားစုဝင်များ သို့မဟုတ် အလုပ်ရှင်များက သူတို့အသိစိတ်ကိုဆန့်ကျင်လျက် ဖိအားပေးသည့်အတွေ့အကြုံရှိလျှင် ဝေငှစေပါ။

ခရစ်တော်၏အသေခံခြင်းသည် ယုံကြည်သူတစ်ဦးစီ၏စိတ်ထဲတွင် ခရစ်တော်အတွက် မိမိတွင်တာဝန်ရှိကြောင်းခံစားမှုကို ဖြစ်ပေါ်စေသည်။

> အဘယ်ကြောင့်ဆိုသော် ခရစ်တော်သည် သေလွန်သောသူတို့နှင့်အသက်ရှင်သောသူတို့၏အရှင်သခင်ဖြစ်ရန်အတွက် အသေခံတော်မူပြီးနောက် အသက်ပြန်ရှင်တော်မူ၏။ …. ငါတို့အားလုံးသည် ဘုရားသခင်၏တရားပလ္လင်တော်ရှေ့၌ ရပ်ကြရလိမ့်မည်။ …. သို့ဖြစ်၍ ငါတို့တစ်ဦးစီသည် ဘုရားသခင်ရှေ့တော်၌ မိမိအကြောင်းကို မိမိဖြေရှင်းရလိမ့်မည်။ (ရော ၁၄း၉၊ ၁၀၊ ၁၂)

ခရစ်တော်သည် ခွဲခြားမထားသောလူသားထုအတွက် ယေဘုယျအားဖြင့်သာ အသေခံပေးသည်မဟုတ်ဘဲ သူ့အတွက်၊ သူ့ကိုယ်ပိုင်အတွက် အသေခံပေးခြင်းဖြစ်သည်ဟု ခရစ်ယာန်တစ်ယောက်က ယုံကြည်ပါသည်။ ထိုကြောင့် သူသည် သူ့အုပ်စု၊ သူ့မိသားစု သို့မဟုတ် သူ့လူမျိုးနောက်တွင် ပုန်းကွယ်မနေပါ။ တစ်နေ့သောအခါ သူ့ကိုချစ်လျက် သူ့ကိုရွေးနှုတ်ကယ်တင်ရန် အသေခံပေးသော သခင်ဘုရားရှေ့တော်တွင် သူကိုယ်တိုင် တိုက်ရိုက် စာရင်းရှင်းရမည်ကို သူသိ

သည်။ ထို့ကြောင့် သူ၏နေ့စဉ်အသက်ရှင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုအားလုံးတွင် သခင်ဘုရား အလိုတော်ကို သူအမြဲတမ်းထည့်သွင်းစဉ်းစားက မိမိ၏ကိုယ်ကျင့်တရားပိုင်းတွင် သူ့ကိုချစ်သော သခင်ဘုရားထံ ဖြေရှင်းနိုင်အောင် သူတာဝန်ရှိကြောင်းကို သူသိနေသည်။

## တာဝန်ဝတ္တရားနှင့်ကျေးဇူးဆပ်စရာရှိခြင်းတို့နှင့်ဆိုင်သောလူ့ကျင့်ဝတ်

ဤဝေါဟာရနှစ်ခုအကြားအခြေခံခြားနားမှုကို ဆွေးနွေးခြင်းဖြင့် ကျွန်ုပ်တို့အစပြုသင့်ပါသည်။ အစိုးရက ချမှတ်ထားသည်ဖြစ်၍ လုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ မလုပ်လျှင် ဒဏ်ငွေ သို့မဟုတ် အခြားပြစ်ဒဏ်တစ်ခုခုခံရမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့၏လူ့အသိုင်းအဝိုင်းတွင် ကျွန်ုပ်တို့လုပ်ဆောင်ရသောအရာများ အသေအချာရှိမည်ဖြစ်သည်။ ၎င်းသည် *တာဝန်ဝတ္တရား* အတွက် ရိုးရှင်းသောဥပမာတစ်ခုဖြစ်သည်။

သင့်မိတ်ဆွေတစ်ဦးအကူအညီလို၍ သင့်ထံငွေချေးလာသည့်မြင်ကွင်းကို ကြိုတင်မြင်ကြည့်ပါ။ သင်ကိုယ်တိုင်လည်း ငွေအပိုအလျှံမရှိဘဲ ဖြစ်နိုင်သည်။ သို့သော် လွန်ခဲ့သောနှစ်တစ်နှစ်နှစ်က သင်သည် အကြွေးကြောင့်ဒုက္ခအကြီးအကျယ်ရောက်စဉ် သူက သင့်အကြွေးကိုဆပ်ပေးခဲ့သည် ဆိုကြပါစို့။ ယခု သူငွေလိုနေချိန်တွင် ငွေချေးပေးခြင်းအားဖြင့် သူ့ကိုသင်ကူညီရမည်ဟု သင်ခံစားရသည်။ တစ်နည်းပြောရလျှင် သင်သည် သူ့အပေါ် ကျေးဇူးဆပ်စရာရှိသည်ဟု သင်ခံစားရသည်။ အဘယ့်ကြောင့် သင်ထိုသို့ခံစားရသနည်း။

သို့မဟုတ် တစ်နေ့တွင် သင်အိပ်နေစဉ် သင့်အိမ်မီးစွဲလောင်သော်လည်း သင်သည်အိပ်မြဲအိပ်ပျော်နေသည်။ ထိုအချိန်တွင် သင့်သူငယ်ချင်းတစ်ဦးသည် သူ့အတွက်အန္တရာယ်ရှိသော်လည်း မီးတောက်များကြားမှ ပြေးဝင်လာကာ သင့်ကိုကယ်ရင်း ဆိုးဝါးစွာမီးလောင်ခြင်းခံခဲ့ရသည်။ ယခု သူသည် သင့်စာရေးလျက် သင့်အနီးနားတွင်ရှိသော သူ့အဖွားအတွက် ဈေးဝယ်ပေးမည့်သူ မရှိသောကြောင့် သူ့အဖွားအတွက် တစ်ပတ်တစ်ကြိမ်ဈေးဝယ်ပေးရန် သင့်ကိုအကူအညီတောင်းလာသည်။ ထိုအခါ "သူက သင့်အဖွားဘဲ။ ငါ့အဖွားမဟုတ်ဘူး။ ခင်ဗျားဘဲ သူ့အတွက် ဈေးဝယ်ပေးရမှာပေါ့။ ငါမဝယ်ပေးနိုင်ဘူး"ဟု သင်စာပြန်ရေးမည်လား။ သို့မဟုတ် အပတ်တိုင်းလုပ်ရမည့်ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်မည်ဖြစ်ပြီး မလုပ်လျှင်လည်း မည်သူမျှသင့်ကိုထောင်ထဲထည့်မည် မဟုတ်သော်လည်း သင်လုပ်ပေးရမည်ဟု သင်ခံစားမည်လား။ ထိုသို့ခံစားရမည်ဆိုလျှင် အဘယ့်ကြောင့်နည်း။

ယခု အောက်ပါပုံဥပမာကို ဆင်ခြင်စဉ်းစားကြည့်ပါ။

> ထိုအခါ ပေတရုသည် အထံတော်သို့ချဉ်းကပ်၍ "သခင်ဘုရား၊ အကျွန်ုပ်၏ညီအစ်ကိုသည် အကျွန်ုပ်ကိုပြစ်မှားသည့်အခါ သူ့ကို အကြိမ်မည်မျှ ခွင့်လွှတ်ရပါမည်နည်း။ ခုနစ်ကြိမ်တိုင်အောင်လော"ဟု မေးလျှောက်လေ၏။ ယေရှုကလည်း "ခုနစ်ကြိမ်တိုင်အောင်ဟု ငါမဆိုဘဲ ခုနစ်ကြိမ်ကို ခုနစ်ဆယ်လီတိုင်အောင်ဟု ငါဆို၏။
> ထို့ကြောင့် ကောင်းကင်နိုင်ငံတော်သည် မိမိအစေအပါးတို့နှင့်စာရင်းရှင်းလိုသော ဘုရင်တစ်ပါးနှင့်တူ၏။ သူသည် စာရင်းစတင်ရှင်းသောအခါ တာလန်တစ်သောင်းအကြွေးတင်သူတစ်ယောက်ကို ရှေ့တော်သို့ခေါ်ဆောင်ခဲ့ကြ၏။ သို့သော် ထိုသူ၌ အကြွေးဆပ်စရာမရှိသောကြောင့် သူကိုယ်တိုင်မှစ၍ သားမယားနှင့် သူပိုင်ဆိုင်သောအရာအားလုံးတို့ကိုရောင်း၍ အကြွေးဆပ်ရန် သူ့သခင်သည် အမိန့်ချလေ၏။ ထိုအခါ ထိုအစေအပါးသည် ပျပ်ဝပ်လျက်သခင်ကိုရှိခိုးကာ 'အကျွန်ုပ်ကိုသည်းခံတော်မူပါ။ အကြွေးရှိသမျှကို ပြန်ဆပ်ပါမည်' ဟု တောင်းလျှောက်လေ၏။ ထိုအစေအပါး၏သခင်သည် ကြင်နာစိတ်ရှိ၍ သူ့ကိုလွှတ်ပေးကာ သူ၏အကြွေးကို လျှော်ပစ်လေ၏။ သို့သော် ထိုအစေအပါးသည်

ထွက်သွား၍ သူ့ထံ၌ ဒေနာရိတစ်ရာအကြွေးတင်သော အစေအပါးချင်းတစ်ဦးကို တွေ့လျှင် သူ့ကိုဖမ်း၍ လည်ပင်းညှစ်လျက် 'သင်ယူထားသောအကြွေးကို ပြန်ဆပ်လော့' ဟု ဆို၏။ ထိုအခါ ထိုအစေအပါးချင်းသည် ပျပ်ဝပ်လျက် 'အကျွန်ုပ်ကိုသည်းခံပါ။ သင့်အား အကြွေးပြန်ဆပ်ပါမည်' ဟု တောင်းပန်လေ၏။ သို့သော် သူသည် လက်မခံဘဲ သွား၍ ထိုအစေအပါးချင်းအား သူယူထားသောအကြွေးကိုပြန်ဆပ်သည့်တိုင်အောင် ထောင်ထဲ၌ ထည့်ထားလေ၏။ အခြားသောအစေအပါးချင်းတို့သည် ထိုအဖြစ်အပျက်ကိုမြင်လျှင် အလွန်စိတ်မကောင်းဖြစ်ကာ သူတို့၏သခင်ထံသို့သွား၍ ဖြစ်လေသမျှတို့ကို လျှောက်ထားကြ၏။ ထိုအခါ သခင်သည် ထိုအစေအပါးကိုခေါ်၍ 'ဆိုးသွမ်းသောအစေအပါး၊ သင်သည် ငါ့ကိုတောင်းပန်သောကြောင့် အကြွေးရှိသမျှကို သင့်အတွက် ငါလျှော်ပစ်ခဲ့၏။ ငါသည် သင့်ကိုသနားသကဲ့သို့ သင်သည်လည်း အစေအပါးချင်းကို သနားသင့်သည်မဟုတ်လော' ဟု ဆို၏။ ဤသို့ဖြင့် သူ၏သခင်သည်အမျက်ထွက်ကာ အကြွေးရှိသမျှကို ပြန်ဆပ်သည့်တိုင်အောင် သူ့ကို အကျဉ်းချနှိပ်စက်သောသူတို့လက်သို့ အပ်လေ၏။ သင်တို့တစ်ဦးစီသည် မိမိညီအစ်ကိုကို စိတ်နှလုံးထဲမှခွင့်မလွှတ်လျှင် ကောင်းကင်ဘုံရှင် ငါ့ခမည်းတော်သည်လည်း သင်တို့ကို ထိုနည်းတူပြုတော်မူလိမ့်မည်''ဟု မိန့်တော်မူ၏။ (မ ၁၈း၂၁-၃၅)

ယေရှုသည် အကြွေးကို ကျွန်ုပ်တို့အား ဘုရားသခင်၏တရားစီရင်ခြင်း (ပုံဥပမာတွင် အကျဉ်းထောင်နှင့် အပြစ်ပေးခြင်း) နှင့်ရင်ဆိုင်စေမည့် ကျွန်ုပ်တို့၏အပြစ်များအတွက် ပုံဖော်ချက်တစ်ခု အဖြစ် အသုံးပြုနေခြင်းဖြစ်သည်။

ပထမလူသည် မိမိသခင်ထံအကြွေးများစွာရှိခဲ့သည်။ ဘုရားသခင်ထံ ကျွန်ုပ်တို့အားလုံးတင်သည့်အကြွေး၏ပမာဏအတွက် ပုံဖော်ချက်တစ်ခုဖြစ်သည်။ ထိုအကြွေးနှင့်နှိုင်းယှဉ်လျှင် ဒုတိယလူက အခြားအစေအပါးချင်းတစ်ဦးထံ တင်သည့်အကြွေးသည် အနည်းငယ်ဖြစ်သည်။ သူတို့သခင်က ပထမအစေခံအပေါ် သနားလျက် သူ၏များစွာသောအကြွေးကိုလွှတ်ပေးသည်ဖြစ်၍ သူသည် မိမိသခင်၏အခြားအစေခံက သူ့အပေါ်တင်သည့် ထိုအနည်းငယ်သောအကြွေးကို လွှတ်ပေးရန် ကိုယ်ကျင့်တရားအရ သူ့တွင် တာဝန်ရှိသည်။

အမျိုးသမီးတစ်ဦးက မိမိသည် ခရစ်ယာန်တစ်ဦးဖြစ်ကြောင်းဝန်ခံသည်ဆိုလျှင် သူသည် မိမိအပြစ်များနှင့်ထာဝရပြစ်ဒဏ်မှ ခွင့်လွှတ်ပေးတော်မူသောခရစ်တော်အပေါ် ကျေးဇူးအကြွေးရှိကြောင်း ဝန်ခံခြင်းပင်ဖြစ်သည်။ သို့သော် မိမိ၏အစေခံချင်းအပေါ် ခွင့်လွှတ်ရန် ငြင်းနေမည်ဆိုလျှင် သူသည် ခရစ်တော်အပေါ် ကျေးဇူးအကြွေးတင်ကြောင်း ငြင်းနေခြင်းပင်ဖြစ်သည်။ ထိုသို့ငြင်းနေခြင်းသည် မိမိကိုယ်တိုင်သည် ခွင့်လွှတ်ခြင်းခံရပြီဆိုသည်ကို ငြင်းနေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် သူသည် မိမိအပြစ်များအတွက် ပြစ်ဒဏ်ခံရမည်ဖြစ်သည်။

စစ်မှန်သောခရစ်ယာန်တစ်ဦးသည် အလေးအနက်တိုက်တွန်းခြင်းကို နာခံမည်ဖြစ်သည်။

> ခပ်သိမ်းသောခါးသီးနာကြည်းခြင်း၊ ဒေါသကြီးခြင်း၊ အမျက်ထွက်ခြင်း၊ အော်ဟစ်ငေါက်ငမ်းခြင်းနှင့် စော်ကားပြောဆိုခြင်းတို့ကို မကောင်းမှုအလုံးစုံနှင့်အတူ သင်တို့ထံမှ ဖယ်ရှားကြလော့။ အချင်းချင်းကျေးဇူးပြုလျက် သနားစုံမက်ကြကာ ဘုရားသခင်သည် ခရစ်တော်၌ သင်တို့ကိုခွင့်လွှတ်တော်မူသကဲ့သို့ အချင်းချင်းခွင့်လွှတ်ကြလော့။
> (ဧဖက် ၄း၃၁-၃၂)

သို့သော် ကျေးဇူးအကြွေးတင်ရှိခြင်းနှင့်ဆိုင်သောလူ့ကျင့်ဝတ်သည် အပြစ်လွှတ်ခြင်းကိစ္စနှင့်သာဆိုင်သည်မဟုတ်။ အခြားသူများကို ကူညီလိုသော ကျွန်ုပ်တို့၏စိတ်ဆန္ဒနှင့်လည်းဆိုင်သည်။

> ခရစ်တော်သည် ငါတို့အတွက် မိမိအသက်ကိုစွန့်တော်မူသောကြောင့် ငါတို့သည် ထိုအမှုအရာအားဖြင့် ချစ်ခြင်းမေတ္တာကိုသိကြရပြီ။ ငါတို့သည်လည်း ညီအစ်ကိုချင်းတို့အတွက် အသက်ကိုစွန့်သင့်၏။ (၁ ယော ၃း၁၆)

"တစ်စုံတစ်ယောက်က အခြားသူတစ်ဦးအတွက် အသက်စွန့်သည်" ဆိုခြင်းက ထိုတစ်ဦးအတွက် ရုပ်ပိုင်းဆိုင်ရာအသေခံပေးခြင်းကို ဆိုလိုနိုင်ပါသည်။ ဥပမာ လူတစ်ဦးသည် ရေနစ်နေသည့်ကလေးကို ကယ်ရန် ရေထဲဒိုင်ပင်ထိုးခုန်ဆင်းကာ ထိုကလေးကိုကယ်ခဲ့သည်။ သို့သော် ထိုသူကိုယ်တိုင်မှာ ရုတ်တရက်နှလုံးဖောက်ပြန်မှုဖြစ်လျက် ရေနစ်သေဆုံးသွားသည့်အဖြစ်မျိုးဖြစ်သည်။ သို့သော် သူရဲကောင်းဆန်သောလုပ်ရပ်မျိုးမဟုတ်သော်လည်း လုပ်ဆောင်ရန်ပိုမိုခက်ခဲသည့်အရာမျိုးလည်း ဖြစ်နိုင်သည်။ ရှင်ယောဟန်က ဤသို့ပြောသည့်ကိစ္စမျိုးဖြစ်သည်-

> တစ်စုံတစ်ဦးသည် လောကီစည်းစိမ်ရှိလျက်နှင့် မိမိညီအစ်ကိုဆင်းရဲချို့တဲ့နေသည်ကို မြင်၍ မိမိ၏ကြင်နာစိတ်ကိုချုပ်တည်းထားလျှင် ဘုရားသခင်၏ချစ်ခြင်းမေတ္တာသည် ထိုသူ၌ မည်သို့တည်မည်နည်း။ (၁ ယော ၃း၁၇)

ဤအချက်အားလုံးအားဖြင့် အလိုအလျောက်သိသာထင်ရှားလာသောအရာမှာ ခရစ်ယာန်လူ့ကျင့်ဝတ်သည် သာမန်ကာလျှံကာလူ့ကျင့်ဝတ်မဟုတ်သည်မှာ သေချာလှသည်ဆိုသည့်အချက်ဖြစ်သည်။ အမှားမလုပ်ဘဲ တရားသဖြင့်နေပါဟု ကျွန်ုပ်တို့ကို ရိုးရိုးလေးတောင်းဆိုသည့်လူ့ကျင့်ဝတ်မျိုးသာမဟုတ်ပေ။ မိုင်ပိုသွားရန်၊ စေတနာကောင်းလျက် ကြင်နာသနားခြင်းအရာတွင် ရက်ရောရန် ၎င်းကတောင်းဆိုသည် (လု ၆း၃၈)။ ယခင်ကသူခိုးဖြစ်ခဲ့သူများကို တိုက်တွန်းပုံက ၎င်း၏သဘာဝကို ဖော်ပြပါသည် - 'ခိုးတတ်သောသူသည် နောက်ထပ်မခိုးဘဲ လိုအပ်သောသူအား ဝေမျှစရာရှိစေရန် မိမိလက်ဖြင့် ကောင်းသောအလုပ်ကိုသာ အားထုတ်လုပ်ဆောင်စေ (ဧဖက် ၄း၂၈)။

# အခန်း ၃၃

## ခရစ်တော်ရှင်ပြန်ထမြောက်တော်မူခြင်း၏ အကျိုးသက်ရောက်မှု

လူတစ်ဦးသည် ကမ္ဘာလောကတွင် ဖြစ်ပျက်ခဲ့သည့် အသစ်သောဂိညာဉ်ရေးစွမ်းအားပွင့်ထွက်မှုကြီးအကြောင်းကို သတိမထားမိပါက တမန်တော်ဝတ္ထု၏အစပိုင်းအခန်းကြီးများကို ဖတ်ရှုနိုင်မည်မဟုတ်ပေ။ ခရစ်ယာန်အသင်းတော်ပေါ်ထွန်းလာခြင်းသည် ထိုဖြစ်ရပ်၏ရလဒ်ဖြစ်သည်။ ထိုဂိညာဉ်ရေးစွမ်းအား၏အရင်းအမြစ်ကား အဘယ်အရာဖြစ်သနည်း၊ လူ့သမိုင်း၏ ဤအချိန်တွင် မည်သည့်အရာက ဤစွမ်းအားကို ပွင့်ထွက်လာစေခဲ့သနည်း- ဆိုသည့် အခြေခံကျသော သမိုင်းကြောင်းဆိုင်ရာမေးခွန်းနှစ်ခုကို ကျွန်ုပ်တို့ မှန်ကန်စွာမေးကြသည်။ ကနဦးခရစ်ယာန်များကိုယ်တိုင်က ပေးသောအဖြေမှာ - ခရစ်တော်သင်္ဂြိုဟ်ခံရပြီး သုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်ခြင်းနှင့် ရှင်ပြန်ထမြောက်ပြီးရက်ငါးဆယ် ပင်တေကုတ္တေပွဲနေ့တွင် သန့်ရှင်းသောဂိညာဉ်တော်ဆင်းသက်ကြွလာခြင်းတို့ ဖြစ်သည် (တမန်တော်ဝတ္ထု ၁ နှင့် ၂)။

စိတ်ရှုတ်ထွေးခြင်းနှင့်ကြောက်ရွံ့ခြင်းတို့ဖြင့် တံခါးသော့ပိတ်လျက် ငြိမ်ကုပ်နေခဲ့ကြသောသူတို့ကို (ယော ၂၀း၁၉) ခြသေ့်ကဲ့သို့ရဲရင့်ကာ ရှေ့ထွက်လာလျက် ယေရှုကိုကားတိုင်ပေါ်တင်ခဲ့သူများကို အပြစ်ရှိကြောင်း အများရှေ့တွင် ပြောဆိုလျက် ကိုယ်တော်သည် ရှင်ပြန်ထမြောက်တော်မူပြီဖြစ်ကြောင်း ဟောပြောသူများအဖြစ်သို့ ပြောင်းလဲစေသည်မှာ အထက်တွင်ဖော်ပြသည့် အမှုအရာနှစ်ခုပင်ဖြစ်ကြောင်း သူတို့ပြောပြကြသည်။ ခါးသီးသောဆန့်ကျင်မှုနှင့်ညှင်းပန်းနှိပ်စက်မှုကိုရင်ဆိုင်လျက် ခရစ်တော်၏ကောင်းမြတ်သောသတင်းကို ကမ္ဘာအနှံ့အခြေချတည်ထောင်ရန် သူတို့နှင့်သူတို့ကိုဆက်ခံသူများကို တွန်းအားပေးခဲ့သည့်အရာမှာ ထိုအဖြစ်အပျက်နှစ်မျှာပင်ဖြစ်သည်။

သို့သော် ခရစ်ယာန်သတင်းစကားကို ဟောပြောကြေညာရန် သူတို့ကို နှိုးဆော်သည့်တန်ခိုးစွမ်းအားမှာ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနှင့်သန့်ရှင်းသောဂိညာဉ်တော်ဆင်းသက်ကြွလာခြင်းတည်းတော့မဟုတ်ပေ - ခရစ်တော်နှင့်ရှင်ပြန်ထမြောက်ခြင်းသတင်းစကားဖြစ်ပြီး လူတို့၏စိတ်နှလုံးတွင် ယုံကြည်ခြင်းကို ဖိတ်ခေါ်သည့် သန့်ရှင်းသောဂိညာဉ်တော်၏ဆုကျေးဇူးလက်ဆောင်ကို ကမ်းပေးလျက် သူတို့အား မျှော်လင့်ခြင်းအသစ်ကိုပေးလျက် အပြစ်နှင့်သူတို့ဘဝ၏အချည်းနှီးဖြစ်ခြင်းတို့ကို တွေ့မြင်စေလျက် သူတို့ထံနောင်တကိုယူဆောင်လာလျက် ယေရှုကိုယုံကြည်ခြင်းအားဖြင့် သူတို့အား ဂမ်းမြောက်မှုနှင့်ငြိမ်သက်ခြင်းကိုပေးသည့် ထိုကောင်းမြတ်သောသတင်းကိုယ်တိုင်လည်းပါသည်။ ၎င်းနှင့်အတူ အသစ်သောစွမ်းအား၊ အသစ်သောအစွမ်းတန်ခိုးများ၊ အသစ်သောပန်းတိုင်နှင့် အသစ်သောလူ့ကျင့်ဝတ်စံနှုန်းများပါရှိလာသည်။ ၎င်းကသူတို့အား လုံးလုံးလျားလျားအသစ်ဖြစ်သောလောကအမြင်သစ်ကို ပေးခဲ့သည်။

### လုံးလုံးလျားလျားအသစ်ဖြစ်သောလောကအမြင်သစ်

*သေခြင်းသည် နိဂုံးမဟုတ်ကြောင်း ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းက ပေါ်လွင်ထင်ရှားစွာဖော်ပြခဲ့သည်။* ခရစ်တော်ကိုယ်တိုင်အတွက်လည်း သေခြင်းသည် နိဂုံးမဟုတ်ခဲ့ပေ။ ထို့ကြောင့်သူ့နောက်လိုက်များအတွက်လည်း နိဂုံးမဟုတ်ပေ။ ယေရှု၏ရှင်ပြန်ထမြောက်ခြင်း၏အဓိပ္ပါယ်မှာ

သူ၏စိတ်ဝိညာဉ်သည် သူ့ကိုယ်ခန္ဓာ၏သေခြင်းကို အသက်ရှင်စေလျက် ကောင်းကင်သို့တက်ကြွသွားစေသည်ဟူ၍ သက်သက်မဟုတ်ပေ။ သူသည် သေခြင်းမှ ကိုယ်ခန္ဓာဖြင့် ထမြောက်ခဲ့သည်ဟု အဓိပ္ပါယ်ရသည်။ သေခြင်းကိုယ်တိုင်ကို ပျက်ပြယ်သွားစေခြင်းဖြစ်သည်။

**ရှင်ပြန်ထမြောက်ခြင်းသည် အရေးကြီးပါသလား။**

ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း အမှန်မဖြစ်ပျက်ခဲ့လျှင်၊ ၎င်းအကြောင်းဓမ္မသစ်ကျမ်း၏မှတ်တမ်းသည်မမှန်ကန်ဟု သက်သေရှိခဲ့လျှင် ခရစ်ယာန်ယုံကြည်မှုတစ်ခုလုံး ပြိုပျက်သွားခဲ့မည်ဖြစ်သည်။ ထိုသို့မဖြစ်အောင် မည်သည့်အရာကမျှ ကယ်နိုင်မည်မဟုတ်။ ဓမ္မသစ်ကျမ်းထဲမှဟောပြောချက်များနှင့်သွန်သင်ချက်များသည် ရှင်ပြန်ထမြောက်ခြင်းတွင် မည်ကဲ့သို့ဗဟိုပြုနေကြောင်း ဓမ္မသစ်ကျမ်းကို ကျွန်ုပ်တို့ဖတ်လျှင် ကျွန်ုပ်တို့ကိုယ်တိုင်တွေ့ရမည်ဖြစ်သည်။ သို့သော် ပိုမိုထူးခြားသောအချက်မှာ ခရစ်တော်၏ထမြောက်ခြင်းမရှိလျှင် ခရစ်ယာန်ယုံကြည်မှုတွင် ဘာမျှထူးခြားသောတန်ဖိုးရှိမည်မဟုတ်ကြောင်း ကနဦးခရစ်ယာန်များကိုယ်တိုင်က သိနေကြခြင်းပင်ဖြစ်သည်။ ရှင်ပေါလုကို ဥပမာအဖြစ်ယူကြစို့။ ကောရိန္သုမြို့ရှိသူ့အားဖြင့်ပြောင်းလဲလာသူများထံ စာရေးသား၍ "ခရစ်တော်သည် ထမြောက်တော်မမူခဲ့လျှင် သင်တို့၏ယုံကြည်ခြင်းသည် အချည်းနှီးဖြစ်၍ သင်တို့သည် မိမိတို့အပြစ်များထဲ၌ရှိနေကြသေး၏"ဟု သူပြောထားသည် (၁ ကော ၁၅း၁၇)။ ရှင်ပြန်ထမြောက်ခြင်းအတွက်သက်သေအထောက်အထား၏အကျဉ်းချုပ်အတွက် နောက်ဆက်တွဲ )ခ( ကိုကြည့်ပါ။

သက်ရောက်ဆက်နွယ်မှုအလွန်ကြီးမားပါသည်။ ယေရှု၏ကိုယ်ခန္ဓာသည် လူ့ကိုယ်ခန္ဓာအပြည့်အဝဖြစ်သည်ဖြစ်၍ သူ၏ရှင်ပြန်ထမြောက်ခြင်းသည် အသက်ရှင်ခဲ့သမျှသောသူ၊ နောက် အသက်ရှင်မည့်သူ ရှိသမျှတို့အပေါ် သက်ရောက်ဆက်နွယ်သည်။ ဘုရားသခင်သည် သေခြင်းနှင့်ဆိုင်သောဖြစ်စဉ်ကို ပြောင်းပြန်ဖြစ်စေရန် သဘာဝတရား၏ ဤအပိုင်းတွင် ကြားဝင်ခဲ့သည်။ ထိုသို့ဖြင့် တစ်နေ့သောအခါ သဘာဝတရားတစ်ခုလုံးကို နဂိုအတိုင်း ပြန်လည်သစ်လွင်စေတော်မူမည်ဖြစ်သည်။ အမှန်တကယ်ဆိုရလျှင် ထိုသို့ပြုတော်မူမည့်အကြောင်း ဓမ္မဟောင်းထဲ၌ ကတိတော်ပေးပြီးသားဖြစ်သည်။ ယခု ယေရှု၏ရှင်ပြန်ထမြောက်ခြင်းသည် ပြည့်စုံလာမည့်ကတိတော်ကို အတည်ပြုသည့် ပဌမအသီးအပွင့်ဖြစ်သည်။ ၎င်းနှင့်ပတ်သက်၍ ကနဦးခရစ်ယာန်များက ဤသို့ပြောကြသည် -

> ထို့ကြောင့် သင်တို့၏အပြစ်များ ပယ်ဖျက်ခြင်းခံရစေရန် နောင်တရလျက် ပြောင်းလဲကြလော့။ ဤသည်ကား ထာဝရဘုရားထံတော်မှ နှစ်သိမ့်လန်းဆန်းရာအချိန်အခါများကျရောက်လာ၍ သင်တို့အတွက် ကြိုတင်ခန့်ထားတော်မူသည့် ခရစ်တော်တည်းဟူသောယေရှုကို စေလွှတ်တော်မူရန်ဖြစ်၏။ ရှေးကာလမှစ၍ မိမိ၏သန့်ရှင်းသောပရောဖက်တို့၏နှုတ်အားဖြင့် ဘုရားသခင်မိန့်တော်မူခဲ့သည့်အရာတည်းဟူသော အလုံးစုံတို့ကို မူလအတိုင်းပြန်ဖြစ်စေမည့်ကာလများတိုင်အောင် ကောင်းကင်သည် ထိုအရှင်ကိုလက်ခံထားရမည်။ (တ ၃း၁၉-၂၁)

ဖန်ဆင်းခံလောကသည် ဘုရားသခင့်သားများ၏ထင်ရှားခြင်းကို အလွန်တောင့်တသောစိတ်ဖြင့် စောင့်မျှော်လျက်နေ၏။ အဘယ်ကြောင့်ဆိုသော် ဖန်ဆင်းခံလောကသည် အချည်းနှီးအဖြစ်သို့ချထားခြင်းခံရသည်မှာ မိမိဆန္ဒအလျောက်မဟုတ်ဘဲ ချထားတော်မူသောအရှင်ကြောင့်သာဖြစ်ပြီး ဖန်ဆင်းခံလောကကိုယ်တိုင် ပျက်စီးခြင်း၏

အနှောင်အဖွဲ့မှ လွတ်မြောက်၍ ဘုရားသခင့်သားသမီးများ၏ဘုန်းအသရေနှင့်ပြည့်စုံသော လွတ်လပ်ခြင်းသို့ဝင်စားခွင့်ရမည်ဟူသည့် မျှော်လင့်ခြင်းရှိသောကြောင့်ဖြစ်၏။ (ရော ၈း၁၉-၂၁)

ယခုမူကား ခရစ်တော်သည် သေသောသူတို့ထဲမှ ထမြောက်တော်မူ၍ အိပ်ပျော်သောသူတို့တွင် အသီးဦးဖြစ်တော်မူပြီ။ (၁ ကော ၁၅း၂၀)

*နောက်ဆုံးတွင် မကောင်းမှုသည် ဤကမ္ဘာလောက၌ ဆက်တည်ခွင့်ရမည်မဟုတ်ကြောင်း ရှင်ပြန်ထမြောက်ခြင်းက ပြတ်ပြတ်သားသားသရုပ်ပြခဲ့သည်။* ကိစ္စရပ်တစ်ခုလုံးအပေါ် မာရ်နတ်ကိုယ်တိုင်၏လှုပ်ဆော်မှုနှင့်နောက်ကွယ်မှစီစဉ်ညွှန်ကြားမှုတို့ဖြင့် ဆောက်တည်ရာမရဖြစ်ခြင်း၊ နိုင်ငံရေးဆိုင်ရာခြိမ်းခြောက်အကျပ်ကိုင်ခြင်းနှင့် အုပ်ချုပ်မှုမကျွမ်းကျင်ခြင်းတို့က ယူဆောင်လာသော လူတို့၏ မာန်မာန၊ မလိုခြင်း၊ ကြောက်ရွံ့ခြင်း၊ မသိနားမလည်ခြင်း၊ ရက်စက်ခြင်းနှင့် သူရဲဘောနည်းခြင်းတို့၏ ရောနှောပေါင်းစပ်မှုက ယေရှုအားတရားစီရင်လျက်သေဒဏ်ပေးခြင်းကို အကောင်အထည်ပေါ်စေခဲ့သည်။ သို့သော် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းက ဤတရားမျှတမှုအတုအယောင်ကို ပယ်ဖျက်လိုက်သည်။ ထိုရှင်ပြန်ထမြောက်ခြင်းက ကိုယ်တော်အား လက်ဂါးကပ်တိုင်ပေါ် တင်သတ်ခံရစေသည့်စီရင်မှုတွင် ကိုယ်တော်သည် အပြစ်မရှိကြောင်း သက်သေထူသည်သာမက ကိုယ်တော်သည် သခင်ဖြစ်လျက် စကြဝဠာကိုပိုင်ဆိုင်သောအရှင်၏သားတော်ခရစ်တော်ဖြစ်တော်မူကြောင်းကိုလည်း တရားဝင်ကြေညာလိုက်သည်။ တစ်ချိန်တည်းမှာပင် ရှင်ပြန်ထမြောက်ခြင်းသည် ကိုယ်တော်သည် လောကကို ဖြောင့်မတ်စွာတရားစီရင်လျက် မကောင်းမှုကို ဖယ်ရှားကာ လောက၏အမှားအယွင်းများကို ပြုပြင်တည့်မတ်စေမည့်နေ့ရက်အတွက် ခွဲခန့်သတ်မှတ်ထားသောအရှင်ဖြစ်ကြောင်း ဘုရားသခင်၏ကြိုတင်သတိပေးချက်နှင့်အာမခံချက်ဖြစ်သည်။ ယေရှုခရစ်တော်သည် ခန့်အပ်ထားတော်မူသောတရားစီရင်သောအရှင်ဖြစ်တော်မူမည်ဖြစ်ပြီး (တ ၁၇း၃၀-၃၄) မကောင်းမှုကိုသုတ်သင်ဖယ်ရှားကာ စကြဝဠာကို ၎င်း၏ဘုန်းထွန်းတောက်သောဖွံ့ဖြိုးတိုးတက်မှု နောက်တစ်ဆင့်အထိ စီမံခန့်ခွဲသွားမည်ဖြစ်သည်။

*ရှင်ပြန်ထမြောက်ခြင်းက ရုပ်ဝတ္ထုပစ္စည်းတို့သည် အခြေခံအားဖြင့်ကောင်းသောအရာဖြစ်ကြောင်း ကြေညာသည်။* ဆိုကရေးတီးနှင့် ပလေတိုကဲ့သို့သော ရှေးခေတ်အတွေးအခေါ်ပညာရှင်များက ရုပ်ဝတ္ထုပစ္စည်းသည် အပေါင်းလက္ခဏာဆောင်သည့်အဆိုးမျိုးမဟုတ်လျှင် လုံးဝမလိုလားအပ်သောအရာဖြစ်ပြီး ကိုယ်ခန္ဓာသည် စိတ်ဝိညာဉ်၏သင်္ချိုင်းဂူဖြစ်ကာ ညစ်ညမ်းလွယ်သည်ဟု ဆိုခဲ့ကြသည်။ ဟိန္ဒူအတွေးအခေါ်၏ပုံစံအမျိုးမျိုးက ဤအမြင်ကို ဆက်လက်စွဲကိုင်နေဆဲဖြစ်သည် - ရုပ်ပစ္စည်းသည် ဗဟိုကိုအကြိမ်ကြိမ်အဆုံးမရှိပတ်နေပြီး (မည်သည့်နေရာမှ မရောက်နိုင်သော) ဘီးတစ်ခု၏အနားဝန်းနှင့်တူသည်။ ကျွန်ုပ်တို့သည် ရုပ်လောကနှင့် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာတို့မှ ထာဝရ မသဲမကွဲဖြစ်သော ဝိညာဉ်ထဲသို့ လွတ်မြောက်သွားရန် ကြိုးစားသင့်သည်ဟု သူတို့က သွန်သင်ပေးကြသည်။

သို့သော် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းက အလွန်ခြားနားစွာ သွန်သင်ပေးပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းက ယေရှုကို ရုပ်ပိုင်းဆိုင်ရာ ဘုန်းတော်နှင့်ပြည့်စုံသော လူ့ကိုယ်ခန္ဓာဖြင့်ပြန်လည်သင့်လွင်စေသောကြောင့်ဖြစ်သည်။ ထိုသို့အားဖြင့် ရုပ်ဝတ္ထုပစ္စည်းနှင့် လူ့ကိုယ်ခန္ဓာသည် (အပြစ်နှင့်အနာရောဂါကြောင့် ဖျက်ဆီးခံခဲ့ရသော်လည်း) အခြေခံအားဖြင့် ကောင်းကြောင်း ၎င်းက အတည်ပြုပေးခဲ့သည်။ လူ့ကိုယ်ခန္ဓာများကို အထင်အမြင်သေးလျက် စက်ဆုပ်ခြင်းမပြုရ

သကဲ့သို့ ဂိညာဉ်ရေးထူးချွန်မှုဟုခံယူဖို့နည်းလမ်းအဖြစ် ညှဉ်းပန်းနှိပ်စက်ခြင်းလုံးလုံးမပြုရပေ။

## ဤလောကအမြင်သစ်၏အကျိုးသက်ရောက်မှု

ခရစ်တော်၏တပည့်တော်များအပေါ် လောကအမြင်သစ်၏ အကျိုးသက်ရောက်မှုများမှာ လတ်တလောနှင့်ရေရှည် နှစ်မျိုးလုံးဖြစ်သည်။ ဤနေရာတွင် နမူနာသုံးခု ဖော်ပြပါမည် -

၁။ *ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် ပစ္စည်းများနှင့်ပိုင်ဆိုင်မှုများအပေါ်ထားရှိသည့်စိတ်ထားနှင့် သွယ်ဂိုက်ပတ်သက်မှုရှိသည်။* နောက်ဆုံးအခန်းတွင် ဤအကြောင်းလေ့လာကြမည်။

၂။ *ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် ကိုယ်တော်၏နောက်လိုက်များကို သေခြင်းကိုကြောက်ရွံ့ခြင်း၏ကြီးစိုးဖိစီးမှုမှ လွတ်မြောက်စေခဲ့သည်။* ကနဦးခရစ်ယာန်များက ဤအကြောင်းကို ဤသို့ပြောဆိုကြသည် -

> ထိုသားသမီးအားလုံးတို့သည် အသွေးအသားရှိကြသည်ဖြစ်၍ ကိုယ်တော်သည်လည်း သူတို့နည်းတူ ထိုအသွေးအသားကို မျှဝေခံယူတော်မူ၏။ ဤသည်ကား အသေခံတော်မူခြင်းအားဖြင့် သေခြင်း၏တန်ခိုးအရှိန်အဝါကိုပိုင်သောသူဖြစ်သည့် မာရ်နတ်ကို ဖျက်ဆီးလျက် သေခြင်းကိုကြောက်ရွံ့သောသဘော၌ တစ်သက်လုံးကျွန်ခံနေရသောသူ တို့ကို လွတ်မြောက်စေရန်ဖြစ်၏။ (ဟေဗြဲ ၂း၁၄-၁၅)

(သေဆုံးခြင်းဖြစ်စဉ်သည် ပွဲချင်းပြီးဖြစ်ပြီး နာကျင်မှုမခံစားရသည်ဖြစ်စေ၊ ကြီးစွာနာကျင်ခံစားရသည်ဖြစ်စေ) သေခြင်း၏နောက်တွင် ရှိနေသောအရာအတွက် သူတို့အား ငြိမ်သက်ခြင်းနှင့် လုံခြုံစိတ်ချမှုကို ရရှိစေသည်။ မကောင်းမှုနှင့်အပေးအယူမလုပ်သည့် သတ္တိကိုလည်း ၎င်းက သူတို့ကိုပေးသည်။ သေခြင်းသည် နိဂုံးဖြစ်လျက် ၎င်း၏နောက်တွင် ဘာမျှမရှိတော့ဘဲ မှားယွင်းသောအရာများအတွက် မှန်ကန်စွာစီရင်မည့် နောက်ဆုံးသောတရားစီရင်ခြင်းလည်း မရှိခဲ့ပါက ဘာမှန်မှုမရှိတာထက် တစ်ဂက်ကပိုကောင်းသည်ဆိုလျက် မကောင်းမှုအတွက် အပေးအယူလုပ်ဆောင်မှုများ မကြာခဏဖြစ်ပေါ်မည်ဖြစ်သည်။ သို့သော် သေခြင်းသည် နိဂုံးမဟုတ်။ ထို့ကြောင့် ခရစ်တော်ကိုယ်တိုင်ကဲ့သို့ ဘုရားသခင်နှင့်သမ္မာတရားအတွက်ရပ်တည်ရင်း သေဆုံးခြင်းသည် ဘေးအန္တရာယ်မဟုတ်၊ လောကတွင် နှစ်အနည်းငယ်အသက်ဆက်ရှင်ရဖို့ ဘုရားသခင်နှင့်သမ္မာတရားပေးဆပ်လျက် အပေးအယူလုပ်ခြင်းသည်သာ ဘေးအန္တရာယ်ဖြစ်သည် ( လု ၁၂း၄-၉ ကိုကြည့်ပါ)။

၃။ *လောကပြဿနာများ၏နောက်ကွယ်တွင် ရှိနေသော ဂိညာဉ်ဆိုး၏အစွမ်းတန်ခိုးများကို အပေါင်းလက္ခဏာဆောင်လျက် တွန်းတွန်းတိုက်တိုက် တိုက်ခိုက်ချေမှုန်းရခြင်းသည် လုပ်သင့်လုပ်ထိုက်သောအရာဖြစ်သည်ဟု ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းက ကနဦးခရစ်ယာန်များကို ခံစားစေခဲ့သည်။*

သူတို့သည် စစ်တပ်များကို မတည်ထောင်၊ အကြမ်းဖက်မှုကိုလည်း အားမကိုးကြ။ မည်သည့်အစိုးရကိုမျှ ဖြုတ်ချရန် မကြိုးစားခဲ့ကြ။ လူ့အသွေးအသားနှင့် နပန်းမလုံးကြ။ သူတို့တိုက်ခိုက်သည့်အရာသည် လူမဟုတ်ဘဲ ဂိညာဉ်ရေးမှောင်မိုက်၊ မမှန်ကန်ခြင်း၊ အယူသည်းခြင်း၊ စာရိတ္တပျက်စီးခြင်းနှင့် လူတို့၏ဘဝနှင့်ကိုယ်ရည်ကိုယ်သွေးကို ပုံပျက်စေသည့်ဖိနှိပ်မှုတို့ဖြစ်သည်။ ရုပ်ဝတ္ထုလက်နက်များဖြင့် မတိုက်ခိုက်ရန်နှင့် ညှင်းဆဲခြင်း၊ ရိုက်နှက်ခြင်း၊ ကျောက်ခဲနှင့်ပစ်ပေါက်ခြင်း၊ အကျဉ်းချခြင်းတို့ခံရသည့်အခါ လက်တုန့်မပြန်ကြရန် ယေရှုကိုယ်တိုင်၏အမိန့်ပေးခြင်း ခံရကြသည်။ ယေရှုအသုံးပြုသည့် နည်းလမ်းနှင့်လက်နက်တို့ကို သူတို့အသုံးပြုရမည်ဖြစ်သည်။ ၎င်းကို ရှင်ပေါလုက "အကြောင်းမူကား တိုက်ပွဲ၌ ငါတို့သုံးသောလက်နက်များသည် သွေးသား

ဇာတိနှင့်ဆိုင်သောလက်နက်များမဟုတ်ဘဲ ဘုရားသခင်အားဖြင့် အစွမ်းထက်သောလက်နက်များဖြစ်ကြပြီး ခံတပ်များကိုပင် ဖြိုဖျက်နိုင်သည်”ဟု (၂ ကော ၁၀း၄) ဖော်ပြပြီး ထပ်၍ “အကြောင်းမူကား ငါတို့သည် အသွေးအသားရှိသောသူကို ရင်ဆိုင်တိုက်ခိုက်နေကြသည်မဟုတ်။ အထွတ်အထိပ်အာဏာများ၊ အာဏာစက်များ၊ ဤလောကီမှောင်မိုက်ခြင်းကို အစိုးတရပြုသောမင်းများ၊ အထက်ကောင်းကင်အရပ်၌ရှိသည့် ဆိုးညစ်သောဝိညာဉ်တန်ခိုးများနှင့် ရင်ဆိုင်တိုက်ခိုက်နေကြခြင်းဖြစ်၏” ဟုလည်း ဖော်ပြထားသည် (ဧဖက် ၆း၁၂)။ သူတို့၏ရည်ရွယ်ချက်မှာလည်း အဂြိပ္ပမင်းကြီးထံ ရှင်ပေါလုပြောခဲ့သည့်အတိုင်း “သူတို့၏မျက်စိကိုဖွင့်ပေး၍ သူတို့ကို အမှောင်မှအလင်းသို့လည်းကောင်း၊ စာတန်၏အခွင့်အာဏာမှ ဘုရားသခင်ထံသို့လည်းကောင်း ပြောင်းလဲစေသဖြင့် သူတို့သည် ငါ့ကို(ယေရှုကို)ယုံကြည်ခြင်းအားဖြင့် အပြစ်များခွင့်လွှတ်ခြင်းကျေးဇူးကိုခံစားရကာ သန့်ရှင်းစေခြင်းခံရသောသူတို့ထဲတွင် ပါဝင်ရမည့်အကြောင်း”ဖြစ်သည် (တ ၂၆း၁၈)။

ယခု ကနဦးခရစ်ယာန်များဟောပြောသောသတင်းစကားသည် ထိခိုက်စေရန်မရည်ရွယ်ထားသော သတင်းစကားဖြစ်သည်ဟု သင်ထင်မြင်နိုင်ပါသည်။ သို့သော် ထိုသို့ထင်မြင်လျှင် ခရစ်ယာန်သတင်း ကောင်းကိုဆန့်ကျင်ရန် လူတို့ကို နှိုးဆော်နေသည့် ကိုယ်ကျိုးမျှော်ကိုးခြင်းနှင့် မှောင်မိုက်တန်ခိုးတို့ကို ဥပေက္ခာပြုသလိုဖြစ်သွားပေမည်။ မကြာမီအတွင်းမှာပင် ခရစ်ယာန်များသည် ခါးသီးသောဆန့်ကျင်မှုများနှင့် ဆက်တိုက်ရင်ဆိုင်လာရကြောင်းနှင့် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကိုအခိုင်အမာယုံကြည်ခြင်းနှင့် နောက်ဆုံးတွင် သူတို့ကိုယ်တိုင်၏ဘဂသစ်ပြန်စခြင်းတို့က သူတို့အား ထိုဆန့်ကျင်မှုများကို ဖြတ်ကျော်စေနိုင်ခဲ့ကြောင်း တမန်တော်ဝတ္ထုက ဖော်ပြထားသည်။

## တမန်တော်များနှင့်ပတ်သက်သောလူ့ကျင့်ဝတ်ဆိုင်ရာအခြေအနေများ

အချို့သောလူ့ကျင့်ဝတ်ဆိုင်ရာအကြောင်းကိစ္စများကို သရုပ်ပေါ်စေသည့် တမန်တော်ဝတ္ထုမှ ကျမ်းပိုဒ်အချို့ အကျဉ်းချုပ်လေ့လာကြမည်။ အဖြစ်အပျက်တိုင်းတွင် (က) ခရစ်ယာန်တမန်တော်များရင်ဆိုင်ရသည့် လူ့ကျင့်ဝတ်ဆိုင်ရာနိယာမနှင့်ပတ်သက်သည့်မေးခွန်းနှင့် (ခ) အပေးအယူအလျှော့အတင်းလုပ်ရန် သူတို့ငြင်းသည့်အခါ ဘာဖြစ်ခဲ့သည်ကို သတိထားကြည့်ပါ။

၁။ *တ ၄း၁၂၊ ၅း၁၇-၄၁။* ဤနေရာ၏အခြေအနေမှာ တမန်တော်များက ခြေလက်သေနေသူတစ်ဦးက ယေရှု၏နာမတော်ဖြင့် အံ့ဩဖွယ်ရာကျန်းမာစေသည့်အခြေအနေဖြစ်သည်။ သို့သော် အာဏာပိုင်များအတွက်မူ ဂမ်းသာစရာမဟုတ်။ သူတို့သည် ယေရှုကို လက်ဝါးကားတိုင်ပေါ်တင်သတ်ရာတွင် ပါဝင်ခဲ့သူများဖြစ်ကြသည်။ ယေရှုသည် သေခြင်းမှထမြောက်တော်မူပြီဆိုသောဟောပြောချက်က သူတို့၏အခွင့်အာဏာကို စိန်ခေါ်နေသည်။ ထို့ကြောင့် သူတို့သည် ယေရှု၏နာမဖြင့် လုံးဝဆက်၍မဟောပြောရဟု တမန်တော်များကို တားမြစ်ပြီး မနာခံလျှင်ဖြစ်လာမည့်ကြောက်မက်ဖွယ်နောက်ဆက်တွဲဆိုးကျိုးများဖြင့် သူတို့ကိုခြိမ်းခြောက်ကြသည်။ သင်နှင့်ကျွန်ုပ်ဆိုလျှင် ဘာလုပ်ကြမည်နည်း။ ချိန်ခွင်ညှာပေါ်ရှိနေသည့်အချက်များမှာ

(က) သမ္မာတရားနှင့်ဆိုင်သည့်မေးခွန်း။

(ခ) လွတ်လပ်စွာပြောဆိုခွင့်။

(ဂ) နိယာမ - ကျွန်ုပ်တို့သည် လူထက် ဘုရားသခင်ကို နာခံသင့်သည်။

(ဃ) ဟောပြောလျှင် လူတို့အား ဘုရားသခင်၏ခွင့်လွှတ်ခြင်းနှင့်ငြိမ်သက်ခြင်းကို ပေးသည့်ကောင်းမြတ်သောသတင်း။

တမန်တော်များသည် မဟောပြောရန်တားမြစ်မှုများကို မနာခံဘဲ ပြင်းထန်စွာရိုက်နှက်ခြင်း

နှင့် နောက်ဆက်တွဲညှင်းပန်းနှိပ်စက်မှုများကို ခံခဲ့ကြသည် (၈း၁၊ ၁၂း၁)။

၂။ *တ ၁၄း၈-၁၉။* ဤနေရာ၏အခြေအနေမှာ ပေါလုနှင့်ဗာနဗတို့က အံ့သြဖွယ်အနာငြိမ်းစေသည့်အခြေအနေဖြစ်သည်။ ဒေသခံလူထုက ပျော်နေကြသည်။ သို့သော် သူတို့၏နတ်ဘုရားကိုးကွယ်ယုံကြည်အယူသီးမှုအရ ထိုတမန်တော်နှစ်ဦးက လောကသို့ဆင်းလာသည့် သူတို့၏နတ်ဘုရားနှစ်ပါးဖြစ်သည်ဟု ထင်ကြသောကြောင့် ဂျူပီတာနတ်ဘုရား၏ယဇ်ပရောဟိတ်များက ပေါလုနှင့်ဗာနဗတို့ထံ နွားပူဇော်လျက် လူထုပွဲလမ်းသဘင်ကြီးကျင်းပရန် စီစဉ်လာကြသည်။ လူတို့သည် အခြားလူတို့ရှေ့တွင် ပျပ်ဝပ်လျက် ယဇ်ပူဇော်ရလျှင် ပူဇော်သူများအတွက် အဆင့်အတန်းကျဆင်းစရာဖြစ်ပြီး ဂုဏ်သိက္ခာကျစေသည်။ စစ်မှန်သောဘုရားသခင်ကို မလေးမစားပြုရလည်းရောက်သည်။ သို့သော် ပေါလုနှင့်ဗာနဗက သူတို့ကို တားမြစ်ခဲ့လျှင် သူတို့၏ဒေသခံဘာသာတရားကို စော်ကားခြင်းဖြစ်သည်ဟု သတ်မှတ်ကြ၍ ကြီးမားသောပြဿနာကို ဖြစ်စေနိုင်သည်။ သင်ဆိုလျှင် ဘာလုပ်မည်နည်း။ တမန်တော်များက ယဇ်ပူဇော်ခြင်းကို ဟန့်တားကန့်ကွက်ကြသည်။ ရလဒ်အဖြစ် ဂျူးများနှင့်နတ်ဘုရားကိုးကွယ်သူများနှစ်ဖွဲ့လုံးက ပေါလုကို ကျောက်ခဲနှင့်ပေါက်ပြီး မြို့ပြင်သို့ဆွဲထုတ်လာကာ မသေမရှင်ထားခဲ့ကြသည်။

၃။ *တ ၂၄း၁-၂၇။* မတရားသဖြင့် စွပ်စွဲခံရလျက် အကျဉ်းချခံရသည့် ရှင်ပေါလုက သူ၌အပြစ်မရှိကြောင်း ရုံးတော်တွင် သက်သေပြခဲ့သည်။ သို့သော် ဒေသအတွင်းရှိနိုင်ငံရေးဖိအားကြောင့် ရောမဘုရင်ခံ ဖေလဇ်မင်းသည် ရှင်ပေါလုက အကျဉ်းထောင်ထဲဆက်ထားခဲ့သည်။ သို့သော် ရှင်ပေါလုက သူ့ကို လာဘ်ပေးလျှင် သူ့ကိုလွှတ်ပေးမည်ဖြစ်ကြောင်း ရှင်ပေါလု သတိထားမိအောင်လုပ်ဆောင်ခဲ့သည်။ သင်ဆိုလျှင် ဘာလုပ်မည်နည်း။ ရှင်ပေါလုသည် ခရစ်ယာန်တစ်ဦးအနေဖြင့် အကျင့်ပျက်သောနည်းလမ်းသုံးလျက် အစိုးရစနစ်ကို အောက်ခြေကလိုက်စားစေရန် သူ့အသိစိတ်က လက်မခံခဲ့ချေ။ သူသည် လာဘ်ပေးရန်ငြင်းသောကြောင့် ရလဒ်အဖြစ် ထောင်ထဲတွင် ဆက်နေရသည်။

၄။ *တ ၂၅း၆-၁၂၊ ၂ တိ ၄း၆-၈၊ ၄း၁၆-၁၇။* ရှင်ပေါလုသည် ပါလက်စတိုင်းရှိ လုပ်ကြံသူလူတစ်စု၏သတ်ဖြတ်မှုကို ရှောင်ရှားရန် ရောမရှိ နီရိုးဧကရာဇ်ထံ အသနားခံစာလျှောက်ထားခဲ့သည်။ ရှင်ပေါလုသည် သူ၏ပထမအမှုရင်ဆိုင်ခြင်းတွင် အပြစ်မရှိကြောင်းတရားသေလွှတ်ခံရ၍ သာသနာပြုခရီးများဆက်သွားခဲ့သည်။ သို့သော် နောက်နှစ်အနည်းငယ်ကြာသောအခါ သူသည် အဖမ်းပြန်ခံရလျက် နီရိုးဘုရင်၏ သေဒဏ်စီရင်ခြင်းခံရလျက် ကွပ်မျက်ခြင်းခံခဲ့ရသည်။

အားလုံးပြန်ချုပ်လိုက်လျှင်

(က) ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် ခရစ်ယာန်သာသနာပြုများကို ကမ္ဘာကြီးထဲဝင်ရောက်သက်သေခံဟောပြောရန် လှုံ့ဆော်သောတန်ခိုးဖြစ်သည်။

(ခ) ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် သူတို့ဟောပြောသည့် အဓိကအကြောင်းအရာဖြစ်သည်။

(ဂ) သူတို့သည် မကောင်းမှုကိုတိုက်ခိုက်ရာတွင် မှန်ကန်မျှတစွာလုပ်ဆောင်လျက် သမ္မာတရားအတွက်ရပ်တည်ရန် ၎င်းအတွက် ဒုက္ခဆင်းရဲခံစားမည်လား သို့မဟုတ် နှုတ်ပိတ်လျက် သမ္မာတရားကိုငြင်းကာ အကျင့်ပျက်စွာလုပ်ဆောင်ကာ ဒုက္ခဆင်းရဲခြင်းနှင့်ကင်းအောင်နေမည်လားဆိုသည့် လူ့ကျင့်ဝတ်နှင့်ဆိုင်သောမေးခွန်းကို သူတို့ရင်ဆိုင်ရသည်။ သူတို့အား အသက်ကိုပေးဆပ်ရသည့်အထိ သမ္မာတရားအတွက်ရပ်တည်စေခဲ့သောအရာမှာ ရှင်ပြန်ထမြောက်ခြင်းအပေါ် သူတို့၏ယုံကြည်မှုပင်ဖြစ်သည်။

ဤကိစ္စတွင် ရှင်ပေါလု၏ဩဝါဒစာများက သူ့ခွန်အား၏လျှို့ပှက်ချက်ကို ရှင်းလင်းစွာဖော်ပြကြသည်။

ခပ်သိမ်းသောအရာတို့အား အသက်ကိုပေးတော်မူသော ဘုရားသခင်၏ရှေ့တော်၌လည်းကောင်း၊ ပုန္တိပိလတ်ရှေ့တွင် သက်သေခံသောအခါ ကောင်းသောဝန်ခံချက်ကို ပေးတော်မူသော ခရစ်တော်ယေရှု၏ရှေ့တော်၌လည်းကောင်း သင့်အား ငါညွှန်ကြားသည်ကား သင်သည် ငါတို့သခင်ယေရှုခရစ်တော်ပေါ်ထွန်းတော်မူသည့်တိုင်အောင် ဤပညတ်ချက်ကို အစွန်းအထင်းကင်း၍ အပြစ်တင်စရာမရှိအောင် စောင့်ထိန်းလော့။ (၁ တိ ၆း၁၃-၁၄)

ငါဟောပြောသည့် ကောင်းမြတ်သောသတင်းအရ ဒါဝိဒ်၏အမျိုးအနွယ်မှပေါ်ထွန်းလျက် သေသောသူတို့ထဲမှ ထမြောက်တော်မူသော ယေရှုခရစ်တော်ကို သတိ ရလော့။ ငါသည် ဤကောင်းမြတ်သောသတင်းအတွက် ရာဇဝတ်သားပမာ ချည်နှောင်ခြင်း ခံရသည့်တိုင်အောင် ဆင်းရဲဒုက္ခကိုခံရ၏။ သို့သော် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ချည်နှောင်ခြင်းခံရသည်မဟုတ်။ ထို့ကြောင့် ရွေးကောက်ခံရသောသူတို့သည် ခရစ်တော်ယေရှု၌ရှိသောကယ်တင်ခြင်းကို ထာဝရဘုန်းအသရေနှင့်တကွ ရရှိနိုင်မည့်အကြောင်း ငါသည် သူတို့အတွက် အရာရာကိုသည်းခံ၏။

အောက်ပါစကားသည် သစ္စာစကားဖြစ်၏။ ငါတို့သည် ကိုယ်တော်နှင့်အတူသေလျှင် ကိုယ်တော်နှင့်အတူအသက်ရှင်ကြလိမ့်မည်။ ငါတို့သည် သည်းခံလျှင် ကိုယ်တော်နှင့်အတူ စိုးစံရကြလိမ့်မည်။ ကိုယ်တော်ကိုငြင်းပယ်မည်ဆိုလျှင် ကိုယ်တော်သည်လည်း ငါတို့ကိုငြင်းပယ်တော်မူလိမ့်မည်။ ငါတို့သည် သစ္စာမရှိလျှင်လည်း ကိုယ်တော်၏သစ္စာတော်သည် တည်မြဲတော်မူ၏။ အကြောင်းမူကား ကိုယ်တော်သည် မိမိကိုယ်ကို မငြင်းပယ်နိုင်။ (၂ တိ ၂း၈-၁၃)

# အခန်း ၃၄

## သန့်ရှင်းသောဝိညာဉ်တော်ကြွလာတော်မူခြင်း၏ အကျိုးသက်ရောက်မှု

*အပိုင်း ၁၊ အသစ်သောဆက်နွယ်ဆက်ဆံမှု*

ဓမ္မသစ်ကျမ်းထဲရှိ ကနဦးခရစ်ယာန်များ၏ပြောဆိုချက်များ နားထောင်ကြည့်သည့်အခါ သူတို့သည် ထူးထူးခြားခြားလုံးလုံးလျားလျားပြောင်းလဲခဲ့ကြကြောင်း ချက်ချင်းပင် ရှင်းလင်းစွာသိရှိရသည်။ သူတို့က ထိုပြောင်းလဲမှု၏အကြောင်းတရားကို ဓမ္မဓိဌာန်ကျရုံမက ပုဂ္ဂလိဓိဌာန်ကျကျပါ ပြောဆိုကြသည်။

ဓမ္မဓိဌာန်ကျစွာပြောဆိုရာတွင် ယေရှု၏အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းနည်းတူ အချိန်အံကိုက်ဖြစ်သည့် သမိုင်းဝင်ဖြစ်ရပ်တစ်ခုအထိ ၎င်း၏အစအဦးကို ခြေရာပြန်ခံကြသည်။ ထိုဖြစ်ရပ်မှာ (ယေရှု သေခြင်းမှထမြောက်ပြီး ငါးဆယ့်ငါးရောက်မြောက်နေ့ဖြစ်သည့်) ပင်တေကုတ္တေပွဲနေ့တွင် ဖြစ်ပျက်ခဲ့သည့် သန့်ရှင်းသောဝိညာဉ်တော်၏ကြွလာတော်မူခြင်း ပင်ဖြစ်သည် (တ ၂း၁-၄)။ ဤအဖြစ်အပျက်နှင့်ပတ်သက်၍ ထိထိမိမိရှိသော ပထမအချက်မှာ ၎င်းအချိန်ကိုက်ညီမှုပင်ဖြစ်သည်။ ဥပမာအားဖြင့် သူတို့က သေခြင်းမှထမြောက် သောယေရှုကို ပထမအကြိမ်တွေ့မြင်စဉ်က သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့အ ပေါ်သက်ရောက်လာခဲ့သည်ဟု သူတို့ပြောဆိုလျှင် ရှင်ပြန်ထမြောက်သောခရစ်တော်ကို သူတို့တွေ့မြင်လိုက်ရခြင်းကြောင့် သူတို့အပေါ်သက်ရောက်လာသည့် ခံစားချက်အရ ပုဂ္ဂလိဓိဌာန်ကျပြီး စိတ်ပိုင်းဆိုင်ရာနှင့်ဆိုင်သည့် အကျိုးသက်ရောက်မှုကြောင့် သူတို့ ထို သို့ ပြောဆိုကြခြင်းဖြစ်မည်ဟု ကျွန်ုပ်တို့ထင်မြင်နိုင်သည်။ သို့သော် ဤအရာသည် သူတို့ပြောသောအရာမဟုတ်။ ရှင်ပြန်ထမြောက်သောယေရှုကို အထက်ခန်းမတွင် တပည့်တော် တစ်ဆယ့်တစ်ပါးက ပထမဆုံးအကြိမ်တွေ့ဆုံရစဉ်က သူကောင်းကင်သို့ပြန်တက်ကြွပြီးသည့်အခါ သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်မည့်အကြောင်းဖော်ပြသည့်အနေဖြင့် သူတို့ကိုမှုတ်လျက် အမှတ်သညာပြတော်မူခဲ့သည်ဟု သူတို့မှတ်တမ်းတင်ထားသည် (ယော ၂၀း၂၁-၂၂)။ သို့သော် တစ်ချိန်တည်းမှာပင် သန့်ရှင်းသောဝိညာဉ်တော်သည် ချက်ချင်းကြွလာမည် မဟုတ်ဘဲ နောက်မှသာကြွလာမည်ဖြစ်သောကြောင့် ဂျေရုဆလင်မြို့၌ စောင့်နေကြရန် သူတို့ကို သခင်ယေရှုက ကြပ်ကြပ်မှာကြားတော်မူခဲ့ကြောင်းကိုလည်း သူတို့ပြောပြကြသည် (တ ၁း၄-၈)။ ဤမှာကြားတော်မူချက်က တစ်ခုခုဖြစ်တော်မည်ဟု သူတို့ကိုမျှော်လင့်စေသည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်သည် တန်ခိုးနှင့်ကြွလာမည်ဆိုသည့်အချက်မှလွဲ၍ မည်သည့်ပုံစံဖြင့်ကြွလာမည်ကို သူတို့မသိရသေးပေ။ တကယ်ဖြစ်ပျက်လာသည့်အခါ တစ်ဦးချင်းစိတ်ကြိုက်ရွေးချယ်ဆုံးဖြတ်နိုင်အောင် ခြားနားသည့်အချိန်၊ ခြားနားသည့်နေရာနှင့် ခြားနားသည့်အခြေအနေတွင် မဖြစ်ပျက်ခဲ့ပေ။ သန့်ရှင်းသောဝိညာဉ်တော်ကြွလာတော်မူသောအခါ ယုံကြည်သူ ၁၂၀ ဦးပါသည့်အုပ်စုက တစ်ပြိုင်တည်းတွေ့ကြုံရပြီး တစ်နေ့အတွင်း လူပေါင်း ၃၀၀၀ ပြောင်းလဲသွားသည့်အထိ ဂျေရုဆလင်မြို့ရှိလူထုအပေါ် သက်ရောက်မှုရှိခဲ့သည် (တ ၂း၁-၁၃၊ ၄၁)။ နောက်ပိုင်းတွင် ကျွန်ုပ်တို့တွေ့ရမည့်အတိုင်း ဤအမှုအရာသည် လူ့သမိုင်းတွင် ကြီးမားသောအပြောင်းအလဲတစ်ခုဖြစ်သည်။

အခြားသောစိတ်ဝင်စားစရာအချက်တစ်ချက်မှာ ဤသမိုင်းဝင်အဖြစ်အပျက်ကို ဖော်ပြသည့်အခါ သူတို့သုံးသောစကားတစ်လုံးဖြစ်သည် - သန့်ရှင်းသောဝိညာဉ်တော်အကြောင်းပြောရာတွင် "ကြွလာတော်မူသည်"ဟု သူတို့ပြောကြသည်။ မိမိတပည့်တော်များကို အောက်ပါအတိုင်း မိန့်တော်မူသည့် ယေရှုခရစ်ကိုယ်တိုင်သုံးသောဘာသာစကားထံ ပြန်သွားရမည်ဖြစ်သည် -

> သို့သော် ငါသည် သင်တို့အား ဟုတ်မှန်ရာကိုပြောမည်။ ငါသွားရခြင်းသည် သင်တို့အတွက်အကျိုးရှိ၏။ အဘယ်ကြောင့်ဆိုသော် ငါမသွားလျှင် ကူညီမစသူသည် သင်တို့ထံသို့လာမည်မဟုတ်။ ငါသွားလျှင်မူကား ထိုအရှင်ကို သင်တို့ထံသို့ ငါစေလွှတ်မည်။ ထိုအရှင်ရောက်လာသောအခါ လောကီသားတို့အား အပြစ်အကြောင်း၊ ဖြောင့်မတ်ခြင်းအကြောင်းနှင့် တရားစီရင်ခြင်းအကြောင်းတို့ကို ဖော်ပြမည်။ သူတို့သည် ငါ့ကိုမယုံကြည်ကြသောကြောင့် အပြစ်အကြောင်းကိုလည်းကောင်း၊ ငါသည် ခမည်းတော်ထံသို့သွား၍ သင်တို့သည် ငါ့ကိုတွေ့မြင်ရတော့မည်မဟုတ်သောကြောင့် ဖြောင့်မတ်ခြင်းအကြောင်းကိုလည်းကောင်း၊ ဤလောကကိုအုပ်ချုပ်သူသည် တရားစီရင်ခြင်းခံရပြီးဖြစ်သောကြောင့် တရားစီရင်ခြင်းအကြောင်းကိုလည်းကောင်း ဖော်ပြမည်။
>
> သင်တို့အား ငါပြောစရာများစွာရှိသေးသော်လည်း သင်တို့သည် ယခုမခံယူနိုင်ကြ။ သို့ရာတွင် သမ္မာတရား၏ဝိညာဉ်တော်ရောက်လာသောအခါ သမ္မာတရားအလုံးစုံထဲသို့ သင်တို့ကို လမ်းပြပို့ဆောင်တော်မူလိမ့်မည်။ အကြောင်းမူကား ထိုဝိညာဉ်တော်သည် မိမိဆန္ဒအလျောက် မြွက်ဆိုတော်မမူဘဲ ကြားရသမျှတို့ကို မြွက်ဆိုတော်မူ၍ နောင်ဖြစ်လာမည့်အရာတို့ကို သင်တို့အား ဖော်ပြတော်မူလိမ့်မည်။ ထိုအရှင်သည် ငါနှင့်ဆိုင်သောအရာကိုယူ၍ သင်တို့အား ဖော်ပြမည်ဖြစ်သောကြောင့် ငါ့ဘုန်းကိုထင်ရှားစေမည်။ (ယော ၁၆း၁-၁၄)

တပည့်တော်များသည် ဂျူးလူမျိုးများဖြစ်ကြသည်ကို ကျွန်ုပ်တို့သတိရကြသည်။ သူတို့သည် သူတို့၏ဂျူးကျမ်းစာများကိုဖတ်လျက် သူတို့၏ရှေးသူရဲကောင်းများနှင့် ဂိုဏ်းခေါင်းဆောင်များကို သန့်ရှင်းသောဝိညာဉ်တော်က မည်ကဲ့သို့တန်ခိုးစွမ်းအားပေးတော်မူခဲ့သည်ကို သူတို့သိခဲ့ကြသည်။ ခရစ်တော်ကိုယ်တိုင်ကလည်း ဤမြေကြီးပေါ်တွင်ရှိစဉ် သူပြုသည့်အံ့ဖွယ်အမှုများကို သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးဖြင့်ပြုတော်မူကြောင်း မိန့်တော်မူခဲ့သည် (မ ၁၂း၂၈)။ သို့သော် အထက်တွင်ကိုးကားထားသည့်ကျမ်းပိုဒ်တွင် ခရစ်တော်က သန့်ရှင်းသောဝိညာဉ်တော် "ကြွလာ"မည့်အကြောင်းမိန့်တော်သောအခါ သူပြန်မသွားမီ ဖြစ်ပျက်မည်မဟုတ်သော၊ မဖြစ်ပျက်နိုင်သော၊ မဖြစ်ပျက်ခဲ့သောအရာကို သူမိန့်တော်သည်ကို ကျွန်ုပ်တို့တွေ့ရသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့အတွက်"အခြားသောကူညီမစသူ"ဖြစ်တော့မည်ဖြစ်သည် (ယော ၁၄း၁၆)။ ခရစ်တော်ကိုယ်တိုင်သည် မြေကြီးပေါ်ရှိတော်မူစဉ် သူတို့အတွက် ကူညီမစသူဖြစ်သည်။ ယခု သန့်ရှင်းသောဝိညာဉ်တော်သည် သူ့နေရာကိုယူလျက် ခရစ်တော်မပြီးပြတ်သေးသောအလုပ်တို့ကို ဆက်လက်လုပ်ဆောင်တော်မူမည်ဖြစ်သည်။ ခရစ်တော်သည် လောကသို့ ရုပ်ခန္ဓာဖြင့်ကြွလာပြီး ၃၃ နှစ် မြေကြီးပေါ်ရှိတော်မူခဲ့သကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်ကြွလာတော်မူသောအခါလည်း ခရစ်တော်ဒုတိယအကြိမ်မကြွလာမီအထိ ရှိနေတော်မူမည်ဖြစ်သည်။ သူသည် ခရစ်တော်ကဲ့သို့ ရုပ်ခန္ဓာဖြင့် ရှိမည်မဟုတ်ဘဲ တစ်လောကလုံးရှိ ယေရှု၏တပည့်တော်များကြားတွင်လည်းကောင်း၊ ယုံကြည်သူတစ်ဦးစီ၏အထဲတွင်လည်းကောင်း ကိန်းဝပ်တော်မူမည်ဖြစ်သည်။ သူ၏ ခွဲခြားထား၍မရသည့်တာဝန်နှစ်ရပ်မှာ -

၁။ ယေရှုမိန့်တော်မူခဲ့သမျှ မှန်ကန်ကြောင်း ထင်ရှားစေလျက် တစ်လောကလုံးတွင် ယေရှု၏သက်သေဖြစ်တော်မူကာ ကိုယ်တော်၏အသေခံတော်မူခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ပြန်လည်တက်ကြွသွားတော်မူခြင်းတို့၏ ထူးခြားမှုကို လူတို့အားသိစေပြီး မလွဲဧကန် ဖြစ်လာမည့် တရားစီရင်ရာနေ့ရက်အကြောင်းကိုလည်း သတိပေးနေရန်။

၂။ ယေရှုမည်သူဖြစ်ကြောင်းကိုလည်းကောင်း၊ ကိုယ်တော်၏ စည်းစိမ်ဥစ္စာ၊ ဘုန်းတော်နှင့် တန်ခိုးတော်ကိုလည်းကောင်း နက်ရှိုင်းစွာနားလည်ခြင်းထဲသို့ ယုံကြည်သူများကို ခေါ်ဆောင်သွားရန် - တို့ဖြစ်သည်။

## အသစ်သောအသက်တာ

သန့်ရှင်းသောဂိညာဉ်တော်၏ ဓမ္မဓိဌာန်ကျသောကြွလာတော်မူခြင်းဖြစ်စဉ်သည် ခရစ်ယာန်များအတွက် ကြီးမြတ်လှသည်။ သို့သော် သန့်ရှင်းသောဂိညာဉ်တော်ကို လက်ခံရရှိခြင်းနှင့်ဆိုင်သည့် သူတို့၏ပုဂ္ဂလဓိဌာန်ကျသည့်တွေ့ကြုံခံစားမှုအကြောင်း သူတို့ပြောဆိုလာသည့်အခါ ၎င်းသည် သူတို့၏အသက်ရှင်မှုပုံစံကိုပြောင်းလဲစေသည့်အကြောင်းတရားသာမကဘဲ သူတို့ကို အသစ်သောအသက်ပေးပြီးဖြစ်ကြောင်း သက်သေဖြစ်လာသည်။ အခန်း ၃၈ တွင် ကျွန်ုပ်တို့ဆင်ခြင်လေ့လာခဲ့သည့်ကျမ်းပိုဒ်ကို ပြန်ကြည့်ကြပါစို့ -

> သို့ဖြစ်၍ မည်သူမဆို ခရစ်တော်၌ရှိလျှင် အသစ်ဖန်ဆင်းခံရသူဖြစ်၏။ ဟောင်းသောအရာတို့သည် ကွယ်ပျောက်သွား၍ ခပ်သိမ်းသောအရာတို့သည် အသစ်ဖြစ်ကြလေပြီ။ (၂ ကော ၅း၁၇)

"အသစ်ဖန်ဆင်းခံရသူဖြစ်၏"ဆိုသည့်စကားသည် အတိသယဟုတ္တိအဖြစ်သုံးခြင်းမဟုတ်ပါ- ခရစ်ယာန်များက သူတို့တွင်ဖြစ်ပျက်သည့်အရာကို ရေးသားဖော်ပြနေကြအတိုင်း ဤစကားကို စာသားအတိုင်းတိုက်ရိုက်နားလည်ရန် ဖော်ပြနေကြခြင်းဖြစ်သည်။ သူတို့သည် "ကောင်းသောအမှုကိုပြုရန် ခရစ်တော်ယေရှု၌ ဖန်ဆင်းခြင်းခံရသော"သူများ (ဖေက် ၂း၁၀)၊ "အသစ်မွေးဖွားခြင်း"ခံရသူများ (တိတု ၃း၅)၊ ဂိညာဉ်ရေးသေနေသူများအဖြစ်မှ အသက်ရှင်စေခြင်းခံရသူများ (ဖေက် ၂း၅)၊ ရှင်ပြန်ထမြောက်သောခရစ်တော်နှင့်အတူ "အသစ်တာသစ်၌ အသက်ရှင်လျှောက်လှမ်း"သူများ (ရော ၆း၄) ဖြစ်ကြသည်ဟု သူတို့ပြောဆိုနေကြသည်။ ဤနေရာတွင် ကျွန်ုပ်တို့အတွက် စိတ်ဝင်စားစရာအချက်မှာ ထိုသို့အသစ်ဖန်ဆင်းခံရသူဖြစ်ခြင်းက သူတို့၏လူ့ကျင့်ဝတ်အပေါ်အကျိုးသက်ရောက်မှုပင်ဖြစ်သည်။ သန့်ရှင်းသောဂိညာဉ်တော်က သူတို့အထဲတွင်ဖြစ်ပွားစေသော ဤအသစ်သောဂိညာဉ်အသက်တာက သူတို့အတွက် ဘုရားသခင်နှင့်ဆက်ဆံမှုအသစ်ကို ပြင်ဆင်ပေးသည်။

## ဘုရားသခင်နှင့်ဆက်ဆံမှုအသစ်

သူတို့သည် (ယခင်က မဖြစ်ခဲ့ဖူးသော) ဘုရားသခင်၏သားသမီးများ ဖြစ်ကြ၍ ဘုရားသခင်သည် သူတို့၏ဖခင်ဖြစ်ကာ ယခု ဘုရားသခင်၏အသက်နှင့်ဂိညာဉ်ကို ပိုင်ဆိုင်ကြပြီဖြစ်ကြောင်း သူတို့သတိထားမိလာကြသည်။ ကလေးငယ်တစ်ဦးက မိမိဖခင်နှင့်စကားပြောသည့်သဘာဝအတိုင်း မိမိတို့သည် ဘုရားသခင်နှင့် သဘာဝအတိုင်း သားအဖစကားပြောသကဲ့သို့ စကားပြောနိုင်ကြောင်း သူတို့သိသွားခဲ့ကြသည်။

> သင်တို့သည် ကြောက်ရွံ့ခြင်းသို့ တစ်ဖန်ရောက်စေသော ကျွန်၏ဝိညာဉ်ကိုခံယူရရှိကြသည်မဟုတ်ဘဲ သားသမီးအရာကိုပေးသောဝိညာဉ်တော်ကို ခံယူရရှိကြ၏။

ထိုဝိညာဉ်တော်အားဖြင့် "အဗ္ဗ၊ အဖ"ဟု ငါတို့ခေါ်ကြ၏။ ငါတို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြောင်းကို ဝိညာဉ်တော်ကိုယ်တိုင် ငါတို့၏ဝိညာဉ်နှင့်အတူ သက်သေခံတော်မူ၏။ (ရော ၈း၁၅-၁၆)

သူတို့ကို ဂိညာဉ်ရေးမွေးဖွားမှုပေးပေးခဲ့သော ဂိညာဉ်တော်သည် ယခု သူတို့အထဲတွင် အလုပ်လုပ်လျက် သူတို့၏အပြစ်ရှိသောဆန္ဒများကို ချုပ်ထိန်းရန် သူတို့အား တိုက်တွန်းကာ သူတို့သည် ရင့်ကျက်ကြီးထွားလာသည့် ဘုရားသခင်၏သားသမီးများဖြစ်လာကြစေရန် သူတို့ဖခင်ကဲ့သို့ သူတို့ကိုပြုမူကျင့်ကြံစေသည့် သန့်ရှင်းသောဂိညာဉ်တော်နှင့်အတူတူပင်ဖြစ်ကြောင်း သူတို့သိရှိလာခဲ့ကြသည်။ "အကြောင်းမူကား ဘုရားသခင်၏ဝိညာဉ်တော်ရှေ့ဆောင်လမ်းပြမှုကို ခံယူသမျှသောသူတို့သည် ဘုရားသခင်၏သားများဖြစ်ကြ၏" (ရော ၈း၁၄)။

*တစ်ခါက ယေရှုဤသို့မိန့်တော်မူခဲ့သည်* -

'သင့်ဝန်းကျင်၌ရှိသောသူကိုချစ်၍ သင်၏ရန်သူကို မုန်းရမည်'ဟု ဆိုထားသည်ကို သင်တို့ကြားရ၏။ သို့သော် သင်တို့အား ငါဆိုမည်။ သင်တို့၏ရန်သူများကိုချစ်၍ သင်တို့ကို ညှဉ်းဆဲသောသူတို့အတွက် ဆုတောင်းပေးကြလော့။ သို့မှသာ သင်တို့သည် ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဖ၏သားများဖြစ်ကြလိမ့်မည်။ အကြောင်းမူကား ကိုယ်တော်သည် မကောင်းသောသူများနှင့်ကောင်းသောသူများ အပေါ် မိမိ၏နေကို ထွက်စေတော်မူ၍ ဖြောင့်မတ်သောသူများနှင့်မဖြောင့်မတ်သော သူများအပေါ် မိုးရွာစေတော်မူ၏။ … သို့ဖြစ်၍ ကောင်းကင်ဘုံရှင်သင်တို့အဖသည် စုံလင်တော်မူသည့်နည်းတူ သင်တို့သည်လည်း စုံလင်ခြင်းရှိကြရမည်။ (မ ၅း၄၃-၄၅၊ ၄၈)

သို့သော် လူတစ်ဦးသည် ဤကဲ့သို့ပြုမူနေထိုင်ရန် လိုအပ်သည့်စိတ်ဆန္ဒနှင့် အစွမ်းတန်ခိုးကို အဘယ်မှာရှာတွေ့နိုင်မည်နည်း။ ကနဦးခရစ်ယာန်များက သူတို့တွေ့ရှိခဲ့သည့်အရာ (နှင့် စစ်မှန်သောခရစ်ယာန်တိုင်း တွေ့ရှိနေဆဲဖြစ်သည့်အရာ) ကို ရှင်းပြကြသည်မှာ သူတို့အထဲတွင် ကိန်းဝပ်တော်မူသည့် သန့်ရှင်းသောဂိညာဉ်တော်သည် သူတို့ကို အလိုဆန္ဒရှိစေလျက် သူတို့အဖဖြစ်သောဘုရားသခင်ကဲ့သို့ ပြုမူကြံစည်ပြီး မိမိတို့အမုန်းစိတ်ကို လမ်းကြောင်းမပေးရန် သူတို့ကို တိုက်တွန်းနှိုးဆော်ပေးသည်။ ထိုအကြောင်း သူတို့ ဤသို့ပြောဆိုခဲ့ကြသည် -

ငါဆိုသည်ကား ဝိညာဉ်တော်အားဖြင့် အသက်ရှင်လျှောက်လှမ်းကြလော့။ သို့ပြုလျှင် သွေးသားဇာတိ၏တပ်မက်ခြင်းကို လုံးဝမဖြည့်ဆည်းဘဲ နေကြလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သွေးသားဇာတိသည် ဝိညာဉ်တော်နှင့်ဆန့်ကျင်သောအရာကို တောင့်တ၍ ဝိညာဉ်တော်သည် သွေးသားဇာတိနှင့်ဆန့်ကျင်သောအရာကို တောင့်တ၏။ ဤသို့ဖြင့် ၎င်းတို့သည် တစ်ပါးနှင့်တစ်ပါးဆန့်ကျင်ကြသည်ဖြစ်၍ သင်တို့သည် ပြုလိုသောအရာများကို မပြုနိုင်ကြပေ။ သို့ရာတွင် ဝိညာဉ်တော်၏ရှေ့ဆောင် လမ်းပြမှုကိုခံရလျှင် သင်တို့သည် ပညတ်တရားအောက်၌ ရှိကြသည်မဟုတ်။

သွေးသားဇာတိနှင့်ဆိုင်သော လုပ်ဆောင်မှုတို့မူကား သိသာထင်ရှား၏။ ၎င်းတို့မှာ တရားနှင့်မညီမေထုန်ပြုခြင်း၊ ညစ်ညူးခြင်း၊ ကာမဂုဏ်လိုက်စားခြင်း၊ ရုပ်တုကိုးကွယ်ခြင်း၊ ပြုစားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ပဋိပက္ခဖြစ်ခြင်း၊ မနာလိုခြင်း၊ ဒေါသကြီးခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်း၊ စိတ်ဝမ်းကွဲခြင်း၊ ဂိုဏ်းကွဲခြင်း၊ မလိုမုန်းထားခြင်း၊ သောက်စားမူးယစ်ခြင်း၊ အပျော်ကြူးခြင်းတို့မှစ၍ ထိုကဲ့သို့သောလုပ်ဆောင်မှုများဖြစ်ကြ၏။ ထိုသို့သောအရာများကို ပြုကျင့်သောသူတို့သည် ဘုရားသခင်၏နိုင်ငံ

တော်ကို အမွေဆက်ခံရကြမည်မဟုတ်ဟု ယခင်က ငါပြောခဲ့သည့်အတိုင်း ယခုလည်း သင်တို့အား ကြိုတင်ပြောထားမည်။

ဝိညာဉ်တော်၏အသီးအပွင့်မူကား ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မိမိကိုယ်ကိုချုပ်တည်းခြင်းပေတည်း။ ဤအရာများကို ဆန့်ကျင်သောတရားမရှိ။ (ဂလာတိ ၅း၁၆-၂၃)

ဤသို့အားဖြင့် ရှင်းရှင်းလင်းလင်းဖြစ်လာသည့်အရာမှာ *သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိလျက် ဘုရားသခင်၏သားသမီးဖြစ်လာခြင်းက သူတို့ကို စက်ရုပ်ကဲ့သို့မဖြစ်စေခဲ့*ဆိုသည့်အချက်ဖြစ်သည်။ သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏နိုးဆော်မှုကိုဂန်ခံမည်လား သို့မဟုတ် မိမိတို့၏အပြစ်သင့်စေသောစေ့ဆော်မှုကိုဂန်ခံမည်လား ဆိုသည်ကို ကိုယ်တိုင်ရွေးချယ်ခွင့်ရှိဆဲဖြစ်သည်။ ဤအချက်တွင် ရုန်းကန်မှုပါသည်။ ထိုသို့ဆိုလျှင် သန့်ရှင်းသောဝိညာဉ်တော်ရရှိခြင်းသည် မည်သည့်အကျိုးထူးရှိသနည်းဟု ပြောသူလည်း ရှိနိုင်ပါသည်။

*နှိုင်းယှဉ်ဆင်ခြင်မှုတစ်ခုကို ဆင်ခြင်စဉ်းစားခြင်း။* ခြင်္သေ့မများသည် သားကောင်ရှာထွက်သည့်အခါ ခြင်္သေ့ငယ်များကို မိမိတို့နှင့်အတူ ခေါ်သွားလေ့ရှိ၍ ခြင်္သေ့ငယ်များသည် မိတို့မိခင်ကို အတုယူလျက် သားကောင်လိုက်နည်းကိုသင်ယူကြကြောင်း ကျွန်ုပ်တို့ကြားသိရသည်။ အတုခိုးလျက်သင်ယူမှုဖြင့် သင်ယူသည့် ဤနည်းလမ်း၏ အကြောင်းတရားမှာ ခြင်္သေ့ငယ်များတွင် မိမိတို့မိခင်၏သဘာဝနှင့်ပင်ကိုစရိုက်တို့ ပါပြီးသားဖြစ်ပြီး မိခင်ကိုအတုခိုးခြင်းသည် ထိုသဘာဝနှင့် ပင်ကိုစရိုက်ကို ကြီးထွားစေခြင်းဖြစ်သည်။ သို့သော် လားတစ်ကောင်အား သားကောင်လိုက်နည်း အတုခိုးသင်ယူစေရန်ရည်ရွယ်လျက် ခြင်္သေ့မများရှိရာသို့ စေလွှတ်လိုက်လျှင် ကောင်းမည်မဟုတ်ပေ။ ထိုသို့ အတုခိုးသင်ယူရန်အတွက် ခြင်္သေ့၏သဘာဝနှင့်ပင်ကိုစရိုက် လားတစ်ကောင်တွင် မရှိပေ။

သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိလျက် ဘုရားသခင်၏သားသမီးဖြစ်လာသူများတွင် ထိုနည်းတူပင်ဖြစ်သည်။ အတုယူခြင်းနှင့်လက်တွေ့လုပ်ဆောင်ချက်တို့ကို ဖွံ့ဖြိုးစေကာ ရင့်ကျက်လျက်တည်ငြိမ်သောအမူအကျင့်ကို ဖြစ်ပေါ်စေနိုင်သည့် ဘုရားသခင်၏အသက်နှင့်ပင်ကိုစရိုက်သည် သူတို့အထဲတွင် ရှိနေပြီဖြစ်သောကြောင့် သူတို့အား မိမိတို့အဖကို အတုယူလျက် ယေရှုခရစ်တော်၏အမူအကျင့်တို့ကို အတုခိုးရန် (ဖေက် ၅း၁-၂၊ ၂၅-၂၈) သူတို့ကို အားပေးတိုက်တွန်းခြင်းသည် ယခုအဓိပ္ပါယ်ရှိသည့် လုပ်ဆောင်ချက်ဖြစ်သည်။

ခရစ်ယာန်များက သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ကူညီမစမှုဖြင့်ဆိုလျှင် အပြစ်သင့်စေသော သူတို့၏စိတ်ဆန္ဒနှင့်စေ့ဆော်မှုတို့ကို အနိုင်ယူရန် မည်မျှပင်ကြိုးစားရကြိုးစားရငြင်းကို ကျေးကျွန်ဖြစ်ရခြင်းဟု မမြင်ကြောင်း ပြောပြကြသည်။ "သင်တို့သည် ကြောက်ရွံ့ခြင်းသို့ တစ်ဖန်ရောက်စေသော ကျွန်၏ဝိညာဉ်ကိုခံယူရရှိကြသည်မဟုတ်ဘဲ သားသမီးအရာကိုပေးသောဝိညာဉ်တော်ကို ခံယူရရှိကြ၏။ ထိုဝိညာဉ်တော်အားဖြင့် "အဗ္ဗ၊ အဖ"ဟု ငါတို့ခေါ်ကြ၏" (ရော ၈း၁၅)။

ထိုသို့ဖြစ်ရသည့်အကြောင်းရင်းနှစ်ရပ်မှာ

(က) သူတို့သည် ဘုရားသခင်၏မိသားစုထဲဝင်ရောက်နိုင်ရန် ထိုသို့လုပ်ဆောင်ကြသည် မဟုတ်။ သူတို့သည် ဘုရားသခင်၏မိသားစုဝင်များဖြစ်ကြသောကြောင့် ထိုသို့ပြုကြခြင်းဖြစ်သည်။

နောက်ထပ် နှိုင်းယှဉ်ဆင်ခြင်မှုတစ်ခု။ မိန်းခလေးတစ်ဦးသည် မိမိဖခင်ထံမှ ကြီးမားသည့်

ဂီတစွမ်းရည်အမွေကို ရရှိထားသည် ဆိုကြပါစို့။ လေ့ကျင့်အားထုတ်မှုများစွာ လုပ်ရကြောင်း သူ သိသတိထားမိနိုင်သော်လည်း ထိုသို့အားထုတ်ခြင်းကြောင့် သူ့ဖခင်၏မိသားစုတွင် ဖခင်၏သမီး ဖြစ်ရခြင်းမဟုတ်ကြောင်းကို သူသိမည်ဖြစ်သည်။ သူထိုသို့လေ့ကျင့်အားထုတ်ခြင်းသည် သူ့ဖခင် ၏သမီးဖြစ်လျက် သူ့ဖခင်ကိုချစ်လျက် ဂီတကိုလည်း မြတ်နိုးခင်တွယ်သောကြောင့်ဖြစ်သည်။

(ခ) ခရစ်ယာန်များ ထိုသို့လုပ်ဆောင်ကြခြင်းမှာ ထိုသို့မလုပ်ဆောင်လျှင် မိသားစုမှ ပစ်ပယ် ခြင်းခံရမည်ဖြစ်သောကြောင့် မဟုတ်ပေ။ ဘုရားသခင်က သူ၏သားသမီးများအားလုံးကို စိတ်ချ မှုပေးပါသည် - "ထို့ကြောင့် ယခုအခါ ခရစ်တော်ယေရှု၌ရှိသောသူတို့သည် ပြစ်ဒဏ်စီရင်ခြင်း မခံရ" (ရော ၈း၁)။ သူတို့သည် မည်သည့်အခါမျှ ငြင်းပယ်ခြင်းခံရမည်မဟုတ်ပေ။ သူတို့အတွက် အပြစ်ဒဏ်မရှိတော့ပေ။ သူတို့အတွက် အားလုံးကို ခရစ်တော်ကို ယူဆောင်သွားပြီးပြီဖြစ်သည်။

အခြားတစ်ဘက်တွင် သူတို့အတွက် အပြစ်ဒဏ်မရှိတော့သော်လည်း သူတို့အမှားလုပ်လျှင် အကျိုးဆက်ရှိပြီး ဆုံးရှုံးမှုကို သူတို့ခံစားရမည်ဖြစ်ကြောင်း ခရစ်ယာန်များက သိကြသည်။

> အယူမလွဲကြနှင့်။ ဘုရားသခင်သည် မထီလေးစားပြုခြင်းကိုခံတော်မမူ။ အကြောင်း မူကား လူသည် တစ်စုံတစ်ခုကိုစိုက်ပျိုးလျှင် ၎င်းကို ပြန်လည်ရိတ်သိမ်းရလိမ့်မည်။ မိမိသွေးသားဇာတိ၌စိုက်ပျိုးသောသူသည် သွေးသားဇာတိထံမှ ပျက်စီးခြင်းကို ရိတ် သိမ်းရလိမ့်မည်။ ဝိညာဉ်တော်၌စိုက်ပျိုးသောသူမူကား ဝိညာဉ်တော်ထံမှ ထာဝရ အသက်ကို ရိတ်သိမ်းရလိမ့်မည်။ (ဂလာတိ ၆း၇-၈)

*ထိုအချက်ကို သရုပ်ဖော်ကြစို့။* ဘုရားသခင်က လယ်သမားတစ်ဦးအား သူလယ်တွင် ဂျုံ မျိုးကြဲရန် မိန့်တော်မူသော်လည်း ထိုလယ်သမားသည် မနာခံဘဲ ဆူးလေပင်မျိုးစေ့များကြဲခဲ့သည် ဆိုကြပါစို့။[15] ထိုလယ်သမားသည် နောက်ပိုင်းတွင် နောင်တရလျက် မိမိအပြစ်ကိုဝန်ခံတောင်းပန် သည်ဆိုလျှင် ဘုရားသခင်သည် သူ့ကိုခွင့်လွှတ်၍ ပြစ်ဒဏ်ရှိမည်မဟုတ်ပေ။ သို့သော် ပေါက်လာ သောအပင်များကြီးထွားလာသည့်အခါ တန်ဖိုးမရှိသောအရာများသာဖြစ်နေမည်။ ဘုရားသခင်က အံ့ဖွယ်အမှုပြုလျက် ဆူးလေပင်များကို ဂျုံပင်များဖြစ်စေမည်မဟုတ်။ ထို့ပြင် ထိုလယ်သမားသည် ဘာငွေမှ ရမည်မဟုတ်။ နောက်နှစ်တွင်လည်း မိမိလယ်ထဲမှ ဆူးလေပင်များကို ကြိုးစားပမ်းစား ဖယ်ရှားရမည်ဖြစ်သည်။

(ဂ) သန့်ရှင်းသောဝိညာဉ်တော်သည် မည်သည့်အခါမျှ သူတို့ကို စွန့်တော်မူမည်မဟုတ် ကြောင်း ခရစ်ယာန်များကို စိတ်ချမှုပေးထားသည်။ အခြားတစ်ဘက်တွင် သူတို့သည် ကိုယ်တော် ၌ တည်ကြသည်နှင့်အညီ သူသည် ဘုရားသခင်၏အလိုတော်နှင့်အညီ သူတို့အတွက် ကြားခံဆု တောင်းပေးလျက် နောက်ဆုံးတွင် သူတို့ကို ခရစ်တော်၏ဂိသေသလက္ခဏာအတိုင်းဖြစ်လာစေ သည့်အထိ မရပ်မနားလုပ်ဆောင်တော်မူမည်မဟုတ်ပေ။

> ထိုနည်းတူ ဝိညာဉ်တော်သည်လည်း ငါတို့၏အားနည်းခြင်းကို ဖေးမကူညီပေးတော် မူ၏။ ငါတို့သည် ဆုတောင်းသင့်သည့်အတိုင်း မည်သို့ဆုတောင်းရမည်ကို မသိကြ။ သို့သော် ဝိညာဉ်တော်ကိုယ်တော်တိုင် စကားဖြင့်ဖော်ပြ၍မရနိုင်သော ညည်းတွားသံ များဖြင့် ငါတို့အတွက် အသနားခံပေးတော်မူ၏။ စိတ်နှလုံးတို့ကိုစူးစမ်းတော်မူသော

---

[15] ဘုရားသခင်က ထိုကဲ့သို့သောပညတ်ချက် ပေးမည်မပေးမည်ဆိုသည်က ဆိုလိုရင်းမဟုတ်ပါ။ ဘုရားသ ခင်၏ပညတ်ချက်များနှင့်ပတ်သက်၍ ပိုမိုအရေးကြီးသည့် အလုပ်နှင့်ဆိုင်သောနိယာမများကို ရိုးရှင်းသည့် နည်းဖြင့် သရုပ်ဖော်ခြင်းသာဖြစ်သည်။

အရှင်သည်လည်း ဝိညာဉ်တော်၏စိတ်သဘောကို သိတော်မူ၏။ အကြောင်းမူကား ဝိညာဉ်တော်သည် ဘုရားသခင်၏အလိုတော်နှင့်အညီ သန့်ရှင်းသူများအတွက် အသနားခံပေးတော်မူ၏။
ဘုရားသခင်ကိုချစ်သောသူများတည်းဟူသော အကြံအစည်တော်အတိုင်း ခေါ်ယူတော်မူခြင်း ခံရသောသူများအတွက် ဘုရားသခင်သည် ခပ်သိမ်းသောအမှုအရာတို့ကို ပူးပေါင်းလုပ်ဆောင်စေ၍ ကောင်းကျိုးဖြစ်စေတော်မူကြောင်းကို ငါတို့သိကြ၏။ အကြောင်းမူကား ဘုရားသခင်သည် သိထားနှင့်တော်မူသောသူတို့ကို မိမိသားတော်၏ပုံသဏ္ဌာန်နှင့်တူညီစေရန် ကြိုတင်သတ်မှတ်ထားတော်မူ၏။ ဤသည်ကား သားတော်သည် များစွာသောညီအစ်ကိုတို့တွင် သားဦးဖြစ်မည့် အကြောင်းတည်း။ ထိုသို့ကြိုတင်သတ်မှတ်ထားတော်မူသောသူတို့ကို ဘုရားသခင်သည် ခေါ်ယူတော်မူပြီး ခေါ်ယူတော်မူသောသူတို့ကို ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုတော်မူ၍ ဖြောင့်မတ်သည်ဟုအသိအမှတ်ပြုတော်မူသောသူတို့ကို ချီးမြှောက်တော်မူ၏။
(ရော ၈း၂၆- ၃၀)

# အခန်း ၃၅

## သန့်ရှင်းသောဝိညာဉ်တော်ကြွလာတော်မူခြင်း၏ အကျိုးသက်ရောက်မှု

အပိုင်း ၂၊ အဖြစ်မှန်အပေါ် အသစ်သောရှုမြင်မှု

ပင်တေကုတ္တေပွဲနေ့တွင် သန့်ရှင်းသောဝိညာဉ်တော်ကြွလာတော်မူခြင်းက ကနဦးခရစ်ယာန်များ၏စိတ်သဘောထားကို ထူးခြားစွာပြောင်းလဲစေခဲ့သည်။ ကျွန်ုပ်တို့ဤနေရာတွင် ပထမဆုံး သိသိသာသာသတိထားမိ သည့်အရာမှာ သန့်ရှင်းသောဝိညာဉ်တော်ရရှိခြင်းက မိမိပိုင်ဆိုင်သောဥစ္စာပစ္စည်းအပေါ်ထားရှိသောစိတ်သဘောထားပြောင်းလဲခြင်းကို ဖြစ်ပေါ်စေသည့်အချက်ဖြစ်သည်။

### မိမိပိုင်ဆိုင်သောဥစ္စာပစ္စည်းအပေါ်ထားရှိသော စိတ်သဘောထားပြောင်းလဲမှုတစ်ခု

> ယုံကြည်သူတို့၏အစုအဝေးသည် တစ်စိတ်တစ်သဘောတည်းရှိကြ၍ မည်သူတစ်ဦးတစ်ယောက်ကမျှ မိမိဥစ္စာပစ္စည်းများကို မိမိပိုင်ဆိုင်သည်ဟုမဆိုဘဲ ရှိသမျှသောအရာတို့ကို စုပေါင်းပိုင်ဆိုင်သောအရာအဖြစ်ထားကြ၏။ တမန်တော်တို့သည် သခင်ယေရှု၏ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ကြီးစွာသောတန်ခိုးဖြင့် သက်သေခံကြ၍ ကြီးမားသောကျေးဇူးတော်သည် သူတို့အားလုံးအပေါ်သို့ သက်ရောက်လေ၏။ သူတို့ထဲတွင် ဆင်းရဲချို့တဲ့သူတစ်ယောက်မျှမရှိပေ။ အကြောင်းမူကား မြေကွက် သို့မဟုတ် အိမ်ရာတို့ကို ပိုင်ဆိုင်သောသူရှိသမျှတို့သည် ၎င်းတို့ကိုရောင်းပြီးလျှင် ရရှိသောငွေများကို ယူဆောင်လာကာ တမန်တော်တို့၏ခြေရင်း၌ထား၍ တစ်ဦးချင်းစီ၌ လိုအပ်မှုရှိသည့်အတိုင်း အသီးသီးတို့အား ခွဲဝေပေးကြ၏။ (တ ၄း၃၂-၃၅)

ဤကျမ်းချက်များကို နားလည်မှုမမှားအောင် ကျွန်ုပ်တို့သတိထားရပါမည်။ ခရစ်ယာန်တိုင်းသည် မိမိကိုယ်ပိုင်အိမ်အပါအဝင် မိမိပိုင်ဆိုင်သမျှကိုရောင်းပြီး ရောင်းရငွေကို အခြားသူများအားပေးရမည်ဟု သူတို့ပြောနေခြင်း သို့မဟုတ် ဆိုလိုနေခြင်း မဟုတ်ပါ။ ခရစ်ယာန်များသည် နားနေစရာ သို့မဟုတ် အသက်ရှင်နေထိုင်စရာ နေရာတစ်ခုခုလိုမည်ဖြစ်သည်။ ဖြစ်ပျက်ခဲ့သောအရာသည် ထိုထက်ပိုမိုလေးနက်သောအရာဖြစ်သည်။ ယေရှုသည် သေခြင်းမှထမြောက်သည်ဆိုလျှင် သူသည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်ဖြစ်ပြီး အရာခပ်သိမ်းကို တရားသဖြင့်အမွေခံရသောအရှင်ပင်ဖြစ်မည်။ ထို့ကြောင့် သူတို့၏ပိုင်ဆိုင်မှုများကို ထိုအရှင်ထံပေးအပ်နေကြခြင်းဖြစ်သည်။ ထိုသို့ပြုရန် သူတို့ကို ခြိမ်းခြောက်ခိုင်းစေခြင်းမရှိခဲ့ပါ။ သူတို့ ဂမ်းမြောက်ဂမ်းသာ ထိုသို့ပြုကြခြင်းဖြစ်သည်။ သူတို့၏ဖြောင့်မှန်တော်မူသောအရှင်သခင်သည် လက်ဝါးကပ်တိုင်ပေါ်အသေခံတော်မူသောအခါ သူတို့အတွက် အရာခပ်သိမ်းကိုပေးတော်မူခဲ့သည်ဖြစ်၍ သူတို့ပြန်လုပ်ပေးနိုင်သောအရာမှာ သူတို့၌ရှိသောအရာအားလုံးကို သူ့အားပြန်ပေးခြင်းသာဖြစ်သည်ဟု သူတို့ခံယူကြသည်။ သူသည် သူတို့ပိုင်ဆိုင်သောအရာအားလုံး၏ပိုင်ရှင်ဖြစ်လာခဲ့သည်။

အခြားသူများက ထိန်းချုပ်ပေးရန်အတွက် အခြားသူများအားပေးအပ်ရမည်ဟု ဆိုလိုခြင်းလည်းမဟုတ်ပေ။ သူတို့၌ တာဝန်ရှိနေဆဲဖြစ်သည်။ သို့သော် ပိုင်ရှင်အနေဖြင့်မဟုတ်ဘဲ ခရစ်တော်ပိုင်ဆိုင်သောအရာများကို ထိန်းသိမ်းပေးသော ဘဏ္ဍာစိုးများအနေဖြင့် တာဝန်ရှိခြင်းဖြစ်ပြီး

၎င်းတို့ကို ခရစ်ယာန်လူ့အသိုင်းအဝိုင်း၏ကောင်းကျိုးအတွက် စီမံခန့်ခွဲရန် တာဝန်ရှိခြင်းဖြစ်သည်။ အကယ်၍ ဤအသိုင်းအဝိုင်းတွင် အရေးပေါ် လိုအပ်ချက်ရှိလာပါက သူတို့သိမ်းဆည်းထားသော ပစ္စည်းဥစ္စာများရှိ၍ ၎င်းတို့ကို ရောင်းချကာ ရောင်းရငွေကို ဖြန့်ဝေရန် တမန်တော်များထံပေးအပ်ကြသည်။ မဟုတ်လျှင်လည်း ကိုယ်တိုင်ဖြန့်ဝေကြသည် (တ ၅း၁-၄)။ မည်သူကမျှ မိမိပစ္စည်းကို မိမိပိုင်သည်ဟု မထင်မှတ်ကြ။ သူတို့အားလုံးက ရှိသမျှတို့ကို ခရစ်ယာန်အသိုင်းအဝိုင်းတစ်ခုလုံး၏ကောင်းကျိုးအတွက် ခရစ်တော်ကိုယ်စားဟုယုံကြည်လျက် ထိန်းသိမ်းထားကြသည်။

ထိုရှေးခေတ်ကာလတွင် ဂျေရုဆလင်ခရစ်ယာန်အသင်းတော်သည် စက်မှုခေတ်အကြိုရှိ ကျစ်လစ်စည်းလုံးသောလူ့အသိုင်းအဝိုင်းတစ်ခုဖြစ်ခဲ့သည်။ ရောမအင်ပါယာ၏ ကြီးမားသောမြို့ပြများ၏အခြေအနေများသည် အလွန်ခြားနားနေပြီဖြစ်သောကြောင့် ခရစ်ယာန်အသိုင်းအဝိုင်းကို စီမံအုပ်ချုပ်မှုကိုလည်း ဒေသ၏အခြေအနေများနှင့်အညီ လိုအပ်သလိုညှိယူလုပ်ဆောင်ရသည် (တ ၉း၃၆၊ ၃၉၊ ၁၁း၂၇-၃၀၊ ၂၀း၃၃-၃၅ တို့ကို ကြည့်ပါ)။ ယနေ့ခေတ် ခရစ်ယာန်များ မိမိတို့၏ ပစ္စည်းဥစ္စာများ ထိန်းသိမ်းစောင့်ရှောက်မှုသည် ပိုမိုရှုပ်ထွေးဆဲဖြစ်သည်။ သို့သော် အခြေခံနိယာမမှာ တူညီနေဆဲဖြစ်သည်။ ခရစ်တော်ရှင်ပြန်ထမြောက်သည့်အချိန်မှစ၍ မည်သည့်ခရစ်ယာန်ကမျှ သူပိုင်ဆိုင်သောအရာများသည် သူနှင့်သာဆိုင်သည်ဟု မခံယူပါ။ ခရစ်တော်၏လမ်းညွှန်မှုအောက်တွင် အခြားသူများ၏ကောင်းကျိုးအတွက် အသုံးပြုရန်ဖြစ်သည်ဟုခံယူကြသည်။

## လူ့ကိုယ်ခန္ဓာအပေါ် သုံးသပ်မှုအသစ်

သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိခြင်း၏အကျိုးရလဒ်တစ်ခုမှာ လူ့ကိုယ်ခန္ဓာအပေါ် အသစ်သော သုံးသပ်မှုပင်ဖြစ်သည်။

ခရစ်တော်ကိုယုံကြည်သောသူတိုင်းက မိမိကိုယ်ခန္ဓာသည် သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်တော်ဖြစ်ကြောင်းကို သိခွင့်ရကြသည် (၁ကော ၆း၁၉)။ ဤအချက်က ယုံကြည်သူ၏ ကိုယ်ခန္ဓာအပေါ် ထူးမြတ်သန့်ရှင်းရသောအခွင့်ထူးကိုအပ်နှင်းသည်ဖြစ်၍ ယုံကြည်သူက မလေးမစားမတော်မလျော်မပြုမိရန် တာဝန်ရှိသည်။ ယုံကြည်သူများ၏ လူ့ကျင့်ဝတ်ဆိုင်ရာအပြုအမူအပေါ် ဤအချက်ကို မည်ကဲ့သို့သက်ရောက်စေကြောင်း မြင်တွေ့ရရန် နောက်တဖန် မျက်စိဖွင့်ပေးခြင်းဖြစ်သည်။ တရားနှင့်မညီသောကာမဆက်ဆံမှုကို ရှောင်ရှားအောင် သင်စီမံနိုင်သည်ဆိုလျှင် သင့်ကိုယ်ခန္ဓာသည် သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်လာဖို့ အရည်အသွေးပြည့်မီလိမ့်မည်ဟု ယုံကြည်သူများအား ဓမ္မသစ်ကျမ်းက မပြောပါ။ ၎င်းနှင့် ပြောင်းပြန်သာပြောထားသည်။

> သင်တို့၏ကိုယ်ခန္ဓာသည် ခရစ်တော်၏ကိုယ်အင်္ဂါဖြစ်ကြောင်း မသိကြသလော။ သို့ဖြစ်လျှင် ခရစ်တော်၏ကိုယ်အင်္ဂါကိုယူ၍ ပြည့်တန်ဆာ၏ကိုယ်အင်္ဂါဖြစ်စေရမည်လော။ လုံးဝမဖြစ်စေရ။ … သင်တို့၏ကိုယ်ခန္ဓာသည် ဘုရားသခင်ထံမှ သင်တို့ရရှိထားသော သင်တို့အထဲ၌တည်နေသည့် သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန်တော်ဖြစ်ကြောင်းကို လည်းကောင်း၊ သင်တို့ကိုယ်သင်တို့မပိုင်ကြောင်းကိုလည်းကောင်း သင်တို့မသိကြသလော။ …. တရားနှင့်မညီမေထုန်ပြုခြင်းကို ရှောင်ကြလော့။ (၁ ကော ၆း၁၅၊ ၁၉၊ ၁၈)

ယုံကြည်သူတစ်ဦး သန့်ရှင်းသောဝိညာဉ်တော်ရရှိပြီးသည့်နောက်ပိုင်းတွင်လည်း သခင်ယေရှု ပြန်မကြွလာမီတိုင်အောင် သူ၏ကိုယ်ခန္ဓာသည် သေတတ်သော၊ နာကျင်တတ်သော၊ ပုပ်ပျက်တတ်သော ကိုယ်ခန္ဓာဖြစ်နေဆဲဖြစ်သည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်သည် ထိုခန္ဓာတွင် ကိန်းဝပ်နေပြီး ဘုရားသခင်၏ရွေးနှုတ်ကယ်တင်ခြင်းနှင့်ဆိုင်သော သီးဦးများကို ဖြစ်တည်

စေတော်မူသည်။ ထိုသီးဦးများသည် အပြည့်အစုံရိတ်သိမ်းရာနေ့ရက်ရောက်လာမည်ဖြစ်ကြောင်း အာမခံချက်ဖြစ်လျက် ထိုနေ့ရက်ရောက်လာသောအခါ ယုံကြည်သူတို့၏ကိုယ်ခန္ဓာသည် ရွေးနုတ်ခံရပြီး ဘုန်းအသရေနှင့်ပြည့်ကာ သခင်ယေရှု၌ရှိသည့်ကိုယ်ခန္ဓာကဲ့သို့ သေခြင်းနှင့်ကင်းလျက် ထာဝရခန္ဓာဖြစ်သွားမည်ဖြစ်သည် (ရော ၈း၁၀-၁၁၊ ၂၃၊ ဖိ ၃း၂၀-၂၁)။

## အသစ်သော မျက်မြင်ထင်ရှားဖြစ်တည်သည့်အရာ - ခရစ်တော်၏ကိုယ်ခန္ဓာ

သန့်ရှင်းသောဝိညာဉ်တော်ကြွလာတော်မူခြင်းက အသစ်သော မျက်မြင်ထင်ရှားဖြစ်တည်သည့် အရာဖြစ်သည့် ခရစ်တော်၏ကိုယ်ခန္ဓာကို တည်ရှိလာစေသည်။

> ထို့ကြောင့် ကိုယ်ခန္ဓာသည် တစ်ခုတည်းဖြစ်သော်လည်း အင်္ဂါအစိတ်အပိုင်းများစွာရှိ၍ ကိုယ်ခန္ဓာ၌အင်္ဂါအစိတ်အပိုင်းများစွာရှိသော်လည်း အားလုံးသည် ကိုယ်ခန္ဓာတစ်ခုတည်းဖြစ်သကဲ့သို့ ခရစ်တော်သည်လည်း ထိုနည်းတူဖြစ်တော်မူ၏။ အကြောင်းမူကား ဂျူးလူမျိုးဖြစ်စေ၊ ဂရိလူမျိုးဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လွတ်လပ်သူဖြစ်စေ ငါတို့ရှိသမျှသည် ဝိညာဉ်တော်တစ်ပါးတည်းအားဖြင့် ကိုယ်ခန္ဓာတစ်ခုတည်းထဲသို့ ဗတ္တိဇံခံကြပြီး အားလုံးသည် ဝိညာဉ်တော်တစ်ပါးတည်းကို သောက်ရကြ၏။ (၁ ကော ၁၂း၁၂-၁၃)

ကောရိသ္ခုဩြဂါဒစာပထမစောင်မှ လူ့ကိုယ်ခန္ဓာဖြင့်တင်စားထားသည် ဤသရုပ်ဖော်မှုကို အနီးကပ်ကြည့်ပါ။ အချင်းချင်းဆက်သွယ်လျက် မှန်ကန်အပ်စပ်စွာ လုပ်ငန်းလုပ်ဆောင်နေသော လူ့ကိုယ်ခန္ဓာ၏အစိတ်အပိုင်းအားလုံးကို အသက်ရှင်သန်စေသောအရာမှာ လေထဲမှအောက်စီဂျင်ကို ကိုယ်ခန္ဓာ၏အစိတ်အပိုင်းအားလုံးထံသို့ သယ်ဆောင်လာသော သွေးစီးကြောင်းပင်ဖြစ်သည်။ ထိုသို့ဖြစ်ရန်အတွက် တစ်ပြိုင်နက်တည်းမှန်နေရမည့်အရာ နှစ်ခုရှိသည် - (က) ကိုယ်ခန္ဓာသည် လေထဲတွင်ရှိနေရမည်။ လေရရှိနိုင်မှုပြတ်တောက်သွားလျှင် သေသွားမည်ဖြစ်သည်။ (ခ) လေသည် ကိုယ်ခန္ဓာထဲတွင် ရှိနေရမည်။ ကိုယ်ခန္ဓာအထဲတွင် လေမရှိတော့ပါကလည်း သေသွားမည်ဖြစ်သည်။

လူတစ်ဦးက ခရစ်တော်ကို ယုံကြည်လက်ခံသောအခါ ခရစ်တော်က ထိုသူကို သန့်ရှင်းသောဝိညာဉ်တော်အထဲ၌ထား (ဝိညာဉ်တော်ထဲတွင် နှစ်ခြင်းပေးလိုက်) ပြီး တစ်ချိန်တည်းမှာပင် သန့်ရှင်းသောဝိညာဉ်တော်ကိုလည်း ထိုသူအထဲတွင်ကိန်းဝပ်စေသည် (သန့်ရှင်းသောဝိညာဉ်တော်ကို သောက်သုံးစေသည်)။ ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်သည် ထိုသူအထဲတွင် ရှိနေပြီး ထိုသူသည်လည်း သန့်ရှင်းသောဝိညာဉ်တော်အထဲတွင် ရှိနေသည်။ အခြားတစ်ဘက်တွင် မှန်ကန်နေသောအချက်မှာ ကမ္ဘာတစ်ဝန်းရှိ ခရစ်တော်ကိုယုံကြည်သူအားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်တစ်ပါးတည်းအထဲတွင် ရှိနေကြပြီး သန့်ရှင်းသောဝိညာဉ်တော်သည်လည်း သူတို့အားလုံးအထဲတွင် ရှိနေသည်။ ထိုသို့အားဖြင့် သူတို့သည် ခရစ်တော်၏ကိုယ်ခန္ဓာကိုဖြစ်ပေါ်စေလျက် အင်္ဂါအစိတ်အပိုင်းအားလုံးသည် ဝိညာဉ်တော်၏အသက်ကို မျှဝေခံစားကြကာ ထိုဝိညာဉ်တော်အားဖြင့် အသက်ရှင်သောကိုယ်ခန္ဓာတစ်ခုအဖြစ် ဖွဲ့စည်းတည်ရှိနေကြသည်။

ဤအမှုအရာသည် တလွဲတချော်ဖြစ်နေသည့်ကိုယ်ရည်ကိုယ်သွေးနှင့် လွှန်ကဲသည့်ပုဂ္ဂလိကကဏ္ဍတို့ကဖန်တီးသည့်ပြဿနာများအတွက် ဘုရားသခင်ပြင်ဆင်ပေးသည့်အဖြေဖြစ်သည်။ ခရစ်တော်၏ကိုယ်ခန္ဓာတွင်

(က) အားနည်းသည်ဖြစ်စေ၊ ဆုကျေးဇူးနည်းပါးသည်ဖြစ်စေ မလိုအပ်သောအင်္ဂါအစိတ်အစိတ်အပိုင်းဟူ၍ မရှိပေ။ မိမိသည် မလိုအပ်ဟု ခံစားသင့်သော အင်္ဂါအစိတ်အပိုင်းလည်း

မရှိပေ (၁ကော ၁၂း၁၅-၂၀)၊

(ခ) မည်သည့်ဆုကျေးဇူးကြီးမားသူ၌မျှ ဆုကျေးဇူးနည်းပါးသည့် အခြားအင်္ဂါအစိတ်အပိုင်းများကို အလိုမရှိဟုစိတ်ထဲမှတ်ယူခံစားခွင့် မရှိချေ (၁ ကော ၁၂း၂၁-၂၆)၊

(ဂ) အင်္ဂါအစိတ်အပိုင်းတိုင်းက မိမိဂုဏ်မြင့်မားရေးအတွက်မဟုတ်ဘဲ ကိုယ်ခန္ဓာတစ်ခုလုံး၏ ကောင်းကျိုးအတွက် မိမိ၌ရှိသည့်ဆုကျေးဇူးကို အသုံးပြုရမည်ဖြစ်သည် (၁ ကော ၁၃)။

ခရစ်တော်၏ကိုယ်ခန္ဓာတွင် အင်္ဂါအစိတ်အပိုင်းတစ်ခုဖြစ်ခြင်းနှင့်ဆိုင်သည့် ဤအသိစိတ်သည် ကျင့်ကြံပြုမူမှုတွင် အလွန်လက်တွေ့ကျသောနည်းလမ်းဖြင့် ပါဝင်ပါတ်သက်နေသည်။ စိတ်ပိုင်းဆိုင်ရာကျန်းမာသူ မည်သူကမျှ မိမိရုပ်ခန္ဓာ၏မည်သည့်အစိတ်အပိုင်းကိုမျှ တမင်တကာအနာတရဖြစ်စေမည် မဟုတ်ပေ။ ထို့ကြောင့် ဓမ္မသစ်ကျမ်းက "ထို့ကြောင့် မုသားစကားကိုဖယ်ရှား၍ သင်တို့တစ်ဦးစီသည် မိမိဝန်းကျင်၌ရှိသောသူအား မှန်သောစကားကိုပြောကြလော့။ အကြောင်းမူကား ငါတို့သည် တစ်ဦးနှင့်တစ်ဦး ကိုယ်အင်္ဂါချင်းများဖြစ်ကြ၏"ဟု ပြောထားသည် (ဧဖက် ၄း၅)။

နောက်ဆုံးတွင် သန့်ရှင်းသောဝိညာဉ်တော်ကြွလာခြင်းနှင့် ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်ထွန်းခြင်းတို့က အပြည်ပြည်ပူးပေါင်းရေးဝါဒအသစ်ကို ယူဆောင်လာခဲ့ကြပြီဖြစ်သည်။

## အပြည်ပြည်ပူးပေါင်းရေးဝါဒအသစ်

ဓမ္မဟောင်းခေတ်တွင် အချို့သောမှန်ကန်ကောင်းမွန်သည့်အကြောင်းတရားတို့ကြောင့် ဂျူးလူမျိုးတို့သည် အခြားသူများနှင့်မရောနှောရန် လမ်းညွှန်ခြင်းခံရကြသည်။ သို့သော် ပင်တေကုတ္တေပွဲနေ့တွင် သန့်ရှင်းသောဝိညာဉ်တော်ကြွလာပြီးသည့်နောက် ထိုအရာအားလုံး ပြောင်းလဲသွားခဲ့သည်။ ဂျူးတစ်ယောက်က သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံ၍ လူမျိုးခြားတစ်ဦးကလည်း သန့်ရှင်းသောဝိညာဉ်တော်ကို လက်ခံသည်ဆိုလျှင် ထိုအချိန်က သူတို့သတိထားမိသည်ဖြစ်စေ၊ သတိမထားမိသည်ဖြစ်စေ သူတို့သည် လူမျိုးရေးစည်းဘောင်မရှိသကဲ့သို့ လူမှုရေးဆိုင်ရာအတန်းအစားခွဲခြားမှုလည်းမရှိသည့် ခရစ်တော်၏ကိုယ်ခန္ဓာထဲတွင် အသက်ရှင်သောကိုယ်အင်္ဂါများအဖြစ် စုစည်းခဲ့ကြပြီဖြစ်သည် - ဓမ္မသစ်ကျမ်းက "ဂျူးလူမျိုးဖြစ်စေ၊ ဂရိလူမျိုးဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လွတ်လပ်သူဖြစ်စေ ငါတို့ရှိသမျှသည် ဝိညာဉ်တော်တစ်ပါးတည်းအားဖြင့် ကိုယ်ခန္ဓာတစ်ခုတည်းထဲသို့ ဗတ္တိဇံခံကြ"သည်ဟု ပြောထားသည် (၁ ကော ၁၂း၁၃)။

လူမျိုးတို့ကို ပိုင်းခြားထားသည့်အရံအတားများ ပြိုပျက်လျက် ဂျူးနှင့်လူမျိုးခြားများသည် ခရစ်တော်၏တူညီသောကိုယ်ခန္ဓာမှ အင်္ဂါချင်းများဖြစ်ကြကာ အချင်းချင်းလက်ခံလာကြသည့် အလွန်အရေးကြီးသောအဖြစ်အပျက်များကို အသေးစိတ်မှတ်တမ်းရခြင်းသည် တမန်တော်ဝတ္ထုအတွက် ရင်ဖိုပီတိဖြစ်စရာအကောင်းဆုံးပင်ဖြစ်သည်။ ပထမပိုင်းတွင် ဂျူးခရစ်ယာန်များသည် ယုံကြည်သူလူမျိုးခြားတို့ကို ခရစ်တော်၌တန်းတူအဖြစ်လက်ခံရန် အင်တင်တင်ဖြစ်နေခဲ့ကြကြောင်း တမန်တော်ဝတ္ထုက ကျွန်ုပ်တို့ကိုရိုးရိုးသားသားပြောပြထားသည်။ သို့သော် အံ့သြဖွယ်နိမိတ်လက္ခဏာဖြစ်ပေါ်၍ သူတို့လက်ခံခဲ့ကြသည်။ ၎င်းသည် ကမ္ဘာ့သမိုင်း၏အရေးပါသောအပြောင်းအလဲတစ်ခုဖြစ်သောကြောင့် အဖြစ်အပျက်တစ်ခုလုံးကို ဖတ်ရှုသင့်ပေသည် (တ ၁၀း၁-၁၁း၃၀)။

အခြားတစ်ဘက်တွင် အချို့သောတိုင်းနိုင်ငံများနှင့် မြို့ကြီးများတွင် ဒေသခံဘာသာတရားသည် သူတို့၏အမျိုးသားရေးနှင့် ပြည်သူ့ဂုဏ်သိက္ခာတို့ဖြင့် ခွဲမရအောင်ဆက်နွယ်သောကြောင့် ခရစ်ယာန်သတင်းကောင်းသည် ပြင်းပြင်းထန်ထန်ဆန့်ကျင်ခံခဲ့ရကြောင်းကိုလည်း တမန်တော်ဝတ္ထုက ကျွန်ုပ်တို့ကိုပြောပြနေသည်။ ဧဖက်မြို့သည် နမူနာတစ်ခုဖြစ်သည် ( တ ၁၉း၂၃-၄၁ မှ

အဖြစ်အပျက်ကို ကြည့်ပါ)။ ဖေက်မြို့သားတို့အဓိကကိုးကွယ်သည့် နတ်ဘုရားမှာ အာတေမိနတ်ဘုရားမဖြစ်သည်။ ရှေးခေတ်တွင် အာတေမိနတ်ဘုရားမကို နေရာများစွာတွင် ကိုးကွယ်ခဲ့ကြသည်။ သို့သော် ဖေက်မြို့ရှိ အာတေမိနတ်ဘုရားမ၏ဗိမာန်သည် ကမ္ဘာ့အံ့ဖွယ်များအနက် တစ်ခုဖြစ်သည့်အထိ ထူးခြားဗိမာန်ဖြစ်သည်။ နတ်ဘုရားတို့၏အချုပ်အခြာဖြစ်သော ဂျူပီတာနတ်ဘုရားထံက ကောင်းကင်မှ ကျလာသည့်ရုပ်တုဟု သူတို့ပြောဆိုသောရုပ်တုတစ်ခုလည်း ထိုနေရာတွင်ရှိသည်။ နိုင်ငံရပ်ခြားမှလူအမြောက်အများ ထိုမြို့သို့လာရောက်လည်ပတ်ကြ၍ အာတေမိနတ်ဘုရားမ၏ဗိမာန်ကို ပုံစံငယ်ထွင်းထုရောင်းချကြသော ငွေပန်းထိမ်ဆရာများသည် ဂင်ငွေများစွာရရှိကြသည်။ ထို့ကြောင့် ဖေက်မြို့သားတို့က ခရစ်ယာန်သတင်းကောင်းနှင့် စစ်မှန်သည့်တစ်ဆူတည်းသောဘုရားနှင့်ဆိုင်သည့်သွန်သင်မှုတို့သည် သူတို့၏နတ်ဘုရားကိုးကွယ်မှုကို အားနည်းသွားစေလိမ့်မည်ဟု တရေးရေးသတိမူမိလာသောအခါ ၎င်းသည် သူတို့၏ဘာသာတရားအပေါ်စော်ကားမှုသာမကဘဲ သူတို့၏အမျိုးသားရေးနှင့်ပြည်သူ့ဂုဏ်သိက္ခာတို့ကိုပါ ထိခိုက်စေသည်ဟု ခံစားခဲ့ကြသည်။ ထိုအခါ တစ်မြို့လုံးသည် လေဟာပြင်ဇာတ်ရုံကြီးဆီသို့ စုပြုံလာကြကာ "အာတေမိသည် ကြီးမြတ်ပေ၏"ဟုသာမဟုတ်ဘဲ "ဖေက်မြို့သားတို့၏အာတေမိသည် ကြီးမြတ်ပေ၏"ဟု နှစ်နာရီခန့်မျှ အော်ဟစ်ကြွေးကြော်ခဲ့ကြသည် (တ ၁၉း၂၈၊ ၃၄)။

ဤနောက်ခံအခြေအနေနှင့်ဆန့်ကျင်ဘက်ဖြစ်နေသည်မှာ ပြောင်းလဲလာသော ဖေက်မြို့သားတို့ထံ နောက်နှစ်အနည်းငယ်အတွင်း တမန်တော်ရှင်ပေါလုရေးသားခဲ့သော သမိုင်းဝင် ထူးခြားသည့်စာတို့ကို ဖတ်ရခြင်းက အလင်းကိုမြင်စေပါသည်။ ၎င်းတို့သည် ဥရောပနှင့်ကမ္ဘာ့သမိုင်းတွင် နေ့သစ်ရောင်ခြည်သန်းလာသည့် အမှတ်အသားပင်ဖြစ်သည်-

> ထို့ကြောင့် တစ်ချိန်က သင်တို့သည် ဇာတိအားဖြင့် လူမျိုးခြားများဖြစ်ကြပြီး ကိုယ်ကာယ၌ လက်ဖြင့်အရေဖျားလှီးထားသောသူတို့က သင်တို့ကို အရေဖျားမလှီးသောသူဟု ခေါ်ဝေါ်ခဲ့ကြသည်ကို သတိရကြလော့။ ထိုအချိန်က သင်တို့သည် ခရစ်တော်နှင့်ကင်းကွာ၍ အစ္စရေးအမျိုးသားစာရင်းမဝင်၊ ကတိတော်နှင့်ဆိုင်သောပဋိညာဉ်များနှင့်မသက်ဆိုင်၊ ဤလောက၌မျှော်လင့်ခြင်းမရှိ၊ ဘုရားမဲ့လျက်နေခဲ့ကြ၏။ သို့သော် တစ်ချိန်က ဝေးကွာလျက်ရှိခဲ့သောသင်တို့သည် ယခုအခါ ခရစ်တော်ယေရှု၌ ခရစ်တော်၏သွေးတော်အားဖြင့် အနီးသို့ရောက်ရကြပြီ။ အကြောင်းမူကား ကိုယ်တော်သည် ငါတို့၏သင့်မြတ်ငြိမ်းချမ်းခြင်းအကြောင်းဖြစ်တော်မူ၍ ငါတို့နှစ်မျိုးစလုံးကို တစ်မျိုးတည်းဖြစ်စေပြီး ပိုင်းခြားသောရန်ငြိုးတံတိုင်းကို ဖြိုဖျက်ကာ စည်းမျဉ်းများပါသည့် ပညတ်ချက်တို့နှင့်ဆိုင်သောပညတ်တရားကို မိမိကိုယ်ခန္ဓာတော်အားဖြင့် ပယ်ဖျက်တော်မူ၏။ ဤသည်ကား လူနှစ်မျိုးကို မိမိ၌ တစ်မျိုးတည်းသောလူသစ်အဖြစ် ဖန်ဆင်းလျက် သင့်မြတ်ငြိမ်းချမ်းခြင်းကိုဖြစ်စေကာ လက်ဝါးကပ်တိုင်တွင် ရန်ငြိုးကိုသုတ်သင်ပြီး လက်ဝါးကပ်တိုင်အားဖြင့် ငါတို့နှစ်မျိုးစလုံးကို ကိုယ်ခန္ဓာတစ်ခုတည်း၌ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်စေရန်ဖြစ်၏။ ထို့နောက် ကိုယ်တော်သည် ကြွလာတော်မူ၍ အဝေး၌ရှိသောသင်တို့ကိုလည်းကောင်း၊ အနီး၌ရှိသောသူတို့ကိုလည်းကောင်း သင့်မြတ်ငြိမ်းချမ်းခြင်းနှင့်ဆိုင်သည့် ကောင်းမြတ်သောသတင်းကိုဟောပြောတော်မူ၏။ ဤသို့ဖြင့် ငါတို့နှစ်မျိုးစလုံးသည် ဝိညာဉ်တော်တစ်ပါးတည်း၌ ခမည်းတော်ထံသို့တိုးဝင်ခွင့်ကို ကိုယ်တော်အားဖြင့်ရရှိကြ၏။

ထို့ကြောင့် သင်တို့သည် လူမျိုးခြားများနှင့်သူစိမ်းဧည့်သည်များမဟုတ်တော့ဘဲ သန့်ရှင်းသူတို့နှင့်တစ်မျိုးသားတည်းဖြစ်ကြပြီး ဘုရားသခင်၏အိမ်သူအိမ်သားများဖြစ်ကြ၏။ သင်တို့သည် တမန်တော်များနှင့်ပရောဖက်များ၏အုတ်မြစ်ပေါ်တွင် တည်ဆောက်ခြင်းခံရကြ၍ ခရစ်တော်ယေရှုကိုယ်တော်တိုင် ထောင့်ချုပ်ကျောက်ဖြစ်တော်မူ၏။ ထိုထောင့်ချုပ်ကျောက်အားဖြင့် အဆောက်အအုံတစ်ခုလုံးသည် အံဝင်ခွင်ကျဆက်စပ်လျက် သခင်ဘုရား၌ သန့်ရှင်းသောဗိမာန်တော်အဖြစ်သို့ တိုးပွားလေ၏။ သင်တို့သည်လည်း ဝိညာဉ်တော်အားဖြင့် ဘုရားသခင်ကိန်းဝပ်တော်မူရာအဖြစ်သို့ ထိုသခင်၌ အတူတကွတည်ဆောက်ခြင်းခံရကြ၏။ (ဧဖက် ၂း၁၁-၂၂)

# အခန်း ၃၆

## ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူခြင်း၏ အကျိုးသက်ရောက်မှု

### အပိုင်း ၁။ မျှော်လင့်ခြင်းဖြင့် စဉ်းစားတွေးခေါ်ခြင်း၊ အသက်ရှင်ခြင်းနှင့် လုပ်ဆောင်ခြင်း

လူတစ်ဦးသည် ခရစ်တော်၏ဒုတိယအကြိမ်ကြွလာတော်မူခြင်းနှင့်ဆိုင်သော ခရစ်ယာန်သွန်သင်ချက်ကို ထည့်သွင်းစဉ်းစားခြင်းမပြုလျှင် ခရစ်ယာန်လူ့ကျင့်ဝတ်၏နောက်ကွယ်တွင်ရှိသော အစွမ်းသတ္တိကို ကောင်းစွာနားလည်နိုင်မည်မဟုတ်ပေ။ အချို့တို့က ဒုတိယအကြိမ်ကြွလာခြင်းနှင့်ဆိုင်သည့်သွန်သင်ချက်သည် သမိုင်းဝင်သောခရစယာန်ယုံကြည်မှုပတ်လည် ယှက်နွယ်နေသည့် သင်္ကေတာရီဆန်သည့် ကျော်ကြားသောစိတ်ကူးစိတ်သန်းဟု ငြင်းခုံကြသည်။ ထို့ကြောင့် ခရစ်ယာန်ယုံကြည်မှုထဲမှ စိတ်ချရပြီး တည်မြဲသောတန်ဖိုးဖြစ်သည့် ခရစ်ယာန်ယုံကြည်မှုဆိုင်ရာလူ့ကျင့်ဝတ်ကို ရှာဖွေတွေ့ရှိနိုင်ရန် ဤသွန်သင်ချက်ကို စွန့် လွှတ်၍ သို့မဟုတ် ဥပေက္ခာပြု၍ ရသည်ဟု သူတို့ကောက်ချက်ချကြသည်။ သို့သော် ဓမ္မသစ်ကျမ်း၏တည်ကြည်သော စစ်ဆေးမှုနှင့်ဆိုင်သောစမ်းသပ်မှုကို ဤအယူအဆက ခံရပ်နိုင်မည်မဟုတ်ပေ။

ဓမ္မသစ်ကျမ်းတွင် ဒုတိယအကြိမ်ကြွလာတော်မူခြင်းကို အကြိမ် ၂၅၀ ဖော်ပြထားသည်ဟု ခန့်မှန်းကြသည်။ ဓမ္မသစ်ကျမ်းထဲတွင် ကျမ်းရေးသူတိုင်းက ၎င်းကို ရည်ညွှန်းဖော်ပြကြ၍ ဓမ္မသစ်ကျမ်းထဲမှ ကျမ်းအားလုံးတွင် ၎င်းကိုကိုးကားဖော်ပြကြသည်။

ထို့ပြင် ဓမ္မသစ်ကျမ်းတွင် ဒုတိယအကြိမ်ကြွလာတော်မူခြင်းအကြောင်း အခြားသူတို့ထက် ပိုမိုပြောဆိုသူမှာ ယေရှုခရစ်တော်ကိုယ်တိုင်ဖြစ်သည်။ ကိုယ်တော်ထိုသို့ပြောဆိုရခြင်းမှာ ၎င်းသည် မေရှိယဖြစ်တော်မူကြောင်းအခိုင်အမာပြောဆိုခြင်းနှင့် သီးခြားခွဲခြားထား၍မရသောအရာ၊ မရှိမဖြစ်သောအရာ ဖြစ်သောကြောင့်ဖြစ်သည်။ ဓမ္မဟောင်းပရောဖက်ပြုချက်များအားလုံးတွင် စဉ်ဆက်မပြတ် အထပ်ထပ်ပေးသောကတိတော်မှာ မေရှိယကြွလာတော်မူသောအခါ မကောင်းမှုကို ဖြိုဖျက်လျက် စစ်ကိုဖယ်ရှားကာ လောကကို ဖြောင့်မတ်စွာတရားစီရင်မည်ဆိုသောကတိတော်ဖြစ်သည်။ ၎င်းက မျိုးဆက်အဆက်ဆက်မှလူတို့ကို မျှော်လင့်ခြင်းနှင့်ဝင့်ကြွားဝမ်းမြောက်ခြင်းတို့ဖြင့် ပြည့်ဝစေခဲ့သည် ( ဥပမာ။ ။ ဆာ ၉၄၊ ၉၆၊ ၉၇၊ ၉၈၊ ၉၉၊ ဟေရှာယ ၂း၁-၄ တို့ကိုကြည့်ပါ)။ ထို့ကြောင့် ယေရှုက သူသည် မေရှိယဖြစ်တော်မူကြောင်း အခိုင်အမာပြောဆိုသည့်အခါ သူသည် ဤကတိတော်များကို မည်သည့်အချိန်တွင် မည်ကဲ့သို့ ပြည့်စုံလာစေမည်ကို သူခေတ်ကလူတို့ သိလိုကြသည်မှာ သဘာဝကျပါသည်။ သူသည် ပထမအကြိမ်ကြွလာသည့် အချိန်တွင် ဘုရားသခင်၏တရားစီရင်ခြင်းကို စီမံဆောင်ရွက်ခြင်းပြုရန် အကြံအစည်ရှိတော်မမူကြောင်း အတော်အတန်ရှင်းလင်းစွာ အရိပ်အမြွက်မိန့်တော်မူခဲ့သည် (အခန်း ၂၅ မှ ဆွေးနွေးချက်ကို ကြည့်ပါ)။ သို့သော် ထိုသို့ အကြံအစည်မရှိကြောင်း မိန့်တော်မူခြင်း သူမေရှိယဖြစ်ကြောင်း မိန့်တော်မူချက်ကို မထိခိုက်စေပါ။ သေချာသည်မှာ ထိုသို့ထိခိုက်စေမည့်အချက် ကိုယ်တော်မိန့်တော်မမူခဲ့ချေ။

အများရှေ့တွင်ဖြစ်စေ၊ သီးသန့်ဖြစ်စေ၊ ဘွင်းဘွင်းရှင်းရှင်းဖြစ်စေ၊ ပုံဥပမာသုံးလျက်ဖြစ်စေ

ကိုယ်တော်မိန့်တော်မူသည့်အရာမှာ သူသည် ဦးစွာ အသေခံ၍ မြှုပ်နှံခြင်းကိုခံရမည်။ ရှင်ပြန်ထမြောက်ကာ ကောင်းကင်သို့ ပြန်လည်တက်ကြွရမည်။ ပြီးလျှင် သူ၏ကောင်းမြတ်သောသတင်းကို ကမ္ဘာမြေအနံ့ ဟောပြောကြမည်။ နောက်ဆုံး၌ လောကတွင် ဘုရားသခင်၏နိုင်ငံတော်ကို ဘုရားဘုန်းအာနုဘော်တော်ဖြင့်တည်ထောင်ရန် ပြန်ကြွလာမည် ဟူ၍ဖြစ်သည် (ဥပမာ။ ။ လု ၁၉း၁၁-၂၇။ မ ၂၄း၁၄ တို့ကိုကြည့်ပါ)။ ကိုယ်တော်က ပြန်ကြွလာမည်ဖြစ်ကြောင်းမိန့်တော်မူခြင်းသည် မေရှိယဖြစ်ကြောင်းနှင့် ဘုရားသခင်၏သားတော်ဖြစ်ကြောင်းမိန်တော်မူချက်တို့နှင့် တစ်သားတည်းဖြစ်သည်။ သူသည် မေရှိယသခင် ဘုရားသခင်၏သားတော်ဟုတ်မဟုတ် မိန့်ကြားရန် ယဇ်ပုရောဟိတ်မင်းက တောင်းဆိုသောအခါ ကိုယ်တော်ဖြေဆိုတော်မူရာတွင် ၎င်းကိုအတည်ပြုလျက် "နောင်တွင် လူ့သားသည် တန်ခိုးနှင့်ပြည့်စုံတော်မူသောအရှင်၏ လက်ယာဘက်၌ထိုင်၍ ကောင်းကင်မိုးတိမ်များစီးလျက်ကြွလာသည်ကို သင်တို့မြင်ရကြလိမ့်မည်"ဟု ဖြည့်စွပ်မိန့်တော်မူခဲ့သည် (မ ၂၆း၆၄)။ ထိုအခါ ဘုရားသခင်ကိုစော်ကားပြောဆိုမှုဖြင့် ကိုယ်တော်ကို လက်ဝါးကပ်တိုင်ပေါ်တင်ရန် သူတို့ဆုံးဖြတ်ခဲ့ကြသည်။ ကိုယ်တော်ဘာကိုပြောနေကြောင်း သူတို့တိတိကျကျနားလည်ကြသည်။ ထို့ကြောင့် ကိုယ်တော်ရှင်ပြန်ထမြောက်ပြီးသည့်နောက် တပည့်တော်များက ကိုယ်တော်ကို "သခင်ဘုရား၊ ကိုယ်တော်သည် ယခုအချိန်တွင် အစ္စရေးလူမျိုးအတွက် နိုင်ငံကို ပြန်လည်ထူထောင်ပေးတော်မူမည်လော" ဟု မေးလျှောက်ကြသည့်အခါ ကိုယ်တော်က ဒုတိယအကြိမ်ကြွလာတော်မူခြင်းနှင့်ဆိုင်သည့်အချိန်အခါကိုသိရန်မှာ သူတို့တာဝန်မဟုတ်ကြောင်း၊ သူတို့၏လတ်တလောတာဝန်မှာ ကမ္ဘာဆုံးတိုင်အောင် ကောင်းမြတ်သောသတင်းကိုဟောပြောရန်ဖြစ်ကြောင်း သူတို့ကို မိန့်တော်မူခဲ့သည်။ သို့သော် ကိုယ်တော်ကောင်းကင်သို့တက်ကြွသွားသည့်အချိန်တွင် ဤတမန်တော်များအားလုံးကို "သင်တို့ထံမှ ကောင်းကင်သို့ ဆောင်ယူခြင်းကို ခံတော်မူသော ထိုယေရှုသည် ကောင်းကင်သို့တက်သွားတော်မူသည်ကို သင်တို့မြင်ရသည့်ပုံစံအတိုင်း တစ်ဖန်ကြွလာတော်မူလိမ့်မည်"ဟု ရှင်းရှင်းလင်းလင်းပြောပြခဲ့ကြောင်း သမိုင်းပညာရှင်ရှင်လုကာက မှတ်တမ်းတင်ထားသည် (တ ၁း၆-၁၁)။ ရှင်လုကာက မိမိ၏မျက်မြင်ကိုယ်တွေ့သက်သေကို အစီရင်ခံနေခြင်းဖြစ်သည်။ သို့ဖြစ်၍ ကနဦးခရစ်ယာန်များက ခရစ်တော်သည် သူတို့ရှေ့တွင် မိုးတိမ်အားဖြင့် ကောင်းကင်သို့ပြန်တက်ကြွသွားသည့်ပုံစံအတိုင်း (သို့သော် မစဉ်းစားတတ်အောင်ကြီးမားသောထည်ဝါမှုဖြင့်) လောကသို့ ပြန်လည်ဆင်းကြွလာမည်ဖြစ်ကြောင်း ကမ္ဘာသို့ကြေညာခဲ့ကြသည်။

အချို့ကလည်း ရှင်လုကာသည် စကြဝဠာအပေါ် ရှေးကျသည့် သိပ္ပံအကြိုခေတ်အမြင်သာရှိခဲ့သည်ဟု ဆိုကြသည်။ သူက ပြားနေသည့် ကမ္ဘာမြေကြီးအပေါ်ဘက်တွင် ကောင်းကင်ရှိပြီး အောက်ဘက်တွင် ငရဲရှိသည်ဟုစိတ်ကူးစဉ်းစားခဲ့သည်ဟု သူတို့ထင်ကြသည်။ ရှင်လုကာသည် ထိုရှေးကျသည့် ကမ္ဘာ့အမြင်နှင့်ကိုက်ညီအောင် ကောင်းကင်သို့တက်ကြွသွားသည့်အဖြစ်အပျက်ကို ဇာတ်လမ်းထွင်ခဲ့သည်ဟု သူတို့ပြောကြသည်။ သို့သော် သူတို့၏အမြင်ကို ထောက်ခံသည့် သက်သေအထောက်အထားမရှိပေ။ သမိုင်းကြောင်းအချက်အလက်အရလည်း ဖြစ်ရိုးဖြစ်စဉ်မဟုတ်ပေ။ ရှင်လုကာသည် ပညာတတ်တစ်ဦးဖြစ်လျက် ကမ္ဘာကြီးလုံးဝိုင်းကြောင်း သိနှင့်ပြီးသည့်ကမ္ဘာတွင် အသက်ရှင်နေထိုင်နေသူဖြစ်သည်။ သူ့ခေတ်မတိုင်မီ နှစ်ပေါင်း ၂၀၀ ကျော်ကတည်းက အီရာတိုစတင်း (Eratosthenes)က ကမ္ဘာကြီး၏အဝန်းကိုပင် တိုင်းတာတွက်ချက်ပြီးခဲ့ပြီးပြီဖြစ်သည်။ ရှင်လုကာသည် ပထမအတန်းစား သမိုင်းပညာရှင်တစ်ဦးဖြစ်ကြောင်းလည်း ကျွန်ုပ်တို့သိရှိကြသည်။ ကောင်းကင်သို့ ရုပ်ခန္ဓာဖြင့် တက်ကြွသွားတော်မူသော ခရစ်တော်ကို

သူ့မျက်စိဖြင့်တပ်အပ်မြင်ခဲ့သည့်အတိုင်း သစ္စာရှိရှိ သူမှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

သခင်ဘုရားက ရှင်းရှင်းလင်းလင်းပြောထားပါလျက်နဲ့ လွဲချော်ကာ ဒုတိယအကြိမ်ကြွလာတော်မူမည့်နေ့ရက်ကို တိတိကျကျကြိုတင်ပြောနိုင်သည်ဟု စိတ်ချမှုအပြည့်ဖြင့် ပြောဆိုသူများ ရှိခဲ့ကြသည်မှာ အမှန်ပင်ဖြစ်သည်။ သူတို့မှားယွင်းကြောင်း အစဉ်သဖြင့် လိုအပ်ချက်နှင့်အညီ သက်သေထင်ရှားစမြဲဖြစ်သည်။ ခရစ်တော်သည် တိုင်းပြည့်တစ်ပြည်ပြည်ရှိ ဘာသာရေးပုဂ္ဂိုလ်ကြီးတစ်ပါးပါးတွင် လူဝင်စားခြင်းဖြင့် ပြန်ကြွလာပြီးပြီဟု ဆိုသူများလည်း ရှိပေလိမ့်မည်။ ထိုသို့ သောနားလည်မှုမှားယွင်းခြင်းမျိုးအတွက် ကျွန်ုပ်တို့ကို သတိပေးရန်အတွက် ယေရှုကိုယ်တော်တိုင်က ဂရုပြုတော်မူခဲ့သည်။ ဒုတိယအကြိမ်ကြွလာတော်မူသောအခါ ကြွလာသည့်အကြောင်း မည်သူ့ကိုမျှပြောပြရန်လိုမည်မဟုတ်ဟု ခရစ်တော်မိန့်တော်မူခဲ့သည်။ ကောင်းကင်တွင်ဖြစ်ပျက်မည်ဖြစ်ပြီး တစ်ကမ္ဘာလုံးက မြင်တွေ့ရမည်ဖြစ်သည် (လု ၁၇း၂၂-၃၇ ကိုကြည့်ပါ)။ သို့သော် တစ်ယူသန်သည့် မှားယွင်းသောအနက်ပြန်မှုများက ခရစ်တော်၏အံ့ဖွယ်ကတိတော်များ၏ခိုင်လုံမှုကိုလည်းကောင်း၊ စစ်မှန်သောခရစ်ယာန်အားလုံး၏ယုံကြည်ခြင်းကိုလည်းကောင်း ရာစုနှစ်များစွာမှ ယနေ့အထိ လျော့ပါးသွားစေခြင်းမရှိခဲ့ချေ။

သို့သော် ကျွန်ုပ်တို့၏တာဝန်မှာ ခရစ်တော်၏ဒုတိယကြွလာတော်မူခြင်း၏ ခရစ်ယာန်လူ့ကျင့်ဝတ်အပေါ် သက်ရောက်မှုကို သိအောင်လုပ်ဆောင်ရန်ဖြစ်သည်။ ထို့ကြောင့် ၎င်းသည် ကနဦး ခရစ်ယာန်များ၏အသက်တာတွင် မည်ကဲ့သို့ပျံ့နှံ့သက်ရောက်သည်ကို ပြသရန် အချို့နမူနာများကို ဆင်ခြင်လေ့လာကြစို့။

## ပြောင်းလဲမှုတစ်စိတ်တစ်ပိုင်းနှင့် ဘဝအသက်တာတစ်စိတ်တစ်ပိုင်း

ခရစ်တော်၏ဒုတိယအကြိမ်ကြွလာတော်မူခြင်းသည် အသက်တာပြောင်းလဲခြင်း၏လိုအပ်ချက်တစ်ခုနှင့် နောက်ဆက်တွဲအသက်ရှင်မှုအတွက်မူဘောင်တို့ နှစ်ခုလုံးကိုဖြစ်ပေါ်စေသည်။ (ဂရိပြည်မြောက်ပိုင်း) မာကေဒေါနိပြည်မှ သက်သာလောနိတ်မြို့တွင် ရှင်ပေါလုလုပ်ဆောင်သည့် သတင်းကောင်းဟောပြောခြင်းအမှုတော်မြတ်ကို တမန်တော်ဝတ္ထု ၁၇း၁-၉ တွင် မှတ်တမ်းတင်ထားသည်။ ထိုမြို့တွင် သူ့အားဖြင့် ပြောင်းလဲလာသူများကို သူစာရေးသည့်အခါ သူတို့၏အသက်တာပြောင်းလဲခြင်းတွင် ပါဝင်သောအရာကို ဖော်ပြရေးသားခဲ့သည် -

> အကြောင်းမူကား သင်တို့သည် ငါတို့ကို မည်ကဲ့သို့လက်ခံကြသည်ကိုလည်းကောင်း၊ အသက်ရှင်တော်မူ၍စစ်မှန်သောဘုရားသခင်ကို အစေခံရန်နှင့် ကျရောက်လာမည့်အမျက်တော်မှ ငါတို့ကိုကယ်နုတ်တော်မူသည့် ယေရှုတည်းဟူသော သေသောသူတို့ထဲမှ ဘုရားသခင်ထမြောက်စေတော်မူသောသားတော်သည် ကောင်းကင်ဘုံမှကြွလာတော်မူမည်ကို စောင့်မျှော်ရန် သင်တို့သည် ရုပ်တုများကိုစွန့်၍ ဘုရားသခင်ထံ မည်ကဲ့သို့ ပြောင်းလဲလာကြသည်ကိုလည်းကောင်း သူတို့ကိုယ်တိုင်ပြောကြားကြ၏။ (၁ သက် ၁း၉-၁၀)

အသက်တာပြောင်းလဲမှုသည် လူ့ကျင့်ဝတ်စည်းမျဉ်းတစ်စုမှ အခြားတစ်စုသို့ပြောင်းလဲသွားခြင်းသက်သက်မဟုတ်။ စကြဝဠာအပေါ် မှားယွင်းသောနားလည်မှုတစ်ခုမှ စကြာဝဠာနှင့် ၎င်း၏ဖန်ဆင်းရှင်အကြောင်း သမ္မာတရားကို သိမှတ်ခြင်းထံသို့ ပြောင်းလဲသွားခြင်းဖြစ်သည် (ရုပ်တုများထံမှ ဘုရားသခင်ထံ ပြန်လှည့်ခြင်းဖြစ်သည်)။

ထို့ပြင် အသက်တာပြောင်းလဲခြင်းတွင် (ကောင်းကင်မှသားတော်ကို စောင့်ဆိုင်းရသည့်)

ဘဝအသက်တာ၏ အသစ်သောပန်းတိုင်နှင့်မူဘောင်လည်း ပါသည်။

နောက်ဆုံးအနေဖြင့် ဒုတိယအကြိမ်ကြွလာတော်မူခြင်းကိုယုံကြည်ခြင်းသည် လူတို့အား နေ့စဉ်အလုပ်ကို စွန့်လျက် စိတ်ကူးယဉ် ကမ္ဘာထဲသို့လွတ်မြောက်ရောက်ရှိသွားခြင်း၏ပုံစံတစ်ခု မဟုတ်ဘဲ အကောင်းဆုံးအကြိုးစားဆုံး အလုပ်လုပ်ရန် အားပေးသည့်အရာတစ်ခု ဖြစ်သည်။ နေ့စဉ်အလုပ်သည် ငြီးငွေ့ဖွယ်တကုပ်ကုပ်လုပ်ရသည့်အလုပ်၊ စည်းမရှိကမ်းမရှိ တစ်ကိုယ်ကောင်း ဆန်ပြီး နလုံးသားမဲ့နေသည့် လူ့အသိုင်းအဝိုင်းအတွင် ယှဉ်ပြိုင်မှုထဲ အသက်ရှင်ရန် ရုန်းကန်နေရ ခြင်း မဟုတ်တော့ဘဲ အပြစ်ဒဏ်အားလုံးကိုပေးဆပ်လျက် မိမိလူတို့ကို အဆုံးတိုင်လွတ်မြောက် စေရန် ပြန်ကြွလာမည့်အရှင်၏ခမည်းတော်ဖြစ်လျက် အသက်ရှင်သည့် စစ်မှန်သောဘုရားသခင် ထံတော်ပါး၌ ဂမ်းမြောက်စွာလုပ်ဆောင်သော အမှုတော်ဖြစ်လာသည်။ အချို့တို့သည် အလုပ်မ လုပ်ခြင်းနှင့် လူမှုရေးတာဝန်များရှောင်ရှားခြင်းတို့အတွက် ဆင်ခြေပေးရန် ဒုတိယအကြိမ်ကြွလာ မည့်ကတိတော်ကို အသုံးပြုခဲ့ကြကြောင်း သက်သာလောနိတ်မြို့ရှိ ပြောင်းလဲလာသူများထံ ရှင် ပေါလုရေးသားသည့် ဒုတိယစာစောင်တွင် ကျွန်ုပ်တို့လေ့လာသိရှိရသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် ဤအခြေအနေက ထိုကဲ့သို့သောအပြုအမူသည် နားလည်မှုလုံးလုံးမှားယွင်းခြင်းနှင့် ခရစ်ယာန်ယုံကြည်မှုကိုငြင်းပယ်ခြင်းသာဖြစ်ကြောင်းထောက်ပြရန် (၂ တိ ၃း၆-၁၅) ရှင်ပေါလု ကို အခွင့်အရေးရစေခဲ့သည်။ အခြားတစ်နေရာတွင် ရှင်ပေါလုပြောထားသည့်အတိုင်းဖြစ်သည် - "မည်သူမဆို မိမိဆွေမျိုးသားချင်း၊ အထူးသဖြင့် မိမိအိမ်သူအိမ်သားတို့ကို ဂရုမစိုက်ဘဲနေလျှင် ထိုသူသည် ယုံကြည်ခြင်းကိုငြင်းပယ်ပြီဖြစ်၍ မယုံကြည်သူထက် ဆိုးဝါး၏" (၁ တိ ၅း၈)။

## အလုပ်လုပ်ရန်ဆွဲဆောင်မှုတစ်ခု

ဒုတိယအကြိမ်ကြွလာခြင်းကိုယ်တိုင်သည် လုံ့လဂီရိယဖြင့် အချိန်နှင့်စွမ်းအားလုံးလုံးမြှပ်နှံလျက် အလုပ်လုပ်ဆောင်ရန်အတွက် ဆွဲဆောင်မှုတစ်ခုဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော် ၏တပည့်တော်များသည် သူတို့လုပ်ဆောင်ခဲ့သည့်အလုပ်များအတွက် ဆုလာဘ်များချီးမြှင့်ခံရ မည်ဖြစ်သောကြောင့်ဖြစ်သည်။ ဤအကြောင်းကို အခန်း ၂၀ တွင် ကျွန်ုပ်တို့ဆွေးနွေးခဲ့ပြီဖြစ်ပြီး ယခုလည်း ထပ်မံဆွေးနွေးကြမည်ဖြစ်သည်။ ကျွန်ုပ်တို့သိထားရမည့်အချက်မှာ ထိုဆုလာဘ်များ ကို ဂိညာဉ်ရေးရာအလုပ်နှင့်လက်တွေ့ကျင့်သုံးမှုအတွက်သာ ပေးမည်မဟုတ်ဘဲ ခရစ်တော်၏ နာမဖြင့် ခရစ်တော်အတွက်လုပ်ဆောင်သော ကျွန်ုပ်တို့၏သာမန်နေ့စဉ်အလုပ်များ အတွက်လည်း ပေးမည်ဟူသောအချက်ဖြစ်သည်။

ဥပမာများ -

(က) ဆင်းရဲသားများကို ဧည့်ခံပြုစုခြင်း (လု ၁၄း၁၂-၁၄)၊

(ခ) လယ်ယာ၌ဖြစ်စေ၌ဖြစ်စေ၊ စက်ရုံ၌ဖြစ်စေ၊ ရုံး၌ဖြစ်စေ၊ အိမ်၌ဖြစ်စေ နေ့စဉ်လုပ်ငန်း လုပ်ဆောင်သည့်အခါ သခင်ဘုရားကို ကြောက်ရွံ့လျက် စိတ်နလုံးပါလျက် လုပ်ဆောင် ခြင်း (ကော ၃း၂၂-၂၅)။

ဒုတိယအကြိမ်ကြွလာတော်မူခြင်းသည် လုပ်ငန်းရှင်များနှင့် စက်ရုံမန်နေဂျာများကဲ့သို့သော ပုဂ္ဂိုလ်များအား သူတို့တွင်လည်း တစ်နေ့သောအခါ သူတို့ကိုခေါ်ကာ အလုပ်သမားများအပေါ် သူတို့ဆက်ဆံခဲ့သည့်ပုံစံနှင့်ပတ်သက်၍စစ်ဆေးမည့် (ကော ၄း၁) ကောင်းကင်ဘုံမှသူတို့သခင် ရှိကြောင်း သူ တို့ကို သတိပေးလျက် အထိန်းကဲ့သို့လည်း ဆောင်ရွက်ပေးသည်။ အလုပ်သမား များအပေါ် မတရားသဖြင့်ဖိနှိပ်ဆက်ဆံသောသူများအပေါ် ကျရောက်လာမည့် ဘုရားသခင်၏ တရားစီရင်ခြင်းကိုလည်း အလေးအနက်သတိပေးထားသည် (ယာ ၅း၁-၆)။

ဒုတိယအကြိမ်ကြွလာတော်မူခြင်းသည် ကျွန်ုပ်တို့အလုပ်အတွက် နှိုးဆော်မှုလည်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်တွင် ယုံကြည်သူတိုင်းသည် ခရစ်တော်နှင့်တစ်ဦးချင်းတွေ့ဆုံလျက် စာရင်းရှင်းရမည်ဖြစ်သည်။ ဤအချက်သည် ကြည့်ရန် သရုပ်ဖော်မှုတစ်ခုကို သုံးကြမည်။

ချမ်းသာကြွယ်ဝသောလူငယ်တစ်ဦးသည် ပန်းချီဆရာဖြစ်ချင်သည်ဟု ဆုံးဖြတ်ချက်ချသည်။ မိမိကိုယ်တိုင်၏သင်ယူစရိတ်အတွက် သူပေးနိုင်သောကြောင့် ဖလောရင်းမြို့ (Florence)၊ ဆိန့်ပီတာဆပတ်မြို့ (St. Petersburg)နှင့် ပဲရစ်မြို့ (Paris)တို့ရှိ နာမည်ကျော်ပန်းချီဆရာများထံ သွားရောက်သင်ယူသည်။ သို့သော် သူသည် ဂရုစိုက်မှုနည်းလာကာ ပါတီများ၊ စားသောက်ပွဲများနှင့် အပေါ်အပါးများဖြင့် အချိန်ကုန်စေသည်။ သူသည် ညံ့ဖျင်းသောလက်ရာများ ပြပွဲသို့သွားရောက်ပြသသည့်အခါ သူ့ကိုမတွေ့မမြင်ဖူးသော ကျွမ်းကျင်ပညာရှင်များက သူလက်ရာများကို စံချိန်စံညွှန်းမမီသောလက်ရာများအဖြစ် ပယ်ကြသည်။ သူစိတ်ပျက်လက်ပျက်ဖြစ်ရသည်။ သို့သော် မိမိကိုယ်တိုင်မှတစ်ပါး အခြားမည်သူ့ကိုမျှ အပြစ်တင်၍ မရ။

ဆင်းရဲသားလူငယ်တစ်ဦးသည် ပန်းချီဆရာတစ်ဦးဖြစ်ချင်သည်။ ထို့ကြောင့် သူ၏မုဆိုးမမိခင်ကြီးသည် အလုပ်ကြိုးစားလျက် မိမိ၏သက်သာမှုကိုငြင်းပယ်ကာ လုံလောက်သောငွေကြေးစုဆောင်းကာ ဖလောရင်းမြို့၊ စိန့်ပီတာဆပတ်မြို့နှင့် ပဲရစ်မြို့တို့ရှိ နာမည်ကျော်ပန်းချီဆရာများထံ သူ့ကိုစေလွှတ်ကာ သူသင်ယူနေချိန်တွင် ထောက်ပံ့ပေးသည်။ သူသည်လည်း မိမိအချိန်ကို ဖြုန်းတီးသောကြောင့် သူ့လက်ရာသည် ညံ့ဖျင်းလေသည်။ သို့သော် သူ့ပန်းချီများကို အကဲဖြတ်ရန်အတွက် အပ်နှံသည့်အခါ ပြပွဲသို့ လူကိုယ်တိုင်တက်ရောက်လျက် အကဲဖြတ်မည့် ကျွမ်းကျင်ပညာရှင်များနှင့်အတူ ထိုင်ရသည်။ နောက်ဆုံးတွင် သူ့လက်ရာများ အပယ်ခံရပြီး သူ၏မုဆိုးမမိခင်ကြီး၊ သူဖြုန်းတီးခဲ့သည် မိခင်၏မေတ္တာ၊ ငွေ၊ အလုပ်နှင့် ပေးဆပ်မှုတို့ကို သူတွေ့မြင်နေရသည်။ သူမည်ကဲ့သို့ခံစားရမည်နည်း။

ယခု ဂရုတစိုက်ဖတ်ကြည့်ပါ -

> အကြောင်းမူကား လူအပေါင်းတို့ကို ကယ်တင်တော်မူသောဘုရားသခင်၏ကျေးဇူးတော်သည် ပေါ်ထွန်းတော်မူပြီး ငါတို့အား ဘုရားတရားမဲ့ခြင်းနှင့်လောကီတပ်မက်ခြင်းတို့ကို စွန့်ပယ်၍ ဤလောကတွင် ဘုရားဝတ်၌မွေ့လျော်စွာ၊ သင့်တင့်လျောက်ပတ်စွာနှင့် ဖြောင့်မတ်စွာအသက်ရှင်ရန်လည်းကောင်း၊ ကြီးမြတ်သည့်ဘုရားသခင်ဖြစ်တော်မူသော ငါတို့၏ကယ်တင်ရှင်ယေရှုခရစ်တော်၏ဘုန်းတော်ပေါ်ထွန်းခြင်းတည်းဟူသော မင်္ဂလာရှိသောမျှော်လင့်ခြင်းကို စောင့်မျှော်ရန်လည်းကောင်း ဆုံးမသွန်သင်လျက်ရှိ၏။ ခရစ်တော်သည် ငါတို့ကို ခပ်သိမ်းသောတရားမဲ့ခြင်းထဲမှ ရွေးနုတ်ကယ်တင်ရန်နှင့် ကောင်းသောအမှု၌ စိတ်အားထက်သန်သည့် မိမိပိုင်တော်မူသောလူမျိုးကို မိမိအတွက် စင်ကြယ်စေရန် ငါတို့အတွက် မိမိကိုယ်ကိုစွန့်တော်မူ၏။ (တိတု ၂း၁၁-၁၄)

ဤကျမ်းချက်များသည် လူ့ကျင့်ဝတ်ဆိုင်ရာညွှန်ကြားချက်များ အသေးစိတ်ဖော်ပြထားသည့်ကျမ်းပိုဒ်နောက်တွင် လိုက်လာသည့်ကျမ်းချက်များဖြစ်သည် (တိတု ၂း၁-၁၃)။ ၎င်းတို့သည် တာဝန်ယူတတ်လျက် တရားမျှတပြီး ဘုရားကိုကြောက်ရွံ့သည့်အသက်တာများဖြင့် အသက်ရှင်ရန် ဘုရားသခင်၏ကျေးဇူးတော်က ယုံကြည်သူများ၌ အမှုပြုသော ဖိအားပေးမှုများစာရင်းဖြစ်သည်။ ထိုဖိအားပေးမှုများထဲတွင် အကြီးမားဆုံးဖိအားဖြစ်နိုင်သည့်အရာမှာ ယုံကြည်သူများကို အပြစ်ဒဏ်မှကယ်တင်လျက် ကောင်းကင်တွင် ခရစ်တော်နှင့်အတူနေရမည့်နေရာအတွက် စိတ်ချမှုပေးကာ မိမိကို အပြစ်ရှိသောအသက်ရှင်မှုမှလွတ်မြောက်စေရန် လက်ဂါးကပ်တိုင်ပေါ် ဝေဒနာ

ခံစားကာ ကောင်းသောလုပ်ဆောင်ချက်များအတွက် စိတ်အားထက်သန်စေသည့် ခရစ်တော်နှင့် တစ်နေ့သောအခါ တွေ့ရမည်ဟု သေချာမှုရှိစေသည့် ဘုရားသခင်၏ကျေးဇူးတော်ပင်ဖြစ်သည်။ ယုံကြည်သူတစ်ဦးသည် ဘုန်းတော်နှင့်ပြည့်စုံသောခရစ်တော်နှင့်တွေ့ကြုံရသည့်အခါ မိမိသည် ကိုယ်တော်က ဝေဒနာများစွာခံစားခြင်းဖြင့် ယူဆောင်လာပေးသော အခွင့်အလမ်းများကို များစွာ ဖြုန်းတီးခဲ့ပြီဖြစ်ကြောင်းသိရှိနေလျှင် သူမည်ကဲ့သို့ခံစားရမည်နည်း။ ထိုကဲ့သို့သောသူသည် ခရစ်တော် ဒုတိယအကြိမ်ကြွလာတော်မူသောအခါ ကိုယ်တော့်ရှေ့တွင် ရှက်ကြောက်ရလိမ့်မည်ဟု သမ္မာကျမ်းစာက သတိပေးထားပါသည် (၁ ယော ၂း၂၈)။

**ဒုတိယအကြိမ်ကြွလာတော်မူခြင်း၏အလင်းထဲတွင်**

အဘယ့်ကြောင့် ဓမ္မသစ်ကျမ်းက ခရစ်တော်၏ဒုတိယအကြိမ်ကြွလာတော်မူခြင်းကို ဤမျှ အထိအလေးပေးဖော်ပြရသည်ဟု သင်ထင်သနည်း။

ဒုတိယအကြိမ်ကြွလာတော်မူခြင်းအပေါ် ယုံကြည်ခြင်းသည် စိတ်ကူးယဉ်ကမ္ဘာထဲသို့ လွတ်မြောက်ရောက်ရှိသွားခြင်းမဟုတ်ဟု အဘယ့်ကြောင့်ယုံကြည်သနည်း။

ကျွန်ုပ်တို့သည် ယေရှုနှင့်တစ်ဦးချင်းတွေ့ရမည်ဆိုသည့်အချက် မှန်သည်ဆိုလျှင် ထိုယုံကြည်မှုက ကျွန်ုပ်တို့၏အသက်တာအပေါ် မည်ကဲ့သို့ လက်တွေ့ကျကျအကျိုးသက်ရောက်သင့်သည်ဟု သင်ထင်ပါသနည်း။

# အခန်း ၃၇

## ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူခြင်း၏ အကျိုးသက်ရောက်မှု

### အပိုင်း ၂။ ဖြူစင်သောမျှော်လင့်ခြင်းနှင့် တရားမျှတမှုနှင့်ငြိမ်သက်ခြင်းဆိုင်ရာကတိတော်

ကျွန်ုပ်တို့၏နောက်ဆုံးအခန်းတွင် ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူခြင်း၏ လူ့ကျင့်ဝတ်ဆိုင်ရာအကျိုးသက်ရောက်မှုကို ဆက်လက်လေ့လာခြင်းသည် လျော်ကန်သောအရာဖြစ်သည်။ ဒုတိယအကြိမ်ကြွလာတော်မူခြင်းသည် အသက်တာပြောင်းလဲခြင်းအတွက် မည်ကဲ့သို့အလွန်အရေးကြီးပုံနှင့် ကျွန်ုပ်တို့အသက်ရှင်ရမည့်အခြေအနေ၏အနာဂါတ်အတွက် ခိုင်ခန့်သောမျှော်လင့်ချက်ကို မည်ကဲ့သို့ပြင်ဆင်ပေးပုံကို ကျွန်ုပ်တို့တွေ့မြင်ခဲ့ပြီးပြီဖြစ်သည်။ လက်တွေ့ကျကျပြောရလျှင် ဒုတိယအကြိမ်ကြွလာတော်မူခြင်းသည် လုံ့လဝီရိယရှိသောအလုပ်အတွက် စွမ်းအားကြီးသောဆွဲဆောင်မှုကိုပေးသည်။ ၎င်းက ယုံကြည်သူ၏ပုဂ္ဂိုလ်ရေးကြီးထွားမှုအတွက် မည်သည့်အရာ ပံ့ပိုးပေးသနည်းဆိုသည်ကိုလည်းကောင်း၊ နောင်လာမည့်ဘဝအတွက် ၎င်းက ကျွန်ုပ်တို့ကို မည်ကဲ့သို့ပြင်ဆင်ထားသနည်းဆိုသည်ကိုလည်းကောင်း ယခု ကျွန်ုပ်တို့လေ့လာကြပါမည်။

### ရှေ့သို့လှမ်းသည့်ကြီးမားသောခြေလှမ်း

ဒုတိယအကြိမ်ကြွလာတော်မူခြင်းက ခရစ်ယာန်ကိုယ်ကျင့်တရားနှင့်ဂိညာဉ်ရေးဖွံ့ဖြိုးမှုတို့ကို ပြီးပြည့်စုံခြင်းသို့ ရောက်စေမည်ဖြစ်သည်။ ခရစ်တော်ထံ အသက်တာပြောင်းလဲခြင်းက ယုံကြည်သူများကို ကိုယ်ကျင့်တရားနှင့်ဂိညာဉ်ရေးဖွံ့ဖြိုးမှုတို့၏ ပိုမိုခက်ခဲသောလမ်းကြောင်းဆီသို့ ပို့ဆောင်ပေးကြောင်း ဓမ္မသစ်ကျမ်းက အတော်အတန်ရှင်းလင်းစွာဖော်ပြပါသည်။ သူတို့သည် အလုပ်ကို ယခင်ကထက် ပိုကောင်းအောင် လုပ်ရုံမကဘဲ ယခင်ကထက် ပိုကောင်းလာသောလူများလည်း ဖြစ်ရမည်ဖြစ်သည်။

ဘယ်လောက်ခက်ခဲပါမည်နည်း။
လမ်းကြောင်းသည် မည်ကဲ့သို့တင်းကျပ်ကြောင်း ယုံကြည်သူတစ်ဦးအား စွဲမှတ်စေရန် ဓမ္မသစ်ကျမ်းက အားကစားသမားကိုပုံဖော်သည့် ဥပစာများကို အသုံးပြုထားသည် - အပြေးပြိုင်ခြင်း (၁ ကော ၉း၂၄-၂၆)၊ တာဝေးပြေးခြင်း (ဟေဗြဲ ၁၂း၁-၁၃)၊ လက်ဝှေ့ထိုးခြင်း (၁ ကော ၉း၂၆-၂၇)၊ နပန်း (ဧဖက် ၆း၁၂)။ ဤဥပစာတစ်ခုစီတွင် ထူးခြားချက်ရှိသည်။ သင့်စာသင်သားများ သို့မဟုတ် သင့်အုပ်စုနှင့်အတူ သူတို့၏နောက်ခံအခြေအနေများကိုလေ့လာလျက် ထိုထူးခြားချက်သည် မည်သည့် အရာဖြစ်မည်ကို စဉ်းစားကြည့်ပါ။

တမန်တော်ရှင်ပေတရုဖော်ပြသည့် ကိုယ်ကျင့်တရားနှင့်ဂိညာဉ်ရေးတိုးတက်မှုတွင် ပါဝင်သောအရာများကို ဤနေရာတွင် ဖော်ပြပါမည် -

> ငါတို့ကို မိမိ၏ဘုန်းအသရေနှင့်ကောင်းမြတ်တော်မူခြင်းထဲသို့ ခေါ်ယူတော်မူသောအရှင်ကို ငါတို့သိခြင်းအားဖြင့် ကိုယ်တော်၌ရှိသောဘုရားတန်ခိုးတော်သည် အသက်ရှင်ခြင်းနှင့်တကွ ဘုရားဝတ်၌မွေ့လျော်ခြင်းတို့နှင့်ဆိုင်သော အရာခပ်သိမ်းတို့ကို ငါတို့အားပေး

သနားတော်မူပြီ။ ကိုယ်တော်သည် ထိုဘုန်းအသရေနှင့်ကောင်းမြတ်တော်မူခြင်းတို့အားဖြင့် ကြီးမြတ်၍ အဖိုးတန်သောကတိတော်များကို ငါတို့အား ပေးသနားတော်မူ၏။ ဤသည်ကား ထိုကတိတော်အားဖြင့် သင်တို့သည် ဤကမ္ဘာလောက၌ရှိသည့်တပ်မက်ခြင်းကြောင့် ဖြစ်ပေါ်လာသောပျက်စီးခြင်းမှ လွတ်မြောက်၍ ဘုရားဇာတိအဖြစ်တော်ကို မျှဝေခံစားသူများဖြစ်လာကြမည့်အကြောင်းတည်း။ ဤအကြောင်းကြောင့် သင်တို့၏ယုံကြည်ခြင်း၌ ကောင်းမြတ်ခြင်းကိုလည်းကောင်း၊ ကောင်းမြတ်ခြင်း၌ အသိပညာကိုလည်းကောင်း၊ အသိပညာ၌ မိမိကိုယ်ကိုချုပ်တည်းခြင်းကိုလည်းကောင်း၊ မိမိကိုယ်ကိုချုပ်တည်းခြင်း၌ သည်းခံခြင်းကိုလည်းကောင်း၊ သည်းခံခြင်း၌ ဘုရားဝတ်၌မွေ့လျော်ခြင်းကိုလည်းကောင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်း၌ ညီအစ်ကိုချင်းချစ်သောမေတ္တာကိုလည်းကောင်း၊ ညီအစ်ကိုချင်းချစ်သောမေတ္တာ၌ ချစ်ခြင်းမေတ္တာကိုလည်းကောင်း လုံ့လဝီရိယရှိသမျှဖြင့် ထပ်ဆင့်ဖြည့်စွက်ကြလော့။ အကြောင်းမူကား ဤပါရမီများသည် သင်တို့၌ရှိ၍ တိုးပွားနေသည်ဆိုလျှင် သင်တို့သည် ငါတို့၏သခင်ယေရှုခရစ်တော်ကိုသိခြင်းအရာ၌ အကျိုးမရှိသောသူ၊ အသီးမသီးသောသူ ဖြစ်ကြလိမ့်မည်မဟုတ်။ ထိုပါရမီများမရှိသောသူမူကား မျက်စိမမြင်သောသူ၊ အဝေးမှုန်သောသူဖြစ်ပြီး ယခင်ပြုခဲ့သောမိမိအပြစ်များ စင်ကြယ်စေခြင်းခံရသည်ကို မေ့လျော့နေ၏။ ထို့ကြောင့် ညီအစ်ကိုတို့၊ သင်တို့ခံရသော ခေါ်ယူတော်မူခြင်းနှင့်ရွေးကောက်တော်မူခြင်းကို တည်မြဲစေရန် သာ၍ကြိုးစားကြလော့။ အကြောင်းမူကား ထိုသို့ပြုနေသရွေ့ သင်တို့သည် မည်သည့်အခါမျှ မှားယွင်းကြမည်မဟုတ်။ ထို့ပြင် ငါတို့၏သခင်နှင့် ကယ်တင်ရှင်ဖြစ်တော်မူသောယေရှုခရစ်တော်၏ ထာဝရနိုင်ငံတော်ထဲသို့ ဝင်စားရသောအခွင့်ကို သင်တို့သည် ကြွယ်ဝစွာရရှိကြလိမ့်မည်။ (၂ ပေ ၁း၃-၁၁)

ရှင်ပေါလုကလည်း အလားတူ ဤသို့ရေးသားထားသည် -

သို့သော် ငါ့အတွက် အကျိုးကျေးဇူးဖြစ်ခဲ့သော ဤအရာတို့ကို ခရစ်တော်ကိုထောက်လျက် အရှုံးဟူ၍ ငါမှတ်ယူ၏။ ထိုမျှမက ငါ၏သခင်ခရစ်တော်ယေရှုကို သိသောဉာဏ်၏ထူးမြတ်သောအကျိုးကျေးဇူးကြောင့် အရာခပ်သိမ်းကို အရှုံးဟူ၍ ငါမှတ်ယူ၏။ ထိုသခင်ကိုထောက်၍ အရာခပ်သိမ်းတို့ကို ငါအဆုံးရှုံးခံပြီး ၎င်းတို့ကို မစင်ကဲ့သို့ ငါမှတ်ယူ၏။ ဤသည်ကား ငါသည် ပညတ်တရားနှင့်ဆိုင်သော ငါ၏ဖြောင့်မတ်ခြင်းမဟုတ်ဘဲ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်ရရှိသောဖြောင့်မတ်ခြင်းတည်းဟူသော ယုံကြည်ခြင်းအပေါ်၌အခြေခံသည့် ဘုရားသခင်၏ဖြောင့်မတ်ခြင်းကိုရရှိ၍ ခရစ်တော်ကိုရရှိကာ ကိုယ်တော်၌ တွေ့မြင်ခြင်းခံရရန်အတွက်ဖြစ်၏။ ထို့ပြင် ကိုယ်တော်ကိုလည်းကောင်း၊ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းတန်ခိုးကိုလည်းကောင်း၊ ကိုယ်တော်၏ဒုက္ခဝေဒနာကို မျှဝေခံယူခြင်းကိုလည်းကောင်း သိရှိ၍ ကိုယ်တော်၏အသေခံခြင်း၌ တစ်သဏ္ဍာန်တည်းဖြစ်ခြင်းအခွင့်ကိုရရှိကာ သေသောသူတို့ထဲမှ ရှင်ပြန်ထမြောက်ခြင်းသို့ တစ်နည်းနည်းဖြင့် ရောက်ရှိနိုင်ရန်အတွက်ဖြစ်၏။

ငါသည် ထိုအခွင့်ကိုရရှိပြီ သို့မဟုတ် စုံလင်ခြင်းသို့ရောက်ပြီဟု ဆိုလိုသည်မဟုတ်ဘဲ ခရစ်တော်ယေရှုသည် ထိုအခွင့်အတွက် ငါ့ကို ဖမ်းကိုင်ထားသည်ဖြစ်၍ ငါသည်လည်း ထိုအခွင့်ကို ဖမ်းကိုင်နိုင်ရန် ကြိုးစားလျက်ရှိ၏။ ညီအစ်ကိုတို့၊ ငါဖမ်းကိုင်ထားပြီဟု ငါကိုယ်တိုင်မမှတ်ယူ။ သို့သော် ငါပြုသောအရာတစ်ခုမှာ နောက်၌ရှိသောအရာများကိုမေ့ထား၍ ရှေ့၌ရှိသောအရာများသို့တက်လှမ်းကာ ခရစ်တော်ယေရှုအားဖြင့် အထက်အရပ်

သို့ ဘုရားသခင်ခေါ်ယူ၍ ပေးတော်မူမည့်ဆုကိုရရှိရန် ပန်းတိုင်သို့ကြိုးစား၍ပြေး၏။ (ဖိ ၃း၇-၁၄)

ဤအရာအားလုံးကိုကြည့်လျှင် ကနဦးခရစ်ယာန်များက သူတို့စိတ်ထဲရှိ အဓိကပန်းတိုင်မှာ သမ္မာကျမ်းစာထဲမှ လူ့ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများအားလုံးကို လိုက်လျှောက်ရန်သက်သက် မဟုတ်ကြောင်း အတော်အတန်ရှင်းရှင်းလင်းလင်းဖော်ပြခဲ့ကြသည်ကို တွေ့ရသည်။ သူတို့၏ ပန်းတိုင်မှာ ပို၍ပုဂ္ဂိုလ်ရေးဆန်သည် - သူတို့သည် ယေရှုခရစ်တော်ကိုချစ်လျက် ကိုယ်တော်နှင့် စကားပြောဆိုကြသည်။ သူတို့၏ကြီးမားသောရည်ရွယ်ချက်မှာ ကိုယ်ကျင့်တရားနှင့်အပြုအမူပိုင်း တွင် ကိုယ်တော်နှင့်တူရန် ဖြစ်သည် (၂ ကော ၃း၈၊ ရော ၈း၂၉)။ ဘုရားသခင်က သူတို့ကိုပေး သော ကြီးမားစိတ်ချမှုမှာ ခရစ်တော်ဒုတိယအကြိမ်ကြွလာသောအခါ သူတို့သည် ကိုယ်တော် နှင့်မျက်နှာချင်းဆိုင်တွေ့ဆုံရမည်ဖြစ်ပြီး ဘုန်းတော်ထွန်းတောက်ထိုမြင်ကွင်းက ဖြစ်စဉ်ကိုပြီး ပြည့်စုံစေသဖြင့် သူတို့သည် ခရစ်တော်နှင့်ထာဝရတူသွားကြမည်ဖြစ်သည်ဆိုသောအချက်ဖြစ် သည်။ ထိုစိတ်ချမှုက သူတို့ကို သူတို့၏ဂိညာဉ်ရေးတိုးတက်ဖွံ့ဖြိုးမှုတွင် စွဲမြဲစေသည်။

ချစ်ရသောသူတို့၊ ယခု ငါတို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြ၏။ အနာဂတ် တွင် ငါတို့မည်သို့ဖြစ်ကြမည်ကို ထင်ရှားစွာမသိရသေးသော်လည်း ကိုယ်တော်ပေါ်ထွန်း တော်မူသောအခါ ကိုယ်တော်ကို ပကတိအဖြစ်တော်အတိုင်း မြင်ရကြမည်ဖြစ်၍ ငါတို့ သည် ကိုယ်တော်နှင့်တူကြမည်ကို ငါတို့သိကြ၏။ (၁ ယော ၃း၂)

သို့သော် ဤနေရာတွင် ထိုမျှော်လင့်ခြင်းကို လက်တွေ့အသုံးချခြင်းရှိသည်ဟု လိုက်လာ သည့်ကျမ်းချက် (၃း၃)က ဆိုထားပါသည်။ နောက်ဆုံးတွင် ခရစ်တော်နှင့်တူသွားမည်ဖြစ်သည် ဟူသောမျှော်လင့်ခြင်းရှိသူတိုင်းသည် ဤလောက၌ ယခုအချိန်တွင်ပင် အသက်တာကို ခရစ် တော်နှင့်ပိုတူအောင် သန့်ရှင်းစေရမည့်မိမိတာဝန်ကို အလေးအနက်ထားရမည်ဖြစ်သည်။ ထို့ပြင် "ခရစ်တော်နှင့်တူခြင်း"သည် ပိုးတိုးဝါးတားဖြစ်ပြီး စိတ်ကူးယဉ်ဆန်သောခံယူမှုမဟုတ်ပေ။ ခရစ် တော်ဤလောက၌ရှိစဉ် ပြုမူခဲ့သည့်အတိုင်း ပြုမူခြင်းနှင့် ကိုယ်တော်ဆောင်ကျဉ်းခဲ့သည့်ပန်းတိုင် နှင့်ဖြောင့်မတ်ခြင်းတို့ကို ဆောင်ကျဉ်းခြင်းပင်ဖြစ်သည်။ ခရစ်တော်ဒုတိယအကြိမ်ကြွလာသည့် အခါ မိမိသည် ကိုယ်တော်နှင့်တူလိမ့်မည်ဟုဆိုပြီး ယခုအချိန်တွင် မဖြောင့်မတ်မမှန်ကန်စွာအ သက်ရှင်လျက် ခရစ်တော်ပြုနှင့်တူအောင်ကြံစည်အားထုတ်မှုမရှိသောသူသည် တကယ်တမ်းတွင် စစ်မှန်သောခရစ်ယာန်တစ်ဦးမဟုတ်ချေ။ မည်သူသည် ဘုရားသခင်၏သားသမီးအစစ်အမှန်များ ဖြစ်လျက် မည်သူသည် အပြောသက်သက်ဖြစ်သည်ကို ဤနည်းဖြင့်ခွဲခြားနိုင်သည်ဟု တမန်တော် ရှင်ယောဟန်က ပြောထားပါသည် (၃း၃-၁၂)။

## ပါဝင်ခြင်းနှင့်ဆိုင်သောကတိတော်

လာမည့် ခရစ်တော်၏စိုးစံတော်မူခြင်းထဲတွင် ယုံကြည်သူအားလုံးပါဝင်ခွင့်ရမည်ဟု ဒုတိယအ ကြိမ်ကြွလာတော်မူခြင်းက အာမခံထားသည်။ ကောရိန္သုမြို့နှင့်သက်သာလောနိတ်မြို့ရှိခရစ် ယာန်များအား ရှင်ပေါလုပြောခဲ့သောဩဝါဒတို့ကို ဆင်ခြင်ကြည့်ပါ -

ညီအစ်ကိုတို့၊ ငါဆိုသည်ကား အသွေးအသားသည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေ ဆက်ခံ၍မရနိုင်။ ဖောက်ပြန်ပျက်စီးတတ်သောအရာသည်လည်း ဖောက်ပြန်ပျက်စီး ခြင်းနှင့်ကင်းသောအရာကို အမွေဆက်ခံ၍မရနိုင်။ နားထောင်ကြလော့။ ငါသည် သင်

တို့အား လျှို့ဝှက်နက်နဲသောအရာကို ပြောဦးမည်။ ငါတို့အားလုံးသည် အိပ်ပျော်ကြရမည်မဟုတ်။ သို့သော် နောက်ဆုံးသောတံပိုးခရာမှုတ်ချိန်၌ မျက်စိတစ်မှိတ်အတွင်း တစ်ခဏချင်းတွင် ငါတို့အားလုံးသည် ပြောင်းလဲခြင်းသို့ရောက်ရကြလိမ့်မည်။ အကြောင်းမူကား တံပိုးခရာမှုတ်သောအခါ သေလွန်သောသူတို့သည် ဖောက်ပြန်ပျက်စီးခြင်းနှင့်ကင်းသောအရာအဖြစ် ထမြောက်စေခြင်းကိုခံရကြလိမ့်မည်။ ငါတို့သည်လည်း ပြောင်းလဲခြင်းသို့ရောက်ရကြလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဤဖောက်ပြန်ပျက်စီးတတ်သောအရာသည် ဖောက်ပြန်ပျက်စီးခြင်းနှင့်ကင်းသောအရာကို ဝတ်ဆင်ရမည်ဖြစ်၍ ဤသေတတ်သောအရာသည် သေခြင်းနှင့်ကင်းသောအရာကို ဝတ်ဆင်ရမည်ဖြစ်၏။ (၁ ကော ၁၅း၅၁-၅၃)

ညီအစ်ကိုတို့၊ သင်တို့သည် မျှော်လင့်ခြင်းမရှိသောအခြားသူများကဲ့သို့ ဝမ်းနည်းခြင်းမရှိကြမည့်အကြောင်း အိပ်ပျော်သောသူတို့နှင့်ပတ်သက်၍ သင်တို့မသိဘဲနေရန် ငါတို့အလိုမရှိ။ အကြောင်းမူကား ယေရှုသည် အသေခံပြီးနောက် ထမြောက်တော်မူသည်ဟု ငါတို့ယုံကြည်ကြလျှင် ဘုရားသခင်သည် ယေရှု၌ အိပ်ပျော်သောသူတို့ကိုလည်း ထိုကဲ့သို့ပင် ထိုသခင်နှင့်အတူခေါ်ထုတ်တော်မူလိမ့်မည်။ သခင်ဘုရား၏စကားတော်အားဖြင့် သင်တို့အား ငါတို့ဆိုသည်မှာ သခင်ဘုရားကြွလာတော်မူသည့်တိုင်အောင် အသက်ရှင်လျက်ကျန်ရစ်သောငါတို့သည် အိပ်ပျော်သောသူတို့ထက် လုံးဝရှေ့ကျလိမ့်မည်မဟုတ်။ အကြောင်းမူကား ကြွေးကြော်ခြင်းနှင့်တကွ ကောင်းကင်တမန်မင်း၏အသံနှင့် ဘုရားသခင်၏တံပိုးမှုတ်သံတို့ဖြင့် သခင်ဘုရားကိုယ်တော်တိုင် ကောင်းကင်မှဆင်းသက်တော်မူသောအခါ ခရစ်တော်၌သေလွန်သောသူတို့သည် ဦးစွာထမြောက်ကြလိမ့်မည်။ ထို့နောက် အသက်ရှင်လျက်ကျန်ရစ်သောငါတို့သည် အာကာသကောင်းကင်၌ သခင်ဘုရားနှင့်တွေ့ဆုံရန် ထိုသူတို့နှင့်အတူ မိုးတိမ်အားဖြင့် ချီဆောင်ခြင်းခံရကြလိမ့်မည်။ ဤသို့ဖြင့် ငါတို့သည် သခင်ဘုရားနှင့်အတူ အစဉ်အမြဲနေရကြလိမ့်မည်။ သို့ဖြစ်၍ ဤစကားများဖြင့် အချင်းချင်းတိုက်တွန်းနှိုးဆော်ကြလော့။ (၁ သက် ၄း၁၃-၁၈)

မကြာသေးမီက ရှင်ပေါလုအားဖြင့် ပြောင်းလဲလာကြသည့် သက်သောလောနိတ်မြို့သားတို့စိတ်ထဲတွင် မေးခွန်းတစ်ခုရှိနေခဲ့သည်။ သူတို့စိတ်ထဲမှမေးခွန်းမှာ - ယေရှုခရစ်တော်သည် ကတိထားတော်မူသည့်အတိုင်း တစ်နေ့သောအခါ ပြန်ကြွလာကာ တစ်ကမ္ဘာလုံး တရားမျှတမှုနှင့်ငြိမ်းချမ်းမှုတို့စိုးမိုးသော ဘုရားသခင်၏နိုင်ငံတော်ကို တည်ထောင်စိုးစံသည့်အခါ ခရစ်တော်ပြန်မကြွလာမီ သေဆုံးခဲ့ကြသည့် ယုံကြည်သူများအတွက် မည်သို့ဖြစ်မည်နည်း။ သူတို့သည် လာမည့်နိုင်ငံတော်အတွက် အလုပ်လုပ်လျက် ဆင်းရဲဒုက္ခခံစားခဲ့ကြသည်ဖြစ်၍ ထိုနိုင်ငံတော်တွင် သူတို့ပါဝင်ခွင့်ရကြပါမည်လား- ဆိုသည့်မေးခွန်းဖြစ်သည်။

ထိုမေးခွန်းမျိုးသည် ခရစ်ယာန်များသာမက အခြားသူများစွာကလည်း သိချင်နေသည့်မေးခွန်းမျိုးဖြစ်သည်။ သမိုင်းတစ်လျှောက်တွင် ကမ္ဘာကြီးပေါ် တရားမျှတမှု၊ ငြိမ်းချမ်းမှုနှင့် အားလုံးကောင်းစားရေးတို့ ဖြစ်ပေါ်လာရန်လုပ်ဆောင်သည့် လှုပ်ရှားမှုကြီးများ များစွာဖြစ်ပေါ်ခဲ့သည်။ သူတို့က သူတို့၏နောက်လိုက်များအား လှုပ်ရှားမှုအရှိန်အဟုန်ရလျက် ပန်းတိုင်ရောက်ရန်အတွက် အလုပ်လုပ်ကြရန်၊ ဆင်းရဲဒုက္ခခံရန်၊ ပေးဆပ်ရန်နှင့် လို အပ်ပါက အသေပင်ခံရန် တိုက်တွန်းနှိုးဆော်လေ့ရှိကြသည်။ သို့သော် ထိုသို့သောလှုပ်ရှားမှုအားလုံးသည် ဘုရားမပါသောလှုပ်ရှားမှုများဖြစ်ကာ သူတို့၏အခြေခံယုံကြည်မှုတွင် ဆိုးရွားလှသည့်အားနည်းချက်ရှိသည် - လှုပ်ရှားမှုအတွက် အလုပ်လုပ်သူများ၊ ဒုက္ခဆင်းရဲခံသူများ အများစုနှင့် သေဆုံးရသူများသည် သူတို့ကြိုးပမ်းအားထုတ်ပါဝင်ခဲ့၍ရရှိလာသော ခေတ်သစ်ကို မြင်တွေ့ခွင့်ရကြမည်မဟုတ်ကြောင်း သူတို့ဝန်ခံရပေမည်။

ထိုသို့ဆိုလျှင် လူတို့သည် မိမိမမြင်တွေ့ မခံစားရမည့်အနာဂတ်အတွက် အလုပ်လုပ်လျက် ဒုက္ခခံလျက် အသေခံပင်ခံလျက် အဘယ့်ကြောင့်ပါဝင်သင့်သနည်း။ မကြာသေးမီက မျိုးဆက်တွင် ရဝန်ဒါ (Rwanda) နှင့် ကမ္ဘောဒီးယား (Cambodia)ကဲ့သို့သောနိုင်ငံများတွင် လူပေါင်းရာထောင်နှင့်ချီသော လူတို့သည် သတ်ဖြတ်ခံရလျက် မိမိတို့မတွေ့မမြင် မခံစားရသည့် တိုးတက်ပြောင်းလဲမှုအတွက် ပါဝင်ခဲ့ကြသည်။ သူတို့အတွက် မည်သည့်နှစ်သိမ့်မှုမျိုးရှိပါသနည်း။ ရာစုနှစ်များတစ်လျှောက် မတရားဖိနှိပ်သတ်ဖြတ်ခံခဲ့ရသူများ သို့မဟုတ် ကောင်းသောအကြောင်းရင်းတစ်စုံတစ်ခုကြောင့် ဒုက္ခခံလျက် သေဆုံးရသူများ သန်းနှင့်ချီရှိကြသော်လည်း သူတို့တွင် မိမိပုဂ္ဂိုလ်ရေးအတွက် မည်သည့်မျှော်လင့်ချက်မျှ မရှိခဲ့ချေ။ ရှင်ပေါလုပြောထားသည့်အတိုင်း မျှော်လင့်ခြင်းမရှိသော ထိုသူတို့ဝမ်းနည်းကြေကွဲကြသည့်အခါ သူတို့ဝမ်းနည်းကြေကွဲခဲ့ကြသည်။

ခရစ်ယာန်များအတွက် ထိုသို့မဟုတ်ပါ။ သူတို့သည် ခရစ်တော်အတွက် အလုပ်လုပ်မည့်သူများ၊ ဆင်းရဲဒုက္ခခံ၍ လိုအပ်ပါက အသေခံမည့်သူများအဖြစ် မျှော်လင့်ခံရသူများဖြစ်ကြသည်။ သို့သော် ခရစ်တော်ပြန်ကြွလာသောအခါ ယုံကြည်သူတိုင်းသည် ကိုယ်တော်ရှေ့မှောက်ရောက်ရှိရမည်ဖြစ်ပြီး ကိုယ်တော်စိုးစံတော်မူသည့် ဘုရားသခင်၏ထာဝရနိုင်ငံတော်တွင် ပါဝင်ခွင့်ရကြမည်ဖြစ်ကြောင်း အာမခံချက်ရရှိကြသည်။ ထိုအာမခံချက် မည်ကဲ့သို့အကောင်အထည်ဖော်မည်ကို အထက်တွင်ကိုးကားသောကျမ်းပိုဒ်များက ရှင်းပြကြပါသည်။ ဤအချက်က ခရစ်ယာန်တို့အား ဘဝနှင့်အလုပ်၏တန်ဖိုးရှိမှုကို သိရှိခံစားစေပြီး မျှော်လင့်ခြင်းနှင့်ပြည့်စေကာ ဝမ်းနည်းကြေကွဲမှုနှင့်သေခြင်းကို ရင်ဆိုင်ရသည့်အချိန်မှာပင် စိတ်နှလုံးထဲမှ အောင်ပွဲခံသီချင်းကို သီဆိုနိုင်စေသည်။

> ဤဖောက်ပြန်ပျက်စီးတတ်သောအရာသည် ဖောက်ပြန်ပျက်စီးခြင်းနှင့်ကင်းသောအရာကိုဝတ်ဆင်၍ ဤသေတတ်သောအရာသည် သေခြင်းနှင့်ကင်းသောအရာကို ဝတ်ဆင်သောအခါ "သေခြင်းသည် အောင်မြင်ခြင်း၌ နစ်မြုပ်လေပြီ"ဟု ရေးထားသော ကျမ်းစကားပြည့်စုံလိမ့်မည်။
>
> "အို သေခြင်း၊ သင်၏အောင်မြင်ခြင်းသည် အဘယ်မှာရှိသနည်း။ အို သေခြင်း၊ သင်၏အဆိပ်ဆူးသည် အဘယ်မှာရှိသနည်း။" သေခြင်း၏အဆိပ်ဆူးသည် အပြစ်ဖြစ်၍ အပြစ်၏တန်ခိုးသည် ပညတ်တရားဖြစ်၏။ သို့သော် ငါတို့သခင်ယေရှုခရစ်တော်အားဖြင့် ငါတို့အား အောင်မြင်ခြင်းကိုပေးတော်မူသော ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်း၏။
>
> ထို့ကြောင့် ငါချစ်သောညီအစ်ကိုတို့၊ သခင်ဘုရား၌ သင်တို့၏ကြိုးပမ်းအားထုတ်မှုသည် အချည်းနှီးမဖြစ်ကြောင်းသိမှတ်၍ ခိုင်မြဲစွာရပ်တည်လျက် ဖောက်ပြန်ရွေ့လျောခြင်းမရှိဘဲ သခင်ဘုရား၏အမှုတော်ကို အစဉ်အမြဲ စွမ်းစွမ်းတမံဆောင်ရွက်ကြလော့။
> (၁ ကော ၁၅း၅၄-၅၈)

## ရပ်နားရန်သင့်လျော်သောနေရာ

ဒုတိယအကြိမ်ကြွလာတော်မူခြင်းအကြောင်းသာမက နောက်ထပ်များစွာပြော၍ရပါသည်။ ဤအခန်းများတွင် ကျွန်ုပ်တို့လေ့လာခဲ့သော အဖြစ်အပျက်များ၊ လူများနှင့် ခံယူချက်များက နောက်ထပ် ဖတ်ရှုစရာများနှင့် လေ့လာစရာများကို ပြန်ပေးပါသည်။ ကျယ်ပြန့်လှသည့်သမိုင်းကြောင်းကိုပိုင်ဆိုင်ထားသည့် သမ္မာကျမ်းစာတွင် စာအုပ်တစ်အုပ်ကိုပေးနိုင်သောအကြောင်းအရာများထက် ပိုမိုများပြားသောလေ့လာဂရုစိုက်စရာများရှိသည်။ သို့သော် ဓမ္မသစ်ကျမ်းကိုယ်တိုင်

က ညွှန်ပြနေသော ကြီးမြတ်သည့် အနာဂတ်အဖြစ်အပျက်ကို စောင့်မျှော်ရင်း ကျွန်ုပ်တို့၏လှေ့လာမှုများကို ဤနေရာတွင် ရပ်နားကြပါမည်။ သမ္မာကျမ်းစာသည် ဘုရားသခင်က အတိတ်ကလူသားများအပေါ် မိမိ၏ကိုင်တွယ်မှုများကို ထင်ရှားစေသည့် သမိုင်းမှတ်တမ်းသာမဟုတ်သကဲ့သို့ လက်ရှိအချိန်တွင် ဘုရားသခင်ဘာလုပ်နေသနည်းဆိုသည်ကို ကျွန်ုပ်တို့အား သင်ကြားပေးရန်သက်သက်လည်းမဟုတ်ပေ။ ဘုရားသခင်သည် လူတို့အား မိမိ၏သားတော် ယေရှုခရစ်တော်နှင့်တူလာကြစေရန်အလိုရှိကြောင်း ဖော်ပြတော်မူသည့်အတိုင်း နောင်တွင် ဘာဖြစ်လာမည်ကိုလည်း သမ္မာကျမ်းစာက ထောက်ပြထားပါသည်။ တမန်တော်ရှင်ယောဟန်က ပထမရာစုရှိ ခရစ်ယာန်များထံရေးသားခဲ့သည့်ဩဝါဒစာမှ ပိုမိုပြည့်စုံသောကျမ်းကိုးကို ကျွန်ုပ်တို့နားထောင်သင့်ပါသည်-

> ငါတို့သည် ဘုရားသခင်၏သားသမီးများဟုခေါ်ဝေါ်ခြင်းခံရရန် ခမည်းတော်သည် မည်မျှကြီးမားသောချစ်ခြင်းမေတ္တာကို ငါတို့အား ပေးတော်မူသည်ကို ဆင်ခြင်ကြလော့။ အမှန်ပင် ငါတို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြ၏။ လောကီသားတို့သည် ဘုရားသခင်ကိုမသိသောကြောင့် ငါတို့ကိုလည်းမသိကြ။ ချစ်ရသောသူတို့၊ ယခု ငါတို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြ၏။ အနာဂတ်တွင် ငါတို့မည်သို့ဖြစ်ကြမည်ကို ထင်ရှားစွာမသိရသေးသော်လည်း ကိုယ်တော်ပေါ်ထွန်းတော်မူသောအခါ ကိုယ်တော်ကို ပကတိအဖြစ်တော်အတိုင်း မြင်ရကြမည်ဖြစ်၍ ငါတို့သည် ကိုယ်တော်နှင့်တူကြမည်ကို ငါတို့သိကြ၏။ ကိုယ်တော်၌ ဤသို့မျှော်လင့်ထားသောသူတိုင်းသည် ကိုယ်တော်သန့်ရှင်းစင်ကြယ်တော်မူသည့်နည်းတူ မိမိကိုယ်ကိုသန့်ရှင်းစင်ကြယ်စေတတ်၏။
> (၁ ယော ၃း၁-၃)

ပန်းတိုင်သည် အလွန်ပုဂ္ဂိုလ်ရေးဆန်သောကြောင့် ကျွန်ုပ်တို့ဆင်ခြင်လေ့လာခဲ့သောအခန်းများသည် ကျွန်ုပ်တို့၏တဒင်္ဂစိတ်ဝင်စားမှုအတွက်သာဖြစ်သည်ဟု အနည်းငယ်ထင်စရာရှိသည်။ အမှားအမှန်နှင့် ဘုရားသခင်ရှေ့တော်၌ရှိသောလူသားအနေဖြင့် ကျွန်ုပ်တို့၏တာဝန်ဝတ္တရားတို့အကြောင်း သမ္မာကျမ်းစာကပြောသောအရာသည် မှားခဲ့သည်ဆိုလျှင် ဆီလျှော်မှုရှိမည်မဟုတ်။ သို့သော် မှန်သည်ဆိုလျှင် ကျွန်ုပ်တို့အနာဂါတ်တွင်ဖြစ်ပျက်မည့်အရာတစ်ခုစီတိုင်းသည် သမ္မာကျမ်းစာကပြောထားသည့်အရာနှင့်ပတ်သက်၍၊ ပိုမိုတိကျစွာပြောရလျှင် ယေရှုခရစ်တော်နှင့်ပတ်သက်၍ ကျွန်ုပ်တို့လုပ်ဆောင်ရန် ဘာကိုရွေးချယ်သနည်းဆိုသည့်မေးခွန်းအပေါ် မူတည်ပါသည်။ အကျိုးသက်ရောက်မှုကို ချဲ့ကားပြောဆိုခြင်းမဟုတ်ပါ။ အကြောင်းအရာ၏အချက်အလက်ကို သမ္မာကျမ်းစာကိုယ်တိုင်၏ဝေါဟာရဖြင့် ရိုး ရိုးရှင်းဖော်ပြခြင်းဖြစ်သည်။

# နောက်ဆက်တွဲ (က)
# ပြည့်စုံမှုရှိသော ယေရှုခရစ်နှင့်ဆိုင်သည့်ပရောဖက်ပြုချက်များ

ဓမ္မဟောင်းကျမ်းတွင်ကြိုတင်ဖော်ပြပြီး ဓမ္မသစ်ကျမ်းတွင် ပြည်စုံခဲ့သည့် ကြွလာမည့် မေရှိယ (ခရစ်တော်) အကြောင်း ကြိုတင်ဟောပြောမှုအချို့ကို ဤနေရာတွင် ဖော်ပြထားပါသည် -

| အဓိကဆိုလိုရင်း | ပရောဖက်ပြုချက် | ပြည့်စုံခြင်း |
|---|---|---|
| လူသား | ကမ္ဘာဦးကျမ်း ၃း၁၅ | ဂလာတိ ၄း၄ |
| အပျိုကညာမှမွေးဖွားခြင်း | ဟေရှာ ၇း၁၄ | မဿဲ ၁း၁၈ |
| အာဗြဟံ၏အမျိုးအနွယ် | ကမ္ဘာဦးကျမ်း ၂၂း၁၈ | မဿဲ ၁း၁<br>ဂလာတိ ၃း၁၆ |
| ဣဇာက်၏အမျိုးအနွယ် | ကမ္ဘာဦးကျမ်း ၂၁း၁၂ | လုကာ ၃း၃၄ |
| ယာကုပ်၏အမျိုးအနွယ် | တောလည်ရာ ၂၄း၁၇ | လုကာ ၃း၃၄ |
| ယုဒအမျိုး | ကမ္ဘာဦးကျမ်း ၄၉း၁၀ | လုကာ ၃း၃၃၊<br>ဟေဗြဲ ၇း၁၄ |
| ယေရှဲ၏မိသားစုဝင် | ဟေရှာယ ၁၁း၁၊ ၁၀ | လုကာ ၃း၃၂ |
| ဒါဝိဒ်၏အမျိုးအနွယ် | ၂ ရာ ၇း၁၂-၁၄၊ ၁၆၊<br>ယေရမိ ၂၃း၅ | လုကာ ၃း၃၁၊ တ<br>၁၃း၂၂-၂၃ |

| အဓိကဆိုလိုရင်း | ပရောဖက်ပြုချက် | ပြည့်စုံခြင်း |
|---|---|---|
| ကောင်းကင်တမန်က ပြောကြားခြင်း | ဟေရှာ ၄၀း၃ | မဿဲ ၃း၃ |
| ဗက်လင်မြို့တွင်မွေးဖွားခြင်း | မိက္ခာ ၅း၂ | မဿဲ ၂း၁၊ ၄-၈၊ ယောဟန်၇း၄၂ |
| ငါတို့အတူရှိတော်မူသော ဘုရားသခင် | ဟေရှာ ၇း၁၄ | မဿဲ ၁း၂၃ |
| ဗိမာန်တော်သို့ဝင်ခြင်း | မာလခိ ၃း၁ | မဿဲ ၂၁း၁၂ |
| မြည်းစီးလျက် ဂျေရုဆလင်ထဲဝင်ခြင်း | ဇာခရိ ၉း၉ | လုကာ ၁၉း၃၅-၃၇ |
| ကျွန်ုပ်တို့အပြစ်များအတွက် အသေခံတော်မူခြင်း | ဟေရှာ ၅၃း၅ | မာကု ၁၀း၄၅၊ ၁ ကော ၁၅း၃ |
| ရှင်ပြန်ထမြောက်တော်မူခြင်း | ဆာလံ ၁၆း၁၀ | တ ၂း၃၁ |
| ကောင်းကင်သို့တက်ကြွတော်မူခြင်း | ဆာလံ ၁၁၀း၁ | တ ၂း၃၄၊ ဟေဗြဲ ၁း၃ |

မှတ်ချက်။

(၁) ခရစ်တော်၏အသေခံတော်မူခြင်းနှင့်ပတ်သက်၍ အသေးစိတ်ပရောဖက်ပြုချက်များရှိပါသည်။ ၎င်းတို့ထဲမှအချို့ကို နောက်ဆက်တွဲ (ခ) တွင် ဆွေးနွေးကြပါမည်။

(၂) ပြည့်စုံခြင်းမရှိသေးသော ပရောဖက်ပြုချက်များလည်း ရှိပါသည်။ ဥပမာ။ ။ ဒံယေလ အနာဂတ္တိကျမ်း ၇း၁၃-၁၄ တွင် ခရစ်တော်ပြန်ကြွလာမည့်အကြောင်း ကြိုတင်ဟောကြားထားသည်။ ယေရှုက သူ့ကိုစီရင်ခြင်းမပြုမီ ဤကြိုတင်ဟောကြားချက်ကို အကြိမ်ကြိမ် မိန့်တော်မူခဲ့သည်။ ထိုအတွက် လက်ဝါးကပ်တိုင်ပေါ်တင်ခြင်းခံခဲ့ရသည် (မဿဲ ၂၆း၆၂-၆၆)။

# နောက်ဆက်တွဲ (ခ)
# ယေရှုခရစ်တော်ရှင်ပြန်ထမြောက်တော်မူခြင်း၏ အထောက်အထားများ

မှခ်ခုံးတွင် သော့ချက်ကျောက်တုံးကိုဖယ်လိုက်ပါက မုခ်ခုံးပြိုပျက်သွားမည်ဖြစ်သည်။ မုခ်ခုံးတစ်ခုလုံးခိုင်ခန့်တည်ရှိနေခြင်းသည် သော့ချက်ကျောက်တုံးပေါ်မူတည်နေသည်။ ထိုနည်းတူ ခရစ်ယာန်ယုံကြည်မှုတစ်ခုလုံးသည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအပေါ်မူတည်နေသည်။ ရှင်ပြန်ထမြောက်ခြင်းမဖြစ်ပေါ်ခဲ့လျှင်၊ ၎င်းအကြောင်း ဓမ္မသစ်ကျမ်း၏မှတ်တမ်းများ မှားယွင်းကြောင်း သက်သေထူနိုင်လျှင် ခရစ်ယာန်ယုံကြည်မှုတစ်ခုလုံး ပြိုပျက်သွားမည်ဖြစ်သည်။ ထိုသို့မဖြစ်အောင် မည်သည့်အရာကမျှ ကယ်နိုင်မည်မဟုတ်။

ဓမ္မသစ်ကျမ်းထဲမှဟောပြောချက်များနှင့်သွန်သင်ချက်များသည် ရှင်ပြန်ထမြောက်ခြင်းတွင် မည်ကဲ့သို့ဗဟိုပြုနေကြောင်း ဓမ္မသစ်ကျမ်းကို ကျွန်ုပ်တို့ဖတ်လျှင် ကျွန်ုပ်တို့ကိုယ်တိုင်တွေ့ရမည်ဖြစ်သည်။ သို့သော် ပိုမိုထူးခြားသောအချက်မှာ ခရစ်တော်၏ထမြောက်ခြင်းမရှိလျှင် ခရစ်ယာန်ယုံကြည်မှုတွင် ဘာမျှထူးခြားတန်ဖိုးရှိမည်မဟုတ်ကြောင်း ကနဦးခရစ်ယာန်များကိုယ်တိုင်က သိနေကြခြင်းပင်ဖြစ်သည်။ ရှင်ပေါလုကို ဥပမာအဖြစ်ယူကြစို့။ ကောရိန်သုမြို့ရှိ သူ့အားဖြင့်ပြောင်းလဲလာသူများထံ စာရေးသား၍ "ခရစ်တော်သည် ထမြောက်တော်မမူခဲ့လျှင် သင်တို့၏ယုံကြည်ခြင်းသည် အချည်းနှီးဖြစ်၍ သင်တို့သည် မိမိတို့အပြစ်များထဲ၌ရှိနေကြသေး၏"ဟု ဆိုသည် (၁ ကော ၁၅း၁၇)။

အဘယ့်ကြောင့် ဤသို့ဖြစ်ရသည်ကို သိမြင်ရန်လွယ်ပါသည်။ ခရစ်ယာန်ယုံကြည်မှုအတွက် အဓိကမှာ ကောင်းမြတ်သောသတင်းဖြစ်သည်။ သမ္မာကျမ်းစာက ကောင်းမြတ်သောသတင်းသည် ကယ်တင်ခြင်းရရှိစေသော ဘုရားသခင်၏တန်ခိုးတော်ဖြစ်၏ဟု ဆိုထားသည် (ရော ၁း၁၆)။ သို့သော် မည်သည့်ပုံစံဖြင့် ထိုသို့ဖြစ်သနည်း။ ခရစ်တော်၏ လက်ဝါးကပ်တိုင်ပေါ် အသေခံခြင်းအားဖြင့် အပြစ်လွှတ်ခြင်း၊ ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်လျက်ငြိမ်းချမ်းရေးရရှိခြင်းတို့ကို ခံစားရရှိစေခြင်းအားဖြင့်ဖြစ်သည်။ သို့သော် သာမန်လူတစ်ဦး၏အသေခံခြင်းဆိုလျှင် လောက၏အပြစ်များကို ပြေစေနိုင်မည်မဟုတ်ပေ။ ဘုရားသခင်၏သားတော်ဖြစ်သူကသာ ထိုသို့ပြုနိုင်သည်။ ယေရှုက သူသည် ကျွန်ုပ်တို့၏အပြစ်များအတွက် အသေခံရုံမက သေခြင်းမှလည်း ထမြောက်တော်မူမည်ဟု ကြိုတင်မိန့်တော်မူပြီးသားဖြစ်သည်။ သူ၏ရှင်ပြန်ထမြောက်ခြင်းက သူသည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း သက်သေခံခဲ့သည်။ သို့သော် ယေရှုသည် သေခြင်းမှ မထမြောက်ခဲ့ဟု ယူဆကြည့်ကြပါစို့။ သူ၏ကြိုတင်ဟောကြားမှုသည် အလိမ်အညာဖြစ်ကြောင်း ထင်ရှားသွားမည်ဖြစ်သည်။ ထိုအခါ သူသည် ဘုရားသခင်၏သားတော်ဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်နိုင်တော့မည်မဟုတ်ပေ။ သူ၏အသေခံခြင်းကိုလည်း လူများစွာတို့ကြုံတွေ့ရသည့် ရက်စက်စွာသေဆုံးခြင်းအဖြစ်သာ ကျွန်ုပ်တို့သတ်မှတ်ရမည်ဖြစ်သည်။ ထိုအခြေအနေတွင် ယေရှု၏အသေခံခြင်းသည် အခြားလူများ၏သေဆုံးခြင်းနှင့်မခြားနားဘဲ လူတို့အတွက် အပြစ်လွှတ်ခြင်းကို ရယူပေးနိုင်မည်မဟုတ်ပေ။ ခရစ်ယာန်ယုံကြည်မှုသည်လည်း ဟောပြောစရာကောင်းမြတ်သောသတင်းမရှိဘဲ နေရမည်ဖြစ်သည်။

နောက်တစ်ဖန် ရှင်ပေါလုက မိမိကိုယ်တိုင်နှင့် အခြားသောခရစ်ယာန်တမန်တော်များနှင့် တရားဟောဆရာများအကြောင်း ဤသို့ပြောထားသည်-

> ခရစ်တော်သည် ထမြောက်တော်မမူခဲ့လျှင် ငါတို့၏ဟောပြောခြင်းသည် အချည်းနှီး ဖြစ်ပြီး သင်တို့၏ယုံကြည်ခြင်းသည်လည်း အချည်းနှီးဖြစ်၏။ ထိုမျှမက ငါတို့သည် ဘုရားသခင်နှင့်ပတ်သက်၍ မမှန်သောသက်သေထွက်ဆိုသောသူများ ဖြစ်သွားကြလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သေလွန်သောသူတို့ကို ထမြောက်စေတော်မမူလျှင် ဘုရားသခင်ထမြောက်စေတော်မမူသောခရစ်တော်ကို ဘုရားသခင်ထမြောက်စေတော်မူပြီဟု ငါတို့သက်သေခံနေကြသောကြောင့်ဖြစ်၏။ အကြောင်းမူကား သေလွန်သောသူတို့သည် ထမြောက်ခြင်းမရှိလျှင် ခရစ်တော်သည်လည်း ထမြောက်တော်မူခဲ့မည်မဟုတ်။
> (၁ ကော ၁၅း၁၄-၁၆)

ဤနေရာတွင် ရှင်ပေါလုက ခရစ်တော်သည် သေခြင်းမှထမြောက်တော်မူသည်ဆိုသည့်အချက် မမှန်ခဲ့ပါက သူနှင့်အခြားသောတမန်တော်များသည် စက်ဆုပ်ဖွယ်ကောင်းသည့် တမင်တကာ လိမ်ညာသူများဖြစ်သွားကြလိမ့်မည်ဟု ကျွန်ုပ်တို့ကို တဲ့တိုးပြောပြထားသည်။ အကြောင်းမှာ သူတို့ဟောပြောသောခရစ်ယာန်သတင်းကောင်း၏အခရာမှာ ဘုရားသခင်သည် ယေရှုကို ကိုယ်ခန္ဓာဖြင့်ထမြောက်စေ၍ သူတို့သည် ကိုယ်တော်ရှင်ပြန်ထမြောက်ပြီးသည့်နောက်ပိုင်း ကိုယ်တော်နှင့်တစ်ဦးချင်းတွေ့ဆုံလျက် စကားပြောကြသည်ဟု သူတို့အခိုင်အမာပြောဆိုနေကြသည့် အချက်ဖြစ်သည်။ ခရစ်ယာန်ယုံကြည်မှုအကြောင်းစတင်ဟောပြောသူများသည် တမင်သက်သက်လိမ်ညာသူအုပ်စုဖြစ်နေလျှင် မည်သူသည် ခရစ်ယာန်ယုံကြည်မှုကို လေးစားယုံကြည်ကြမည်နည်း။

ယနေ့ခေတ် သိပ္ပံပညာရှင်များစွာနှင့် အတွေးအခေါ်ပညာရှင်များစွာတို့က ကိုယ်ခန္ဓာဖြင့် ရှင်ပြန်ထမြောက်ခြင်းသည်မဖြစ်နိုင်ဟူသော သီအိုရီကို စွဲကိုင်နေကြပြီဖြစ်၍ ရှင်ပေါလုသာ ယခုခေတ်အထိအသက်ရှင်ခဲ့ပါက ခရစ်တော်၏ကိုယ်ခန္ဓာဖြင့်ရှင်ပြန်ထမြောက်ခြင်းကို အခိုင်အမာပြောဆိုတော့မည်မဟုတ်ဟု အချို့ကပြောဆိုကြသည်။ သို့သော် ဤပြောဆိုချက်သည် မမှန်ပါ။ အထက်တွင်ကိုးကားသည့်ကျမ်းပိုဒ်၌ သူ့ခေတ်ကအတွေးအခေါ်ပညာရှင်များနှင့် သိပ္ပံပညာရှင်များစွာတို့တွင် ရှင်ပြန်ထမြောက်ခြင်းသည် မဖြစ်နိုင်ဆိုသည့် အလားတူသီအိုရီများရှိခဲ့ကြောင်း ရှင်ပေါလုက ကျွန်ုပ်တို့ကိုပြောပြထားသည်။ သူတို့အမြင်ကို ရှင်ပေါလုက အပြည့်အဝသတိပြုမိပြီးဖြစ်သည်။ သို့သော် အတွေးအခေါ်ပညာရှင်များနှင့်သိပ္ပံပညာရှင်များ၏အဆိုသက်သက်ထက် ပိုလျက် ၎င်းကိုဖျက်ဆီးလိုက်သည့် သမိုင်းဝင်အဖြစ်အပျက်ဖြစ်သော ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်း နှင့်နောက်ဆက်တွဲ ပြန်ပေါ်လာခြင်းတို့ကို သူစွဲကိုင်ဟောပြောခဲ့သည်။ သို့သော် ရှင်ပေါလုနှင့် သူ့မိတ်ဆွေတမန်တော်များသည် ထိုသူတို့၏အဆိုများကိုသိလျက်ပင် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကိုလုပ်ဇာတ်ခင်းကာ သူတို့စိတ်နှလုံးထဲတွင်လည်း သူတို့သည် ရှင်ပြန်ထမြောက်သောခရစ်တော်နှင့် တွေ့ဆုံစကားပြောခြင်းမရှိခဲ့ကြောင်း၊ သူတို့ကိုယ်တိုင်လုပ်ကြံထားသည့် ဒဏ္ဍာရီတစ်ခုသာဖြစ်ကြောင်း သိနေကြသည်ဆိုလျှင် သူတို့သည် ဘာမျှမဟုတ်သည့် ဘာသာရေးလိမ့်လုံးသမားများသာဖြစ်၍ ပြစ်ဒဏ်နှင့်သာ ထိုက်တန်ကြမည်ဖြစ်သည်။ ထိုအခါ ခရစ်ယာန်သတင်းကောင်းသည် ပျက်စီးမှုထဲကျရောက်နေမည်ဖြစ်သည်။ ဤအခြေအနေတွင် ကိုယ်တော်ကို သင်္ဂြိုဟ်ပြီး သုံးရက်မြောက်နေ့တွင် ခရစ်တော်၏သင်္ချိုင်းဂူတွင် ဘာမျှမရှိတော့ကြောင်း ပထမဆုံးပြောကြားသူသည် မည်သူဖြစ်ကြောင်းသိရှိရန် အရေးကြီးလာပါသည်။

### ခရစ်ယာန်များမဟုတ် ဖာရိရှဲများသာ

ရှင်မဿဲခရစ်ဝင်ကျမ်းတွင် မှတ်တမ်းတင်ထားသောအရာကို မှတ်သားပါ။

ပြင်ဆင်ရာနေ့အလွန် နောက်တစ်နေ့တွင် ယဇ်ပုရောဟိတ်အကြီးအကဲများနှင့် ဖာရိရှဲတို့

သည် ပိလတ်မင်းထံစုဝေးကြလျက် "အရှင်၊ ထိုလှည့်ဖြားသောသူအသက်ရှင်စဉ်က 'ငါသည် သုံးရက်ကြာလျှင် ထမြောက်မည်'ဟု ပြောဆိုခဲ့သည်ကို အကျွန်ုပ်တို့ မှတ်မိပါသည်။ ထို့ကြောင့် သုံးရက်မြောက်သောနေ့တိုင်အောင် သင်္ချိုင်းဂူကို စောင့်ကြပ်ထားရန် အမိန့်ပေးပါ။ သို့မဟုတ်လျှင် သူ၏တပည့်တို့သည်လာ၍ အလောင်းကို ခိုးယူကာ 'သူသည် သေသောသူတို့ထဲမှ ထမြောက်ပြီ'ဟု လူတို့အားပြောကြလိမ့်မည်။ ထိုအခါ နောက်လှည့်ဖြားမှုသည် ယခင်လှည့်ဖြားမှုထက် ပို၍ဆိုးပါလိမ့်မည်"ဟု လျှောက်ထားကြ၏။ ပိလတ်မင်းကလည်း "သင်တို့၌ အစောင့်တပ်သားရှိသည်မဟုတ်လော။ သွား၍ သင်တို့တတ်နိုင်သမျှလုံခြုံအောင် စောင့်ကြပ်စေကြလော့"ဟု ဆိုလေ၏။ ထိုအခါ သူတို့သည် သွား၍ ကျောက်တုံးကိုတံဆိပ်ခတ်ကာ အစောင့်တပ်သားကိုချထားလျက် သင်္ချိုင်းဂူကို စောင့်ကြပ်စေကြ၏။ (မဿဲ ၂၇း၆၂-၆၆)

ထိုအမျိုးသမီးတို့သွားကြစဉ်တွင် အစောင့်တပ်သားအချို့တို့သည်လည်း မြို့ထဲသို့လာ၍ ဖြစ်ပျက်ခဲ့သမျှတို့ကို ယဇ်ပုရောဟိတ်အကြီးအကဲများထံ သတင်းပို့ကြ၏။ ထိုအခါ ယဇ်ပုရောဟိတ်အကြီးအကဲတို့သည် သက်ကြီးဝါကြီးတို့နှင့်အတူစုဝေး၍ တိုင်ပင်ဆွေးနွေးကြပြီးမှ စစ်သားတို့အား ငွေအမြောက်အမြားပေးလျက် " 'ညအချိန် ငါတို့အိပ်ပျော်နေစဉ် သူ၏တပည့်တို့သည် လာ၍ အလောင်းကိုခိုးသွားကြသည်'ဟု ပြောကြလော့။ ဤသတင်းသည် ဘုရင်ခံ၏နားသို့ပေါက်ကြားခဲ့လျှင် သူ့ကို ငါတို့ဖျောင်းဖျ၍ သင်တို့၌ စိုးရိမ်စရာမရှိစေရန် ဆောင်ရွက်ပေးမည်"ဟု ဆိုကြ၏။ ထိုအခါ စစ်သားတို့သည် ငွေကိုယူ၍ သူတို့အား သင်ပေးထားသည့်အတိုင်းပြုကြ၏။ ဤသို့ဖြင့် ထိုသတင်းသည် ဂျူးလူမျိုးတို့ကြားတွင် ယနေ့တိုင်အောင်ပျံ့နှံ့လျက်ရှိ၏။ (မဿဲ ၂၈း၁၁-၁၅)

ဤကျမ်းပိုဒ်အားဖြင့် ကျွန်ုပ်တို့သိရသည်မှာ ခရစ်တော်၏သင်္ချိုင်းဂူတွင် ဘာမျှမရှိတော့ကြောင်း သိရသူများမှာ ဂျူးအာဏာပိုင်များဖြစ်ကြသည်။ ခရစ်ယာန်များက ( သူတို့အချင်းချင်းထဲမှလွဲ၍) မည်သူ့ကိုမျှ ဘာမျှမပြောခဲ့ကြချေ။ နောက် ရက်ပေါင်းငါးဆယ်ရောက်သည့် ပင်တေကုတ္တေပွဲနေ့၌သာ ယေရှုသည် သေခြင်းမှရှင်ပြန်ထမြောက်တော်မူကြောင်း အများရှေ့တွင် သူတို့ပြောဆိုကြေညာခဲ့ကြသည် ( တမန်တော်ဝတ္ထု ၁ နှင့် ၂ ကို ကြည့်ပါ) ။

ထိုသို့ဆိုလျှင် ဂျူးတို့သည် အဘယ့်ကြောင့် ခရစ်ယာန်များထက်စော၍ ခရစ်တော်၏သင်္ချိုင်းဂူတွင် ဘာမျှမရှိတော့ကြောင်း ဦးဆုံး အသိပေးပြောကြားခဲ့ကြသနည်း။ ဖြစ်ရပ်မှန်ဖြစ်သောကြောင့်ဖြစ်သည်။ ရှင်မဿဲဖော်ပြသည့်အတိုင်း ဖြစ်ရပ်မှန်အဖြစ်အပျက်ကို ဖုံးကွယ်ရန်မကြိုးစားကြခြင်း သူတို့၌ ခိုင်လုံသောအကြောင်းတရားရှိသည်။ ရက်ပေါင်းငါးဆယ်ကျော်မှ ဂျူးအာဏာပိုင်များသည် သတင်းမှန်ဖုံးကွယ်မှုတွင်ပါဝင်ခဲ့ကြကြောင်း ပိလတ်မင်းသိသွားလျှင် သူဘာပြောမည်နည်း။ ထို့ပြင် ထိုသို့ဖြစ်ခဲ့လျှင် ရှင်းပြရန်အတွက် အရေးပေါ်အကြောင်းပြချက်ကို ရှာရပြီး လူတို့ယုံကြည်အောင်လည်း လုပ်ရမည်ဖြစ်သည်။ အကြောင်းမှာ ခရစ်ယာန်များသည် ယေရှုသည် သေခြင်းမှရှင်ပြန်ထမြောက်ပြီဖြစ်ကြောင်း သက်သေအဖြစ် သင်္ချိုင်းဂူတွင် ဘာမျှမရှိတော့ကြောင်း မကြာမီအခိုင်အမာပြောဆိုကြတော့မည်ကို သူတို့သိကြသည်။ ခရစ်ယာန်များထက် ဦးရမည်ဟု သူတို့ခံစားမိ၍ဖြစ်ပေမည်။ လူတို့ကို အရင်ဦးအောင်ရှင်းပြနိုင်လျှင် လူတို့၏ယုံကြည်မှု ပိုရနိုင်မည်ဟု သူတို့မျှော်လင့်ကြသည်။

ယခု ဂျူးအာဏာပိုင်များ၏ရှင်းပြချက်ကိုယ်တိုင်က ထိုရှင်းပြချက်မမှန်ကြောင်း သက်သေပြနေသည်။ ၎င်းကိုယုံကြည်ရန် မဖြစ်နိုင်ပေ။ သင်္ချိုင်းဂူတွင် ဘာမျှမရှိ။ ၎င်းကို မည်ကဲ့သို့ရှင်းပြမည်နည်း။

## ခရစ်ယာန်များရေးသားသည့် ရှင်ပြန်ထမြောက်ခြင်းမှတ်တမ်းများ

ရှင်ပြန်ထမြောက်ခြင်းမှတ်တမ်းများကို ခရစ်ယာန်မဟုတ်သူများက ရေးသားခဲ့ပါက ပို၍ယုံကြည်စရာမကောင်းဘူးလားဟု အချို့လူတို့ကပြောကြသည်။ အနည်းဆုံးတော့ သူတို့က ဘက်လိုက်ခြင်း၊ အစွဲအလမ်းပေါ်အခြေခံခြင်း ကင်းမည်။ ထို့ကြောင့် သူတို့၏လွတ်လွတ်လပ်လပ်ဖြစ်သောသက်သေသည် ပိုမိုအထင်ကြီးစရာကောင်းမည်။

ထိုအတိုင်းဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော် အောက်ပါထည့်စဉ်းစားစရာများ ရှိသည်။ ပထမအချက်မှာ ထိုကနဦးခေတ်တွင် ယေရှုသည် သေခြင်းမှရှင်ပြန်ထမြောက်တော်မူပြီဖြစ်ကြောင်း ယုံကြည်သောသူများသည် ခရစ်ယာန်ဖြစ်လာကြသည်။ ထို့ကြောင့် ရှင်ပြန်ထမြောက်ခြင်းအတွက် ဘက်လိုက်ခြင်းမရှိသော သက်သေအထောက်အထားသက်သေအတွက် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းကို သေချာယုံကြည်သော်လည်း ခရစ်ယာန်တစ်ယောက်ဖြစ်မလာသူကို ရှာတွေ့ရန်အလွန်ခက်ပေမည်။ သတိပြုရမည့်အရေးကြီးသောအချက်မှာ ထိုကနဦးအချိန်တွင် ခရစ်ယာန်ဖြစ်လာကြသည့် ထောင်နှင့်ချီသောလူတို့သည် ယေရှုသည် သေခြင်းမှရှင်ပြန်ထမြောက်ကြောင်း ပထမဆုံးကြားရစဉ်က ခရစ်ယာန်မဖြစ်ကြသေးဆိုသည့်အချက်ဖြစ်သည်။ သူတို့ကိုပြောင်းလဲစေသည့်အရာမှာ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းအထောက်အထားများ၏စွမ်းအားပင် ဖြစ်သည်။

တာရှုမြို့သားရှောလု၏ပြောင်းလဲမှုသည် ထင်ရှားသည့်အချက်ဖြစ်သည် -

> ရှောလုသည် သခင်ဘုရား၏တပည့်တော်တို့ကို ခြိမ်းခြောက်၍သတ်ဖြတ်ရန် စိတ်ဆန္ဒပြင်းပြလျက်ရှိသေး၏။ သူသည် ယဇ်ပုရောဟိတ်မင်းထံသို့ ချဉ်းကပ်လျက် ဤတရားလမ်းသို့ လိုက်သောသူကိုတွေ့လျှင် ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ ချည်နှောင်၍ ဂျေရုဆလင်မြို့သို့ ခေါ်ဆောင်လာနိုင်ရန် ဒမတ်စကပ်မြို့ရှိ ဝတ်ပြုစည်းဝေးကျောင်းများသို့ ပေးစာများကို သူ့ထံမှ တောင်းလေ၏။ ဤသို့ဖြင့် သူသည် သွား၍ ဒမတ်စကပ်မြို့အနီးသို့ ရောက်လာသောအခါ ကောင်းကင်မှအလင်းသည် သူ့ပတ်လည်၌ ရုတ်တရက် ထွန်းတောက်လေ၏။ သူသည် မြေပေါ်သို့လဲကျသွားရာ "ရှောလု၊ ရှောလု၊ အဘယ်ကြောင့် ငါ့ကိုညှဉ်းဆဲသနည်း"ဟု သူ့အားပြောသောအသံကိုကြားရ၏။ ရှောလုကလည်း "သခင်ဘုရား၊ ကိုယ်တော်သည် မည်သူနည်း"ဟု မေးလျှောက်လျှင် "ငါသည် သင်ညှဉ်းဆဲသောယေရှုဖြစ်၏။ သင်သည် ထ၍ မြို့ထဲသို့ဝင်သွားလော့။ ထိုအခါ သင်ပြုရမည့်အမှုကို သင့်အား ပြောကြားလိမ့်မည်"ဟု မိန့်တော်မူ၏။ သူနှင့်အတူ ခရီးသွားကြသောသူတို့သည် အသံကိုကြားရသော်လည်း မည်သူ့ကိုမျှ မတွေ့ရသောကြောင့် မှင်တက်မိလျက် ရပ်နေကြ၏။ ရှောလုသည် မြေပေါ်မှထ၍ မိမိမျက်စိကိုဖွင့်သော်လည်း မည်သည့်အရာကိုမျှ မမြင်ရသဖြင့် လူတို့သည် သူ့ကိုလက်ဆွဲ၍ ဒမတ်စကပ်မြို့သို့ ခေါ်ဆောင်သွားကြ၏။ သူသည် သုံးရက်တိုင်တိုင် မျက်စိကွယ်လျက် မစားမသောက်ဘဲနေလေ၏။
>
> (တ ၉း၁-၉)

တာရှုမြို့သား ရှောလု၏ပြောင်းလဲမှုသည် ပုံစံအမျိုးမျိုးဖြင့် ထူးခြားမှုရှိသည်။ သို့သော် အဖြစ်အပျက်ကိုကြည့်လျှင် သူသည် ခရစ်ယာန်တစ်ဦးမဖြစ်သည်သာမက ခရစ်ယာန်ယုံကြည်မှုကို အကြမ်းနည်းဖြင့်ဆန့်ကျင်သူ၊ မမှန်ကန်ဟုသူသတ်မှတ်ထားသော ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသတင်းစကားကို ဖျက်ဆီးရန် ထွက်ခွာလာသူလည်းဖြစ်သည်။ သို့သော် ဒမတ်စကပ်လမ်းတွင် ရှင်ပြန်ထမြောက်သောခရစ်တော်သည် သူ့ထံထင်ရှားလာခဲ့သည်။ သူ့ကိုပြောင်းလဲသွားစေသည့်အရာမှာ ရှင်ပြန်ထမြောက်သောခရစ်တော် အမှန်တကယ်ရှိနေခြင်းပင်ဖြစ်သည်။

သူ့ပြောင်းလဲမှု၏သမိုင်းဝင်မှုကို မည်သူမျှငြင်းနိုင်မည်မဟုတ်ပေ။ သူသည် အာရှနှင့်ဥရောပတစ်ခွင်တွင် ခရစ်ယာန်ယုံကြည်မှုကို တည်ထောင်ရန် သာသနာပြုသွားလာခြင်း၊ ဟော

ပြောခြင်းနှင့် သွန်သင်ခြင်းအရာတို့တွင် အခြားသူအားလုံးတို့ထက်သာလွန်သည့် တမန်တော်ရှင်ပေါလုပင်ဖြစ်သည်။ ၁၆ ရာစု ခရစ်ယာန်ပြုပြင်ပြောင်းလဲမှုကြီးကို ဥရောပတွင် ဖြစ်ပေါ်စေခဲ့သည်မှာလည်း သူ၏ဩဝါဒစာများပင်ဖြစ်သည်။ ယနေ့တိုင်အောင်လည်း သူ၏ဩဝါဒစာများက သန်းနှင့်ချီသောလူတို့အပေါ် လွှမ်းမိုးနေဆဲဖြစ်သည်။ ထို့ကြောင့် ကြီးမားတည်တံ့သော အကျိုးသက်ရောက်မှုကိုဖြစ်စေသည့် ရှင်ပေါလု၏ပြောင်းလဲမှုကို ဥပေက္ခာပြု၍မရပေ။ ထိုသို့ဆိုလျှင် သူ၏ပြောင်းလဲမှုကို မည်သည့်အရာက ဖြစ်ပေါ်စေခဲ့သနည်း။ ရှင်ပြန်ထမြောက်တော်မူသောယေရှုနှင့် တစ်ဦးချင်းတွေ့ဆုံခဲ့ခြင်းကြောင့်ဖြစ်သည်ဟု သူကပြောထားသည်။ ထို့ကြောင့်လည်း သူ၏နောက်ဆက်တွဲ တရားဒေသနာများနှင့် ဩဝါဒစာများသည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနှင့်ဆိုင်သည့် ဖြစ်ရပ်မှန်များ၊ အံ့ဖွယ်ရာများနှင့် ဂုဏ်ပင့်ဖွယ်ဆက်နွယ်ပတ်သက်မှုများဖြင့် ပြည့်နေသည်ကိုတွေ့ရသည်။ ထိုရှင်ပြန်ထမြောက်ခြင်းသည် အစစ်အမှန်မဟုတ်ခဲ့လျှင် ရှင်ပေါလု၏ပြောင်းလဲခြင်းအတွက် အခြားမည်သည့်အကြောင်းတရားကို အမှန်ဟုမှန်ယူကြမည်နည်း။

သို့သော် မေးခွန်းဆီပြန်သွားကြမည်ဆိုလျှင် - ယေရှုသည် သေခြင်းမှထမြောက်ခဲ့သည်ဆိုသောအချက်နှင့်ပတ်သက်၍ ထိုခေတ်က ခရစ်ယာန်မဟုတ်သူများ၏မှတ်တမ်း အဘယ့်ကြောင့်မရှိရသနည်း။ ထိုမေးခွန်းသည်လည်း ကျွန်ုပ်တို့တွေ့ခဲ့ပြီးသည့်အတိုင်း အထောက်အကူဖြစ်သောမေးခွန်းမဟုတ်ပေ။ ပိုကောင်းသောမေးခွန်းမှာ - ခရစ်တော်ထမြောက်ခဲ့ခြင်းမရှိဟူသောအဆိုအတွက် ထိုခေတ်ကခရစ်ယာန်ဆန့်ကျင်သူများထံမှ သက်သေအထောက် အဘယ်မှာရှိသနည်း။ ထိုအချိန်ကလူများစွာတို့သည် ခရစ်တော်ထမြောက်တော်မူကြောင်း ခရစ်ယာန်များပြောဆိုနေကြသည်ကို ကြားကြသောအခါ အဓိပ္ပါယ်မရှိဟုဆိုကာ စိတ်ထဲမှဖယ်ထုတ်ပစ်ကြမည်ဖြစ်သည်။ လူများစွာ ထိုအတိုင်းလုပ်နေကြဆဲဖြစ်သည်။ သို့သော် ဂျူးအာဏာပိုင်များသည် ထိုသို့မလုပ်နိုင်ခဲ့ကြချေ။ ကိုယ်တော်ကို သေဒဏ်စီရင်ရန် သူတို့လှုံ့ဆော်သွေးထိုးခဲ့ကြသည်။ ပင်တေကုတ္တေပွဲနေ့နောက်ပိုင်း သီတင်းပတ်အနည်းငယ်အတွင်း ခရစ်ယာန်များက ယေရှုသည် သေခြင်းမှထမြောက်တော်မူသည်ဟု ဗိမာန်တော်တွင် နေ့စဉ်ဟောပြောလာကြသည့်အခါ ယဇ်ပုရောဟိတ်များအပါအဝင် ဂျေရုဆလင်မြို့မှ ထောင်ဂဏန်းရှိသောလူတို့ ပြောင်းလဲလာခဲ့ကြရာ အာဏာပိုင်များသည် မွေးဖွားစခရစ်ယာန်ယုံကြည်မှုကို လည်ညှစ်သတ်ရန် အားသွန်ခွန်စိုက်ကြိုးစားခဲ့ကြသည် (တ ၂-၉ ကိုကြည့်ပါ)။ သူတို့သည် ခရစ်ယာန်တမန်တော်များကို ညှင်းပန်းရိုက်နှက်ကာ ထောင်ထဲချုပ်ထားကြသည်။ ယေရှုနာမဖြင့်ဟောပြောခြင်းရှိသမျှကို ဖိနှိပ်ရန်မအောင်မမြင်ကြိုးစားခဲ့ကြသည်။

ထိုအစပိုင်းသတင်းပတ်များတွင် ခရစ်ယာန်ယုံကြည်မှုကို ရပ်တန့်သွားစေနိုင်သည့်အရာတစ်စုံတစ်ခု အဘယ့်ကြောင့် သူတို့မလုပ်ခဲ့ကြသနည်း။ အဘယ့်ကြောင့် သူတို့သည် လူအများရှေ့တွင် ယေရှု၏အလောင်းကို မထုတ်ပြခဲ့ကြသနည်း။ သူတို့တွင် အုပ်ချုပ်သူများ၏အကူအညီအပြည့်အဝရှိသည်။ ရောမဘုရင်ခံ၏အကူအညီကိုလည်း သူတို့ရယူနိုင်သည်။ ထိုအခြေအနေတွင် ယေရှု၏အလောင်းကို ခရစ်ယာန်များက ဖယ်ထုတ်ပုက်ထားကြသည်ဆိုလျှင် သူတို့ခြေရာခံလိုက်ရန် မခက်ခဲပေ။ ထိုသို့ဆိုလျှင် အဘယ့်ကြောင့် ယေရှု၏အလောင်းကို သူတို့မထုတ်ပြနိုင်ခဲ့သနည်း။

"သူတို့ မထုတ်ပြနိုင်သောကြောင့်ဖြစ်သည်"ဟု ခရစ်ယာန်များက ပြောကြသည်။ ယေရှုသည် သေခြင်းမှ အမှန်ပင် ထမြောက်ခဲ့ပြီဖြစ်သည်။

ဤအနှုတ်လက္ခဏာဆောင်သည့် အထောက်အထားသက်သေဖြစ်သည့်အလောင်းမရှိခြင်းသည် အမှန်ပင်ထူးခြားသောအချက်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ထပ်၍မေးရပါမည် - ခရစ်ယာန်

များတွင် ရှင်ပြန်ထမြောက်ခြင်းအတွက် အပေါင်းလက္ခဏာဆောင်သည့်သက်သေအထောက်အထား ဘာရှိသနည်း။ ယခု ဤမေးခွန်းဆီသို့ ကျွန်ုပ်တို့ပြန်လှည့်ကြပါမည်။

## သက်သေခံအထောက်အထား (က)၊ ရုပ်ပိုင်းဆိုင်ရာအထောက်အထား

ခရစ်တော်၏တပည့်တော်တစ်ဦးဖြစ်သော ရှင်ယောဟန်ထံမှ အထောက်အထားကို ကျွန်ုပ်တို့ ပထမဆုံးစဉ်းစားကြမည်။ ယေရှု၏အလောင်းသည် သင်္ချိုင်းဂူထဲ၌မရှိတော့ကြောင်း သူပထမကြားရသည့်အခါ အခြေအနေကိုစစ်ဆေးရန် သင်္ချိုင်းတော်သို့ သူချက်ချင်းသွားခဲ့သည်ဟု သူပြောပြသည်။ ကိုယ်ခန္ဓာတော်မရှိတော့၍ သင်္ချိုင်းဂူသည် ဟင်းလင်းဖြစ်နေသော်လည်း ယေရှုကို သင်္ဂြိုဟ်စဉ်က ပတ်ရစ်ထားသည့်အဝတ်သည် ထိုနေရာတွင် ကျန်ရစ်ခဲ့သည်ကို သူတွေ့ရသည်။ ထို့ပြင် ထိုအဝတ်ရှိနေသည့်ပုံစံအနေထားက အံ့ဖွယ်အမှုအရာဖြစ်ပျက်ခဲ့ပြီး ယေရှုရှင်ပြန်ထမြောက်ခဲ့ပြီဆိုသည့်အချက်ကို ကျေနပ်ဖွယ်ရှင်းပြလျက် သူ့ကိုအသေအချာယုံကြည်စေခဲ့သည်။

ကျွန်ုပ်တို့ထဲမှ များစွာတို့သည် စုံထောက်ဇာတ်လမ်းများ ဖတ်ဖူးကြပေလိမ့်မည်။ သို့မဟုတ်လည်း နာမည်ကြီးပုဂ္ဂိုလ်တစ်ဦးဦး တရားရုံးတွင်အမှုရင်ဆိုင်ရသည့်အခါ သက်သေအထောက်အထားကို အနီးကပ်လေ့လာဖူးသူများလည်း ရှိပေမည်။ ကျွန်ုပ်တို့သည် အတွေ့အကြုံမရှိသူများဖြစ်ခဲ့လျှင်ပင် ရှင်ယောဟန်ပေးသည့် အထောက်အထားများအတွက်မူ ကျွန်ုပ်တို့၏စုံထောက်ပညာကျွမ်းကျင်မှုကို အသုံးပြုနိုင်ပါသည်။

### *ရှင်ယောဟန်ကို သက်သေတစ်ဦးအဖြစ်စိတ်ချရမှု*

မေးခွန်းမှာ- ရှင်ယောဟန်သည် သူမြင်ရသည့်အရာကို ပြောပြရာတွင် ရိုးသားမှုရှိပြီး မမှန်မကန်ပြောဆိုရန်ကြံစည်ခြင်းမရှိခဲ့ကြောင်း ကျွန်ုပ်တို့တွင် သေချာမှုရှိပါသလား။ ထို့ကြောင့် ဤသို့မေးကြစို့ - သူ့တွင် လိမ်ညာစရာအကြောင်း ဘာရှိမည်နည်း။ သင်္ချိုင်းဂူတွင်ဘာမျှမရှိကြောင်း သူတွေ့ရသည့်နေ့၏ ညနေပိုင်းတွင် သူနှင့်သူမိတ်ဆွေများသည် ဂျူးများကိုကြောက်လျက် အခန်းတစ်ခန်းတွင် မင်းတုပ်ချပြီး တွေ့ဆုံခဲ့ကြကြောင်း သူကိုယ်တိုင်ပြောပြထားသည် (ယော ၂၀း၁၉)။ သူသည် ယေရှုသေခြင်းမှထမြောက်တော်မူသည်ဟု လူထုရှေ့တွင်ဟောပြောသောကြောင့် အာဏာပိုင်များသည် နောက်သတင်းပတ်အနည်းငယ်အတွင်း သူ့ကို နှစ်ကြိမ်အကျဉ်းချလျက် ရိုက်နှက်နှိပ်စက်ခဲ့ကြသည် (တ ၄း၁-၂၁၊ ၅း၁၇-၄၂)။ ထို့နောက် သူနှင့်အတူခရစ်ယာန်တစ်ဦးဖြစ်သော သတေဖန်သည် ခဲနှင့်အသေပစ်ပေါက်ခြင်းခံခဲ့ရသည် (တ ၆း၈-ရး၆၀)။ နောက်ပိုင်းတွင် သူ့ညီအစ်ကိုဖြစ်သူ ယာကုပ်သည် ထမြောက်တော်မူသောခရစ်တော်ကို ယုံကြည်မှုဖြင့် ဟေရုဒ်မင်း၏ကွပ်မျက်ခြင်းခံခဲ့ရသကဲ့သို့ အခြားသောခရစ်ယာန်များစွာတို့သည် ပြင်းထန်စွာညှင်းပန်းနှိပ်စက်ခြင်းခံရကြသောကြောင့် မိမိတို့အသက်အတွက် ဂျေရုဆလင်မှ ထွက်ပြေးကြရသည် (တ ၁၁း၁၉၊ ၁၂း၁-၂)။ နီရိုကေရာဇ်၏ညှင်းပန်းနှိပ်စက်မှုကြောင့် ခရစ်ယာန်များစွာတို့သည် ဆိုးဝါးစွာသေကြေခဲ့ကြရသည်။ ရှင်ယောဟန်ကိုယ်တိုင်သည်လည်း အိုမင်းလာသောအချိန်တွင် ပုတ်မှုကျွန်းသို့ပြည်နှင်ဒဏ်ခံခဲ့ရသည် (ဗျာ ၁း၉)။ ထို့ကြောင့် သူသည် ယေရှု၏ရှင်ပြန်ထမြောက်ခြင်းအကြောင်း လိမ်ညာပြောဆိုလျက် ထိုလိမ်ညာမှုအတွက် လူများစွာတို့ ညှင်းပန်းနှိပ်စက်ခံနေရသည်ကို ရပ်ကြည့်နေရန်ပြင်ဆင်က သူလုပ်ကြံထားခြင်းဖြစ်၍ လိမ်ညာမှုဟု သိနေလျက်နှင့် ထိုလိမ်ညာမှုအတွက် သူကိုယ်တိုင်လည်း အကျဉ်းချခံခြင်း၊ သေရမည်ကိုကြောက်နေရခြင်းနှင့် ပြည်နှင်ဒဏ်ပေးခြင်းတို့ကို သူခံယူပါ့မည်လား။

ထို့ပြင် ပိလတ်မင်းရှေ့ ခရစ်တော်မိန့်၏မိန့်တော်မူချက်တို့ကို သူရေးသားသည့်ကျမ်း၏

အလုပ်းမပေးသည့်စာမျက်နာတွင် သူမှတ်တမ်းတင်ထားသည် - "ငါသည် သမ္မာတရားဘက်၌ သက်သေခံရန် မွေးဖွားခြင်းကိုခံ၍ ထိုအတွက်ပင် ဤလောကသို့ကြွလာ၏။ သမ္မာတရားနှင့် ဆိုင်သောသူတိုင်း ငါ့အသံကိုနားထောင်၏" (ယော ၁၈း၃၇)။ ဤသို့ရေးသားပြီး မကြာမီအတွင်း မှာပင် သမ္မာတရားဘက်၌ သက်သေခံမည်ဟူသော ယေရှု၏အခိုင်အမာပြောဆိုမှုကို ထောက်ခံ ရန်အတွက် သင်္ချိုင်း၌သူတွေ့ခဲ့သောအရာကို တမင်တကာလိမ်ညာပါမည်လား။ ထိုသို့လိမ်ညာ မည်ဆိုလျှင် သူသည် စက်ဆုပ်ဖွယ်အကောင်းဆုံးသော ဘာသာရေးသမားအတုအယောင်တစ် ဦးဖြစ်ပေလိမ့်မည်။ သို့သော် ဘာသာရေးသမားအတုအယောင်က ရှင်ယောဟန်ခရစ်ဝင်ကျမ်း ကဲ့သို့သော ကိုယ်ကျင့်တရား၏အစွမ်းသတ္တိနှင့်ဂိဉာဉ်ရေးအလှအပထင်ရှားစေသောကျမ်းတို့ ကို မရေးသားပါ။ ရှင်ယောဟန်သည် သင်္ချိုင်းတွင်း၌ သူမြင်ခဲ့သောအရာနှင့်ပတ်သက်၍ အမှား လုပ်မိခြင်း သို့မဟုတ် မိမိကိုယ်ကိုယ်လိမ်ညာခြင်းမျိုး ပြုခဲ့ခြင်းဖြစ်နိုင်သည်ဟု သင်ပြောနိုင်ပါ သည်။ သို့သော် သူ့ကို တမင်တကာလိမ်ညာသူဟုထင်ရန်မှု မဖြစ်နိုင်ပေ။

ထို့ကြောင့် (က) ယေရှုကို သင်္ဂြိုဟ်သည့်ပုံစံနှင့်ပတ်သက်၍ ကျွန်ုပ်တို့ကို သူပြောပြသော အရာ၊ (ခ) သင်္ဂြိုဟ်ပြီး သုံးရက်မြောက်နေ့တွင် သင်္ချိုင်းတွင်း၌ သူမြင်ခဲ့သောအရာနှင့် (ဂ) သူမြင် ရသည့်အရာကိုအခြေခံလျက် သူချသောကောက်ချက်တို့ကို ယခု စုံစမ်းစစ်ဆေးကြစို့။ ပြီးသည့် အခါ ကျွန်ုပ်တို့ကိုယ်တိုင် ဆုံးဖြတ်ရမည့်အခြေအနေသို့ ရောက်သွားမည်ဖြစ်သည်။

### *ယေရှုကို သင်္ဂြိုဟ်သည့်ပုံစံ*

> ထိုသို့ဖြစ်ပြီးသည့်နောက် ဂျူးလူမျိုးတို့ကိုကြောက်သောကြောင့် လျှို့ဝှက်စွာ ယေရှု၏ တပည့်တော်ဖြစ်နေသော အရိမသဲမြို့သား ယောသပ်ဆိုသူသည် ယေရှု၏အလောင်း တော်ကို ယူသွားခွင့်ပြုရန် ပိလတ်မင်းအား တောင်းဆိုလေ၏။ ပိလတ်မင်းသည်လည်း ခွင့်ပြုလိုက်သဖြင့် သူသည်လာ၍ အလောင်းတော်ကို ယူသွားလေ၏။ ယခင်က ယေရှု ထံသို့ ညအချိန်လာဖူးသော နိကောဒင်သည်လည်း မုရန်နှင့်အကျော်ရောနှောထားသော နံ့သာ ပိဿာနှစ်ဆယ်ခန့်ကို ယူဆောင်၍လာလေ၏။ ထိုသူတို့သည် ယေရှု၏ အလောင်း တော်ကိုယူ၍ ဂျူးလူမျိုးတို့၏သင်္ဂြိုဟ်ခြင်းဆိုင်ရာ ဓလေ့ထုံးစံအတိုင်း အလောင်းတော် ကို အမွှေးနံ့သာနှင့်အတူ ပိတ်ထည်များဖြင့်ပတ်စည်းကြ၏။ လက်ဝါးကပ်တိုင်ပေါ်၌ တင်ခြင်းခံတော်မူသောအရပ်တွင် ဥယျာဉ်တစ်ခုရှိ၍ ထိုဥယျာဉ်၌ မည်သူ့ကိုမျှ မသင်္ဂြိုဟ်ဖူးသေးသော သင်္ချိုင်းဂူသစ်တစ်ခုရှိ၏။ ထိုနေ့သည် ဂျူးလူမျိုးတို့၏ပြင်ဆင်ရာ နေ့ဖြစ်ပြီး ထိုသင်္ချိုင်းဂူသည်လည်း အနီးတွင်ရှိသောကြောင့် ယေရှုကို ထိုဂူ၌သင်္ဂြိုဟ် ကြ၏။ (ယော ၁၉း၃၈-၄၂)

ယေရှုကို သင်္ဂြိုဟ်သည့်နေရာသည် မြေကြီးကိုတူးထားသည့်တွင်း မဟုတ်ဘဲ ကျောက်နံ ရံကို ထွင်းထားသော သင်္ချိုင်းဂူဖြစ်ကြောင်း ဤကျမ်းပိုဒ်များမှလည်းကောင်း၊ ယော ၂၀း၁ မှ လည်းကောင်း၊ (လု ၂၃း၅၃ မှလည်းကောင်း) ကျွန်ုပ်တို့ သိရသည်။ သင်္ချိုင်းဂူအဝင်ဝနှင့်အထဲရှိ နေရာသည် အလောင်းထားပြီးသည့်နောက် လူကြီးနှစ်ဦးဝင်၍ရသည့်အကျယ်အဝန်းရှိကြောင်း ကျွန်ုပ်တို့သိရသည် (ယော ၁၉း၄၁-၄၂ နှင့် ၂၀း၆-၈)။ အလောင်းကို ဂူကြမ်းပြင်ပေါ် မချထားပါ။ ဂူနံရံတွင်ပြန်ထွင်းထားသောစင်ပေါ် တင်ကြသည်။ နိကောဒင်သည် မုရန်နှင့်အကျော် ရောနှော ထားသောနံ့သာ ပိဿာနှစ်ဆယ်ခန့်ကို ယူဆောင်လာခဲ့သည်။ ချဲ့ကားဖော်ပြခြင်းမဟုတ်ပါ။ ရှေး ခေတ်အရှေ့အလယ်ပိုင်းဒေသတွင် လေးစားတန်ဖိုးထားခံရသောပုဂ္ဂိုလ်တစ်ဦးဦးကို သင်္ဂြိုဟ်သည့်

အခါ လုပ်ဆောင်ပေးလေ့ရှိသည့်ဓလေ့တစ်ခုဖြစ်သည်။[16] မုရန်နှင့်အကျော် နှစ်မျိုးလုံးကို အမွှန်းအဖြစ်အသုံးပြုကြသည်။ ယေရှု၏အလောင်းကို နံ့သာမှုန့်များဖြူးထားသောပိတ်စရှည်ဖြင့် ပတ်ထားကြသည်။ ဦးခေါင်းကို မျက်နှာပတ်ပဝါကြီးဖြင့် မေးရိုးကိုသိုင်းလျက် ဦးခေါင်းထိပ်ကိုပတ်ကာ ခေါင်းပတ်လည်လည်းပတ်ထားကြသည် (ယော ၂၀း၇ ကိုကြည့်ပါ)။ အလောင်းကို အဆုံးတွင်ခေါင်းအုံးပုံစံပါအောင်ထွင်းထားသော ကျောက်စင်ပေါ်တင်ထားကြသည်။

## *ရှင်ယောဟန်နှင့်ရှင်ပေတရုတို့ သင်္ချိုင်းဂူထဲ၌ တွေ့မြင်ခဲ့သောအရာ*

ရက်သတ္တပတ်၏ပထမနေ့၌ မာဂဒလမြို့သူမာရိသည် မှောင်လျက်ရှိနေသေးသော နံနက်စောစောအချိန်တွင် သင်္ချိုင်းတော်သို့ရောက်လာရာ ကျောက်တုံးအား ဂူဝမှ ဖယ်ရှားထားပြီးဖြစ်သည်ကိုမြင်လေ၏။ ထို့ကြောင့် သူသည် ရှိမုန်ပေတရုနှင့် ယေရှုချစ်တော်မူသော အခြားတပည့်တော်ထံသို့ ပြေးသွား၍ "သခင်ဘုရားကို သင်္ချိုင်းဂူထဲမှ သူတို့ယူသွားကြပြီ။ အဘယ်မှာထားကြသည်ကိုမသိပါ"ဟု ဆိုလေ၏။ ထိုအခါ ပေတရုနှင့် ထိုအခြားတပည့်တော်သည် ထွက်လာ၍ သင်္ချိုင်းတော်သို့သွားကြ၏။ သူတို့နှစ်ဦးသည် အတူတူပြေးကြသော်လည်း အခြားတပည့်တော်သည် ပေတရုထက် လျင်မြန်စွာပြေး၍ သင်္ချိုင်းတော်သို့ဦးစွာရောက်သဖြင့် ငုံ့ကြည့်လိုက်ရာ ပိတ်ထည်များရှိနေသည်ကိုမြင်ရ၏။ သို့သော် သူသည် အထဲသို့မဝင်ဘဲနေ၏။ ထိုအခါ နောက်မှလိုက်လာသော ရှိမုန်ပေတရုသည်လည်းရောက်လာ၍ သင်္ချိုင်းဂူထဲသို့ဝင်ပြီးလျှင် ပိတ်ထည်များရှိနေသည်ကိုလည်းကောင်း၊ ကိုယ်တော်၏ဦးခေါင်းတော်ကိုပတ်စည်းထားသောပဝါသည် ပိတ်ထည်များနှင့်အတူမရှိဘဲ တစ်နေရာတွင်သီးခြားလိပ်ထားသည်ကိုလည်းကောင်း မြင်လေ၏။ ထို့နောက် သင်္ချိုင်းတော်သို့ဦးစွာရောက်သော အခြားတပည့်တော်သည်လည်း ဝင်လာ၍ မြင်သဖြင့် ယုံကြည်လေ၏။ ( သူတို့သည် သေသောသူတို့ထဲမှ ကိုယ်တော်ထမြောက်ရမည်ဟူသောကျမ်းချက်ကို နားမလည်ကြသေး။) (ယော ၂၀း၁-၉)

ရှင်ပေတရု၊ ရှင်ယောဟန်နှင့် မာဂဒလမြို့သူ မာရိတို့သည် ယေရှုကပြောထားနှင့်ပြီးသားဖြစ်သော်လည်း ယေရှုသေခြင်းမှထမြောက်မည်ဟု မျှော်လင့်မထားခဲ့ကြကြောင်း သေချာသည်။ သူတို့မျှော်လင့်ထားခဲ့သည်ဆိုလျှင် ယေရှုထမြောက်သည်ကို တွေ့မြင်ရရန် သင်္ချိုင်း၌ သူတို့ရှိနေခဲ့ကြမည်ဖြစ်သည်။ မာရိသည်လည်း သင်္ချိုင်းတွင်းတွင် ဘာမျှမရှိကြောင်း သူတို့တွေ့မြင်သည့်အခါ "သခင်ဘုရားကို သင်္ချိုင်းဂူထဲမှ သူတို့ယူသွားကြပြီ။ အဘယ်မှာထားကြသည်ကိုမသိပါ"ဟု ရှင်ယောဟန်အား သတင်းပို့မည်မဟုတ်။ ရှင်ပေတရုနှင့်ရှင်ယောဟန်တို့သည်လည်း မာရိ၏ပြောပြချက်ကိုကြားရသည့်အခါ အံ့သြမနေဘဲ မာရိကိုအကြောင်းစုံရှင်းပြခဲ့ကြမည်ဖြစ်သည်။ သူတို့သည် ဘာဖြစ်သည်ကို စုံစမ်းရန် ပြေးသွားခဲ့ကြသည်။ ထိုအချိန်က သင်္ချိုင်းတွင်းလုယက်မှုသည် ဖြစ်ရိုးဖြစ်စဉ်တစ်ခုဖြစ်နေခဲ့သည် (ဤလုယက်မှုနှင့်ပတ်သက်၍ ရောမဧကရာဇ် ကလူးဒီယဆ် -အေဒီ ၄၁-၅၄ - က အမိန့်တစ်ခုချမှတ်ခဲ့သည်။ ကျောက်ပေါ်ထွင်းထားသည့် မိတ္တူကို ပါလက်စတိုင်းတွင် တွေ့ခဲ့ကြသည်။ နာကျင်စွာသေရသည့်သေဒဏ်ဖြင့် တားမြစ်ထားသည်)။ ထို့ကြောင့် အ

---

[16] ပထမရာစု အဆုံးပိုင်းတွင် Rabbi Gamaliel ကိုသင်္ဂြိုဟ်သည့်အခါ နံ့သာ ၂၈ ပိဿာခန့်အသုံးပြုခဲ့ကြသည့်မှတ်တမ်းရှိသည် ('Onkelos and Aquila' in *Encyclopaedia Judaica,* 2007)။ ဂျူးသမိုင်းပညာရှင် Josephus ၏မှတ်တမ်းအရ ပထမရာစုမတိုင်က ဟေရုဒ်မင်းကြီး၏ရှုပနတွင် ထိုပမာဏထက်များစွာပိုသော ပမာဏကို အသုံးပြုခဲ့ကြသည် (*Antiquities of the Jews*, 17.8.3)။

လောင်းကို သင်္ချိုင်းဂူထဲ ထားပြီးပါက ထိုအလောင်းတွင် ရတနာပစ္စည်းများနှင့် အခြားတန်ဖိုးရှိသည့်ပစ္စည်းများ (အလွန်ဈေးကြီးသည့် နံ့သာပေါင်းနှင့် တန်ဖိုးရှိသောပိတ်စများမပါသေး) ရှိလိုရှိငြားဟုဆိုလျက် အလောင်းကို ခိုးယူခြင်းမပြုအောင် သင်္ချိုင်းဂူကို ကြီးမားသောကျောက်ပြားဖြင့် ပိတ်ထားလေ့ရှိကြသည်။ ရှင်ပေတရုနှင့်ရှင်ယောဟန်တို့သည် သင်္ချိုင်းခါးပြများက ထိုကျောက်ပြားကြီးကို လိမ့်ဖယ်ခဲ့ခြင်းဖြစ်နိုင်သည်ဟု ထင်ကောင်းထင်နိုင်ကြပါသည်။

ရှင်ယောဟန်သည် သင်္ချိုင်းဂူသို့ဦးစွာရောက်သည့်အခါ အထဲသို့မဝင်သွားဘဲ အပြင်မှ ချောင်းကြည့်ခဲ့ကြောင်း ကျွန်ုပ်တို့ကို သူပြောပြသည်။ ထိုအနေအထားတွင် သူ့အမြင်အရစိတ်ဝင်စားစရာအချက်မှာ အလောင်းမရှိတော့သော်လည်း အလောင်းပတ်ထားသောပိတ်စများမှာ ထိုနေရာတွင် ရှိနေကြသည့်အချက်ဖြစ်သည် (အပိုဒ်ငယ် ၅ နှင့် ၆ တွင် နှစ်ကြိမ် တိုင်တိုင် သူဖော်ပြသည်)။ သူ့ကိုအလွန်အံ့သြသွားစေသည့် နောက်တစ်ချက်မှာ အ လောင်းကိုပတ်ရစ်ထားသောပိတ်စများရှိနေရုံမက ရှိနေသည့်ပုံစံသည် ပုံမနေဘဲ အလောင်းကိုပတ်ရစ်ထားသည့်ပုံစံအတိုင်းရှိနေသည် (ခါးပြကသာခိုးသွားခဲ့လျှင် ၎င်းတို့ကို ကတိုက်ကရိုက် ဖယ်လျက် ဒီတိုင်းပစ်ထားကြမည် ဖြစ်သည်)။

ထို့နောက် ရှင်ပေတရုသည် ရှင်ယောဟန်ကိုမီလာလျက် စိတ်မြန်လက်မြန်လုပ်တတ်သည့် သူ့ထုံးစံအတိုင်း သင်္ချိုင်းဂူထဲသို့ဝင်သွား၍ ရှင်ယောဟန်လည်း လိုက်သွားခဲ့သည်။ အပြင်မှကြည့်ခဲ့သည့်ရှင်ယောဟန်ကမမြင်ခဲ့သောအရာကို အခု နှစ်ဦးလုံးကမြင်ရသည်မှာ ခရစ်တော်၏ဦးခေါင်းကိုပတ်ထားသည့် ပဂါစသည် ဦးခေါင်းပုံစံအတိုင်းရှိနေခြင်းပင်ဖြစ်သည်။

ချက်ချင်းသတိထားမိသည့်အချက်မှာ ဦးခေါင်းတော်ပတ်ထားသောပဂါစသည် ကိုယ်ကိုပတ်ထားသည့်ပိတ်စပေါ်မှာမရှိဘဲ သခင်ဘုရား၏ဦးခေါင်းချထားရာ ခေါင်းအုံးကဲ့သို့ထွင်းထားသည့် နေရာတွင် ရှိနေခြင်းပင်ဖြစ်သည်။

## *ရှင်ယောဟန်က မိမိမြင်ရသည့်အရာအပေါ် ချသောကောက်ချက်*

သူမြင်၍ ယုံကြည်ခဲ့ကြောင်း ဖြစ်ရပ်ကဖော်ပြထားသည်။ ဘာကိုယုံကြည်ခဲ့သနည်း။ အလောင်းပျောက်နေသည်ဟု မာရိပြောသောစကားကိုသာ ယုံကြည်သည်မဟုတ်။ အလောင်းပတ်ထားသည့်ပိတ်စနှင့်ခေါင်းပတ်ထားသည့်ပဂါတို့ ရှိနေခြင်း၊ ၎င်းတို့၏အနေအထားနှင့် အခြေအနေတို့က မာရိပြောပြသည့်အချက်ကို အတည်ပြုကြသည်မဟုတ်။ အလောင်း ပတ်ထားသည့်ပိတ်စ မကျန်ခဲ့လျှင် အလောင်းမရှိတော့ဟု ရှင်ယောဟန်လွယ်လွယ်မြင်နိုင်ပါသည်။ သူမြင် တွေ့ရသည့်အရာက သူ့အား ဓမ္မဟောင်းကျမ်းတွင် ကြိုတင်ပြောထားသည့် မေရှိယ၏ရှင်ပြန်ထ မြောက်ခြင်းအကြောင်း သတိပေးသည်ဟု သူမပြောခဲ့ပါ။ ထိုအခါ သူရော ရှင်ပေတရုပါ မေရှိယသည် ရှင်ပြန်ထမြောက်လိမ့်မည်ဟူသော ဓမ္မဟောင်းကျမ်း၏ပရောဖက်ပြုချက်ကို သတိကြသေးဟု သူပြောပြသည်။ ထို့ပြင် ရှင်ပြန်ထမြောက်သောသခင်ဘုရားနှင့်လည်း ထိုနေ့၏ညနေပိုင်းအထိ သူမဆုံရသေးပေ။

သူမြင်ရသည့်အရာပေါ် အခြေခံလျက် သူကောက်ချက်ချသည်မှာ အလောင်းပတ်ထားသောပိတ်စနှင့်ခေါင်းပတ်ထားသည့်ပဂါတို့ ရှိနေခြင်း၊ ၎င်းတို့၏အနေအထားနှင့် အခြေအနေတို့က ယေရှု၏ကိုယ်ခန္ဓာသည် ၎င်းအစများကိုဖြတ်လျက် ထွက်လာကာ ၎င်းတို့ကို နဂိုရှိနေသည့်အတိုင်းကျန်ရစ်စေခဲ့သည်ဟူ၍ဖြစ်သည်။ တစ်နည်းပြောရလျှင် အံ့ဖွယ်နိမိတ်လက္ခဏာဖြစ်ပျက်ခဲ့သည်။ ခရစ်တော်၏ကိုယ်ခန္ဓာသည် တစ်နည်းနည်းဖြင့် ထွက်လာလျက် အလောင်းရစ်ပတ်သည့်အစများကို ချန်ရစ်ထားခဲ့သည်။ အဓိပ္ပါယ်မှာ ရှင်ပြန်ထမြောက်ခြင်း ဖြစ်ပေါ်ခဲ့သည်။

### *ရှင်ယောဟန်၏ယုံကြည်မှု လက်တွေ့ကျခြင်း*

ရှင်ယောဟန်ပြောပြသောအချက်က အလောင်းကို သင်္ချိုင်းဓါးပြများခိုးသွားခြင်းမဟုတ်ကြောင်း ဖော်ပြနေသည်ဟု ကျွန်ုပ်တို့ချက်ချင်းပြောနိုင်သည်။ သူတို့သည် တန်ဖိုးရှိသောနံ့သာများနှင့်ပိတ်စများကို ချန်ထားပြီး အလောင်းကိုသာသယ်သွားကြမည်မဟုတ်။ အလောင်းကိုယူသွားခဲ့သည်ဆိုလျှင်လည်း အလောင်းအခိုးမခံရအောင် စောင့်ကြပ်နေကြသောစစ်သားများက (မ ၂၇း၆၂-၆၆) သူတို့ကိုမမြင်အောင် မြန်နိုင်သမျှမြန်မြန်လုပ်ရသည့်အခြေအနေတွင် ပိတ်စနှင့်ပဝါတို့ကို နဂိုအတိုင်းပုံစံမပျက်အောင် အချိန်ကုန်ခံပြီးပြန်လုပ်ထားကြမည်မဟုတ်။

သို့သော် ယေရှုနှင့်သိကျွမ်းသောသူတစ်ဦးဦးက ဘာသာရေးအတွက် သို့မဟုတ် သံယောဇဉ်တွယ်တာသောကြောင့် စစ်သားများစောင့်ကြပ်နေကြသည့်ကြားက ယေရှု၏အလောင်းကို ဖယ်ရှားရန်အတွက် သင်္ချိုင်းဂူဝမှ တံဆိပ်ကိုဖယ်ရှားကာ ပိတ်ထားသောကျောက်ပြားကြီးကို ဘေးသို့လှိမ့်ရန် ကြိုးစားနေသည်ဟုဆိုလျှင်လည်း ထိုသို့ဖြစ်ရန် မဖြစ်နိုင်ပေ။ ပတ်ထားသောအဝတ်ကိုဖယ်ပြီး အလောင်းသက်သက်ကိုသယ်သွားလျှင် အလောင်းမှန်းလူတို့ရန်ပိုလွယ်သောကြောင့် အလောင်းကိုဖယ်ထုတ်သွားသည်ဆိုလျှင်ပင် ပတ်ထားသောပိတ်စများကို မဖယ်ဘဲ သယ်မည်ဖြစ်သည်။ စစ်သားများက အလောင်းရှိနေသည်ဟု ထင်အောင် ပိတ်စများကို ထားခဲ့ခြင်းဖြစ်သည်ဟုဆိုလျှင် ထိုသို့စိုးရိမ်လျှင် ပိတ်ထားသောကျောက်ပြားကြီးကို အဘယ့်ကြောင့် ပြန်၍ပိတ်မထားခဲ့သနည်း။ စစ်သားများသည် သင်္ချိုင်းဂူထဲဝင်ကြည့်သောအခါ အလောင်းရှိသေးသည်ဟု အလိမ်မခံရကြောင်း ရှင်မဿဲခရစ်ဝင်အားဖြင့် ကျွန်ုပ်တို့သိရသည် (မ ၂၈း၁၁-၁၅)။ ယေရှုနှင့်သိကျွမ်းသူတစ်ဦးဦးက ယေရှု၏အလောင်းကို ခိုးယူသွားလျက် အခြားနေရာတစ်ခုခုတွင် မြှုပ်ထားခဲ့သည်ဆိုလျှင်လည်း ထိုသူသည် အခြားတပည့်တော်များကို ပြောပြမည်ဖြစ်သည်။

နောက်တစ်မျိုးအဖြစ် တစ်စုံတစ်ယောက်သည် အလောင်းကိုယူသွားလျက် အလောင်းရစ်ပတ်သောအစများကို အံ့ဖွယ်နိမိတ်လက္ခဏာဖြစ်ပျက်ခဲ့သည့်ပုံပေါက်အောင် တမင်တကာပြင်ဆင်ထားခဲ့သည်ဟု ယူဆကြစို့။ မည်သူသည် ထိုသို့လုပ်မည်နည်း။ ဂျေရုဆလင်မြို့မှ အာဏာပိုင်များသည် ထိုသို့လုပ်ဆောင်ကြမည်မဟုတ်သည်မှာ သေချာသည်။ ဤအခန်း၏အစပိုင်းတွင် ကျွန်ုပ်တို့ဆွေးနွေးခဲ့သည့်အကြောင်းတရားများကိုကြည့်လျှင် ရှင်ယောဟန်အပါအဝင် အခြားမည်သည့်ကနဦးခရစ်ယာန်ကမျှ ထိုကဲ့သို့သောလိမ်လည်မှုကိုကျူးလွန်လျက် ထိုသို့လုပ်မည်မဟုတ်။ ထိုနည်းတူ အစောင့်တာဝန်ကျသောစစ်သားများလည်း ထိုသို့လုပ်ဆောင်ကြမည်မဟုတ်။

### *နောက်ဆုံးမှတ်ချက်*

ထို့ကြောင့် ရှင်ယောဟန်နှင့်ရှင်ပေတရုတို့ ရက်သတ္တပတ်၏ပထမဆုံးရက် နံနက်စောစော သင်္ချိုင်းတော်သို့သွားရောက်ကြည့်ရှုလျက် မြင်တွေ့သောအရာသည် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းအတွက် အားကောင်းသောရုပ်ပိုင်းဆိုင်ရာအထောက်အထားတစ်ခုကို ဖြစ်ပေါ်စေသည်။ ကျွန်ုပ်တို့နောက်ထပ်လိုက်စရာများရှိသေးသည်။ ထိုနေ့၏ညနေချမ်းအချိန် အထက်ခန်းမတွင် ခရစ်တော်သည် သူ့တပည့်တော်များရှေ့တွင်ပေါ်လာလျက် သူ့လက်နှင့်သူ့နံဘေးတို့ကို သူတို့အားပြကာ (ယော ၂၀း၂၀) သူသည် ခန္ဓာမရှိသောဝိညာဉ်မဟုတ်ဘဲ အရိုးအသားရှိသောကိုယ်ခန္ဓာရှိသောသူဖြစ်ကြောင်း သူတို့ကို ကိုင်တွယ်စမ်းသပ်စေကာ အစာကိုတောင်းလျက် သူတို့ရှေ့တွင် စားပြခဲ့သည် (လု ၂၄း၃၆-၄၃)။ ဆက်လက်၍လည်း နောက်ထပ်ရက်လေးဆယ်အတွင်း သူတို့ထံပြန်ပြန်၍ပေါ်လာခဲ့သည်။ ထိုသို့အားဖြင့် ရုပ်ပိုင်းဆိုင်ရာအထောက်အထားများကို တစ်စတစ်စတိုးပွားလာစေကာ ရှင်ယောဟန်၏ကောက်ချက်ချမှု မှန်ကန်ကြောင်းအတည်ပြုပေးကာ ခရစ်တော်၏

ရှင်ပြန်ထမြောက်ခြင်းသည် သက်မဲ့ရုပ်ပိုင်းဆိုင်ရာအထောက်အထားများဖြင့် ကောက်ချက်ချရသည့် အယူအဆတစ်ခုသက်သက်သာမဟုတ်ဘဲ အသက်ရှင်တော်မူသောသခင်ဘုရားနှင့် တစ်ဦးချင်းတွေ့ဆုံရသည့်လက်တွေ့အတွေ့အကြုံဖြစ်လာခဲ့သည်။

သို့သော် ယခု ရှင်ပြန်ထမြောက်ခြင်း၏သက်သေအထောက်အထား အမျိုးအစားတစ်ခုကို ကျွန်ုပ်တို့ဆက်လက်စုံစမ်းစစ်ဆေးကြပါမည်။

## သက်သေခံအထောက်အထား (ခ)၊ စိတ်ပိုင်းဆိုင်ရာအထောက်အထား

ဤနေရာတွင် ဓမ္မသစ်ကျမ်းတစ်ခုလုံးမှ သိသာထင်ရှားသောအချက်ကို ကိုးကားထားပါသည်။ (နောက်ပိုင်း ယိုယွင်းသောရာစုနှစ်များနှင့်မတူဘဲ) ကနဦးခရစ်ယာန်များထဲတွင် ခရစ်တော်၏သင်္ချိုင်းဂူကို အမွှန်အမြတ်ထား၍ကြည်ညိုခြင်း သို့မဟုတ် ကိုယ်တော်၏အုတ်ဂူဗိမာန်လုပ်ပေးခြင်းနှင့်ပတ်သက်၍ အရိပ်အယောင်လေးပင်မရှိပေ။ ထိုအချိန်ကဂျူးလူမျိုးများတွင် သူတို့၏ကျော်ကြားသောပရောဖက်များသေဆုံးသည့်အခါ သူတို့၏သင်္ချိုင်းဂူများကို အမွှန်အမြတ်ထားလေ့ရှိကြသည်မှာ မှတ်သားစရာကောင်းသည် (လု ၁၁း၄၇-၄၈)။ သို့သော် ခရစ်ယာန်များသည် ယေရှု၏သင်္ချိုင်းဂူဘေးတွင် ဗိမာန်ဆောက်ခြင်း၊ ဘုရားဖူးများ သို့မဟုတ် ဆုတောင်းသူများအတွက် အထူးနေရာအဖြစ်သတ်မှတ်ခြင်းမျိုးမရှိခဲ့ချေ။ ယေရှု၏သင်္ချိုင်းဂူသို့သွားရောက်ခြင်းသည် ဂိညာဉ်ရေးအကျိုးကျေးဇူး သို့မဟုတ် ထိရောက်မှုတစ်ခုခုရှိသည်ဟုအကြံပြုခြင်းမျိုး ဓမ္မသစ်ကျမ်းတစ်ခုလုံးတွင် စိုးစဉ်းမျှမတွေ့ရပေ။ ရှင်ပေါလုသည် မိမိ၏သာသနာပြုခရီးမှ ဂျေရုဆလင်သို့ပြန်ရောက်သည့်အခါတိုင်း ခရစ်ယာန်ခေါင်းဆောင်များနှင့်တွေ့ဆုံခြင်း၊ ဂျူးဗိမာန်တော်သို့သွားရောက်ခြင်း၊ ပင်တေကုတ္တေပွဲနေ့ ပါဝင်ကျင်းပခြင်းတို့ကို ပြုလေ့ရှိသည်ဟု ကျွန်ုပ်တို့ဖတ်ရသော်လည်း ခရစ်တော်၏သင်္ချိုင်းဂူသို့ သွားရောက်လည်ပတ်သည်ဟူ၍ တစ်ခေါက်မျှမတွေ့ရချေ။

ဤအချက်သည် ပို၍မှတ်သားဖွယ်အရာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သခင်ဘုရားကိုသင်္ဂြိုဟ်ပြီးနာရီပိုင်းအတွင်း ခရစ်ယာန်အမျိုးသမီးများသည် သင်္ချိုင်းတော်သည် ခရစ်တော်ထံဆုတောင်းဂတ်ပြုရာဗိမာန်အဖြစ်သို့ အလိုလိုရောက်သွားသည့်ပုံမျိုး အတားအဆီးမရှိပြုကျင့်ခဲ့ကြသည်။ သို့သော် တစ်စုံတစ်ခုက သူတို့ကိုတားဆီးခဲ့သည်။ ထိုတစ်စုံတစ်ခုသည် အဘယ်အရာနည်း။ သေဆုံးသွားပြီဖြစ်သည့် မိမိချစ်ခင်ရသောသူ၏ရုပ်ကြွင်းကို စွဲလမ်းသည့် လူတို့၏ အထူးသဖြင့် အမျိုးသမီးများ၏ သဘာဝအတိုင်းဖြစ်သည့်စိတ်ပိုင်းဆိုင်ရာအလိုအလျောက်တုံ့ပြန်မှုကို ကျော်လွှားနိုင်သည့်အထိ သူတို့ကို လွှမ်းမိုးသောအရာကား ဘယ်အရာနည်း။ ခရစ်တော်၏သင်္ချိုင်းဂူတွင် ပဋ္ဌလက်အစွမ်းများရှိသည်ဟု အယူသည်းစွဲလမ်းမှုဖြစ်ပေါ်နိုင်ချေရှိခြင်းကို မည်သည့်အရာက ရပ်တန့်စေခဲ့သနည်း။

### *အဖြစ်အပျက်များကို ပြန်လည်ဆက်စပ်ဖော်ထုတ်ခြင်း*

ခရစ်ဝင်ကျမ်း လေးကျမ်းလုံးက ခရစ်တော်ကို သင်္ဂြိုဟ်ပြီး သုံးရက်မြောက်သောနေ့၌ ခရစ်တော်၏သင်္ချိုင်းဂူသို့ ပထမဆုံးသွားရောက်ခဲ့သောခရစ်ယာန်များမှာ ဂါလိလဲနယ်မှအမျိုးသမီးတစ်စုဖြစ်ကြောင်း တစ်ညီတစ်ညွတ်တည်းဖော်ပြကြသည်။ သူတို့အပေါ် ခရစ်တော်ပြုတော်မူသောအမှုအရာအတွက် ကျေးဇူးတင်သောစိတ်ဖြင့် ကိုယ်တော်၏ရှည်လျားနေးကွေးသော ဂျေရုဆလင်သို့သွားသောခရီးတွင်လိုက်ပါကာ မိမိတို့ဥစ္စာပစ္စည်းသုံးစွဲလျက် ကိုယ်တော်ကို ကူညီထောက်မခဲ့သော အမျိုးသမီးများဖြစ်ကြသည်။ သူတို့စွမ်းဆောင်ပေးနိုင်ခြင်းမှာ သူတို့တတ်နိုင်ကြသောကြောင့်ဖြစ်သည်။ သူတို့ထဲမှတစ်ဦးသည် နယ်စားဟေရုဒ်၏အိမ်မှုကိစ္စစီမံကွပ်ကဲရသူခုဇ၏ဇနီး

ယောဟန္နဖြစ်သည် (လု ၈း၃)။ ယေရှုလက်ဂါးကပ်တိုင်ပေါ်တင်သတ်ခြင်းခံရသောအခါ သူတို့သည် အခြားသော ခရစ်တော်၏အသိအကျွမ်းများနှင့်အတူ ခပ်လှမ်းလှမ်းမှစောင့်ကြည့်နေခဲ့ကြသည် (လု ၂၃း၄၉)။ လူချမ်းသာနှစ်ဦးဖြစ်ကြသည့် ယောသပ်နှင့်နိကောဒင်တို့က ကိုယ်တော်ကိုသင်္ဂြိုဟ်ကြသည့်အခါ ဂါလိလဲနယ်မှ ချမ်းသာသောဤအမျိုးသမီးများသည် သင်္ဂြိုဟ်ရာတွင် စီတန်းပို့ဆောင်ပေးသောလူနည်းစုလေးတွင် သူတို့ပါဝင်ရန် မကြောက်ရွံ့ခဲ့ကြချေ။ မည်သည့်သင်္ချိုင်းတွင် သင်္ဂြိုဟ်ကြောင်း၊ မည်သည့်နေရာဖြစ်ကြောင်းနှင့် သင်္ချိုင်းဂူထဲတွင် အလောင်းကိုမည်ကဲ့သို့ချထားကြောင်း သူတို့တိတိကျကျမှတ်သားထားခဲ့ကြသည်။ အလောင်းကိုရစ်ပတ်သည့်ပိတ်စတွင် နိကောဒင်က အမွှေးနံ့သာ ဗိသာနှစ်ဆယ်ထည့်ထားသည်ကိုလည်း သူတို့ကြည့်နေခဲ့ကြသည်။ သို့သော် ဈေးကြီးပြီး များပြားသောထိုနံ့သာမွှေးတို့ကို မလုံလောက်သေးဟု သူတို့ခံစားကြသည်။ ခရစ်တော်အပေါ် သူတို့ထားရှိသော သူတို့၏ချစ်ခြင်းမေတ္တာနှင့် ဆက်ကပ်မှုကိုသူတို့ဖော်ပြလိုကြသည်။ ထို့ကြောင့် ပသခါပွဲတော်ကာလတွင် သူတို့နေခဲ့သည့် ဂျေရုဆလင်မှနေရာအသီးသီးသို့ ပြန်သွားကြသည် (ယောဟန္နမှာမူ သူ့ခင်ပွန်းသည်နှင့်အတူ ဟေရုဒ်၏ ဂျေရုဆလင်နန်းတော်တွင် နေနေစဉ်ဖြစ်နိုင်သည်)။ ထို့နောက် သူတို့သည် ဆီမွှေးနှင့်အမွှေးနံ့သာတို့ကိုထပ်၍ ပြင်ဆင်ကြသည် (လု ၂၃း၅၅-၅၆)။ သူတို့၏ရည်ရွယ်ချက်မှာ ဥပုသ်နေ့လွန်သည်နှင့်ချက်ချင်း သင်္ချိုင်းတော်သို့သွားလျက် ယေရှု၏အလောင်းတော်ကို ရိုသေကိုင်းရှိုင်းစွာနှင့် ယုယကြင်နာစွာ ထပ်မံလျက် ဆီဖြင့်လိမ်းသပ်ရန်ဖြစ်သည်။

သို့သော် ခရစ်ဝင်ကျမ်းများကို အပေါ်ယံဖတ်သည့် လူများစွာတို့အား ၎င်းတို့တွင်ဖော်ပြထားသည့် ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် တစ်ခုနှင့်တစ်ခုဆန့်ကျင်ဘက်ဖြစ်နေကြသည်ဟု ကောက်ချက်ချစေသည့် အခက်အခဲတစ်ခုကို ကျွန်ုပ်တို့ရင်ဆိုင်ရသည်။ ၎င်းသည် ထိုသို့မဟုတ်ပါ။ အခက်အခဲရှိရခြင်းမှာ ခရစ်ဝင်ကျမ်းရေးသားသူများထဲမှ တစ်ဦးကမျှ ဖြစ်ပျက်ခဲ့သမျှအားလုံးကိုမှတ်တမ်းမတင်ထားသောကြောင့်ဖြစ်သည်။ ကျမ်းရေးသူတစ်ဦးစီက သူ၏သီးသန့်ထူးခြားသောအရင်းအမြစ်များမှ သူစိတ်ဝင်စားသောအရာနှင့် သူ၏ထူးခြားသောဇာတ်ကြောင်းပြန်မှု၏လမ်းကြောင်းနှင့်ကိုက်ညီသည့်အရာကို ရွေးချယ်ခြင်းဖြင့် အချို့အဖြစ်အပျက်များကို အလိုအလျောက်ချန်ထားသောကြောင့် သို့မဟုတ် ချုံ့ထားသောကြောင့်ဖြစ်သည်။ သို့သော် ခရစ်ဝင်ကျမ်းလေးကျမ်းလုံးကိုယူလျက် ဂါလိလဲနယ်မှ အမျိုးသမီးများအကြောင်း မှတ်တမ်းများကို စုဆောင်းပြုစုသည့်အခါ လူတို့လုပ်ဆောင်ခဲ့သောအရာနှင့် သူတို့သွားရောက်ခဲ့သည့်နေရာတို့နှင့်ပတ်သက်၍ ဆက်စပ်ဆီလျော်မှုရှိသောဖြစ်စဉ်တစ်ခုကို တွေ့ရသည်။ ဖြစ်စဉ်သည် ဤသို့ဖြစ်သည် -

ရက်သတ္တပတ်၏ပထမဆုံးရက် နံနက်စောစောအချိန်တွင် သူတို့သည် သင်္ချိုင်းသို့ရောက်ခဲ့ကြသည်။ ဂူဝပိတ်ထားသောကျောက်ပြားကြီးကို ဘေးသို့လှိမ့်ထားသည်ကြောင်း သတိထို့တွေ့ရသောအခါ သူတို့အလန့်တကြားဖြစ်သွားခဲ့ကြသည် (လု ၂၄း၁-၂)။ သူတို့ထဲမှအချို့သည် အတွင်းသို့ဝင်သွားခဲ့ကြပြီး အထဲဝင်လိုက်သည်နှင့်ချက်ချင်း အလောင်းမရှိတော့ကြောင်းတွေ့ရှိသွားကြကာ အခြားသူများကို ချက်ချင်းပင်အော်ပြောကြသည်။ ထိုသို့ဖြစ်ပြီးသည်နှင့် မာဂဒလမြို့သူ မာရိသည် ကောင်းကင်တမန်နှစ်ဦးပေါ်လာလျက် ခရစ်တော်ထမြောက်တော်မူပြီဖြစ်ကြောင်း သင်္ချိုင်းဂူထဲရှိနေကြသောအမျိုးသမီးများအား မိန့်မြွက်သည့် (လု ၂၄း၄-၈) နောက်ထပ်အဖြစ်အပျက်ကိုမြင်တွေ့ရရန် မစောင့်တော့ဘဲ ချက်ချင်းအပြင်သို့ထွက်လာကာ ရှင်ယောဟန်နှင့်ရှင်ပေတရုတို့ရှိသည့်နေရာသို့ ပြေးလာခဲ့သည်။ သူသည် အသက်ပင်ကောင်းကောင်းမရှူနိုင်ဘဲ တစ်စုံတစ်ဦးသည် အလောင်းတော်ကို သင်္ချိုင်းတွင်းမှဖယ်ရှားလိုက်ပြီဖြစ်ကြောင်း၊ ၎င်းကို သူတို့မည်သည့်နေ

ရာတွင်ထားကြောင်းကို သူရော အခြားအမျိုးသမီးများကပါ မသိကြကြောင်း သူထင်မြင်သည့်အတိုင်း ပြန်ပြောပြခဲ့သည်။ ထိုအခါ ရှင်ပေတရုနှင့် ရှင်ယောဟန်တို့သည် သင်္ချိုင်းဂူသို့ချက်ချင်းပြေးသွားကြသည်။ အလောင်းရစ်ပတ်ထားသည့်ပိတ်စများ ရှိနေသည့်အခြေအနေနှင့် အနေအထားကြောင့် အံ့ဖွယ်နိမိတ်လက္ခဏာတစ်ခု ဖြစ်ပျက်ပြီဖြစ်ကြောင်း ရှင်ယောဟန်ကောက်ချက်ချခဲ့သည်။ ခရစ်တော် သေခြင်းမှထမြောက်ပြီဖြစ်ကြောင်း သေချာသည်။ ထို့နောက် ရှင်ယောဟန်နှင့် ရှင်ပေတရုတို့သည် သူတို့နေသည့်နေရာသို့ ပြန်သွားကြသည်။ ထို့နောက် နောက်ထပ်ဖြစ်ပျက်လာမည့်အရာကို စောင့်နေကြသည် (ယော ၂၀း၁-၁၀)။

သို့သော် မာရိသည် သင်္ချိုင်းဂူသို့ ပြန်သွားပြန်သည်။ ထိုအချိန်တွင် အခြားအမျိုးသမီးများ ပြန်သွားကုန်ပြီဖြစ်သည်။ သူတို့သည် ကောင်းကင်တမန်ပေါ်လာသောကြောင့် အလွန်ထိတ်လန့်အံ့သြကြပြီး တမန်တော်များကိုပြန်ပြောပြရမည့် သတင်းစကားပါလျက် ပြန်သွားကြသည်။ သို့သော် သူတို့သည် ကြောက်ရွံ့သောကြောင့် မည်သူ့ကိုမျှ ဘာမျှချက်ချင်းမပြောပြနိုင်ခဲ့ကြချေ (မာ ၁၆း၈)။ လတ်တလောဂမ်းမြောက်မှုက ကြောက်ရွံ့မှုကို လွှမ်းမိုးသဖြင့် သူတို့သည် တမန်တော်များဆီသို့ စတင်ထွက်ခွာကြသောအခါ ထမြောက်တော်မူသောသခင်ဘုရားသည် သူတို့ထံပေါ်လာလျက် သူတို့ပြောကြားရမည့်သတင်းစကားကို အတည်ပြုတော်မူခဲ့သည် (မ ၂၈း၉-၁၀)။ ထို့နောက် သူတို့သည် မာရိကဲ့သို့ ရှင်ယောဟန်နှင့်ရှင်ပေတရုရှိရာနေရာသို့ မသွားဘဲ တမန်တော်များ(ယခုအချိန် ဆယ့်တစ်ဦး)တွေ့ဆုံရန် ငှားထားသည့် ဂျေရုဆလင်မြို့ရှိ အထက်ခန်းသေးတစ်ခန်းဆီသို့ သွားကြသည်။ ထိုနေရာတွင် သူတို့သည် မိမိတို့၏သတင်းစကားကို တမန်တော်တို့အားပြန်ပြောပြကြသည်။ ယခုအချိန် ရှင်ယောဟန်နှင့် ရှင်ပေတရုတို့လည်း ရောက်လာကြပြီဖြစ်သည်။

သူတို့ကို ထိုနေရာတွင် ခေတ္တထားခဲ့ပြီး မာရိဆီသွားကြစို့။ အထဲသို့လှမ်းကြည့်လျက် သင်္ချိုင်းဂူဝတွင် သူရပ်နေစဉ် ဤသို့ဖြစ်ပျက်ခဲ့သည် -

> မာရိမူကား သင်္ချိုင်းဂူအပြင်၌ ငိုကြွေးလျက်ရပ်နေ၏။ ထိုသို့ငိုကြွေးရင်း ဂူအတွင်းသို့ ငုံ့ကြည့်လိုက်ရာ ဖြူသောအဝတ်ကိုဝတ်ဆင်သည့် ကောင်းကင်တမန်နှစ်ပါးသည် ယေရှုအလောင်းတော်လဲလျောင်းခဲ့ရာအရပ်၏ ခေါင်းရင်း၌တစ်ပါး၊ ခြေရင်း၌တစ်ပါး ထိုင်နေကြသည်ကို မြင်လေ၏။ ထိုကောင်းကင်တမန်တို့က "အသင်မိန်းမ၊ အဘယ်ကြောင့်ငိုကြွေးနေသနည်း"ဟု မေးကြလျှင် မာရိက "ကျွန်မ၏သခင်ဘုရားကို သူတို့ယူသွားကြပြီ။ အဘယ်မှာထားကြသည်ကိုမသိပါ"ဟု ဆို၏။ ထိုသို့ဆိုပြီးမှ နောက်သို့ လှည့်ကြည့်လိုက်ရာ ယေရှုရပ်လျက်နေတော်မူသည်ကို မြင်သော်လည်း ယေရှုဖြစ်ကြောင်းကို မသိ။ ယေရှုကလည်း "အသင်မိန်းမ၊ အဘယ်ကြောင့်ငိုကြွေးနေသနည်း။ မည်သူ့ကိုရှာနေသနည်း"ဟု မေးတော်မူ၏။ မာရိသည် ကိုယ်တော်ကို ဥယျာဉ်စောင့်ဖြစ်သည်ဟုထင်မှတ်၍ "အရှင်၊ အရှင်သည် သူ့ကိုယူသွားခဲ့လျှင် အဘယ်မှာထားသည်ကို ကျွန်မအား ပြောပါ။ သူ့ကိုကျွန်မယူသွားပါမည်"ဟု ဆိုလေ၏။ ယေရှုကလည်း "မာရိ" ဟုခေါ်တော်မူလျှင် မာရိသည်လှည့်၍ ဟေဗြဲဘာသာစကားအားဖြင့် "ရဗ္ဗုနိ"ဟု ထူးလေ၏။ (ရဗ္ဗုနိအဓိပ္ပာယ်မှာ ဆရာဟူ၍ဖြစ်၏။) ယေရှုကလည်း "ငါသည် ခမည်းတော်ထံသို့ မတက်သွားရသေးသဖြင့် ငါ့ကိုမထိနှင့်ဦး။ ငါ့ညီအစ်ကိုတို့ထံသို့သွား၍ 'ငါ့ခမည်းတော်တည်းဟူသော သင်တို့၏ခမည်းတော်၊ ငါ့ဘုရားသခင်တည်းဟူသော သင်တို့၏ ဘုရားသခင်ထံသို့ ငါတက်သွားတော့မည်'ဟူ၍ ပြောကြားလော့"ဟု မိန့်တော်မူ၏။ မာဂဒလမြို့သူမာရိသည် သွား၍ "သခင်ဘုရားကို ကျွန်မတွေ့မြင်ခဲ့ပြီ"ဟု တပည့်တော်တို့အား ဆိုပြီးလျှင် မိမိအားမိန့်မှာတော်မူသောအရာများကိုပြောကြားလေ၏။ (ယော ၂၀း၁၁-၁၈)

အောက်ပါအချက်များကို စဉ်းစားဆင်ခြင်ပါ-

၁။ မာရိသည် အခြားသောဂါလိလဲအမျိုးသမီးများနှင့်အတူ ခရစ်တော်၏အလောင်းတော်ကို ဂုဏ်ပြုဆီလိမ်းသပ်ရန် သင်္ချိုင်းသို့လာခဲ့သည်။ သေဆုံးသွားပြီးဆိုသော်လည်း ထိုအတိုင်းသူမထားလိုပေ။ သူသည် သခင်ဘုရားအပေါ်ထားရှိသည့် မိမိ၏ချစ်ခြင်းမေတ္တာကိုဖော်ပြရန် ကိုယ်တော်၏အလောင်းတော်ကို ဆီမွှေးနဲ့လိမ်းသပ်ပေးကာ အနံ့အသက်ကို အမွှေးနံ့သာဖြင့် ထိန်းထားပေးလိုသည်။

၂။ အလောင်းမရှိတော့ကြောင်းတွေ့မြင်ရခြင်းက သူ့စိတ်ကို ကယောက်ကယက်ဖြစ်သွားစေခဲ့သည်။ ယခု သူ့အတွေးမှာ ၎င်းကို ပြန်ရယူရန်ဖြစ်သည်။ သူ့အတွက် ၎င်းသည် "သူ" ပင်ဖြစ်နေဆဲဖြစ်သည်။ ဥယျာဉ်စောင့်ဟု သူထင်မှတ်သူအား "အရှင်၊ အရှင်သည် သူ့ကိုယူသွားခဲ့လျှင် အဘယ်မှာထားသည်ကို ကျွန်မအား ပြောပါ"ဟု သူပြောခဲ့သည်။ အလောင်းတော် မည်သည့်နေရာတွင်ရှိကြောင်း မသိရ၊ မွေတော်ခါတ်တော်လည်း မကျန်ရစ်ခဲ့၊ အလောင်းတော်မရှိတော့သောကြောင့် သူအမွန်အမြတ်ထား၍ရသည့် ကိုယ်တော်၏သင်္ချိုင်းဂူသည်လည်း မသေမချာဖြစ်သည့်အခြေအနေဖြစ်၍ သူမခံမရပ်နိုင်ဖြစ်ခဲ့သည်။

၃။ "ဥယျာဉ်စောင့်က အလောင်းတော် ဘယ်မှာရှိကြောင်း သူ့ကိုပြောပြ၍ ၎င်းကို သူယူသွားသည်ဆိုကြပါစို့။ ၎င်းကို သူဘာလုပ်မည်နည်း။ သေချာသည်မှာ သူနှင့်အခြားအမျိုးသမီးများသည် ငွေကုန်မည်ကိုမတွက်ဘဲ ရနိုင်သည့်အကောင်းဆုံးသင်္ချိုင်းဂူတစ်ခုကို အလောင်းတော်ထားရန်အတွက် ဝယ်ယူကြမည်ဖြစ်သည်။ သူတို့သည် အလောင်းတော်ကို အမြတ်တနိုးသဂြိုဟ်ကြမည်ဖြစ်သည်။ ထိုအခါ ကိုယ်တော်၏သင်္ချိုင်းဂူသည် ကမ္ဘာပေါ်တွင် သူတို့အထွတ်အမြတ်အထားရဆုံးနေရာဖြစ်သွားခဲ့မည်ဖြစ်သည်။ ၎င်းနေရာတွင် ဗိမာန်ကိုလည်း သူတို့ဆောက်ပေးကာ ၎င်းကို အလေးအမြတ်ထားလျက် ထိုနေရာသို့ သူတို့တတ်နိုင်သည့်အတိုင်း မကြာခဏသွားကြမည်ဖြစ်သည်။

၄။ သို့သော် ထိုနေ့ ဥယျာဉ်၌ မာရိ၏နလုံးသားနှင့်ဦးနှောက်တို့ကို ထာဝရ လုံးဝရှင်းလင်းပေးလိုက်သည့် အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့သည်။ မူလစိတ်ပိုင်းဆိုင်ရာဓာတ်ခံနှင့်တုန့်ပြန်မှုအားလုံးကို အပြည့်အဝနှင့်ရုတ်တရက်ဖယ်ရှားပစ်သည့်အထိ အစွမ်းသတ္တိရှိသောအရာဖြစ်မည်ဖြစ်သည်။ ၎င်းသည် မည်သည့်အရာဖြစ်မည်နည်း။

၅။ ၎င်းမှာ ထိုဥယျာဉ်ထဲတွင် သေခြင်းမှရှင်ပြန်ထမြောက်သော အသက်ရှင်သည့်သခင်ယေရှုနှင့် မမျှော်လင့်ဘဲဆုံတွေ့ရသည့်အဖြစ်ပင်ဖြစ်သည်။ သူ သင်္ချိုင်းကိုစွန့်ခွာမည်သေချာပါသည်။ အသက်ရှင်၍ သင်တွေ့မြင်ရသောသူ၏သင်္ချိုင်းကို သင်အလေးအမြတ်ထားမည်မဟုတ်။ အသက်ရှင်သောကြောင့် သင်နှင့်တိုက်ရိုက်စကားပြောနေရသူ၏သင်္ချိုင်းသို့ သူ့ထံဆုတောင်းရန် သင်သွားမည်မဟုတ်။

၆။ သို့သော် ၎င်းအပြင် ရှိသေးသည်။ ယေရှုနှင့်ပတ်သက်၍ မာရိ၏ယခင်အတွေ့အကြုံသည် အလွန်ဝမ်းမြောက်ဖွယ်ဖြစ်ခဲ့ပြီးပြီဖြစ်သည်။ သို့သော် သေခြင်းတရားကို အလောင်းတစ်လောင်းတစ်လောင်းမှလွဲ၍ ဘာမျှမချန်ရစ်ဘဲ ၎င်းကို ဖျက်ဆီးလိုက်သလိုဖြစ်ခဲ့သည်။ မွှေးကြိုင်သောအမှတ်ရစရာဖြစ်သော်လည်း အကျဉ်းတန်သောနလုံးသားတစ်ခုဖြစ်ပေါ်စေခဲ့သည်။ ယခု ယေရှု က အလွန်ဝမ်းမြောက်ဖွယ်အမှုကိုပြုလေပြီ။ ကိုယ်တော်က ထိုယခင်ကအတွေ့အကြုံကို မာရိနှင့်ခမည်းတော်ဘုရားသခင်ကြား၊ မာရိနှင့်ကိုယ်တော်ကိုယ်တိုင်တို့၏ကြား လုံးလုံးလျားလျားသစ်လွင်သော၊ နွေးထွေးသော၊ အားမာန်ပြည့်ဝသော၊ အသက်ရှင်သော ပေါင်းသင်းဆက်ဆံရေးဖြင့်

အစားထိုးတော်မူခဲ့သည်။ ထိုပေါင်းသင်းဆက်ဆံရေးသည် ရုပ်ခန္ဓာသေခြင်းက မဖျက်ဆီးနိုင်သော အသက်ဖြင့်ပေါင်းစည်းထားသော ပေါင်းသင်းဆက်ဆံရေးဖြစ်သည်။ ကိုယ်တော်က "ငါ့ညီအစ်ကိုတို့ထံသို့သွား၍ 'ငါ့ခမည်းတော် တည်းဟူသော သင်တို့၏ခမည်းတော်၊ ငါ့ဘုရားသခင်တည်းဟူသော သင်တို့၏ဘုရားသခင်ထံသို့ ငါတက်သွားတော့မည်'ဟူ၍ ပြောကြားလော့" ဟု မာရိအား မိန့်တော်မူခဲ့သည်။ မာရိသည် ထိုစကားတော်ကိုကြားပြီးသည့်အခါ ယခု ကမ္ဘာမြေကြီးပေါ်ရှိနေသေးသည်မှန်သော်လည်း သူသည် ဘုရားသခင်နှင့်လည်းကောင်း၊ ခရစ်တော်နှင့်လည်းကောင်း ရရှိပိုင်ဆိုင်ထားပြီးဖြစ်လျက် တွေ့ကြုံခံစားရသည့် ထာဝရအသက်၏ ဖျက်ဆီးမရသော တန်ခိုးတော်ဖြင့် ကောင်းကင်တွင်နောင်ဖွဲ့ခြင်းခံရပြီဖြစ်ကြောင်း သိရှိသွားခဲ့သည်။ အခြားသော တပည့်တော်အားလုံးလည်း ထိုနည်းတူသိရှိခံစားခဲ့ကြသည်။ ယနေ့လည်း ယေရှုသည် မိမိသခင်ဖြစ်ကြောင်း ဝန်ခံလျက် ဘုရားသခင်သည် သူ့ကိုသေခြင်းမှထမြောက်စေတော်မူသည်ကို မိမိစိတ်နှလုံးထဲ၌ ယုံကြည်သောသူတိုင်းသည် ထိုနည်းပင်ဖြစ်သည် (ရော ၁ဝး၉ ကိုကြည့်ပါ)။

မာရိသည် မိမိ၏ပူပူနွေးနွေးတွေ့ရှိထားသည့်အသက်သစ်နှင့် ဝမ်းမြောက်ပီတိဖြစ်လျက် ထမြောက်တော်မူသောသခင်ဘုရား၏သတင်းတော်ကို အခြားတပည့်တော်များအား ပြန်ပြောပြရန် ထွက်သွားလေသည်။ ဤတစ်ကြိမ်တွင် သူသည် ရှင်ယောဟန်နှင့်ရှင်ပေတရုတို့ရှိရာအိမ်သို့ မသွားတော့ဘဲ အထက်ခန်းသို့သွားခဲ့သည်။ ထိုနေရာတွင် တမန်တော် ဆယ့်တစ်ပါးနှင့်အခြားသူအားလုံးတို့အား မိမိသည် သခင်ဘုရားကို တွေ့ခဲ့ပြီဖြစ်ကြောင်း သတင်းပို့ခဲ့သည် (လု ၂၄း၁ဝ၊ ယော ၂ဝး၁၈)။ ကြားရသည့်သတင်းကြောင့် ဦးနောက်ပိုခြောက်သွားသည့် ရှင်ပေတရုသည် ထပ်မံစစ်ဆေးကြည့်ရန် သင်္ချိုင်းသို့ နောက်တစ်ဖန်ပြန်သွားခဲ့သည် (လု ၂၄း၁၂)။ အထက်ခန်းမ၌ အားလုံးရှေ့တွင် ခရစ်တော်မပေါ်မီ မဝေးသောအချိန်တွင် ရှင်ပေတရုထံထင်ရှားပြခဲ့သည် (၁ ကော ၁၅း၅ ဤနေရာတွင် ရှင်ပေတရု၏ဂရိပုဒ် "ကေဖ"ကိုသုံးထားသည်)။ သခင်ဘုရားကို ငြင်းခဲ့သည့် ရှင်ပေတရု၏နာကျင်ခံစားမှုသည် ပျောက်ကင်းသွားခဲ့သည်။ ထိုပျောက်ကင်းမှုသည် သီးသန့်တွေ့ဆုံစဉ်ဖြစ်ပွားခဲ့သည်။

ဤနောက်ပိုင်းတွင် ကနဦးခရစ်ယာန်များသည် ခရစ်တော်အလောင်းထားခဲ့ရာသင်္ချိုင်းဂူကို စိတ်မဝင်စားကြတော့ချေ။ ထိုနေရာသို့သွားရန် သူတို့တွင် အကြောင်းမရှိတော့ချေ။ ယေရှုထမြောက်တော်မူပြီဖြစ်ကြောင်း သူတို့သိသွားကြသည်။

**သက်သေခံအထောက်အထား (၇)၊ ဓမ္မဟောင်းကျမ်း၏အထောက်အထား**

တပည့်တော်များက ရှင်ပြန်ထမြောက်တော်မူသောသခင်ဘုရားကို တွေ့မြင်ရသည့်အချို့သော အချိန်တွင် အချို့တပည့်တော်များ၌ သံသယစိတ်ရှိခဲ့ကြောင်း ဓမ္မသစ်ကျမ်းရေးသူများက ကျွန်ုပ်တို့အား ရိုးရိုးသားသားပြောပြကြသည် (မ ၂၈း၁၇)။ တစ်ခါတစ်ရံ သူတို့ ယုံကြည်ရန် တုံ့ဆိုင်းရသည့်အကြောင်းရင်းမှာ အံ့သြစရာကောင်းလွန်းသောကြောင့်၊ ဝမ်းမြောက်စရာကောင်းလွန်းသောကြောင့်၊ အမှန်ဖြစ်နိုင်ရန် ကောင်းလွန်းသောကြောင့် ဖြစ်သည်။ သူတို့သည် မမေးမစမ်းဘဲမယုံလိုကြပေ။ မျက်နှာမငဲ့ပြတ်သားသောစစ်ဆေးမှုကို ၎င်းက ခံနိုင်ရည်ရှိမရှိသိလိုကြသည် (လု ၂၄း၄၁)။ ထို့ပြင် ရှင်ပြန်ထမြောက်ခြင်းလိုမျိုး အံ့ဖွယ်နိမိတ်လက္ခဏာကို သေခြင်းမှထမြောက်သောသခင်ဘုရားနှင့်တွေ့ဆုံရသည်ဟုပြောနေသော အမျိုးသမီးတစ်ဦးထံမှ ပထမကြားရသည့်အခါ ဓမ္မဓိဌာန်ကျသောအချက်မဟုတ်ဘဲ စိတ်လှုပ်ရှားမှုလွန်ကဲခြင်းကြောင့်ဖြစ်လာသော စိတ်ကူးယဉ်မှုနှင့်သာပိုတူနေသယောင်ဖြစ်ခဲ့သည်။ သို့သော် ရှင်ပြန်ထမြောက်တော်မူသော သခင်ဘုရားက သူတို့လက်ဖြင့် သူ့ကိုထိရန်ဖိတ်ခေါ်လျက် သူတို့နှင့်အတူထိုင်ကာ သာမန်အစာကိုစားသောက်

သည်ဆိုသော (လု ၂၄း၄၁-၄၃) အခိုင်အမာလက်ဆုပ်လက်ကိုင်ပြနိုင်သည့် သေချာသော သက်သေအထောက်အထားက ထိုကဲ့သို့ ယုံကြည်ရန်တုံ့ဆိုင်းနေမှုကို နောက်ဆုံးတွင် အဝေး သို့ဖယ်ရှားပစ်ခဲ့သည်။

သို့သော် မယုံကြည်မှု အခြားပုံစံတစ်ခုရှိသည်။ ၎င်း၏အကြောင်းတရားသည် ပိုမိုနက်ရှိုင်း သည်ဖြစ်၍ ယခုမြင်ရမည့် ခြားနားသောနည်းလမ်းဖြင့် ဖယ်ရှားခဲ့ရသည် -

> ထိုနေ့၌ပင် သူတို့ထဲမှနှစ်ဦးသည် ဂျေရုဆလင်မြို့မှ ခုနစ်မိုင်ခန့်ဝေးသည့် ဧမောက်ဟု ခေါ်သောရွာသို့ သွားကြ၏။ သူတို့သည် ဖြစ်ပျက်ခဲ့သောအရာအလုံးစုံတို့ကို အချင်းချင်း ပြောဆိုနေကြ၏။ ထိုသို့ပြောဆိုလျက်ဆွေးနွေးနေကြစဉ် ယေရှုကိုယ်တော်တိုင်ချဉ်း ကပ်လာ၍ သူတို့နှင့်အတူကြွတော်မူ၏။ သို့သော် သူတို့၏မျက်စိသည် ကာဆီးထားခြင်း ခံရသဖြင့် သူတို့သည် ကိုယ်တော်ကိုမမှတ်မိကြချေ။ ကိုယ်တော်ကလည်း "သင်တို့ သည် လမ်းသွားရင်း မည်သည့်အကြောင်းအရာများကို အချင်းချင်းဆွေးနွေးနေကြ သနည်း" ဟု မေးတော်မူရာ သူတို့သည် မျက်နှာညှိုးငယ်လျက်ရပ်နေကြ၏။ ထို့နောက် ကလောဖအမည်ရှိသူက "သင်သည်ဂျေရုဆလင်မြို့၌ ဧည့်သည်အဖြစ်နေထိုင်လျက်ပင် ဤရက်များအတွင်း ထိုမြို့၌ဖြစ်ပျက်ခဲ့သောအရာများကို သင်တစ်ဦးတည်းမသိဘဲနေ သလော"ဟု ဆို၏။ ကိုယ်တော်ကလည်း "မည်သည့်အရာများနည်း"ဟု မေးတော် မူလျှင် သူတို့က "နာဇရက်မြို့သားယေရှုနှင့်ပတ်သက်သောအရာများဖြစ်၏။ သူသည် ဘုရားသခင်ရှေ့၊ လူအပေါင်းတို့ရှေ့တွင် လုပ်ဆောင်မှုနှင့်ပြောဆိုမှုတို့၌ အစွမ်းသတ္တိနှင့် ပြည့်စုံသောပရောဖက်ဖြစ်၏။ သို့သော် ယဇ်ပုရောဟိတ်အကြီးအကဲများနှင့် ငါတို့ကို အုပ်ချုပ်သူများသည် သူ့ကိုသေဒဏ်စီရင်ရန်အပ်နှံ၍ လက်ဝါးကပ်တိုင်ပေါ်၌ တင်ခဲ့ကြ ၏။ ထိုအရှင်သည် အစ္စရေးလူမျိုးကို ရွေးနုတ်ကယ်တင်မည့်အရှင်ဖြစ်သည်ဟု ငါတို့ မျှော်လင့်ထားကြ၏။ ထိုမျှမက ဤအမှုအရာများဖြစ်ပျက်ခဲ့ပြီးနောက် ယခုသုံးရက် မြောက်ဖြစ်သောအခါ ငါတို့ထဲမှ အမျိုးသမီးအချို့တို့သည် ငါတို့ကိုအံ့သြစေမောစေ ကြ၏။ သူတို့သည် နံနက်စောစောသင်္ချိုင်းသို့သွားကြရာ ထိုအရှင်၏အလောင်းကို မတွေ့ခဲ့ကြပေ။ သူတို့သည်ပြန်လာ၍ ထိုအရှင်အသက်ရှင်လျက်ရှိကြောင်း မြွက်ဆို သည့် ကောင်းကင်တမန်များကို ဗျာဒိတ်ရူပါရုံ၌တွေ့မြင်ရကြောင်း ပြောပြကြ၏။ ငါတို့ ထဲမှ လူအချို့တို့သည် သင်္ချိုင်းသို့သွားကြရာ အမျိုးသမီးများပြောခဲ့သည့်အတိုင်းဖြစ်ပြီး ထိုအရှင်ကိုမတွေ့ခဲ့ကြပါ"ဟု ဆိုကြ၏။ ထိုအခါ ကိုယ်တော်က "အို မိုက်မဲ၍ ပရောဖက် များ ဟောပြောခဲ့သမျှတို့ကိုယုံကြည်ရန် စိတ်နှလုံးထိုင်းမှိုင်းသောသူတို့၊ ခရစ်တော် သည် ဤသို့ဒုက္ခဝေဒနာခံစားရ၍ မိမိ၏ဘုန်းအသရေထဲသို့ဝင်စားရမည်မဟုတ်လော" ဟု သူတို့အား မိန့်တော်မူ၏။ ထို့နောက် ကိုယ်တော်သည် မောရှေနှင့်ပရောဖက်အပေါင်း တို့၏ကျမ်းများမှအစပြု၍ ကျမ်းစာတစ်ခုလုံးတွင် မိမိနှင့်ပတ်သက်၍ ရေးထားသည့်အ ကြောင်းအရာတို့ကို သူတို့အား ရှင်းပြတော်မူ၏။ (လုကာ ၂၄း၁၃-၂၇)

***ခရီးသွားတို့အမှန်အတိုင်းသိမြင်လာခြင်း၏ အကြောင်းတရား***

ဧမောက်ရွာသို့ခရီးပြုသည့် ခရီးသည်နှစ်ဦးသည် အမှန်အတိုင်းသိမြင်သွားခဲ့ကြသည်။ အကြောင်း တရားမှာ ဤသို့ဖြစ်သည်။ ဂျေရုဆလင်မြို့သို့ သခင်ဘုရား နောက်ဆုံးအကြိမ်ကြွတော်မူစဉ်က ကိုယ်တော်ကို ဓမ္မဟောင်းခေတ်ပရောဖက်များအားဖြင့် ဘုရားသခင်ကတိပေး တော်မူသော မေရှိယဟု အမှန်တကယ်မှတ်ယူခဲ့ကြသောလူထုကြီးထဲတွင် သူတို့နှစ်ဦးခဲ့သည်။ ထိုလူတို့က မေရှိယကြွလာသောအခါ အစွမ်းတန်ခိုးကြီးမားသောစစ်တပ်ကြီးကိုဖွဲ့စည်းလျက် အစ္စရေးလူမျိုး တို့ကိုဦးဆောင်ကာ ရောမအင်ပါယာ၏အစွမ်းတန်ခိုးကို ဆန့်ကျင်တော်လှန်လိမ့်မည်ဟု မျှော်

လင့်နေကြသည်။ လမ်းတွင် သူတို့တွေ့ဆုံသောပုဂ္ဂိုလ်အား "ထိုအရှင်သည် အစ္စရေးလူမျိုးကို ရွေးနုတ်ကယ်တင်မည့်အရှင်ဖြစ်သည်ဟု ငါတို့ မျှော်လင့်ထားကြ၏"ဟု ရှင်းပြကြသည်။

သို့သော် ယေရှုသည် ထိုကဲ့သို့သောအရာကို မလုပ်ဆောင်ခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ အစ္စရေးလူထုကို လွတ်မြောက်မသွားစေသည့်အပြင် ကိုယ်တိုင်လည်း အဖမ်းခံရကာ စစ်ဆေးခံရလျက် အပြစ်ပေးခံရပြီး ဂျူးဘာသာရေးအဖွဲ့နှင့်ရောမစစ်အစိုးရတို့ပေါင်းကာ လက်ဝါးကပ်တိုင်ပေါ်တင်ခြင်းခံရသည်။ ထိုအခါ ယေရှုက ဘုရင်ဖြစ်တော်မူကြောင်း မိန့်တော်မူခြင်းကိုပင် လူတို့က ကဲ့ရဲ့ပြောင်လှောင်ခဲ့ကြသည်။ အချိန်အနည်းငယ်အတွင်းမှာပင် စိတ်မကောင်းစရာ ကောင်းစွာဖွဲ့စည်းထားခြင်းမရှိ၍ ထိရောက်မှုမရှိသော ဆင်းရဲသားလယ်သမားများ၏ထကြွမှုကဲ့သို့ ဘာမျှမဟုတ်သလိုဖြစ်သွားခဲ့သည်။ မိမိကိုယ်ကိုယ်ပင် လက်ဝါးကပ်တိုင်ပေါ်အတင်မခံရအောင် မကယ်နိုင်သော လွတ်မြောက်ရေးသမားတစ်ဦးသည် ဘာအကျိုးပြုနိုင်မည်နည်း။ ထို့ကြောင့် ဤခရီးသည်နှစ်ဦးသည် အမှန်အတိုင်းသိမြင်လာခြင်းဖြင့် အိမ်ပြန်လာနေကြခြင်းဖြစ်သည်။

ယေရှု ရှင်ပြန်ထမြောက်တော်ပြီဆိုသည့်အချက်ကို သူတို့အရင်ဆုံးအဘယ့်ကြောင့် မခံယူနိုင်ကြသနည်း။ ယေရှုသည် ဓမ္မဟောင်းကျမ်း၌ ကတိပြုထားသော ကြွလာမည့် လွတ်မြောက်စေသောဘုရင်နှင့်ဆိုင်သည့်ကတိတော်ကို မပြည့်စုံစေဟု သူတို့ထင်ကြသောကြောင့်ဖြစ်သည်။ သူတို့အမြင်တွင် ယေရှုသည် နိုင်ငံရေးခေါင်းဆောင်ဖြစ်လျက် အစ္စရေးလူမျိုးတို့ကိုလွတ်မြောက်စေမည့်အစား လက်ဝါးကပ်တိုင်ပေါ်အတင်ခံရလျက် အရှုံးသမားသာဖြစ်နေသည်။ ထို့ကြောင့် သူသည် ကတိထားတော်မူသည့်မေရှိယမဖြစ်နိုင်။ ထိုသို့ဖြစ်၍ သူသည် သေခြင်းမှထမြောက်တော်မူသည်ဟူသော ကောလာဟာလသည် ယုံကြည်နိုင်လောက်သည့်အရာမဟုတ်သည်သာမက ညှိယူ၍ရသည့်အရာလည်းမဟုတ်ပေ။ သူသည် မေရှိယမဟုတ်လျှင် သူသေခြင်းမှရှင်ပြန်ထမြောက်သည်ဆိုသည့်အချက်သည် မည်သည့်အရာဖြစ်မည်နည်း။

ရှင်ပြန်ထမြောက်ခြင်းဖြစ်နိုင်ကြောင်း သူတို့ယုံကြည်နိုင်အောင် ဘာလုပ်ပေးရမည်နည်း။ ရှင်ပြန်ထမြောက်တော်မူသောသခင်ဘုရားက သူသည် ယေရှုဖြစ်ကြောင်း သူတို့သိရှိသွားနိုင်အောင်မကြိုးစားခဲ့ပါ။ သူတို့၏ ဓမ္မဟောင်းကျမ်းဖတ်ရှုမှုသည် လွန်ကဲစွာသီးသန့်ရွေးချယ်ဖတ်ရှုခြင်းဖြစ်သောကြောင့် ကိုယ်တော်သည် သူတို့ကို ဦးစွာညင်ညင်သာသာအပြစ်ဆိုခဲ့သည်။ သူတို့သည် ကတိတော်ရှိသော ကြွလာမည့် လွတ်မြောက်စေသူ ဘုရင်မင်းနှင့်ပတ်သက်၍ သူတို့ကြိုက်နှစ်သက်သောအပိုင်းများကိုသာ ဖတ်ရှုခဲ့ကြသည်။ သို့သော် မေရှိယသည် ဦးစွာဝေဒနာများခံစားရလျက် အသေခံရပြီးမှ သေခြင်းမှထမြောက်တော်မူကာ မိမိဘုန်းတော်သို့ ဝင်စားရမည်ဟူသော ကြိုတင်ဟောပြောချက်ကို သူတို့မဖတ်မိကြ သို့မဟုတ် နားမလည်ကြ သို့မဟုတ် မေ့သွားကြသည်။ ထို့ကြောင့် သူတို့နှင့်ခရီးသွားဖော်ဖြစ်သူက သူတို့ကို ဓမ္မဟောင်းကျမ်းတစ်လျှောက်ခေါ်ဆောင်သွားကာ ထိုအချက်ကိုရည်ညွှန်းဖော်ပြသောကျမ်းပိုဒ်များကို သူတို့အားထောက်ပြခဲ့သည်။ သင်ခန်းစာ၏အဓိကအချက်က ထင်ရှားပါသည် - ဓမ္မဟောင်းပရောဖက်ပြုချက်က မေရှိယသည် ဝေဒနာခံစားရလျက် အသေခံရမည်ဆိုလျှင် ယေရှု၏ဒုက္ခဝေဒနာခံစားခြင်းနှင့်အသေခံခြင်းသည် သူမေရှိယမဟုတ်ကြောင်းထောက်ပြနေခြင်းမဟုတ်ဘဲ သူသည် မေရှိယဖြစ်ကြောင်း ခိုင်မာသောအထောက်အထားသက်သေပင်ဖြစ်သည်။ ထို့ပြင် မေရှိယသည် အသေခံတော်မူပြီး ပြန်လည်အသက်ရှင်ကာ မိမိလူတို့ကို လွတ်မြောက်စေလျက် ကြီးမားသောအောင်ပွဲ၏ရလဒ်များကို သူတို့နှင့်မျှဝေခံစားရလိမ့်မည်ဟု ဓမ္မဟောင်းပရောဖက်ပြုချက်ကဆိုထားလျှင် သူသည် သေခြင်းမှ

ထမြောက်ရမည်ဖြစ်သည်[17]။ ထိုခရီးသည်နှစ်ဦးက အမျိုးသမီးများထံမှကြားခဲ့ရသည့် ယေရှုသည် ရှင်ပြန်ထမြောက်၍ သူတို့သည် ကိုယ်တော်ကို မြင်ရကြကြောင်း သတင်းစကားသည် လုံးဝ မှန်ကန်သောအရာဖြစ်ပေမည်။ သူတို့၏ယုံကြည်ခြင်းအတွက် အဟန့်အတားဖြစ်သောခလုတ်တံ သင်းသည် ဖယ်ရှားခံရပြီဖြစ်သည်။

***ကျွန်ုပ်တို့အပေါ် ဤအဖြစ်အပျက်၏ပါဝင်သက်ဆက်စပ်မှု***

ခရစ်တော်၏ရှင်ပြန်ထမြောက်အတွက် သက်သေအထောက်အထားနှင့်ပတ်သက်၍ ယနေ့ ကျွန်ုပ်တို့အတွက်လည်း အလွန်အရေးကြီးနေသေးသောအချက်မှာ ဓမ္မဟောင်းကျမ်းက မေရှိယသည် သေခြင်းမှရှင်ပြန်ထမြောက်လိမ့်မည်ဟူ၍သာကြိုတင်ဟောပြောသည်မဟုတ်၊ ထိုသို့ထမြောက်တော်မူခြင်းသည် လူသားတို့ကိုရွေးနှုတ်ကယ်တင်မည့် ဘုရားသခင်၏အကြံအစည်တော်၏ အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်ဆိုသောအချက် ဖြစ်သည်။ ခရစ်ယာန်သတင်းကောင်းနှင့်ပတ်သက်သည့် တမန်တော်ရှင်ပေါလု၏ဖော်ပြချက်တွင် ဤအချက်ကို အကြိမ်ကြိမ်အလေးထားဖော်ပြကြောင်း သတိပြုပါ -

> အကြောင်းမူကား ငါကိုယ်တိုင်ခံယူရရှိသည့် အဓိကအကျဆုံးသောအရာကို သင်တို့အား ငါပေးအပ်ခဲ့၏။ ၎င်းမှာ ကျမ်းစာနှင့်အညီ ခရစ်တော်သည် ငါတို့၏အပြစ်များအတွက် အသေခံတော်မူခဲ့ကြောင်း ထို့နောက် သင်္ဂြိုဟ်ခြင်းကိုခံတော်မူပြီး ကျမ်းစာနှင့်အညီ သုံးရက်မြောက်သောနေ့၌ ထမြောက်တော်မူခဲ့ကြောင်းနှင့် ကေဖထံ ထင်ရှားပြတော်မူပြီးနောက် တစ်ဆယ့်နှစ်ပါးသောတပည့်တော်တို့ထံ ထင်ရှားပြတော်မူခဲ့ကြောင်းတို့ဖြစ်၏။ (၁ ကော ၁၅း၃-၄)

သာမန်လူတစ်ဦးသည် မကြုံစဖူး မမျှော်လင့်ဘဲ သေခြင်းမှထမြောက်သည်ဟူသော သတင်းတစ်ပုဒ်သည် သိသာထင်ရှားသောအကြောင်းတရားမရှိလျှင် ယုံကြည်ရန် ခက်ခဲပေလိမ့်မည်။ ကျွန်ုပ်တို့အားလုံး မေးသင့်သည်မှာ - "ဒါဆို ကိုယ်တော်ကော ဘာကြောင့်လဲ"။ "၎င်းဆိုလိုသည့်အချက်က ဘာလဲ"။ "ထိုကဲ့သို့ သဘာဝတရားသည် ထင်တိုင်းကြံသလိုဖြစ်ပျက်လျက် ထင်ရှားသည့်အကြောင်းတရားလည်းမရှိလျှင် သာမန်မဟုတ်သည့်ထိုခြွင်းချက်ကို ကျွန်ုပ်တို့ ဘယ်လိုယုံကြည်နိုင်မလဲ"။ မှန်ပါသည် - ဘုရားမဲ့ဝါဒီများက စကြဝဠာတစ်ခုလုံးသည် တည်ရှိလာခြင်းအတွက် ထင်ရှားသောအကြောင်းတရားမရှိဟု ယုံကြည်ကြသည်။ ၎င်းသည် ဖြစ်ချင်၍ဖြစ်လာလျက် မတွေးတတ်အောင်ဖြစ်သည့် ပကတိအချက်ဖြစ်သောကြောင့် ၎င်း၏ဖြစ်တည်ခြင်းအတွက် ဖြေရှင်းချက်ပေး၍မရဟုဆိုကြသည်။ သို့သော် ဉာဏ်ပညာကြီးမားသောဖန်ဆင်းရှင်တစ်ပါးကို ယုံကြည်သောသူတို့အတွက်မူ ထိုဖန်ဆင်းရှင်က ထင်ရှားသောအကြောင်းတရားမရှိဘဲ မထင်ရှားသောလူတစ်ဦးတစ်ယောက်ကို ထမြောက်စေလျက် သဘာဝတရားကို ထင်ရာကြံ ကျော်လွန်ပယ်ချသည်ဆိုသည့်အချက်ကို ယုံကြည်ရန်ခက်ခဲပေလိမ့်မည်။

သို့သော် ယေရှုသည် သာမန်လူမဟုတ်ပေ။ သူသည် လူ့ဇာတိခံသော ဘုရားသခင်ဖြစ်တော်မူသည်။ သူ၏ရှင်ပြန်ထမြောက်ခြင်းသည်လည်း အဆက်အစပ်မရှိဖြစ်ပျက်ခဲ့သည့်ဖြစ်ရပ်တစ်ခုမဟုတ်ပေ။ ၎င်းသည် လူသားတို့ကို ရွေးနှုတ်ကယ်တင်ရန်နှင့် စကြဝဠာတစ်ခုလုံးကို နောက်

[17] မေရှိယသည် ဦးစွာဝေဒနာခံစားလျက် အသေခံပြီးနောက် သေခြင်းမှထမြောက်လိမ့်မည်ဟုဆိုသော ဟေရှာယ ၅၃း၈-၁၂ ထဲမှ ပါတ်သက်ဆက်နွယ်မှုကို ကြည့်ပါ။ ဆာ ၁၆ ကိုလည်းကြည့်လျက် တ ၂း၂၅-၃၂ နှင့်နှိုင်းယှဉ်ကြည့်ပါ။

ဆုံးပိတ်ပြန်လည်၍အသစ်ဖြစ်စေရန် ဖန်ဆင်းရှင်၏အလွန်ကြီးမားသောအကြံအစည်တော်၏ အစိတ်အပိုင်းဖြစ်သည်။ ခရစ်တော်၏တပည့်တော်များက ဖန်တီးထားသော ရှင်ပြန်ထမြောက်ခြင်း ဇာတ်လမ်းလည်း မဟုတ်ပေ။ ကျွန်ုပ်တို့၏လောကကမ္ဘာထဲသို့ ယေရှုမွေးဖွားမလာမီ ရာစုနှစ်များစွာကတည်းက ဘုရားသခင်သည် မိမိ၏ပရောဖက်များအားဖြင့် ဤအကြောင်းအရာကို ကြိုတင်ဟောကြားလျက် ဓမ္မဟောင်းကျမ်းတွင်လည်း ရေးမှတ်စေတော်မူခဲ့သည်။ ယနေ့အထိလည်း ကျွန်ုပ်တို့ကို ဓမ္မဟောင်းကျမ်းကို အလေးအနက်လေ့လာလျက် ခရစ်တော်၏ မွေးဖွားခြင်း၊ သက်တော်စဉ်၊ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းတို့သည် ဓမ္မဟောင်းကျမ်းရှိ ဘုရားသခင်ပေးသောပရောဖက်ပြုချက်များနှင့် ကိုက်ညီမှုရှိမရှိ တွေ့မြင်နိုင်ရန် ကျွန်ုပ်တို့အတွက် တံခါးဖွင့်ထားဆဲဖြစ်သည်။

ယေရှုက သူ၏ဓမ္မဟောင်းကျမ်းအမြန်ပြန်လည်လေ့လာသင်ကြားခြင်းကို အပြီးသတ်သည့်အခါ ခရီးသွားနှစ်ဦး၏ယုံကြည်မှုတွင် အခက်အခဲအတားအဆီးဖြစ်စေသောအရာသည် ဖယ်ရှားခြင်းခံရလေသည်။ သို့သော် သူတို့နှင့်အတူခရီးသွားနေသည့်သူစိမ်းသည် သေခြင်းမှထမြောက်တော်မူသောယေရှုဖြစ်ကြောင်း သူတို့မသိသေးချေ။ ထိုသို့ဆိုလျှင် သူတို့ သူ့ကို မည်ကဲ့သို့ မှတ်မိသွားကြသနည်း။ ၎င်းကို အသေးစိတ်သွားကြမည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းက ယေဘုယျမေးခွန်းများစွာကို ဖြစ်ပေါ်စေသောကြောင့်ဖြစ်သည်။

### *ထိုသူသည် ကိုယ်တော်ဖြစ်ကြောင်း သူတို့မည်ကဲ့သို့သိသွားခဲ့ကြသနည်း။*

တပည့်တော်များက သူတို့ထံပေါ်လာလျက် မိမိသည် သေခြင်းမှထမြောက်တော်မူသောယေရှုဖြစ်သည်ဟုဆိုသူသည် တုအောင်တုပသောသူမဟုတ်၊ အမှန်ပင်ယေရှုဖြစ်ကြောင်း မည်သည့်သက်သေအထောက်ထားကြောင့် ယုံကြည်ကြသနည်း။

> သူတို့သွားနေသည့်ရွာအနီးသို့ရောက်ကြသောအခါ ကိုယ်တော်သည် ရှေ့သို့ခရီးဆက်မည့်ဟန်ရှိသဖြင့် သူတို့က "မိုးချုပ်ခါနီး၍ တစ်နေ့တာလည်း ကုန်လုနီးပြီဖြစ်သောကြောင့် အကျွန်ုပ်တို့နှင့်အတူတည်းခိုပါ"ဟု ဆိုလျက် ကိုယ်တော်ကိုမရအရ ဖိတ်ခေါ်ကြ၏။ ထို့ကြောင့် ကိုယ်တော်သည်သူတို့နှင့်အတူတည်းခိုရန် လိုက်သွားတော်မူ၏။ သူတို့နှင့်အတူ စားပွဲ၌ထိုင်တော်မူသောအခါ ကိုယ်တော်သည် မုန့်ကိုယူ၍ ကျေးဇူးတော်ချီးမွမ်းပြီးလျှင် မုန့်ကိုဖဲ့၍ သူတို့အား ပေးတော်မူ၏။ ထိုစဉ် သူတို့၏မျက်စိသည် ပွင့်လာ၍ ကိုယ်တော်ဖြစ်ကြောင်းသိကြ၏။ ထိုအခါ ကိုယ်တော်သည် သူတို့၏မြင်ကွင်းမှ ပျောက်ကွယ်သွားလေ၏။ သူတို့ကလည်း "လမ်း၌ ငါတို့နှင့်စကားပြောတော်မူသောအခါ၌ဖြစ်စေ၊ ငါတို့အား ကျမ်းစာအနက်ကို ဖွင့်ပြတော်မူသောအခါ၌ဖြစ်စေ ငါတို့၏စိတ်နှလုံးထဲတွင် မီးတောက်လောင်သကဲ့သို့ဖြစ်ခဲ့သည်မဟုတ်လော"ဟု အချင်းချင်းပြောဆိုကြ၏။ သူတို့သည် ချက်ချင်းထ၍ ဂျေရုဆလင်မြို့သို့ပြန်သွားကြရာ တစ်ဆယ့်တစ်ပါးသောတပည့်တော်တို့နှင့် သူတို့၏အပေါင်းအဖော်များ စုဝေးနေကြသည်ကိုတွေ့ရကြ၏။ ထိုသူအပေါင်းတို့က "သခင်ဘုရားသည် အမှန်ပင်ထမြောက်တော်မူ၍ ရှိမုန်ထံထင်ရှားပြတော်မူပြီ"ဟု ပြောဆိုနေကြ၏။ ထိုသူနှစ်ဦးတို့ကလည်း လမ်း၌ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာများနှင့် မုန့်ကိုဖဲ့တော်မူစဉ် ကိုယ်တော်ဖြစ်ကြောင်းသိခဲ့ရပုံတို့ကို ပြောပြကြ၏။ (လုကာ ၂၄:၂၈-၃၅)

ခရီးသွားနှစ်ဦးသည် သူတို့၏ခရီးသွားဖော်သူစိမ်းကို သူတို့နှင့်အတူ တစ်ညတည်းခိုရန် ဖိတ်ခေါ်သဖြင့် သူတို့သည် အတူထိုင်လျက် ညစာသုံးဆောင်ကြသည်။ ထိုအထိ သူသည် မည်သူဖြစ်ကြောင်း သူတို့မမှတ်မိသေးချေ။ ထို့နောက် သူသည် စားပွဲပေါ်မှမုန့်ကိုယူလျက် ကျေးဇူးတော်ကို

ချီးမွမ်းပြီးလျှင် မုန့်ကိုဖဲ့၍ သူတို့ကို ပေးခဲ့သည်။ ထိုခဏအတွင်းမှာပင် သူတို့မျက်စိသည်ပွင့်သဖြင့် သူတို့ သူ့ကို မှတ်မိကြသောအခါ သူသည် သူတို့မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့သည်။ နောက်ပိုင်း သူတို့ ဂျေရုဆလင်သို့ပြန်၍ သူတို့၏အတွေ့အကြုံကို ပြန်ပြောပြသည့်အခါ ယေရှုသည် မုန့်ကိုဖဲ့သောအခါ သူတို့ သူ့ကိုမှတ်မိသွားကြကြောင်း သူတို့ရှင်းပြကြသည်။

ကိုယ်တော်၏ဤမုန့်ဖဲ့ခြင်းသည် အဘယ့်ကြောင့် အထူးတလည်ဖြစ်ရသနည်း။ ပထမအချက်မှာ သူတို့အိမ်တွင်ဖြစ်သော်လည်း စားပွဲပေါ်မှမုန့်ကိုယူလျက် ကျေးဇူးတော်ချီးမွမ်းပြီး မုန့်ကိုဖဲ့၍ သူတို့ကိုပေးခြင်းမှာ အိမ်ရှင်၏ကဏ္ဍကို ယူလိုက်ခြင်းဖြစ်သည်။ ထိုသို့ပြုခြင်းက သူတို့ကို သူ့အပေါ် အာရုံစူးစိုက်အောင်ဖမ်းစားထားလိုက်မည်ဖြစ်သည်။ ဒုတိယအချက်မှာ ကိုယ်တော်က မုန့်ကိုဖဲ့လိုက်စဉ် ကိုယ်တော့်လက်ပေါ်မှ သံချောင်းရိုက်ထားသည့်အမာရွတ်ကို သူတို့သတိထားမိမည်ဖြစ်သည်။ သို့သော် ထိုထက်မကသေးပါ။ ထိုလက် မုန့်ကိုဖဲ့လိုက်သည့်ဟန်က သတိရစေသည့် မှတ်မိစရာအကြောင်းအရာသည် ယေရှုနှင့်အနီးစပ်ဆုံးတပည့်များကသာသိနိုင်သည့် အကြောင်းအရာဖြစ်သည်။ ယေရှုသည် သစ္စာဖောက်အပ်နှံခြင်းမခံရမီညက ပသခါပွဲတွင် မုန့်ကိုယူ၍ ဖဲ့လျက် "ဤမုန့်ကား သင်တို့အတွက်စွန့်သော ငါ၏ကိုယ်ခန္ဓာဖြစ်၏"ဟု မည်သူကမျှ သူတို့ကို မပြောဖူးသော ပဟေဠိဆန်သောစကားမျိုးကို မိန့်တော်မူခဲ့ကြောင်း ဧမောက်ရွာသို့ သူတို့ထွက်ခွာမလာမီ တမန်တော် ဆယ့်တစ်ပါးထံမှ သူတို့ကြားခဲ့ရမည်ဖြစ်သည်။ ထို့နောက် (သူတို့အတွက်) လက်ဂါးကပ်တိုင်၏ ယူကျုံးမရဖြစ်စေသောအတွေ့အကြုံများက လိုက်လာသည်။ သို့သော် ယခု သူတို့သည် သူစိမ်းတစ်ဦးက ဓမ္မဟောင်းကျမ်းပိုဒ်များ အနက်ဖွင့်ရှင်းပြသည်ကို နားထောင်ခဲ့ရသည်။ ဤကျမ်းပိုဒ်များက မေရှိယသည် အသေခံပြီး ရှင်ပြန်ထမြောက်လိမ့်မည်ဖြစ်ကြောင်းကိုသာ ပရောဖက်ပြုသည်မဟုတ်၊ ထိုသို့အသေခံခြင်းသည် သူတို့နှစ်ဦးအပါအဝင် မိမိလူတို့၏အပြစ်အတွက်ဖြစ်ကြောင်း ၎င်း၏အကြောင်းတရားကိုပါ ရှင်းပြကြသည်။ ယခု သံချောင်းရာများပါသည့် လက်ဖြင့် မုန့်ကိုဖဲ့လျက် သူတို့ကို ကိုယ်တိုင်ကိုယ်ကျပေးခဲ့သည်ကို သူတို့မြင်ရသည်။ သူ့လုပ်ဆောင်မှုက မည်သည့်တုပရေးသမားကမျှ မတုပနိုင်သည့်လေသံမျိုးကို ဆောင်ထားသည်။ ၎င်း၏ထူးခြားမှုသည် ယေရှုတစ်ပါးတည်းထံ၌သာရှိသည့် တမူထူးသောထူးခြားမှုဖြစ်သည်။ သူတို့ သူ့ကို ချက်ချင်းမှတ်မိသွားကြသည်။ သူသည် ယေရှုဖြစ်ကြောင်း လုံးလုံးသိသာထင်ရှားလှသည်။

## ***သူသည် ကိုယ်တော်မှန်ကြောင်း ကျွန်ုပ်တို့မည်သို့သိကြသနည်း။***

သို့သော် ယနေ့ မိမိမျက်စိဖြင့် ယေရှုကို မမြင်ဖူးသော၊ မမြင်နိုင်သေးသည့် သန်းနှင့်ချီသော ကျွန်ုပ်တို့အတွက်ကား မည်သို့နည်း။

> တစ်ဆယ့်နှစ်ပါးသောတပည့်တော်တို့ထဲမှ တစ်ပါးဖြစ်ပြီး ဒိဒုမုဟုခေါ်သည့် သောမကား ယေရှုကြွလာတော်မူသောအချိန်တွင် သူတို့နှင့်အတူမရှိခဲ့ချေ။ သို့ဖြစ်၍ အခြားသော တပည့်တော်တို့က သောမအား ''ငါတို့သည် သခင်ဘုရားကိုမြင်ရပြီ''ဟု ဆိုကြ၏။ သို့သော် သောမက ''ငါသည် လက်တော်တို့၌ သံရိုက်ရာကိုမမြင်၊ ထိုသံရိုက်ရာထဲသို့ ငါ့လက်ညှိုးကို မထိုးမသွင်း၊ နံဘေးတော်ထဲသို့လည်း ငါ့လက်ကိုမထိုးမသွင်းရလျှင် မည်သည့်အခါမျှ ယုံမည်မဟုတ်''ဟု ဆိုလေ၏။
>
> ထို့နောက် ရှစ်ရက်ကြာသော် တပည့်တော်တို့သည် တစ်ဖန် အထဲ၌ရှိကြ၍ သောမသည်လည်း သူတို့နှင့်အတူရှိ၏။ တံခါးများကိုပိတ်ထားသော်လည်း ယေရှုသည်ကြွလာ၍ သူတို့အလယ်၌ရပ်တော်မူပြီးလျှင် ''သင်တို့၌ ငြိမ်သက်ခြင်းရှိပါစေ''ဟု မိန့်တော်မူ၏။ ထို့နောက် သောမအား ''သင်၏လက်ညှိုးဖြင့် ဤနေရာကိုတို့၍ ငါ့လက်ကို ကြည့်

လော့။ သင်၏လက်ကိုလည်း ဆန့်၍ ငါ့နံဘေးထဲသို့ထိုးသွင်းလော့။ မယုံကြည်သော သူမဟုတ်ဘဲ ယုံကြည်သောသူဖြစ်လော့"ဟု မိန့်တော်မူ၏။ ထိုအခါ သောမက "အကျွန်ုပ်၏အရှင်၊ အကျွန်ုပ်၏ဘုရားသခင်"ဟု ပြန်လျှောက်လေ၏။ ယေရှုကလည်း "သင်သည် ငါ့ကိုမြင်ရသောကြောင့် ယုံကြည်ပြီတကား။ မမြင်ဘဲလျက် ယုံကြည်သော သူတို့ သည် မင်္ဂလာရှိကြ၏"ဟု မိန့်တော်မူ၏။ (ယော ၂၀း၂၄-၂၉)

သောမ သံသယရှိသည့်အတွက် ယေရှုက အပြစ်မတင်ကြောင်း သတိပြုပါ။ သူ၏ရိုးသားပွင့်လင်းမှုကို ကိုယ်တော်လေးစားခဲ့သည်။ မိမိမယုံကြည်မီ သက်သေအထောက်အထားတောင်းဆိုသည့်အတွက် သောမကို ယေရှုအပြစ်မတင်ခဲ့ပါ။ သောမတောင်းဆိုသောသက်သေအထောက်အထားကို ယေရှုပြသပေးခဲ့သည်။

ဤအချက်က စိတ်ဝင်စားစရာကောင်း၍ အရေးကြီးသည့် အချက်တစ်ချက်ကို ဖော်ပြပါသည်။ သောမကိုယ်တိုင်က သတိမထားမိသော်လည်း သက်သေအထောက်အထားတောင်းဆိုသည့် သောမ၏စကားကို ယေရှုကကြားပြီးပြီဖြစ်ကြောင်း ထင်ရှားလှသည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တော်အခန်းထဲသို့ဝင်လာသောအခါ သောမတစ်စုံတစ်ခုပြောမည်ကို မစောင့်ဘဲ စောစောက သူတောင်းဆိုခဲ့သော သက်သေအထောက်အထားကို သူ့အား ကိုယ်တော်ပြသခဲ့သည်။

ယေရှုသည် သေခြင်းမှထမြောက်တော်မူသည်ဖြစ်၍ ကျွန်ုပ်တို့ပြောဆိုသောစကားနှင့် ကျွန်ုပ်တို့စဉ်းစားသည့်အရာကို ကြားသိတော်မူကြောင်း ဤနေရာတွင် ၎င်းက ကျွန်ုပ်တို့ကို သတိပေးနေသည်။ "ယေရှုသည် အမှန်တကယ်အသက်ရှင်တော်မူလျှင် ကျွန်တော်ယုံကြည်နိုင်အောင် ကျွန်တော့်ကို သက်သေအထောက်အထားပြပါစေ။ ဒါဆို ကျွန်တော်ယုံကြည်မယ်" ဟု ကျွန်ုပ်တို့ စိတ်ထဲတွင် တကယ်ရှိလျှင် ထိုအတိုင်း ကျွန်ုပ်တို့လွတ်လွတ်လပ်လပ် ဖော်ပြပြောဆိုနိုင်ပါသည်။

သို့သော် ကျွန်ုပ်တို့ထိုသို့မလုပ်မီ ယေရှုက သောမအား အခြားမည်သည့်အရာကို မိန့်တော်မူခဲ့ကြောင်း နက်နက်ရှိုင်းရှိုင်းဦးစွာချင့်ချိန်တွေးဆကြည့်ကြစို့ - "သင်သည် ငါ့ကိုမြင်ရသောကြောင့် ယုံကြည်ပြီတကား။ မမြင်ဘဲလျက် ယုံကြည်သော သူတို့သည် မင်္ဂလာရှိကြ၏"။ ယေရှုအသက်ရှင်တော်မူကြောင်း ရုပ်ခန္ဓာမျက်စိဖြင့်မြင်နိုင်သော သက်သေအထောက်အထားမျိုးသာရှိသည်မဟုတ်။ ထိုသို့ဖြစ်ခဲ့လျှင် မျက်မမြင်များ မည်သည့်အခါမျှ မြင်တွေ့ရမည်မဟုတ်။ ထိုအမျိုးအစားသည် သက်သေအထောက်အထား၏ အကောင်းဆိုးအမျိုးအစားလည်းမဟုတ်ပေ။ ကျွန်ုပ်တို့၏ အသိတရား၊ နလုံးသားနှင့် ဂိညာဉ်တို့ဖြင့် သိမြင်နိုင်သောသက်သေအထောက်အထားသည် အကောင်းဆုံးသော သက်သေအထောက်အထားဖြစ်သည်။ ကျွန်ုပ်တို့နလုံးသားက ကြားသိနိုင်အောင် ယေရှုကဲ့သို့ မည်သူကမျှ ကျွန်ုပ်တို့ကိုစကားမပြောနိုင်ပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကိုယ်တိုင်ကိုယ်ကျချစ်လျက် ကျမ်းစာနှင့်အညီ ကျွန်ုပ်တို့အပြစ်များအတွက် အသေခံတော်မူကာ ကျမ်းစာနှင့်အညီ ထမြောက်တော်မူလျက် ကျွန်ုပ်တို့၏စိတ်နလုံးကို ကိုယ်တော်အတွက် ဖွင့်ပေးလျှင် ကိုယ်တော်သည် ဝင်ရောက်တော်မူလျက် မိမိ၏စိုးစံတော်မူခြင်းနှင့်ချစ်ခြင်းမေတ္တာတို့ဖြင့် ၎င်းကိုပြည့်စေတော်မူမည်ဟု ကိုယ်တော်မိန့်တော်မူသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အသိစိတ်၊ နလုံးသားနှင့် ဂိညာဉ်တို့ဖြင့် ကိုယ်တော်ကို ကျွန်ုပ်တို့နားထောင်လျှင် ကိုယ်တော်သည် ခရီးသည်နှစ်ဦးကို စကားပြောခဲ့သကဲ့သို့ ကျွန်ုပ်တို့ကို သမ္မာကျမ်းစာအားဖြင့် စကားပြောတော်မူလျက်ရှိသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့တစ်ဦးချင်းစီအတွက် အသေခံပေးတော်မူသည်နှင့်အညီ ကျွန်ုပ်တို့သည် လက်ဝါးကပ်တိုင်ပေါ်ရိုက်ထားခြင်းခံခဲ့ရသည့် ကိုယ်တော်၏လက်တော်ကို ကြည့်ရှုရန် စိတ်နလုံးထဲနေ၍ ကိုယ်တော့်ထံချဉ်းကြလျှင် ၎င်းကို ကျွန်ုပ်တို့မြင်တွေ့နိုင်ကြမည်

ဖြစ်သည် - "ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်ပြီး ကြားနာခြင်းသည် ခရစ်တော်၏ စကားတော်အားဖြင့်ဖြစ်၏" (ရော ၁၀း၁၇)။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ဘဝလမ်းတစ်လျှောက် ကျွန်ုပ်တို့ကို စကားပြောလျက် နှုတ်ကပတ်တော်ကျမ်းစာကိုလည်း ကျွန်ုပ်တို့ထံ ဖွင့်ပေးထားသည်နှင့်အညီ ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့စိတ်နှလုံးများ၏တောက်လောင်နေမှုကို ရှာဖွေတွေ့ရှိသင့်ပေသည်။

## နောက်ထပ်ဖတ်ရှုသင့်သောစာအုပ်များ


Craig, William Lane. Reasonable Faith: Christian Truth and Apologetics. [1984] 3d edn. Wheaton: Crossway, 2008.

Habermas, Gary R. and Licona, Michael R. The Case for the Resurrection of Jesus. Grand Rapids: Kregel Publications, 2004.

Keller, Timothy. The Reason for God. London: Hodder & Stoughton, 2008.

Lennox, John. Gunning for God : A Critique of the New Atheism. Oxford: Lion, 2011.

Strobel, Lee. The Case for Christ : A Journalist's Personal Investigation of the Evidence for Jesus. Grand Rapids: Zondervan, 1998.

Wright, N. T. The Resurrection of the Son of God (Christian Origins and the Question of God series Book 3). London: Society for Promoting Christian Knowledge, 2003.